စာပေ

သင်္ဂီယနာသုံးတန်

[သင်္ဂီယနာတင်ပုံဇာတ်လမ်းစုံ]

ဝဏ္ဏသိရီ



ဒုတိယအကြိမ်



ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြွံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

သင်္ဂီယနာသုံးတန်

(သင်္ဂီယနာတင်ပုဇာတ်လမ်းစုံ)

ဝဏ္ဏသီရိ

ထားဝယ်တိုင်းဒေသကြီးပြည်နယ်ဝန်ကြီးဌာန
ရက်စွဲ ....
ဦးကျော်ဟင်း

ပုံနှိပ်မှတ်တမ်း

ပထမ ၂၃၀၀ စုစု၊ မေလ၊ ယနေ့မှန်လေးစာအုပ်တိုက်၊ (ပထမအကြိမ်)
၂၀၀၃ ခုနှစ်၊ မေလ၊ အလင်းသစ်စာပေ၊ (ဒုတိယအကြိမ်)

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၀၅၄၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၂၄၀၄၀၉

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁)၊ တတိယထပ်(ညာ)၊ ၃၃ လမ်း၊ ရန်ကုန်မြို့ကထုတ်ဝေသည်၊ မျက်နှာဖုံးဖလင် Eagle၊ မျက်နှာဖုံး ဗဟိုလင်းဝဏ္ဏ၊ အတွင်းဖလင် အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ ယဉ်မျိုးအေး ၊ အဖုံးနှင့်အတွင်းစာသားကို ကာလာဇုန်ပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ကိုဇော်ဝမ်းစာအုပ်ချုပ်လုပ်ငန်းတွင် စာအုပ်ချုပ်သည်။



အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊
ပဒုန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၀၂၅၂၂၊ ၂၀၁၄၄၃ လိုင်းခွဲ - ၂၅၄ က စီစဉ်ဖြန့်ချိသည်။

http://www.ahlinthitbooks.com

၂၄၄.၃
ဝဏ္ဏသီရိ
သင်္ဂီယနာသုံးတန် / ဝဏ္ဏသီရိ ။ - ရန်ကုန် ၊
ယုံကြည်ချက်စာပေ ၊ ၂၀၀၃ ။
၃၄၅ - စာ၊ ၁၃ × ၂၀.၅ စင်တီ။
(၁) သင်္ဂီယနာသုံးတန် (သင်္ဂီယနာတင်ပုံတော်လမ်းစုံ)

မာတိကာ

' – ကျေးဇူးမှတ်တမ်း

– ဆင်စွယ်ယပ်ဝန်းပုံတော်

. – စကားဦး

ပထမသင်္ဂါယနာ

၁။ သိမ့်သိမ့်တုန်သည့်ကဆုန်ည ၁၉

၂။ ခြေဖဝါးပေါ်တွင် နဖူးတင်၍ ၂၁

၃။ မိုးကြိုးစက် ထိပ်ထက်မှာကျပြီ ၃၀

၄။ အပြင်းထန်ဆုံးသောပေါက်ကွဲမှုကြီး ၃၇

၅။ မြတ်ဘုရား၏သားကြီးဩရသ ၄၆

၆။ သင်္ဂါယနာတင်ကြပါစို့ ၅၄

၇။ နှုတ်ခွန်းဆက်တရားပွဲ ၆၁

၈။ မျက်ရည်လွှမ်းသည့်လမ်းတစ်လျှောက် ၆၅

၉။ သာသနာ့အခြေခံတရားသုံးပါး ၆၈

၁၀။ ခေါင်းမွေးဖြူသည့်သူငယ်ကလေး ၇၂

၁၁။ ဘုရားရှင်ကို အကြည်ညိုဆုံးပုဂ္ဂိုလ် ၇၈

၁၂။ အရှင်အာနန္ဒာ၏အလွတ်တရား ၈၇

၁၃။ သင်္ဂါယနာအမေးအဖြေ ၉၅

၁၄။ ရှိမြဲအတိုင်းသာ ထားကြပါစို့ ၁၀၃

၁၅။ အရှင်ဥပါလိမှ အရှင်အာနန္ဒာသို့ ၁၀၈

၁၆။ ဗြဟ္မဇာလသုတ်ဖြစ်ပေါ်လာပုံ ၁၁၂

၁၇။ သင်္ဂီယနာတွင် မပါဝင်လို ၁၁၆
၁၈။ အပြစ်မဟုတ်သောအပြစ် ၁၂၀
၁၉။ တာဝန်ကိုယ်စီ ခွဲဝေအပ်နှင်းခြင်း ၁၂၇

ဒုတိယသင်္ဂါယနာ

၁။ သာသနာနှစ်တစ်ရာပြည့်လေပြီ ၁၃၁
၂။ ရာဇဂြိုဟ်မှ ဝေသာလီသို့ ၁၃၉
၃။ ကုဋ္ဌာဂါရကျောင်းကြီးပေါ်မှာ ၁၄၇
၄။ ပဋိသာရဏီယကံနှင့် ဥက္ခေပနီယကံ ၁၅၂
၅။ အရှင်ရေဝတ၏အဆုံးအဖြတ် ၁၆၃
၆။ တံစိုးလက်ဆောင်၏နောက်ဝယ် ၁၆၇
၇။ ဝါဝါဝင်းသည့် ဝေသာလီ ၁၇၄
၈။ ငရဲအိုးသို့ ဓောက်ထိုးမိုးမျှော် ၁၈၀
၉။ သံဃာ့အစည်းအဝေးကြီး၏ဆုံးဖြတ်ချက်များ ၁၈၄
၁၀။ သတ္တသတိကာ သင်္ဂါယနာ ၁၉၅
၁၁။ ဒုတိယသင်္ဂါယနာမှ တတိယသင်္ဂါယနာသို့ ၁၉၈

တတိယသင်္ဂါယနာ

၁။ ဆရာစဉ်ဆက် လက်ချင်းယှက်၍ ၂၀၃
၂။ ထေရဝါဒနှင့် မဟာသံဃိက ၂၀၈
၃။ ထူးခြားသောထိုခုနှစ် ၂၁၄
၄။ လာခြင်းကောင်းသော အရှင်တိဿ ၂၁၉
၅။ ဓားထက်သောစန္ဒဂုတ်မင်း ၂၃၀
၆။ စိတ်ကောင်းရှိဖို့က ပထမ ၂၃၃

၇။ ဘုန်းနှင့် သမ္ဘာ ထက်ကြပ်ပါသူ ၂၃၉

၈။ ဓမ္မာသောကမှ စင္ဂ်ာသောကသို့ ၂၄၄

၉။ စင္ဂ်ာသောကမှ ဓမ္မာသောကသို့ ၂၄၈

၁၀။ တူဝရီးတို့တွေ့ဆုံခြင်း ၂၅၂

၁၁။ ပျားကုန်သည်ဇာတ်လမ်း၏ဇာတ်ပေါင်းခန်း ၂၅၇

၁၂။ မတူန်လူပ်သောသဒ္ဓါတရား ၂၆၀

၁၃။ ညီတော်တိဿနှင့် သေဒဏ် ၂၆၅

၁၄။ အရှင်မဟာကဿပ၏အမြော်အမြင် ၂၇၁

၁၅။ သာသနာ့ဆွေမျိုး၊ သာသနာ့အတွင်းလူ ၂၇၉

၁၆။ သာသနာ့ဘေးအန္တရာယ်ကြီး ၂၈၅

၁၇။ အမတ်မိုက်၏မိုက်မှားမှု ၂၉၀

၁၈။ အိပ်မက်ထဲက ဆင်ဖြူတော် ၂၉၅

၁၉။ စေတနာပါမှ ကံမြောက်သည် ၃၀၀

၂၀။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၃၀၆

၂၁။ ငါးခုမြောက် အဘိဓမ္မာကျမ်းကြီး ၃၁၃

၂၂။ သာဟသိကာ သင်္ဂီယနာ ၃၁၆

– နောက်ဆက်တွဲ (က) ၃၁၉

– နောက်ဆက်တွဲ (ခ) ၃၃၆

ကျေးဇူးမှတ်တမ်း

ဤစာအုပ်တွင်ဖော်ပြထားသော ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် သင်္ဂါယနာသရုပ်ဖော်ပန်းချီကားများကို မြန်မာမှုဒီဇိုင်းပညာရှင် ဦးအေးမြင့်မှ ရေးဆွဲထားခြင်းဖြစ်သည်။ ယနေ့မန္တလေးစာအုပ်တိုက်မှ ပထမအကြိမ်ထုတ်ဝေခဲ့စဉ်ကတည်းက အဆိုပါပန်းချီကားများအား ကြည့်လင်ခန့်ညားစွာဖော်ပြခဲ့သည်။ ယခုတစ်ဖန် ဒုတိယအကြိမ် အလင်းသစ်စာပေတိုက်မှ ထုတ်ဝေရာတွင်လည်း ကူးယူဖော်ပြခွင့်ပြုခဲ့သည့် မြန်မာမှုဒီဇိုင်းပညာရှင် ဆရာကြီး (ဦး)မောင်အေးမြင့်နှင့် ဒုတိယအကြိမ်ထုတ်ဝေနိုင်စေရန်ကူညီဆောင်ရွက်ပေးသူ ဆရာမောင်ခိုင်တည်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

အလင်းသစ်စာပေ

ဆင်စွယ်ယပ်ဝန်းပုံတော်

ဤစာအုပ်မျက်နှာဖုံး၌ဖော်ပြထားသည့်ပုံတော်မှာ တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခဲ့သော ဆင်စွယ်ယပ်ဝန်းပုံတော်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က အခါအားလျော်စွာ ဤယပ်ဝန်းကို ကိုင်စွဲတော်မူခဲ့ပုံများကို ဖူးတွေ့နိုင်ကြပါသည်။

ဤယပ်ဝန်းမှာ အရိုးရော၊ အရွက်ပါ တကယ့်ဆင်စွယ်အစစ်ဖြင့် ပြုလုပ်ကာ အရွက်ပြားတစ်ခုချင်းကို အဝါရောင်ပိုးချည်ကြိုးဖြင့် သပ်ရပ်တင့်တယ်စွာ ချုပ်စပ်ထားပါသည်။ သတ္တုတစ်မျိုးဖြင့် အနားကွပ်ထားပါသည်။ လက်ကိုင်အရိုးထိပ်တွင် ကေသရာဇာခြင်္သေ့သုံးစီး ဝန်းရံထားသည့် (ထိုစဉ်က) နိုင်ငံတော်တံဆိပ်ကို အဝန်းအဝိုင်းဖြစ်အောင် ပြုပြင်၍ထွင်းထုထားပါသည်။ လက်ကိုင်အရိုးမျက်နှာတစ်ဖက်တွင် **ဘဒ္ဒန္တိဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက** ဟူသောစာတန်းကို ဖောင်းကြွစာလုံး ထွင်းထုထားပါသည်။ အရိုးအောက်ခြေတွင် '၁၃၁၅ ခုနှစ်' ဟူ၍ လှူဒါန်းခဲ့စဉ်က ခုနှစ်ကို ရေးထွင်းထားပါသည်။ ပီအောကုမ္ပဏီ ဦးထွန်းရင်နှင့် သားများက အထူးတလည်လုပ်ကိုင်ပေးခဲ့ရသည့် သာသနာ့သမိုင်းဝင်ပစ္စည်းတစ်ခုဖြစ်ပါသည်။

ထိုစဉ်တုန်းက မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကဓရစာမေးပွဲကြီးအောင်မြင်ပြီးခါစ နိုင်ငံတော်အစိုးရဦးဆောင်၍ တိုင်းသူပြည်သားအားလုံး၏ကောင်းမှုအဖြစ်ဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပနိုင်ရန် အားသွန်ခွန်စိုက်ကြိုးစားနေကြရာတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီး၌ မင်းကွန်းဆရာတော်ဘုရားကြီးက 'ဖြကြားသူ' ဝိသဒ္ဓကပုဂ္ဂိုလ်အဖြစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော်အစိုးရက ဤဆင်စွယ်ယပ်ဝန်းကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

အလင်းသစ်စာပေ

ဤကဲ့သို့ လှုံ့ဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ပါရာဇိကကဏ္ဍအဋ္ဌကထာ၌ ပထမသင်္ဂါယနာတင်စဉ်တုန်းက ဝိသဒ္ဓကပုဂ္ဂိုလ်များဖြစ်ကြသော အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့ ဆင်စွယ်ယပ်ဝန်း ကိုင်စွဲခဲ့ရသည်ကို သတိပြုမိခဲ့ကြဟန်တူပါသည်။ ဤအကြောင်းကို အဋ္ဌကထာ၌ 'ဒန္တံ ခစိတံ ဗီဇနိံ ဂဟေတွာ' ဟူ၍ မှတ်တမ်းတင်ထားခဲ့ရာ 'ဒန္တံ' အရ သာမန်သတ္တဝါတစ်ကောင်၏ အစွယ်ကို မကောက်ယူရဘဲ ဆင်စွယ်ဖြင့်ပြုလုပ်ထားသည့်ယပ်ဝန်းသာဖြစ်ကြောင်း ဆရာစဉ်ဆက် အသိအမှတ်ပြုလာခဲ့ကြပါသည်။

ထို့ကြောင့် ပထမသင်္ဂါယနာတင်စဉ်တုန်းက အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့ တစ်လှည့်စီကိုင်စွဲတော်မူခဲ့ကြသည့် ဆင်စွယ်ယပ်ဝန်းသည် ဤယပ်ဝန်းကဲ့သို့ပင် ရိုတန်ရာ၏ဟူ၍ မှန်းဆကြည်ညိုနိုင်ကြစေရန် ၂၀၀၀ ပြည့်နှစ် သြဂုတ်လအတွင်း၌ မင်းကွန်းဓမ္မနာဒတိုက် လက်ရှိနာယကဆရာတော်ဘုရားကြီးထံ ခွင့်ပန်လျှောက်ထားပြီးလျှင် ပကတိနေရောင်ခြည်အောက်တွင် ဓာတ်ပုံရိုက်ထားခဲ့သည့်အတိုင်း အလေးအမြတ် အမှတ်တရ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

❑

အလင်းသစ်စာပေ

စကားဦး

ယခုအခါ ထေရဝါဒသာသနာတော်ကြီး တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ဆရာ ဒကာ လက်တွဲ၍ အားပြည့်အင်ပြည့် ဆောင်ရွက်လျက်ရှိကြရာ ထိုထေရဝါဒသာသနာတော်ကြီး ပေါ်ထွန်းလာရေးအတွက် သာသနာစောင့် မထေရ်ကြီးများ ကြိုးစားအားထုတ်ခဲ့ရပုံ၊ အန္တရာယ်အသွယ်သွယ်တို့မှ ကာကွယ် စောင့်ရှောက်ခဲ့ရပုံဂုဏ်ကျေးဇူးအစုံအလင်ကို အာရုံပြု၍ ကြည်ညိုနှိုင်ကြစေရန် သင်္ဂါယနာသုံးတန်တို့၏ သင်္ဂါယနာတင်ပုံဇာတ်လမ်းစုံကို တင်ပြလိုက်ရပါသည်။

အကယ်၍ ထေရဝါဒသာသနာတော်ကြီး တစ်ရပ်လုံးကို ရွှေရောင် တဝင်းဝင်းနှင့် ဗိမာန်တော်ကြီးတစ်ခုအဖြစ်ဖြင့် တင်စား၍ကြည့်မည်ဆိုပါက သင်္ဂါယနာသုံးတန်တို့သည် ထိုဗိမာန်တော်ကြီး၏အုတ်မြစ်ပင် ဖြစ်ပါသည်။ ထေရဝါဒသာသနာတော်ကြီးတစ်ရပ်လုံးသည် သင်္ဂါယနာသုံးတန်တွင် အခြေခံ၍ ရှင်သန်ကြီးထွားနေခြင်းဖြစ်ပါသည်။

သင်္ဂါယနာသုံးတန် ဟူသည်မှာ ပထမ၊ ဒုတိယ၊ တတိယ ဟူသော အရှေ့ပိုင်း သင်္ဂါယနာများဖြစ်ပါသည်။

ထိုတွင် ပထမသင်္ဂါယနာကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သုံးလအကြာတွင် ကျင်းပခဲ့ပါသည်။ ဒုတိယသင်္ဂါယနာကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ နှစ် ၁၀၀ အကြာတွင် ကျင်းပခဲ့ပါသည်။ တတိယသင်္ဂါယနာကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ၂၃၅ နှစ်မြောက်တွင် ကျင်းပခဲ့ပါသည်။

ထို့ကြောင့် ထိုသင်္ဂါယနာသုံးတန်တို့သည် တစ်တန်နှင့် တစ်တန် နှစ် ၁၀၀ ခန့်သာ ကွာခြားခဲ့ကြပါသည်။ အစနှင့် အဆုံးဆိုသော် နှစ် ၂၀၀ ကျော်သာ

ကွာခြားကြပါသည်။ ထို့ပြင် သင်္ဂါယနာတင်ရာတွင် ဦးဆောင်ဦးရွက်ပြုခဲ့ကြသည့် သံဃနာယကအရှင်မြတ်ကြီးများမှာလည်း ဆရာ တပည့် အစဉ်မပျက် လက်ဆင့်ကမ်းလာခဲ့သူများပင် ဖြစ်ကြပါသည်။

ဒုတိယသင်္ဂါယနာမတင်မီပေါ်ပေါက်လာသည့် သာသနာ့ဘေးအန္တရာယ်တို့ကို ပထမသင်္ဂါယနာကို အခြေပြု၍ အောင်မြင်စွာဖယ်ရှားနိုင်ခဲ့ကြပါသည်။ ထို့ပြင် ဒုတိယသင်္ဂါယနာကိုအခြေပြု၍ဖြစ်ပွားလာသည့် သာသနာ့ဘေးအန္တရာယ်များကိုလည်း တတိယသင်္ဂါယနာတွင် အောင်မြင်စွာ ဖယ်ရှားနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ထိုသင်္ဂါယနာသုံးတန်တို့သည် တစ်တန်နှင့် တစ်တန် အကျိုးအကြောင်း ဆက်စပ်လျက်ရှိနေကြပါသည်။ ပေါ်ပေါက်လာသည့် သာသနာတော် အညစ်အကြေး၊ သာသနာ့ဘေးအန္တရာယ်ကို ရှေးဦးစွာဖယ်ရှားပြီးမှ သင်္ဂါယနာတင်ရာတွင်လည်း ထပ်တူထပ်မျှ ဖြစ်နေကြပါသည်။

ထို့ပြင် အဆိုအမိန့်တစ်ခုခုကို ထေရဝါဒကျမ်းဂန်လာ အဆိုအမိန့်ဟုတ်မဟုတ် ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ကြရာတွင် အခိုင်မာဆုံးအထောက်အထားမှာ သင်္ဂါယနာသုံးတန်တို့သာ ဖြစ်ကြပါသည်။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် မိမိဖွင့်ဆိုချက်များနှင့် ပတ်သက်၍ အခိုင်အမာကိုးကားရန်ရှိလာသည့်အခါများ၌ (တိဿာသံဂီတျာရုဠှာ) သင်္ဂါယနာသုံးတန်၌တင်အပ်သော ဒေသနာတော်များ စသဖြင့် ဖော်ပြခဲ့ပါသည်။ မဟာပရိနိဗ္ဗာနသုတ်လာ မဟာပဒေသတရားလေးပါးတို့မှ သုတ္တာဟူသော မဟာပဒေသကို 'သင်္ဂါယနာသုံးတန်၌ တင်အပ်သော ပိဋကသုံးပုံတည်း' ဟု ဖွင့်ပြခဲ့ပါသည်။ အခြားနေရာများ၌လည်း ဤသို့ကိုးကား၍ဖွင့်ပြပုံကို တွေ့နိုင်ကြပါသည်။ ကိုးကားလောက်သည့် အခြေခံအကြောင်းများ ရှိနေ၍ပင်ဖြစ်ပါသည်။

သင်္ဂါယနာသုံးတန်တို့မှ သံဂီတိကာရက အရှင်မြတ်ကြီးများသည် မျက်မှောက် မျက်ကွယ် သာဝကကြီးငယ်တို့ နှုတ်တက်ဆောင်ထားသည့် ဒေသနာတော်များကို အပိုအလိုမရှိအောင် စိစစ်ရွေးချယ်ခဲ့ကြပါသည်။ အနက်အဓိပ္ပာယ် ကောက်ယူရာ၌လည်း ချွတ်ချော်တိမ်းပါးမှုမရှိရအောင် ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားထားတော်မူခဲ့သော သာသနာတော်ကြီးသည် ဤမျှကြာအောင် တည်နေခဲ့ခြင်းဖြစ်ပါသည်။ အစကောင်း၍ အနှောင်းသေချာသည့်သဘော ဖြစ်ပါသည်။ သင်္ဂါယနာတည်းဟူသော အစကောင်းခဲ့သဖြင့် နောင်လာနောက်သားတို့အဟွက် ဗုဒ္ဓသာသနာသည် ရောင်ဝါထွန်းနေမည်သာ ဖြစ်ပါသည်။

အလင်းသစ်စာပေ

သင်္ဂါယနာသုံးတန်ရှိခဲ့သည့်အနက် ပထမသင်္ဂါယနာသည် ထေရဝါဒ သာသနာတော်ကြီး၏ အမွန်အစဖြစ်ပါသည်။ ထိုသင်္ဂါယနာ မဟာဓမ္မသဘင်၌ မထေရ်ကြီးများ မိန့်ကြားခဲ့သည့် 'ဝိနည်းတည်သော် သာသနာတော်တည်၏။ ဝိနည်းမည်သည်ကား သာသနာတော်အသက်ပေတည်း' ဟူသောစကားသည် ထေရဝါဒသာသနာတော်ကြီး၏ အသက်သဖွယ် ဖြစ်ပါသည်။

ဤကမ္ဘာမြေဝယ် ဗုဒ္ဓဘာသာအမည် ခံယူထားပါလျက် ဝိနည်းပိဋကအပြည့်အစုံ မရှိတော့သည့် တိုင်းနိုင်ငံများရှိနေကြပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာမူ ကံကောင်းထောက်မသဖြင့် နိကာယ်ငါး၀၊ ပိဋကသုံးပုံ အစုံအလင် ထွန်းလင်းတောက်ပလျက်ရှိနေပုံမှာ ဂုဏ်ယူစရာကောင်းလှပါသည်။ သင်္ဂါယနာတင် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးပင် ဖြစ်ပါသည်။

ထို့ပြင် ပထမသင်္ဂါယနာပွဲတော်ကြီးမှာပင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ ပယ်နုတ်ရေး၊ မပယ်နုတ်ရေးနှင့်ပတ်သက်၍ သံဃနာယက အရှင်မဟာကဿပ မိန့်ကြားခဲ့သည့်စကားသည်လည်း ထေရဝါဒသာသနာတော်ကြီး၏ အခြေခံမူဟု၍ ခေါ်ဆိုထိုက်ပါသည်။

တတိယမဟာသာ၀က အရှင်မြတ်ကြီးက –

(၁) ဘုရားရှင် ပညတ်တော်မမူခဲ့သည်ကို မပညတ်ရန်၊

(၂) ဘုရားရှင် ပညတ်တော်မူပြီးသည်ကို မဖြတ်တောက်ရန်၊

(၃) ဘုရားရှင်ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်များအတိုင်း ဆောက်တည်၍ ကျင့်သုံးရန်၊

ဤအခြေခံမူသုံးချက်ကို သံဂီတိကာရက အရှင်မြတ်ငါးရာတို့၏ သဘောဆန္ဒကို ခံယူ၍ အတည်ပြုခဲ့ပါသည်။

ဝိနည်းသိက္ခာပုဒ်များနှင့်ပတ်သက်၍ ချမှတ်ခဲ့သော ဤအခြေခံမူသုံးချက်သည် သုတ္တန်၊ အဘိဓမ္မာ နှစ်ဖြာသောဓမ္မတို့အပေါ်၌လည်း အရိုန်ဟပ်၍နေကြပါသည်။

ထို့ကြောင့်ပင် အရှင်မဟာကဿပ စသော မထေရ်ကြီးတို့၏ တပည့်သာ၀ကအဆက်ဆက်တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သုံးဖြာသော ပိဋကငါး၀သော နိကာယ်တို့ကို ဖြည့်စွက်ခြင်း၊ ပယ်နုတ်ခြင်းမရှိ။ ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အတိုင်း ဆောင်ယူမှတ်သား၍ လာခဲ့ကြပါသည်။ ဘုရားရှင် ဆုံးမတော်မူခဲ့သည့်အတိုင်း လိုက်နာကျင့်သုံး၍ လာခဲ့ကြပါသည်။

အလင်းသစ်စာပေ

ဤသို့ ဆောင်ယူမှတ်သားခြင်း၊ လိုက်နာကျင့်သုံးခြင်းသည်ပင် အရှင်မဟာကဿပ စသော မထေရ်ကြီးတို့၏ဝါဒဖြစ်ပေရာ ထိုဝါဒအတိုင်း လိုက်နာကျင့်သုံးသူမှန်သမျှသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာနိုင်ငံအသီးသီးသို့ ဖြန့်ကြက်ထွန်းကားလျက်ရှိနေသော ထေရဝါဒသာသနာတော်ကြီး၏ ပုံပန်းသဏ္ဌာန်ကို ဖော်ဆောင်ပေးခဲ့သည့် သင်္ဃာယနာတင်ပုံဇာတ်လမ်းအဖုံဖုံကို စုံနိုင်သမျှစုံအောင် စုဆောင်း၍ ရေးသားလိုက်ပါသည်။ အကြောင်းညီညွတ်သော အခါ၌ စတုတ္ထ၊ ပဉ္စမ နှင့် ဆဋ္ဌသင်္ဃာယနာတို့ကိုလည်း ဆက်လက်ရေးသားရန် ရည်မှန်းထားပါသည်။

သင်္ဃာယနာတင်ပုံ ဇာတ်လမ်းစုံကိုရေးသားရာ၌ အကိုးအကားပြုသည့် ကျမ်းဂန်များမှာ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်နှင့် အဋ္ဌကထာ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာနိဒါန်းနှင့် သီလက္ခန်အဋ္ဌကထာနိဒါန်းတို့မှ သင်္ဃာယနာသုံးတန်ဆိုင်ရာ ဖွင့်ဆိုချက်များ၊ ထပ်ဆင့်ဖွင့်ဆိုသည့် ဋီကာအဆိုအမိန့်များ၊ ဝိနည်းစူဠဝဂ်ပါဠိတော်မှ ပဉ္စသတိကက္ခန္ဓကနှင့် သတ္တသတိကက္ခန္ဓကပါဠိတော်များဖြစ်ပါသည်။ ထို့ပြင် တတိယသင်္ဃာယနာအတွက် ကျိုးသဲလေးထပ်ဆရာတော်ကြီး၏ မဟာဝင်ဝတ္ထုကိုလည်း ကိုးကား၍ ရေးသားပါသည်။

ထို့ကြောင့် ပင်တိုင်ထား၍ရေးသားရသည့် ထိုကျမ်းတို့ကို ကျမ်းကိုးမပြတော့ဘဲ သက်ဆိုင်သည့်နေရာများ၌ ကြားညှပ်ဖော်ပြသည့်အကြောင်းအရာများအတွက်သာ ကျမ်းကိုးဖော်ပြလိုက်ပါသည်။

ပါရာဇိကကဏ္ဍ အဋ္ဌကထာနိဒါန်းနှင့် သီလက္ခန်အဋ္ဌကထာနိဒါန်းတို့မှ ပထမ မဟာသင်္ဂီတိကထာတို့ကို တိုက်ဆိုင်ကြည့်ရာတွင် မတူညီသောအချက်များကို တွေ့ရပါသည်။ ထိုတွင် မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် အဋ္ဌကထာတို့နှင့် တစ်သားတည်းကျသော ပါရာဇိကဏ် အဋ္ဌကထာနိဒါန်းကို မူတည်၍ရေးသားပါသည်။ ပါရာဇိကဏ် အဋ္ဌကထာနိဒါန်းနှင့်မဆန့်ကျင်သော ကြွင်းကျန်သည့် အချက်များကို သီလက္ခန်အဋ္ဌကထာနိဒါန်းမှ ထုတ်ဆောင်ရေးသားပါသည်။

ပဉ္စသတိကက္ခန္ဓကတွင် အရှင်အာနန္ဒာအား အခြားမထေရ်ကြီးများကဝိုင်း၍အပြစ်တင်ကြပုံ ဖော်ပြထားသော်လည်း ဘယ်အချိန်၊ ဘယ်အခြေအနေမှာဟု သတ်မှတ်ချက်မပါပါ။ ထို့ကြောင့် စာရေးသူအနေနှင့် သင့်လျော်မည်ထင်သည့်နေရာကို မှန်းဆ၍ ထည့်သွင်းဖော်ပြလိုက်ပါသည်။

အလင်းသစ်စာပေ

ပထမသင်္ဂါယနာအကြောင်းအရာများသည် ညီတော်အာနန္ဒာ၏တစ်သက်တာ မှတ်တမ်း ဇာတ်သိမ်းခန်းမှာလည်း ပါဝင်ခဲ့ပါသည်။ ညီတော်အာနန္ဒာရေးသားစဉ်တုန်းက သင်္ဂါယနာတင် စတင်သည့်နေ့ရက်ကို ဝါဆိုလပြည့်ကျော်တစ်ရက်ဟူ၍ ဖော်ပြခဲ့မိပါသည်။ ယခု စာအုပ်ကိုရေးရင်း မူရင်းအဋ္ဌကထာကြီးများကို စေ့စေ့စပ်စပ်ပြန်၍ကြည့်မိခါမှ ထိုရက်စွဲမှားနေကြောင်း သိရပါတော့သည်။ သို့ဖြစ်၍ ပဉ္စမအကြိမ်ရိုက် ညီတော် အာနန္ဒာစာအုပ်ကြီးများမှ စတင်၍ ရက်စွဲကို ပြင်ပေးလိုက်ပါသည်။

အကယ်၍ စာဖတ်ရှုသူများထဲတွင် ပထမအကြိမ်မှ စတုတ္ထအကြိမ်ရိုက်အထိ ညီတော်အာနန္ဒာစာအုပ်ကြီးများ လက်ဝယ်ရှိနေပါက **သင်္ဂါယနာတင် စတင်သည့်ရက်စွဲကို ဝါဆိုလပြည့်ကျော်တစ်ရက်အား ဝါခေါင်လဆုတ်ငါးရက်ဟု ပြင်ဆင်ပေးကြရန်** တောင်းပန်ပါသည်။ သုံးနေရာပြင်ရန် ရှိနေပါသည်။

သင်္ဂါယနာတင်ပုံ ဇာတ်လမ်းစုံတို့ကို ဖတ်ရှုရသောအားဖြင့် အရှင်ကဿပ စသော သာသနာ့ဦးစီးဦးကိုင်မထေရ်မြတ်ကြီးတို့၏ သာသနာတော်ကြီးနောင်ရေးကို မျှော်တွေးနိုင်သည့် ပညာ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊

မယိမ်းမယိုင် ကြံ့ခိုင်တည်တံ့သည့် သမာဓိ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊

သာသနာတော်ကြီး အဝွန့်ရှည်စွာ တည်နေနိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည့် ဝီရိယ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊

သာသနာ့အန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် ဂုဏ်ကျေးဇူးကိုလည်းကောင်း လေးမြတ်ကော်ရော် ပူဇော်နိုင်ကြရန် ရည်သန်ပါသည်။

သာသနာ့ဦးစီးဦးကိုင် မထေရ်မြတ်ကြီးတို့၏ ဂုဏ်ကျေးဇူးအထူးကိုကြည်ညိုလေးမြတ်သောအားဖြင့် ထိုမထေရ်မြတ်ကြီးများ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည့် ထေရဝါဒသာသနာတော်ကြီးနှင့် ကြံ့ကြိုက်ရသည့် မိမိတို့ဘဝကို တန်ဖိုးထားကာ သာသနာတော်ကြီးအသီးအပွင့်ကို ဆွတ်ယူစားသုံးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဝဏ္ဏသီရိ

အလင်းသစ်စာပေ

ပထမသင်္ဂါယနာ

။ငါ့ထံလာခဲ့ကြသော ဖန်ကပ္ပဏ ဟုခေါ်ဝေါ်ကြပါစေ။ ဒွါဒသဝါရိကဗုဒ္ဓဝင်ကြီးတွင် ဤသို့ဟောကြားတော်မူခဲ့ပါသည်။ ဤသို့ဟောကြားတော်မူခဲ့ခြင်းသည် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသင်္ဂါယနာတင်တော်မူခဲ့ပြီးနောက် ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ပြီးနောက် ဝေသာလီမြို့တော်ကြီးတွင် ဒုတိယသင်္ဂါယနာတင်ပွဲကို ကျင်းပခဲ့ကြသော ထိုနှစ်ပေါင်း ၁၀၀ ခန့်ကာလအတွင်း ဗုဒ္ဓဘာသာဝင်များ ကြားနာခဲ့ကြရသော ဓမ္မတရားတော်များကို ဖန်ကပ္ပဏ ဟုခေါ်ဝေါ်ကြပါသည်။ ဤဖန်ကပ္ပဏသည်

သိမ့်သိမ့်တုန်သည့်ကဆုန်ည

"ရဟန်းတို့၊ သင်တို့ကို ယခုနောက်ဆုံး ငါဘုရား မှာကြားတော်မူခဲ့မည်။ သခ်ၤါရတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် အစစအရာရာ ပြည့်စုံအောင် ဆောင်ရွက်ကြစေကုန်သတည်း"

လူသားအားလုံးတို့၏ အထွတ်အမြတ်ဆုံးဖြစ်တော်မူသော ဘုရားရှင်၏ နောက်ဆုံးစကားတော်ဖြစ်ပေသည်။

လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့လေသမျှ ဓမ္မက္ခန္ဓာဒေသနာတော်များကို ဤစကားဝါကျတို့ဖြင့် အကျဉ်းချုံး၍ ဟောကြားတော်မူလိုက်ခြင်းဖြစ်ပေသည်။

ဤနောက်ဆုံးစကားတော်၌ ဝါကျသုံးခု ပါဝင်လျက်ရှိ၏။ ပထမဝါကျသည် မိန့်ကြားမည့်စကားကို နားစိုက်ကြစေရန်နှိုးဆော်လိုက်ခြင်းဖြစ်၏။ ဒုတိယဝါကျသည် ခြွင်းချက်မရှိ မှန်ကန်သော သဘောတရားကို ညွှန်ပြထား၏။ သခ်ၤါရဟူသည်မှာ အကြောင်းတရားတို့ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာရသော ရုပ်တရား၊ နာမ်တရားတို့ ဖြစ်ကြ၏။ အကြောင်းတရားတို့ကြောင့်ဖြစ်ပေါ်လာသည့် သခ်ၤါရတရားတို့သည် ဖြစ်ပြီးသည့်နောက် ချက်ချင်းဆိုသလိုပင် ချုပ်ပျောက်ကုန်ဆုံးသွားကြရ၏။ ဤလောက၌ ဖြစ်ပြီးသည့်နောက် မပျက်မစီးဘဲ အမြဲတစေတည်နေနိုင်သည့် သခ်ၤါတရားဟူ၍ လုံးဝမရှိပါချေ။ အလွန်အလွန် တိုတောင်းလှသော ထိုအချိန်ပိုင်းကလေးကို အစွဲပြု၍ ဖြစ်ဆဲကာလ ဌီခဏဟု ဆိုကြရသော်ငြားလည်း ထိုအချိန်ပိုင်းကလေးသည်ပင် ပျက်စီးရန် ရှေးရှုနေခြင်းဖြစ်၏။ ဖြစ်ပေါ်လာသည့် တရားဟူသမျှသည် ဖြစ်ပြီးသည့်နောက် ချက်ချင်းဆိုသလိုပင် ပျက်စီးသွားကြရ၏။ ပျက်စီးသွားပြီးသောတရားတို့က တစ်ကျော့တစ်ဖန် ပြန်

လာရိုးမရှိကြပေ။ သူတို့နေရာတွင် အစဉ်သန္တာတိမပျက် ဆက်လက်ဖြစ်ပေါ်နေသည့်တရားတို့သည်ကား အသစ်အသစ်ဖြစ်ပေါ်လာသောတရားတို့သာ ဖြစ်ကုန်၏။ အကြောင်းတရားတို့ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသည့် သင်္ခါရတရားတို့သာ ဖြစ်ကုန်၏။ ဖြစ်ပေါ်လာသည့် သင်္ခါရတရားတို့သည် သင်္ခါရတရားတို့၏ သဘောလက္ခဏာအတိုင်း ဖြစ်ပေါ်ပြီးလျှင်ပြီးချင်း ချုပ်ပျောက်ပျက်စီးကြရမည်သာ ဖြစ်ကုန်၏။ ဤသည်ပင်လျှင် သံသရာပေတည်း။

ဤသံသရာဝဋ်မှ ထွက်မြောက်နိုင်ရန်ကား အကြောင်းတရားဟူသမျှတို့၏ ပြုပြင်ခြင်းမှ ကင်းလွတ်သဖြင့် ဖြစ်ခြင်းလည်းမရှိ၊ ပျက်ခြင်းလည်းမရှိ၊ ဖောက်ပြန်ပြောင်းလဲခြင်းလည်းမရှိ၊ အေးသဘော၊ ငြိမ်းသဘော သန္တိလက္ခဏာဖြင့် အစဉ်အမြဲတည်ရှိနေသောနိဗ္ဗာန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မှောက်ပြုဖို့သာရှိတော့၏။ ထို့ကြောင့် အသန်တမာတ် မြတ်လှစွာသော နိဗ္ဗာန်တရားတော်ကို မျက်မှောက်ပြုနိုင်ရေးအတွက် နိဗ္ဗာန်နှင့်လျော်သည့် အကျင့်သိက္ခာတို့ကို ကျင့်သုံးဆောက်တည်ကြပါကုန်လော့။ နိဗ္ဗာန်တရားတော်နှင့် လျော်ကန်သည့် ဘာဝနာကမ္မဋ္ဌာန်းတို့ကို မမေ့မလျော့သော သတိတရား လက်ကိုင်ထား၍ ပွားများကြပါကုန်လော့။ ဤသို့ တတိယဝါကျဖြင့် တိုက်တွန်းနှိုးဆော်တော်မူပေသည်။

နောက်ဆုံးစကား မြွက်ကြားတော်မူပြီးသည့်နောက်ဝယ် ဘုရားရှင်၏ နှုတ်လွှာတော်အစုံသည် ညင်ညင်သာသာ ပိတ်သွားကြလေတော့သည်။

ဤနှုတ်လွှာတော်အစုံမှ သာသနာ့ဝန်ထမ်း ရဟန်းအားလုံးအတွက် ဝိနည်းပညတ်ချက်များ ထွက်ပေါ်လာခဲ့ကြ၏။ ရဟန်းရှင်လူကျွတ်ထိုက်သူအားလုံးအတွက် သုတ္တန် အဘိဓမ္မာ နှစ်ဖြာသော ဒေသနာသံများ ပျံ့လွင့်လာခဲ့ကြ၏။ ယခုတော့ ဤ နှုတ်လွှာတော်အစုံတွင် အသံဟူသမျှ ဆိတ်သွားကြလေကုန်ပြီ။ နောက်ထပ်တစ်ဖန် လူပ်ရှားရန်မရှိတော့သော ငြိမ်သက်ခြင်းသည်သာလျှင် ကြီးစိုးလျက်ရှိနေပေတော့သည်။

အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဥပဝါဏ၊ အရှင်စုန္ဒ အစရှိသော တပည့် ရဟန်းပရိသတ်သည် ဘုရားရှင်၏ မျက်နှာတော်ကို စူးစူးစိုက်စိုက် ဖူးမြော်နေကြ၏။ ထို့အတူပင် အင်ကြင်းပင်ထိပ်ဖျားမှ လဝန်းကြီးကလည်း သူ၏အေးမြသောရောင်ခြည်တို့ဖြင့် မျက်နှာတော်ကို ပူဇော်လျက်ရှိ၏။ အနောက်ဘက်ကောင်းကင်ယံ၌ လဝန်းကြီးနိမ့်သွားလေလေ ပို၍အရောင်လင်းလာလေလေ

ထင်မှတ်ကြရ၏။ လဝန်းကြီးကပင် အမှန်တကယ် ပို၍ဝင်းလာလေသလား။ မျက်နှာတော်ကပင် ပို၍အရောင်အဝါ ထွက်လာလေသလား။

ဤသဘောသွားနှစ်ရပ်ကို ဝေဖန်မိသူဟူ၍ ရှိမည်မဟုတ်ပါ။ ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောအပြည့်မျှ ရောက်လာကြသည့် ရဟန်းပရိသတ်တွင် တရားအမြင် ထက်မြက်ပြီးသော၊ ဘာဝနာအကျင့်မှာ ရင့်သန်ပြီးသော ရဟန်း အရေအတွက်က ပို၍များပြား၏။ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ် ရဟန်းတွေ ကြားတွင် သောတာပန်ဟူ၍ အရှင်အာနန္ဒာတစ်ပါးတည်းသာ ပါဝင်ပေသည်။

ထို့ကြောင့် အရိယာဉာဏ်အထက်တန်းသို့ တက်လှမ်းပြီးသော အရှင် မြတ်တို့သည် သခ်ါရတရားတို့၏ မမြဲသောသဘောကိုသာ ဆင်ခြင်သုံးသပ် လျက်ရှိနေကြ၏။ သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုပင် ခြွင်းချက်မထားသော သခ်ါရတရားတို့၏ဖြစ်အင်ကို သံဝေဂပွားနေကြ၏။ အရိယာဉာဏ်လှေကား၌ အောက်ဆုံးအထစ်မှာသာ ရှိနေသေးသည့် အရှင် အာနန္ဒာမှာမူကား သူတို့ကဲ့သို့ တရားအမြင်သန့်သန့်ဖြင့် ရှုမြင်သုံးသပ်၍ မနေနိုင် ခဲ့ပါ။

မိမိ၏ဘဝတစ်သက်တာတွင် နောင်တော်မြတ်ကြီး နောက်တော်ပါးမှ အရိပ်ပမာလိုက်ပါ၍ ပြုစုလုပ်ကျွေးရခြင်းသည်ပင် မိမိ၏အမြတ်နိုးဆုံး ဆုလာဘ် ကြီးဖြစ်လေရာ ယခုညမှာပင် ထိုဆုလာဘ်ကြီးကို လက်လွတ်ဆုံးရှုံးရတော့မည် မဟုတ်ပါလား။

"အာနန္ဒာ၊ သင်သည် ငါဘုရားကို နေ့ရက်ရှည်စွာ မေတ္တာရှေ့ထား၍ ပြုစုလာခဲ့၏။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးလုံး မေတ္တာရှေးရှုပြုစုလာ ခဲ့၏။ ပြုလေသမျှကိစ္စတိုင်းတွင် အကျိုးတရားကိုလိုလားသောစိတ်ဖြင့် ပြုစုလာ ခဲ့၏။ စိတ်ပါလက်ပါ လိုလိုချင်ချင် ပြုစုလာခဲ့၏။ ရှေ့ရောနောက်ပါ တူညီစွာ ပြုစုလာခဲ့၏။ သူတကာတွေနှင့် နှိုင်းယှဉ်မရအောင် မေတ္တာအင်အား ကြီးမားခဲ့ ပေ၏။

အာနန္ဒာ၊ သင်သည် ကောင်းမှုကုသိုလ်ပြုခဲ့ပြီးသူဖြစ်၏။ တရားအလုပ် အားထုတ်ပါလျှင် မကြာမီ အာသဝကင်းစင်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်လာပေ လိမ့်မည်"

အသံဟူသမျှ လုံးဝတိတ်ဆိတ်နေသော ပစ္ဆိမယံတွင် အရှင်အာနန္ဒာ၏ နားထဲမှာတော့ ဤမိန့်ကြားသံတို့ကို ကြားယောင်လျက်သာ ရှိနေရ၏။

အလင်းသစ်စာပေ

၂၇၄၇၀

မကြာမီအချိန်တုန်းက ဆုံးရှုံးမှုကြီးကိုတွေးတောကာ ဖြေဆည်စရာရှာမရတော့သဖြင့် အရှင်အာနန္ဒာသည် ရှေ့တော်မှောက်မှ ထွက်ခွာပြီးလျှင် ချုံးချုံးချ၍ငိုခဲ့ရ၏။ ဤတွင်မှ ဘုရားရှင်က ရှေ့တော်မှောက်သို့ ခေါ်ဆောင်ကာ အထက်ပါစကားတို့ဖြင့် ဖြေသိမ့်၍ပေးတော်မူခဲ့၏။ ထို့ကြောင့်လည်း မျက်ဝန်းအစုံ၌ မကြာခဏ ရစ်ဝဲလာကြသည့် မျက်ရည်အစုံကို ဤစကားတော်များဖြင့် အနိုင်နိုင်တားဆီး၍နေရပေတော့သည်။

ထိုညသည်ကား မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့၏နောက်ဆုံးအချိန်ဖြစ်၏။ လောကီဗေဒင်ကျမ်းများအလိုအရဆိုလျှင် ထိုညသန်းခေါင်ယံကို ကျော်လွန်လာသည်နှင့်တစ်ပြိုင်နက် ကဆုန်လပြည့်နေ့ကို ကျော်လွန်လာပြီဟု ဆိုကြပေလိမ့်မည်။ သို့ရာတွင် တစ်ရက်တာမှ တစ်ရက်တာသို့ အကူးအပြောင်းကို အရဏ်တက်ချိန်ဖြင့် သတ်မှတ်ရသော သာသနာတော်နည်းအရ လပြည့်နေ့ညမှာပင် ရှိနေပါသေးသည်။ မဇ္ဈိမယံကိုကျော်လွန်၍ ပစ္ဆိမယံ၏နောက်ဆုံးအချိန်ပိုင်းသို့ ဆိုက်ရောက်နေစေကာမူ လပြည့်နေ့စာရင်းမှာပင် ပါဝင်လျက်ရှိနေပါသေးသည်။

လပြည့်နေ့ည၏ ဝင်းပပလရောင်အောက်ဝယ် အင်ကြင်းဥယျာဉ်တစ်ခွင်လုံးသည် ပင်လုံးကျွတ်ပွင့်နေကြ၏။ သူတို့သည် တန်ခူးလ မိဿရာသီ သူတို့၏အခါမီစဉ်တုန်းကလည်း သူတို့၏ရာသီပွဲတော်ကြီးကို ကျင်းပခဲ့ကြပြီဖြစ်၏။ အင်ကြင်းပင်ပျို၊ ပင်အို ရှိရှိသမျှသည် မိမိတို့၏ အကင်းအင့် အဖူးအပွင့်တို့ကို ဖြန့်ကြဲကာ ရာသီပွဲတော်ကြီးကို ပျော်ပျော်ရွှင်ရွှင်ကြီး ဆင်နွှဲခဲ့ကြ၏။ ဤကဲ့သို့ ဆင်နွှဲလာခဲ့၍ တစ်လမျှသာ ကွာခြားကာ ယခုတစ်ဖန် ဖူးကြပွင့်ကြပြန်ချေပြီ။ သူတို့တင်မက နတ်တို့၏ပန်းမန် နံ့သာ တေးသံသာများပင် ပါဝင်လာကြပါသေးသည်။ သူတို့သူတို့တစ်တွေသည် သည်တစ်နှစ် နွေဥတုတွင် ပျော်ပြီးရင်း ပျော်ရင်းဖြင့် ပျော်ပွဲကျင်းပ၍ပင် အားမရကြလေရော့သလား။ တကယ်တော့ ဤသို့မဟုတ်ပါချေ။

အင်ကြင်းဥယျာဉ်၏အလယ်ဗဟိုက ကွက်လပ်တစ်ခု။ ထိုကွက်လပ်ထဲက ပျိုမျစ်နုနယ် အားမာန်ကြွယ်လျက်ရှိသော အင်ကြင်းပင်နှစ်ပင်။ အကိုင်းချင်းယှက်၊ အခက်ချင်း ရောထွေးလျက်ရှိကြသော အင်ကြင်းပင်ပျိုအစုံအောက်မြောက်အရပ်သို့ ဦးခေါင်းပြုထားသည့် သလွန်ခုံတစ်ခု။ ထိုသလွန်ခုံထက်၌

လျောင်းစက်တော်မူနေသည့် ဘုရားရှင်သည် ဤသလွန်ထက်မှပြန်၍ထလာရန် အကြောင်းမရှိတော့ပါချေ။

ထို့ကြောင့်ပင် အင်ကြင်းမြိုင်တစ်ခွင်လုံးက နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်နေကြရခြင်းဖြစ်ပါ၏။ မချိကြေကွဲ ငိုပွဲကြီး ဆင်နေကြရခြင်းဖြစ်ပါ၏။

ငိုချင်စိတ်ကို မျိုသိပ်၍ထားရသော အရှင်အာနန္ဒာ၏ရှေ့မှောက်ဝယ် ကိုယ်တော်မြတ်၏ ညင်ညင်သာသာလှုပ်ရှားနေကြသော ထွက်သက်ဝင်သက်များ ရပ်စဲသွားကြ၏။

အကယ်၍ ရဟန်းပရိသတ်ထဲတွင် အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သာ ရှိနေပါက အရှင်အာနန္ဒာသည် ထိုအဂ္ဂသာဝကအရှင်မြတ်ကြီးတို့ကို မေးလျှောက်ရမည်ဖြစ်၏။ သို့ရာတွင် ထိုအရှင်မြတ်ကြီးနှစ်ပါးက ဘုရားရှင်ထက် စောစီးစွာ ပရိနိဗ္ဗာန်ပြုသွားခဲ့ကြပေပြီ။ တတိယမဟာသာဝကဖြစ်သော အရှင်မဟာကဿပသည်ကား သက်တော်ထင်ရှား ရှိနေပါသေး၏။ သို့ရာတွင် ထိုအရှင်မြတ်ကြီးကလည်း ဤပရိသတ်ထဲမှာ မပါဝင်ပါ။ နောက်လိုက်နောက်ပါ ရဟန်းငါးရာနှင့်အတူ ဒေသစာရီ လှည့်လည်နေဆဲဖြစ်ပေသည်။

ထို့ကြောင့် အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါထံသို့သာ အားကိုးတစ်ခုပြုလျက် "အရှင်ဘုရား၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသွားပါပြီလား" ဟု မေးလျှောက်ရ၏။

"ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မမူသေးပါ။ နိရောဓသမာပတ် ဝင်စားတော်မူနေဆဲဖြစ်၏။ ငါသည် ဘုရားရှင်နှင့်အတူတကွ စျာန်သမာပတ်အဆင့်ဆင့်ကို ဝင်စားနေခဲ့၏။ ပထမစျာန်မှစ၍ အစဉ်အတိုင်း ဝင်စားလာခဲ့ရာ နေဝသညာနာသညာယတနစျာန်အထိ ဆိုက်ရောက်ခဲ့၏။ ထိုစျာန်ကိုဝင်စားပြီးနောက် ငါသည် စျာန်ဝင်စားရာမှ ထလာခဲ့၏။ ဘုရားရှင်သည်ကား ထိုစျာန်မှ ထလာပြီးလျှင် နိရောဓသမာပတ်ကို ဝင်စားတော်မူနေပေသည်"

စျာန်အဘိညာဉ်၌ ကြိမ်ဖန်များစွာ အလေ့အလာပြုထားပြီးဖြစ်၍ ဤသို့ဖြေကြားနိုင်ခြင်းဖြစ်ပေသည်။

နိရောဓသမာပတ် ဝင်စားလျှင် ထွက်သက်ဝင်သက်များနှင့်တကွ အသိတရားဟူသမျှ၊ ခံစားမှုဟူသမျှ ချုပ်ငြိမ်းသွားကြ၏။ သို့ရာတွင် ခေတ္တခဏသေဆုံးနေသည်ကား မဟုတ်ပါ။ နာမ်တရားဟူသမျှ တစ်စမကျန် ချုပ်ငြိမ်းနေကြသော်ငြားလည်း ရုပ်ခန္ဓာကြီးကတော့ ဆက်လက်၍ ရှင်သန်နေဆဲဖြစ်၏။ နိရောဓ

သမာပတ်၏ အစွမ်းသတ္တိကြောင့် ထိုသမာပတ်ဝင်စားနေသော ရုပ်ခန္ဓာကို မည်သူမျှ ဖျက်ဆီး၍မရနိုင်ပေ။ ထို့ကြောင့် နိရောဓသမာပတ် မဝင်စားခင်က အဓိဋ္ဌာန်ထားခဲ့သော အချိန်စေ့လျှင် ထွက်သက်ဝင်သက်များ ပေါ်လာမြဲဖြစ်၏။ အသိတရားနှင့် ခံစားမှုများ ပြန်လည်ပေါ် ပေါက်လာမြဲဖြစ်၏။

လာမြဲလမ်းကို မှန်းဆမျှော်လင့်နေခိုက်ဝယ် ကိုယ်တော်မြတ်၌ ထွက်သက်ဝင်သက်များ ပေါ်လာကြ၏။ ဤသည်မှာ နိရောဓသမာပတ်မှ ထလာတော်မူ၍ဖြစ်ကြောင်း အရှင်အနုရုဒ္ဓါက ရှင်းပြ၏။ သို့ရာတွင် မိုတ်ထားပြီးသောမျက်လွှာများကတော့ ပြန်၍ပွင့်မလာကြပါ။ ဘုရားရှင်သည် နိရောဓသမာပတ်မှ ထလာပြီး နောက်မှာလည်း စွာန်သမာပတ်အဆင့်ဆင့်တို့ကို အထက်မှအောက်၊ အောက်မှ အထက် အပြန်ပြန်အလှန်လှန် ဝင်စားတော်မူနေ၏။ လောကဥပမာအားဖြင့် သိသာမြင်သာအောင် ပံ့ပိုးခိုင်းရပါမူ တစ်ရပ်တစ်ကျေးခရီးဝေးသို့ သွားရတော့မည့် ဖခင်ဖြစ်သူက မိမိ၏သားငယ်၊ သမီးငယ်တို့ကို ကြင်ကြင်နာနာ ယုယုယယ ပွေ့ပိုက်နှုတ်ဆက်နေသကဲ့သို့ ရှိပါပေသည်။

ထွက်သက် ဝင်သက်တို့ဖြင့် ညင်ညင်သာသာကလေး လှုပ်ရှားနေသည့် ကိုယ်တော်ကို ဖူးမြော်နေဆဲမှာပင် တော်လည်းသံကြီးများ ရုတ်တရက် ပေါ်ထွက်လာကြ၏။ တော်လည်းသံကြီးနှင့်မရွေးမနှောင်းမှာပင် မဟာပထဝီမြေကြီးသည်လည်း သိမ့်သိမ့်ခါအောင် လှုပ်ယမ်း၏။ မိုးရိပ်မိုးသားကင်းစင်နေသည့်ကြားမှ ထွက်ပေါ်လာသည့်လျှပ်စီးကြောင်းတို့သည်လည်း မျက်စိကျိန်းမတတ် တောက်ပလွန်းလှ၏။ လျှပ်စီးကြောင်းနောက်မှ လိုက်ပါလာသည့် မိုးချုန်းသံကြီးများကလည်း နားကွဲမတတ်ရှိပါဘိ၏။

ထိုအဆင်း၊ ထိုအသံ၊ ထိုအာရုံတို့သည် တတိယ မဟာသာဝက အရှင်မဟာကဿပ ရှိနေရာအရပ်ကိုကျော်လွန်ကာ ကမ္ဘာမြေအနှံ့ ဖြန့်ကြက်၍သွားကြမေ့မည်တည်း။

❑

အလင်းသစ်စာပေ

ခြေဖဝါးပေါ်တွင် နဖူးတင်၍

ဝေသာလီမြို့တော်ကို ဗဟိုပြု၍ အခြေတကျ နေထိုင်လာခဲ့ကြသည့် ဝဇ္ဇီ အမျိုးသားတို့နည်းတူပင် ကုသိနာရုံမြို့ဖွား မလ္လအမျိုးသားတို့သည်လည်း စုပေါင်းအုပ်ချုပ်မင်းလုပ်သူများပင် ဖြစ်ကြ၏။ မလ္လနွယ်ဖွားအားလုံး၏ ကိုယ်စား အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စများဆောင်ရွက်ရန် အကြီးအကဲများကို အလှည့်ကျ ရွေးချယ်တင်မြှောက်ထားရ၏။ အလှည့်မကျသေးသော၊ အလှည့်မှလွန်မြောက်ပြီး သော မလ္လအမျိုးသားများသည် ကူးသန်းရောင်းဝယ်ရေးများလုပ်ကိုင်နေကြ၍ အလှည့်ကျသော မလ္လအကြီးအကဲများသည် သန္ဓာဂါရ ခေါ် လွတ်တော် အဆောက်အအုံတွင် အစည်းအဝေးထိုင်၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စများကို ဆောင်ရွက်ကြ၏။ အခြေအနေအရ လိုအပ်လျှင် လိုအပ်သလို စီမံခန့်ခွဲနိုင်ရန် နေ့ရော ညပါ အချိန်မရွေးဘဲ စည်းဝေးဆုံးဖြတ်ကြရပေသည်။

ထိုလွတ်တော်ထဲသို့ ညတုန်းကလည်း အရှင်အာနန္ဒာ ရောက်ခဲ့ရပေပြီ။ ဤညမှာပင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူမည့်အကြောင်း အရှင်အာနန္ဒာ ထံမှကြားသိရသဖြင့် လွတ်တော်တစ်ခုလုံး ငိုသံရှိုက်သံ ဖုံးလွှမ်းသွားခဲ့ပေပြီ။ ထိုမှတစ်ဆင့် ကုသိနာရုံတစ်မြို့လုံး ငိုသံရှိုက်သံများ ဖုံးလွှမ်းကာ ဘုရားရှင် သက်တော်ထင်ရှားရှိနေသေးသည့်အခိုက်ကလေးတွင် မြို့လုံးကျွတ်ထွက်၍ ပူဇော်ကန်တော့ခဲ့ကြရ၏။

ညတုန်းက ကုသိနာရုံမြို့တော်သို့ အရှင်အာနန္ဒာအားစေလွှတ်သူမှာ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်၏။ ယနေ့နံနက်မှာတော့ ဘုရားရှင်ကိုယ်စား အရှင်အနုရုဒ္ဓါက စေလွှတ်ရပေပြီ။ အရှင်အာနန္ဒာ၏အထံမှ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့်သတင်းစကား ကြားသိရသည်တွင် ညတုန်းက အတိုင်း မြို့လုံးကျွတ်ငိုပွဲကြီး ကျင်းပရပြန်ပေသည်။

အလင်းသစ်စာပေ

ငိုရင်းရှိုက်ရင်း ပူဆွေးရင်းဖြင့် မလွှအကြီးအကဲများသည် အလောင်းတော်ပူဇော်ရေး၊ သင်္ဂြိဟ်ရေးကိစ္စများကို တိုင်ပင်ဆွေးနွေးကြ၏။ အကျေအလည် တိုင်ပင်ဆွေးနွေးရာမှ ပေါ်ထွက်လာသည့် ဆုံးဖြတ်ချက်များကို တာဝန်အသီးသီး ခွဲဝေကာ တက်ညီလက်ညီ အကောင်အထည်ဖော်ရန် လွှတ်တော်ထက်မှ ဆင်းသက်လာခဲ့ကြ၏။

ဤသို့ မလွှအကြီးအကဲများဦးဆောင်သည့် ကုသိနာရုံပရိသတ်ကြီးသည် အင်ကြင်းတော်သို့ တစ်ကျော့တစ်ဖန် ရောက်လာကြရပြန်၏။ အသင့်ပါလာသော ပန်းနှံသာတို့ဖြင့် အလောင်းတော်ကို ပူဇော်ကြ၏။ အသင့်ပါလာသော တူရိယာမျိုးစုံတို့ဖြင့် သံဝေဂတေးသီချင်းများကို သီဆိုတီးမှုတ်၍ပူဇော်ကြ၏။

အချို့သောမလွှအမျိုးသားတို့က နေပူရှိန်မပြင်းသေးမီက ကြိုတင်ကာ အဝတ်မလွှာပ်များ ထိုးကြ၏။ အချို့သော မလွှအမျိုးသားတို့ကလည်း အင်ကြင်းတော်မှာရောက်နေကြသည့် ရဟန်းတော်များတည်းခိုရန် ယာယီကျောင်းဆောင်များ ဆောက်လုပ်ကြ၏။ စောစောကပင် အကျေအလည် ဆွေးနွေးတိုင်ပင်ထားပြီးဖြစ်၍ ဤကိစ္စများကို ချောမောစွာဆောင်ရွက်နိုင်ကြပေသည်။

မလွှအကြီးအကဲများနှင့် မြို့သူမြို့သားတို့သည် အလောင်းတော်ကို ပူဇော်ရင်း၊ ပြုဖွယ်ကိစ္စများပြုလုပ်ရင်းဖြင့် တစ်နေ့တာ ကုန်ဆုံးသွားတော့၏။ ထို့ကြောင့် အလောင်းတော်သင်္ဂြိဟ်ရန်ကိစ္စကို နောက်ထပ်တစ်နေ့သို့ ရွှေ့ဆိုင်းလိုက်ကြရ၏။ နောက်နေ့မှာလည်း ပူဇော်ပသ၍ အားမရနိုင်ကြသေးသဖြင့် နောက်နေ့သို့ ရွှေ့ကြရပြန်၏။ ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ရွှေ့လာခဲ့ရာ ခုနစ်ကြိမ်တိုင်တိုင် ရှိလာခဲ့ပေပြီ။

ထိုနေ့တွင်ကား မလွှအကြီးအကဲများသည် အလောင်းတော်ကို သင်္ဂြိဟ်မည်ဟု စိတ်ပိုင်းဖြတ်ထားကြ၏။ သင်္ဂြိဟ်ခြင်းကိစ္စကို တာဝန်ယူဆောင်ရွက်ရန် သက်လတ်တန်းစား အားကောင်းမောင်းသန် မလွှအမျိုးသားရှစ်ယောက်ကို တာဝန်ပေးထားကြ၏။

ထို့ကြောင့် တာဝန်ကျသော မလွှအမျိုးသားရှစ်ယောက်တို့သည် ထိုနေ့နံနက်စောစောကပင် ခေါင်းလျှော်ရေချိုးပြီး အဝတ်သစ်များ ဝတ်ဆင်ကြပြီးလျှင် အလောင်းတော်ရှိရာသို့ ချဉ်းကပ်လာကြ၏။ မလွှအကြီးအကဲများ သတ်မှတ်ထားသည့်နေရာသို့ပို့ဆောင်၍ မီးသင်္ဂြိဟ်ရန် အလောင်းတော်ကို ညောင်စောင်းနှင့်တကွ မချီကြ၏။ သို့ရာတွင် ညောင်စောင်းသည် မြေပြင်မှလုံးဝမကြွပေ။ မဟာပထဝီမြေပြင်နှင့် တစ်ဆက်တည်း တစ်သားတည်းကဲ့သို့ တည်ရှိနေ၏။

အလင်းသစ်စာပေ

ဤတွင် မလွအကြီးအကဲများသည် အရှင်အနုရုဒ္ဓါအား လျှောက်ထားကြလေရာ -

"မလွအမျိုးသားတို့၊ သင်တို့သည် အလောင်းတော်ကို မည်သို့ပူဇော်ရန် ရည်ရွယ်ထားကြပါသနည်း"

"အရှင်ဘုရား၊ အလောင်းတော်ကို ကုသိနာရုံမြို့ပြင်လမ်းမှနေ၍ မြို့တောင်ဘက်သို့ ပို့ဆောင်ကြပါမည်။ ထိုနေရာမှာပင် သင်္ဂြိုဟ်ရန် ရည်ရွယ်ထားကြပါသည်ဘုရား"

"မလွအမျိုးသားတို့၊ နတ်တို့ရည်ရွယ်ချက်ကား တစ်မျိုးတစ်ဖုံဖြစ်နေပေသည်"

"အရှင်ဘုရား၊ နတ်တို့ရည်ရွယ်ချက်က မည်သို့ဖြစ်ပါသနည်း"

"မလွအမျိုးသားတို့၊ နတ်တို့ရည်ရွယ်ချက်ကား အလောင်းတော်ကို မြို့လယ်လမ်းမကြီးဖြင့် မြောက်ဘက်တံခါးမှ သွင်းယူသယ်ဆောင်ရန်ဖြစ်၏။ မြို့လယ်ခေါင်မှတစ်ဆင့် မြို့အရှေ့သို့သယ်ဆောင်ကာ မလွမင်းညီမင်းသားတို့၏ တန်ဆာဆင်မင်္ဂလာ ပြုရာ မကုဋေဗန္ဓနမည်သော အဆောက်အအုံသို့ ပို့ဆောင်၍ သင်္ဂြိုဟ်ရန်ဖြစ်ပေသည်"

"အရှင်ဘုရား၊ ထိုသို့ဆိုလျှင် နတ်တို့၏အလိုကျအတိုင်း တပည့်တော်တို့ လိုက်နာကြပါမည်"

ဤသို့ ဝန်ခံစကား လျှောက်ထားလိုက်ခါမှ အလောင်းတော် တည်ရှိရာ ညောင်စောင်းသည် မလွအမျိုးသားရှစ်ယောက်တို့လက်မှာ အလိုက်သင့်ပါလာပေတော့သည်။ လမ်းတစ်လျှောက်လုံးတွင် ပန်းနံ့သာပူဇော်သူများ၊ သံဝဂတေးသီချင်း သီဆိုသူများဖြင့် သိုက်သိုက်မြိုက်မြိုက် ရှိလှပါပေသည်။

မလွအကြီးအကဲများသည် မကုဋေဗန္ဓန အဆောက်အအုံ၌ အလောင်းတော်ကို ခေတ္တခဏချထားပြီးလျှင် ညက်အိနေအောင် ဖတ်ထားသော ဝါဂွမ်းနုများဖြင့် ရစ်ပတ်ကြ၏။ ထိုဝါဂွမ်းနုပေါ်မှာ အဝတ်သစ်ဖြင့် ရစ်ပတ်ကြပြန်၏။ ဤသို့ တစ်လဲစီ တစ်ထပ်စီ ရစ်ပတ်ကြပြီးလျှင် ဆီထည့်ထားသော ရွှေတလားထဲမှာ ထည့်ကြ၏။ ထိုအပေါ်မှာ ရွှေတလားတစ်ခုဖြင့် မှောက်၍ဖုံးအုပ်ကာ နံ့သာထင်းပုံထက်သို့ တင်လိုက်ကြပေသည်။

ဤသို့ဖြင့် အသင့်ပြင်ဆင်ပြီးသောအခါ မလွအမျိုးသားရှစ်ဦးတို့သည် နံ့သာထင်းပုံကို မီးတိုက်ကြ၏။ အားကောင်းလှသော လောင်စာ၊ အလွယ်တကူ

မီးငြိစေနိုင်သော မီးမွေးစာတို့ဖြင့် ရှိ့ပါလျက် မီးက ဟုတ်ခနဲ ဟုတ်ခနဲ သေသွား၏။ နေရာအမျိုးမျိုးရွှေ့ကာ ကြိမ်ဖန်များစွာ မီးရှို့၍မရခါမှ အရှင်အနုရုဒ္ဓါထံလာ၍လျှောက်ထားကြ၏။

ဤတွင် အရှင်အနုရုဒ္ဓါက –

"မလွအမျိုးသားတို့၊ ဤသို့ဖြစ်ရခြင်းမှာ နတ်တို့၏အလိုအတိုင်း ဖြစ်ပေသည်။ နတ်တို့သည် အရှင်မဟာကဿပကို အလွန်တရာကြည်ညိုကြ၏။ ထို့ကြောင့် အရှင်မဟာကဿပ ဦးခိုက်ပူဇော်ပြီးမှသာလျှင် အလောင်းတော်ကို မီးပူဇော်စေလိုကြပေသည်"

"အရှင်ဘုရား၊ ဤသို့ဆိုလျှင် အရှင်မဟာကဿပ ကြွလာသည်ကို စောင့်ဆိုင်းကြပါတော့မည်"

ဤသို့လျှောက်ထား၍ စောင့်စားနေသူအားလုံးသည် ဤနေ့ဤရက်မှာပင် အရှင်မဟာကဿပ ကြွလာလိမ့်မည်ဟု တွက်ဆနေကြ၏။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်မှာ ခုနစ်ရက်တိုင်တိုင် ရှိခဲ့ပေပြီ။ ပရိနိဗ္ဗာန်ပြုတော်မူသည့်အချိန်တုန်းက မြေကြီးတုန်လှုပ်ခြင်း၊ တော်လည်းခြင်းစသဖြင့် မကြုံစဖူး ထူးကဲလှသည့် အတိတ်နိမိတ်များ ပေါ်ပေါက်ခဲ့၏။ ထို့ပြင် အရှင်မြတ်ကြီးကိုယ်တိုင်ကလည်း အဘိညာဉ်စွမ်းအား ကြီးမားသူဖြစ်၏။ ဘုရားရှင်ကို ကြည်ညိုလေးမြတ်သည့်အရာတွင် အသာလွန်ဆုံးဖြစ်၏။ ထို့ကြောင့်လည်း ဤနေ့ဤရက်တွင် ကြွဖြစ်အောင် ကြွလာပါလိမ့်မည်။

ရဟန်းပရိသတ်၊ လူပရိတ်သတ်အားလုံး မျှော်လင့်စောင့်စားနေသည့်အတိုင်းပင် နေညိုညိုညနေချမ်းအချိန်တွင် အရှင်မဟာကဿပ ကြွရောက်လာ၏။ သူ၏တပည့်ရဟန်းငါးရာတို့ကလည်း ထေရ်စဉ်ဝါလိုက် လိုက်ပါလာကြ၏။

နောက်ပါရဟန်းငါးရာတို့တွင် အချို့ရဟန်းများမှာ မျက်စိမျက်နှာနီမြန်း၍ နေကြ၏။ အချို့ရဟန်းများ၏မျက်ဝန်းအစုံတွင် မျက်ရည်တစမ်းစမ်းနှင့် ပါလာကြ၏။ အချို့ရဟန်းများ၏သင်္ကန်းပေါ်ဝယ် ဖုန်စဖုန်နတွေ ပေကျံလျက်ရှိနေ၏။ သူတို့တစ်တွေသည် ဤအရပ်သို့ အလာခရီးစဉ်အတွင်းကပင် ဤသတင်းကိုကြားသိခဲ့ရသဖြင့် ဆောက်တည်ရာမရ လူး၍လိမ့်၍ သိမ့်သိမ့်တုန်အောင် ရှိုက်ငင်၍ငိုခဲ့ကြ၏။ သူတို့အထဲတွင် အပါအဝင်ဖြစ်သော သုဘဒ္ဒရဟန်းကြီးမှာကား ရဟန်းရှင်လူ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မျက်နှာချင်းမဆိုင်ရဲသဖြင့် ဦးခေါင်းကို အငုံ့နိုင်ဆုံးငုံ့လျက် လိုက်ပါလာပေသည်။

အရှင်မဟာကဿပ သာသနာတော်တွင်း ဝင်ရောက်ရန်လာစဉ်တုန်းက ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော်မှ သုံးဂါဝုတ်ကွာဝေးသည့် ဗဟုပုတ္တက ညောင်ပင်မှ စောင့်ကြိုတော်မူခဲ့၏။ ယခုလည်း တတိယမဟာသာဝကကြီးအား နံ့သာထင်းပုံထက်မှာ စောင့်ကြိုလျက်ရှိနေတော်မူပါ၏။

အရှင်မဟာကဿပသည် ကိုယ်စီကိုယ်ငဲ ချီးမြှောက်ထားကြသည့် လက်အုပ်များရှေ့မှဖြတ်ကျော်ကာ နံ့သာထင်းပုံသို့ ဦးတည်လာခဲ့၏။ ဂုဏ်တော်၊ ကျေးဇူးတော် အနန္တကို အလေးအမြတ်ပြုသောအားဖြင့် လက်အုပ်ချီမိုးရှိခိုးလျက် သုံးကြိမ်သုံးခါ လှည့်လည်ပူဇော်၏။ ထို့နောက် အလောင်းတော်၏ခြေရင်းဘက်ကို မှန်းဆ၍ နဖူးပြင်ဖြင့်ထိကာ နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်၏။ အရှင်မဟာကဿပနှင့်တကွ တပည့်ရဟန်းငါးရာတို့၏ ပူဇော်အပြီးတွင်ကား နံ့သာထင်းပုံသည် သူ့အလိုလို မီးဟုန်းဟုန်း တောက်လောင်လေတော့သည်။

အလောင်းတော်ကို တေဇောဓာတ်လောင်ကျွမ်း၍ ပြီးစီးသွားသောအခါ မလ္လအကြီးအကဲများသည် ရွှေတလားကို ဖွင့်၍ကြည့်ကြ၏။ ရွှေတလားထဲတွင် ပြာဟူ၍၊ မီးသွေးဟူ၍ လုံးဝမရှိဘဲ ရွှေအဆင်းသို့ ဝါဝင်းသောဓာတ်တော်များသာ ရှိနေကြ၏။ အခြင်အတွယ်ပမာဏအားဖြင့် ရှစ်စိတ်ရှိကြကုန်၏။

မလ္လမင်းညီမင်းသားများနှင့် မြို့သူမြို့သားများသည် ဓာတ်တော်များ.ကို ကုသိနာရုံမြို့တွင်းသို့သယ်ဆောင်၍ လွှတ်တော်မှာထားပြီးလျှင် ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲကြီး ကျင်းပကြ၏။

ထို့နောက် ဓာတ်တော် ဝေစုရလိုရေးဖြင့် စစ်တပ်ကြီးများ ချီလာကြသော ခုနစ်တိုင်း၊ ခုနစ်ဌာနမှ မင်းများ၊ ပုဏ္ဏားများအား သူတို့အားလုံး၏ဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီးက သူ့အသံသြဇာဖြင့် ထိန်းသိမ်းဖျောင်းဖျကာ ဓာတ်တော်များကို ရှစ်ပုံ ပုံ၍ ဝေပေးလိုက်ပေသည်။

ထို့နောက် ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်များခြင်တွယ်သည့်ရွှေခွက်ကို ကိုးကွယ်ရန် ယူဆောင်သွား၏။ နောက်မှရောက်လာသော မောရိယမင်းသားများမှာကား ဓာတ်တော်များမကျန်တော့သဖြင့် နံ့သာထင်းပုံမှ မီးသွေးခဲများကိုသာ ကောက်ယူသွားကြရပေတော့သည်။

❑

အလင်းသစ်စာပေ

မိုးကြိုးစက် ထိပ်ထက်မှာကျပြီ

တိတ်ဆိတ်ငြိမ်သက်မှုကို ဖော်ပြရာတွင် ပွဲပြီး နောက်တစ်ည ဟူသော စကားဖြင့် တင်စားလေ့ရှိကြ၏။ ပွဲတွင်းမှာ ပျော်ပျော်ပါးပါး သွားလာလှုပ်ရှားခဲ့ လေသမျှ၊ ပွဲတွင်းမှာ လူသံသူသံ၊ တီးမှုတ်သံတွေ စီစီညံခဲ့လေသမျှ ပွဲပြီးချိန်တွင် အငြိမ်ကြီးငြိမ်၊ အတိတ်ကြီးတိတ်သွားတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။

ကုသိနာရုံမြို့သူမြို့သား များသည် သူတို့တစ်သက်တာတွင် အထူးမြတ် ဆုံးပွဲတော်ကြီးကို ခုနစ်ရက်ခုနစ်လီ ကျင်းပခဲ့ကြ၏။ ပထမ ခုနစ်ရက်တွင် အလောင်းတော်ကို ပူဇော်ခဲ့ကြ၍ နောက်ခုနစ်ရက်တွင် ဓာတ်တော်ပူဇော်ပွဲကြီး ကျင်းပခဲ့ကြ၏။ အလောင်းတော်ပူဇော်ပွဲကို အင်ကြင်းတောမှာ ကျင်းပ၍ ဓာတ်တော်ပူဇော်ပွဲကိုကား ကုသိနာရုံမြို့လယ်ရှိ လွတ်တော်ဝင်းအတွင်းမှာ ဖြစ်၏။ ကုသိနာရုံမြို့မှ ဒကာ၊ ဒကာမများသည် မြို့တွင်းမှာ ဓာတ်တော်ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပရင်း ရဟန်း သံဃာတော်များအတွက် ဆွမ်းကိစ္စကိုလည်း မလစ်ဟင်းရအောင် အားထုတ်ကြ၏။ အင်ကြင်းတောနှင့်အပြည့်မျှ စုဝေးလာ ကြသော ရဟန်းများအား နံနက်တိုင်း ယာဂု ဆက်ကပ်ပြီးလျှင် နေ့ဆွမ်းကိုလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ ဆက်ကပ်ကြ၏။ ညနေတိုင်းမှာလည်း ဝိနည်းတော် နှင့်လျော်ကန်သည့် အဖျော်ရှစ်မျိုးတို့ကို ဆက်ကပ်ကြ၏။

သာဝတ္ထိလို၊ ဝေသာလီလို မြို့ကြီးများနှင့် နှိုင်းစာကြည့်လျှင် ကုသိနာရုံမှာ အငယ်စားမြို့တစ်မြို့သာ ဖြစ်၏။ ထိုမြို့ငယ်ငယ်က ဒကာ၊ ဒကာမများ၏ သဒ္ဓါတရားကတော့ မငယ်ပါချေတကား။

ယခုတော့ ခုနစ်ရက် ခုနစ်လီ ပွဲတော်ကြီးကို အားပါးတရကျင်းပ၍ ပြီးစီး ပြီမို့ ကုသိနာရုံမြို့ဆိမှာ အသံများ စောစောစီးစီးတိတ်နေချေပြီ။ အင်ကြင်းတော

အလင်းသစ်စာပေ

အတွင်းမှာလည်း လူသူလေးပါးမရှိတော့ဘဲ ရဟန်းများသာ ရှိနေကြပေတော့သည်။

ယနေ့သည်ကား ကဆုန်လဆုတ် ၁၄ ရက် အဖိတ်နေ့ဉ။ လမိုက်ညပင်ဖြစ်သော်ငြားလည်း ထက်ကောင်းကင်တစ်ခွင်ဝယ် မိုးသားတိမ်ရိပ်များ ကင်းစင်နေသဖြင့် ကြယ်တာရာများ တောက်ပနေကြ၏။ ထက်ကောင်းကင်က ကြယ်ရောင်သည် အင်ကြင်းတောတစ်ခွင်ကို ထင်ဟပ်နေသဖြင့် သွားသာလာသာရုံအလင်းရောင်ကို ရနိုင်ပေသည်။

ဆရာသခင် အရှင်မြတ်ကြီး၏ အလေ့အကျင့်ကို သိရှိထားပြီးဖြစ်၍ တပည့်ရဟန်းများသည် အခြားရဟန်းများ ကင်းလွတ်သောနေရာတွင် နေရာခင်း၍ပေးကြ၏။ တစ်ဆယ့်သုံးရပ်သော ဓူတင်အကျင့်များကို ရာသက်ပန်ကျင့်သုံးလာခဲ့သော အရှင်မဟာကဿပအဖို့ကား အိပ်ရာခင်းပေးရန်မလိုပါ။ သွား၊ ရပ်၊ ထိုင်၊ လျောင်း လေးပါးသော ဣရိယာပုတ်တို့တွင် လဲလျောင်းအိပ်စက်ခြင်းကို အရှင်မြတ်ကြီး ပယ်စွန့်ထား၏။ သွားလာလှုပ်ရှား၍ ပင်ပန်းလာလျှင် ရပ်နားနေမည်။ ရပ်နေရုံမျှဖြင့် မလုံလောက်သေးပါက ထိုင်နေမည်။ ဤသည်ကား အရှင်မြတ်ကြီး၏ အဆုံးစွန်သော နားနေခြင်းပင် ဖြစ်ပေတော့သည်။

ဝတ်ကြီးဝတ်ငယ်ပြုနေကျ ရဟန်းများသည် အရှင်မြတ်ကြီး တစ်ညတာနားနေရန်အတွက် သစ်ရွက်ခြောက်များ၊ မြက်ခြောက်များကို အင်ကြင်းပင်ရင်း၌စုပုံပြီးလျှင် အပေါ်တွင် နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ခေါက်၍ ခင်းပေးခဲ့လေသည်။

တပည့်ရဟန်းများသည် အနီးအပါးတွင် သောက်ရေသုံးရေများ ထည့်ထားကာ ကိုယ့်နေရာသို့ပြန်ရန် ဦးသုံးကြိမ်ချပြီးမှ –

"အရှင်ဘုရား၊ သုဘဒ္ဒရဟန်းကြီးအတွက် မည်သည့်နေရာကို ပေးရပါမည်နည်း" ဟု မဝံ့မရဲ မေးလျှောက်ကြရာ –

"ငါ့ရှင်တို့၊ သုဘဒ္ဒရဟန်းကြီးသည် သတိသံဝေဂရလောက်ပြီထင်သည်။ သတိသံဝေဂရသည်မှန်လျှင် ထေရ်စဉ်ဝါလိုက် နေမြဲတိုင်းနေပါစေ"

"ကောင်းပါပြီ အရှင်ဘုရား"

တပည့်ရဟန်းများ လက်အုပ်ချီလျက် နောက်သို့ဆုတ်ရင်းဆုတ်ရင်း ထွက်ခွာသွားကြ၏။ အရှင်မဟာကဿပသည် သစ်ရွက်ခြောက်အခင်းပေါ်တွင်

ထက်ဝယ်ဖွဲ့.ခွေထိုင်နေလျက် ကုသိနာရုံမှ ဆွမ်းဒကာ၊ ဆွမ်းဒကာမများအား လုံး ကို ရည်စူးလျက် –

"ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ"

"ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ"

"ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ"

"ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေ"

ဤသို့ မေတ္တာဘာဝနာပွားများပြီးလျှင် သာသနာတော်ကြီး နောင်ရေး အတွက် ဝေဖန်စဉ်းစားမိ၏။

ဤသို့ ဝေဖန်စဉ်းစားရသည်မှာ ယနေ့ညကျမှ မဟုတ်ပေ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ ခုနစ်ရက်မြောက်နေ့တုန်းကတည်းက စတင်ခဲ့၏။

ထိုနေ့တုန်းက အရှင်မြတ်ကြီးသည် ပါဝါမြို့မှ ကုသိနာရုံမြို့ဆီသို့ ဦးတည်၍လာခဲ့၏။ ပါဝါမြို့တွင် ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးပြီးလျှင် နေ့လယ်ခင်း အချိန်မှာပင် ခရီးဆက်လာခဲ့ကြပေသည်။

အရှင်မြတ်ကြီး၏နောက်ပါးမှ လိုက်ပါလာသည့် တပည့်ရဟန်းများ သည် လူဘဝတုန်းက ချမ်းချမ်းသာသာ နေလာခဲ့ရသူများဖြစ်၏။ ဘုန်းကံကြီး များသူများ ဖြစ်၏။ ထို့ကြောင့် သူတို့တစ်တွေသည် ပူပြင်းလှသောမြေပြင်ထက်၌ ဖိနပ်မပါ ခြေဗလာဖြင့်လျှောက်လာကြရာတွင် အလွန်တရာပင်ပန်းရှာကြ၏။ အရှင်မဟာကဿပသည် တပည့်ရဟန်းတို့၏ဖြစ်အင်ကို ရှုမြင်ကာ –

"တပည့်ရဟန်းများ ပင်ပန်းကြလေစွတကား။ အရောက်သွားရမည့် ကုသိနာရုံမြို့ကလည်း ခရီးမဝေးလှပြီ။ သို့ဖြစ်၍ ခေတ္တခဏ အနားယူလိုက်ဦးမည်။ ဆင်းရဲပင်ပန်းခြင်းတို့ ကင်းငြိမ်းသွားခါမှ၊ ညနေခင်းတွင် နေချိုသွားခါမှ ကုသိနာရုံသို့ အရောက်သွားတော့မည်"

ဤသို့ သုံးသပ်ဆင်ခြင်ကာ ခရီးတစ်ထောက်ရပ်နားရန် မိန့်ကြားလိုက် ရပေသည်။

တပည့်ရဟန်းများအပေါ် သက်သက်ညှာညှာ ပြုလိုက်ပြီးနောက် အရှင် မြတ်ကြီးသည် အရိပ်ကောင်းသည့်သစ်ပင်အောက်သို့ ကြွရောက်၏။ ဝတ်ကြီး ဝတ်ငယ်ပြုနေကျ တပည့်ရဟန်းများသည် ထိုသစ်ပင်အောက်တွင် သစ်ရွက် ခြောက်များ၊ မြက်ခြောက်များကို စုပုံကာ အပေါ်မှာ နှစ်ထပ်သင်္ကန်းကြီးကို လေး

ခေါက်ခေါက်၍ ခင်းပေးကြ၏။ အခြားရဟန်းများက အရှင်မြတ်ကြီး၏ လက်များ၊ ခြေများပေါ်သို့ ရေကရားမှ ရေအေးအေးကို လောင်းပေးကြ၏။

ဆရာတပည့်အသီးသီးတို့ ကိုယ့်နေရာ၌ ကိုယ် ထိုင်မိကြသောအခါ တချို့က ပွားများလက်စ ဘာဝနာကမ္မဋ္ဌာန်းကို ပွားများကြ၏။ တချို့ကမူ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကို ထုတ်ဖော်ချီးကျူး၍နေကြ၏။

ထိုစဉ်ခိုက်မှာပင် ကုသိနာရုံမြို့ဆီက ဤမှာဘက်သို့ ရှေးရှုလာနေသော ခရီးသည်တစ်ဦးကို လှမ်းမြင်လိုက်ရ၏။ အဖော်မမှီး တစ်ဦးတည်းသောခရီးသည်မှာ အာဇီဝကရဟန်းတစ်ပါးဖြစ်၏။ အာဇီဝကဟူသည် သာသနာတော်ကြီး၏ အပြင်အပဋ္ဌ ကိုယ့်အယူအဆနှင့်ကိုယ်၊ ကိုယ့်အကျင့်နှင့်ကိုယ် နေထိုင်သော ရဟန်းတစ်မျိုးပင်ဖြစ်၏။ အသိမှန်၊ အကျင့်မှန် မဟုတ်သော်ငြားလည်း အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာ၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ဆင်ထားသဖြင့် ရဟန်းဟူ၍ပင် ခေါ်ဝေါ်ကြရပေသည်။

အာဇီဝက ရဟန်းအမြောက်အမြားနှင့် တွေ့ကြုံဆုံစည်းခဲ့ဖူးသော အရှင်မဟာကဿပသည် ဤအာဇီဝကရဟန်းကျခါမှ အထူးအဆန်းတွေ့မြင်လိုက်ရ၏။ သူသည် ဒယ်အိုးပမာဏရှိသော ပန်းပွင့်ကြီးကို သစ်သားချောင်းတစ်ခုဖြင့် အရိုးတပ်ကာ ထီးသဖွယ် ဆောင်းလာခဲ့၏။ ထိုမျှလောက် ကြီးမားသောပန်းသည်ကား လူ့ပြည်က ပန်းမဟုတ်ချေ။ မန္ဒာရဝ အမည်ရသည့် နတ်ပန်းပွင့်ပင်ဖြစ်ပေသည်။

မန္ဒာရဝနတ်ပန်းကိုမြင်လိုက်ရသည့် တစ်ခဏဝယ် အရှင်မဟာကဿပ၏ စိတ်သန္တာန်ဝယ် သံဝေဂဉာဏ်ဖြစ်ပေါ်လာရပေတော့သည်။

"အာဇီဝကရဟန်း၏လက်ထဲတွင် မန္ဒာရဝနတ်ပန်း ရောက်နေပါပေါ့ကလား။ မန္ဒာရဝနတ်ပန်းဆိုတာလည်း လူတို့အရပ်ဌာနီတွင် အစဉ်အမြဲရှိနေသည် မဟုတ်ချေ။ တန်ခိုးရှင်တစ်ဦးဦးက တန်ခိုးပြမှ လူ့ပြည်သို့ကျရောက်လာကြ၏။ သို့မဟုတ် ဘုရားရှင်နှင့်ပတ်သက်သော နေ့ထူးအခါထူးကြီးများကျခါမှ နတ်ပန်းတွေကို မြင်ကြရ၏။ ယခုအချိန်အခါမှာမူကား မည်သူတစ်ဦးတစ်ယောက်ကမျှ တန်ခိုးပြမနေချေ။ ဘုရားအလောင်းတော်ဖွားမြင်ခြင်း စသော နေ့ထူးအခါထူးကြီးများလည်း ကျော်လွန်ခဲ့ပေပြီ။ စင်စစ်သော်ကား သက်တော်ဝါတော်ကြီးရင့်ပြီဖြစ်သော ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ပင် ဖြစ်ပေလိမ့်မည်။ လွန်ခဲ့သည့်ခုနစ်ရက်

တာအချိန်တုန်းက ပေါ်ပေါက်ခဲ့သည့် အတိတ်နိမိတ်များသည် ထိုအကြောင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်"

ဤသို့ အဖြစ်မှန်ကိုဆင်ခြင်သုံးသပ်ပြီးမှ တပည့်ရဟန်းများကို လှည့်လည်ကြည့်ရှု၏။ နောက်ပါရဟန်းငါးရာတို့တွင် အချို့သည် ဘုရားရှင်ကို ဖူးမြင်ခဲ့ရဖူးကုန်၏။ အချို့ကား မဖူးမြင်ရသေးချေ။ ဤသို့ ဖူးပြီးသူ၊ မဖူးရသေးသူ နှစ်စုကွဲ၍ နေကြသော်ငြားလည်း ဖူးချင်စိတ်ထက်သန်ရာမှာတော့ အတူတူပင်ဖြစ်ကြ၏။ ထို့ကြောင့် တပည့်ရဟန်းများနှင့်ပတ်သက်၍ အရှင်မြတ်ကြီး စဉ်းစားရပြန်တော့၏။

"ဤရဟန်းများသည် ကုသိနာရုံရောက်ခါမှ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီဟု ကြားသိရလျှင် ဆောက်တည်ရာမရဖြစ်သွားကြရပေတော့မည်။ ကိုယ်နှင့်မကွာ ဆောင်ယူလာကြရသည့် သပိတ်သင်္ကန်းတို့ကို တော်ရာလျော်ရာ စွန့်ပစ်ကြပေလိမ့်မည်။ အဝတ်သင်္ကန်းကို ပရိမ်းပတာ ဝတ်ဆင်ကာ လူး၍လိမ့်၍ ငိုကြွေးကြပေလိမ့်မည်။

ဤသို့ဆိုလျှင် ဒကာ၊ ဒကာမများက ပြောစရာဆိုစရာဖြစ်လာပေလိမ့်မည်။ အရှင်မဟာကဿပနောက်က လိုက်ပါလာကြသည့် ရဟန်းများသည် ပံသကူရုတင်ကိုတော့ ဆောင်ကြပါ၏။ သို့သော် သူတို့သည် မျက်ရည်လွယ်သော မိန်းမသားများကဲ့သို့ပင် ဣန္ဒြေမဆည်နိုင်ဘဲငိုကြွေးကြကုန်သေး၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်များက ငါတို့တစ်တွေ စိတ်သက်သာရာရအောင် ဘယ်လိုများစွမ်းဆောင်နိုင်ကြပါလိမ့်မည်နည်း။

ဤသို့ပြောစရာဆိုစရာဖြစ်လာပေလိမ့်မည်။ ဤတောလမ်းရိုးတွင်ကား လူသူလေးပါး ကင်းရှင်းနေ၏။ ငါ၏တပည့်ရဟန်းများ မည်သို့ပင် ငိုကြွေးကြသော်ငြားလည်း အကြည်ညိုပျက်စရာမရှိပြီ။ နောက်အကြောင်းတစ်ခုသော်ကား သတင်းဆိုးတစ်ခုကို ပထမတစ်ကြိမ် ကြားလိုက်တုန်းမှာသာ ဆိုးဆိုးရွားရွား ခံစားကြရ၏။ နောက်ထပ်တစ်ဖန် ကြားရပြန်သောအခါတွင်ကား အရှိန်ပျော့သွားတတ်ပေသည်"

ဤသို့ဆင်ခြင်သုံးသပ်နေဆဲမှာပင် အာဇီဝကရဟန်းလည်း နီးသထက်နီးလာ၏။ ဤတွင် အရှင်မဟာကဿပသည် ဘုရားရှင်အား ကြည်ညိုလေးစားသောအားဖြင့် ထိုင်ရာမှ ထလာပြီးလျှင် မြတ်စွာဘုရား ပေးစွန့်တော်မူခဲ့သော

ပံ့သကူနှစ်ထပ်သင်္ကန်းကြီးကို ကိုယ်ပေါ်မှာ တင်လွှမ်းလျက် နဖူးထက်တွင် လက်အုပ်တင်၍ ခရီးဦးကြိုဆိုပြီးလျှင် –

"ငါ့ရှင်၊ ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော"

အာဇီဝကရဟန်းထံမှ စကားစထွက်လာစေရန် မေးမြန်းလိုက်ရာ –

"ငါ့ရှင်၊ သင်တို့ဆရာ ရဟန်းဂေါတမသည် လွန်ခဲ့သည့်ခုနစ်ရက်က ပရိနိဗ္ဗာန် ပြုသွားပေပြီ။ ထိုပရိနိဗ္ဗာန်ပြုသည့်နေရာက ဤမန္ဒာရဝနတ်ပန်းကို ငါယူ၍လာခဲ့ပေသည်"

အာဇီဝကရဟန်း၏ဖြေသံ ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရဟန်းအများစုမှာ ကြက်သေသေသွားကြ၏။ ထို့နောက်မှ 'အဆုံးကြီး ဆုံးပါပေါ့လား' ဟူသော အသိဝင်ကာ ရင်ဝမှာ ဆို့တက်လာကြ၏။ မျက်ရည်တွေတွေ စီးကျလာကြ၏။ ငိုရှိုက်သံတွေ ထွက်ပေါ်လာကြ၏။

"မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် မြန်လွန်းလေစွတကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် စောလွန်းလေစွတကား"

ဤသို့ မြည်တမ်းရင်း လူး၍လိမ့်၍ ငိုကြပေတော့သည်။ ဆောက်တည်ရာ မရအောင် ငိုကြပေတော့သည်။

တရားလက်ကိုင်ခိုင်မြဲပြီးသော ရဟန်းအနည်းစုကမူ ဣန္ဒြေမပျက် နေနိုင်ကြပါ၏။ ဖြစ်လာသမျှ ပျက်ရမည်သာဟု တရားနှင့် ဖြေနိုင်ကြပါ၏။

ထိုကဲ့သို့ အဆုံးရှုံးကြီး ဆုံးရှုံးရသည့်သတင်းကိုပင် မငိုဘဲ၊ မရှိုက်ဘဲ နားဆင်နိုင်သည့်ရဟန်းများတွင် အာတုမာမြို့သား တောထွက်ရဟန်းကြီး သုဘဒ္ဒသည်လည်း အပါအဝင်ဖြစ်၏။ သို့ရာတွင် သူမငိုဘဲနေနိုင်ခြင်းကတော့ အသိဉာဏ်အမြင်မှန် ရရှိထား၍မဟုတ်ပါ။ ဘုရားရှင်အပေါ် တိတ်တဆိတ်ထားရှိလာခဲ့သော ရန်ငြိုးကြောင့်ပင် ဖြစ်ပေသည်။

"ငါ့ရှင်တို့၊ တော်ကြတော့။ မပူဆွေးကြနှင့်။ မငိုကြွေးကြနှင့်။ ယခု ရဟန်းကြီး ဂေါတမလက်တွင်းမှ ငါတို့ကောင်းကောင်းကြီးလွတ်ကြပြီ။ ရဟန်းကြီး ဂေါတမသည် ငါတို့ကို အမျိုးမျိုး ချုပ်ချယ်လွန်းလှ၏။ ဤသည်ကား သင်တို့အတွက် အပ်စပ်၏။ ဤသည်ကား သင်တို့အတွက် မအပ်စပ်။ ဤသို့လည်း ဇီဇာကြောင်လွန်းလှ၏။ ယခုတော့ ငါတို့ကြိုက်ရာ ငါတို့လုပ်နိုင်ကြတော့မည်။ ငါတို့မလုပ်ချင်တာကို မလုပ်ဘဲ နေနိုင်ကြတော့မည်"

သုဘဒ္ဒရဟန်းကြီး၏စကားလုံးများက အလွန်တရာပြင်းထန်ကြပါ၏။ အရှင်မဟာကဿပ၏ရင်ဝကို အပြင်းအထန်ဆုံး ရိုက်ခတ်ကြပါ၏။ ဦးခေါင်းထက်တွင် မိုးကြိုးစက်ကြီးကျလာဘိသကဲ့သို့ ခံစားလိုက်ရပါ၏။

"သြော်... အံ့ဖွယ်ရှိပေစွတကား။ လွန်ခဲ့သောခုနစ်ရက်ကမှ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ရွှေအဆင်းသို့ ဝါဝင်းသောအလောင်းတော်သည် ယနေ့ထက်တိုင် တည်ရှိနေပါသေး၏။ သို့ပါလျက် ဘုရားရှင် ကြိုးကြိုးပမ်းပမ်း တည်ထောင်လာခဲ့ရသည့် သာသနာတော်ဝယ် သာသနာ့ဆူးငြောင့်ခလုတ်ပေါ်လာခြင်းသည် မြန်လွန်းလေစွတကား"

သံဝေဂဉာဏ်တဖွားဖွားဖြင့် ရေရွတ်ရပေတော့သည်။ ထိုအချိန်ကစ၍ သာသနာတော်ကြီးနောင်ရေးအတွက် တွေးခေါ်မြော်မြင်ခြင်းတို့သည် ဆက်ကာဆက်ကာ ဖြစ်ပေါ်လာခဲ့ကြရပေတော့သည်။

❑

အလင်းသစ်စာပေ

အပြင်းထန်ဆုံးပေါက်ကွဲခြင်း

ဆရာဖြစ်သူ စိတ်နှလုံးထိခိုက်နေသည်နှင့်အမျှ တပည့်ဖြစ်သူ သုဘဒ္ဒ ရဟန်းကြီးမှာလည်း တုန်လှုပ်ချောက်ချားလျက်ရှိနေရပါ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည့်သတင်းစကားကို ကြားလျှင်ကြားချင်း ရင်ထဲမှာ မျိုသိပ်ထားခဲ့ရလေသမျှ ဖွင့်ထုတ်လိုက်ရသဖြင့် အားရသလိုလို ကျေနပ်သလိုလိုရှိခဲ့ပါ၏။ သို့ရာတွင် ထိုခံစားချက်ကလေးသည်ကား သန်လျက်ဖျားက ပျားရည်စက်သာတည်း။

အကယ်၍ ဆရာသခင် အရှင်မြတ်ကြီးကသာ မလိုလားသည့် အရိပ်အယောင်ပြလိုက်ပါလျှင် တပည့်ရဟန်းများသည် မိမိ၏သင်္ကန်းကို ဆွဲချွတ်ကြပေလိမ့်မည်။ လူတောသူတောမှာ သွားလာ၍ဖြစ်ရုံ အဝတ်ပိုင်းကလေးတစ်ခုသာပေးကာ သာသနာ့ဘောင်မှ နှင်ထုတ်လိုက်ကြပေလိမ့်မည်။ ထိုက်ထိုက်တန်တန် အပြစ်ဒဏ်ခတ်သောအားဖြင့် ဦးခေါင်းထက်မှာ ပြာဖြူး၍ လွှတ်လိုက်ကြပါလိမ့်မည်။

ဤသာသနာတော်တွင် အရှင်မြတ်ကြီး၏အရိုနှိမ်အဝါကား ကြီးမားလှ၏။ သည်းမခံနိုင်လောက်သော ပြစ်မှုကြီးများ ကျူးလွန်သဖြင့် အရှင်မြတ်ကြီးကနှင်ထုတ်လိုက်လျှင် မည်သူမျှ ပေကတ်၍ မနေနိုင်ကြပေ။

ယခု မိမိ၏ပြစ်မှားမှုသည်ကား ထို့ထက်ပင် ပြင်းထန်နေ၏။ ထို့ထက်ပင် ဆိုးရွားနေ၏။ သို့ပါလျက် အရှင်မြတ်ကြီး ဆက်လက်၍ လက်ခံထားခြင်းမှာ အံ့သြဖွယ်ရှိပါပေစွ။ သည်းခံနိုင်စွမ်း ကြီးမားလှပေစွ။

အသက်ကြီးခါမှ ရဟန်းဘောင်ဝင်ရောက်လာခဲ့သော ဂုဏ်ထူးဝိသေသဟူ၍ ဘာတစ်ခုမျှမရှိသေးသော မိမိလိုရဟန်းအိုကြီးတစ်ပါးအား နှင်ထုတ်လိုက်၍

လည်း အရှင်မြတ်ကြီး၏ ဂုဏ်ကျက်သရေလျော့ပါးမသွားနိုင်ပါ။ သာသနာတော်ကြီးအတွက်လည်း ဆုံးရှုံးနစ်နာဖွယ်မရှိပါ။ သို့ပါလျက် အရှင်မြတ်ကြီးက ဤနေ့ ဤရက်အထိ လက်ခံထားခြင်းမှာ လုံလောက်သောအကြောင်းတစ်ခုခု ရှိနေ၍ဖြစ်ပေလိမ့်မည်။

တကယ်တော့ဖြင့် တတိယမဟာသာဝကအရှင်မြတ်ကြီး ဤမျှလောက် စိတ်ထိခိုက်သွားရသောကိစ္စသည် ကုသိုလ်ရေးမှ စတင်ပေါက်ဖွားလာခဲ့၏။ သို့ရာတွင် ထိုကုသိုလ်ရေးသည်ကား အသိဉာဏ်ရှေ့သွားမရှိ။ ပြုမိပြုရာ သဒ္ဓါတရားသက်သက်ဖြင့် ပြုလုပ်သော ဉာဏဝိပ္ပယုတ်ဖြစ်နေပေသည်။

ဆတ္တာသည်အလုပ်ကို ယုတ်နိမ့်သောအလုပ်ဟု သတ်မှတ်ထားကြသော်ငြားလည်း ထိုလုပ်ငန်းဖြင့်ပင် မိမိသည် အာတုမာမြို့မှာ အိမ်တစ်ဆောင် မီးတစ်ပြောင် နေနိုင်ခဲ့၏။ အခြားသော မြို့သူမြို့သားများနည်းတူ ချမ်းချမ်းသာသာ နေနိုင်ခဲ့ပါ၏။

မိမိတို့ဇနီးမောင်နှံမှွားမြင်လာသည့် သားကလေးနှစ်ယောက်ကလည်း လိမ္မာရေးခြားရှိကြ၏။ တွေ့ဆုံကြကြိုက်သည့်လူတိုင်းကို ကျေနပ်လောက်အောင် ချေချေငံငံ ဆက်ဆံတတ်၊ ပြောဆိုတတ်ကြ၏။ လုပ်တတ်ကိုင်တတ်သည့် အချိန်ကစ၍ ဖခင်၏လုပ်ငန်းခွင်မှာ ဝင်ရောက်ကူညီလာခဲ့ကြ၏။ မုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်ခြင်း၊ ဆံသခြင်းအတတ်တို့ကို ကြိုးစားပမ်းစား သင်ယူခဲ့ကြ၏။ ဖခင်ဖြစ်သူ၏လက်စလက်နအတိုင်း အမီလိုက်၍ လုပ်ကိုင်နိုင်ကြ၏။

ဤသို့ တက်ညီလက်ညီလုပ်ကိုင်လာခိုက်တွင် သားတို့၏မိခင် ကွယ်လွန်သွားခဲ့ရသဖြင့် မိမိ၏ဘဝလမ်းမှာ တစ်ဆစ်ချိုးပြောင်းလဲလာရ၏။ ဇနီးသည် ဆုံးပါးသွားခဲ့ပြီးသည့်နောက် လူ့ဘောင်လောကဌ မပျော်မွေ့နိုင်ဖြစ်လာ၏။ ဤအနေတွင် ဘုရားရှင်ကလည်း ဒေသစာရီလှည့်လည်ရင်း အာတုမာမြို့သို့ ကြွရောက်လာတော်မူသဖြင့် အခြားသော အာတုမာမြို့သားတို့နှင့် အတူတကွ သာသနာ့ဘောင် ဝင်ရောက်လာခဲ့ပေသည်။

ဖခင်ဖြစ်သူ သာသနာ့ဘောင်ဝင်ရောက်သည်တွင် ဖခင်ကို ချစ်ခင်တွယ်တာသည့် သားနှစ်ယောက်တို့ကလည်း သာမဏေဝတ်ကာ ထက်ကြပ်မကွာလိုက်လာခဲ့ကြ၏။ ကာရန်သင့်ချင်တော့ အာတုမာမြို့သူမြို့သားများက မြေကွက်လပ်တစ်ခုတွင် ကျောင်းကလေးတစ်ဆောင် ဆောက်လုပ်ပေးကြသဖြင့် သားအဖတစ်တွေ ဥမကွဲသိုက်မပျက် နေနိုင်ခဲ့ကြပေသည်။

အလင်းသစ်စာပေ

ဤသို့ သာသနာ့ဘောင်၌ နေသားတကျရှိလာချိန်တွင် ဘုရားရှင်သည် ကုသိနာရုံမြို့မှသည် အာတုမာမြို့သို့ဦးတည်ကြွလာတော်မူ၏။ နောက်ပါရဟန်းများမှာ တစ်ထောင့်နှစ်ရာငါးဆယ်မျှ ပါလာကြောင်း သတင်းကြားရ၏။

ဤတွင် သုဘဒ္ဒရဟန်းကြီးသည် ယခုလို အခွင့်ကောင်းအခါကောင်း ပေါ်လာခိုက်တွင် ထူးထူးခြားခြား ထင်ရှားပေါ်လွင်သည့် ကုသိုလ်ကောင်းမှုကို ပြုချင်လာ၏။

အာတုမာမြို့သို့ဆိုက်ရောက်လာသောအခါ ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်များအား ယာဂုဆက်ကပ်ချင်၏။ သာမန်ကျဲတောက်တောက် ယာဂုမျိုးမဟုတ်ဘဲ သောက်၍လည်းရ၊ ဝအောင်စား၍လည်းရသော ယာဂုမျိုးဖြစ်ရမည်ဟု ရည်မှန်းထား၏။

"ရည်မှန်းသည်ကတော့ ဟုတ်ပါပြီ။ ထိုကဲ့သို့သော ယာဂုချက်ပြုတ်ရန် ပစ္စည်းများက ပြည့်ပြည့်စုံစုံ ရှိနေပါပြီလော"

အကယ်၍ တစ်စုံတစ်ယောက်သောဒကာက ဤသို့မေးမြန်းပါလျှင် –

"ယခုတော့ မရှိသေးပါ" ဟု ရဟန်းကြီး ဖြေကြားပါလိမ့်မည်။ ထိုမှဆက်လက်၍ "မရှိသော်လည်း ကိစ္စမရှိပါ။ လိုအပ်သလောက် ကျောင်းပေါ် ရောက်လာကြပါလိမ့်မည်" ဟု ဖြည့်စွက်ပြောကြားပါလိမ့်မည်။

မှန်ပါသည်။ သုဘဒ္ဒရဟန်းကြီးမှာ မိမိ၏ဘုန်းကံကို အားကိုးတကြီးမပြုရဲသော်ငြားလည်း သားဖြစ်သူ ကိုရင်နှစ်ပါးကိုတော့ အားကိုးအားထားပြုရဲ၏။ သားကိုရင်နှစ်ပါးတို့၏ နှုတ်မှုစွမ်းရည်၊ လုပ်ရည်ကိုင်ရည်ကို ယုံကြည်စိတ်ချထား၏။ ထို့ကြောင့် –

"အမောင်တို့၊ ဘုရားရှင်သည် နောက်ပါရဟန်းတစ်ထောင့်နှစ်ရာငါးဆယ်နှင့်တကွ ကုသိနာရုံမြို့မှ အာတုမာမြို့သို့ ကြွလာတော်မူနေပြီ။ ငါသည် ဘုရားရှင်နှင့်တကွ နောက်ပါရဟန်းများအား ယာဂုဆက်ကပ်ရန် ရည်မှန်းထား၏။ ထို့ကြောင့် အမောင်တို့ အာတုမာမြို့ထဲ သွားချေကြ။ မုတ်ဆိတ်ကျင်စွယ်ရိတ်စရာ၊ ဆံသစရာ သင်တုန်းဓား စသည့် ဆတ္တာသည်အသုံးအဆောင်များ ယူဆောင်သွားကြ။ စားသုံးကုန်ပစ္စည်းများထည့်စရာ တောင်းတို့၊ အိတ်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ယူသွားကြ။ အာတုမာမြို့ထဲ ရောက်သည့်အခါ တစ်အိမ်တက်ဆင်း ဝင်ရောက်ပြီး မုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်ပေးကြ။ ဆံပင်များကို စိတ်တိုင်းကျဖြစ်အောင် ပြုပြင်ပေးကြ။ ထိုလုပ်ငန်းမှ လုပ်အားခအဖြစ် ဆား

ဖြစ်ဖြစ်၊ ဆီဖြစ်ဖြစ်၊ ဆန်ဖြစ်ဖြစ် စားသောက်ကုန်မှန်သမျှ ကျောင်းသို့ သယ်ယူလာခဲ့ကြ။ ထိုပစ္စည်းများဖြင့် ဘုရားရှင်ကြွရောက်တော်မူလာသည့်အခါ ယာဂုချက်၍ ဆက်ကပ်ကြကုန်အံ့"

"ကောင်းပါပြီ အရှင်ဘုရား"

ပင်ကိုဉာဏ်ထက်သန်ပြီးသူများဖြစ်၍ ကိုရင်များက သာသနာတော်နှင့်သင့်လျော်သော အခေါ်အဝေါ်ဖြင့် ဝန်ခံစကား လျှောက်ထားကြ၏။

ကိုရင်နှစ်ပါးသည် ဖခင်ရဟန်းကြီး ညွှန်ကြားခဲ့သည့် ပစ္စည်းအသုံးအဆောင်တို့ကိုသယ်ဆောင်ကာ အာတုမာမြို့တွင်း ဝင်သွားကြ၏။ မြို့စွန်မြို့ဖျား အိမ်မှ စတင်ဝင်ရောက်ကာ ဖခင်ရဟန်းကြီး၏ကုသိုလ်ကောင်းမှုပြုလိုပုံအကြောင်းစုံကို ပြောပြကြ၏။

နဂိုကပင် ကိုရင်များကို ချစ်ခင်ပြီး ကြည်ညိုပြီးဖြစ်သော မြို့သားတို့သည် ကိုရင်များ၏ အကျိုးသင့်အကြောင်းသင့်ပြောဆိုသံကို ကြားရသောအခါ ပိုမို၍ချစ်ခင်လာကြသည်။ ပိုမို၍ကြည်ညိုလာကြ၏။ ထိုအနေတွင် ကိုရင်တို့၏လုပ်ငန်းကျွမ်းကျင်မှု၊ စေတနာထား၍ စိတ်တိုင်းကျပြုပြင်ပေးမှုကို တွေ့ကြရသဖြင့် ဆတက်ထမ်းပိုး တိုး၍ အားရကျေနပ်ကြ၏။

ထို့ကြောင့် မုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်ဖို့ လိုအပ်နေသူများသာမက ရိတ်ပယ်လောက်အောင် မရှည်သေးသူများကလည်း ကိုရင်များကို အလုပ်ပေးကြ၏။ မုတ်ဆိတ်ကျင်စွယ်မှ မရိတ်ပယ်ဖြစ်လျှင် ဆံသခြင်းလုပ်ငန်းကို ပေးကြ၏။

ထိုလုပ်ငန်းအတွက် လုပ်အားခပေးရန်ရှိတော့လည်း လုပ်ခနှင့် ထိုက်တန်ရုံဟု သဘောမထားကြတော့ဘဲ ပိုပိုသာသာကြီး ပေးကြ၏။ ဆန်၊ ဆီ၊ ဆား၊ ပျားရည်၊ တင်လဲမှစ၍ စားသုံးကုန်ရှိသမျှကို ကိုရင်များ သယ်နိုင်သလောက် သယ်သွားရန်ပေးကြ၏။ သို့ရာတွင် တစ်အိမ်တက်ဆင်း စုဆောင်းလာခဲ့သည့် ပစ္စည်းများက ကိုရင်နှစ်ပါးနှင့် မမျှလောက်အောင်ဖြစ်နေသဖြင့် မြို့သားများက ကျောင်းအရောက် သယ်ပို့ပေးကြရ၏။

ဤသို့ဖြင့် သုဘဒ္ဒရဟန်းကြီး၏ ကျောင်းကလေးပေါ်၌ စားသောက်ကုန်၊ ပစ္စည်းမျိုးစုံ စုပုံလာချိန်တွင် ဘုရားရှင်သည်လည်း အာတုမာမြို့သို့ရောက်လာတော်မူ၏။ ကောက်နယ်တလင်းဟောင်းမှာ ဆောက်လုပ်ထားသဖြင့် ဘုသာဂါရအမည်ရသော ကျောင်းသို့ဝင်ရောက်၍ သီတင်းသုံးတော်မူ၏။

အလင်းသစ်စာပေ

သုဘဒ္ဒ ရဟန်းကြီးသည် မြတ်စွာဘုရားထံမှောက် သွားရောက်၍ ဦးမခိုက်နိုင်သေးပေ။ ထို့ထက်ပို၍ အရေးကြီးသောကိစ္စရှိနေ၍ဖြစ်၏။ ထို့ကြောင့် သုဘဒ္ဒရဟန်းကြီးသည် ထိုနေ့ညနေခင်းတွင် သင်္ဃန်းကြီးဖိုသီဖတ်သီဖြင့် အာတုမာမြို့တွင်းသို့ ဝင်ရောက်လာ၏။ တစ်အိမ်တက်ဆင်း ဝင်ရောက်၍ အကူအညီတောင်းခံ၏။

"ဒကာတို့၊ သင်တို့ထံ ပစ္စည်းတစ်စုံတစ်ရာ အလှူခံဖို့ မဟုတ်ပါ။ ငါ၏ကိုရင်များ စုဆောင်းထားသည့်ပစ္စည်းများဖြင့် သံဃာအားလုံးကို ကပ်လောက်နေပါပြီ။ သို့ဖြစ်၍ ချက်ရေးပြုတ်ရေးကိစ္စများတွင် လုပ်အားကိုသာ ပေးကြပါလော့။ အိုးအင်ခွက်ယောက်၊ ဒယ်ကြီး၊ ဒယ်ငယ်မှစ၍ လိုအပ်သမျှ ပစ္စည်းကိရိယာများကိုလည်း ယူခဲ့ကြပါကုန်လော့"

"ကောင်းပါပြီအရှင်ဘုရား၊ အရှင်ဘုရား၏ ကုသိုလ်ကောင်းမှု အထမြောက်ပါစေမည်"

ကိုရင်များထံမှတစ်ဆင့် ကြားသိထားပြီးဖြစ်၍ ဒကာများကလည်း လိုလိုလားလား လာရောက်၍ အကူအညီပေးကြပေသည်။

ဤသို့ဖြင့် ထိုညနေချမ်းတွင် ကျောင်းကလေးရှေ့က ကွက်လပ်၌ မကြုံစဖူး ထူးကဲစွာ မီးခိုးတလူလူဖြစ်လာ၏။ အိုးကြီး၊ အိုးငယ်၊ ဒယ်ကြီး၊ ဒယ်ငယ်တို့မှ ပွက်ပွက်ဆူလာသည့် စားကောင်းသောက်ဖွယ်များက အနံ့တသင်းသင်း ထွက်လာကြ၏။ ဒကာများဘက်က လူအင်အားအပြည့်၊ ကျွမ်းကျင်မှု အပြည့်ဖြင့် နိုင်နိုင်နင်းနင်း တက်တက်ကြွကြွ လုပ်ကိုင်နေကြပါသော်လည်း သုဘဒ္ဒရဟန်းကြီးကတော့ စိတ်မချနိုင်သေးပါ။ အားမရနိုင်သေးပါ။

မည်းတုံးတာသင်္ဃန်းကြီးအသံကို ဖိုသီဖတ်သီ ဝတ်ကာ၊ ရုံကာ ဖိုခွင်တကာအနံ့ လမ်းသလားနေပါ၏။ ယောက်မကြီးတကိုင်ကိုင်နှင့် အိုးရှိသမျှ၊ ဒယ်ရှိသမျှ လျှောက်၍မွှေကာ လိုအပ်သမျှ ထပ်၍ထည့်ရန် ညွှန်ကြားနေပါ၏။ ယာဂုအိုးများထဲတွင် ထောပတ်၊ ဆီ၊ ဟူးရည်၊ တင်လဲမှစ၍ စားသောက်၍ရသမျှ ငါးများ၊ အသားများကို ပိုပိုသာသာကြီး ထည့်ထား၏။

သန်းခေါင်မကျော်ခင်ကတည်းက ပွက်ပွက်ဆူလာခဲ့သော ယာဂုအိုးများမှာ နံနက်ပိုင်းရောက်သည်နှင့် ပို၍အရေခန်းကာ ပျစ်ပျစ်ခဲခဲဖြစ်လာ၏။ လူပျိုကာလသားများ ခေါင်းမှာ လိမ်း၍ရလောက်အောင် သင်းရနံ့ ပျံ့လွှင်လာ၏။

ထိုညက သုဘဒ္ဒရဟန်းကြီးစွန့်လွှတ်ခဲ့လေသမျှ စားသောက်ကုန်ပစ္စည်းတို့ကို တန်ဖိုးသင့်၍ ကြည့်ပါက အသပြာတစ်သိန်းမျှပင် ရှိပေလိမ့်မည်။ ထိုကဲ့သို့သောကုသိုလ်မျိုးသာ မပြုလုပ်ပါက သူ့တစ်သက်စာ အသာထိုင်စား၍ ရလောက်ပေသည်။ သို့ရာတွင် သုဘဒ္ဒရဟန်းကြီးကတော့ တွန့်တိုဆုတ်နစ်ခြင်း မရှိပါ။ နေ့ဖို့ညစာထားဖို့ထက် ကုသိုလ်ပြုဖို့ကို ပို၍စိတ်ထက်သန်နေ၏။ ထက်သန်လွန်းလှသော သဒ္ဓါတရားဖြင့် တစ်ညလုံးမအိပ်စက်နိုင်။ ဖိုခွင်တကာ လှည့်လည်၍ စီမံခန့်ခွဲ၍သာ နေခဲ့၏။

ဤသို့ဖြင့် စားဖွယ်သောက်ဖွယ် ဆက်ကပ်ဖွယ်တို့ကလည်း အသင့်ဖြစ်လာကြပါပြီ။ အရှေ့လောကဓာတ်မှာ အရဏ်ကျင်း၍ အလင်းရောင်ဖြန့်ကြက်လာပါပြီ။ အမှောင်ရိပ်များ တစ်စထက်တစ်စ စင်၍ နံနက်ခင်းဟူ၍ ပီပီပြင်ပြင်ခေါ်နိုင်လာပါပြီ။

ဤတွင် လုပ်အားပေးဒကာများသည် ကျောင်းဝင်းအပြင်ဘက်သို့ လှမ်းမျှော်ကြည့်ကာ –

“ကိုယ်တော်ကြီး၊ ကိုယ်တော်ကြီး။ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ ဆွမ်းခံဝင်ဖို့ ကြွလာကြပြီ။ ကိုယ်တော်ကြီး ချက်ပြုတ်ထားတာတွေက ဘယ်သူ့ကို ကပ်ဖို့ပါလဲ”

ဤသို့ အရေးတကြီးလျှောက်ထားခါမှ သုဘဒ္ဒ ရဟန်းကြီးကလည်း သူတို့ညွှန်ပြရာသို့ လှမ်းမျှော်ကြည့်ရှု၏။ သမ္မာသမ္ဗုဒ္ဓ မြတ်လှစွာသော အသရေတော်ကိုဆောင်လျက် ငြိမ်သက်တည်ကြည်သော ဣန္ဒြေဖြင့် ဆွမ်းခံကြွလာတော်မူသော မြတ်စွာဘုရားကို ဖူးမြင်လိုက်ရသောအခါ အလွန်အလွန် တက်ကြွလာသော သဒ္ဓါတရားဖြင့် ဘုရားရှင်ထံ အလျင်အမြန် ပြေးသွားတော့၏။

သဒ္ဓါစိတ်များက ယိုဖိတ်မတတ်ရှိနေသဖြင့် လုပ်ငန်းခွင်အတွက်သာ အသုံးတည့်သော သင်္ကန်းမည်းမည်းကြီးကို ကြည့်ညှိဖွယ်ရာ အဝါရောင်သင်္ကန်းနှင့် လဲဝတ်ဖို့ကို သတိမရနိုင်တော့တာ ရှိပါစေဦး။ မည်းညစ်ညစ်သင်္ကန်းကြီးတွေကို သေသေသပ်သပ် ဝတ်ခဲ့မည်၊ ရုံခဲ့မည်ဆိုလျှင် တော်ပါသေး၏။ သို့သော်လည်း သုဘဒ္ဒ ရဟန်းကြီးမှာ ဤအတွက်လည်း အချိန်မပေးနိုင်ပါ။ ကြည့်ရမြင်ရ အဆိုးဆုံးကတော့ သူ့လက်တစ်ဖက်စီမှာပါသွားသည့် ယောက်မနှင့် ယောက်ချိုများပေတည်း။

အလင်းသစ်စာပေ

မမီလိုက်မှာစိုးသော၊ မလျှုလိုက်ရ မဆက်ကပ်လိုက်ရမှာစိုးသော စိတ်ဇောဖြင့် ဒရောသောပါးပြေးလာခဲ့သော သုဘဒ္ဒရဟန်းကြီးသည် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်လာ၏။ ရောက်လျှင်ရောက်ချင်း ဒူးတစ်ဖက်ထောင် ဒူးတစ်ဖက်ချ၊ ဗြဟ္မာထိုင်ထိုင်ကာ လက်တစ်ဖက်စီမှာ ကိုင်လာခဲ့သည့် ပစ္စည်းနှစ်ခုကို တစ်ပေါင်းတည်းပေါင်းကိုင်၍ လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် –

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏ ယာဂုအလှူကို ခံယူတော်မူပါဘုရား" ဟု လျှောက်ထား၏။

ဤတွင် ဘုရားရှင်သည် ဖြစ်ကြောင်းကုန်စင်ကို သိမြင်ထားပြီးဖြစ်သော်ငြားလည်း နောက်ပါရဟန်းများလည်း ကြားသိနိုင်အောင် –

"သုဘဒ္ဒ၊ ယာဂုသည် မည်သို့မည်ပုံဖြစ်ပေါ်လာပါသနည်း" ဟု မေးမြန်းတော်မူ၏။

သုဘဒ္ဒရဟန်းကြီးကလည်း မိမိ၏ကုသိုလ်ကောင်းမှုကို အနုမောဒနာပြုတော့မည်ဟုမှတ်ထင်ကာ ယာဂုဖြစ်ပေါ်လာပုံအကြောင်းစုံကို အားပါးတရလျှောက်ထား၏။

သာသနာ့ဝန်ထမ်းရဟန်းတို့အတွက် လိုအပ်သော ပစ္စည်းလေးပါးအလို့ငှာ ဒကာ၊ ဒကာမများရှေ့မှောက်မှာ နှုတ်သံမမြွက် ရပ်လျက်သာ အလှူခံကြရ၏။ သုဘဒ္ဒရဟန်းကြီးမှာမူ ဆရာကောင်းထံ နည်းမခံခဲ့ရသေး၍ ဤအချက်ကို အလေးအနက်မထားမိပေ။ ထို့ပြင် သုံးလောကထွတ်ထား မြတ်စွာဘုရားအတွက်ပင် ရည်စူးထားသော်ငြားလည်း ချက်ရေးပြုတ်ရေးအလုပ်များတွင် ရဟန်းကိုယ်တိုင် ပါဝင်လုပ်ကိုင်ခွင့်မရှိပါချေ။ ဤအချက်ကိုလည်း ရဟန်းကြီးသည် သတိမမူမိခဲ့။

ဤကဲ့သို့ သဒ္ဓါတရားဘက်က ထက်ထက်သန်သန်ကြီး ရှိနေပါသော်လည်း ဝိနည်းအရာ လိမ္မာကျွမ်းကျင်မှုမရှိသဖြင့် သူလုပ်ခဲ့လေသမျှ သဲထဲ ရေသွန်ဖြစ်သွားကြရ၏။ ရွှေနှုတ်တော်မှ ထုတ်ဖော်ချီးကျူးခြင်းအစား ကဲ့ရဲ့ရွှတ်ချခြင်းကိုသာ ခံယူရတော့၏။

ထိုသို့ရွှတ်ချပြီးမှ ဆက်လက်၍ ချက်ရေးပြုတ်ရေးကိစ္စများတွင် ရဟန်းများကိုယ်တိုင် ပါဝင်လုပ်ကိုင်ခြင်းကိုတားမြစ်သည့် အကပ္ပိယသမာဒါနသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ထို့ပြင် ဆတ္တာသည်ဖြစ်ခဲ့ဖူးသော ရဟန်းများအား ဆတ္တာသည်တို့၏ သင်တုန်းစား စသော ပစ္စည်းကိရိယာများကိုင်ဆောင်ခြင်းကို တားမြစ်ရန် ခုရဘဏ္ဍာ ပရိဟရဏသိက္ခာပုဒ်ကိုလည်း ပညတ်တော်မူပေသည်။

ဤကဲ့သို့ တစ်နေရာတည်း၊ တစ်ချိန်တည်း၌ သိက္ခာပုဒ်နှစ်ခု ပညတ်တော်မူပြီးလျှင် –

"ရဟန်းတို့၊ ကုဋ္ဌေမကသော ဘဝသံသရာတစ်လျှောက်လုံးကို အစားအစာရှာဖွေရင်းဖြင့် ကျော်လွန်လာခဲ့ရပေပြီ။ ဤယာဂုသည်ကား သင်တို့အတွက် မအပ်စပ်ပေ။ ဝိနည်းတရားတော်နှင့် မလျော်ညီပေ။ ဤအစားအစာကိုစား သုံးမိပါက သင်တို့အားလုံးသည် ဘဝအထောင်မက အပါယ်လေးပါးတို့၌ ကျရောက်ခံစားကြရပေလိမ့်မည်။ ထို့ကြောင့် ဤနေရာမှ ဖယ်ခွာကြကုန်လော့။ ဤယာဂုကို မည်သူမျှအလှူမခံရ"

ဤသို့ ပြတ်ပြတ်သားသား မိန့်ကြားတော်မူပြီးလျှင် အာတုမာမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပေသည်။

ကုသိုလ်ရေးအတွက် စိတ်ထက်သန်လွန်းလှသော ရဟန်းကြီးမှာမူ ယခုတော့ ပြောင်းပြန်ဖြစ်သွားချေပြီ။ ကုသိုလ်ရေးတုန်းက ထက်သန်လာခဲ့သည်နှင့် အမျှ အကုသိုလ်ရေးကျတော့လည်း သူ့စိတ်က ပြင်းထန်လှပါပေ၏။

"ဤရဟန်းကြီးသည် အရာရာကိုသိမြင်သော သဗ္ဗညုတဉာဏ်တော်ရှင်ဟူ၍လည်း နယ်တကာ ရပ်တကာ လှည့်လည်ဟောကြားလာခဲ့၏။ သူဟောကြားသည့်အတိုင်း အဟုတ်တကယ်သိရိုးမှန်လျှင်၊ မအပ်စပ်၍ အလှူမခံလိုပါဘူးဆိုလျှင် တစ်ယောက်ယောက်ကို စေလွှတ်ပြီး အကြောင်းကြားလိုက်ပါတော့လား။ ယခုတော့ အလုံးစုံချက်ပြီးကုန်ပြီ။ ချက်ပြုတ်ပြီးသားအစားအစာဟူသည်မှာ ရက်အကြာကြီးခံမည်မဟုတ်။ အလွန်ဆုံးခံနိုင်လျှင် ခုနစ်ရက်လောက်သာရှိပေလိမ့်မည်။ ငါ့တစ်သက်စာ ထိုင်စားလောက်သည့်ပစ္စည်းတွေ တစ်ရက်တည်းနှင့် ဆုံးရှုံးသွားကြပေပြီ။ ဤ ရဟန်းကြီးသည် ငါ့အကျိုးစီးပွားကို မလိုလားလေစွတကား"

ဤစကားစုမှာ သုဘဒ္ဒရဟန်းကြီး စိတ်ထဲကပြောခဲ့သော စကားစုသာဖြစ်၏။ ဘုရားရှင်၏အရှိန်အဝါကိုကြောက်ရွံ့ကာ သက်တော်ထင်ရှားရှိစဉ်တုန်းက သူ့နှုတ်ကို ချုပ်တည်း၍ထားခဲ့ရ၏။ အားရပါးရပြောချလိုက်ချင်သည့် စကားလုံးများကို မျိုသိပ်ထားခဲ့ရသဖြင့် အခံရခက်လှ၏။ ထို့ကြောင့်လည်း

ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည့်သတင်းကို ကြားသိလိုက်ရသည့် တစ်ခဏဝယ် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ချုပ်တည်းထားခဲ့လေသမျှ ပေါက်ကွဲလာခဲ့ခြင်း ဖြစ်ပေသည်။

ဤပေါက်ကွဲသံသည် မည်မျှလောက် ပြင်းထန်ပါသနည်း။

ဤကမ္ဘာမြေပြင်ဝယ် ဤသာသနာတော် ပျံ့နှံ့ရာ နေရာတိုင်းသို့ တစ်ယောက်စကား တစ်ယောက်နားဖြင့် ပြန့်ပွားရှိသွားပါလိမ့်မည်။ ဤကမ္ဘာမြေဝယ် ဤသာသနာတော် တည်ရှိနေလေသမျှ ကာလပတ်လုံး စဉ်ဆက်မပြတ် ပဲ့တင်ရိုက်ခတ်ရှိနေပါလိမ့်မည်။



အလင်းသစ်စာပေ

မြတ်ဘုရား၏သားကြီးသြရသ

အရှင်မဟာကဿပသည် အပြင်းထန်ဆုံးသောပေါက်ကွဲသံကြီးကို သည်းခံလျက် သုဘဒ္ဒရဟန်းကြီးကို ဆက်လက်၍သိမ်းပိုက်ထားခြင်းမှာ သာသနာတော်ကြီး ၏မျက်နှာကိုထောက်ထား၍ဖြစ်၏။ သာသနာတော်ကို နှစ်နှစ်ကာကာ မကြည်ညိုသေးသူတို့၏ အထင်လွဲမှား နှုတ်ပြစ်မှားမှုကို ရှောင်ရှားနိုင်ရန်ဖြစ်၏။

အကယ်၍ သုဘဒ္ဒရဟန်းကြီးကို ထိုနေရာ ထိုခဏမှာပင် နှင်ထုတ်ပစ်ခဲ့ကြပါလျှင် သဒ္ဓါလက်ကိုင် မခိုင်မြဲသေးသည့် ဒကာ၊ ဒကာမများက ကဲ့ရဲ့ကြပေလိမ့်မည်။ 'ရဟန်းဂေါတမ၏အလောင်းတော် ထင်ထင်ရှားရှား ရှိနေသေးသည့် အခိုက်မှာပင် သူ၏တပည့်များသည် ခိုက်ရန်ဖြစ်ပွားကြလေပြီတကား' ဟု အပြစ်ဆိုကြပေလိမ့်မည်။

ထို့ကြောင့် သူ့ကို ထေရ်စဉ်ဝါလိုက် နေမြဲတိုင်းနေနိုင်ခွင့်ပေးထားခဲ့ရခြင်းဖြစ်ပေသည်။

ထို့ပြင် အခြားတစ်ဖက်က သက်ညှာစရာလည်းရှိပါသေးသည်။ သုဘဒ္ဒရဟန်းကြီး၏ပေါက်ကွဲသံသည် အရှင်မြတ်ကြီး၏ရင်ဝကို အရှိန်အပြင်းဆုံးဝင်ဆောင့်လိုက်သည်မှန်ပါ၏။ ဦးထိပ်ထက်တွင် မိုးကြိုးစက်ကြီးကျဘိသကဲ့သို့ ခံစားလိုက်ရသည်လည်း မှန်ပါ၏။ သို့ရာတွင် ထိုမျှလောက် ပြင်းထန်လှသော ရိုက်ခတ်ချက်ကြောင့်ပင်လျှင် တစ်သက်တာလုံး မသုံးသပ်ခဲ့မိသေးသော အကြောင်းအရာများကို သုံးသပ်မိအောင် လမ်းစပေါ်၍လာခဲ့ပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသွားပြီဖြစ်၍ သာသနာတော်ကွယ်သွားပြီဟူဆသူမှာ ယခုလောလောဆယ်တွင် ဤရဟန်းကြီးတစ်ပါးသာရှိသေး

သည်မှန်ပါ၏။ ဤရဟန်းကြီးကလည်း ယခုအချိန်မှာ ကိုယ့်အပြစ်ကို ကိုယ့်ဘာသာမြင်၍ နောင်ကြဉ်သွားလောက်ပါပြီ။ သို့ရာတွင် အခြားနေရာများမှာလည်း ဤလိုအယူအဆရှိသူများ ပေါ်ထွက်လာနိုင်ပေသည်။ သူတို့သည် တစ်ပါးချင်းဆိုလျှင် ကိစ္စမရှိသေး။ နှစ်ပါး၊ သုံးပါးမျှနှင့်လည်း အရာမထင်လောက်သေး။ ထို့ထက်မက သဘောထားချင်း တူရာတူရာ စုပေါင်း၍ အုပ်နှင့်သင်းနှင့် ဖြစ်လာခဲ့သော် သာသနာတော်ကြီး ဆုတ်ယုတ်သွားအောင် စွမ်းဆောင်နိုင်ကြပေလိမ့်မည်။

ထိုကဲ့သို့သော ရဟန်းဆိုးများကြောင့် သာသနာတော်ကြီး ဆုတ်ယုတ်မသွားစေရန် ဘုရားရှင်ကိုယ်တော်စားများ ရှိနေသေးသည့်အကြောင်းကို ထင်ထင်ရှားရှားပြသရပေလိမ့်မည်။

"အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုသဖြင့် ငါဘုရားဟောကြားခဲ့လေမျှတရားများသည် ဆရာအရှင်မရှိတော့ပြီ၊ ငါတို့မှာ ဆရာအရှင်မရှိတော့ပြီဟု အကယ်၍ သင်တို့ မှတ်ထင်ကြငြားအံ့။ ဤသို့မမှတ်ထင်ကြရန် ငါဘုရားဟောကြားအံ့။ ငါ ဘုရားသည် ဓမ္မနှင့် ဝိနယကို သင်တို့အတွက် ကိုယ်တော်စားထားရစ်ခဲ့ပြီ။ ငါဘုရားသည် သင်တို့အား ဓမ္မကိုလည်း ဟောကြားထားခဲ့ပြီ။ ဝိနယကိုလည်း ပညတ်ထားခဲ့ပြီ။ ထိုဓမ္မနှင့် ဝိနယတို့သည် သင်တို့ဆရာ ဖြစ်ရစ်ကြပေလိမ့်မည်"

ဤသို့ နောက်ဆုံးအချိန်ပိုင်း၌ ဘုရားရှင် မိန့်ကြားတော်မူခဲ့၏။ ထိုမိန့်ကြားချက်ကို အရှင်အာနန္ဒာမှတစ်ဆင့် ကြားနာခွင့်ရသဖြင့် ဦးထိပ်ရွက်ပန်ဆင်လိုက်ရပေသည်။

ဤမိန့်ကြားချက်အရ သုတ္တန်၊ အဘိဓမ္မာ နှစ်ဖြာသောဓမ္မနှင့် ဝိနည်းသိက္ခာပုဒ်များ ထင်ရှားရှိနေသေးသမျှကာလပတ်လုံး မြတ်စွာဘုရားကိုယ်တော်တိုင် ရှိနေသကဲ့သို့သာဖြစ်ကြောင်း သိရှိနိုင်ပေသည်။

သို့ရာတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မနှင့် ပညတ်တော်မူခဲ့သော ဝိနယတို့သည်ကား စုစုစည်းစည်းမရှိကြသေးချေ။ ကြိုးခိုင်မိုင်နှင့် မသီကုံးရသေးသော ပန်းပွင့်အစုအပုံကြီးကဲ့သို့သာ ရှိနေသေး၏။ မသီကုံးရသေးသော ပန်းပွင့်အစုအပုံကြီးကို လေပြင်းတစ်ချက် တိုက်ခတ်လိုက်သော် ဖရိုဖရဲလွင့်စဉ်ကုန်တော့၏။ ထို့အတူပင် စုစုစည်းစည်း မရှိကြသေးသော ဓမ္မနှင့် ဝိနယတို့သည်လည်း သုဘဒ္ဒကဲ့သို့သော ရဟန်းဆိုးများကို အကြောင်းပြု၍ ဖျောက်ဆုံးကုန်ကြ

ပေလိမ့်မည်။ ကာလချိန်တာကြာမြင့်လာသည်နှင့်အမျှ ဝိနယဌ် သိက္ခာပုဒ်တစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေလိမ့်မည်။ သုတ္တန်ဌ် ပဉ္စာဝါရ တစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေလိမ့် မည်။ အဘိဓမ္မာဌ် ဘူမန္တရတစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေလို့မ်မည်။ ဤသို့ပျောက်ဆုံးဖန်များလတ်သော် ဆေးမြစ်ကို လက်လွတ်ဆုံးရှုံးရသောမြေဖုတ်ဘီလူးကဲ့သို့ ဖြစ်ကြရပေလိမ့်မည်။

ဆေးမြစ်တန်ခိုးဖြင့် ကိုယ်ယောင်ဖျောက်၍နေနိုင်ကြသော မြေဖုတ်ဘီလူးတို့သည် ဆေးမြစ်ပျောက်ဆုံးသွားသောအခါ ကိုယ်ယောင်မဖျောက်နိုင်တော့သဖြင့် သေကျေပျက်စီးကြရ၏။ ထို့အတူပင် ဓမ္မနှင့် ဝိနယ ပျောက်ဆုံးဖန်များသောအခါ သာသနာ့ဝန်ထမ်းရဟန်းတို့သည်လည်း တရားလက်လွတ် ၄ က်တောင်ကျွတ်ဖြစ်ကာ ပျက်စီးကြရပေလတ္တံ့။

ထိုသို့မပျက်စေရန်ကား ဘုရားရှင်၏ဓမ္မနှင့် ဝိနယ ရှိရှိသမျှ တစ်လုံးတစ်စည်းတည်း စုစည်းထားမှဖြစ်ပေလိမ့်မည်။ "ဤသည်ကား ဘုရားရှင်ဟောကြားခဲ့သော ဓမ္မပေတည်း။ ဤသည်ကား ဘုရားရှင်ပညတ်ခဲ့သော ဝိနယပေတည်း" ဟု သံဃာအားလုံး သဘောတူအသိအမှတ်ပြု လက်ခံသောသဘောဖြင့် စုပေါင်းရွတ်ဆိုကာ သင်္ဂါယနာတင်ထားမှ ဖြစ်ပေလိမ့်မည်။ ဤသို့ သင်္ဂါယနာတင်ထားလိုက်လျှင် အပ်ချည်ကြိုးခိုင်ခိုင်နှင့် သီကုံးထားသောပန်းပွင့်များကဲ့သို့ ဓမ္မရော ဝိနယပါ မပျောက်မဆုံးဘဲ အစဉ်အမြဲ တည်ရှိနေကြပေလိမ့်မည်။

ဤသို့ သာသနာတော်ကြီး၏နောင်ရေးကို တွေးတောမိခါမှ ဤအရေးကိစ္စကြီးအတွက် အစောကြီးကတည်းကချမှတ်ထားခဲ့သည့်အစီအစဉ်ကို ဘွားခနဲသတိပြုလိုက်မိတော့သည်။

အကယ်၍ သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် ဦးဆောင်ဦးရွက်ပြုရသော ကိစ္စကြီးကို အဆောက်အအုံကြီးတစ်ခုအဖြစ် ပုံဖော်ကြည့်မည်ဆိုပါစို့။ ထိုအဆောက်အအုံကြီးအတွက် ပန္နက်ကို အစောကြီးကတည်းကပင် ရိုက်ထားနှင့်ပြီး ဖြစ်နေပေသည်။ ပန္နက်ရိုက်ပေးခဲ့သည့် ဗိသုကာကြီးသည်ကား ဘုရားရှင်ကိုယ်တော်တိုင်ပါတည်း။

အနာဂတ်သာသနာတော် အဆောက်အအုံကြီးအတွက် ပန္နက်ရိုက်တာဘယ်လောက်များ စောခဲ့သလဲ ဆိုပါလျှင် မိမိ သာသနာ့ဘောင်ရောက်လာကတည်းကဟု ဆိုရပါလိမ့်မည်။

အလင်းသစ်စာပေ

မိမိသည် သုံးမကုန်ဖြုန်းမကုန်နိုင်အောင်ကြွယ်ဝသော ဗြဟ္မဏမဟာသာလ မျိုးမှ ဖွားမြင်လာခဲ့ရ၏။ မဂဓတိုင်း မဟာတိတ္ထိရွာကြီး ကပိလဗြဟ္မဏသည် မိမိဖခင် ဖြစ်ခဲ့၏။ အရွယ်ရောက်သောအခါ မိခင်၊ ဖခင်တို့၏အစီအမံဖြင့် အိမ်ထောင်သည်ဘဝရောက်ခဲ့ရ၏။ သို့ရာတွင် ကာမဂုဏ်မှုကို မလိုလားသည့်သူ ချင်း ပေါင်းဆုံမိကြသဖြင့် မောင်နှမအဆင့်ထက်မပိုဘဲ သန့်သန့်ရှင်းရှင်း နေလာ ခဲ့ကြ၏။

မွေးကတည်းက အကျိုးပေးကောင်းလာခဲ့သော မိမိသည် ရဟန်းပြုရေး အတွက်လည်း ချောချောမောမောပင်ဖြစ်ခဲ့၏။ သူများတွေဆိုလျှင် လင်က ရဟန်းပြုလိုပါလျက် မယားဖျက်၍ ပျက်ကြရ၏။ တချို့ဆိုလျှင် လင်ဖြစ်သူ သာသနာ့ဘောင် ရောက်နေပါလျက် မယားဟောင်းက ဖြားယောင်းသဖြင့် သာသနာ့ဘောင်၌ မပျော်နိုင်အောင် ဖြစ်ကြရ၏။

မိမိမှာတော့ သူတို့လိုမကြုံရပေ။ လူ့ဘောင်လောကမှာ နေထိုင်ရခြင်း၏ အပြစ်ကို သံဝေဂဉာဏ်ပွားရာတွင် မိမိတို့နှစ်ယောက်လုံး အတူတူပင်ဖြစ်ခဲ့ကြ၏။ ဈေးထဲက တိတ်တဆိတ်ဝယ်ယူထားသော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ဖြင့် ပြာသာဒ်ပေါ်မှာပင် တစ်ပြိုင်နက် ရဟန်းအသွင်ခံယူကာ အတူတူပင် ဆင်းလာခဲ့ ကြ၏။

မိမိတို့ပိုင်နက်လယ်မြေများကိုကျော်လွန်၍ လွတ်လွတ်လပ်လပ် သွား လာလူပ်ရှား၍ရချိန်တွင် မိမိနှင့် အရှင်မဘဒ္ဒါတို့သည် တစ်လမ်းစီခွဲ၍လျှောက် လာခဲ့ကြ၏။

ထိုစဉ်တုန်းက မိမိတို့နှစ်ဦးလုံး ဘုရားရှင်ကို မဖူးတွေ့ရသေးချေ။ ထို့ကြောင့် လောကမှာထင်ရှားရှိသော ရဟန္တာအရှင်မြတ်များကို ရည်မှန်း၍သာ ရဟန်းပြုလာကြရ၏။ အရှင်မ ဘဒ္ဒါနှင့်လမ်းခွဲကာ နာလန္ဒာမြို့မှတစ်ဆင့် ရာဇဂြိုဟ်မြို့တော်ဆီသို့ ရှေးရှုလျှောက်လာခဲ့၏။ ထိုလမ်းခရီးပေါ်ရှိ ဗဟုပုတ္တက အမည်ရသော ညောင်ပင်အောက်တွင် ဘုရားရှင်ကို ပထမဆုံး ဖူးမြင်ခဲ့ရပေသည်။

ဗဟုပုတ္တကညောင်ပင်သည်ကား ရာဇဂြိုဟ်မြို့တော်မှ သုံးယူဇနာမျှ ကွာလှမ်း၏။ ထိုစဉ်တုန်းက ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော် ဝေဋျဝန်ကျောင်း တော်မှ သုံးယူဇနာခရီးကို ခြေကျင်ကြွမြန်းကာ မိမိလာရာခရီးလမ်းသို့ လှမ်း မျှော်ကြည့်နေတော်မူ၏။ ဤသို့ ဘုရားရှင်ကိုယ်တော်မြတ်၏ကြိုဆိုခြင်းကို ခံယူရသူသည် သာသနာတော်တစ်ရပ်လုံးမှာ မိမိတစ်ပါးတည်းသာ ရှိပါသေး သည်။

အလင်းသစ်စာပေ

ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြော်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိရည်မှန်းခဲ့သော ရဟန္တာပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း သဘောပေါက်လိုက်၏။ ထို့ကြောင့် ဘုရားရှင်၏ ခြေအစုံ၌ ဦးခိုက်ရှိခိုးပြီးလျှင် –

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့်ဖြစ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်တော်မူ၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့် ဖြစ်ပါ၏"

ဤသို့ မိမိက ရိုသေလေးမြတ်စွာလျှောက်ထားလိုက်သောအခါ ဘုရားရှင်က ဤသို့မိန့်ကြားတော်မူပါ၏။

"ကဿပ၊ သင်ကဲ့သို့သော ယုံကြည်သဒ္ဓါစိတ်စေတနာတို့နှင့် အလုံးစုံပြည့်ဝ၍နေသောသာဝကတစ်ဦး၏ ဖူးမြော်ကန်တော့ခြင်းကို သိယောင်မြင်ယောင် ဆောင်နေသော ဆရာတစ်ဦးဦးက လက်ခံသာယာငြားအံ့။ ထိုဆရာ၏ဦးခေါင်းသည် ထောင်းထောင်းပြတ်ကြွေ မြေသို့ကျလေရာ၏။ ကဿပ၊ သင်၏ဆရာငါဘုရားသည်ကား မသိမမြင်ဘဲလျက် သိယောင်မြင်ယောင်ဆောင်သူမဟုတ်ချေ။ အမှန်တကယ် သိသည်ဖြစ်၍၊ အမှန်တကယ်မြင်သည်ဖြစ်၍ သိသည်၊ မြင်သည်ဟု ဝန်ခံ၏။ အသိအမြင်ဖြင့် ဆင်ခြင်၍ သင်၏ဖူးမြော်ကန်တော့ခြင်းကို ခံယူ၏။ ထိုသို့ခံယူသောကြောင့် ငါ၏မွေးညင်းတစ်ပင်သော်မျှ တုန်လှုပ်ခြင်းမရှိချေတကား"

ဤသို့မိန့်ကြားတော်မူပြီးလျှင် မိမိအား ဆက်လက်၍ သြဝါဒစကားမြွက်ကြားတော်မူခဲ့၏။

"ကဿပ၊ သင်သည် မြင့်မြတ်သောအမျိုးဇာတ်ကြောင့် မာန်မာနကြီးခဲ့၏။ ထို့ကြောင့် အကြီး အငယ် အရွယ်လတ်ဖြစ်သော သီတင်းသုံးဖော်တို့၌ ပြင်းပြသော ရှက်ကြောက်ခြင်းရှိစေရန် ကျင့်သုံးအပ်၏။

ကဿပ၊ သင်သည် အကြားအမြင်ဗဟုသုတပေါများလှသူဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာရသောအခါ ကြားရနာရသမျှ တစ်လုံးမကျန် နားစိုက်၍ နှစ်နှစ်ခြိုက်ခြိုက် ကြားနာနိုင်ရန် ကျင့်သုံးအပ်၏။

ကဿပ၊ သင်သည် ရုပ်ရည်ရူပကာယလှပတင့်တယ်သူဖြစ်၍ မိမိကိုယ်ကိုပြန်၍သာယာတတ်၏။ ထို့ကြောင့် သုခနှင့်တကွဖြစ်သော ကာယဂတာသတိကို မစွန့်ခွာဘဲ နေနိုင်ရန် ကျင့်သုံးအပ်၏"

ဤသို့သော သြဝါဒသုံးရပ်ကိုနာခံခြင်းဖြင့်ပင် မိမိ၏ရဟန်းပြုခြင်းကိစ္စပြီးမြောက်သွား၏။ ဤသာသနာတော်၌ ရဟန်းပြုခြင်းရှစ်မျိုးရှိရာတွင် ဘုရားရှင်၏ သြဝါဒကိုခံယူ၍ ရဟန်းပြုခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်၏။ သို့ရာတွင် သာသနာတော်တစ်လျှောက်လုံး၌ ဤနည်းဖြင့် ရဟန်းပြုခွင့်ရသူမှာ မိမိတစ်ပါးတည်းသာ ရှိပါပေသည်။

ဤသို့ ရဟန်းပြုပြီးနောက် မိမိသည် ခုနစ်ရက်မျှသာ ကိလေသာတွေ့မပယ်စွန့်ရသေးပါလားဟူသော အယူစွဲဖြင့် တိုင်းသူပြည်သားတို့၏ဆွမ်းဟောဇဉ်ကို စားသုံးခဲ့ရ၏။ ရှစ်ရက်မြောက်သောနေ့မှာကား အယူအစွဲဟူသမျှ၏ လွတ်မြောက်ရာ အရဟတ္တဖိုလ်ဉာဏ်ကို ရခဲ့ပေသည်။

သြဝါဒသုံးရပ်ဖြင့် ရဟန်းပြုပေးပြီးနောက် ဘုရားရှင်သည် နေရာမှထ၍ ကြွတော်မူလေရာ မိမိသည်လည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။ လမ်းခရီး၌ အရိပ်ကောင်းလှသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လေသောအခါ မိမိသည် နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ခေါက်၍ ခင်းပြီးလျှင် –

"အရှင်ဘုရား၊ တပည့်တော်အား နေ့ရက်ရှည်ကြာ အကျိုးစီးပွားများပြားစိမ့်သောငှာ ဤသင်္ကန်းပေါ်၌ ထိုင်တော်မူပါဘုရား" ဟု လျှောက်ထားခဲ့၏။

ဘုရားရှင်ကလည်း နှစ်ထပ်သင်္ကန်းပေါ်၌ ထိုင်ပြီးလျှင် သင်္ကန်းအနားတစ်ဖက်ကို လက်တော်နှင့် သပ်တော်မူကာ –

"ကဿပ၊ သင်၏နှစ်ထပ်သင်္ကန်းသည် နူးညံ့လှပါတကား" ဟု မိန့်ကြားတော်မူလေရာ –

"အရှင်ဘုရား၊ တပည့်တော်အား သနားသောအားဖြင့် ဤနှစ်ထပ်သင်္ကန်းကို အလှူခံတော်မူပါဘုရား"

"ကဿပ၊ သင်၏နှစ်ထပ်သင်္ကန်းကို အလှူခံလိုက်သောအခါ ပိုက်ဆံလျှော်ဖြင့် ရက်လုပ်ထားသည့် ငါဘုရား၏နှစ်ထပ်သင်္ကန်းဟောင်းကို သင် ဝတ်ရုံနိုင်ပါမည်လော"

"အရှင်ဘုရား၏နှစ်ထပ်သင်္ကန်းဟောင်းကို တပည့်တော် ဝတ်ရုံနိုင်ပါသည် ဘုရား"

ဤသို့လျှောက်ထားပြီးလျှင် အဝတ်ပုဆိုးအသစ်များဖြင့် ရှုပ်လုပ်ထားသော နှစ်ထပ်သင်္ကန်းကြီးကို ဆက်ကပ်လှူဒါန်း၏။ ဘုရားရှင်ကလည်း ဝတ်ရုံ

လက်စ နှစ်ထပ်သက်နန်းဟောင်းကို ကိုယ်တော်မှခွာ၍ ပေးတော်မူ၏။ ဤကဲ့သို့ ဘုရားရှင်နှင့် သက်နန်းချင်းလဲလှယ်၍ ဝတ်ရုံခွင့်ရရှိသူမှာ ဤသာသနာတော်တစ်ရပ်လုံး၌ မိမိတစ်ပါးတည်းသာ ရှိပါပေသည်။ (နိဒါနဝဂ်၊ ကဿပသံယုတ်၊ စီဝရသုတ်)

ဤကဲ့သို့ ဘုရားရှင် နောက်တော်ပါးမှ လိုက်ပါလာခဲ့ပြီးလျှင် ကိလေသာကို ခွာထွက်ကြောင်းဖြစ်သော ဓုတင်အကျင့် တစ်ဆယ့်သုံးရပ်တို့ကို မိမိကိုယ်တိုင်လည်း ရာသက်ပန်ကျင့်သုံးလာခဲ့၏။ မိမိ၏ သီတင်းသုံးဖော်များ၊ တပည့်များကိုလည်း ကျင့်သုံးချင်အောင် ဟောပြောလာခဲ့၏။ ထို့ကြောင့် ဇေတဝန်ကျောင်းတော်မှာ ကျင်းပသော ဓမ္မသဘင်၌ အခြားအခြားသော တပည့်သာဝကများနည်းတူ မိမိသည်လည်း ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးခြင်းကို ခံယူခဲ့ရပါပေ၏။ (အဂ်္ဂုတ္တရ၊ ဧကကနိပါတ်၊ ဧတဒဂ္ဂဝဂ်)

ဘုရားရှင်သည် ထိုကဲ့သို့ သာဝကအများနှင့်အတူ ချီးကျူးရုံနှင့် အားမရနိုင်သေးသဖြင့် မိမိတစ်ပါးတည်းကိုလည်း သီးသန့်ခွဲ၍ ချီးကျူးတော်မူခဲ့ပါသေးသည်။

"ရဟန်းတို့၊ ကဿပသည် ကောင်းဆိုးယုတ်မြတ် ရတတ်သမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်၏။ ရောင့်ရဲလွယ်ခြင်း၏ ကျေးဇူးကိုလည်း ချီးကျူးပြောဆိုလေ့ရှိ၏။ ပစ္စည်းလေးပါးကိုအကြောင်းပြု၍ မသင့်လျော်သော အမူအကျင့်ကိုလည်း မကျင့်ပေ။ မရသေးသောပစ္စည်းလေးပါးကိုလည်း တောင့်တခြင်းမရှိပေ။ ရရှိပြီးသောပစ္စည်းလေးပါးကိုလည်း မက်မောခြင်း၊ စွဲလမ်းခြင်းမရှိပေ။ ပစ္စည်းလေးပါးတို့ကို လက်ခံသုံးစွဲနေရခြင်းကိုပင် ဘေးဟု ရှုမြင်တတ်၏။ လွတ်မြောက်ရာသို့ရှေးရှုသော ဉာဏ်ပညာဖြင့် ဆင်ခြင်၍သာ သုံးဆောင်တတ်၏" (နိဒါနဝဂ်၊ ကဿပသံယုတ်၊ သန္တုဋ္ဌိသုတ်)

"ရဟန်းတို့၊ လူတို့၏စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော ငွေလမင်းကြီးသည် ထက်ကောင်းကင်ဝယ် လွတ်လွတ်လပ်လပ် သွားလာနေဘိသကဲ့သို့ ကဿပသည် ကိုယ်ရောစိတ်ပါ လွတ်လွတ်ကြီးခွာလျက် ဒကာ၊ ဒကာမများထံချဉ်းကပ်၏။ နေ့စဉ်နှင့်အမျှ ဆွမ်းခံရောက်သော်လည်း သူ့အဖို့ အားလုံးအသစ်အသစ်တို့ချည်းသာ ဖြစ်ကုန်၏။ အကျွမ်းတဝင် ခင်မင်ရင်းနှီးထားသော ဒကာ၊ ဒကာမဟူ၍မရှိပေ" (နိဒါနဝဂ်၊ ကဿပသံယုတ်၊ စန္ဒူပမသုတ်)

အလင်းသစ်စာပေ

ဤကဲ့သို့ ရွှေလက်တော်ကိုဆန့်တန်း၍ လူပ်ရှားကာ ငွေလဝန်းကြီးကို ပမာပြု၍ ထူးထူးခြားခြား မြှောက်စားရုံနှင့် အားရတော်မမူသေးသဖြင့် –

"ကဿပ၊ သင်သည် ရဟန်းတို့ကို ဆုံးမလော့။ ရဟန်းတို့အား တရား ဟောကြားလော့။ ရဟန်းတို့ကို ငါဘုရားဆုံးမသကဲ့သို့ သင်လည်း ဆုံးမလော့။ ရဟန်းတို့အား ငါဘုရား တရားဟောသကဲ့သို့ သင်လည်း ဟောကြားလော့"

ဤသို့လျှင် သာသနာတော်ကြီးတစ်ရပ်လုံးကို လွှဲအပ်တော်မူခဲ့သည်မှာ သုံးကြိမ်တိုင်တိုင် ရှိခဲ့ပါပေ၏။ (နိဒါနဝဂ်၊ ကဿပသံယုတ်၊ ဩဝါဒသုတ်)

ဤကဲ့သို့ ဘုရားရှင်က အကြိမ်ကြိမ်အခါခါ ကိုယ်တော်မြတ်နှင့် ထပ်တူ ထား၍ မြှောက်စားတော်မူခဲ့ခြင်းသည် ဤအရေးကိစ္စကြီးအတွက် ကြိုတင်၍ စီစဉ်ထားခဲ့ခြင်းပါတကား။

ဥပမာအားဖြင့် ပြည့်ရှင်မင်းတစ်ပါးသည် မိမိ၏အမျိုးအနွယ်ဂုဏ်ကို စောင့်ထိန်းနိုင်မည့် သားကြီးသြရသအား ထီးနန်းရိုက်ရာလွှဲအပ်ထားသကဲ့သို့ပင် ဖြစ်ပါပေသည်။

အကယ်၍ မိမိသည် ဤအရေးကိစ္စကြီးကို အောင်မြင်စွာ မဆောင်ရွက် နိုင်ပါလျှင် ကြွေးတွေက တင်မြဲတင်နေလိမ့်မည်။ ထိုကြွေးကို ကျေကုန်အောင် ပေးဆပ်ရပါလိမ့်မည်။

ဓမ္မနှင့်ဝိနယကို ယခုလို အချိန်ရှိခိုက်မှာ သင်္ဂါယနာတင်ထားမှဖြစ်ပါလိမ့် မည်။ ဤသင်္ဂါယနာတင်ပြီးနောက် ရဟန်းများသည် မိမိတို့စွမ်းနိုင်သလောက် တာဝန်ယူကာ သင့် မသင့်၊ တော် မတော်၊ တရားတော်နှင့် ညီ မညီ ဝေဖန်ပိုင်းခြား၍ဟောကြားကြပေလိမ့်မည်။ ဤသို့ဆိုလျှင် မကောင်းမှုသည် သူ့အလိုအလျောက် နိမ်နှင်းပြီး ဖြစ်သွားပေတော့မည်။ နောက်ထပ်တစ်ဖန် ခေါင်းထောင်လာဖို့ အကြောင်းမရှိတော့ပေ။ သာသနာတော်ကြီးသည်လည်း အရှည်တည်တံ့၍ ထွန်းကားပြန့်ပွားပေတော့မည်။

ဤကဲ့သို့ တစ်ပါးတည်း သုံးသပ်ဆင်ခြင်နေခိုက်မှာပင် အရှေ့လောက ဓာတ်မှ အရဏ်ကျင်း၍ လာခဲ့ပါပေပြီ။

အလင်းသစ်တပေ

သင်္ဂါယနာတင်ကြပါစို့

အရဏ်ကျင်း၍ အလင်းရောင်ဖြန့်ကြက်လာချိန်မှ စတင်ကာ ကဆုန်လဆုတ် ၁၅ ရက်၊ လကွယ်နေ့ဟူ၍ ခေါ်ဝေါ်ကြရပါတော့မည်။

ဤအင်ကြင်းတော၌ ဤမျှလောက် များပြားသည့် သံဃာတော်များ စုစည်းနေခဲ့ကြသည်မှာ ၁၅ ရက်မြောက် ရောက်လာခဲ့ပါပြီ။ နောက်နောင်အခါတွင် ဤအင်ကြင်းတော၌ ဤမျှလောက်ထိအောင် စုစည်းမိဖို့ မလွယ်ကူတော့ပါ။ ဤအင်ကြင်းတောမှာသာ မဟုတ်။ အခြားအခြားသောနေရာများတွင်လည်း ဤမျှလောက် စုစည်းမိဖို့ မလွယ်ကူတော့ပါ။

အင်ကြင်းတောနှင့်အပြည့်မျှ စုဝေးလာခဲ့ကြသော ရဟန်းများတွင် ဘုရားရှင်ကိုယ်တော်တိုင်၏ နောက်တော်ပါရဟန်းများက မ,တည်ဖြစ်ကြ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူမည့် သတင်းစကားကြားရသဖြင့် အနယ်နယ်အရပ်ရပ်မှ ထွက်လာခဲ့ကြသော ရဟန်းများက လာ၍လာ၍ပေါင်းဆုံကြ၏။

ရာဇဂြိုဟ်မြို့တော်ဝန်းကျင်၌ ကျောင်းတိုက် ၁၈ တိုက်ရှိရာတွင် ထိုကျောင်းတိုက်နေ သံဃာများသည် ကျောင်းစောင့်မျှမချန်ဘဲ ကုသိနာရုံသို့ ထွက်လာခဲ့ကြ၏။ အခြားအခြားသော မြို့ရွာနယ်ပယ်က ကျောင်းများမှာလည်း ကျောင်းခေါင်းချည့် ကျန်ရစ်သည် များ၏။

ဤသံဃာ့အစုအဝေးထဲသို့ နောက်ဆုံးပေါင်းဆုံလာသည့်သံဃာများကတော့ အရှင်မဟာကဿပ၏ နောက်ပါရဟန်းငါးရာတို့ ဖြစ်ကြပေသည်။

ဤမျှလောက် များပြားသောသံဃာများသည် ယနေ့ ဆွမ်းဘုဉ်းပေးပြီးချိန်တွင် ကိုယ့်ကျောင်းကိုယ့်ကန် ပြန်သူ ပြန်ကြပေလိမ့်မည်။ မိမိတို့စိတ်ဆန္ဒရှိရာ အရပ်များသို့ ဒေသစာရီလှည့်လည်သူက လှည့်လည်ကြပေတော့မည်။ အစု

အလင်းသစ်စာပေ

အစည်းပြေမသွားသေးမီတွင် သာသနာတော်ကြီးအတွက် အရေးအကြီးဆုံးကိစ္စကြီးကိုစတင်၍ အကောင်အထည်ဖော်ရပါတော့မည်။

ထို့ကြောင့် အရှင်မဟာကဿပသည် တပည့်ရဟန်းများမှတစ်ဆင့် ရှိရှိသမျှ ရဟန်းသံဃာအားလုံးကို စည်းဝေးရန် ဆင့်ခေါ်လိုက်၏။ ရဟန်းများကလည်း အရှင်မြတ်ကြီး သီတင်းသုံးရာဌာနသို့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြ၏။ မကြာမြင့်သောအချိန်အတွင်းမှာပင် နံနက်ခင်း၏နေရောင်ခြည်အောက်ဝယ် ဝါဝါဝင်းသည့် သင်္ကန်းရောင်သည် တစ်စပ်တည်း တစ်ပြင်တည်းဖြစ်သွားပေသည်။

သံဃာ့အစည်းအဝေး၏ဦးထိပ်မှာတော့ သံဃနာယကအရှင်မြတ်ကြီးသည် တည်ကြည်ငြိမ်သက်သောဣန္ဒေဖြင့် ထိုင်တော်မူလျက်ရှိ၏။ စည်းဝေးလာကြသည့် ရဟန်းအပေါင်းအား မေတ္တာလွှမ်းခြုံသောမျက်ဝန်းအစုံဖြင့် ကြည့်ရှုတော်မူလျက်ရှိ၏။ အစီအရီဖူးငုံထားသည့် လက်အုပ်ကြာပဒုံတို့ဖြင့် လေးမြတ်ကော်ရော်ပူဇော်ခြင်းကို ခံယူတော်မူလျက်ရှိ၏။

ယခင့်ယခင် အချိန်များတုန်းက ဤလိုအစည်းအဝေးကြီးမျိုး၏ ဦးထိပ်နေရာတွင် ဘုရားရှင်ကိုယ်တော်တိုင် ရှိနေတော်မူခဲ့၏။ ယခုတော့ အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဘုရားရှင်၏ကိုယ်တော်စားအဖြစ်ဖြင့် နေရာယူထားရပေပြီ။

ကိုယ်တော်စား၏ရှေ့မှောက်သို့ရောက်လာကြသည့်ရဟန်းအပေါင်းကလည်း ဘုရားရှင်ကိုယ်တော်တိုင်က သာသနာတော်ကြီးတစ်ရပ်လုံးကို သုံးကြိမ်တိုင်အပ်နှင်းခဲ့သည့် ဒေသနာတော်ကို ကြားနာမှတ်သားထားခဲ့သူများချည်းဖြစ်နေ၍ ကိုယ်တော်စားကိုလည်း ကိုယ်တော်စစ်နှင့် ထပ်ထူထား၍ လေးစားကြရပါပေသည်။

"ငါ့ရှင်တို့"

ပရိသတ်အားလုံးကိုလွှမ်းခြုံသွားနိုင်သော အသံသြဇာဖြင့် အရှင်မြတ်ကြီးက အစည်းအဝေးကို ဖွင့်လှစ်တော်မူလိုက်၏။

"ဘုရားရှင်အလောင်းတော်ကို နောက်ဆုံးပူဇော်ရန် ငါသည် ပါဝါမြို့မှ ကုသိနာရုံမြို့ဆီသို့ ခရီးဆက်လာခဲ့၏။ ငါ့နောက်ပါးတွင် ရဟန်းငါးရာတို့ လိုက်ပါလာကြ၏။ နေ့လယ်ခင်းမှာ နေပူဒဏ်ပြင်းထန်လွန်းသဖြင့် အရိပ်ကောင်းသော သစ်ပင်များအောက်တွင် ငါတို့ အနားယူခဲ့ကြရ၏။ ထိုစဉ်တွင် အာဇီဝကတစ်ဦး

သည် မန္ဒာရဝနတ်ပန်းကို အရိုးငှားတပ်လျက် ထီးသဖွယ်ဆောင်းပြီး ကုသိနာရုံ မြို့ဆီမှ လျှောက်လာ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ငါသိပြီး ဖြစ်၏။ သို့ရာတွင် နောက်ပါ ရဟန်းငါးရာတို့ကိုကား ငါ အသိမပေးရသေးပါ။ ယခုတော့ အသိပေးမှဖြစ်တော့မည်ဟု စကားစ ရစေရန် အာဇီဝကကို အကျိုး အကြောင်း မေးလိုက်ပါသည်။ အာဇီဝက ကလည်း ကုသိနာရုံတွင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤနတ်ပန်းကို ကောက်ယူလာခဲ့ကြောင်း ပြောကြား ပါသည်"

ဤသို့အစချီကာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူကြောင်း ကြားသိရသဖြင့် နောက်ပါရဟန်းအချို့က တရားနှင့်ဖြေကြပုံ၊ တရားနှင့်မဖြေနိုင်သည့်ရဟန်းများ ဆောက်တည်ရာမရ လူးလှိမ့်၍ ငိုကြပုံများကို မိန့်ကြား၏။

ထိုမှဆက်လက်၍ အာတုမာမြို့သား သုဘဒ္ဒရဟန်းကြီး၏ ပြောဆိုချက် များကို မိန့်ကြားလိုက်သောအခါ ပရိသတ်အားလုံးမှာ 'ဟယ်' ခနဲ ဖြစ်သွားကြ ရပေတော့သည်။ နိုးစပ်ရာရဟန်းများသည် ထိုမျှလောက် နှုတ်သရမ်းသည့်ရဟန်း ကြီးအား ထိတ်လန့်တကြား ဝိုင်းအုံကြည့်ရှုကြ၏။ သုဘဒ္ဒရဟန်းကြီးမှာ ခေါင်း ကိုသာ တွင်တွင် ငုံ့ထားရပေတော့သည်။

"ငါ့ရှင်တို့၊ သုဘဒ္ဒရဟန်းကြီး၏စကားကို ကြားလိုက်ရသဖြင့် ငါ့မှာ ဓမ္မသံဝေဂများစွာ ဖြစ်ပေါ်လာခဲ့ရပါသည်။ ဩော်... ရွှေအဆင်းသို့ ဝါဝင်းသော ကိုယ်တော်သည် ယနေ့တိုင်အောင် ထင်ရှားရှိနေပါသေး၏။ သို့ပါလျက် သာသနာ့ဆူးငြောင့်ခလုတ်သည် ယခုကပင် ပေါ်လာနှင့်ချေပြီတကား။ ဘုရားရှင် ကိုယ်တော်တိုင် ပင်ပန်းကြီးစွာတည်ထောင်ခဲ့ရသော ဤသာသနာတော်ဝယ် ဆူးငြောင့်ခလုတ်က ဤမျှလောက် လျင်မြန်စွာပေါ်ပေါက်လာခြင်းသည် အံ့ဖွယ် ရှိပေစွတကား။ ဤမကောင်းမှုသည် တစ်စထက်တစ်စ တိုးပွားလာခဲ့သော် သာသနာတော်ကြီးသည် ဆုတ်ယုတ်ပျက်စီးရပေတော့မည်။

ငါ့ရှင်တို့၊ ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ သည် ကြိုးနှင့်မသီရသေးသော ပန်းပွင့်အစုအပုံကြီးနှင့်တူ၏။ ကြိုးမသီရသေး သောပန်းများသည် လေပြင်းတစ်ချက်တိုက်ရုံမျှဖြင့် ဖရိုဖရဲပြန့်ကျဲကုန်ကြရာဘိ သကဲ့သို့ ဤသို့သောသူယုတ်မာများကိုအမှီပြုကာ အချိန်ကာလကြာမြင့်သည် ထက် ကြာသွားခဲ့သော် ဝိနည်းသိက္ခာပုဒ် တစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေ လိမ့်မည်။ သုတ္တန်၌ ပဉ္စာဝါရ တစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေလိမ့်မည်။

အဘိဓမ္မာ၌ ဘူမန္တရ တစ်ခုစ၊ နှစ်ခုစ ပျောက်ဆုံးသွားကြပေလိမ့်မည်။ ဤသို့ ပျောက်ဆုံးဖန်များလတ်သော် ဆေးမြစ်၏ တန်ခိုးဖြင့် ကိုယ်ယောင်ဖျောက်၍နေကြရသော မြေဖုတ်ဘီလူးများသည် ဆေးမြစ်ပျောက်ဆုံးသွားသောအခါ ကိုယ်ယောင်မဖျောက်နိုင်တော့သဖြင့် ဟိုက်စီးကြရသကဲ့သို့ ငါတို့အဆက်အနွယ်အားလုံး ပျက်စီးကြရကုန်လတ္တံ့။ ထို့ကြောင့် ဘုရားရှင်ဟောကြားထားခဲ့သည့် တရားဒေသနာတော်အားလုံးကိုစုစည်းကာ အများသဘောတူ စုပေါင်းရွတ်ဆို၍ အတည်ပြုထားကြကုန်အံ့။ သို့မှသာ ကြိုးသီထားသော ပန်းများကဲ့သို့ ဒေသနာတော်များ မပျောက်မဆုံးရှိပေလိမ့်မည်"

"ကောင်းပါပြီ အရှင်ဘုရား"

သံဃနာယကအရှင်မြတ်ကြီး၏တင်ပြချက်ကို သံဃာအားလုံးက တညီတညွတ်တည်း ထောက်ခံလိုက်ကြ၏။ မှားတုန်းကမှားခဲ့မိသော သုဘဒ္ဒရဟန်းကြီးမှာလည်း အမြင်မှန်ရလာပြီမို့ မျက်ရည်တစမ်းစမ်းနှင့် ထောက်ခံရှာပါ၏။

သံဃာတော်များ၏ ထောက်ခံသံအဆုံးတွင် အရှင်မြတ်ကြီးက ဆက်လက်၍ မိန့်ကြားတော်မူပါ၏။

"ငါ့ရှင်တို့၊ ငါကဲ့သို့ ဘုရားရှင်၏ သားကြီးဩရသ ရဟန်းတစ်ပါးထင်ရှားရှိနေပါလျက် ဤမကောင်းမှုသည် ဤသာသနာတော်တွင်းမှာ ကြီးထွားမလာစေရပါ။ မသူတော်တရား မထွန်းကားသေးမီ၊ သူတော်ကောင်းတရားများ မမှေးမှိန်သေးမီ၊ အကျင့်ပျက်များ မထွန်းကားသေးမီ၊ အကျင့်ကောင်းများ မမှေးမှိန်သေးမီ၊ အဓမ္မဘက်သားများ အားမကောင်းသေးမီ၊ ဓမ္မဘက်သားများ အားမယုတ်သေးမီ၊ အကျင့်ပျက်သမားများ အားမကောင်းသေးမီ၊ အကျင့်ကောင်းသမားများ အားမယုတ်သေးမီ၊ ဓမ္မ နှင့် ဝိနယကို ငါတို့ သင်္ဂါယနာ တင်ကြပါစို့"

"ကောင်းပါပြီ အရှင်ဘုရား"

သင်္ဂါယနာတင်ရန်ကိစ္စကို ရဟန်းအားလုံးက သဘောတူဆန္ဒပေးကြပြီးလျှင်-

"အရှင်ဘုရား၊ သင်္ဂါယနာတင်ရာတွင် ပါဝင်ရွတ်ဆိုမည့် သံဂီတိကာရက ရဟန်းများကိုလည်း အရှင်ဘုရားကိုယ်တော်တိုင် ရွေးချယ်တော်မူပါဘုရား"

ဤသို့ သံဃာတော်အားလုံးက တာဝန်လွှဲအပ်ကြ၏။

ဤတွင် ဂုဏ်မဟာကဿပက -

"ကောင်းပြီ ငါ့ရှင်တို့၊ သင်္ဂါယနာတင်ရာတွင် ပါဝင်ရွတ်ဆိုကြမည့် သံဂီတိကာရက ရဟန်းအရေအတွက်ကို ငါးရာ သတ်မှတ်ကြကုန်အံ့။ ထို သံဂီတိကာရက ရဟန်းများတွင် ပါဝင်ရမည့်ရဟန်းများကို ရွေးချယ်၍ပေးပါအံ့"

ဤသို့ ဝန်ခံပြီးလျှင် သံဂီတိကာရကရဟန်းတစ်ပါး၊ချင်းတစ်ပါး၊ချင်း၏ ဘွဲ့အမည်များကို မိန့်ကြားတော်မူ၏။

အရှင်မြတ်ကြီးရွေးချယ်လိုက်သောရဟန်းများကို လေ့လာကြည့်ပါက ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူ၍မပါ။ ရဟန္တာပုဂ္ဂိုလ်များပင် အားလုံးပါဝင်ခွင့်မရပါချေ။ ရဟန္တာဖြစ်တာချင်း တူသော်ငြားလည်း ပိဋကသုံးပုံကို နှံ့နှံ့စပ်စပ် တတ်ကျွမ်းဉီးပါမှ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့လည်း ရဉီးပါမှ၊ တန်ခိုးအာနုဘော်လည်း ကြီးဉီးပါမှ ပါဝင်ခွင့်ရကြ၏။ ထိုအထဲမှာ သက်ရှိထင်ရှားရှိနေကြသေးသော ဓတဒဂ်ဂုဏ်ထူးဆောင်ရဟန်းများအားလုံး ပါဝင်ကြ၏။

ဤကဲ့သို့ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အရှင်မြတ်များကို ငါးရာမက ရွေးချယ်၍ရနိုင်သော်ငြားလည်း သံဃနာယကအရှင်မြတ်ကြီးက ငါးရာပြည့်အောင် မရွေးချယ်ပေ။ ငါးရာထဲမှ တစ်ပါးချန်လှပ်ကာ ၄၉၉ ပါးကိုသာ ရွေးချယ်၍ တင်ပြပြီးလျှင် –

"ငါ့ရှင်တို့၊ ကျန်သေးသည့် သံဂီတိကာရကတစ်ပါးကိုကား သံဃာများသဘောကျရွေးချယ်ကြရန်ဖြစ်ပေ၏"

ဤသို့ မိန့်ကြားတော်မူကာ နှုတ်ဆိတ်၍ နေတော်မူ၏။

ဤသို့ တစ်ပါးစာ ချန်ထားရခြင်းအကြောင်းကို သက်တော်ကြီး၊ ဝါတော်ကြီးရဟန်းများက သဘောပေါက်ကြ၏။

သင်္ဂါယနာဟူသည်မှာ ဘုရားရှင်၏ ဓမ္မ ဝိနယ ရှိရှိသမျှ ဒေသနာတော်များကို စုပေါင်း၍ ရွတ်ဆိုသော ပွဲတော်ကြီးပင်ဖြစ်၏။ ဤသို့စုပေါင်းရွတ်ဆို၍ အတည်မပြုသေးခင် ဓမ္မနှင့် ဝိနယဒေသနာတော်တစ်ခုချင်းကို သေသေချာချာ စိစစ်ကြရပါဉီးမည်။ အကြားမှား၊ အမှတ်မှားထားသည်တို့ကို ပြုပြင်ကြရပါဉီးမည်။ အချိန်ကာလ၊ နေရာဌာနနှင့်တကွ ကြားနာမှတ်သားခဲ့ရသောပုဂ္ဂိုလ်အထိ ခြေခြေမြစ်မြစ် လေ့လာစိစစ်ကြရပါဉီးမည်။ ဤလိုကိစ္စမျိုးကို ဘုရားရှင်နောက်တော်ပါးက အရိပ်ပမာ လိုက်ပါနေခဲ့သည့် အရှင်အာနန္ဒာလိုပုဂ္ဂိုလ်ကသာ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။ သို့ရာတွင် ထိုအချိန်အထိအောင်ပင်

အရှင်အာနန္ဒာမှာ သေကွပုဂ္ဂိုလ်မျှသာ ဖြစ်နေသေးသဖြင့် အရွေးချယ်ရခက်နေပေသည်။

တစ်ဖက်ကကြည့်ပြန်တော့လည်း သင်္ဂါယနာကိစ္စကြီးအတွက် အချက်အချာအကျဆုံးနေရာက ပါဝင်ဆောင်ရွက်နိုင်သူဖြစ်သဖြင့် အရှင်အာနန္ဒာကို ရွေးချယ်လိုက ရွေးချယ်နိုင်သည်သာ။ သို့ပါလျက် အရှင်မြတ်ကြီးကိုယ်တော်တိုင် မရွေးချယ်ဘဲထားခြင်းမှာ သူတစ်ပါးတို့ စွပ်စွဖွယ်ဖြစ်မည့်အရေးကို ရှောင်လွှဲနိုင်ရန်ဖြစ်ပေသည်။

အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာတို့သည် တစ်ပါးနှင့်တစ်ပါး အလွန်တရာချစ်ကျွမ်းဝင်ကြ၏။ ဣန္ဒြေသိက္ခာ တည်ကြည်ငြိမ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင်က မိမိနှင့် တန်းတူထား၍ မြှောက်စားတော်မူခဲ့သဖြင့် အရှင်မဟာကဿပကို အရှင်အာနန္ဒာက ကြည်ညိုး၏။ ရိသေလေးစား၏။

ထို့အတူပင် ပညာဗဟုသုတပြည့်ဝခြင်း၊ ဘုရားဟောဒေသနာတော်များကို နှုတ်တက်အာဂုံဆောင်ထားနိုင်ခြင်း၊ ဘုရားရှင်နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါပြုစုနိုင်ခြင်းတို့ကြောင့် အရှင်အာနန္ဒာကို အရှင်မဟာကဿပက ကြည်ညိုး၏။ အကျွမ်းတဝင် ခင်မင်ရင်းနှီးစွာ ဆက်ဆံ၏။ ဤသို့ခင်မင်ရင်းနှီး၍ပင် အရှင်အာနန္ဒာအပေါ် ပြောစရာဆိုစရာရှိလာသောအခါ မညာတမ်းပြောဆိုခဲ့၏။ ပြစ်တင်မောင်းမဲစရာရှိလာတိုင်းလည်း 'ဤသူငယ်ကလေးသည် အတိုင်းအရှည်ကို မသိလေစွတကား' ဟု ခပ်နာနာဆိုလေ့ရှိသည်။

ထို့ပြင် အရှင်အာနန္ဒာသည် သကျမင်းမျိုးမှ ပွားမြင်လာခဲ့သူဖြစ်၏။ ဘုရားရှင်၏တစ်ဝမ်းကွဲညီတော်ဖြစ်နေ၏။ ထို့ကြောင့် မျက်နှာလိုက်၍ ရွေးချယ်သည်ဟု အထင်လွဲစရာဖြစ်မလာနိုင်စေရန် အရှင်အာနန္ဒာကို မိမိကိုယ်တိုင်မရွေးချယ်ဘဲ ချန်ထားခဲ့၏။ ဤသို့ချန်ထားပြီးမှ တစ်ပါးစာနေရာလပ်ချန်ထားခြင်းဖြင့် အရှင်အာနန္ဒာအတွက် လမ်းပွင့်ပေးထားပေသည်။

အစည်းအဝေးတက်ရောက်လျက်ရှိသော သံဃာတော်တို့ကလည်း ဤအချက်များကို သဘောပေါက်ကြပါ၏။ သံဃနာယကအရှင်မြတ်ကြီး၏အကျိုးသင့်အကြောင်းသင့် ထောက်ချင့်ထေပန်နိုင်သော နာယကဂုဏ်ကို ယုံကြည်လေးမြတ်ကြပါ၏။ ထို့ကြောင့်လည်း ကိုယ်စားလှယ်ရဟန်းတစ်ပါးမှတစ်ဆင့် သံဃာအားလုံး၏ကိုယ်စား ဤသို့ လျှောက်တင်ကြပေသည်။

အလင်းသစ်စာစဉ်

"အရှင်ဘုရား၊ အရှင်အာနန္ဒာသည် ကျင့်စရာလမ်းမဆုံးသေးသော သေက္ခပုဂ္ဂိုလ်ဖြစ်သော်ငြားလည်း အဂတိလိုက်စားရန် အကြောင်းမရှိပါ။ ချစ်ခြင်း၊ မုန်းခြင်း၊ မိုက်မဲခြင်း၊ ကြောက်ရွံ့ခြင်းတို့ကြောင့် မပြုသင့်သောအမှုများကိုပြုမည် မဟုတ်ပါ။ ဤအရှင်သည် ဘုရားရှင်ထံတော်ပါးမှ ဒေသနာတော်အမြောက်အမြားကို သင်ယူမှတ်သား၍ထားပါသည်။ ထို့ကြောင့် အရှင်အာနန္ဒာကိုလည်း ရွေးချယ်တော်မူပါဘုရား"

သံဃာအားလုံး၏သဘောဆန္ဒကိုရယူ၍ သံဃနာယကအရှင်မြတ်ကြီးက အရှင်အာနန္ဒာကို အမှတ်စဉ်ငါးရာမြောက် သံဂီတိကာရက ရဟန်းအဖြစ် ရွေးချယ်လိုက်ကြောင်း ကြေညာလိုက်သည်တွင် အင်ကြင်းတောတစ်ခုလုံး၌ သာဓုခေါ်သံကြီး ဖုံးလွှမ်းသွားပေသည်။

❑

နူတ်ခွန်းဆက်တရားပွဲ

"အို... ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့၊ သင်တို့သည် အရတော်လေစွတကား။ သင်တို့သည် အရကောင်းလေစွတကား။ သင်တို့မြို့သို့ ကြွရောက်၍ ပရိနိဗ္ဗာန်ပြုတော်မူနိုင်ရေးအတွက် ဘုရားရှင်သည် ပါဝါမြို့မှ ပင်ပန်းကြီးစွာ ကြွရောက်တော်မူလာခဲ့ရ၏။ သုံးဂါဝုတ်မျှကွာဝေးသော ခရီးတာကို နှစ်ဆယ့်ငါးကြိမ်မျှ နားနေပြီးမှ ကြွလာတော်မူခဲ့ရ၏"

အရှင်မဟာကဿပမထေရ်မြတ်ကြီး၏ နူတ်ခွန်းဆက်တရားဖြစ်ပါ၏။

ကုသိနာရုံမြို့မှ ဒကာ၊ ဒကာမအပေါင်းတို့သည် ဝမ်းနည်းဝမ်းသာနှစ်ဖြာ နေလျက် ရှိသေလေးမြတ်စွာ နာကြားလျက်ရှိနေကြ၏။

သူတို့သည် မကြုံစဖူး ထူးထူးကဲကဲ များပြားလှသော သံဃာတော်တို့အား တစ်ဆယ့်ငါးရက်တိုင်တိုင် ဆွမ်းလုပ်ကျွေး၍ လာခဲ့ရ၏။ ဝေယျာဝစ္စအမှုကြီးငယ်များ ပြုစုဆောင်ရွက်၍ ပေးလာခဲ့ကြရ၏။ ဤယနေ့ ဤအကြိမ် ဆွမ်းဆက်ကပ်ရခြင်းကား နောက်ဆုံးအကြိမ်ဖြစ်ပေသည်။ တရားပွဲပြီးဆုံးသည်နှင့် ဆိုင်ရာဆိုင်ရာကို ကြွသွားကြပေတော့မည်။ ထို့ကြောင့်ပင် ဆွမ်းလုပ်ကျွေးရင်းဝမ်းသာ၍ ဆွမ်းလုပ်ကျွေးရင်းပင် ဝမ်းနည်းခြင်းဝေဒနာများ ခံစား၍နေကြရ၏။ ဆွမ်းကိစ္စများပြီးစီး၍ ဆွမ်းအနမောဒနာတရားနာရသည်အထိ ထိုဝေဒနာများက တစ်လှည့်တစ်ကြိမ်စီ လွှမ်းမိုးလျက်သာ ရှိနေကြပေသည်။

"အို... ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့။ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ စသော မြို့ကြီးများကို သစ်ပင်၏ပင်စည်နှင့် နှိုင်းခိုင်းပါလျှင် သင်တို့၏ ကုသိနာရုံမြို့ကလေးသည် သစ်ကိုင်းသစ်ခက်လောက်သာ ရှိဘိ၏။ မြို့မျက်နာပြင်ကလည်း မညီမညွတ်ရှိဘိ၏။

အလင်းသစ်တပေ

သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ စသော မြို့ကြီးများ၌ ဘုရားရှင်ကို ကြည်ညိုဆည်းကပ်နေကြသည့် ချမ်းသာကြွယ်ဝသည့် မင်းမျိုးမင်းနွယ်များ၊ ဗြဟ္မဏနွယ်ဖွား သူဌေးကြီးများ၊ ကုန်သည်ပွဲစား သူဌေးကြီးများ ရှိနေကြ၏။

ထိုကဲ့သို့သော မြို့ကြီးပြကြီးတွေ၊ သူဌေးကြီးတွေ ရှိနေပါလျက် ဤကုသိနာရုံမြို့ကလေးသို့ ဘုရားရှင်ကြွရောက်လာရခြင်းသည် အကြောင်းသုံးရပ်ကြောင့် ဖြစ်ပေသည်။

အို... ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့၊ သင်တို့၏ကုသိနာရုံမြို့ကလေးသည် ယခုအချိန်တွင် မြို့ငယ်ကလေးဖြစ်နေသော်ငြားလည်း ငါတို့၏ဘုရားရှင်အလောင်းတော် မဟာသုဒဿနစကြာမင်းကြီးလက်ထက်တုန်းကမူ အလွန်တရာကြီးကျယ်ခမ်းနားသည့် မြို့တော်ကြီးဖြစ်ခဲ့ဖူး၏။ ကုသာဝတီအမည်ဖြင့် မဟာသုဒဿနစကြာမင်းကြီး၏ နေပြည်တော် ဖြစ်ခဲ့ဖူး၏။ ထိုကဲ့သို့ မဟာသုဒဿန စကြာမင်းကြီးဖြစ်ခဲ့စဉ်က စံစားခံစားခဲ့ရပုံအကြောင်းစုံကိုဟောကြားနိုင်ရန် သင်တို့မြို့သို့ ဘုရားရှင် မရောက်ရောက်အောင် အားခဲ၍ကြွလာတော်မူခဲ့ရ၏။

နောက်တစ်ကြောင်းမှာကား ဘုရားရှင်၏နောက်ဆုံးမျက်မှောက်တပည့် သုဘဒ္ဒပရိဗိုဇ်သည် ဤမြို့သို့ ဘုရားရှင်ကြွရောက်လာမှသာ ဘုရားရှင်နှင့်တွေ့ဆုံ၍ ကျွတ်တမ်းဝင်မည်ဖြစ်၏။ ထို့ကြောင့်လည်း ဘုရားရှင်သည် မရောက်ရောက်အောင် အားခဲ၍ကြွလာတော်မူခဲ့ရ၏။

တတိယမြောက် နောက်ဆုံးအကြောင်းမှာကား ဓာတ်တော်ဝေခြမ်းရေးနှင့် သက်ဆိုင်နေ၏။ အခြားနေရာများတွင် ပရိနိဗ္ဗာန်ပြုတော်မူပါက ကြွင်းကျန်ရစ်သည့် ဓာတ်တော်များကို ဝေခြမ်းရာတွင် နိုင်နိုင်နင်းနင်းဖျန်ဖြေပေးသူမရှိသဖြင့် သွေးချောင်းစီးမျှ တိုက်ခိုက်ကြပေလိမ့်မည်။ ဤကုသိနာရုံမြို့တွင်ကား ဇမ္ဗူဒိပ်တစ်ဝန်းလုံးရှိ မင်းပုဏ္ဏားအားလုံး၏ဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီးရှိနေ၏။

ဓာတ်တော်ရရှိရေးအတွက် ခုနစ်ပြည်တော်မင်းအပေါင်းတို့ စစ်တပ်ကြီးများ ချီတက်လာကြရာတွင် ဒေါဏပုဏ္ဏားကြီးက စစ်မတိုက်ကြရအောင် ဖျန်ဖြေကာ ဓာတ်တော်များ ခွဲဝေပေးခဲ့သည်ကို ဒကာ၊ ဒကာမများကိုယ်တိုင် တွေ့ကြရ၊ မြင်ကြရပြီဖြစ်၏။ ဤအရေးကိုကြိုတင်၍ သိမြင်တော်မူသဖြင့် ဘုရားရှင်သည် ဤမြို့သို့ မရောက်ရောက်အောင် ကြွလာတော်မူရ၏။ ထို့ကြောင့်ပင် သင်တို့သည် အရတော်ကြပေကုန်၏။ သင်တို့သည် အရကောင်းကြပေကုန်၏။

အလင်းသစ်စာပေ

အို ... ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့၊ ဤယနေ့မှာပင် ဤအင်ကြင်းတောအတွင်းမှ သံဃာတော်များ ကြွသွားကြတော့မည်ဖြစ်၍ သင်တို့ ဝမ်းနည်းနေကြပုံရ၏။ သို့ရာတွင် သင်တို့၏ဝမ်းနည်းခြင်း ဝေဒနာသည် ထာဝစဉ်တည်ရှိနေမည်မဟုတ်ပါ။ ဤအင်ကြင်းတောအတွင်းက ညောင်စောင်းပေါ်မှာပင် ဘုရားရှင်က သံဝေဇနိယလေးဌာနကို ဟောကြားတော်မူခဲ့၏။

သံဝေဇနိယဟူသည်မှာ သာသနာတော်ကို ကြည်ညိုလေးစားသည့် အမျိုးကောင်းသားတို့ အစုအဝေးဖြင့် လာရောက်ကြည်ညိုရာ၊ သံဝေဂဉာဏ်ပွားများရာအရပ်ဌာနဖြစ်၏။ အလောင်းတော်မင်းသား ဖွားမြင်ရာ လုမ္ဗိနီသာမောအင်ကြင်းတောသည် ပထမသံဃေနိယဌာနဖြစ်၏။ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်တော်ကြီးရရှိရာ မဟာဗောဓိပင်သည် ဒုတိယသံဃေနိယဌာနဖြစ်၏။ ဣသိပတနမိဂဒါဝုန်တောအတွင်းက ဓမ္မစက်ကြာဒေသနာဟောကြားရာဌာနသည် တတိယသံဃေနိယဌာန ဖြစ်၏။ ယခု ဤနေရာ၊ ဤဌာနသည်ကား စတုတ္ထမြောက် သံဃေနိယဌာနဖြစ်၏။

အို ... ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့၊ သင်တို့ ဝမ်းမြောက်ကြကုန်လော့။ သင်တို့ နှစ်သက်ရွှင်လန်းကြကုန်လော့။ သင်တို့၏အင်ကြင်းတောသည် သံဃေနိယလေးဌာနတွင် အပါအဝင်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းသံဃာများသည် အစုလိုက်အဝေးလိုက် ကြွရောက်လာကြပေလိမ့်မည်။ သံဃဂဉာဏ်ပွားများကြပေလိမ့်မည်။ ထိုအခါ သင်တို့သည် ယခုကဲ့သို့ပင် ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်နိုင်ကြပေလိမ့်မည်။

ယခုလောလောဆယ်တွင်ကား ငါတို့သည် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ရန်အလို့ငှာ ရာဇဂြိုဟ်မြို့တော်သို့ သွားကြကုန်အံ့။ ရာဇဂြိုဟ်မြို့တော်ဝန်းကျင်၌ ကျောင်းတိုက်ပေါင်း တစ်ဆယ့်ရှစ်တိုက်မျှ ရှိနေကြသဖြင့် သင်္ဂါယနာတင်သံဃာတော်များအတွက် နေစရာထိုင်စရာ ပြည့်စုံ၏။ ဆွမ်းခံရာနယ်ပယ်ကလည်း ကျယ်ဝန်း၏။ ထို့ကြောင့်လည်း ရာဇဂြိုဟ်မြို့ကို ငါတို့များ ရွေးချယ်ခဲ့ကြခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ကုသိနာရုံမြို့မှား သင် ဒကာ၊ ဒကာမအပေါင်းသည် မမေ့မလျော့သော သတိရားဖြင့် ကုသိုလ်ကောင်းမှုအစုစုကို ပြုစုနိုင်ကြပါစေကုန် သတည်း"

အလင်းသစ်တပေ

အရှင်မြတ်ကြီး၏တရားအချတွင် အင်ကြင်းတောတစ်ခွင်လုံးတွင် သာဓု သံများ ဖုံးလွှမ်းသွားပေသည်။

ကုသိနာရုံမြို့သူမြို့သား များ၏ လက်အုပ်ဖူးငုံ ကြာပဒုံတို့၏ရှေ့မှနေ၍ အရှင်မဟာကဿပသည် ထက်ဝက်မျှသော သံဃာတော်များကိုဦးဆောင်၍ ကြွသွား၏။ အရှင်အနုရုဒ္ဓါသည်လည်း ထက်ဝက်မျှသောသံဃာတော်များကို ဦးဆောင်ကာ ရာဇဂြိုဟ်မြို့ဟော်သို့ ဦးတည်ကြွမြန်း၏။ ထို့အတူပင် အရှင်အာနန္ဒာသည်လည်း မိမိ၏တပည့်ရဟန်းများကို ဦးဆောင်ကာ ဇေတဝန်ကျောင်းတော်ကြီး တည်ရှိရာ သာဝတ္ထိမြို့တော်ဆီသို့ ဦးတည်ကြွမြန်း၏။

ကဆုန်လပြည့်နေ့မှသည် ယခု လကွယ်နေ့အထိ တွေ့ကြုံဆုံစည်းခဲ့ရသော ဤအဖြစ်သနစ်များကို ကုသိနာရုံမြို့သူမြို့သား တို့သည် ရာသက်ပန်သတိရ၍ နေကြပေမည်တည်း။

❑

အလင်းသစ်စာပေ

မျက်ရည်လွှမ်းသည့်လမ်းတစ်လျှောက်

ဘုရားရှင်၏နောက်တော်ပါးမှ ဖဝါးခြေထပ်လိုက်ပါ၍ ပြုစုလုပ်ကျွေးလာခဲ့သော အရှင်အာနန္ဒာသည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက်မှာလည်း သူတာဝန်ဝတ္တရားတို့မှအနားမယူနိုင်သေးပါ။ ဘုရားရှင်၏နှစ်ထပ်သင်္ကန်းကြီးကို ယခင်ကအတိုင်းပင် သူ့ပခုံးပေါ်မှာ တင်လာခဲ့၏။ ဘုရားရှင်၏သပိတ်တော်ကို ယခင်ကအတိုင်းပင် လွယ်လာခဲ့၏။

ဤသို့ပြုနေကျတာဝန်ဝတ္တရားတို့ကို ဆက်လက်၍ပြုလုပ်လာခဲ့ရသဖြင့် စံတ်ထဲမှာ သက်သောင့်သက်သာရှိလာပါ၏။ သို့ရာတွင် ရောက်လေရာရာမြို့ရွာနယ်ပယ်တို့မှ ဒကာ၊ ဒကာမများက ဆီးဖျဆီးဖျ ငိုလိုက်ကြသောအခါ မိမိပါရော၍ မျက်ရည်မကျမိအောင် ကြိတ်မှိတ်အောင့်အည်း၍ ထားရပေသည်။

"အို... အရှင်အာနန္ဒာ၊ မြတ်စွာဘုရားကို ဘယ်မှာထားခဲ့ပြီး အရှင်ဘုရားတို့ ကြွလာကြပါသလဲ။ ယခင်အခေါက်များတုန်းက ယခုလို သံဃာတန်းကြီးကြွလာပြီဆိုလျှင် ရှေ့ဆုံးက မြတ်စွာဘုရားကိုယ်တော်တိုင် ပါလာသည်ကို အားပါးတရမှုးမြင်ကြရပါ၏။ ယခုတော့ သပိတ်တော်နှင့် သင်္ကန်းတော်တို့သာ ပါလာပါပေါ့ကလား"

"အို ... အရှင်အာနန္ဒာ၊ ယခင်တုန်းကဆိုပါလျှင် အရှင်ဘုရားပင်လျှောက်သည့်နေရာတိုင်းသို့ မြတ်စွာဘုရားလိုက်ပါကြွရောက်တော်မူခဲ့ပါ၏။ ယခုတော့ မြတ်စွာဘုရား ကြွတော်မူလာအောင် အရှင်ဘုရား မပင့်နိုင်တော့ပါကလား"

ဗိမိကိုမှုးမြင်ရ၍ ဝမ်းသာသည်က တစ်ဖက်၊ ဘုရားရှင်ကို မမှုးမြင်ရ၍ ဝမ်းနည်းရသည်က တစ်ပုံ၊ နှစ်မျိုးနှစ်ပုံသောဝေဒနာတို့ဖြင့် ရိုက်ကြိုးတင်ငိုကြွေး

အလင်းသစ်တေး

ကြ၏။ အရှင်အာနန္ဒာ၏ ခြေအစုံကို မျက်ရည်စက်များဖြင့် သွန်းလောင်းကြ၏။

ကုသိနာရုံတုန်းက မကြာခဏငိုလာခဲ့ရသော အရှင်အာနန္ဒာသည် ယခုတော့ ငိုချင်စိတ်များကို မျိုသိပ်၍ထားရ၏။ ဤဒကာနှင့် ဤသံဃာတို့ ဆုံစည်းကြရာတွင် မိမိက ဦးစီးခေါင်းဆောင်ဖြစ်နေပေပြီ။ မိမိမှာ တာဝန်အပြည့် ရှိနေပေပြီ။ ဤသို့သောအသိဖြင့် စိတ်သက်သာရာ ရရာရကြောင်း တရားစကားများ ဟောပြရ၏။

"အို ... ဒကာ၊ ဒကာမအပေါင်းတို့၊ မြတ်စွာဘုရားကိုယ်တော်တိုင်က သင်တို့ကို မကြာခဏ ဟောပြခဲ့သည်မဟုတ်ပါလော။ ချစ်ခင်အပ် မြတ်နိုးအပ်သော သူများနှင့် ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း ကွဲကြရမည်။ ဖောက်လွဲဖောက်ပြန်ဖြစ်ကြရမည်ဟု သတိပေးတော်မူခဲ့သည်မဟုတ်ပါလော။

အို ... ဒကာ၊ ဒကာမအပေါင်းတို့၊ ဖြစ်သဘောရှိ၍ ပျက်သဘောရှိနေသော သခါရတရားအစုကို မပျက်ပါစေနှင့်ဟူ၍ ဆုတောင်း၍မရနိုင်ပေ။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အနိစ္စတရားထဲတွင် မြတ်စွာဘုရားကိုယ်တော်တိုင်လည်း အပါအဝင်ဖြစ်ပေသည်"

ဖျောင်းဖျောင်းဖျဖျ တရားချရင်း အသင့်ရှိပြီးသော ကျောင်းတိုက်တာများသို့ ဝင်ရောက်နားခိုကြရ၏။ ဒကာ၊ ဒကာမများ နေသာထိုင်သာရှိကြစေရန် နှစ်ရက်တန်သည်၊ သုံးရက်တန်သည် နေပေးရ၏။

ဤသို့ဖြင့် ခရီးစဉ်အတိုင်း ဖြည်းဖြည်းသာသာ လျှောက်လာခဲ့ကြရာ တစ်လနီးပါးကြာမှ သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်ရပေတော့သည်။

သာဝတ္ထိမြို့တော်ကြီးတွင်ကား တပည့်သာဝကအများဆုံး ဖြစ်ပေရာ အကြီးကျယ်ဆုံးသောငိုပွဲကြီး ဆင်နွှဲရာဌာနလည်း ဖြစ်ပါပေ၏။

ဧတဝန်ကျောင်းတော်သို့ အုံလိုက်ကျင်းလိုက် ရောက်လာကြသော ပရိသတ်တို့အား အရှင်အာနန္ဒာသည် လမ်းတစ်လျှောက်ဟောကြားလာခဲ့သည့် အနိစ္စတရားဖြင့် စိတ်သက်သာရာရစေ၏။ နေ့လယ်ခင်းကတည်းက တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသော ပရိသတ်များကလည်း ညနေစောင်းသည်အထိ ဝင်လာမစဲ တသဲသဲသာ ရှိနေကြပါသေး၏။

ထိုအချိန်မှာပင် အရှင်အာနန္ဒာသည် ဂန္ဓကုဋီတိုက်ဆီသို့ ရောက်လာတော့၏။ နောက်ပါရဟန်းများသည် ကျောင်းဆောင်အသီးသီးတွင် တံမြက်

လှည်းခြင်း၊ ဖုန်ခါခြင်း စသဖြင့် နေရာထိုင်ခင်းပြင်ဆင်နေကြ၏။ ဘုရားရှင်သီတင်းသုံးတော်မူခဲ့သည့် ဂန္ဓကုဋ္ဌိတိုက်ကိုကား ဘယ်သူမျှ မဖွင့်ရဲကြသဖြင့် အရှင်အာနန္ဒာကိုယ်တော်တိုင် ဖွင့်ရပေသည်။

ဤနေရာမှ ထွက်လာခဲ့ကြကတည်းက ပိတ်နေခဲ့သော ဂန္ဓကုဋ္ဌိတိုက်သည် ယခုမှ ပွင့်လာရတော့၏။ အရှင်အာနန္ဒာသည် ဂန္ဓကုဋ္ဌိတိုက်ထဲမှာ အမျှင်တန်းနေသည့် ပိုးမျှင်ဟောင်းတို့ကို တံမြက်စည်းဖြင့် ရှင်းလင်း၏။ ပန်းအိုးထဲက ပန်းပွင့်ခြောက်များကို အမှိုက်တောင်းထဲမှာ ထည့်လိုက်၏။ အောက်ခံအခင်းပေါ်က ဖုန်များ၊ အမှုန်များကို မြက်တံမြက်စည်းဖြင့် လှည်းထုတ်ရ၏။ ဘုရားရှင်ကျိန်းစက်ရာ ညောင်စောင်းပေါ်က အခင်းများကို ဖုတ်ဖက်ခါပြီး နေသားတကျ ပြန်ခင်း၏။ ထို့နောက် ဘုရားရှင်၏သပိတ်တော်နှင့် ဒုကုဋ္ဌသင်္ကန်းတို့ကို ထားမြဲနေရာမှာ ထားလိုက်၏။

ဤသို့ ပြုလုပ်နေကျ ဝေယျာဝစ္စအမှုများပြုလုပ်နေခိုက်တွင် နေသာထိုင်သာရှိပါသေး၏။ ဂန္ဓကုဋ္ဌိတိုက်နားထိအောင် လိုက်လာကြသော ဒကာ၊ ဒကာမများအား နှစ်သိမ့်အားပေး တရားဟောကြားခိုက်တွင် ဣန္ဒြေဆောင်၍ ရပါသေး၏။ ညနေစောင်း၍ နေလုံးနီနီကြီး နိမ့်ကျလာသည့်အချိန်၊ ဘုရားရှင်တစ်ပါးတည်း ကျိန်းစက်ရာမှ ထတော်မူလာသည့်အချိန်၊ ထိုအချိန်ရောက်လျှင်ကား အရှင်အာနန္ဒာ ဣန္ဒြေဆောင်နိုင်စွမ်းမရှိတော့ပါပြီ။ ဘုရားရှင်အတွက် ကပ်နေကျ သောက်တော်ရေခွက်ဝယ် သောက်ရေအေးအေး အပြည့်ထည့်ကာ လက်နှစ်ဖက်ဖြင့် ရှိသေစွာသယ်ဆောင်လျက် ညောင်စောင်းရှိရာ ချဉ်းကပ်လာတော့၏။ ညောင်စောင်းနားတွင် ဒူးတုပ်ထိုင်ကာ 'သောက်... သောက်တော်ရေ သုံးဆောင်တော်မူပါဘုရား' ဟု ဆက်ကပ်လေတော့၏။

နေညိုညို ညနေချမ်းတွင် သောက်တော်ရေဆက်ကပ်သူက ကပ်မြဲတိုင်း ဆက်ကပ်နေပါ၏။ သို့ရာတွင် ထိုသောက်တော်ရေကိုခံယူမည့်သူကား မရှိတော့ပါပြီ။ ဤတွင်မှ အရှင်အာနန္ဒာသည် ညောင်စောင်းဘောင်တွင် နဖူးတင်ကာ ချုပ်တည်းထားခဲ့လေသမျှ မျက်ရည်အားလုံးကို သွန်ချလိုက်ရပေတော့သည်။

❑

အလင်းသစ်စာပေ

သာသနာ့အခြေခံတရားသုံးပါး

အရှင်အာနန္ဒာကြွလာသဖြင့် ဧတဝန်ကျောင်းတော်သို့ သွားရောက်တွေ့ဆုံကြသောသူများတွင် သုဘလုလင်ကား မပါဝင်ပေ။

သုဘလုလင်သည်ကား သာဝတ္ထိမြို့တော်နှင့် မနီးမဝေးမှာရှိသော တုဒိရွာစားပုဏ္ဏားကြီး၏ သားဖြစ်၏။ ဖခင်ပုဏ္ဏားကြီး ကွယ်လွန်သောအခါ ရွာစားအရာကို ဆက်ခံရ၏။ ထိုအချိန်တွင်ကား သုဘလုလင်သည် အလုပ်ကိစ္စတစ်ခုဖြင့် အပိုင်စားရသောရွာမှထွက်ကာ သာဝတ္ထိမြို့တော်မှာ နေထိုင်လျက်ရှိပေသည်။

သာဝတ္ထိမြို့သူမြို့သား‌တွေ အုပ်လိုက်သင်းလိုက် ဧတဝန်ကျောင်းတော်သို့သွားနေကြသည်ကို ကြည့်ရှုကာ သူသည် အခြေအနေမှန်ကို ဝေဖန်သုံးသပ်မိ၏။ ဧတဝန်ကျောင်းတော်သို့ ပရိသတ်တွေ ဤမျှလောက် သွားနေကြလျှင် အရှင်အာနန္ဒာနှင့် မိမိတို့ အေးအေးဆေးဆေး စကားပြောခွင့်ရမည်မဟုတ်။ မိမိသိလိုရာအချက်များကိုလည်း မေးခွန်းရမည်မဟုတ်ပေ။ မိမိအိမ်သို့ အရှင်အာနန္ဒာကြွလာပါလျှင်ကား အေးအေးဆေးဆေး စကားပြောခွင့်ရနိုင်ပေလိမ့်မည်။ သိလိုရာအချက်များကို မေးလျှောက်ခွင့်ရပေလိမ့်မည်။

ဤသို့ဝေဖန်သုံးသပ်ကာ နောက်တစ်နေ့ ညနေခင်းတွင် အိမ်တွင်းအလုပ်သမားလုလင်တစ်ယောက်ကို ဧတဝန်ကျောင်းတော်ဘက်သို့ စေလွှတ်လိုက်၏။ ထိုလုလင်သည် အရှင်အာနန္ဒာထံ ဝင်ရောက်၍ ဦးခိုက်ရှိခိုးပြီးလျှင် –

“အရှင်ဘုရား၊ တုဒိရွာစားပုဏ္ဏားကြီး၏သား သုဘလုလင်က အရှင်ဘုရား၏ မာကြောင်းသာကြောင်းကို မေးမြန်းလိုက်ပါ၏။ ဤသို့လည်း စကားပါးလိုက်ပါသေး၏။ သုဘလုလင်အား သနားသောအားဖြင့် သူ၏အိမ်သို့ အရှင်အာနန္ဒာ ကြွလာစေချင်ပါသတဲ့ဘုရား” ဟု လျှောက်ထား၏။

ဤတွင် အရှင်အာနန္ဒာက –

"လုလင်၊ ယနေ့မှာကား အချိန်မရှိတော့ပြီ။ ငါသည် ယနေ့ ဆေး သောက်ထားပေသည်။ နက်ဖြန်ခါဆိုလျှင်ကား အချိန်အခါနှင့် အခွင့်သင့်မသင့် တွက်ဆကာ လာနိုင်ကောင်း လာနိုင်ပေရာ၏"

ဤသို့ မတင်မကျစကားဖြင့် လက်ခံလိုက်၏။

အရှင်အာနန္ဒာသည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်အချိန်မှစ၍ တွေ့လာဆုံလာကြသည့် ဒကာ၊ ဒကာမများအား တရားစကားများဖြင့် အားပေး နှစ်သိမ့်၍လာခဲ့ရာ ဣရိယာပုတ်မမျှမတဖြစ်ခဲ့၏။ ထို့ကြောင့် သွေးလမ်းလေလမ်း မမှန်။ အစာလမ်းကြောင်းတို့လည်း မမှန်တော့၍ မအီမသာ ဝေဒနာခံစားလာရ၏။ ထိုဝေဒနာ၊ ထိုရောဂါကို ပယ်ဖျောက်နိုင်စေရန် ဝမ်းသက်စေတတ်သောဆေး များ သောက်ထားရခြင်းဖြစ်ပေသည်။

ထိုညမှာပင် ဆေးစွမ်းပြကာ ဝမ်းစင်စင်သွားလိုက်ရ၏။ ထို့ကြောင့် အရှင် အာနန္ဒာသည် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြစ်လာပြီး နောက်တစ်နေ့ နံနက်တွင် စေတတိုင်းသားရဟန်းတစ်ပါးကို နောက်ပါခေါ်ကာ သုဘလုလင်၏ အိမ်သို့ ကြွရောက်ပေသည်။

အရှင်အာနန္ဒာတို့အား သုဘလုလင်သည် အသင့်ခင်းထားသောနေရာ သို့ ပင့်ဆောင်ပြီးလျှင် ညနေခင်းက သောက်ထားခဲ့သည့်ဆေးနှင့် သင့်လျော်ရာ ဆွမ်းခဲဖွယ်များ ဆက်ကပ်၏။

ဆွမ်းကိစ္စများပြီးစီးသောအခါတွင်ကား သူ့စိတ်ထဲမှာ မရှင်းမလင်းရှိနေ သည့်အချက်များကို မေးလျှောက်၏။

"အရှင်အာနန္ဒာဘုရား၊ အရှင်ဘုရားသည် ထိုအရှင်ဂေါတမအား နှစ်ရှည် လများ ပြုစုလုပ်ကျွေးလာခဲ့သူဖြစ်ပါ၏။ အနီးပါးမှာ ထာဝစဉ်နေထိုင်လာခဲ့ပါ၏။ ထို့ကြောင့် အရှင်ဂေါတမချီးကျူးသောတရားကိုလည်း အရှင်ဘုရားသိပါလိမ့် မည်။ လူအပေါင်းကို ကောင်းစွာဆောက်တည်စေရန် အရှင်ဂေါတမညွှန်ပြရာဌာန တို့ကိုလည်း အရှင်ဘုရား သိပါလိမ့်မည်။ ထို့ကြောင့် အရှင်ဘုရားကို မေးမြန်း ပါရစေ။ အရှင်ဂေါတမသည် အဘယ်တရားတို့ကို ချီးမွမ်းတော်မူပါသနည်း။ လူအပေါင်းကို အဘယ်တရားတို့၌ ဆောက်တည်စေပါသနည်း"

ဤကား သုဘလုလင် နှုတ်အားဖြင့် ဖွင့်လျှောက်ထားချက်များဖြစ်၏။ နှုတ်မြွက်ရာတွင် မပါ၊ သူ့စိတ်ထဲမှာဖြစ်ပေါ်နေသည့်အခြင်းအရာက ဤသို့ဖြစ်၏။

"အရှင်ဂေါတမသည် တပည့် ဒကာ၊ ဒကာမ အပေါင်းအား ဆောက်တည်ရန် လမ်းညွှန်ရာတရားတို့သည် ရှိတုန်းကရှိခဲ့ကြသည်မှန်ပါ၏။ ယခုသော်ကား ထိုတရားတို့ကို ဟောကြားခဲ့သည့်အရှင်ဂေါတမ မရှိတော့ပြီ။ ထို့ကြောင့် ဒကာ၊ ဒကာမများ ဆောက်တည်ရန် အရှင်ဂေါတမညွှန်ပြရာတရားတို့သည် ရှိမှရှိကြသေးပါသလော။ အကယ်၍ ရှိနေသေးလျှင် အရှင်အာနန္ဒာ သိပါလိမ့်မည်"

ဤသည်ကား သုဘလုလင်၏စိတ်ထဲမှာ စူးဝင်နေသည့် သံသယဆူးတစ်ချောင်းဖြစ်ပေသည်။

ထိုဆူးတစ်ချောင်းကို အရှင်အာနန္ဒာက ကရဏာရှေ့ထားမေတ္တာအားဖြင့် ပယ်နုတ်၍ပေးလိုသဖြင့် –

"လုလင်၊ ငါတို့ဆရာ မြတ်စွာဘုရားသည် အရိယာဖြစ်ကြောင်း သီလဂုဏ်၊ အရိယာဖြစ်ကြောင်း သမာဓိဂုဏ်၊ အရိယာဖြစ်ကြောင်း ပညာဂုဏ်တို့ကို ချီးကျူးတော်မူလေ့ရှိ၏။ လူအပေါင်းအား ထိုဂုဏ်သုံးပါးတို့၌ ဆောက်တည်ရန် ဟောကြားတော်မူလေ့ရှိပေ၏"

ဤသို့ဖြေကြားခြင်းဖြင့် ဒကာ၊ ဒကာမများ ဆောက်တည်ရန် ဘုရားရှင်ညွှန်ပြရာတရားတို့သည် ဓကန်အားဖြင့် ရှိနေကြပါသေးသည်။ ထိုတရားတို့ကို မိမိ ဓကန်သိပါသည်ဟု အရှင်အာနန္ဒာက ဖြေဆိုပြီးဖြစ်သွားပေသည်။

သုဘလုလင်သည် ထိုဖြေကြားချက်ကို နှစ်သက်လှကာ ထိုတရားသုံးပါးတို့ကို အကျယ်အားဖြင့် ကြားနာလိုသဖြင့် –

"အရှင်ဘုရား၊ ထိုတရားသုံးပါးတို့တွင် အရိယာဖြစ်ကြောင်း သီလဂုဏ်ဟူသည်ကား အဘယ်ပါနည်း"

ဤမေးလျှောက်ချက်အရ အရှင်အာနန္ဒာကလည်း အကျယ်အားဖြင့် ဟောကြား၏။ ဤလောက၌ အရဟံအစ ဘဂဝါအဆုံး၊ ကိုးပါးသောဂုဏ်အလုံးစုံနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာပုံ၊ အစ အလယ်အဆုံး သုံးပါးသောကောင်းခြင်းနှင့်ပြည့်စုံသောတရားတော်ကို ဟောကြားကာ ထက်ဝန်းကျင်မှ စင်ကြယ်သော သာသနာတော်ကြီးတည်ထောင်ပုံ၊ ထိုတရားတော်ကို ကြားနာရသဖြင့် အမျိုးကောင်းသားတစ်ယောက် သာသနာ့ဘောင်ဝင်ရောက်၍လာပုံနှင့် ထိုသာသနာ့ဝန်ထမ်းရဟန်းက အငယ်စား၊ အလတ်စား၊

အကြီးစားသီလတို့ကို ကျင့်သုံးဆောက်တည်ပုံတို့ကို ဗြဟ္မဇာလသုတ်၌ ဘုရားရှင်ဟောတော်မူခဲ့သည့်အစီအစဉ်အတိုင်း ဟောကြား၏။

ထို့နောက် သုဘလုလင်က သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့ကို ဆက်လက်၍မေးလျှောက်လေရာ အရှင်အာနန္ဒာကလည်း ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အစီအစဉ်အတိုင်း သိသာမြင်သာအောင် အသီးသီးသောဥပမာတို့ကိုဆောင်၍ အကျယ်တဝင့်ဟောကြားပေသည်။

ဤသို့အားဖြင့် သာသနာ့အခြေခံတရားသုံးပါးတို့ကို အားပါးတရကြားနာလိုက်ရသဖြင့် သုဘလုလင်သည် ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်သည့် ဥပါသကာတစ်ယောက်အဖြစ်ကို ဝန်ခံလျှောက်ထားပေသည်။

(သီလက္ခန္ဓဝဂ်၊ သုဘသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)



အလင်းသစ်စာပေ

ခေါင်းမွေးဖြူသည့်သူငယ်ကလေး

သာဝတ္ထိမြို့တော်ကို လာစဉ်တုန်းက ဖြည်းဖြည်းသက်သာ ကြွလာခဲ့သော အရှင်အာနန္ဒာသည် သာဝတ္ထိမြို့တော်မှ ပြန်ထွက်လာချိန်တွင်ကား ခရီးတွင်အောင် ကြိုးစားရတော့၏။

လာစဉ်တုန်းက လမ်းခရီးတစ်လျှောက်မှာ ဒကာ၊ ဒကာမတို့ကို ငဲ့ညှာရသဖြင့် တစ်လနီးပါးမျှ အချိန်ပေးခဲ့ရ၏။ ထို့နောက် သာဝတ္ထိမြို့တော်တစ်ခုလုံးမှ ဒကာ၊ ဒကာမတို့ စိတ်ကျေနပ်ရုံနေပေးလိုက်ခြင်းဖြင့် နယုန်လကုန်၍ ဝါဆိုလထဲ ရောက်သွား၏။ မကြာမီ ဝါဆိုလပြည့်နေ့တွင် ရာဇဂြိုဟ်သို့ အရောက်သွားရပေလိမ့်မည်။ လမ်းခရီးတစ်လျှောက်ရှိ မြို့ရွာများမှ ဒကာ၊ ဒကာမများသည်လည်း ယခုလောက်ဆိုလျှင် အခြားအခြားသောမထေရ်ကြီးများ၏တရားကို နာကြားရသဖြင့် စိတ်သက်သာရာရလောက်ကြပေပြီ။

နေဝင်ရာအရပ်၌ ညအိပ်ရပ်နားကာ ကြံ့ကြိုက်သည့်မြို့ရွာ၌ ဆွမ်းခံစားပြီး ခပ်မြန်မြန် လျှောက်လာကြသဖြင့် ရာဇဂြိုဟ်မြို့တော်နှင့် မလှမ်းမကမ်းသို့ နှစ်ရက်ခန့် ကြိုတင်၍ ရောက်လာကြ၏။ ဤတွင် အရှင်အာနန္ဒာသည် ဝါမဆိုမီမိမိ၏ဒကာ၊ ဒကာမများနှင့် တွေ့ဆုံနိုင်ရန် ဒက္ခိဏာဂိရိရွာကြီးသို့ တစ်ညတာမျှ ဝင်ရောက်ရပ်နား၏။ ဤသို့ရပ်နားမိ၍ပင် အရှင်မဟာကဿပ၏ကြိမ်းမောင်းစရာဖြစ်သွားရပေတော့သည်။

ဒက္ခိဏာဂိရိရွာသူရွာသားတို့သည် အရှင်အာနန္ဒာအား ကြည်ညိုဆည်းကပ်သူများဖြစ်ကြ၏။ ထို့ပြင် ဘုရားရှင်ကိုလည်း မကြာခဏာ ဖူးမြင်လိုကြ၏။ ထို့ကြောင့် သူတို့သည် အရှင်အာနန္ဒာနှင့် ပိုမို၍ရင်းနှီးခွင့်ရအောင် သူတို့၏သားများကို အရှင်အာနန္ဒာထံအပ်၍ သာသနာ့ဘောင် သွတ်သွင်းပေးခဲ့ကြ၏။

အလင်းသစ်စာပေ

ထိုရဟန်းငယ်များသည်ကား လူကြီးမိဘတို့ဆန္ဒကို လိုက်လျော၍သာသာသနာ့ဘောင် ဝင်ရောက်လာကြခြင်းဖြစ်၏။ သူတို့အနေနှင့်ကား စိတ်အားထက်သန်ကြသည်မဟုတ်ပေ။ ထို့ကြောင့်လည်း ထိုရဟန်းငယ်ကလေးများမှာ ရဟန်းတရားကြိုးစားအားထုတ်မှုဌ် လျော့ရဲရဲသာဖြစ်နေခဲ့ကြ၏။

ရဟန်းငယ်ကလေးတို့၏ နေပုံထိုင်ပုံ၊ ကျင့်သုံးပုံအချို့မကျသဖြင့် ဘုရားရှင်ကိုယ်တော်တိုင်ကပင် သူတို့ဆရာ အရှင်အာနန္ဒာအား သတိပေးတော်မူခဲ့ရ၏။ ရာဇဂြိုဟ်မြို့တော်မှ နောက်ဆုံးအကြိမ် ဘုရားရှင်ထွက်ခွာမလာခင် အန္ဓကဝိန္ဒတောအုပ်အတွင်း၌ ခရီးတစ်ထောက်ရပ်နား၍ သီတင်းသုံးတော်မူစဉ်ကဖြစ်၏။

"အာနန္ဒာ၊ မကြာခင်ကမှ ဤသာသနာတော်တွင်းသို့ ဝင်ရောက်လာကြသော ရဟန်းသစ်ကလေးများကို ငါးပါးသောတရားတို့၌ ဆောက်တည်ကြစေရန်၊ မိုဝဲကြစေရန် သင်တို့ဟောကြားသင့်၏။ အဘယ်တရားငါးပါးတို့နည်းဟူမူကား သီလစင်ကြယ်ခြင်း၊ စကျွ စသော ဣန္ဒြေများကို စောင့်စည်းခြင်း၊ စကားမများခြင်း၊ တောရဆောက်တည်ခြင်း၊ အသိမှန် အမြင်မှန်ရရှိခြင်းတို့ပေတည်း"

ဤသို့ ကြိုကြိုတင်တင် သတိပေးတော်မူခဲ့သဖြင့် အရှင်အာနန္ဒာကလည်း တတ်နိုင်သလောက် ဟောကြားခဲ့ပါ၏။ သူတို့ နားဝင်လောက်အောင်နည်းအမျိုးမျိုးနှင့် နားချခဲ့ပါ၏။ သို့ရာတွင် သူတို့၏သဒ္ဓါလက်ကိုင်က မခိုင်မြဲလေတော့ ကြိုးစားရသလောက် အရာမထင်နိုင်ခဲ့ပါ။

ဤသို့ဖြစ်ရသည့်အထဲတွင် ယခုတော့ ဘုရားရှင်ကိုယ်တော်တိုင်က ပရိနိဗ္ဗာန်ပြုတော်မူသွားလေပြီ။ ဤတွင် လူကြီးမိဘတို့၏ရည်ရွယ်ချက်ကို သိရှိထားသော ရဟန်းငယ်ကလေးများသည် မိခင်၊ ဖခင်တို့၏စိတ်ဆန္ဒနှင့် ဆန့်ကျင်ရန် အကြောင်းမရှိတော့သဖြင့် ရဟန်းငယ်သုံးဆယ်လုံးလုံး လူထွက်သွားကြပေတော့သည်။

အရှင်အာနန္ဒာသည် ကြွင်းကျန်နေသေးသော တပည့်ရဟန်းများကို ဦးဆောင်ကာ ရာဇဂြိုဟ်မြို့တော်သို့ ကြွရောက်ရပေသည်။

အရှင်မဟာကဿပသည် ဒကို့ကဂိရိရွာကြီးသား ရဟန်းငယ်ကလေးများ အပိုးမသေသည့်အမှုအရာကြောင့် စောစောကပင် ဘဝင်မကျဖြစ်ခဲ့ရ၏။ ထို့ကြောင့်လည်း သူတို့တစ်တွေ လူထွက်သွားကြသည့်အကြောင်းကို ကြားလိုက်ရသောအခါ သူတို့၏ဆရာကိုသာ ဖိ၍ကြိမ်းရပေတော့သည်။ တပည့်မကောင်း ဆရာခေါင်းဟု ဆိုရပါတော့မည်။

"အာနန္ဒာ၊ မြတ်စွာဘုရားက ရဟန်းလေးပါး ဆွမ်းတောင်း၍မစား၊ စားချင်းစားလျှင် သုံးပါးသာ စားခွင့်ပြုခဲ့၏။ ဤသို့ခွင့်ပြုရာတွင် မည်သို့သော အကျိုးကျေးဇူးကို ရည်ရွယ်တော်မူခဲ့ပါသနည်း"

အရှင်မြတ်ကြီးက တည်ကြည်ရင့်ကျက်သော ဣန္ဒြေဖြင့် ချိုချိုသာသာ မေးလိုက်သော်ငြားလည်း အရှင်အာနန္ဒာကတော့ ကြိမ်းရန်မောင်းရန် အစပျိုးလိုက်မှန်း ရိပ်မိထားပါပြီ။ သို့ရာတွင် အရှင်မြတ်ကြီးအား အစဉ်အမြဲ ရိုသေလေးမြတ်စွာ ဆက်ဆံလာခဲ့သဖြင့် အမေးစကားကိုလည်း ရိုသေလေးစားစွာပင် ဖြေကြားရပေသည်။

"အရှင်ဘုရား၊ သီလမရှိသောရဟန်းများကို နှိပ်ကွပ်ခြင်းငှာ၊ သီလရှိသော ရဟန်းများ ချမ်းသာကြစေခြင်းငှာ၊ အလိုဆိုးရှိသောရဟန်းကို အသင်းအပင်းဖွဲ့၍ သံဃာသင်းခွဲခွင့်မရစေခြင်းငှာ၊ ဒကာ၊ ဒကာမများအား ငဲ့ညှာထောက်ထားခြင်းငှာ ဤသို့သောအကျိုးကျေးဇူးကို ရည်ရွယ်၍ ရဟန်းသုံးပါးသာ ဆွမ်းတောင်း၍စားခွင့်ကို ပညတ်တော်မူခဲ့ပါသည်ဘုရား"

မိမိအား ကြိမ်းတော့မောင်းတော့မည်မှန်း သိသော်ငြားလည်း ဝိနည်းတရားတော်အရာတွင် အရေးကြီးသောကိစ္စဖြစ်နေ၍ ပြည့်ပြည့်စုံစုံလျှောက်ထားလိုက်ရပေသည်။

အရှင်အာနန္ဒာ လျှောက်ထားချက်တွင်ပါဝင်သော သံဃာသင်းခွဲခွင့်မရစေခြင်းငှာဟူသည်မှာ ဘိက္ခုပါတိမောက်၊ သုဒ္ဓပါစိတ်ထဲက ဂဏဘောဇနသိက္ခာပုဒ်ကို ရည်ညွှန်းခြင်းဖြစ်၏။

ဘုရားရှင်အား သတ်ဖြတ်ရန် အမျိုးမျိုးအဖုံဖုံ လှုံ့ဝှက်စွာကြံစည်အား ထုတ်ခဲ့သော ဒေဝဒတ်သည် နာဠာဂိရိဆင်ကြီးနှင့် တိုက်ခိုက်ရန် ကြိုးစားရာတွင်မူ တိုင်းသိပြည်သိဖြစ်သွား၏။ ဤတွင် ဒကာ၊ ဒကာမအပေါင်းက ဒေဝဒတ်ကို ယခင်ကလို ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြတော့ပေ။ သို့ဖြစ်၍ ဒေဝဒတ်သည် မိမိ၏နောက်လိုက်ရဟန်းအသင်းအပင်းကို ဆက်လက်၍ ထိန်းထားနိုင်ရန် ရနိုင်လောက်သည့် ဒကာ၊ ဒကာမများထံ ချဉ်းကပ်၍ မိမိတို့အား ဆွမ်းကပ်ပါရန် နှုတ်မြွက်တောင်းရမ်း၍ စားသောက်နေ၏။ ဤအပြုအမူကို တားမြစ်နိုင်ရန် ဘုရားရှင်က ဂဏဘောဇနသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ရပေသည်။

ဤသို့သော နောက်ကြောင်းခံအကြောင်းအရာနှင့်တကွ ပြည့်ပြည့်စုံစုံလျှောက်ထားပါသော်လည်း အရှင်မြတ်ကြီးက ခွင့်မလွှတ်နိုင်သေးပါ။

အလင်းသစ်စာပေ

"အာနန္ဒာ၊ ဘုရားရှင်က ဤသို့ ရည်ရွယ်ထားခဲ့ပါလျက် သင့်အပြုအမူက သည်ရည်ရွယ်ချက်နှင့်ဆန့်ကျင်ဘက် ဖြစ်မနေပါလော။ ဣန္ဒေကိုမစောင့်စည်း၊ အစားအသောက်ကျတော့လည်း အတိုင်းအရှည်မသိ၊ အိပ်ချင်တိုင်းအိပ်နေလေ့ရှိသော ဤရဟန်းငယ်ကလေးများနှင့် အတူတကွ သင်သည် လှည့်လည်သွားလာနေဘိ၏။ သင်၏လှည့်လည်သွားလာနေခြင်းသည် ယခုမိုးဦးကျမှာ စိုက်ပျိုးထားသော ကောက်ပင်ငယ်များကို နင်းခြေဖျက်ဆီးဖို့သာ ဖြစ်ဘိ၏။ ဒကာ၊ ဒကာမများကို နှိပ်စက်ဖို့သာ ဖြစ်ဘိ၏။

အာနန္ဒာ၊ သင်၏ပရိသတ်သည် ထူးထူးခြားခြား ပျက်စီးခဲ့ချေပြီတကား။ တစ်ဝါရ၊ နှစ်ဝါရ ရဟန်းငယ်ကလေးများ ဖရိုဖရဲပျက်စီးခဲ့ကြချေပြီတကား။ သြော် သည်သူငယ်ကလေးသည် ယခုထက်တိုင် အတိုင်းအရှည်ကို မသိတတ်သေးပါတကား"

အရှင်အာနန္ဒာအပေါ် အမြင်မတော် တစ်စုံတစ်ခုတွေ့လာလေတိုင်း အရှင်မြတ်ကြီးက ကြိမ်းမောင်းပြစ်တင်ရာတွင် ဤသို့ပင် နိဂုံးချုပ်နေကျဖြစ်ပါ၏။ 'သည်သူငယ်ကလေး' ဟူသော အခေါ်အဝေါ်ဖြင့် ကြိမ်းခဲ့မောင်းခဲ့လေသမျှကို ခေါင်းငုံ့၍ ခံယူလာခဲ့သော အရှင်အာနန္ဒာသည် ဤတစ်ကြိမ်မှာတော့ မဝံ့မရဲနှင့် စောဒကတက်ကြည့်လိုလာသဖြင့် -

"အရှင်ဘုရား၊ တပည့်တော်၏တစ်ခေါင်းလုံးကဆံပင်တွေ ဖွေးဖွေးဖြူကုန်ကြပါပြီ။ ယခုထက်ထိ သည်သူငယ်ကလေးဟူသော အခေါ်အဝေါ်က မလွတ်နိုင်သေးပါဘုရား"

"အာနန္ဒာ၊ သင်သည် ရဟန်းငယ်ကလေးတွေနှင့် အတူတကွသွားလာနေသဖြင့် သူတို့နှင့် သင် ဘာများခြားနားပါသေးသနည်း"

"အရှင်ဘုရား၊ မခြားနားတော့ပါ"

အရှင်အာနန္ဒာက ဤသို့ခေါင်းစင်း၍ခံလိုက်သဖြင့် အရှင်မြတ်ကြီး၏ ကြိမ်းမောင်းသံများသည် ထိုနေရာမှာပင် ရပ်စဲသွားကြ၏။ သို့ရာတွင် ထိုသို့ ကြိမ်းမောင်းသည့်စကားတို့ကို ထုလွှနန္ဒာဘိကျွန်ကြားသိသွားသောအခါ -

"အလို၊ တိတ္ထိဘောင်ရောက်ခဲ့ဖူးသော အရှင်မဟာကဿပက ပညာရှိသောအရှင်အာနန္ဒာကို သူငယ်လေးဟု ကြိမ်းရချေသလော"

ဟု မဆင်မခြင် နှုတ်ပြစ်မှားမှုပြုလိုက်ပေတော့သည်။

ထုလ္လနန္ဒာဘိက္ခုနီသည် အစက ဒေဝဒတ်၏အသင်းအပင်းထဲက ဖြစ်၏။ သူတို့ဆရာကြီး ဒေဝဒတ်ကျဆုံးသွားခါမှ အရှင်အာနန္ဒာ၏လက်အောက်သို့ ဝင်ရောက်လာခဲ့၏။ ထို့ကြောင့် ထုလ္လနန္ဒာသည် အရှင်အာနန္ဒာနှင့် အရှင်မဟာကဿပတို့၏ဆက်ဆံရေးကို သဘောမပေါက်သေးပေ။ ထို့ကြောင့် သူ၏ဆရာ အရှင်အာနန္ဒာအား ကြိမ်းမောင်းရမလားဟူသော မခံချင်စိတ်ဖြင့် ဟောဟော ဒိုင်းဒိုင်း ပြောချလိုက်ခြင်းဖြစ်၏။

တကယ်တော့ ထုလ္လနန္ဒာက စွပ်စွဲလိုက်သည့်အတိုင်း အရှင်မဟာကဿပသည် တိတ္ထိဘောင်သို့ လုံးဝမရောက်ခဲ့ဖူးဘူးပါ။ ဤအကြောင်းကို လူရောရှင်ပါကြားသိထားပြီးဖြစ်ပါ၏။ သို့ရာတွင် ထုလ္လနန္ဒာစွပ်စွဲခြင်းသည် ရဟန်းရှင်လူပရိသတ်အစုံအလင်ရှေ့မှောက်မှာပင်ဖြစ်ပေရာ အရှင်မဟာကဿပသည် မိမိတိတ္ထိဘောင် မရောက်ဖူးဘူးကြောင်း လူသိရှင်ကြားဖြေရှင်းနိုင်ရန် ဘုရားရှင်နှင့် စတင် ၍ တွေ့ဆုံပုံအကြောင်းစုံကို ဟောပြရပေတော့သည်။ (နိဒါနဝဂ်၊ ကဿပသံယုတ်၊ စီဝရသုတ်ပါဠိတော်နှင့် အဋ္ဌကထာ၊ အင်္ဂုတ္တရ၊ ပဉ္စကနိပါတ်၊ အန္နကဝိန္ဒသုတ်)

ဤသို့အားဖြင့် အရှင်အာနန္ဒာကိုအကြောင်းပြု၍ ဘိက္ခုနီတစ်ပါး၏စွပ်စွဲပုတ်ခတ်မှုကိုခံခဲ့ရသော အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို အကြောင်းပြု၍ပင် အခြားဘိက္ခုနီတစ်ပါး၏ပုတ်ခတ်ပြောဆိုခြင်းကိုလည်း ခံယူရပါသေးသည်။

သည်တစ်ခါ ပုတ်ခတ်ပြောဆိုသော ဘိက္ခုနီက ထုလ္လတိသာဖြစ်၏။ အရှင်မဟာကဿပသည် အရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် ပင့်ဖိတ်သဖြင့် ဘိက္ခုနီများကျောင်းသို့ လိုက်ပါလာခဲ့၏။ ကျောင်းတစ်နေရာတွင် စုဝေးလာကြသော ဘိက္ခုနီတို့အား အရှင်မြတ်ကြီးက မေတ္တာ ကရဏာအပြည့်ထား၍ တရားဒေသနာများ ဟောကြား၏။ ဤတွင် ထုလ္လတိသာဘိက္ခုနီက –

"အလို၊ ဖြစ်မှဖြစ်ရလေစွတကား။ တောနေပုဂ္ဂိုလ် အရှင်မဟာကဿပသည် ပညာရှိသောအရှင်အာနန္ဒာ၏ရှေ့မှာ တရားဟောသင့်သည်ဟု ထင်ရသလော။ အပ်လုပ်သူထံသို့ အပ်ကုန်သည်က အပ်လာ၍ရောင်းနေခြင်းနှင့် မတူပါလော"

ဤသို့ နှုတ်သီးစွာစွာဖြင့် မြွက်ဆိုလိုက်၏။ ဤတွင် အရှင်မဟာကဿပက –

"အာနန္ဒာ၊ သင်နှင့် ငါ နှစ်ဦးသားတို့အနက် မည်သူက အပ်လုပ်သူဖြစ်၍ မည်သူက အပ်ရောင်းသူဖြစ်ပါသနည်း"

တပည့်မကောင်း ဆရာ့ခေါင်း စကားစဉ်ရှိသည့်အတိုင်း တပည့်မိုက်တို့၏ မိုက်ပြစ်များသည် အရှင်အာနန္ဒာ၏ ခေါင်းပေါ်သို့သာ ကျလာခဲ့ကြ၏။

"အရှင်ဘုရား၊ သည်းခံတော်မူပါ။ မိုက်မဲသောအမျိုးသမီးတစ်ယောက် ဖြစ်ပါသည်"

ဤသို့ပင် ခြေအစုံကို ဦးခိုက်တောင်းပန်ရ၏။ ဤသို့ တောင်းပန်ရင်း ဤဘိက္ခုနီနှစ်ပါးတို့၏ နှုတ်ပြစ်မှားမှုများသည် မကြာမီဆောင်ရွက်ကြရတော့မည့် သင်္ဂါယနာကိစ္စကိုပင် လာရောက်၍ အရှိန်ဟပ်လာလေမည်လား ဟု တွေးတောပူပန်မိပေသည်။ (နိဒါနဝဂ်၊ ကဿပသံယုတ်၊ ဥပဿယသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

ဘုရားရှင်ကို အကြည်ညိုဆုံးပုဂ္ဂိုလ်

"ငါ့ရှင်တို့။ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ သံဃာအား သင့်တင့်လျောက်ပတ်သော အခါအခွင့်သည် အကယ်၍ရှိငြားအံ့။ သံဃာသည် ဤရဟန်းငါးရာတို့ကို ရာဇဂြိုဟ်၌ ဝါဆို၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ရန် သမုတ်ရာ၏။ အခြားသောရဟန်းတို့သည် ရာဇဂြိုဟ်၌ ဝါမဆို ရ။ ဤသည်ကား အသိပေးခြင်းပေတည်း"

အစည်းအဝေးတွင် ပါဝင်တက်ရောက်လာသော သံဃာအား အသိပေးခြင်းကို ပါဠိလို ဉတ္တိဟု ခေါ်၏။ မြန်မာမှုပြုသောအားဖြင့် ရဟန်းသံဃာတို့ပြောဆိုရာတွင် ဉတ်ထားသည် သုံးနှုန်းလေ့ရှိကြ၏။

သံဃာတော်များ စုဝေးညီညွတ်၍ ပြုလုပ်ရမည့်အမှုကို (ကမ္မ) ကံဟုခေါ်၏။ ထိုကံကို အထမြောက်အောင် စကားဝါကျပြည့်ပြည့်စုံစုံဖြင့် တိကျမှန်ကန်အောင် အသံထွက်ဖြင့် ရွတ်ဖတ်ရသောစကား (ဝါ) စာကို ကမ္မဝါစာဟုခေါ်၏။ ကမ္မဝါစာကို တတ်ကျွမ်းသော ရဟန်းတစ်ပါးက သံဃာအားလုံး၏ကိုယ်စား ရွတ်ဖတ်လျှောက်ထားရပေသည်။

ကမ္မဝါစာကိုရွတ်ဖတ်ရာတွင် ပထမဆုံးအစီအစဉ်အရ အထက်ပါအတိုင်း ဉတ်ထားကြရ၏။ ဉတ်ထားပြီးနောက် ကမ္မဝါစာကို တစ်ကြိမ်နှင့်အပြီး ရွတ်ဖတ်ရသည်လည်းရှိ၏။ ရဟန်းခံရာမှာကဲ့သို့ သုံးကြိမ်ရွတ်ဖတ်ရသည်လည်းရှိ၏။ တစ်ကြိမ်တည်းနှင့် အပြီးရွတ်ဖတ်ရာတွင် ကမ္မဝါစာတစ်ကြိမ်၊ ဉတ်တစ်ကြိမ် ရေတွက်သောအားဖြင့် ဉတ္တိဒုတိယကမ္မဝါစာဟု ခေါ်ရ၏။ သုံးကြိမ်ပြည့်အောင် ရွတ်ဖတ်ရာတွင်မူ ဉတ္တိစတုတ္ထကမ္မဝါစာဟု ခေါ်ရပေသည်။

အလင်းသစ်စာပေ

အထက်ပါ ကမ္မဝါစာကိုရွတ်ဖတ်သူမှာ အရှင်မဟာကဿပကိုယ်တော်တိုင်ဖြစ်၏။ ရှိရှိသမျှသော သံဃာတို့၏အကြီးအမှူးဖြစ်၍ အခြားသံဃာများကို ခေါ်ဝေါ်သည့်အာလုပ်ပုဒ်ကို ငါ့ရှင်တို့ဟု သုံးနှုန်းထား၏။ ထိုသို့ဥတ်ထားပြီးနောက် ကမ္မဝါစာတစ်ကြိမ် ရွတ်ဖတ်၏။ ကမ္မဝါစာတစ်ကြိမ် ရွတ်ဖတ်ပြီးမှ သံဃာက အတည်ပြုကြောင်း ထပ်မံ၍ကြေညာရပေသည်။

သင်္ဂါယနာတင်ရမည့်ကိစ္စက နေ့စဉ်ရက်ဆက်ပြုရမည့်ကိစ္စဖြစ်၏။ ရက်ရှည်လများပြုရမည့်ကိစ္စဖြစ်၏။ ရက်ရှည်လများပြုလုပ်နေဆဲတွင် အကယ်၍ စိတ်သဘောထားမတူညီသည့်ရဟန်းတစ်ပါးပါး ရာဇဂြိုဟ်မြို့တော်မှာ ရှိနေပါလျှင် အနှောင့်အယှက်ပေးလာနိုင်၏။ ထို့ကြောင့် ကုသိနာရုံ အင်ကြင်းစုံ၌ သံဃာတို့ အစုံအလင်ရှိနေခိုက်ကပင် ဤကမ္မဝါစာကို ရွတ်ဖတ်ခဲ့ရပေသည်။ ပေါ်ပေါက်လာနိုင်စရာရှိသောပြဿနာကို ကြိုတင်၍ကာကွယ်ထားခဲ့ရပေသည်။

ထိုကမ္မဝါစာအရ ဝါဆိုလပြည့်နေ့တွင် သံဂီတိကာရက ရဟန်းငါးရာတို့သာ ရာဇဂြိုဟ်မြို့တော်၌ ဝါကပ်ရန်ပြင်ဆင်ကြရ၏။ အရှင်အာနန္ဒာ၏တပည့်များနှင့်တကွ အခြားရဟန်းများသည် အနီးပတ်ဝန်းကျင် မြို့ရွာကျောင်းများသို့ ဝါဆိုရန် ပြောင်းသွားကြရပေသည်။

သံဃနာယကမဏ္ဍိုင်ကြီးများသည် ကုသိနာရုံမှာရှိစဉ်တုန်းက သင်္ဂါယနာတင်ရာဌာနကိုလည်း ရွေးချယ်၍ အတည်ပြုခဲ့ကြ၏။ ဆွမ်းခံရာနယ်ပယ်ကျယ်ဝန်းခြင်း၊ ကျောင်းတိုက်တာအဆောက်အအုံပေါများခြင်းတို့ကို အကြောင်းပြု၍ ရာဇဂြိုဟ်မြို့တော်ကို အားလုံးသဘောတူရွေးချယ်သတ်မှတ်ခဲ့ကြ၏။

ထိုသို့သတ်မှတ်ခဲ့ကြသည့်အတိုင်း ရာဇဂြိုဟ်မြို့တော်ဝန်းကျင်၌ ကျောင်းတိုက်တာတွေ ပေါများသည်မှာ မှန်၏။ သို့ရာတွင် တစ်ဆယ့်ရှစ်ခုသော ကျောင်းတိုက်နေ သံဃာတော်အားလုံးသည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူရာသို့ သွားရောက်ခဲ့ကြသည်ဖြစ်၍ ကျောင်းအဆောက်အအုံတွေချည်း ကျန်ရစ်ခဲ့ကြ၏။ လူပ်ရှားသွားလာ နေထိုင်သူများမရှိခိုက်ကို အခွင့်ကောင်းယူကာ ပိုးရွ၊ ခြပုန်းများက နေရာတကာရောက်နေကြ၏။ အချို့ကျောင်းများမှာ မိုးဒဏ်၊ လေဒဏ်ကြောင့် အမိုးဓာတ် ပေါက်ကွဲနေကြ၏။ အကာတွေပြုတ်ကာ ဟာလာဟင်းလင်းဖြစ်ကုန်ကြ၏။ ကျောင်းတွင်းရော၊ ကျောင်းပြင်ပါ အမှိုက်သရိုက်တွေ ကြမ်းခင်းနေတော့၏။ သည်အနေတွင် သာသနာတော်ကို ကြည်ညိုရကောင်းမှန်းမသိသူတို့၏ ဟွက်ဆိုးခြင်းကြောင့်လည်း ဟွက်စီးသင့် သည်ထက် ပိုရှိဟွက်စီးကြရစေသည်။

အရှင်မဟာကဿပသည် မထေရ်ကြီးများနှင့်အတူတကွ ကျောင်းတိုက်တာတို့၏အခြေအနေကို လှည့်လည်ကြည့်ရှုပြီးလျှင် –

"ငါ့ရှင်တို့၊ ပျက်စီးယိုယွင်းသော ကျောင်းအဆောက်အအုံကို ပြန်လည်ပြုပြင်ခြင်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူခဲ့၏။ ထို့ကြောင့် ဝါတွင်းကာလပထမလတွင် ငါတို့သည် ပျက်စီးယိုယွင်းသည်များကို ပြန်လည်ပြုပြင်ကြကုန်အံ့။ ဝါခေါင်လပြည့်ပြီးမှ စတင်၍ သင်္ဃာယနာတင်ကြကုန်အံ့"

ဤသို့ဆွေးနွေးတင်ပြသည်ကို မထေရ်ကြီးများကလည်း သဘောတူလက်ခံကြပေသည်။

နောက်တစ်နေ့နံနက်တွင် အရှင်မဟာကဿပအမှူးရှိသော ရဟန်းငါးရာတို့သည် အဇာတသတ်မင်းကြီး၏နန်းတော်သို့ ကြွရောက်လာကြ၏။ အဇာတသတ်မင်းကြီးမှာ သာသနာ့ဒါယကာကြီးအဖြစ် ခံယူထားပြီးဖြစ်၍ သူ၏တံခါးမှူးများသည် ရဟန်းသံဃာများ ကြွလာသည်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် တံခါးဟူသမျှကို ဖွင့်ပေးထားကြပေတော့သည်။

ဒေဝဒတ်ကြီးကို ဆရာတင်ကာ ဆရာကြီးဆွဲရာကခဲ့မိသဖြင့် အဇာတသတ်မင်းသားသည် အလွန်တရာအပြစ်ကြီးလေးလှသည့် အဖသတ်ကံကြီးကို ကျူးလွန်ခဲ့မိ၏။ အဖသတ်ကံဟူသည်မှာ အာနန္တရိယကံကြီးငါးပါးတွင် အပါအဝင်ဖြစ်၍ ထိုကံမျိုးပြုမှားမိသောသူသည် သေဆုံးသည်နှင့်တစ်ပြိုင်နက် အပါယ်ငရဲသို့ ဧကန်မုချရောက်ရမည်သာဖြစ်၏။

သို့ရာတွင် အဇာတသတ်မင်းကြီးအတွက်ကား ငရဲက သေပြီးသည်အထိ စောင့်ဆိုင်းမနေပါ။ သက်ရှိထင်ရှားရှိနေခိုက်မှာပင် အစွမ်းပြပါ၏။ အဇာတသတ်မင်းကြီးသည် အင်္ဂါတိုင်းနှင့် မဂဓတိုင်းတို့ကို အစိုးရသည့်မင်းဧကရာဇ်၏စည်းစိမ်ကိုခံစားနေရသော်လည်း စိတ်ချမ်းသာမှုကို မရခဲ့ချေ။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အိပ်ခန်းဆောင်သို့ဝင်ရောက်၍ သလွန်ထက်၌ တစ်မှေးကလေးမှေးစက်လိုက်သည်နှင့်တစ်ပြိုင်နက် ငရဲကျဘိသကဲ့သို့ ခံစားရ၏။ သူ၏ကိုယ်ခန္ဓာအနှံ့အပြား၌ လုံအချောင်းပေါင်းတစ်ရာ ထိုးစိုက်လာဘိသကဲ့သို့ခံစားရင်းလန့်နိုးလာရသည်ချည်းဖြစ်၏။

ဤသို့ဖြင့် စည်းစိမ်တစ်ဝက်၊ ငရဲတစ်ဝက်ခံစားနေရခဲ့သော အဇာတသတ်မင်းကြီးသည် တစ်ခုသော တန်ဆောင်မုန်းလပြည့်ညမှာတော့ မျက်မှောက်ငရဲမှလွတ်ရန် လမ်းစပေါ်လာ၏။ သမားတော်အမတ်ကြီးဇီဝကာ၏အစီအစဉ်ဖြင့် ဇီဝက

၏ သရက်ဥယျာဉ်သို့ ညတွင်းချင်း သွားရောက်ကာ ဘုရားရှင်ကို ဖူးတွေ့ရ၏။ ဘုရားရှင်နှင့်တကွ ရဟန်းတို့၏ တည်ကြည်ငြိမ်သက်ပုံကိုကြည့်ရှုကာ ကြည်ညိုသဒ္ဓါ ပွားလာရ၏။ ထို့ပြင် ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးအဆင့်ဆင့်တို့ကို ပြဆိုသည့် သာမညဖလသုတ်ဒေသနာတော်ကြီးကို ကြားနာခဲ့ရပေသည်။

အကယ်၍ အဇာတသတ်မင်းကြီးသည် အဖသတ်ကံကြီးကိုသာ မကျူးလွန်ခဲ့ဘူးဆိုပါက ထိုသုတ္တန်အဆုံးမှာပင် အရိယာဉာဏ်ကို ရရှိနိုင်၏။ သို့ရာတွင် အဖသတ်ကံကြီးက တားမြစ်ထားသဖြင့် အရိယာအဆင့်သို့ မတက်လှမ်းနိုင်တော့ပြီ။

ထိုသို့ ဖြစ်သော်ငြားလည်း သာမညဖလသုတ္တန်ကြီး ကြားနာလိုက်ရသည့်အကျိုးကျေးဇူးက မသေးပါ။ ထိုညမှစတင်၍ အဇာတသတ်မင်းကြီးသည် မျက်မှောက်ငရဲမှ လွတ်မြောက်ခွင့်ရသွား၏။ တစ်မှေးကလေးမှေးလိုက်သည်နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ်ရာအိပ်မက်ဆိုးကြီး မမက်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခွင့်ရခဲ့ပေသည်။

ဤသို့ဖြင့် အဇာတသတ်မင်းကြီးသည် ဘုရားရှင်နှင့် နီးစပ်သည်ထက် နီးစပ်လာ၏။ နီးနီးစပ်စပ် ချဉ်းကပ်မိသည်နှင့်အမျှ ကြည်ညိုဖွယ်ရာဂုဏ်ကျေးဇူးတို့ကို ထပ်ကာထပ်ကာ တွေ့မြင်လာရသည်။ ထို့ကြောင့်လည်း ဘုရားရှင်အား ကြည်ညိုသည်ထက် ကြည်ညိုလာခဲ့၏။ ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဘုရားရှင်ကို ကြည်ညိုသူမှန်သမျှတွင် အဇာတသတ်မင်းကြီးသည် အထက်သန်ဆုံး ဖြစ်လာပေသည်။

ထို့ကြောင့်လည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူကြောင်း သတင်းစကားရောက်လာစဉ်တုန်းက အမတ်ကြီးများသည် သည်အတိုင်းမလျှောက်ဝံ့ကြသဖြင့် ရွှေဖလားကြီးသုံးခုကို ယူဆောင်ပြီးလျှင် စတုမဓုများ လောင်းထည့်ထားကြ၏။ ထို့နောက်မှ မင်းကြီးထံ ချဉ်းကပ်ကာ –

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ မကောင်းသည့် အိပ်မက်တစ်ခုမြင်မက်ထားကြပါသည်။ ထိုအိပ်မက်၏ မကောင်းကျိုးကို ပယ်ပျောက်နိုင်ရန် အစီအစဉ်တစ်ခုပြုလုပ်ထားပါသည်။ အရှင်မင်းကြီးသည် ခါးဝတ်နှင့် အပေါ်ရုံနှစ်ခုသာ ဝတ်ဆင်လျက် စတုမဓုထဲမှာ နှာခေါင်းမျှသာဖော်၍ လျောင်းစက်တော်မူပါ ဘုရား"

ဟု လျှောက်တင်ကြ၏။

အဇာတသတ်မင်းကြီးကလည်း မိမိအကျိုးကို သယ်ပိုးလာခဲ့ကြသည့် အမတ်ကြီးများကို ယုံကြည်စိတ်ချပြီးဖြစ်၍ 'ကောင်းပါပြီ အမောင်တို့' ဟု ဆိုကာ ဧလားထဲမှာ လဲလျောင်း၏။

ထိုအခါ ခေါင်းဆောင်ဖြစ်သော အမတ်ကြီးသည် ဝတ်ဆင်ထားသည့် အဆင်တန်ဆာတို့ကိုချွတ်ကာ ဆံထုံးကို ဖြေချပြီးလျှင် ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်သို့ လက်အုပ်ချီလျက် –

"အရှင်မင်းကြီး၊ သဘေးမှလွတ်မြောက်သောသူဟူ၍ မရှိပါ။ ကျွန်တော်မျိုးတို့၏အသက်ကို တိုးပွားစေသော၊ ကျွန်တော်မျိုးတို့၏အလေးအမြတ်ပြုရာဖြစ်သော၊ ကုသိလ်ကောင်းမှုစိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော၊ ကျွန်တော်မျိုးတို့အား နိဗ္ဗာန်တည်းဟူသော အမြိုက်ရေစင်ဖြင့် သွန်းလောင်းပေးတော်မူခဲ့သော မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူပါပြီတဲ့ဘုရား"

ဤသို့လျှောက်တင်သံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အဇာတသတ်မင်းကြီးသည် အားကြီးသောစိုးရိမ်ပူဆွေးဒဏ်ကြောင့် မေ့မြောသွားတော့၏။ စိတ်ထဲက အပူဒဏ်သည် ရုပ်ခန္ဓာတစ်ခုလုံးကို လွှမ်းခြုံလာသဖြင့် စတုမဟာရာဇများပင် ပွက်ပွက်ဆူလာတော့၏။ ဤတွင် အမတ်များသည် ထိုရွှေဧလားထဲမှ မင်းကြီးကို ဆယ်ယူပြီးလျှင် ဒုတိယဧလားထဲမှာ ထည့်ကြရ၏။

ဤတွင်မှ မင်းကြီး သတိပြန်လည်လာကာ "အမောင်တို့၊ ခုနက ဘာများ လျှောက်တင်ခဲ့ကြပါသနည်း" ဟု မေးမြန်း၏။

ခေါင်းဆောင်အမတ်ကလည်း ပထမအကြိမ်တုန်းကအတိုင်း တင်လျှောက်လေရာ မင်းကြီးမှာ သတိလက်လွတ်ဖြစ်သွားရပြန်၏။ စတုမဟာရာဇများမှာလည်း ပွက်ပွက်ဆူလာကြရပြန်၏။

အမတ်များသည် ဒုတိယဧလားထဲမှ မင်းကြီးကိုဆယ်ယူပြီးလျှင် တတိယဧလားထဲသို့ ထည့်ကြရပြန်၏။ ထိုဧလားထဲမှ သတိပြန်လည်လာ၍ တတိယအကြိမ်မြောက် လျှောက်တင်သံကြားနာရသည်တွင် စတုမဟာရာဇများ ပွက်ပွက်ဆူလာကြရပြန်၏။

အမတ်များသည် မင်းကြီးကို ဆယ်ယူကာ ဦးခေါင်းပေါ်တွင် ရေစင်ရေကောင်းအိုးပေါင်းများစွာ သွန်းလောင်းပေးကြ၏။ ဤတွင်မှ အဇာတသတ်မင်းကြီးသည် သတိပြန်လည်လာ၏။

အလင်းသစ်စာပေ

သို့ရာတွင် မိမိကိုယ်ကိုကား ဆောက်တည်ရန်မစွမ်းနိုင်သေးပေ။ မိမိကိုယ်ကို မင်းဓကရာဇ်ဟူ၍ပင် သတိမပြုမိတော့ပေ။ ဝတ်မြဲတိုင်းသောအဝတ်များဖြင့်ပင် နန်းတော်ထက်မူပြေးဆင်းကာ ဇီဝကသရက်ဥယျာဉ်ကျောင်းတော်အထိ ခြေကျင်ပြေးသွား၏။ သရက်ဥယျာဉ်ကျောင်းထဲ ရောက်ပြန်တော့လည်း သူ့ခံစားချက်က သက်သာမလာသေးပါ။ မိမိအား ဘုရားရှင်က သာမညဖလသုတ္တန် ဒေသနာတော်ကြီး ဟောကြားခဲ့သည့်နေရာကို ဦးခိုက်လျက် -

"အို... မြတ်စွာဘုရား၊ အို... သဗ္ဗညုတဉာဏ်တော်ရှင်၊ အရှင်ဘုရားသည် ဤနေရာမှာထိုင်လျက် တပည့်တော်ရင်ထဲက သောကဆူးငြောင့်ကြီးကို နုတ်ပေးခဲ့သည်မဟုတ်ပါလား။ တပည့်တော်သည် ထိုအချိန်ကစတင်၍ ဘုရားရှင်ကို ဆည်းကပ်ခဲ့ပါ၏။ ယခုတော့ တပည့်တော်ကို တုံ့ပြန်ပြီး မဟောကြားတော့ပါကလား ဘုရား"

ဤကဲ့သို့ မဆည်နိုင်၊ မတန့်နိုင် ငိုကြွေး၏။ ငိုကြွေးရင်းကလည်း ဘုရားရှင် ဂုဏ်တော်၊ ကျေးဇူးတော်များကို တမ်းတမိ၏။

"အို... တပည့်တော်၏ အသက်သခင်၊ ဟိုယခင်တုန်းကတော့ ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်များ ဓမ္မဒြိပ်တစ်ခွင်လုံး၌ ဒေသစာရီလှည့်လည်တော်မူသည့်သတင်းများကို တပည့်တော် ကြားနေခဲ့၏။ ယခုသော်ကား တပည့်တော် မကြားချင်ဆုံး သတင်းစကားကို ကြားရပါပေါ့လား ဘုရား"

ဤသို့ စသဖြင့် တမ်းတငိုကြွေးရင်း ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ဂါထာဗန္ဓနောခြောက်ဆယ်မျှသော စကားဝါကျတို့ဖြင့် ချီးကျူးပူဇော်ခဲ့ပေသည်။

ဤမျှလောက် ဘုရားရှင်အပေါ် ကြည်ညိုလေးမြတ်ခဲ့၍လည်း ဘုရားရှင့် တပည့်သားသံဃာတို့ကိုလည်း လေးလေးမြတ်မြတ် ဆည်းကပ်ခဲ့ပါ၏။ သာသနာတော်ကြီးအတွက် မိမိဘက်က ဆောင်ရွက်ရန်ရှိသမျှ အပြည့်အဝဆောင်ရွက်ရန် စိတ်ထက်သန်စွာ စောင့်မျှော်လာခဲ့ပါ၏။

ထို့ကြောင့်လည်း သံဃာတော်များ ကွလာသည့်သတင်းကို ကြားသိလိုက်ရသည်နှင့်တစ်ပြိုင်နက် ရာဇဝတ္တရွင်ထက်မှ ဆင်းသက်ပြီးဖြစ်နေပေသည်။

သံဃာတော်များအား မြင့်မြတ်သည့်နေရာသို့ ပင်ဆောင်ပြီးလျှင် အစာတသတ်မင်းကြီးသည် သံဃာတော်များရှေ့မှောက်၌ ရိုသေစွာတုပ်ဝပ်ရှိနိုး၍

"အရှင်ဘုရားတို့၊ အဘယ်အကျိုးငှာ ကြွရောက်တော်မူကြပါသနည်း" ဟု မေးလျှောက်လေရာ –

"မင်းကြီး၊ ဤရာဇဂြိုဟ်မြို့တော်ဝန်းကျင်က တစ်ဆယ့်ရှစ်ရပ်သော ကျောင်းတိုက်တာအဆောက်အအုံများ ပျက်စီးယိုယွင်း၍ နေကြပေပြီ။ ထို အဆောက်အအုံများကို ပြန်လည်၍ ပြုပြင်ကြရာတွင် လုပ်သားအင်အား လိုအပ်နေ၍ ငါတို့ လာရောက်ခဲ့ကြပေသည်"

"ကောင်းပါပြီ အရှင်ဘုရား၊ အရှင်ဘုရားတို့ဘက်က လိုအပ်ရာကိုသာ ညွှန်ကြားစေခိုင်းတော်မူကြပါ။ လုပ်သားအင်အားအလုံအလောက် တပည့်တော် ပေးလှူပါမည်ဘုရား"

ဤသို့လျှောက်ထားသည့်အတိုင်း လုပ်သားအင်အားကို အလုံအလောက် စေလွှတ်ပေးသဖြင့် ကျောင်းအဆောက်အအုံများ ပြုပြင်ရေးလုပ်ငန်းကြီးသည် မကြာမီမှာပင် ပြီးစီးသွား၏။

ထိုအခါတွင်လည်း အရှင်မြတ်ကြီးများသည် နန်းတော်သို့ ကြွရောက်ကြ ပြန်လေရာ အဇာတသတ်မင်းကြီးက ကွလာရခြင်းအကြောင်းရင်းကို မေးလျှောက် လေရာ –

"မင်းကြီး၊ မင်းကြီးအကူအညီဖြင့် ကျောင်းအဆောက်အအုံ ပြုပြင်ရေး ကိစ္စများ ပြီးစီးသွားကြပါပြီ။ ငါတို့များ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ကြပါ တော့မည်"

"ကောင်းပါပြီ အရှင်ဘုရား၊ အရှင်ဘုရားတို့၏ သံဃာကိစ္စကို စိတ်နှလုံး လွတ်လပ်စွာ ဆောင်ရွက်တော်မူကြပါဘုရား။ ကူညီရန် စောင့်ရှောက်ရန်အတွက် မူကား တပည့်တော်မှာ အာဏာစက်ရှိနေပါသည်။ ဓမ္မနှင့် ဝိနယ တိကျမှန်ကန်စွာ တည်ရှိနေရေးအတွက် အရှင်ဘုရားတို့၏ဓမ္မစက် တည်ရှိနေပါစေ။ ဘုရားတပည့် တော်မှာ အာဏာစက်ရှိနေပါသည်။ အာဏာစက်ဖြင့် အနှောင့်အယှက်များကို ဖယ်ရှားပေးပါမည်။ ဘုရားတပည့်တော် ဆောင်ရွက်ပေးရမည့်ကိစ္စကို အမိန့်ရှိ တော်မူကြပါဘုရား"

"မင်းကြီး၊ သံဂီတိကာရက ရဟန်းငါးရာတို့အတွက် နေရာထိုင်ခင်းပြုပြင် ပေးရန် လိုအပ်နေပါသည်"

"ကောင်းပါပြီ အရှင်ဘုရား၊ မည်သည့်နေရာကို လျှာထားတော်မူကြပါ သနည်း"

"မင်းကြီး၊ ဝေဘာရတောင်၏ နံပါးက စရည်းပင်ပေါက်ရာ လိုဏ်ဂူဝတွင် ပြုလုပ်ရန် သင့်လျော်ပါသည်"

"ကောင်းပါပြီ အရှင်ဘုရား"

ဤသို့ ဆရာနှင့် ဒကာတို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် သင်္ဂါယနာသဘင် ဆင်ယင်ကျင်းပရန် မဇ္ဈန္တပ်ကြီး ပေါ်ပေါက်လာပေသည်။

အာဏာစက်၊ ဓမ္မစက် ဟူသောစကားဌ္ဌ ပါဝင်သည့် စက် ဟူသည်မှာ ပါဠိဘာသာ စက္ကသဒ္ဒါကို မြန်မာမှပြုထားခြင်းဖြစ်၏။ စက္ကသဒ္ဒါ၏အနက်အဓိပ္ပါယ်ရှိရာတွင် ဤနေရာ၌ လိုအပ်သောကိစ္စတစ်ခုခုကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်သော အစွမ်းသတ္တိကို ဆိုလိုပေသည်။

ရက်ပိုင်းအတွင်းမှာ ဆောက်လုပ်ရသည်ဖြစ်သော်ငြားလည်း ရတနာမြတ်သုံးပါး၏ဘုန်းတန်ခိုး၊ အဇာတသတ်မင်းကြီး၏ သဒ္ဓါတရားတို့ဖြင့် မဇ္ဈန္တပ်ကြီးသည် တင့်တယ်လှပါပေ၏။ ခမ်းနားလှပါပေ၏။ တိုင်များ၊ နံရံများ၊ စောင်းတန်းများကို စနစ်တကျ ပုံစံချပြီးမှ ဆောက်လုပ်ထား၏။ နံရံမှာ၊ တိုင်မှာ နေရာရှိသမျှ ပန်းပွင့်ပန်းနွယ် အပြောက်အမွမ်းများ ခြယ်လှယ်ထား၏။ မင်းနန်းတော်၏အရှိန်အဝါကိုပင် ကျော်လွန်နေသကဲ့သို့ ထင်မှတ်ရ၏။ ၄င်းအပေါင်းတို့သည် တစ်ခုသော ဆိပ်ကမ်းသာ၌ စုပြုံ၍ နားလာကြဘိသကဲ့သို့ မျက်စိပေါင်းစုံတို့၏အာရုံစူးစိုက်ရာဌာနဖြစ်၏။ လူ့ဘောင်လောကရှိ မွေ့လျော်ဖွယ်အရာဝတ္ထုဟူသမျှကို စုပြုံထားသကဲ့သို့ ဖြစ်ပါပေ၏။

မျက်နှာကြက်တွင် ပန်းခိုင်၊ ပန်းနွယ်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထား၏။ အတွန့်အလိမ်၊ အဝင်အထွက်၊ အကျော်အနင်း စသဖြင့် တင့်တယ်သည်ထက် တင့်တယ်အောင် လက်စွမ်းပြထား၏။ ညီညာပြေပြစ်စွာ ပြုပြင်ထားသည့် မြေပြင်အထက်မှာလည်း သံယာတော်အရှင်မြတ်ငါးရာတို့အတွက် အဖိုးအနှုံထိုက်တန်သည့်အခင်းများ ခင်းထား၏။ သာသနာ့ဒါယကာမင်း ဖြစ်သဖြင့် ရဟန်းတို့နှင့်အပ်စပ်သော အခင်းများကိုသာ ဂရုစိုက်ရွေးချယ်၍ ခင်းပေးထားပေသည်။

မဇ္ဈန္တပ်ကြီး၏ တောင်ဘက်နံရံကိုကပ်လျက် မြောက်ဘက်သို့မျက်နှာမူကာ သံယနာယကအရှင်မြတ်ကြီးအတွက် ထေရာသနပလ္လင်ကို ခင်းထား၏။ မဇ္ဈန္တပ်၏အလယ်ဝဟိုတွင်ကား အရှေ့ဘက်သို့မျက်နှာမူကာ ဓမ္မာသနပလ္လင်ကို

ခင်းထား၏။ ထိုပလ္လင်ထက်၌ ဆင်စွယ်ယပ်ဝန်းကိုလည်း အရံသင့်ထားရှိပေသည်။

ထေရာသနပလ္လင်သည် ပုစ္ဆကပုဂ္ဂိုလ်အတွက်ဖြစ်၍ ဓမ္မာသနပလ္လင်သည် ကား ဝိသဇ္ဇကပုဂ္ဂိုလ်အတွက် ဖြစ်ပေသည်။

သာသနာ့ဒါယကာ အဇာတသတ်မင်းကြီး၏ကောင်းမှုဖြင့် သင်္ဂါယနာ မဏ္ဍပ်ကြီး ပြီးစီးသွားပေပြီ။ အစစအရာရာ ပြည့်စုံ၍နေပေပြီ။ သံဂီတိကာရက အရှင်မြတ်ကြီးများသည် အဘက်ဘက်က ပြည့်စုံနေသည့်မဏ္ဍပ်ကြီးကို လှည့်လည်ကြည့်ရှုရင်း မပြည့်စုံသေးသည့်အချက်တစ်ခုကို သတိပြုမိကြပေသည်။

❑

အရှင်အာနန္ဒာ၏အလွတ်တရား

အမျိုးကောင်းသားတစ်ယောက် သာသနာ့ဝန်ထမ်း ရဟန်းဘောင်သို့ ဝင်ရောက်နိုင်ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်သည်ကား ဥပဇ္ဈာယ် ဆရာ ဖြစ်ပေသည်။

ဥပဇ္ဈာယ်ဟူသည်မှာ ရဟန်းသစ်၏ အပြစ်ကြီး၊ အပြစ်ငယ်တို့ကို အနီးကပ် ကြည့်ရှုကာ အပြစ်ကင်းစွာ နေထိုင်ကျင့်သုံးတတ်စေရန် ဆုံးမသွန်သင်ပေးသည့် ဆရာရဟန်းပင် ဖြစ်ပေသည်။

ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ် ဟူသော သက္ကမင်းသားခြောက်ပါးနှင့် ဆတ္တာသည် ဥပါလိတို့သည် ဘုရားရှင်ထံ လိုက်ပါ၍ ဥပဇ္ဈာယ်ဆရာအသီးသီးဖြင့် ရဟန်းအဖြစ်ခံယူခဲ့ကြ၏။ အသီးသီးသော ဥပဇ္ဈာယ် ဆရာတို့တွင် တောကျောင်းဖော် အရှင်ဗေလဋ္ဌသီသသည်ကား အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာဖြစ်ပေသည်။

အရှင်အာနန္ဒာသည် အရှင်ဗေလဋ္ဌသီသ၏ အနီးကပ်ဆုံး သွန်သင်မှုကို ခံယူကာ သာသနာ့ဂုဏ်ဆောင်ရွက်နိုင်းတစ်ပါးဖြစ်လာခဲ့၏။ ထို့အတူပင် အရှင်အာနန္ဒာအား ပုထုဇဉ်အဖြစ်မှ လွတ်မြောက်၍ သောတာပန်အဆင့်သို့ရောက်အောင် ပို့ဆောင်ပေးသည့်ဆရာသည်ကား အရှင်ပဏ္ဏဖြစ်ပေသည်။

အရှင်ပဏ္ဏာသည်ကား ဤသာသနာတော်ကြီးတစ်ခုလုံးတွင် ရဟန်းသိက္ခာ အကြီးဆုံးဖြစ်သော အရှင်အညာသိကောဏ္ဍည၏ တပည့်ရင်းဖြစ်၏။ အရှင် အညာသိကောဏ္ဍညသည်ကား ဤသာသနာတော်ကြီးတစ်ခုလုံးတွင် ဘုရားရှင် နောက် ဒုတိယမြောက် တရားယောက်သူ ဖြစ်ပေရာ ရဟန်းသံဃာအားလုံး၏ လေးစားမှုကို ခံယူရပေသည်။

အလင်းသစ်စာပေ

အရှင်အညာသိကောဏ္ဍညသည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ မိမိ၏တူဖြစ်သူ အရှင်ပုဏ္ဏာကို ဘုရားရှင်အား ပြုစုလုပ်ကျွေးရန် တာဝန်လွှဲအပ်ကာ တောတောင်ထူထပ်ရာတွင်သာ လွတ်လပ်အေးချမ်းစွာ သီတင်းသုံးလေတော့၏။

ဤသို့ဖြင့် အရှင်ပုဏ္ဏာသည် ဘုရားရှင်၏အနီးအပါးမှာနေ၍ ပြုစုလုပ်ကျွေးလာခဲ့ရာ သူ့လိုပင် ထံတော်ပါးမှာ နေထိုင်လျက်ရှိသော အရှင်အာနန္ဒာနှင့် သိကျွမ်းခင်မင်လာခဲ့ပေသည်။

အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏာ၏ခန္ဓာငါးပါးကို အခြေပြု၍ ဟောကြားသည့် တရားဒေသနာကို ကြားနာရသဖြင့် သောတာပန်ဉာဏ်အလင်းကို ရရှိခဲ့ပေသည်။ (ခန္ဓသံယုတ်၊ အာနန္ဒသုတ်)

သောတာပန်ဉာဏ်အလင်းကို ရရှိလိုက်သည်နှင့် တစ်ပြိုင်နက် အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်စာရင်းဝင်ဖြစ်သွား၏။ သောတာပတ္တိမဂ္ဂဉာန်မှစ၍ အရဟတ္တမဂ္ဂဉာန်အထိ အရိယာပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မြင့်မြတ်သော အကျင့်ကို ကျင့်သုံးနေဆဲဖြစ်၍ သေက္ခပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။ အရဟတ္တမဂ်နှင့် တစ်ဆက်တည်း ကျရောက်သော အရဟတ္တဖိုလ်စိတ်မှစ၍ ထိုပုဂ္ဂိုလ်သည် မြင့်မြတ်သောအကျင့်ကို ကျင့်သုံး၍ပြီးပြီ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရရေးအတွက် နောက်ထပ်ကျင့်သုံးဖို့ မလိုတော့ပြီ။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်ကို အသေက္ခဟူ၍ ခေါ်ဆိုရပေသည်။

အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏာက ဟောကြားသည့် တရားဒေသနာကို ကြားနာရ၍ သေက္ခပုဂ္ဂိုလ်အဆင့်သို့ရောက်ပြီးနောက် အထက်မဂ် အထက်ဖိုလ် စခန်းသို့တက်လှမ်းနိုင်ရန် ဆိတ်ငြိမ်ရာအရပ်သို့ သွားရောက်၍ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခဲ့၏။ သို့ရာတွင် ဘုရားရှင်အား ပြုစုလုပ်ကျွေးလိုသည့်စိတ်ဆန္ဒများက ထက်သန်လွန်းလှသဖြင့် ကမ္မဋ္ဌာန်းခွင်၌ အချိန်ပြည့်မနေနိုင်ခဲ့ပေ။ မိမိ၏ရဟန်းကိစ္စပြီးဆုံးရေးထက် ဗုဒ္ဓဘုရားရှင်ထံတော်ပါးမှာနေရခြင်းကို ပိုမို၍ကျေနပ်နေခဲ့၏။ ဘုရားရှင်ဟောကြားသည့် တရားဒေသနာတော်အမျိုးမျိုး ကြားနာ မှတ်သား၍ လိုအပ်ရာရာ ပြုစုလုပ်ကျွေး၍သာ နေလာခဲ့၏။

ဤသို့ သေက္ခပုဂ္ဂိုလ်အဖြစ်ဖြင့် ရဟန်း၀ါ ၄၀ ကျော်ကျော် ဖြတ်ကျော်လာခဲ့သော အရှင်အာနန္ဒာသည် ထိုနေ့မှာတော့ သေက္ခပုဂ္ဂိုလ်အဆင့်ကို ကျော်လွန်နိုင်မှ ဖြစ်ပေတော့မည်။

အလင်းသစ်စာပေ

ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၄၈ ခု ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့ဖြစ်၏။ သာသနာ့ဒါယကာ အဇာတသတ်မင်းကြီး၏ကူညီထောက်ပံ့မှုဖြင့် သံဂီတိကာရကအရှင်မြတ်ကြီးငါးရာတို့သည် ကျောင်းတိုက်တာအဆောက်အအုံများ ပျက်စီးယိုယွင်းနေသည်တို့ကို ပြုပြင်ခဲ့ကြပေပြီ။ ဝေဘာရတောင်နံပါးရှိစရည်းပင်ပေါက်ရာ လိုဏ်ဂူဝတွင် အဇာတသတ်မင်းကြီးက သင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ကျင်းပရန်မဏ္ဍပ်တော်ကြီး ထိုး၍ပေးထားပေပြီ။ အဘက်ဘက်က လိုအပ်ချက်မှန်သမျှ ပြည့်ဝစုံလင်နေပြီဖြစ်၍ နက်ဖြန်ဆိုလျှင် သင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ဖွင့်လှစ်ကြပေတော့မည်။

ထိုမဟာဓမ္မသဘင်ကြီးကို ဆင်ယင်ကျင်းပကြမည့် ပုဂ္ဂိုလ်ကြီးတို့သည်ကား ကျင့်သုံးစရာ စခန်းလမ်းဆုံးထိ ဆိုက်ရောက်ပြီးသော အသေက္ခပုဂ္ဂိုလ်ကြီးများဖြစ်၏။ ပဋိသမ္ဘိဒါပတ္တ၊ ဆဋ္ဌာတိည စသော ဂုဏ်ထူးဝိသေသတို့ဖြင့် ထင်ရှားကျော်ကြားသည့် ရဟန္တာအရှင်မြတ်ကြီးများဖြစ်ကြ၏။

ထိုပုဂ္ဂိုလ်ကြီးများ ကျင်းပပြုလုပ်မည့် မဟာဓမ္မသဘင်သို့ အောက်ဆုံးအဆင့်အရိယာပုဂ္ဂိုလ်အဖြစ်ဖြင့် ပါဝင်တက်ရောက်ရန်ကား မသင့်လျော်ပေ။ ထို့ကြောင့်ပင် အရှင်အာနန္ဒာ၏အကျိုးကို လိုလားသော သီတင်းသုံးဖော်များက စကားတီးတိုးပြောဆိုပေးကြရ၏။

"ငါ့ရှင်တို့၊ သည်မှာရှိနေသည့်ရဟန်းများကြားမှာ သွားလာလှုပ်ရှားနေသော ရဟန်းတစ်ပါးသည် ညီစို့စို့အနံ့ နံလေစွတကား"

ညီစို့စို့အနံ့ဟူသည်မှာ ကိလေသာမစင်သေးသည့်အဖြစ်ကို ရည်ညွှန်းထားခြင်း ဖြစ်ပေသည်။

အချို့သီတင်းသုံးဖော်များကမူ မကြားနိုးနား စောင်းပါးရိပ်ခြည်ပြောမနေတော့ဘဲ -

"ငါ့ရှင် အာနန္ဒာ၊ နက်ဖြန်ဆိုလျှင် အစည်းအဝေးကြီး စတင်ပေတော့မည်။ သင့်မှာလည်း ယခုထက်တိုင် သေက္ခပုဂ္ဂိုလ်အဆင့်မှာသာ ရှိနေသေးသည်။ အထက်မင်္ဂဖိုလ်များအတွက် ပြုဖွယ်ကိစ္စတွေ ရှိနေကြသေး၏။ ပြုဖွယ်ကိစ္စတန်းလန်းနှင့် အစည်းအဝေးကြီးသို့ ဝင်ရန်မသင့်ပါ။ မမေ့လျော့သော သတိတရားဖြင့် ကြိုးစားအားထုတ်ပါလော့" ဟု တိုက်ရိုက်အားဖြင့် ပြောဆိုတိုက်တွန်းကြပေသည်။

ဤသို့ ပြောဆိုတိုက်တွန်းကြသည့် သီတင်းသုံးဖော်များတွင် အရှင်ဝဒ္ဓိပုတ္တာသည် အပါအဝင်ဖြစ်၏။ သို့ရာတွင် အရှင်ဝဒ္ဓိပုတ္တာသည်ကား သံဂီတိကာရကငါးရာထဲတွင် အပါအဝင်မဟုတ်ပါ။ မဇ္ဈိမနိကာယ်သာရွာကလေးတွင် တစ်ပါးတည်းနေထိုင်သော ရဟန္တာဟစ်ပါးသာဖြစ်ပါ၏။

ကုသိနာရုံမှ သာဝတ္ထိမြို့တော်သို့ သွားစဉ်တုန်းက အရှင်အာနန္ဒာသည် အရှင်ဝဒ္ဓိပုတ္တာထံသို့ ဝင်ရောက်၍ဦးခိုက်၏။ အရှင်အာနန္ဒာရောက်လာသည့်သတင်းကို ကြားရသဖြင့် ထိုရွာက ဒကာ၊ ဒကာမများသည် အရှင်ဝဒ္ဓိပုတ္တာ၏ကျောင်းကလေးသို့ စုပြုံရောက်လာကြ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည့်သတင်းစကားကိုကြားသိပြီးဖြစ်၍ အရှင်အာနန္ဒာကိုမြင်လိုက်ရသောအခါ ဒကာတွေရော၊ ဒကာမတွေပါ ငိုကြွေးကြ၏။

ဤတွင် အရှင်အာနန္ဒာသည် ဒကာ၊ ဒကာမများအား သင့်လျော်ရာတရားစကားတို့ဖြင့် နှစ်သိမ့်ဖျောင်းဖျရလေတော့သည်။

အရှင်ဝဒ္ဓိပုတ္တာသည် ဤရွာကျောင်း၌ နှစ်ပေါင်းများစွာနေလာခဲ့သော်ငြားလည်း ဒကာ၊ ဒကာမများနှင့် ရောရောနှောနှော မနေခဲ့ပေ။ ကိုယ့်တရားနှင့်ကိုယ်လွတ်လပ်အေးချမ်းစွာ နေလာခဲ့၏။ ယခုရောက်လာသည့် အရှင်အာနန္ဒာသည်ကား ကိုယ့်တရားနှင့်ကိုယ် လွတ်လပ်အေးချမ်းစွာမနေနိုင်ဘဲ ဒကာ၊ ဒကာမများကို ဟောရင်းပြောရင်းဖြင့် အချိန်တွေ ကုန်ဆုံးနေရ၏။ ထို့ကြောင့် –

"ဂေါတမနွယ်ဖွား အို ... အရှင်အာနန္ဒာ၊ လူသူကင်းဆိတ်ရာတောအုပ်မြိုင်ခွင်သို့ ချဉ်းကပ်စမ်းပါလော့။ ငြိမ်းအေးသော နိဗ္ဗာန်တရားကို စိတ်နှလုံးမှာကောင်းစွာထားစမ်းပါလော့။ ဝိပဿနာနှင့်တကွ မဂ္ဂင်္ဂဝေနာကိုပွားများစမ်းပါလော့။ မမေ့မလျော့ မပေါ့ဆစမ်းပါနှင့်။ လာလာသမျှ လူတွေနှင့် ဗလစ်ဗလစ်ပြောဆိုခြင်းဖြင့် သင့်မှာ ဘာအကျိုးရှိမည်နည်း"

ဤသို့ပင် ကြိမ်းသံမောင်းသံပါပါဖြင့် ပြောဆိုခဲ့ပါသေးသည်။

(ဧကနိပါတ် ဝဒ္ဓိပုတ္တာထေရ ဂါထာပါဠိတော်နှင့် အဋ္ဌကထာ)

ဤကဲ့သို့ အကျိုးလိုလားသည့် သီတင်းသုံးဖော်များက ဆက်ကာဆက်ကာ တိုက်တွန်းလာကြသဖြင့် အရှင်အာနန္ဒာသည် ထိုညချမ်းအချိန်တွင် ကမ္မဋ္ဌာန်းခွင်သို့ ဝင်ရောက်ရပေတော့သည်။

ဝေဠုဝန်ကျောင်းတော်အစွန်အဖျားရှိ ကမ္မဋ္ဌာန်းကျောင်းကလေးသည် ဝိုးတဝါးအလင်းရောင်အောက်တွင် တိတ်ဆိတ်အေးချမ်းစွာ တည်ရှိနေ၏။ ကျောင်း

တံခါးဝက ကျောက်တုံးပေါ်တွင် သောက်ရေအိုးတစ်လုံး တည်ရှိနေ၏။ စက်ြံ နံဘေးက ကျောက်ဖျာထက်တွင်မူ ခြေဆေးရေအိုးတည်ရှိနေ၏။ ထို့ပြင် ကမ္မဋ္ဌာန်း ကျောင်းကလေး၏ အတွင်းဘက်က ကြမ်းပြင်ပေါ်မှာလည်း အိပ်ရာနေရာအသင့် ခင်းပြီးရှိနေ၏။ အရှင်အာနန္ဒာ၏ တပည့်ရဟန်းများ ညနေတုန်းက လာရောက်၍ ပြုလုပ်ထားခဲ့ခြင်းဖြစ်ပေသည်။

အရှင်အာနန္ဒာသည် ကမ္မဋ္ဌာန်းကျောင်းကလေးထဲသို့မဝင်သေးဘဲ စက်ြံ လမ်းပေါ်မှာ အစမ်းသဘောဖြင့် လျှောက်ကြည့်နေ၏။ မိမိ သောတာပတ္တိဖိုလ် မျက်မှောက်ပြုခဲ့ရပုံကို ပြန်လည်စဉ်းစားနေမိ၏။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ဘုရားရှင်က အင်္ဂါလေးပါးကို ဟောကြားတော်မူခဲ့၏။ သူတော်ကောင်းနှင့် ပေါင်းဖက်မိခြင်း၊ သူတော်ကောင်း တရားကြားနာရခြင်း၊ အသင့်အတင့်နှလုံးသွင်းခြင်းနှင့် နိဗ္ဗာန်တရားအားလျော်စွာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းတို့ ဖြစ်ကြ၏။

သောတာပတ္တိဖိုလ်ရရှိရေးအတွက် အင်္ဂါလေးပါးကို ဟောကြားတော်မူ သကဲ့သို့ပင် အထက်ဖိုလ်များအတွက်လည်း ဤအင်္ဂါလေးပါးကိုပင် ဘုရားရှင် ဟောကြားတော်မူခဲ့၏။

(မဟာဝင်၊ သောတာပတ္တိသံယုတ် သပ္ပညဝင်၊ သောတာပတ္တိဖလ စသော သုတ်များ)

အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏ၏ တရားစကားကို ကြားနာရစဉ်က အထက်ပါအင်္ဂါလေးရပ်လုံးနှင့်ပြည့်စုံအောင် ကျင့်သုံးနိုင်သဖြင့် သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုနိုင်ခဲ့၏။ ထို့နောက်တွင်ကား နောက်ဆုံးအင်္ဂါရပ်ချို့တဲ့နေ သဖြင့် အထက်မင်္ဂဖိုလ်စခန်းသို့ မတက်လှမ်းနိုင်ဘဲ ရှိနေခဲ့ရ၏။ ယခုညမှာကား ချို့တဲ့နေခဲ့သော ဤအင်္ဂါရပ်ကို ပြည့်ပြည့်ဝဝကြီး ဖြည့်ဆည်းရပါတော့မည်။

သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူသော ဣရိယာပုတ်လေးပါးရှိသည့်အနက် လျောင်းစက်ခြင်းသည် ထိနမိဒ္ဓနှင့် အနီးစပ်ဆုံးဖြစ်၏။ လျောင်းစက်ရင်း ကမ္မဋ္ဌာန်း စီးဖြန်းပါက မည်မျှပင် အားတင်းထားသော်လည်း မကြာခင် မေ့ခန်အိပ်ပျော်သွား တတ်၏။ သူနှင့်စာလျှင် ထိုင်၍ပွားများခြင်းက တော်သေး၏။ သို့ရာတွင် ထိုင် လျက်ကလည်း ငိုက်တတ်မျဉ်းတတ်သေး၏။ ထို့ကြောင့် ထိုင်ခြင်းထက် ရပ် ခြင်းက ပို၍စိတ်ချရ၏။ ထိုထက်ပို၍စိတ်အချရဆုံးကတော့ စက်ြံလျှောက်ရင်း၊ ပွားများခြင်းသာ ရှိပေတော့သည်။

အလင်းသစ်တပေ

ဤတစ်ညတာ ဘာဝနာလုပ်ငန်းဖြင့် အရဟတ္တဖိုလ်အရောက် မျက်မှောက်ပြုနိုင်ရေးအတွက် အရှင်အာနန္ဒာသည် စကြံလျှောက်ရင်း ကာယဂတာသတိကို ပွားများ၏။

ညဉ့်နက်ပိုင်းသို့ရောက်လာသည်တွင် ကမ္မဋ္ဌာန်းကျောင်းဝန်းကျင်မှ ကျေးငှက်တို့၏ အသံများ တိတ်ဆိတ်သွားကြ၏။ တစ်ခြမ်း ပိန်စပြုနေပြီဖြစ်သော လဝန်းကြီးကလည်း ထက်ကောင်းကင်သို့ မြင့်တက်လာ၏။ အရောင်အဝါပို၍ တောက်ပလာ၏။ ထို့အတူပင် အရှင်အာနန္ဒာ၏ကမ္မဋ္ဌာန်းအာရုံတို့ကလည်း ပို၍ ပို၍ ထင်လာကြပေသည်။

ချထားသောခြေကို နုတ်ယူခြင်း၊ နုတ်ယူပြီးလျှင် ရှေ့သို့ဆောင်ခြင်း၊ ဆောင်ယူထားသောခြေထောက်ကို ရှေ့တစ်လှမ်းစာ၌ အသာအယာချခြင်း၊ ထို့နောက် အခြားခြေတစ်ဖက်ကိုနုတ်ခြင်း၊ ဆောင်ခြင်းချခြင်း၊ ဤသို့ဖြင့် ခန္ဓာကိုယ်လှုပ်ရှားမှုမှန်သမျှကို သတိကပ်၍စီးဖြန်းနေ၏။

ဤသို့သော ကာယဂတာသတိကို ပွားများခြင်းဖြင့် အရဟတ္တဖိုလ်ရောက် ခရီးပေါက်ခဲ့သော သာဝကတွေ များလှပါပြီ။ ဤကာယဂတာသတိသည် အရိယာပုဂ္ဂိုလ်အပေါင်း၏ ကူးတို့ဆိပ်သဖွယ် ဖြစ်နေ၏။ သို့ပါလျက် ကာယဂတာသတိကို တစ်ညလုံး စကြံလျှောက်၍ ပွားများလာခဲ့သော အရှင်အာနန္ဒာမှာကား အထက်မဂ်ဖိုလ်စခန်းသို့ မတက်လှမ်းနိုင်ပါချေ။

ဤတွင် အရှင်အာနန္ဒာသည် စကြံကြွခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကို ရပ်နားကာ အခြေအနေမှန်ကို ပြန်လည်သုံးသပ်ကြည့်၏။

ဘုရားရှင်ကိုယ်တော်တိုင်ကတော့မှ မလွမင်းတို့၏အင်ကြင်းဥယျာဉ်အတွင်း ခင်းထားအပ်သော ညောင်စောင်းထက်ဝယ် နောက်ဆုံးကျိန်းစက်ခြင်းဖြင့် ကျိန်းစက်တော်မူစဉ်က –

"အာနန္ဒာ၊ သင်သည် ကုသိုလ်ကောင်းမှုပြုခဲ့ပြီးသူဖြစ်၏။ တရားအလုပ်အားထုတ်ပါလျှင် မကြာမီမှာပင် အာသဝကင်းစင်သော ရဟန္တာဖြစ်ပါလိမ့်မည်"

ဟု ဟောကြားတော်မူခဲ့ပါ၏။

ဘုရားရှင်တို့၏စကားမည်သည် မှားသည် မရှိစကောင်း။ ထို့အတူပင် အရှင်အာနန္ဒာဘက်ကလည်း တစ်ညတာလုံး ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ပါပြီ။ သို့ပါလျက် ရှေ့စခန်းသို့ မတက်လှမ်းနိုင်သေးခြင်းမှာ ဘာကြောင့်ပါနည်း။

ဤသို့ဆင်ခြင်သုံးသပ်လိုက်ခါမှ ဝီရိယလွန်၍ ဥဒ္ဓစ္စဖြစ်နေခြင်းကို တွေ့မြင်လိုက်ရပေတော့သည်။

အကြောင်းအမျိုးမျိုးကြောင့် ဘာဝနာစခန်းနှင့် အလှမ်းဝေးခဲ့ရသော အရှင်အာနန္ဒာသည် တကယ်တမ်းအားထုတ်ဖြစ်သည့်အချိန်တွင်ကား တွန့်တိုဆုတ်နစ်ခြင်းမရှိတော့ပါ။ အိပ်ချင်ငိုက်ချင်စိတ်များလည်း စိုးစဉ်းမျှမရှိတော့ပါ။ ညောင်းရကောင်းမှန်းလည်း မသိတော့ပါ။ ထင်ရှားသည်ထက် ထင်ရှားလာကြသည့် ကမ္မဋ္ဌာန်းအာရုံကို လက္ခဏာတင်၍ ပွားများရာတွင် သူ၏စိတ်သည် ထက်သန်လှ၏။ ဤတစ်ညတာအတွင်းမှာပင် အရဟတ္တဖိုလ်ကို ဧကန်ရတော့မှာပဲဟူသော အသိဖြင့် တက်ကြွနေ၏။ ဤသို့ စိတ်ထက်သန်ခြင်း၊ တက်ကြွခြင်းကြောင့်ပင် စိတ်ပျံ့လွင့်ခြင်းဟူသော ဥဒ္ဓစ္စသည် ဖြစ်မှန်းမသိ ဖြစ်လာရ၏။ ငါ၏စိတ်သည် ထက်သန်လေစွတကား၊ ငါ၏စိတ်သည် တည်ကြည်လေစွတကားဟု အမှတ်မထင် တွေးတောမိခြင်းသည် ဥဒ္ဓစ္စဖြစ်နေပေတော့သည်။

ထို့ပြင် ဤတစ်ညတာကာလတွင် အားပါးတရ အားထုတ်လိုက်ရသော ဘာဝနာကမ္မဋ္ဌာန်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရတော့မည်ဟူသော အသိဖြင့် မိမိ၏ဝိပဿနာကို မသိမသာ တွယ်တာကပ်ငြိနေမိ၏။

ဤသာသနာတော်၌ ကျောင်းကန်တိုက်တာ၊ ပြုစုလုပ်ကျွေးနေကြသော ဒကာ၊ ဒကာမတို့ကို တွယ်တာခြင်းသည် လွတ်မြောက်ရေးခရီးလမ်း၌ အဟန့်အတားဖြစ်၏။ ဝိပဿနာ၌ တွယ်တာကပ်ငြိခြင်းသည်လည်း ထို့အတူပင်ဖြစ်၏။ တွယ်တာမှုကို မစွန့်လွှတ်နိုင်သေးသမျှ အရဟတ္တဖိုလ်ကို မရနိုင်ပါ။ ကုရုတိုင်း၊ ကမ္မာသဒမ္မရွာကြီးတုန်းက ဘုရားရှင်ဟောကြားတော်မူခဲ့သော ဤအာနေဥသပ္ပာယသုတ္တန်သည် အရှင်အာနန္ဒာ၏အဖြစ်နှင့် တိုက်ဆိုင်နေပေသည်။

ထို့ကြောင့် အရှင်အာနန္ဒာသည် ဝိပဿနာကိုလည်း မတွယ်တာ၊ ရဟန္တာဖြစ်ရေးကိုလည်း တွေးတောခြင်းမရှိ။ ပကတိတည်ကြည်ငြိမ်သက်သောစိတ်ဖြင့် ခြေဆေးရေအိုးရှိရာ လျှောက်လာခဲ့၏။ ရေအေးအေးဖြင့်ခြေဆေးပြီးလျှင် ကမ္မဋ္ဌာန်းကျောင်းကလေးထဲသို့ ဝင်လိုက်၏။ ထို့နောက် တပည့်ရဟန်းများခင်းပေးထားသည့် အိပ်ရာပေါ်သို့ ကိုယ်ခန္ဓာကို လဲချလိုက်ပေသည်။

စိတ်လွတ်ကိုယ်လွတ်နှင့် လဲချလိုက်ရာတွင် ခြေထောက်နှစ်ချောင်းသည် မြေပြင်မှ လွတ်သွား၏။ ဦးခေါင်းကလည်း ခေါင်းအုံးပေါ်သို့မကျသေး။ ဤသို့သော အနေအထားသည် မည်သည့်ဣရိယာပုတ်ထဲမှာ ပါနိုင်မည်နည်း။ သွားနေ

သည်လည်း မဟုတ်။ ရပ်နေသည်လည်း မဆိုနိုင်။ ထိုင်နေသည်လည်း မဟုတ်။ လျောင်းစက်သည်ဟူ၍လည်း မဆိုနိုင်ပေ။ ထိုသို့ ကျရိယာပုတ်လေးပါးလုံးမှ လွတ်ကင်းနေသည့် အခိုက်အတန့်လေးမှာပင် အရှင်အာနန္ဒာသည် အလိုအာသဝဟူသမျှတို့၏ ကင်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို အထက်မဂ်အဆင့်ဆင့်ဖြင့် မျက်မှောက်ပြုကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

ထို့ကြောင့် ဤသာသနာတော်တစ်ရပ်လုံး၌ ကျရိယာပုတ်လေးပါးမှ ကင်းလွတ်၍ ရဟန္တာဖြစ်သူကို ပြပါဆိုလျှင် အရှင်အာနန္ဒာ တစ်ပါးတည်းသာ ရှိကြောင်း ဆရာစဉ်ဆက် ဥဒါန်းစကား ပြောကြားလာခဲ့ကြရပါပေသည်။

သင်္ဂါယနာအမေးအဖြေ

ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်လပြည့်ကျော်ငါးရက်နေ့။ ဤကမ္ဘာ၌ ဤသာသနာတော် တည်ရှိနေသည်နှင့်အမျှ အမှတ်တရရှိနေရစ်မည့်နေ့။

ထိုနေ့နံနက်တွင် သာသနာ့ဒါယကာ အစာတသတ်မင်းကြီးသည် ဝေဠုဝန်ကျောင်းတော်သို့လာရောက်၍ သံဃာတော်များအား ဆွမ်းလုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေး၍ပြီးသောအခါ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာအရှင်မြတ်ကြီးများသည် မိမိတို့၏သပိတ်၊ သင်္ကန်းတို့ကို ကောင်းမွန်စွာ သိုမှီးသိမ်းဆည်းပြီးလျှင် ဝေဘာရတောင်နံပါး၊ စရည်းပင်ပေါက်ရာလိုဏ်ဂူရှိ မိုးလုံလေလုံမဏ္ဍပ်တော်ကြီးသို့ ရှေးရှုကြွရောက်ကြ၏။

ဤဓမ္မသဘင်ကြီးသည်ကား ဘုရားသာသနာတော်ကြီး အဓွန့်ရှည်ကြာတည်ရာတည်ကြောင်း အခြေခံအကောင်းဆုံးကို တည်ဆောက်ပေးခြင်းဖြစ်၏။ နောင်လာနောက်သားအားလုံး တန်ဖိုးမဖြတ်နိုင်သည့် ဓမ္မအမွေတော်ကြီးကို ခံယူနိုင်ရေးအတွက် အနောင့်အယှက် အဟန့်အတားတို့ ပေါ်ပေါက်မလာစေရန် ကြိုတင်ကာကွယ်ပေးထားခြင်းဖြစ်၏။ ရည်ရွယ်ချက်မြင့်မားသည်နှင့်အမျှ လုပ်ဆောင်ချက်ကလည်း ထိမိပိုင်နိုင်လှပါပေ၏။

ထို့ကြောင့်လည်း ဤဓမ္မသဘင်ပွဲတော်ကြီးကို ကြည်ညိုနိုင်ကြရန် ရာဇပြုဟ်မြို့သူမြို့သားအပေါင်းသည် မဏ္ဍပ်ကြီး၏ထက်ဝန်းကျင်မြေပြင်အပြည့်ရောက်ရှိနေကြ၏

ထို့နောက် သာသနာ့ဒါယကာ အစာတသက်မင်းကြီးသည်လည်း အမြွေအရံပရိသတ်အပေါင်းနှင့်တကွ မင်းလမ်းအတိုင်း လျှောက်လှမ်းလာ၏။

မဏ္ဍာပ်တော်ကြီးအတွင်း မင်းကြီးအတွက် သတ်မှတ်ထားသောနေရာတွင် ရှိသေတုပ်ဝပ်စွာထိုင်၏။

အဇာတသတ်မင်းကြီးနှင့်တကွ ဒကာ၊ ဒကာမအပေါင်း၏ ဆယ်ချောင်းလက်စုံ ကြာပဒုံတို့၏ ရှေ့မှနေ၍ သံဂီတိကာရကအရှင်မြတ်ကြီးများသည် မဏ္ဍာပ်တော်ကြီးထဲသို့ ဝင်လာကြ၏။ အရှင်မဟာကဿပသည် သံဃနာယကမထေရ်ကြီးအတွက် ခင်းကျင်းပြင်ဆင်ထားသော ထေရာသနပလ္လင်ထက်သို့ တက်ရောက်ကာ ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။ သံဂီတိကာရကအရှင်မြတ်များသည်လည်း ထေရ်စဉ်ဝါစဉ်လိုက် ထိုက်သင့်သည့်နေရာတို့၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေကြ၏။

ဤသို့ ကြွရောက်လာသည့် အရှင်မြတ်ကြီးများ နေသားတကျထိုင်မိကြခါမှ နေရာလပ်တစ်ခု ရှိနေသေးသည့်ဖြစ်အင်္ဂ သတိပြုမိကြတော့သည်။

ဤတွင် ထိုနေရာလပ်နှင့်နီးစပ်ရာ မထေရ်တစ်ပါးက –

"ဤနေရာကား မည်သူ့နေရာဖြစ်ပါသနည်း" ဟု မေးမြန်းလေရာ –

"အရှင်အာနန္ဒာ၏နေရာဖြစ်ပါသည်ဘုရား"

အနီးအပါးရှိမထေရ်တစ်ပါးက ဖြေကြားရ၏။ ဤတွင် မေးခွန်းရှင်မထေရ်က –

"အရှင်အာနန္ဒာသည် ဘယ်အရပ်သို့ ရောက်နေပါသနည်း"

ဟု မေးမြန်း၏။

ဖြေကြားသည့်မထေရ်က ထိုမေးခွန်းကို ဖြေကြားရန် ဟန်ပြင်နေဆဲမှာပင် အရှင်အာနန္ဒာသည် ထိုနေရာလပ်ပေါ်၌ ဘွားခနဲပေါ်ပေါက်လာ၏။

ဤတွင် အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား ရွှန်းရွှန်းစားစား ကြည့်ရှုကာ အကယ်၍ ယခုအချိန်တွင် ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူနေပါက အာနန္ဒာအား ကောင်းချီးပေးမည်မလွဲချေ။ ယခုသော်ကား ဘုရားကိုယ်တော်တိုင် ရှိတော်မမူပြီဖြစ်၍ ဘုရားရှင်ကိုယ်စား ငါကပင် ကောင်းချီးပေးရပေမည်ဟု ဆင်ခြင်သုံးသပ်ကာ အရှင်အာနန္ဒာ၏ အလွတ်တရားရပုံကို ကောင်းချီးနမော်သာဓုသုံးကြိမ်ခေါ်ပေသည်။

ဤတွင် သံဂီတိကာရကရဟန်းငါးရာနီးပါးတို့ကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြလေသည်။

ဤသို့ သံဂီတိကာရကရဟန္တာပုဂ္ဂိုလ်ငါးရာတိတိ စုစည်းမိသောအခါ သံဃနာယကအရှင်မြတ်ကြီးက –

"ငါ့ရှင်တို့၊ ဓမ္မနှင့် ဝိနယ နှစ်ပိုင်းရှိသည့်အနက် ဘယ်အပိုင်းကို ပထမဦးစွာ သင်္ဂါယနာတင်ကြရပါမည်နည်း"

ဤသို့မေးမြန်းလိုက်ရာ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များက -

"အရှင်ဘုရား၊ ဝိနယမည်သည် သာသနာတော်၏အသက်ဖြစ်ပါသည်။ ဝိနယတည်ရှိနေမှ သာသနာတော်ကြီး တည်ရှိနေနိုင်ပါသည်။ ထို့ကြောင့် ဝိနယအပိုင်းကို ပထမဦးစွာ သင်္ဂါယနာတင်ကြပါဦးအံ့" ဟု လျှောက်ထားကြ၏။

မထေရ်ကြီးများ၏လျှောက်ထားချက်ကို အစည်းအဝေးပါ အရှင်မြတ်အားလုံးတို့ကလည်း ထောက်ခံကြသဖြင့် -

"ငါ့ရှင်တို့၊ ဤသို့ ဝိနယပိဋကကို သင်္ဂါယနာတင်ရာတွင် ဖြေကြားရန် တာဝန်ကို မည်သူ့အား ပေးအပ်ရမည်နည်း"

"အရှင်ဘုရား၊ အရှင်ဥပါလိကို တာဝန်ပေးအပ်ကြရပါမည်"

"ငါ့ရှင်တို့၊ ဝိနယပိဋကကိုဖြေကြားရန် အာနန္ဒာ မစွမ်းနိုင်၍လော"

"မစွမ်းနိုင်၍ မဟုတ်ပါဘုရား။ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် အရှင်ဥပါလိသည် ဝိနယပိဋကကိုလေ့လာသင်ကြားခဲ့ပါသည်။ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာလှပါသည်။ အလွန်တရာခက်ခဲ၍ သိမ်မွေ့လှသော အမှုအခင်းတို့ကို တိကျမှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်ခဲ့ပါသည်။ ဝိနည်းအရာတွင် ကျွမ်းကျင်လိမ္မာလှသဖြင့် ဘုရားရှင်က သူ့ကို ဝိနယဓရဇတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးခဲ့ရပါသည်။ ထို့ကြောင့် အရှင်ဥပါလိအား တာဝန်ပေးသင့်ပါသည်ဘုရား"

မထေရ်ကြီးများက ခိုင်လုံလှသောအကြောင်းပြချက်များဖြင့် ထောက်ခံလျှောက်ထားကြ၏။

အရှင်ဥပါလိ၏အကျိုးသင့်အကြောင်းသင့် ထောက်ချင့်ဝေဖန်၍ တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်သော ဉာဏ်စွမ်းအားသည်ကား လူ့ဘဝမှာကတည်းက ထင်ရှားခဲ့ပေသည်။

အရှင်ဥပါလိသည်ကား အမျိုးဇာတ်ယုတ်နိမ့်သည်ဟု အသတ်မှတ်ခံရသော ဆတ္တာသည်မျိုးရိုးမှ ဖွားမြင်ခဲ့သူဖြစ်၏။ ဘဒ္ဒိယ၊ အနရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ်ဟူသော သကျမင်းသားခြောက်ပါးတို့ ရဟန်းပြုရန် ကပွိလဝတ္ထုမြို့တော်မှ ထွက်ခွာလာရာတွင် သူတို့၏လက်ခွဲတော် ဆတ္တာသည် ဥပါလိသည်လည်း အတူပါလာခဲ့၏။ သကျတို့၏နယ်မြေကိုကျော်လွန်၍ မလ္လနယ်မြေသို့ ရောက်သောအခါ သကျမင်းသားတို့က မိမိတို့၏လက်ဝတ်တန်ဆာ

ရတနာတို့ကို ချွတ်ပြီးလျှင် တဘက်တစ်ထည်ဖြင့်ထုပ်လျက် ကိုယ့်ရပ်ကိုယ့်ရွာ ပြန်၍အသက်မွေးရန် စေလွှတ်လိုက်ကြပေသည်။

ဥပါလိသည်လည်း လက်ဝတ်တန်ဆာရတနာထုပ်ကိုထမ်းလျက် လာလမ်းအတိုင်း ပြန်ခဲ့ရာ အတန်ကြာသောအခါ သကျမင်းသားတို့ထံ ပြန်လိုက်လာပေသည်။

သကျမင်းသားတို့က ပြန်လိုက်လာရခြင်းအကြောင်းရင်းကို မေးမြန်းကြသောအခါ –

"အရှင့်သားတို့၊ အရှင့်သားတို့၏သကျမျိုးနွယ်များထဲမှာ စိတ်ကြမ်း၊ ကိုယ်ကြမ်းပုဂ္ဂိုလ်များ ရှိကြပါသည်။ အရှင်မင်းသားတို့မပါဘဲ ကျွန်ုပ်တစ်ယောက်တည်း ဤဘဏ္ဍာထုပ်ကြီးနှင့်ပြန်သွားလျှင် သူတို့က ချမ်းသာပေးမည်မဟုတ်ပါ။ သည်ဥစ္စာဘဏ္ဍာတွေရရှိရေးအတွက် မင်းသားများကို တိုင်းပြည်က ထွက်ခွာအောင် ကျွန်ုပ်က သွေးဆောင်ဖြားယောင်းသည်ဟု စွပ်စွဲကြပါလိမ့်မည်။ သူတို့စိတ်မထင်လျှင် သက်ဦးဆံပိုင်အရှင်သခင်များမို့ သတ်ဖြတ်ကြပါလိမ့်မည်"

ဥပါလိ၏အကျိုးသင့်အကြောင်းသင့် ချင့်ချိန်သုံးသပ်နိုင်သည့်စွမ်းရည်ကို သူ၏အရှင်သခင်များက အသိအမှတ်ပြုကြရ၏။ ကပိလဝတ်မြို့တော်သို့ ပြန်မသွားဝံ့လျှင် အခြားမင်းတို့၏နယ်မြေသို့ ပို့ဆောင်ပေးရန် ကမ်းလှမ်းကြ၏။ သို့ရာတွင် ဥပါလိက လက်မခံပါ။

"အရှင့်သားတို့၊ အရှင့်သားတို့ကဲ့သို့ ဆွမျိုးညာတကာ အာဏာစည်းစိမ် ဂုဏ်သိန်မြင့်မားသည့် မင်းသားများသော်မှ ရဟန်းပြုနိုင်ကြပေသေးသည်။ ကျွန်ုပ်လို အစေအပါးတစ်ယောက်က ဘာများတွယ်တာနေစရာ ရှိပါသေးသနည်း။ သည်တော့ သည်ဘဏ္ဍာထုပ်ကို ဟောသည်သစ်ကိုင်းမှာ ချိတ်ထားလိုက်ပါပြီ။ မြင်သောသူ ယူသွားပါစေတော့။ ကျွန်ုပ်သည်လည်း အရှင့်သားတို့နှင့်အတူ လိုက်၍ရဟန်းပြုပါတော့မည်"

ဆတ္တာသည် ဥပါလိ၏ တင်ပြချက်ကို သကျမင်းသားခြောက်ယောက်တို့က ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြ၏။

ဤသို့ဖြင့် ဘုရားရှင်ရှေ့တော်မှောက်သို့ရောက်ကြ၍ ရဟန်းပြုရန် စီစဉ်ကြသောအခါ သကျတို့၏မာန်မာနကို ချိုးနှိမ်၍ ဆတ္တာသည် ဥပါလိအား ဦးညွတ်နိုင်ရန်၊ ခရီးဦးကြိုဆိုရန်၊ လက်အုပ်ချီမိုးနိုင်ရန် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးဖို့ လျှောက်တင်ကြပေသည်။

သကျမင်းသားတို့၏ လျှောက်တင်ချက်မှာ သင့်မြတ် မှန်ကန်သဖြင့် ဘုရားရှင်ကလည်း ဥပါလိကို အဦးဆုံးထား၍ ရဟန်းပြုပေးတော်မူ၏။

(ဝိနည်း စူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက)

ရဟန်းအဖြစ်သို့ရောက်သောအခါ အရှင်ဥပါလိသည် တောရဆောက်တည် ခွင့်ပြုရန် ပန်ကြား၏။ ဘုရားရှင်သည် အရှင်ဥပါလိ၏ပန်ကြားချက်ကို လက်ခံတော်မမူဘဲ -

"ဥပါလိ၊ ငါဘုရား တိုက်တွန်း၏။ သံဃာများကြားမှ ဝိနယပရိယတ်ကို သင်ယူရင်း နေထိုင်ပါလော့။ တောရဆောက်တည်ခြင်းဖြင့် ဝိပဿနာဓူရတစ်ပါး တည်းသာ ပြည့်စုံပေလိမ့်မည်။ သံဃာများကြားမှာနေခြင်းဖြင့် ဝိပဿနာဓူရနှင့် ဂန္ထဓူရ နှစ်ပါးလုံးပြည့်စုံလျက် မကြာမီ ရဟန္တာဖြစ်ပါလိမ့်မည်။ ဝိနယပိဋကဋ္ဌ ရဲဝံ့စွာဆုံးဖြတ်နိုင်သော အကြီးအမှူးဖြစ်ပါလိမ့်မည်"

(အင်္ဂုတ္တရ၊ ဒသကနိပါတ်၊ ဥပါလိသုတ်ပါဠိတော်နှင့် အဋ္ဌကထာ)

ဤသို့မိန့်ကြားတော်မူခဲ့သည့်အတိုင်းပင် အရှင်ဥပါလိသည် သံဃာတော်များနှင့် အတူတကွနေထိုင်ရင်း ဝိနည်းကြောင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအချက်များကို သင်ယူမှတ်သား၏။ အရေးကြီးသောအချက်အလက်များ၊ ဆုံးဖြတ်ရန်ခက်ခဲသောကိစ္စများကို ဘုရားရှင်ထံ မေးလျှောက်၏။ သင်ယူမှတ်သားထားခဲ့ပြီးသော ဝိနယအသိအမြင်ဖြင့် သံဃာတော်အချင်းချင်းကြား၌ ဖြစ်ပွားလာခဲ့သောအရေးကိစ္စတို့ကို အဆုံးအဖြတ်ပေးလာခဲ့ရ၏။ သံဃာတော်များ ချမ်းသာစွာနေထိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့၏။ ဤကဲ့သို့ သံဃာ့အကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်ရင်းကပင် မိမိအတွက်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို မပေမမလျှော့စီးဖြန်းခဲ့၏။ ထို့ကြောင့်လည်း မကြာမီမှာပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်၏။ ထို့နောက် ဇေတဝန်ကျောင်းတော်၌ သာဝကအသီးအသီးတို့အား ဘုရားရှင်က စတုဒ္ဓါဂုဏ်ထူးဖြင့် မျိုးမြှောက်တော်မူရာတွင် အရှင်ဥပါလိသည် ဝိနယဓရအရာ၌ စတုဒ္ဓါဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဤသို့သောအကြောင်းတရားတို့ကို ထောက်ထား၍ မထေရ်ကြီးများကလျှောက်ထားသည်ကို သံယနာယကအရှင်မြတ်ကြီးကလည်း လက်ခံပြီးလျှင် -

"ငါရှင်တို့၊ သံယာသည် ငါ၏စကားကို နားဆင်ပါလော့။ သံယာအား လျှောက်ပတ်သော အစီအစဉ်ရှိပါလျှင် ငါသည် ဥပါလိကို ဝိနယကိုမေးပါဆုံ"

ဤသို့ သံဃာပရိသတ်အားလုံးကို အသိပေးကြေညာကာ မိမိကိုယ်ကို ပုစ္ဆကပုဂ္ဂိုလ်အဖြစ် သမုတ်လိုက်၏။

ထို့အတူပင် ဖြေကြားရမည့်ပုဂ္ဂိုလ်ကလည်း –

"အရှင်ဘုရားတို့၊ သံဃာသည် တပည့်တော်၏စကားကို နားဆင်ပါလော့။ သံဃာအား လျောက်ပတ်သော အခါအခွင့်ရှိပါလျှင် တပည့်တော်သည် အရှင်မဟာကဿပ မေးမြန်းသည့်ဝိနယကို ဖြေကြားပါအံ့"

ဤသို့ ဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ်ဖြင့် မိမိကိုယ်ကိုယ်ကြေညာလိုက်ပြီးလျှင် နေရာမှထ၍ သင်္ကန်းကို သေသပ်သည်ထက် သေသပ်အောင် ပြုပြင်၍ လက်ကတော့ထိုးကာ သီတင်းကြီးသောမထေရ်များကိုလက်အုပ်ချီလျက် တရားပလ္လင်ထက်သို့ တက်လိုက်၏။ တည်ကြည်ငြိမ်သက်သောက္ကန္ဒြေဖြင့် ထက်ဝယ်ဖွဲ့ခွေထိုင်နေလိုက်၏။ ဝိသဇ္ဇကပုဂ္ဂိုလ်၏အဆောင်အယောင်ဖြစ်သော ဆင်စွယ်ယပ်ဝန်းကို ကိုင်လိုက်၏။

တရားပလ္လင်ထက်၌ အရှင်ဥပါလိ နေသားတကျရှိသွားသောအခါ ပုစ္ဆက အရှင်မြတ်ကြီးက စတင်၍မေးမြန်း၏။

"ဘုရှင် ဥပါလိ၊ ပထမ ပါရာဇိက သိက္ခာပုဒ်ကို အဘယ်အရပ်၌ မြတ်စွာဘုရား ပညတ်တော်မူခဲ့ပါသနည်း"

"ဝေသာလီမြို့တော်၌ ပညတ်တော်မူခဲ့ပါသည်ဘုရား"

"ဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပညတ်တော်မူခဲ့ပါသနည်း"

"ကလန္ဒကသူဌေးသားဖြစ်သော အရှင်သုဒိန်ကိုအကြောင်းပြု၍ ပညတ်တော်မူခဲ့ပါသည်ဘုရား"

"အဘယ်သို့သောအပြုအမူကြောင့် ပညတ်တော်မူခဲ့ပါသနည်း"

"မယားဟောင်း၌မေထုန်မှီဝဲခြင်းကြောင့် ပညတ်တော်မူခဲ့ပါသည်ဘုရား"

ဤသို့ မေးခွန်းအားလျော်စွာ အကျဉ်းချုပ်ဖြေကြားပြီးမှ ဝိနည်းပညတ်ချက်များပေါ်ပေါက်လာရခြင်း အကြောင်းရင်းနှင့်တကွ တင်ပြနိုင်ရန် ဝေဠုကဏ္ဍာမှ စတင်၍လျှောက်ထား၏။

ဝေဠုပဏ္ဍာကြီး၏ပင့်လျှောက်ချက်အရ ဘုရားရှင်နှင့်တကွ တပည့်ရဟန်းများသည် ဝေဠုရွာအနီး နာဠန္ဒရာမည်သော ဘီလူးပိုင်စိုးသည့် တမာပင်ရင်း၌ ဝါကပ်၍ သီတင်းသုံးတော်မူခဲ့ကြ၏။

အလင်းသစ်စာပေ

ထိုစဉ်တုန်းက အရှင်မဟာသာရိပုတ္တရာက သာသနာတော်အဓွန့်ရှည်စွာ တည်နေခြင်း၏အကြောင်းတရားကို မေးလျှောက်လေရာ ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်များ ပညတ်ထားခဲ့လျှင် သာသနာတော်အဓွန့်ရှည်စွာ တည်နေနိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပေသည်။ ထို့ကြောင့် ထိုအကြောင်းအရာများ အပြည့်အစုံဖော်ပြထားသည့် ဝေရဉ္ဇကဏ္ဍကို ဝိနည်းသိက္ခာပုဒ်များပညတ်ရခြင်း၏ အတွင်းနိဒါန်းအဖြစ် ရှေးဦးစွာမှတ်တမ်းတင်ထားရပေသည်။

ထို့နောက် ဆက်လက်၍ ပထမပါရာဇိကသိက္ခာပုဒ် ပေါ်ပေါက်လာပုံ ဇာတ်လမ်းစုံကို ဆက်လက်၍လျှောက်ထား၏။

ဝေသာလီမြို့တော်နှင့် မနီးမဝေးမှာတည်ရှိသော ကလန္ဒကရွာသို့ မြတ်စွာဘုရား ကြွရောက်တော်မူစဉ် ထိုရွာက သူဌေးသားသုဒိန်သည် မြတ်စွာဘုရား ဟောကြားသည့်တရားတော်ကို ကြားနာရသဖြင့် သဒ္ဓါတရားကြီးမားထက်သန်လာကာ သာသနာတော်၌ ရဟန်းပြုလိုပါကြောင်း မိန့်ကြားတော်မူသဖြင့် မိဘများထံ ခွင့်ပန်၏။ သို့ရာတွင် မိဘများက တစ်ဦးတည်းသောသားကို မစွန့်မခွာနိုင်ကြသဖြင့် ခွင့်မပြုကြပေ။ သုဒိန်သည် မိမိကိုယ်ကို မြေကြီးပေါ်တွင် ပစ်လဲ့ကာ အစာမစားဘဲ ခုနစ်ရက်တိုင်တိုင်နေ၍ ဆန္ဒပြ၏။ ဤတွင် ဆွေမျိုးမိတ်သင်္ဂဟများက ဖျောင်းဖျပြောဆိုကြသဖြင့် မိဘများသည် သား၏အလိုကို လိုက်ကြရပေတော့သည်။

သုဒိန်သည် တစ်ရက်၊ နှစ်ရက်မျှ ကျန်းမာအောင် နားနေပြီးလျှင် သာသနာတော်၌ ရဟန်းပြု၏။ ရဟန်းအဖြစ်ကိုရရှိပြီးလျှင် အရှင်သုဒိန်သည် အခြားရဟန်းများနှင့်အတူ မြတ်စွာဘုရားနောက်တော်မှ လိုက်ပါသွား၏။ ကိလေသာကို ခါထွက်စေကြောင်း ကောင်းမြတ်သည့် ဓူတင်အကျင့်များကို ကြိုးစား၍ကျင့်၏။

တစ်နေ့သောအခါ အရှင်သုဒိန်သည် မိဘရပ်ဌာန် ကလန္ဒကရွာသို့ ပြန်လည်ရောက်ရှိကာ မိဘများအိမ်သို့ ဆွမ်းခံဝင်ရောက်၏။ မိဘများသည် သားဖြစ်သု အရှင်သုဒိန်အား သာသနာတော်မှ ထွက်ခွာလာစေရန် ရွှေငွေ စသော ရတနာပစ္စည်းတို့ကိုထုတ်ပြ၍ ဖြားယောင်းပြောဆိုကြ၏။ ပစ္စည်းဥစ္စာနှင့် သွေးဆောင်ဖြားယောင်း၍မရသောအခါ ရှိရှိသမျှစည်းစိမ်ဥစ္စာတို့ကို အမွေပေးနိုင်ရန် ဇနီးဟောင်းအား သားမျိုးစေ့ပေးခဲ့ပါဟု တောင်းပန်ကြ၏။

ဤတွင် အရှင်သုဒိန်သည် ဤလိုအမှုမျိုးအတွက် သိက္ခာပုဒ်ပညတ်ချက်လည်း မရှိသေး။ မေထုန်မှု၏အပြစ်ကိုလည်း မမြင်သေးသဖြင့် မယားဟောင်းကို

တောထဲသို့ ဆွဲခေါ်ပြီးလျှင် သုံးကြိမ်တိုင်တိုင် မေထုန်မှီဝဲ၏။ ထိုအမှုကိုကြားသိရသောခါ မြတ်စွာဘုရားသည် အရှင်သုဒိန်ကိုပြစ်တင်ရှုတ်ချကာ ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူပေသည်။

ဝိနယပိဋကဒ္ဒ ထိုသို့သိက္ခာပုဒ်များ ပညတ်ရာဌာနကို နိဒါန်းဟုခေါ်၏။ ထိုထိုသိက္ခာပုဒ်များပညတ်ရန် အကြောင်းပြုခဲ့သောသူကို ပုဂ္ဂိုလ်ဟု ခေါ်၏။ ထိုပုဂ္ဂိုလ်ပြုကျင့်သောအမှုကို ဝတ္ထုဟု ခေါ်၏။ ထိုဝတ္ထုအရ ပထမဦးစွာ ပညတ်ချက်ကို မူလပညတ်ဟုခေါ်၏။ နောက်ထပ်ပေါ်ပေါက်လာသည့် ဝတ္ထုအားလျော်စွာ မူလပညတ်အပေါ် အတိုးအလျှော့ပြုလုပ်ရန် ထပ်မံပညတ်ချက်ကို အနုပညတ်ဟုခေါ်၏။ ထို့ပြင် သတ်မှတ်ထားသော အင်္ဂါပြည့်မြောက်၍ အာပတ်သင့်ပုံကို အာပတ္တိဟုခေါ်၍ အင်္ဂါမပြည့်မြောက်၍ အာပတ်မသင့်ပုံကို အနာပတ္တိဟုခေါ်၏။

သံဃနာယက အရှင်မဟာကဿပသည် ပထမပါရာဇိကသိက္ခာပုဒ်၏ နိဒါန်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဝတ္ထုကိုလည်းကောင်း၊ မူလပညတ်ကိုလည်းကောင်း၊ အနုပညတ်ကိုလည်းကောင်း၊ အာပတ်သင့်ပုံကိုလည်းကောင်း၊ အာပတ်မသင့်ပုံကိုလည်းကောင်း အစုံအစေ့မေးမြန်း၍ ဖြေကြားချက်ကိုကြားနာပြီးလျှင် ဒုတိယပါရာဇိကသိက္ခာပုဒ်ကို ဆက်လက်၍မေးမြန်း၏။ ထို့နောက် တတိယပါရာဇိကသိက္ခာပုဒ်နှင့် စတုတ္ထပါရာဇိကသိက္ခာပုဒ်ကိုလည်း ဆက်လက်၍ မေးမြန်း၏။

အရှင်မဟာကဿပ၏အမေးကို အရှင်ဥပါလိကလည်း ယခုလက်ရှိ ပါရာဇိကကဏ္ဍပါဠိတော်မှာပါရှိသည့် စကားဝါကျအစီအစဉ်ဖြင့် ပြည့်ပြည့်စုံစုံ ဖြေကြားလျှောက်ထား၏။

ထိုလျှောက်ထားချက်တို့ကို သံဂီတိကာရက အရှင်မြတ်ငါးရာတို့က စေ့စေ့စပ်စပ် သုံးသပ်ဝေဖန်ပြီးလျှင် ဤအစီအစဉ်အတိုင်း ဆောင်ယူမှတ်သား၍ သင်ကြားပို့ချကြရန် ဆုံးဖြတ်ကြပြီးလျှင် သံဃာအားလုံး တညီတညွတ်တည်း ရွတ်ဆို၍ သင်္ဂါယနာတင်ကြလေသည်။

❑

ရိုမြတိုင်းသာ ထားကြပါဗို့

ဘုရားရှင်၏ရှေ့ပိုင်း ဝါတော် ၂၀ တည်းဟူသော ပထမဗောဓိကို လွန်မြောက်၍ ပစ္ဆိမဗောဓိသို့ ရောက်လာစဉ်ကတည်းက ရဟန်းများသည် တစ်လလျှင် နှစ်ကြိမ် လပြည့်နေ့၊ လကွယ်နေ့များ၌ သိမ်ဝင်ကာ ပါတိမောက်ပြုကြရ၏။ ဤသို့ ပါတိမောက်ပြုခြင်းကို ဥပုသ်ပြုသည်ဟူ၍လည်း ခေါ်ဝေါ်ရ၏။

ဘိက္ခုပါတိမောက်ပြုရာတွင် ပါဝင်သော အစိအစဉ်အတိုင်း ယခု သင်္ဂါယနာတင်သောအခါ၌လည်း ပါရာဇိကအခန်းပြီးလျှင် သံဃာဒိသိသ်အခန်းကို မေးမြန်းစီစစ်ကြရမည်ဖြစ်၏။

ဤသို့ကြိုးလေးသောအာပတ်များသင့်နိုင်သည့် သိက္ခာပုဒ်များမှတစ်ဆင့် သေးငယ်သော အာပတ်သင့်နိုင်သည့် သိက္ခာပုဒ်များ၏အလှည့် ကျရောက်လာမည်ဖြစ်၏။

ထိုသိက္ခာပုဒ်များကို ကျူးလွန်သဖြင့် သင့်နိုင်သောအာပတ်တို့တွင် ပါရာဇိကအာပတ်သည် အကြီးလေးဆုံးဖြစ်၏။ ပါရာဇိကအာပတ်လေးခုထဲက တစ်ခုခုသင့်လျှင် ကုရာနတ္ထိဆေးမရှိတော့ပြီ။ သာသနာတော်မှ ဆုံးရှုံးပြီဖြစ်၍ လွတ်ရာကျွတ်ရာ ထွက်ခွာပို့သာ ရှိတော့၏။ ထို့ကြောင့် ထိုအာပတ်များကို ပါရာဇိကဟု ခေါ်ဆိုရပေသည်။

ပါရာဇိကပြီးလျှင် ဒုတိယအပြစ်အကြီးဆုံးမှာ သံဃာဒိသိသ်အာပတ်များဖြစ်ကြ၏။ ထိုအာပတ်များသင့်၍ ကုစားရသောအခါ အစပိုင်းမှာလည်း သံဃာက ဝိုင်းကုရ၏။ အလယ်ပိုင်းနှင့် အဆုံးပိုင်းတို့မှာလည်း သံဃာပါမှ ထမြောက်၏။ ထို့ကြောင့် အစမှာလည်းကောင်း၊ ကြွင်းသောအပိုင်းတို့မှာလည်းကောင်း သံဃာကို စလိုရှိအပ်သဖြင့် သံဃာပါမှ ထမြောက်ခေါ်ဆောင်ပြင်နိုင်သဖြင့် သံဃာဒိသိသ် (သံဃာဆာဒိသေသ) ဟု ခေါ်ဆိုရပေသည်။

အလင်းသစ်စာပေ

သံဃာဒိသိသ်အာပတ်များပြီးလျှင် အကြီးလေးဆုံးအာပတ်မှာ (ထုလ္လစ္စယ) ထုလ္လစ္စဉ်းအာပတ်များပင်ဖြစ်၏။ ထိုအာပတ်မှာ မည်သည့်သိက္ခာပုဒ်ကြောင့် သင့်ကြောင်း အတိအကျသတ်မှတ်ချက်မရှိပါ။ ပါရာဇိက၊ သံဃဒိသိသ်အာပတ်ကြီးများနှင့် သက်ဆိုင်သည့် ကျူးကျော်ကျူးလွန်မှုများပြုလုပ်ရာတွင် ပါရာဇိက၊ သံဃဒိသိသ်အဆင့်သို့မရောက်မီ သင့်သောအာပတ်ဖြစ်၏။ နောက်ပိုင်းအာပတ်များထက် အပြစ်ကြီးလေးလှသဖြင့် (ထုလ္လစ္စယ) ထုလ္လစ္စဉ်းအာပတ်ဟု ခေါ်ရပေသည်။

သံဃာဒိသိသ်အခန်းပြီးလျှင် အနိယတသိက္ခာပုဒ်နှစ်ခုတို့၏အလှည့်ဖြစ်၏။ သို့ရာတွင် ထိုသိက္ခာပုဒ်တို့အတွက် မည်သည့်အာပတ်သင့်စေဟူ၍ အတိအကျပညတ်ချက်မရှိသဖြင့် အာပတ်ခုနစ်ပုံတွင် အပါအဝင်မဖြစ်လာပေ။

အနိယတသိက္ခာပုဒ်များ အခန်းပြီးလျှင် နိဿဂ္ဂိယပါစိတ် ၃၀ အခန်းဖြစ်၏။ နိဿဂ္ဂိယဟူသည်မှာ ဝိနည်းတော်နှင့် မညီမညွတ် ခံယူထားမိသောပစ္စည်းကို စွန့်လွှတ်ရခြင်းဖြစ်၏။ ထိုသို့စွန့်လွှတ်ပြီးမှ ပါစိတ်အာပတ်ကို ဒေသနာကြား၍ ကုစားကြရ၏။ ရဟန်းတို့၏ဖြူစင်တက်ကြွ၍ ထက်သန်သောစိတ်ကို ကျဆင်းစေတတ်သဖြင့် ပါစိတ်အာပတ်ဟူ၍ ခေါ်ဆိုရပေသည်။

ထို့နောက်တွင်ကား သုဒ္ဓပါစိတ် ၉၂ ခုတို့၏အခန်းဖြစ်၏။ ပစ္စည်းအလျှူခံမှုနှင့်မသက်ဆိုင်ဘဲ အလွတ်သက်သက်သင့်သော အာပတ်ဖြစ်၍ သုဒ္ဓပါစိတ်ဟူ၍ ခေါ်ဆိုရ၏။ နိဿဂ္ဂိယပါစိတ်ရော၊ သုဒ္ဓပါစိတ်ပါ အာပတ်ခုနစ်ပုံတွင် ပါစိတ်စာရင်းတွင် အတူတူ ပါဝင်ကြပေသည်။

ပါစိတ်အာပတ်များအပြီးတွင် ပါဋိဒေသနီအာပတ်များအလှည့်ဖြစ်၏။ ကျူးလွန်မိသောအမှုအား‌လျော်စွာ သီးခြားဒေသနာကြားရသဖြင့် ပါဋိဒေသနီအာပတ်ဟု ခေါ်ဆိုရပေသည်။

ထို့နောက် သေခိယမှစတင်ကာ ဒုက္ကဋ်အာပတ်သင့်စေနိုင်သော သိက္ခာပုဒ်များ အလှည့်ကျလာ၏။ ဒုက္ကဋ်ဟူသည်မှာ ရှေ့သိက္ခာပုဒ်ကြီးများ ချိုးဖောက်မှုလောက်ကား အပြစ်မကြီး။ သို့ရာတွင် သာသနာတော်နှင့်မသင့်လျော်သည့် အပြုအမူနှင့် အပြောအဆိုများဖြစ်နေသဖြင့် ဒုက္ကဋ်အာပတ်သင့်ကြရပေသည်။

ဒုက္ကဋ်ပြီးလျှင် ဒုဗ္ဘာသီအာပတ်များသာ ရှိတော့၏။ ဒုက္ကဋ်တုန်းက မသင့်လျော်သည့် အပြုအမူရော၊ အပြောအဆိုပါ ပါဝင်ခဲ့၏။ ဒုဗ္ဘာသီလမှာကား မသင့်

လျော်သည့်အပြောအဆိုသာ ပါဝင်ပါတော့၏။ ဒုဇ္ဈာသီဟူသောဝေါဟာရကပင် ဤအနက်ကို ပြဆိုထားပေသည်။

ဤသို့အားဖြင့် ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စယ၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဇ္ဈာသီ ဟူ၍ အာပတ်ခုနစ်ပုံရှိကြရာတွင် ဒုက္ကဋ်ကို ခုဒ္ဒက = သေးငယ်သောအာပတ် ဟူ၍လည်းကောင်း၊ ဒုဇ္ဈာသီကို အနုခုဒ္ဒက = ထို့ထက်သေးငယ်သော အာပတ်ဟူ၍လည်းကောင်း ဆရာစဉ်ဆက် လက်ခံထားခဲ့ကြ၏။ ပို့ချလာခဲ့ကြ၏။ သင်ယူမှတ်သားလာခဲ့ကြ၏။

ထိုသို့လက်ခံထားခဲ့သောပုဂ္ဂိုလ်များတွင် အရှင်အာနန္ဒာသည်လည်း အပါအဝင်ဖြစ်၏။ ထို့ကြောင့် ဒုက္ကဋ်၊ ဒုဇ္ဈာသီအာပတ်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာဆွေးနွေးရန်ရှိလျှင် ထိုအာပတ်များအလည်ရောက်မှ ဆွေးနွေးသင့်သကဲ့သို့ ဖြစ်နေ၏။ သို့ရာတွင် အရှင်အာနန္ဒာသည်ကား ထိုအာပတ်များ သင့်စေနိုင်သောသိက္ခာပုဒ်များနှင့်ပတ်သက်၍ သံဂီတိကာရကအရှင်မြတ်ကြီးများ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆင်ခြင်နိုင်ကြစေရန် ပါရာဇိကသိက္ခာပုဒ်များ သင်္ဂီယနာတင်အပြီးတွင် ကြားဖြတ်အစီအစဉ်တစ်ခုအဖြစ် လျှောက်ထားလိုက်ရပေသည်။

"အရှင်ဘုရား၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးအချိန်တုန်းက အာနန္ဒာ၊ သံဃာသည် အလိုရှိခဲ့သော် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို ပယ်နုတ်ရာ၏ဟု မိန့်ကြားတော်မူခဲ့ပါသည်ဘုရား"

သံဃနာယကက အရှင်မဟာကဿပထံသို့ ရှိသေစွာလက်အုပ်ချီလျှက် လျှောက်ထားလိုက်ရာတွင် သံဂီတိကာရကအရှင်မြတ်ကြီးများက –

"အာနန္ဒာ၊ ဘယ်သင်းဘယ်ဟာသည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် ဖြစ်ပါသနည်းဟု ဘုရားရှင်ကို သင် မေးလျှောက်ခဲ့ပါ၏လော"

"မလျှောက်ခဲ့မိပါဘုရား"

အရှင်မြတ်ကြီးများ၏မေးခွန်းကို အရှင်အာနန္ဒာက ဟုတ်တိုင်းမှန်စွာ လျှောက်တင်လိုက်ရ၏။

ဤတွင် သံဂီတိကာရက အရှင်မြတ်ကြီးတို့ထံမှ အယူအဆအမျိုးမျိုးထွက်ပေါ်လာကြပေတော့သည်။ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်အဖြစ် အချို့က ယခုလက်ရှိအတိုင်း သေဓိယသိက္ခာပုဒ်များကစ၍ ဓနုကများမှာလာရှိသည့်သိက္ခာပုဒ်များကို သတ်မှတ်လိုကြ၏။

တချို့ကတော့ ခုဒ္ဒါနုခုဒ္ဒကစာရင်းထဲတွင် ပါဋိဒေသနီသိက္ခာပုဒ်လေးပါး ကိုပါ ထည့်လိုကြ၏။

တချို့က ထိုထက်ရှေ့တိုးကာ သုဒ္ဓပါစိတ် ၉၂ ပါးကိုပါ ထည့်လိုကြ၏။ တချို့က ထိုမျှနှင့် မရပ်နားသေးဘဲ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ ကိုပါ ထည့်လိုကြ၏။

တချို့မှာကား ပါရာဇိကအာပတ်ကြီးများကို ချန်ထားကာ သံဃာဒိသိသ် သိက္ခာပုဒ်များကိုပါ ခုဒ္ဒါနုခုဒ္ဒကစာရင်းသို့ ထည့်သွင်းလိုကြပေသည်။

ဤသို့ ယူဆချက်အမျိုးမျိုးရှိနေကြသည့်အတွက် ဘုရားရှင်၏မိန့်မှာချက်ကို အကောင်အထည်ဖော်ရန် အခက်တွေ့နေကြရ၏။ သံဂီတိကာရကအရှင်မြတ်ကြီးများကလည်း မိမိအယူအဆကို စွဲမြဲစွာ ကိုင်စွဲထားကြသဖြင့် သံဃာ့အစည်းအဝေးကြီးမှာ လိပ်ခဲတည်းလည်းဖြစ်နေရပေသည်။

ဤသို့ သံဃနာယကအရှင်မဟာကဿပသည် ထိုအခြေအနေကို ကျော်လွှားနိုင်စေရန် တည်ကြည်ခန့်ညားသောအသံဖြင့် သံဃာပရိသတ်ကို ထိန်းသိမ်းလိုက်ပါ၏။

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားဆင်ပါလော့။ ငါတို့၏သိက္ခာပုဒ်များကို လူတို့သည်လည်း သိကြကုန်၏။ ဤသည့်ကား သကျန္တယ်ဖွား ရဟန်းတို့အား အပ်စပ်၏။ ဤသည်ကား သကျန္တယ်ဖွားမဟုတ်သော ရဟန်းတို့အား မအပ်စပ်ဟု သိကြကုန်၏။ အကယ်၍ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို ပယ်နုတ်ကြကုန်ငြားအံ့။ လူအများတို့ ပြောစရာဆိုစရာဖြစ်ကြရကုန်အံ့။

သာဝကတို့အား အရှင်ဂေါတမ ပညတ်ခဲ့သော သိက္ခာပုဒ်သည် ကာလတာရှည် မတည်ချေတကား။ မီးလောင်နေတုန်းမှာ ထင်ရှားသော မီးခိုးကဲ့သို့ ခဏလေးနှင့် ပျောက်ပျက်ခဲ့ရချေပြီတကား။ သူတို့၏ဆရာသခင်ရှိတုန်းမှာသာ သိက္ခာပုဒ်များအတိုင်း ကျင့်ကြကုန်၏။ သူတို့၏ဆရာသခင် ပရိနိဗ္ဗာန်စံပြီးချိန်မှာကား သိက္ခာပုဒ်များအတိုင်း မကျင့်ကြချေတကား"

ဤသို့ လူအများ၏ ဝေဖန်ကဲ့ရဲ့စရာဖြစ်ကြရကုန်အံ့။ အကယ်၍ သံဃာအား လျော်ကန်ပတ်သောအခါအခွင့်ရှိပါလျှင် သံဃာသည် ဘုရားရှင်ပညတ်တော်မမူခဲ့သည်ကို မပညတ်ရာ။ ဘုရားရှင် ပညတ်တော်မူပြီးသည်ကို မပယ်နုတ်ရာ။ ဘုရားရှင် ပညတ်တော်မူခဲ့သည့်အတိုင်းသာလျှင် ဆောက်တည်၍ကျင့်ရာ၏။ ဤသည်ကား အသိပေးခြင်းပင်တည်း"

ဤသို့ သံဃာအား အသိပေး၍တိုင်တည်လိုက်သောအခါ စောစောက အယူအဆကိုယ်စီ လက်ကိုင်ပြုလာခဲ့ကြသော အရှင်မြတ်ကြီးများသည် သံဃနာယက အရှင်မဟာကဿပ၏တင်ပြချက်ကို အလေးအနက် စဉ်းစားဝေဖန်ကြ၏။ သာသနာတော်ကြီး အရှည်သဖြင့် တည်တံ့ခိုင်မြဲရေးအတွက် အရှင်မဟာကဿပ တင်ပြသည့်အချက်များက အရင်းမူလဖြစ်နေပုံကို သဘောပေါက်လာကြ၏။ ထို့ကြောင့် သံဃနာယကအရှင်မြတ်ကြီး၏တင်ပြချက်ကို ကန့်ကွက်သူ မရှိဘဲ သံဃာအားလုံးက သဘောတူစိတ်တူ လက်ခံသောအားဖြင့် ဆိတ်ဆိတ်နေလိုက်ကြ၏။

ဤတွင် အရှင်မဟာကဿပသည် အထက်ပါ အသိပေးတိုင်တည်သည့် စကားရပ်ကို အတည်ပြုကြောင်း ကြေညာလိုက်လေသည်။

ဤသို့အားဖြင့် -

၁။ ဘုရားရှင် ပညတ်တော်မမူခဲ့သည်ကို ဖြည့်စွက်၍ မပညတ်ခြင်း၊

၂။ ဘုရားရှင် ပညတ်တော်မူခဲ့ပြီးသည်ကို မပယ်နုတ်ခြင်း၊

၃။ ဘုရားရှင်ပညတ်တော်မူခဲ့ပြီးသော သိက္ခာပုဒ်များအတိုင်းသာလျှင် ဆောက်တည်၍ကျင့်သုံးခြင်း

ဟူ၍ ထေရဝါဒ သာသနာ့ဝိမာန်တော်ကြီး၏ အခြေခံအုတ်မြစ်သုံးခုတို့ကို အောင်မြင်စွာ ချနိုင်ခဲ့ကြပေသည်။

❑

အယ်သစ်စာလ

အရှင်ဥပါလိမ္ပ အရှင်အာနန္ဒာသို့

အရှင်မဟာကဿပ၏ဦးဆောင်မှုဖြင့် ရှိမြဲအတိုင်း ထားကြရန်ဟူသော မူကို သံဃာအားလုံး သဘောတူစိတ်တူ ချမှတ်နိုင်ခဲ့ကြပေပြီ။ ထို့ကြောင့် ရှေ့သိက္ခာပုဒ်များအတွက် သို့လော သို့လော တွေးတောစရာ မလိုတော့ပေ။

ထို့ကြောင့် သံဃနာယက ပုစ္ဆကအရှင်မြတ်ကြီးသည် သံဃာဒိသိသ် သိက္ခာပုဒ် ၁၃ ခုအနက် ပထမသုက္ကဝိသဋ္ဌိသိက္ခာပုဒ်၏ နိဒါန်းကိုလည်း မေး၏။ ပုဂ္ဂိလ်ကိုလည်း မေး၏။ ဝတ္ထုကိုလည်း မေး၏။ မူလပညတ်ကိုလည်း မေး၏။ အနုပညတ်ကိုလည်း မေး၏။ အာပတ်သင့်နိုင်ပုံကိုလည်း မေး၏။ အာပတ်မသင့်နိုင်ပုံလည်း မေး၏။ အရှင်မဟာကဿပ၏အမေးပုစ္ဆာဟူသမျှကို အရှင်ဥပါလိကယခုလက်ရှိ ဝိနည်းပါဠိတော်မှာလာသည့်အတိုင်း အကျယ်တဝင့် ဖွင့်ဆိုဖြေကြားပေသည်။

ဤသို့ဖြင့် သံဃာဒိသိသ် သိက္ခာပုဒ် ၁၃ ခုတို့ကို မေးမြန်းစိစစ်၍ အပြန်အလှန် သုံးသပ်ဆင်ခြင်ပြီးလျှင် သံဂီတိကာရက အရှင်မြတ်ငါးရာလုံးက စုပေါင်းရွတ်ဆို၍ သင်္ဂါယနာတင်ကြလေသည်။

ထို့နောက် အနိယတသိက္ခာပုဒ်နှစ်ခုကိုလည်းကောင်း၊ နိဿဂ္ဂပါစိတ်သိက္ခာပုဒ် ၃၀ ကိုလည်းကောင်း၊ သုဒ္ဓပါစိတ်သိက္ခာပုဒ် ၉၂ ကိုလည်းကောင်း၊ ပါဋိဒေသနိယသိက္ခာပုဒ် ၄ ခုကိုလည်းကောင်း၊ သေခိယသိက္ခာပုဒ်များကိုလည်းကောင်း၊ အဓိကရဏသမထ ၇ ပါးတို့ကိုလည်းကောင်း အမေးအဖြေပြုကာ စိစစ်ဝေဖန်ကြပေသည်။

ထို့နောက် ရဟန်းတို့နှင့်သက်ဆိုင်ရာ သိက္ခာပုဒ်များ၊ ပညတ်ချက်များအားလုံးကိုစုပေါင်း၍ ဘိက္ခုဝိဘင်းဟူ၍သတ်မှတ်ကာ သံဂီတိကာရကအရှင်မြတ်အားလုံးက စုပေါင်းရွတ်ဆို၍ သင်္ဂါယနာတင်ကြလေသည်။

အလင်းသစ်စာပေ

ဤသို့ ဘိက္ခုဝိဘင်းကို သင်္ဂါယနာတင်ပြီးလျှင် ရဟန်းမတို့နှင့်သက်ဆိုင်ရာ သိက္ခာပုဒ်များ၊ ပညတ်များကိုလည်း ဆက်လက်၍ သင်္ဂါယနာတင်ကြလေသည်။

ဘုရားဟောပါဠိတော်ကြီးများကို ရွတ်ဆိုကြရာတွင် တစ်ကြိမ်တစ်ကြိမ်တစ်ဆက်တည်း ရွတ်ဆိုနိုင်လောက်သည့် ပမာဏကို ဘာဏဝါရတစ်ခုဟု သတ်မှတ်ထားကြ၏။ ထို့ကြောင့် မဟာခန္ဓက၊ ဥပေါသထက္ခန္ဓက စသဖြင့် အကြောင်းရပ်ချင်း နှီးနွယ်ရာသိက္ခာပုဒ်များ၊ ပညတ်ချက်များကို စုစည်းဖော်ပြထားသည့် ခန္ဓက ၂၀ တို့ကို သင်္ဂါယနာတင်ရာတွင် ဘာဏဝါရ ၈၀ မျှ သတ်မှတ်၍ ရွတ်ဆိုကြရပေသည်။

ထို့နောက်တွင်ကား ဘာဏဝါရ ၂၅ ခုစာမျှရှိသော ပရိဝါရပါဠိတော်များကို အမေးအဖြေပြုကာ စုပေါင်းရွတ်ဆို၍ သင်္ဂါယနာတင်ကြလေသည်။

ဤသို့ သင်္ဂါယနာတင်ထားပြီးသော ဝိနယပိဋကကို သံဂီတိကာရက အရှင်မြတ်ကြီးများက ဝိနည်းငါးကျမ်းအဖြစ် ပိုင်းခြားဝေဖန်၍ ပေးထားခဲ့ကြ၏။

ဝေရဉ္ဇကဏ္ဍမှစ၍ နိဿဂ္ဂိပါစိတ်အထိ သိက္ခာပုဒ်များကို ပါရာဇိကကဏ္ဍဟူ၍လည်းကောင်း၊

သုဒ္ဓပါစိတ်မှစ၍ ဘိက္ခုဝိဘင်းအားလုံးနှင့် ဘိက္ခုနီဝိဘင်းတို့ကို ပါစိတ္တိယကဏ္ဍဟူ၍လည်းကောင်း၊

မဟာခန္ဓက၊ ဥပေါသထက္ခန္ဓက စသော ခန္ဓက ၁၀ တို့ကို မဟာဝဂ်ဟူ၍လည်းကောင်း၊

ကမ္မက္ခန္ဓက၊ ပါရိဝါသိကက္ခန္ဓက စသော ခန္ဓက ၁၀ တို့ကို စူဋဝဂ်ဟူ၍လည်းကောင်း၊

သောဋ္ဌသမဟာဝါရ စသော ပါဠိတော်အားလုံးကို ပရိဝါရဟူ၍လည်းကောင်း ဝေဖန်ပိုင်းခြား၍ ပေးထားခဲ့ကြလေသည်။

ယခုလက်ရှိ စူဋဝဂ်ပါဠိတော်တွင် ပဋ္ဌသတိကက္ခန္ဓက၊ သတ္တသတိကက္ခန္ဓကတို့နှင့်တကွ ခန္ဓက ၁၂ ခုမျှ ရှိနေ၏။ ထိုခန္ဓက၌ နှစ်ခုတို့မှာ ပထမသင်္ဂါယနာနှင့် ဒုတိယသင်္ဂါယနာများအပြီးတွင် သံဂီတိကာရက အရှင်မြတ်ကြီးများက ထိုအကြောင်းအရာတို့ကို အပြည့်အစုံ မှတ်တမ်းတင်ကာ ထိုပါဠိတော်မှာ ပေါင်းထည့်ပေးထားခဲ့ခြင်းဖြစ်ပေသည်။

အလင်းသစ်တပေ

ဘိက္ခုဝိဘင်းနှင့် ဘိက္ခုနီဝိဘင်းတို့ကို တစ်ပေါင်းတည်းပြုကာ ဥဘတော ဝိဘင်းဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြပေသည်။

ဝိနည်းငါးကျမ်းလုံးကို သင်္ဂါယနာတင်ပြီးသောအခါ အရှင်ဥပါလိသည် ဆင်စွယ်ယပ်ဝန်းကို သူ့နေရာမှာ ပြန်ချထားပြီးလျှင် ဓမ္မာသနပလ္လင်ပေါ်မှ ဆင်းသက်ကာ မိမိထက် သိက္ခာကြီးသော မထေရ်ကြီးများကို လက်အုပ်ချီလျက် မိမိနေရာသို့ ပြန်လာခဲ့လေသည်။

ဝိနယအပိုင်းကို သင်္ဂါယနာတင်ပြီးနောက် ဓမ္မအပိုင်းကို ဆက်လက်၍ သင်္ဂါယနာတင်ရန် အချိန်ကျရောက်လာသောအခါ အရှင်မဟာကဿပက –

"ငါ့ရှင်တို့၊ ဓမ္မကို သင်္ဂါယနာတင်ရာတွင် ဖြေကြားရန်တာဝန်ကို မည်သူ့အား ပေးအပ်ရပါမည်နည်း" ဟု မေးမြန်းလေရာ –

"အရှင်ဘုရား၊ အရှင်အာနန္ဒာအား ပေးအပ်ကြရပါမည်"

သံဂီတိကာရက အရှင်မြတ်များက တညီတညွတ်တည်း ထောက်ခံလျှောက်ထားကြ၏။

ဤတွင် သံဃနာယကအရှင်မြတ်ကြီးက –

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားဆင်ပါလော့။ သံဃာအား လျှောက်ပတ်သော အခါအခွင့်ရှိပါလျှင် ငါသည် အာနန္ဒာအား ဓမ္မကို မေးပါအံ့"

ဤသို့ အသိပေးကြေညာလိုက်ရာ အရှင်အာနန္ဒာကလည်း –

"အရှင်ဘုရားတို့၊ သံဃာသည် တပည့်တော်၏စကားကို နားဆင်ပါလော့။ သံဃာအား လျှောက်ပတ်သောအခါအခွင့်ရှိပါလျှင် တပည့်တော်သည် အရှင်မဟာကဿပ မေးမြန်းသည့်ဓမ္မကို ဖြေကြားပါအံ့"

ဤသို့ သံဃာ့ပရိသတ်အားလုံး ကြားလောက်အောင် အသိပေးကြေညာလိုက်၏။

ထို့နောက် အရှင်အာနန္ဒာသည် မိမိနေရာမှထ၍ သင်္ကန်းကို ဃသပ်သည်ထက် ဃသပ်အောင် ပြုပြင်ဝတ်ရုံပြီးလျှင် သိက္ခာကြီးသော မထေရ်ကြီးများကို လက်အုပ်ချီလျက် ဓမ္မာသနပလ္လင်ထက်သို့ ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။ ဝိသဇ္ဇကပုဂ္ဂိုလ်၏အဆောင်အယောင်ဖြစ်သော ဆင်စွယ်ယပ်ဝန်းကို ရိုသေစွာကိုင်ဆောင်၏။

ဝိသဇ္ဇကပုဂ္ဂိုလ်ဘက်က အသင့်ဖြစ်လာသောအခါ ပုစ္ဆကအရှင်မြတ်ကြီးက –

"ငါ့ရှင် အာနန္ဒာ၊ ဗြဟ္မာလသုတ်ကို အဘယ်အရပ်၌နည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသနည်း"

"အရှင်ဘုရား၊ ရာဇဂြိုဟ်မြို့တော်နှင့် နာဠန္ဒာမြို့တော်တို့၏ အကြားအမွှေလင်္ဂကာ မည်သော မင်းဥယျာဉ်အတွင်း မင်းကြီးမွေ့လျော်ပျော်ပါးရန် ဆောက်လုပ်ထားသော အဆောက်အအုံ၌ ဟောကြားတော်မူခဲ့ပါသည်ဘုရား"

"အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း"

"သုပ္ပိယပရိဗိုဇ်၏ကဲ့ရဲ့ခြင်းနှင့် ဗြဟ္မဒတ်လုလင်၏ချီးမွမ်းခြင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်ဘုရား"

ဤသို့အားဖြင့် ပုဆွကအရှင်မြတ်ကြီးသည် ဗြဟ္မာလသုတ်၏နိဒါန်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း မေးမြန်း၏။ အမေးပုစ္ဆာလာလေသမျှကို ဝိသဇ္ဇက အရှင်အာနန္ဒာက ဖြေကြားပြီးလျှင် ဗြဟ္မာလသုတ် ဖြစ်ပေါ်လာပုံအကြောင်းစုံကို 'ဧဝံ မေ သုတံ' အစချီ၍ လျှောက်ထားလေသည်။

❑

အင်္ဂုတ္တရနိကာယ

ဖြဟ္မဇာလသုတ်ဖြစ်ပေါ်လာပုံ

"အရှင်ဘုရား၊ တပည့်တော် ဤသို့ကြားနာမှတ်သားခဲ့ရပါသည်။ အခါတစ်ပါး၌ ဘုရားရှင်သည် နောက်ပါရဟန်းငါးရာတို့နှင့်တကွ ရာဇဂြိုဟ်မြို့တော်နှင့် နာဠန္ဒာမြို့အကြား၌ အဓွန့်ရှည်ခရီးကို ကြွချီတော်မူခဲ့ပါသည်။ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်နှင့်တကွ ထိုခရီးစဉ်အတိုင်း နောက်မှ လိုက်ပါလာခဲ့ကြပါသည်။

ထိုခရီးစဉ်တစ်လျှောက်လုံး၌ သုပ္ပိယပရိဗိုဇ်သည် များစွာသောအကြောင်းတရားတို့ဖြင့် ဘုရားရှင်ကိုလည်း၊ တရားကိုလည်း၊ သံဃာကိုလည်း၊ ကဲ့ရဲ့ပါသည်။ တရားကိုလည်း၊ ကဲ့ရဲ့ပါသည်။ သံဃာကိုလည်း၊ ကဲ့ရဲ့ပါသည်။ သုပ္ပိယပရိဗိုဇ်၏တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား များစွာအကြောင်းတရားတို့ဖြင့် ဘုရားကိုလည်း၊ ချီးကျူးပါသည်။ တရားကိုလည်း၊ ချီးကျူးပါသည်။ သံဃာကိုလည်း၊ ချီးကျူးပါသည်။ ဤသို့အားဖြင့် ထိုဆရာတပည့်နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်စကား ပြောကြားကုန်လျက် ဘုရားရှင်၏နောက်မှ အစဉ်လိုက်ပါလာခဲ့ကြပါသည်။

ထိုအခါ ဘုရားရှင်သည် အမွှလဋ္ဌိကာမည်သော မင်းဥယျာဉ်အတွင်း၌ မင်းကွန်း၌ တစ်ညတာ နားနေတော်မူပါသည်။ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်နှင့် အတူတကွ ထိုမင်းကွန်းမှာပင် တစ်ညတာနားနေပါသည်။ ထိုသို့နားနေရာ၌လည်း သုပ္ပိယပရိဗိုဇ်သည် ဘုရားရှင်ကိုလည်း ကဲ့ရဲ့ပါသည်။ တရားကိုလည်း ကဲ့ရဲ့ပါသည်။ သံဃာကိုလည်း ကဲ့ရဲ့ပါသည်။ သုပ္ပိယပရိဗိုဇ်၏တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရားကိုလည်း ချီးကျူးပါသည်။ တရားကိုလည်း ချီးကျူးပါသည်။ သံဃာကိုလည်း ချီးကျူးပါ

သည်။ ဤသို့အားဖြင့် ဆရာတပည့်နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်စကားပြောကြားလျက် နားနေကြပါသည်။

ထိုညဉ့်လွန်မြောက်၍ မိုးသောက်သောအခါ ရဟန်းတို့သည် ကျိန်းစက်ရာမှထ၍ စည်းဝေးရာဇရပ်၌ စည်းဝေးကြပြီးလျှင် ဤသို့ပြောဆိုကြပါသည်။ 'ငါရှင်တို့။ အံ့သြဖွယ်ရှိပေစွတကား။ မဖြစ်စဖူးဖြစ်ပေါ်လာပေစွတကား။ သိတော်မူသော၊ မြင်တော်မူသော၊ ပူဇော်အထူးကိုခံယူတော်မူထိုက်သော၊ မိမိအလိုလိုကိုယ်တော်တိုင် ထိုးထွင်း၍သိတော်မူသော ထိုဘုရားရှင်သည် သတ္တဝါတို့၏နှလုံးဓိတ်ထားကွဲပြားပုံကို သိမြင်တော်မူသည်မှာ အံ့ဖွယ်ရှိပေစွတကား' ဤသို့ အစချီကာ ဆရာတပည့်နှစ်ဦးတို့၏ဆန့်ကျင်ဘက်စကားပြောကြားပုံကို ဆွေးနွေးပြောဆိုကြပါသည်။

ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတို့၏ ထိုဆွေးနွေးစကားကိုကြားသိတော်မူ၍ စည်းဝေးရာဇရပ်သို့ ကြွရောက်တော်မူကာ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူပြီးလျှင် "ရဟန်းတို့၊ ဤနေရာ၌ မည်သို့သောစကားဖြင့် သင်တို့စည်းဝေးနေကြပါသနည်။ သင်တို့၏မပြီးဆုံးသေးသောစကားသည် မည်သို့ပါနည်း" ဟု မေးမြန်းတော်မူပါသည်။ ရဟန်းတို့ကလည်း ဆွေးနွေးခဲ့သည့်စကားတို့ကို လျှောက်ထားပြီးလျှင် "အရှင်ဘုရား၊ ဤသည်ပင် မပြီးဆုံးသေးသောစကားဖြစ်ပါသည်။ ဤသို့ရှိနေစဉ်တွင် ဘုရားရှင်ကြွရောက်တော်မူလာပါသည်" ဟု လျှောက်ထားကြပါသည်။

ထိုအခါ ဘုရားရှင်က ဤသို့ဟောကြားတော်မူပါသည်။

"ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သုတစ်ပါးတို့ ကဲ့ရဲ့ကန့်ကြောင်းအံ့။ ထိုသို့ကဲ့ရဲ့ခြင်း၌ သင်တို့သည် အမျက်မထွက်သင့်။ နှလုံးမသာမဖြစ်သင့်။ မကျေမချမ်းမဖြစ်သင့်။

ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သုတစ်ပါးတို့ ကဲ့ရဲ့ကန့်ကြောင်းအံ့။ ထိုသို့ကဲ့ရဲ့ခြင်း၌ သင်တို့သည် ဒုက္ခဖြစ်၍ အမျက်ထွက်ကန့်ကြောင်းအံ့။ မကျေမချမ်း ဖြစ်ကန့်ကြောင်းအံ့။ ထိုသို့ဖြစ်ခြင်းကြောင့် သင်တို့အတွက် ဘေးအန္တရာယ်သာ ဖြစ်လေရာ၏။

ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သုတစ်ပါးတို့ ကဲ့ရဲ့ကန့်ကြောင်းအံ့။ ထိုသို့ ကဲ့ရဲ့ခြင်း၌ သင်တို့

သည် အကယ်၍အမျက်ထွက်ကုန်ငြားအံ့။ ထိုသို့ဖြစ်လတ်သော် သူတစ်ပါးတို့၏ စကားကောင်းနှင့် စကားဆိုးကို ခွဲခြားသိနိုင်ကြပါမည်လော"

"အရှင်ဘုရား၊ မသိနိုင်ပါ"

"ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သူတစ်ပါးတို့ ကဲ့ရဲ့ကုန်ငြားအံ့။ ထိုသို့ကဲ့ရဲ့ခြင်း၌ သင်တို့သည် မဟုတ်မှန်သည်ကို မဟုတ်မှန်သောအားဖြင့် ချေပသင့်၏။ ဤသို့သောအကြောင်းကြောင့် ဤစကားသည်မဟုတ်။ ဤသို့သောအကြောင်းကြောင့် ဤစကားသည် မမှန်။ ဤသို့သောသဘောသည် ငါတို့မှာမရှိ။ ဤသို့ ချေပသင့်၏။

ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သူတစ်ပါးတို့ ချီးမွမ်းကြကုန်ငြားအံ့။ ထိုသို့ချီးမွမ်းခြင်း၌ သင်တို့သည် မနှစ်သက်သင့်။ ဝမ်းမသာသင့်။ စိတ်တက်ကြွခြင်းကို မပြုသင့်။

ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သူတစ်ပါးတို့ ချီးမွမ်းကုန်ငြားအံ့။ ထိုသို့ချီးမွမ်းခြင်း၌ သင်တို့သည် အကယ်၍ နှစ်သက်ကုန်ငြားအံ့။ ဝမ်းသာကုန်ငြားအံ့။ စိတ်တက်ကြွခြင်းကို ပြုကုန်ငြားအံ့။ ထိုသို့ပြုခြင်းဖြင့် သင်တို့အတွက် ဘေးအန္တရာယ်သာဖြစ်လေရာ၏။

ရဟန်းတို့၊ ငါဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း သူတစ်ပါးတို့ ချီးမွမ်းကုန်ငြားအံ့။ ထိုသို့ချီးမွမ်းခြင်း၌ သင်တို့သည် ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း ဝန်ခံသင့်၏။ ဤသို့သောအကြောင်းကြောင့် ဤစကားသည် ဟုတ်၏။ ဤသို့သောအကြောင်းကြောင့် ဤစကားသည် မှန်၏။ ဤသို့သောသဘောသည် ငါတို့မှာရှိ၏။ ဤသို့ ဝန်ခံသင့်၏"

အရှင်အာနန္ဒာသည် ထိုစဉ်တုန်းက ဗြဟ္မဇာလသုတ် ဟောကြားခဲ့ပုံအကြောင်းစုံကို သင်္ဂါယနာမဟာဓမ္မသဘင်၌ ဤသို့အခြေအမြစ်မှစတင်၍ လျှောက်ထားပြီးလျှင် ဘုရားရှင်က ဆက်လက်၍ အကျယ်တဝင့်ဟောကြားပုံတို့ကို လျှောက်ထား၏။

ထိုစဉ်က ဘုရားရှင် အကျယ်တဝင့်ဟောကြားတော်မူရာတွင် ပုထုဇဉ် ပုဂ္ဂိုလ်သည် ဘုရားရှင်တို့၏ဂုဏ်တော်ကို ချီးကျူးသော်ငြားလည်း အနည်းငယ်

ကလေးဖြစ်သော သီလဖြင့်သာ ချီးကျူးနိုင်၏ဟု အစချီကာ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလတို့ကို ဟောကြားတော်မူ၏။

ထိုမှဆက်လက်၍ ဘုရားရှင်၏ဂုဏ်တော်တို့သည်ကား သီလထက် အဆများစွာသာလွန်ကြောင်း၊ သီလထက် များစွာနူးညံ့သိမ်မွေ့ကြောင်း၊ ထိုဂုဏ်တော်တို့တွင် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ပိုင်းခြားဝေဖန်၍ သိနိုင်စွမ်းရှိသော ဉာဏ်တော်အပါအဝင်ဖြစ်ကြောင်း ဟောကြားတော်မူ၏။ ဤသို့ဟောကြားတော်မူပုံကို အရှင်အာနန္ဒာက အပြည့်အစုံဖြေကြားလျှောက်ထား၏။

ယခုလက်ရှိ သုတ္တန်ပါဋိတော်ကြီးများတွင် ပါရှိသော ပါဋိစကားအစဉ်သည် သင်္ဂါယနာတင် မဟာဓမ္မသဘင်တုန်းက အရှင်အာနန္ဒာ လျှောက်ထားခဲ့သည့်ပုံစံအတိုင်း မှတ်တမ်းတင်ထားခြင်း ဖြစ်ပါပေသတည်း။



အလင်းသစ်စာပေ

သင်္ဂီယနာတွင် မပါဝင်လို

ဗြဟ္မဇာလသုတ်ကိုအပြည့်အစုံကြားနာပြီးသောအခါ အရှင်မဟာကဿပသည် သာမညဖလသုတ်၏ နိဒါန်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဝတ္ထုကိုလည်းကောင်း ဆက်လက်၍ မေးမြန်း၏။

အရှင်အာနန္ဒာကလည်း မေးခွန်းတိုင်းကို မဆိုင်းမတွ ဖြေဆိုပြီးလျှင် သာမညဖလသုတ်ကြီးတစ်ခုလုံးဖြစ်ပေါ်လာပုံကို 'ဧဝံ မေ သုတံ' အစချီ၍လျှောက်ထားလေသည်။

ဤသို့ လျှောက်ထားခြင်းကိုအကြောင်းပြုလျက် အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက အရှင်အာနန္ဒာအား 'ဝိနာသယတိအသဒ္ဒံ' စသော ဂါထာဖြင့် ချီးကျူးဂုဏ်ပြုထားပေသည်။

ထိုဂါထာ၏ မြန်မာပြန်အနက်အဓိပ္ပာယ်မှာ –

ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏တပည့် (အရှင်အာနန္ဒာ) သည် ဧဝံ မေ သုတံ အစချီလျက် ထံတော်ပါးမှ ကြားနာမှတ်သားခဲ့ရလေသမျှကို သေချာဂန လျှောက်ထားသောအားဖြင့် သာသနာတော်ကြီး၌ မယုံကြည်မှုကို ပယ်ဖျောက်၍ ယုံကြည်သဒ္ဓါတိုးပွားအောင် အကျိုးဆောင်လိုက်ပေသတည်းဟူ၍ ဖြစ်ပေသည်။

သာမညဖလသုတ်ကို အပြည့်အစုံ ကြားနာပြီးသောအခါ အရှင်မဟာကဿပသည် အမွှဋ္ဌသုတ်ကို ဆက်လက်၍မေးမြန်း၏။

ဤသို့ဖြင့် တစ်ဆယ့်သုံးခုသောသုတ်တို့ကို မေးမြန်း၍၊ စိစစ်ဝေဖန်၍၊ စုပေါင်းရွတ်ဆိုကြပြီးလျှင် 'ဤသည်ကား သီလက္ခန္ဓဝဂ်ပေတည်း' ဟု စုစည်း၍ ထားကြပေသည်။

အလင်းသစ်စာပေ

ထို့နောက် မဟာပဒါန စသော သုတ် ၁၀ ခုတို့ကို စုပေါင်းရွတ်ဆိုကာ ဤသည်ကား မဟာဝဂ်ပေတည်းဟူ၍ စုစည်း၍ထားကြ၏။ ဝိနယပိဋကမှ မဟာဝဂ်နှင့် ကွဲပြားစေရန် ဤဝဂ်ကို သုတ်မဟာဝဂ်ဟူ၍လည်း ခေါ်ဝေါ်လာခဲ့ကြပေသည်။

ထိုမှဆက်လက်၍ ပါထိက စသော ၁၁ ခုသောသုတ်တို့ကို စုပေါင်းရွတ်ဆိုကာ ဤသည်ကား ပါထိကဝဂ်ပေတည်းဟု စုစည်း၍ထားကြ၏။ ဤသို့သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ်ဟူ၍ ဝဂ်သုံးခုတို့ဖြင့် စုစည်းထားအပ်သော သုတ်တို့သည် အခြားသုတ်များထက် ရှည်လျားကုန်၏။ ထို့ကြောင့် သုတ်အရေအတွက်အားဖြင့် ၃၄ ခု၊ ဘာဏာဝါရအားဖြင့် ၆၄ ခုမျှရှိသော သုတ်တို့ကို စုပေါင်း၍ ဒီဃနိကာယ်ဟူ၍ သတ်မှတ်ကာ တည်တည်ငြိမ်ငြိမ်းရွတ်ဆိုကြလေသည်။

ထို့နောက် သုတ်အရေအတွက်အားဖြင့် ၁၅၂ ခု၊ ဘာဏာဝါရအားဖြင့် ၈၀ မျှရှိသော အလယ်အလတ်စားသုတ်တို့ကို စုပေါင်းပြီးလျှင် မဇ္ဈိမနိကာယ်ဟူ၍ သတ်မှတ်ကာ တစ်ပြိုင်နက်ရွတ်ဆိုကြလေသည်။

ထိုမှတစ်ဖန် ဒေဝတာသံယုတ် စသည်ဖြင့် တစ်သုတ်နှင့် တစ်သုတ် ယှဉ်စပ်၍ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် သုတ် ၇၁၆၂ ခု၊ ဘာဏာဝါရအားဖြင့် ၁၀၀ မျှရှိသော ဒေသနာတော်တို့ကို စုပေါင်း၍ သံယုတ္တနိကာယ်ဟူ၍ သတ်မှတ်ပြီးလျှင် သံပြိုင်ညီညီ ရွတ်ဆိုကြလေသည်။

ထို့နောက် အင်္ဂါတစ်ခုတစ်ခု ပို၍ပို၍ ဟောကြားအပ်သောသုတ် ၉၅၅၇ ခု၊ ဘာဏာဝါရအားဖြင့် ၁၀၀ မျှရှိသော ဒေသနာတော်တို့ကိုစုပေါင်းပြီးလျှင် အင်္ဂုတ္တရနိကာယ်ဟူ၍ သတ်မှတ်ကာ သင်္ဂီယနာတင်ကြလေသည်။

နိကာယ်ကြီးလေးရပ်ကို သတ်မှတ်ပိုင်းခြား၍ပြီးသောအခါ ခုဒ္ဒကပါဋ္ဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ အပဒါန၊ ဗုဒ္ဓဝံသ၊ စရိယာပိဋကတည်းဟူသော ၁၅ ကျမ်းတို့ကို စုပေါင်းရွတ်ဆိုကြပြီးလျှင် ခုဒ္ဒကနိကာယ်ဟု စုစည်း၍ ထားကြလေသည်။

ထို့နောက် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ယမိုက်၊ ပဋ္ဌာန်း ဟူသော အဘိဓမ္မာကျမ်းကြီးများကို သင်္ဂီယနာတင်ပြီးလျှင် "ဤသည်ကား အဘိဓမ္မာပိဋကပေတည်း" ဟု သတ်မှတ်ကြလေသည်။

အဘိဓမ္မာပိဋကတ်နှင့် ဝိနယပိဋကတို့သည် နိကာယ်ငါးရပ် သတ်မှတ်ရာတွင် ခုဒ္ဒကနိကာယ်တွင် ပါဝင်ကြရပေသည်။

ယခုလက်ရှိ အဘိဓမ္မာပိဋကမှာ တာဝတိံသာနတ်ပြည်၌ ဘုရားရှင် အကျယ်အားဖြင့် ဟောကြားခဲ့သော ဒေသနာတော်များလည်း မဟုတ်ပေ။ ဘုရားရှင်က အရှင်မဟာသာရိပုတ္တရာအား အကျဉ်းအားဖြင့် ဟောကြားခဲ့သည့် ဒေသနာတော်များလည်း မဟုတ်ပေ။ အရှင်မဟာသာရိပုတ္တရာက လင်းနို့ဖြစ်ခဲ့ဖူးသော တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ်နည်းအားဖြင့် ပို့ချခဲ့သော ဒေသနာစဉ်များဖြစ်ပေသည်။

ထို့ပြင် ကထာဝတ္ထုကျမ်းသည် တတိယသင်္ဂါယနာရောက်မှ ပေါထွက်လာသည့်ကျမ်းဖြစ်၍ ပထမသင်္ဂါယနာတင်စဉ်တုန်းက အဘိဓမ္မာခုနစ်ကျမ်းမပြည့်သေးဘဲ ခြောက်ကျမ်းမျှသာ ရှိပါသေးသည်။

ပါရာဇိကဏ်၊ သီလက္ခန် အဋ္ဌကထာနိဒါန်း၊ သင်္ဂါယနာခန်းများ၌ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံကို ရေတွက်ပြရာတွင် အဘိဓမ္မာခုနစ်ကျမ်းကိုပြဆိုထားခြင်းမှာ ယခုလက်ရှိကျမ်းဂန်များကို ရည်ညွှန်းထား၍ဖြစ်ပေသည်။

တိပိဋကဓရ၊ ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိည စသော ဂုဏ်ကျေးဇူးအထူးထူးနှင့် ပြည့်စုံကြသော အရှင်မြတ်ကြီးများသည် ဘုရားဟောပါဠိတော်များကို သင်္ဂါယနာတင်ရာတွင် ဘုရားဟောပါဠိတော်များကို ဘုရားရှင်ကိုယ်တော်တိုင် ဖွင့်ဆိုတော်မူခဲ့သော အဋ္ဌကထာများကိုလည်းကောင်း၊ အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာကစ္စာယန စသော အရှင်မြတ်ကြီးများ ဖွင့်ဆိုခဲ့သည့် အဋ္ဌကထာများကိုလည်းကောင်း ဆရာစဉ်ဆက် မပျက်မကွက် လက်ဆင့်ကမ်းနိုင်အောင် စုစည်းကာ သင်္ဂါယနာတင်ခဲ့ကြလေသည်

ဤသို့ သင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ကျင်းပနေခိုက်မှာပင် အရှင်ပုရာဏသည် ရာဇဂြိုဟ်မြို့တော်သို့ ဆိုက်ရောက်လာခဲ့၏။ ကုသိနာရုံအင်ကြင်းစုံတုန်းက သင်္ဂါယနာပွဲကြီးအတွက် ကြိုတင်ညှိနှိုင်းခဲ့ကြရာတွင် ရာဇဂြိုဟ်မြို့တော်၌ သံဂီတိကာရက ရဟန်းငါးရာမှတစ်ပါး အခြားတစ်ပါးသောရဟန်းများ ဝါမကပ်ကြရန် ကမ္မဝါစာများ ရွတ်ဖတ်၍ အတည်ပြုလာခဲ့ကြ၏။

ယခုသော်ကား သီတင်းဝါလကျွတ်ပြီးပြီဖြစ်၍ အရှင်ပုရာဏကြွရောက်လာသည်ကို တားမြစ်ဖွယ်မရှိတော့ပါ။ ထို့ပြင် အရှင်ပုရာဏသည် တပည့်ရဟန်းငါးရာရှိသော ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်၍ သာသနာတော်တစ်ရပ်လုံးက လေးစားကြရ၏။ ထို့ကြောင့်လည်း သံဂီတိကာရကအရှင်မြတ်ကြီးများက သင်္ဂါယနာတင်ပွဲသို့ ပါဝင်ဆင်နွှဲရန် လိုလိုလားလား ပင့်ဖိတ်ကြ၏။ သို့ရာတွင် အရှင်ပုရာဏကလက်မခံပါ။

အလင်းသစ်စာပေ

"ငါ့ရှင်တို့၊ မထေရ်ကြီးများက ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းသည် ကောင်းမြတ်ပါ၏။ သို့ရာတွင် ငါတို့သည်ကား ဘုရားရှင်ရှေ့တော်မှောက်၌ ငါတို့ကိုယ်တိုင် ကြားနာမှတ်သားခဲ့ရသည့်အတိုင်းသာ ဆောင်ကြကုန်အံ့"

မိမိ၏သဘောထားကို ပြတ်သားစွာ မိန့်ကြားလိုက်ပါ၏။ အရှင်မဟာကဿပ အမှူးရှိသော သံဃာအပေါင်း၏သင်္ဂါယနာတင်ပွဲကြီးကို ကန့်ကွက်ရန်လည်း မရှိပါ။ ထောက်ခံချက်လည်း မပေးလိုပါဟူသော သဘောပင် ဖြစ်ပေသည်။

တကယ်တော့ဖြင့် အရှင်ပုရာဏကဲ့သို့ပင် သံဂီတိကာရက အရှင်မြတ်ကြီးများသည်လည်း ဘုရားရှင်မျက်မှောက်၌ တရားနာခွင့်ရခဲ့သူချည်းဖြစ်ကြ၏။ ဟောကြားသည့်ပုဂ္ဂိုလ်နှင့် ဟောကြားအပ်သည့်တရား မထူးခြားသော်လည်း ကြားနာသည့်ပုဂ္ဂိုလ်ချင်းတော့ ခြားနားသည့်အလျောက် အမှတ်အသားကွဲပြားနိုင်ပေသည်။ သဘောအယူအဆ လွဲမှားနိုင်ပေသည်။ ထို့ကြောင့်လည်း အမှတ်အသားတွေ မကွဲပြားရလေအောင်၊ သဘောအယူအဆတွေ မကွဲပြားရလေအောင် အရှင်မြတ်ကြီးများက သတိ ဝီရိယတို့ကို အခြေပြုကာ ဉာဏ်ပညာ ဖြန့်ကြက်၍ ညှိနှိုင်းဆောင်ရွက်ကြရခြင်းဖြစ်ပေသည်။

အရှင်ပုရာဏမထေရ်ကြီးကတော့ ဘယ်သူနှင့်မျှ ညှိနှိုင်းမနေတော့ဘဲ မိမိ ကြားနာမှတ်သားထားခဲ့ရသည့်အတိုင်းသာ ဆောင်ထားတော့မည်ဆိုပါ၏။ မထေရ်မြတ်ကြီးကိုယ်တိုင်က ဘုရားရှင်၏မျက်မှောက်တပည့်ကြီးဖြစ်၍ အမှတ်အသားမကွဲပြားနိုင်ပါ။ သဘောအယူအဆမလွဲမှားနိုင်ပါ။ သို့ရာတွင် မထေရ်မြတ်ကြီး၏ တပည့်ဖြစ်သူများသည် ဆရာမထေရ်မြတ်ကြီး၏ဉာဏ်ရည်ကို မီအောင် လိုက်နိုင်လျှင် တော်ပါ၏။ မီအောင် မလိုက်နိုင်လျှင်ကား အမှတ်အသားတွေ ကွဲပြားလာကြရပါတော့မည်။ အယူအဆတွေ လွဲမှားလာကြပါတော့မည်။

မည်သို့ပင်ဖြစ်စေ အရှင်မဟာကဿပ အမှူးရှိသော အရှင်မြတ်ကြီးများသည်ကား ဤကဲ့သို့ တစ်ပါးစ၊ နှစ်ပါးစ သီးသန့်ခွဲထွက်နေသည်ကို လျစ်လျူရှုကာ သာသနာတော်ကြီးတစ်ရပ်လုံး မြုံငုံ၍ သုံးသပ်ပြီးလျှင် ဘုရားရှင်သာသနာတော်ကြီး အဓွန့်ရှည်ရေးအတွက် အရေးပါအရာရောက်ဆုံးကိစ္စကြီးကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ကြရပေသည်။

❑

ဓာလင်းသစ်တပေ

အပြစ်မဟုတ်သောအပြစ်

ဘုရားရှင်ကိုယ်တော်မြတ် ထားတော်မူခဲ့သော ဓမ္မရတနာအဖြာဖြာတို့ကို တစ်စိုးတစ်စိမျှ မပျောက်ရှရလေအောင် စုဆောင်းကြရ၊ သိမ်းဆည်းကြရသဖြင့် သင်္ဂါယနာ မဟာဓမ္မသဘင်ကြီးမှာ ခုနစ်လတိုင်တိုင် ကြာခဲ့ပေသည်။ ဝါခေါင်လဆုတ် ငါးရက်နေ့က စတင်ကျင်းပလာခဲ့ရာ ယခု တပေါင်းလပြည့်သို့ပင် ရောက်လာခဲ့ပါပေပြီ။

စောစောတုန်းက အရွယ်အစားအစုံစုံ၊ အသွင်သဏ္ဌာန်မျိုးစုံ၊ အရောင်အသွေးမျိုးစုံ၊ ပန်းမျိုးစုံတို့သည် တစ်ပွင့်တစ်ပွင့်စီ တသီးတခြားတည်ရှိနေခဲ့ကြ၏။ ယခုတော့ ထိုပန်းမျိုးစုံတို့ကို အရွယ်အစားတူရာတူရာ တွဲဖက်၍၊ အသွင်သဏ္ဌာန်တူရာတူရာ ပေါင်းစပ်၍ အရောင်အသွေးချင်း လိုက်ဖက်အောင် စုစည်း၍ အပ်ချည်ကြိုးခိုင်ခိုင်ဖြင့် သီကုံး၍ထားလိုက်ကြပေပြီ။ မိုးသက်လေပြင်းတိုက်သော်ငြားလည်း ထိုပန်းတို့မှာ ကစဉ့်ကလျား လွင့်ပါးပျောက်ဆုံးဖွယ်မရှိတော့ပြီ။ မြတ်စွာဘုရား၏သားကြီး ဩရသသည် သားတော်ကြီး၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်ပေပြီ။

ဤအရေးကို ကြိုကြိုတင်တင် သိမြင်တော်မူ၍ပင် ဘုရားရှင်သည် သူ၏သားကြီးဩရသအား သုံးဂါဝုတ်ခရီးသို့ ကြွရောက်၍ ကြိုဆိုတော်မူခဲ့၏။ ဘုရားရှင်ကိုယ်တော်တိုင် ပံ့သကူကောက်ယူထားရသော နှစ်ထပ်သင်္ကန်းတော်နှင့် သူ၏သင်္ကန်းကို လဲလှယ်၍ ဝတ်ရုံတော်မူခဲ့၏။ သာသနာတော်ကြီးတစ်ရပ်လုံးကို သုံးကြိမ်တိုင်တိုင် လွှဲအပ်တော်မူခဲ့၏။ လမင်းကြီးနှင့် ဥပမာပြုကာ လိုလိုလားလား မြှောက်စားတော်မူခဲ့၏။

တတိယမဟာသာဝကကြီးသည် ထိုသို့အနည်းနည်းအဖုံဖုံ ချီးပင့်မြှောက်စားတော်မူခဲ့သည့်ကျေးဇူးတို့ကို ယခု အောင်မြင်စွာ တုံ့ပြန်လိုက်ရပေပြီ။ ဘုရားရှင်

ကိုယ်တော်တိုင် ချပေးတော်မူခဲ့သည့် ပန္နက်ပေါ်တွင် အနာဂတ်သာသနာမဟာအဆောက်အအုံကြီးကို ခိုင်ခိုင်ခဲ့ခဲ့ဆောက်လုပ်နိုင်ခဲ့ပေပြီ။ လူရောရှင်ပါ အောင်မြင်စွာ ကြွေးကြော်လိုက်သော သာဓုသံတို့ဖြင့် သင်္ဂီယနာမဟာဓမ္မသဘင်ကြီး ပြီးဆုံးသွားလေပြီ။

ထိုအခါ အရှင်အာနန္ဒာသည် ဝိသဒ္ဓကပုဂ္ဂိုလ်၏ အဆောင်အယောင်ဖြစ်သော ဆင်စွယ်ယပ်ဝန်းကို နေသားတကျပြန်ထားကာ မိမိနေရာသို့ ပြန်၍ထိုင်လေသည်။

မဟာဓမ္မသဘင်ကြီး ပြီးဆုံးသွားသော်ငြားလည်း အကြီးအမှူးဖြစ်သော တတိယမဟာသာဝကကြီးသည် နေရာမှမထသေးပေ။ သို့ဖြစ်၍ ငါးရာမျှသော အရှင်မြတ်ကြီးတို့သည်လည်း ထိုင်မြဲတိုင်းသာရှိနေကြပါသေးသည်။ အတန်ကြာ ငြိမ်သက်စွာထိုင်နေကြပြီးမှ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များသည် အရှင်အာနန္ဒာ၏ အနီးအပါးသို့ ပြောင်းရွှေ့လာကြ၏။ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်တို့ကို လေးစားသောအားဖြင့် ယခင်နေမြဲ အရှင်မြတ်များက ဖယ်ရှား၍ပေးကြရ၏။

ဤသို့ဖြင့် ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များ နေသားတကျ ထိုင်မိကြသော အခါ သင်္ဂီယနာအစပိုင်းတုန်းက ပေါ်ပေါက်ခဲ့သော အစတစ်ခုကို ပြန်လည်ထုတ်ဖော်ကြလေတော့သည်။

"ငါ့ရှင် အာနန္ဒာ၊ ဘယ်သင်းဘယ်ဟာသည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ပါနည်းဟု သင်သည် ဘုရားရှင်ကို မမေးခဲ့။ ဤသို့မမေးခဲ့ခြင်းသည် သင်၏အပြစ်ဖြစ်၏။ ထိုအပြစ်ကို ဝန်ခံပါလော့"

မထေရ်ကြီးများက ဝိုင်း၍အရေးဆိုကြပေတော့သည်။ ထေရာသနပလ္လင်ထက်၌ ငြိမ်သက်စွာရှိနေသော အရှင်မဟာကဿပကလည်း မထေရ်ကြီးများ၏ အရေးဆိုခြင်းကို ကန့်ကွက်ဟန့်တားခြင်းမပြုဘဲ ထိုင်မြဲတိုင်းသာ ထိုင်လျက်ရှိပေသည်။ သင်္ဂီယနာပွဲကြီးမစခင်ကတည်းက ဤလိုအချိန်၊ ဤလိုအခြေအနေမျိုးတွင် ဤကဲ့သို့ အရေးဆိုရန် သဘောတူဆုံးဖြတ်ထားခဲ့ကြသကဲ့သို့ ဖြစ်နေပေသည်။

အရေးဆိုလာကြသော မထေရ်ကြီးများအားလုံးသည် အရှင်အာနန္ဒာကို ကြည်ညိုသူများချည်း ဖြစ်ကြ၏။ အရှင်အာနန္ဒာ၏ဂုဏ်ကျေးဇူးကို ချီးကျူး၍ မတင်းတိမ်နိုင်သူများချည်းဖြစ်ကြ၏။ ယခုတော့ ထိုမထေရ်ကြီးများကိုယ်တိုင်က ဝိုင်းဝန်း၍ အရေးဆိုကြသဖြင့် အရှင်အာနန္ဒာမှာ အဓိကကြွေရပေတော့သည်။

မထေရ်ကြီးတို့၏ မျက်နှာဟန်ပန် အသံနေအသံထားကို ထောက်ဆကာ သူတို့ဘက်က လုံးဝအလျှော့ပေးမည်မဟုတ်ကြောင်းကို ကောင်းကောင်းကြီးသိနိုင်၏။ ကျောက်ထီးတန္တ အလေးပြုအပ်သော မထေရ်ကြီးများ၏စကားကို အရှင်အာနန္ဒာဘက်က ပယ်လှန်ဖို့မလွယ်ပါ။ မလွယ်လျှင် အပြစ်ရှိကြောင်း ဝန်ခံလိုက်ပါတော့လား။ ဤသို့လည်း မဖြစ်နိုင်သေးပါ။

ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို ကွဲကွဲပြားပြားဖြစ်အောင် မမေးလိုက်မိခြင်းမှာ ဘုရားရှင်ကို မလေးစား၍လည်း မဟုတ်ပါ။ သံဃာတော်များကို မလေးစား၍လည်း မဟုတ်ပါ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူမည့်အရေးကြောင့် နှလုံးကြွေကွဲ ဝမ်းနည်းပက်လက်ဖြစ်နေသဖြင့် မေ့လျော့နေခဲ့ရခြင်းသာ ဖြစ်၏။

ထိုကဲ့သို့ ဘုရားရှင်အပေါ် ချစ်ခင်တွယ်တာစိတ်ကိုအကြောင်းခံ၍ မေ့လျော့မိခြင်းကို အပြစ်ဟူ၍ အရှင်အာနန္ဒာ မရှုမြင်နိုင်ပါ။ အပြစ်ဟူ၍ မသတ်မှတ်နိုင်ပါ။

ဤသို့ဆိုလျှင် မထေရ်ကြီးများ၏ တောင်းဆိုချက်ကို ငြင်းပယ်လိုက်ပါတော့လား။ ဤသို့လည်း မဖြစ်နိုင်သေးပါ။ သံဃာတော်အားလုံး၏ ညီညွတ်မှုကို အခြေပြုကာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ပြီးခါစလေးသာ ရှိပါသေးသည်။

ဤအချိန်တွင် အရှင်အာနန္ဒာဘက်ကသာ တင်းခံလိုက်ပါက ညီညွတ်လှပါသည်ဆိုသော သံဃာသည် နှစ်ပိုင်းကွဲသွားရပါတော့မည်။ မထေရ်ကြီးများကို ထောက်ခံသူနှင့် အရှင်အာနန္ဒာကို ထောက်ခံသူဟူ၍ နှစ်ပက္ခဖြစ်လာကြရပါတော့မည်။ ဤသို့သောအခြေအနေမျိုးသို့လည်း အရှင်အာနန္ဒာ အရောက်မခံနိုင်ပါ။ ထို့ကြောင့် –

"အရှင်ဘုရားတို့၊ တပည့်တော်သည် သောကပရိဒေဝတို့ ဆိုပိတ်ကာ သတိမေ့လျော့၍ မလျှောက်ထားမိခြင်းသာ ဖြစ်ပါသည်။ ဘုရားရှင်ကိုလည်း ကောင်း၊ သံဃာကိုလည်းကောင်း မလေးစား၍မဟုတ်ပါ။ ထို့ကြောင့် ထိုအမှုကို တပည့်တော်သည် အပြစ်ဟူ၍ ရှုမြင်၍မရနိုင်ပါ။ သို့ရာတွင် မထေရ်ကြီးများကို လေးစားသောအားဖြင့် အပြစ်ဟူ၍ ဝန်ခံပါသည်ဘုရား"

ဤသို့ အရှင်အာနန္ဒာဘက်က ဆင်ခြင်တုံတရား လက်ကိုင်ထား၍ အလျှော့ပေးလိုက်သဖြင့် မထေရ်ကြီးများ ကျေနပ်သွားကြ၏။ အရှင်အာနန္ဒာကို သူငယ်ကလေး သဘောထား၍ ကြိမ်းခဲ့မောင်းခဲ့သော အရှင်မဟာကဿပကိုယ်တော်ကြီးကပင် ဤအဖြေကို ကျေနပ်စွာခေါင်းညိတ်ရပေသည်။

အလင်းသစ်စာပေ

"ငါ့ရှင် အာနန္ဒာ၊ သင်သည် ဘုရားရှင်၏ မိုးရေခံသင်္ကန်းကို ခြေထောက်နှင့် နင်းခြေခဲ့၏။ ထိုသို့ချုပ်ခြင်းသည် သင်၏အပြစ်ဖြစ်၏။ ထိုအပြစ်ကို ဝန်ခံပါလော့"

ပထမပြဿနာပြေလည်သွားခြိန်တွင် နောက်ပြဿနာတစ်ခုက ထင်ကြပ်မကွာလိုက်ပါလာ၏။

တကယ်တော့ဖြင့် ဤအမှုမှာလည်း အပြစ်ဟူ၍မဆိုနိုင်ပါ။ ဝေဠုဝန်တွင် နောက်ဆုံးဝါကပ်စဉ်တုန်းက ဘုရားရှင်သည် ဝမ်းသွေးသွန်ဝေဒနာကို ခံစားတော်မူခဲ့ရ၏။ ထိုစဉ်တုန်းက ဘုရားရှင်ထံတော်ပါးဝယ် အရှင်အာနန္ဒာတစ်ပါးတည်းသာရှိ၏။ ထို့ကြောင့် ဘုရားရှင်ကို ပြုစုလုပ်ကျွေးရင်း ဘုရားရှင်၏ မိုးရေခံသင်္ကန်းချုပ်ရိုးပြေနေသည်ကို ဖြစ်သလိုချုပ်လိုက်ရခြင်းသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ဤအမှုကိုလည်း ရှေးနည်းတူ သဘောထားရန်သာရှိတော့သဖြင့် -

"အရှင်ဘုရား၊ သင်္ကန်းစကို ဆွဲကိုင်ပေးမည့် ရဟန်းအဖော်မရှိသဖြင့် ဖြစ်သလိုချုပ်လိုက်ရခြင်းသာ ဖြစ်ပါသည်။ ဘုရားရှင်ကို မရိုသေ၍မဟုတ်ပါ။ ထို့ကြောင့် ထိုအမှုကို တပည့်တော်သည် အပြစ်ဟူ၍ ရှုမြင်၍မရနိုင်ပါ။ သို့ရာတွင် မထေရ်ကြီးများကို လေးစားသောအားဖြင့် အပြစ်ဟူ၍ ဝန်ခံပါသည်ဘုရား"

ဤအကြိမ်မှာလည်း မထေရ်ကြီးများအလိုကျ လျှောက်ထားလိုက်သဖြင့် ပြေပြေလည်လည် ဖြစ်သွားပါ၏။ သို့ရာတွင် မထေရ်ကြီးများဘက်က အရေးဆိုစရာတွေက မကုန်သေးပါ။

"ငါ့ရှင် အာနန္ဒာ၊ သင်သည် ကုသိနာရုံအင်ကြင်းစုံ၌ အမျိုးသမီးများကို ပထမဦးစွာ ဘုရားဖူးခွင့်ပေးခဲ့၏။ သူတို့တစ်တွေ တရွှမ်းရွှမ်းငိုကြွေးရာတွင် ဘုရားကိုယ်တော်မြတ်မှာ သူတို့၏မျက်ရည်တွေ ပေကျံခဲ့ရ၏။ ဤသို့ ပေကျံအောင်ပြုခြင်းသည် သင်၏အပြစ်ဖြစ်၏။ ထိုအပြစ်ကို ဝန်ခံပါလော့"

ဤအမှုမှာလည်း အမျိုးသမီးများအပေါ် သက်သက်ညှာညှာ ကရုဏာရှေးရှု၍ ပြုလုပ်ခဲ့ခြင်းသာဖြစ်၏။ သို့ရာတွင် အရှင်အာနန္ဒာဘက်က အလျှော့ပေးရန် အသင့်ရှိနေပြီဖြစ်၍ -

"အရှင်ဘုရားတို့၊ ညည်းနာကဲသန်းခေါင်အထိ အမျိုးသမီးများ တောထဲမှာ မနေကြရပါစေနှင့်ဟူသော စေတနာဖြင့် သူတို့ကို ပထမဦးစွာ ဘုရားဖူးခွင့်ပေးခြင်းပြစ်ပါသည်။ ထို့ကြောင့် ထိုအမှုကို တပည့်တော်အပြစ်ဟူ၍ ရှုမြင်၍မရနိုင်

ပါ။ သို့ရာတွင် မထေရ်ကြီးများကို လေးစားသောအားဖြင့် အပြစ်ဟူ၍ ဝန်ခံပါသည်ဘုရား"

တတိယအကြိမ် အလျှော့ပေးခြင်းဖြင့် တတိယပြဿနာပြေလည်သွားသည့်နောက်ဝယ် စတုတ္ထပြဿနာက ထက်ကြပ်မကွာ လိုက်ပါလာပေသည်။

"ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်က သိသိသာသာ ပေါ်ပေါ်လွင်လွင်ကြီး အရိပ်နိမိတ်ပြပါလျက် သက်တမ်းပြည့်အောင် တည်နေတော်မူပါရန် ဘုရားရှင်အား သင်မလျှောက်ထားခဲ့။ ဤသို့ မလျှောက်ထားခဲ့ခြင်းသည် သင်၏အပြစ်ဖြစ်၏။ ထိုအပြစ်ကို ဝန်ခံပါလော့"

ဤအမှုကတော့ အာယုသင်္ခါရ လွတ်တော်မမူမီအချိန်တုန်းက ပေါ်ပေါက်လာခဲ့၏။ ထိုစဉ်တုန်းက ဘုရားရှင်သည် အရှင်အာနန္ဒာကသာ တောင်းပန်လျှင် သက်တမ်းနှစ်တစ်ရာထိပြည့်အောင် နေနိုင်မည်ဟု သိသာလောက်အောင် ပေါ်ပေါ်လွင်လွင်ကြီး အရိပ်ပြ၊ နိမိတ်ပြစကားများ မိန့်ကြားတော်မူခဲ့၏။ သို့ပါလျက် အရှင်အာနန္ဒာက သက်တမ်းပြည့်အောင်နေတော်မူပါဟု မလျှောက်ထားမိခြင်းမှာ လုံလောက်သောအကြောင်းရှိ၍သာ ဖြစ်ပေသည်။ သို့ရာတွင် ထိုအကြောင်းကို ပြ၍လည်း အပြစ်လွတ်ဖွယ်မရှိရကား –

"အရှင်ဘုရားတို့၊ ထိုစဉ်က မာရ်နတ်က တပည့်တော်၏အသိစိတ်တို့ကို ဆို့ပိတ်ထားသောကြောင့် မလျှောက်ထားခဲ့ရခြင်းသာ ဖြစ်ပါသည်။ ဘုရားရှင်ကို သက်တမ်းပြည့်အောင် မတည်နေစေလို၍မဟုတ်ပါ။ ထို့ကြောင့် ထိုအမှုကို တပည့်တော်အပြစ်ဟူ၍ ရွှမြင်၍မရနိုင်ပါ။ သို့ရာတွင် မထေရ်ကြီးများကို လေးစားသောအားဖြင့် အပြစ်ဟူ၍ဝန်ခံပါသည်ဘုရား"

မထေရ်ကြီးများ တင်ပေးလေသမျှ အပြစ်များကို အရှင်အာနန္ဒာက ခေါင်းငုံ့၍ပင် ခံယူပေသည်။ ဤအပြစ်များကို တကယ့်တကယ်အပြစ်ဟု မဆိုထိုက်ကြောင်းကို အရှင်အာနန္ဒာသိသကဲ့သို့ပင် မထေရ်ကြီးများလည်း သိတော်မူကြသည်သာ။

သို့ပါလျက် အပြစ်မဟုတ်သောအပြစ်များဖြင့် လေးကြိမ်တိုင်တိုင် အရေးဆိုကြခြင်းမှာ အဘယ်ကြောင့်နည်း။

ပဉ္စမအကြိမ်မြောက် နောက်ဆုံးအချက်ကို အရေးဆိုလို၍သာဖြစ်ပေသည်။

အလင်းသစ်စာပေ

ထိုအချက်သည်ကား သာသနာတော်တွင်းသို့ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ခွင့်ရခြင်းနှင့် ဆက်စပ်နေသည်ဖြစ်ရာ ဤအချက်တစ်ခုတည်းဖြင့်သာ ကွက်၍ အရေးဆိုလာပါက ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူခဲ့သည့် ဘိက္ခုနီသံဃာ့အဖွဲ့အစည်းကို မလိုလားရာ ရောက်သွားပါလိမ့်မည်။ အသိဉာဏ်နုနယ်သူတို့က အမျိုးသမီးများ သာသနာ့ဘောင် ဝင်ရောက်ခွင့်ရခြင်းကို မနာလိုဝန်တိုသကဲ့သို့ ထင်စရာဖြစ်ပေလိမ့်မည်။

ထို့ပြင်တစ်ဝ မထေရ်ကြီးတို့သည် အရှင်အာနန္ဒာ၏ဂုဏ်ကျေးဇူးအဝဝကို ထောက်ထားကာ အရေးအကြီးဆုံးအချက်ဖြင့် ချက်ချင်းလက်ငင်း အပြစ်တင်ရန် ခက်ခဲနေကြ၏။ ထို့ကြောင့် အပြစ်ဟု မဆိုလောက်သောအချက်များဖြင့် ရှေးဦးစွာ လမ်းခင်းပေးပြီးမှ လိုရင်းအကျဆုံးအချက်ဖြင့် အရေးဆိုကြရပေတော့သည်။

"ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်ကိုယ်တော်တိုင် သိမြင်၍ ဟောကြားထားသော သာသနာတော်၌ သင်သည် အမျိုးသမီးများ ရဟန်းပြုခွင့်ကို မရရအောင်ကြိုးစားခဲ့၏။ ဤသို့ကြိုးစားခြင်းသည် သင်၏အပြစ်ဖြစ်၏။ ထိုအပြစ်ကို ဝန်ခံပါလော့"

ဤအပြစ်မှာလည်း တကယ့်အပြစ်မဟုတ်ပါ။ ဘိက္ခုနီသာသနာပေါ်ထွန်းလာ၍ပင် ဧတဒဂ်ရ ရဟန္တာထေရီတွေ၊ ဈာန်အဘိညာဉ်ရ ရဟန္တာထေရီတွေ၊ အရိယာဉာဏ်အဆင့်ဆင့်ရရှိသည့် ဘိက္ခုနီတွေ ပေါ်ပေါက်လာခဲ့ပြီဖြစ်၏။

ဘိက္ခုနီတွေ ပေါ်ထွန်းလာသဖြင့် ဤသို့အကောင်းဘက်က သက်သေပြစရာရှိလာသကဲ့သို့ပင် မကောင်းသည့် စံနမူနာတွေကလည်း များလှပြီဖြစ်၏။ အမျိုးသမီးတို့၏အားနည်းချက်ကို သိမြင်သည့်အားလျော်စွာ ဘုရားရှင်သည်သူတို့အတွက် ပိုမို၍တင်းကျပ်သော သိက္ခာပုဒ်များ ပညတ်ပေးတော်မူခဲ့ရ၏။ ဂရုဓံတရားရှစ်ပါးကို ကြိုတင်၍ မိန့်ကြားတော်မူခဲ့ရ၏။ ရဟန်းခံသည့်ကိစ္စမှစ၍ သံဃာကံအဝဝကို ဘိက္ခုသံဃာနှင့် မကင်းကွာအောင် တုပ်နှောင်ထားတော်မူခဲ့၏။

ဤသို့ ဘိက္ခုသံဃာအပေါ် ဘိက္ခုနီသံဃာက မကျော်လွန်နိုင်အောင် မခန့်လေးစားမလုပ်နိုင်အောင် စီမံထားတော်မူခဲ့ပါလျက် အရှင်အာနန္ဒာ၏တပည့် ဘိက္ခုနီမနှစ်ပါးက တတိယမဟာသာဝကအရှင်မြတ်ကြီးကို နှုတ်အားဖြင့် စော်ကားခဲ့ကြပေပြီ။ တိတ္ထိဘောင်သို့ရောက်ခဲ့ဖူးသူဟူ၍လည်းကောင်း၊ အပ်လုပ်သူထံ

အပ်လာရောင်းဟူ၍လည်းကောင်း မတော်တရားပြောကြားခဲ့ကြပေပြီ။ ယခု ထို တပည့်မအမိုက်မဲတို့၏အပြစ်က သူတို့ဆရာ့ခေါင်းပေါ် ကျရောက်လာပေပြီ။

ဘုရားရှင်ကိုယ်တော်တိုင်က မိမိနှင့်တန်းတူထား၍ မြှောက်စားခဲ့ရသော အရှင်မြတ်ကြီးအား ပြစ်မှားမိသဖြင့် ထုလွန်နန္ဒာနှင့် ထုလွတိသဟူသော ဘိက္ခုနီ နှစ်ပါးမှာ သာသနာတော်မှာ ထွက်ခွာသွားခဲ့ကြရပါပြီ။

သို့ရာတွင် သူတို့၏အပြုအမူကို အတုယူမည့် ဘိက္ခုနီများ မပေါ်ပေါက် လာဘူးမဆိုနိုင်ပါ။ သာသနာ့ဘောင် ဝင်ရောက်ခွင့်ရခြင်းကို အရင်းပြုကာ ဘိက္ခု သံဃာအပေါ် မခန့်လေးစား သဘောထားမည့်သူများကို ဟန့်တားရာတွင် သူတို့ ကို သာသနာတော်တွင်းရောက်အောင် ဆွဲခေါ်လာခဲ့သည့် အကျိုးဆောင်ပုဂ္ဂိုလ်ကို နှိမ်နှင်းထားမှ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် အပြစ်မဟုတ်သောအပြစ်ဖြင့် အရေးဆိုလာကြသည့်ဖြစ်အင် ကို အရှင်အာနန္ဒာကလည်း သဘောပေါက်လာသဖြင့် –

"အရှင်ဘုရားတို့၊ ဤမဟာပဇာပတိဂေါတမီသည် ဘုရားရှင်အား မယ် တော်ရင်းတမျှ ပြုစုလုပ်ကျွေးခဲ့သူဖြစ်ပါသည်။ မယ်တော်မဟာမာယာ ကွယ်လွန် ပြီးနာက် သူကိုယ်တိုင် နို့ချိုတိုက်ကျွေးမွေးမြူခဲ့ပါသည်။ ထို့ကြောင့် မယ်တော် ကြီး ဂေါတမီနှင့်တကွ အမျိုးသမီးများ သာသနာ့ဘောင်ဝင်ရောက်ခွင့်ကို မရ ရအောင် ကြိုးစားခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုအမှုကို တပည့်တော်သည် အပြစ်ဟူ၍ ရှုမြင်၍မရနိုင်ပါ။ သို့ရာတွင် မထေရ်ကြီးများအား လေးစားသော အားဖြင့် အပြစ်ဟူ၍ ဝန်ခံပါသည်ဘုရား"

ဤသည်တို့ကား နောင်လာနောက်သားအားလုံးအတွက် အရှင်အာနန္ဒာ ထားရစ်ခဲ့သော စံနမူနာဖြစ်ပေသည်။

သံဃာ့အဖွဲ့အစည်း မပြိုကွဲရေးအတွက် မိမိဘက်က သည်းခံစိတ်မွေးမြူ ၍ ကြည်ဖြူစွာလက်တွဲခဲ့သော ဤစံနမူနာသည် လူ့အဖွဲ့အစည်းအမျိုးမျိုးတွင် ပါဝင်နေကြရသောလူများအတွက်လည်း အကျိုးသက်ရောက်မှုရှိနိုင်ပေသည်။

❑

အလင်းသစ်စာပေ

တာဝန်ကိုယ်စီ ခွဲဝေအပ်နှင်းခြင်း

သင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ပြီးဆုံးသွားပြီဖြစ်၍ သံဃာ့အစည်းအဝေးမရှိပ်သိမ်းမီ အရှင်အာနန္ဒာသည် ဘုရားရှင်နောက်ဆုံးမိန့်မှာချက်ကို တင်လျှောက်ရ၏။

"အရှင်ဘုရား၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးတုန်းက ဆန္နရဟန်းအား သံဃာက ဗြဟ္မဒဏ်ပေးရန် မိန့်မှာတော်မူခဲ့ပါသည်ဘုရား"

"အာနန္ဒာ၊ ဗြဟ္မဒဏ်ဟူသည် မည်သို့ပေနည်း"

"အရှင်ဘုရား၊ ဆန္နရဟန်းသည် သည်ကရွေ့မှာ ပြောချင်ရာပြောပါစေတော့။ သူ့ကို မည်သည့်ရဟန်းကမျှ မပြောဆိုရ။ မဆုံးမရ။ မကန်မြစ်ရ။ ဤသို့ဒဏ်ပေးကြရန်ဖြစ်ပါသည်ဘုရား"

မြင်းတော်ထိန်းမောင်ဆန်အဖြစ် လူ့ဘောင်တုန်းက အလောင်းတော်မင်းသားနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်ကို အကြောင်းပြုကာ သာသနာတော်တွင်းသို့ရောက်လာသည့်အခါတွင်လည်း အရှင်ဆန္နသည် ပြောခက်ဆိုခက်ဖြစ်နေခဲ့၏။ သီတင်းသုံးဖော်တို့က အကျိုးသင့်အကြောင်းသင့် ပြောဆိုဆုံးမလေသမျှကို မနာခံဘဲ ကက်ကက်လန် ရန်တွေ့လာခဲ့၏။ ထို့ကြောင့် ထိုမာန်မာနကို ချိုးနှိမ်နှိုင်ရန် ဘုရားရှင်က ကရဏာရေ့ထား၍ မိန့်ကြားတော်မူခဲ့ရခြင်းဖြစ်ပေသည်။

အရှင်မဟာကဿပ အမှူးရှိသော မထေရ်ကြီးများသည် ဆန္နရဟန်းအား သံဃာက ဗြဟ္မဒဏ်ပေးလိုက်ကြောင်း သတင်းစကားပြန်ကြားရန်တာဝန်ကို အရှင်အာနန္ဒာအား ပေးအပ်ကြ၏။ ထို့ပြင် နိကာယ်ကြီး၀ါးရပ်ရှိသည့်အနက် ဒီဃနိကာယ်ကို မိမိ၏တပည့်များအား သင်ကြားပို့ဆုံရန်လည်း တာဝန်ပေးအပ်ကြလေသည်။

အလင်းသစ်စာပေ

ထို့အတူပင် မဇ္ဈိမနိကာယ်ကို အရှင်မဟာသာရိပုတ္တရာ၏ တပည့်များထံ အပ်နှံကြ၏။

သံယုတ္တနိကာယ်ကို အရှင်မဟာကဿပကိုယ်တော်တိုင်က မိမိတပည့်များအား သင်ကြားပို့ချရန် တာဝန်ယူလိုက်၏။

အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါလက်သို့ အပ်နှင်းကြ၏။

အပ်နှင်းသူတို့က လိုလိုလားလား အားကိုးအားထားပြု၍ အပ်နှင်းကြ၏။ လက်ခံသူတို့ကလည်း လိုလိုလားလား လေးလေးစားစား လက်ခံခဲ့ကြပြီးလျှင် မိမိ၏တပည့်ပရိသတ်အား ပို့ချသင်ကြား၍ ပေးလာခဲ့ကြ၏။

ဤသို့အားဖြင့် အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာအစရှိသော သာသနာ့ကျက်သရေဆောင် အရှင်မြတ်ကြီးများသည် သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးတာဝန်ကို အသက်ထက်ဆုံးထမ်းဆောင်ခဲ့ကြပါပေ၏။

❑

အလင်းသစ်စာပေ

ဒုတိယသင်္ဂါယနာ

။ရှင်ထလာပြုံ့ဇုံဂီရှထာဒုထ ဖန်ကပြူထ ဂုပြုစေကပွဝန် ထပွဲဇရပီးဒုဂုဒဖ် ဒုပွဲဝဒုပွဲဝလဖုပ် ယပွဲဝပဖုန်ဇ် ဖီဟပ် ဒုထဇာပုံဇေ
။ဂုဖုပ်းပြုပြုထာဂဖီဟပ် ရှင်ထဇ ထကထဂဒုပ်စေ ၊ထဝပ်ဒုပ်စေ ၊ပြုထာဂဂွထယဂိထ ဦးပြုရှထာဒုဝါယာပုံထယလုဝ ထံထဇာဂုံဖွရှဂယိထယ
ပွဲပးဝါဂးဝဂ်ဏီစေ ။ဂုရှဏထးပဖထဂီဓစေ ရှယထရှယလးဒုဂယထဇာထလထယ ရှင်ဂြိလွှထဇာ ဒုဝိ (ဖွဝွင - ၉ပ၉) ၀၀င ဖုန်ဖန်ထထ

ဖန်ကပြူထကပွဝန်



သာသနာနှစ်တစ်ရာ ပြည့်လေပြီ

"ငါ့ရှင်တို့၊ ငါကဲ့သို့သော ဘုရားတပည့်သား ရဟန်းတစ်ပါးလုံးရှိနေပါလျက် ဤမကောင်းမှုသည် သာသနာတော်တွင်းမှာ ကြီးထွားမလာစေရပါ။ မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မမှေးမှိန်သေးမီ၊ အကျင့်ပျက်များ မထွန်းကားမီ၊ အကျင့်ကောင်းများ မမှေးမှိန်သေးမီ၊ အဓမ္မဘက်သားများ အားမကောင်းမီ၊ ဓမ္မဘက်သားများ အားမယုတ်သေးမီ၊ အကျင့်ပျက်သမားများ အားမကောင်းမီ၊ အကျင့်ကောင်းသမားများ အားမယုတ်သေးမီ ဤကဲ့သို့ အချိန်မီနေခိုက်မှာ ဓမ္မနှင့် ဝိနယကို ငါတို့များ သင်္ဂါယနာတင်ကြကုန်ဟို့"

တတိယသာဝက အရှင်မြတ်ကြီး၏ မိန့်ခွန်းတော်ဖြစ်ပါ၏။ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ဝင်စံတော်မူသွားသည့်နောက် သာသနာတော်ကြီးဆက်လက်၍ တည်တံ့နေစေရန်၊ ဆက်လက်၍ တိုးတက်ထွန်းကားပြန့်ပွားနေစေရန် အားဆက်၍ ပေးတော်မူခဲ့ခြင်းဖြစ်ပါ၏။

"ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပြီဖြစ်၍ ငါတို့မှာ အချုပ်အနှောင် မရှိတော့ပြီ။ ငါတို့ထင်ရာ လုပ်ချင်ရာလုပ်နိုင်ပြီ" ဟူသော တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ နှုတ်ထွက်စကားကြောင့် ဓမ္မသံဃာရှိကာ သံဃာထုတစ်ရပ်လုံးအား မိန့်ကြားတော်မူခဲ့သည့်စကားသံများဖြစ်ပါ၏။ သင်္ဂါယနာတင်ရန်နှိုးဆော်လိုက်သည့်စကားသံများ ဖြစ်ပါ၏။

ထိုစကားသံများကို နားနှင့်ဆတ်ဆတ် ကြားနာခဲ့ရသည့်ရဟန်းများထဲတွင် ဗိမိသည်လည်း တစ်ပါးအပါအဝင်ဖြစ်ခဲ့၏။ သံဃာထုတစ်ရပ်လုံးနှင့်အတူ ဗိမိမှာလည်း သတိသံဃာရှိခဲ့၏။ ထိုစဉ်တုန်းက ယနေ့လောက်လည်း အသက်အရွယ်မရသေး။ ရင့်ကျက်တည်ငြိမ်သည့်အဆင့်သို့လည်း မရောက်သေးသဖြင့် ဓမ္မသံဃာထက် ပိုကဲသော စိတ်ဓောနာများ ခံစားခဲ့ရပေသည်။

အင်္ဂလိပ်ဘာသာ

'ရွေအဆင်းကဲ့သို့ ဝါဝင်းသည့် ရုပကာယတော်ကြီး ထင်ထင်ရှားရှားရှိနေသေးသည်ဖြစ်ပါလျက် ဤမျှလောက် ပစ်ပစ်ခါခါကြီး ပြောရက်လေခြင်း' ဟု ရင်ထုမနာဖြစ်ခဲ့ရ၏။ ဘုရားရှင်သာသနာတော်ကြီး အဓွန့်ရှည်ရှည် တည်နေနိုင်ရေးအတွက် ကျရာအခန်းမှ ပါဝင်ဆောင်ရွက်ရန် စိတ်အားထက်သန်လာခဲ့၏။

သို့ရာတွင် ထိုစဉ်က မိမိမှာ အရှင်အာနန္ဒာ၏တပည့်တစ်ပါးမျှသာဖြစ်နေသေးသည့်အတွက် သံဂီတိကာရကငါးရာထဲတွင် ပါဝင်ခွင့်မရခဲ့ပါ။ မိမိကဲ့သို့ အောက်ဆင့်အရိယာပုဂ္ဂိုလ် မဆိုထားပါနှင့်။ စွာန်အဘိညာဉ်ရ ပဋိသမ္ဘိဒါဉာဏ်ရ ရဟန္တာပုဂ္ဂိုလ်ကြီးများပင် အားလုံးပါဝင်ခွင့်မရခဲ့ကြပါ။ သူတို့အထဲက တော်ပေ့၊ တတ်ပေ့၊ ကျော်ကြားပေ့ဆိုသော အရှင်မြတ်ကြီးများသာ ပါဝင်ခွင့်ရခဲ့ကြ၏။

ထိုအထဲတွင် မိမိ၏ဆရာ အရှင်အာနန္ဒာ ပါဝင်ဆောင်ရွက်ခွင့်ရခြင်းမှာ ဘုရားရှင်ဟောကြားတော်မူခဲ့လေသမျှ ဒေသနာတော်များကို နှုတ်တက်အာဂုံဆောင်ထားနိုင်၍ဖြစ်၏။ သို့ဖြစ်၍လည်း အောက်ဆုံးအဆင့်အရိယာပုဂ္ဂိုလ်တစ်ပါးဖြစ်ပါလျက် အထက်အဆင့်အရိယာပုဂ္ဂိုလ်ကြီးများနှင့် တန်းတူရည်တူ ပါဝင်ခွင့်ရခြင်း ဖြစ်ပေသည်။

ရွှေးချယ်တင်မြှောက်ခြင်းခံရစဉ်တုန်းက သောတာပန်အဆင့်မှာ ရှိနေခဲ့သော အရှင်အာနန္ဒာသည် သင်္ဂါယနာပွဲကြီး ကျင်းပသည့်အချိန်တွင်ကား ရဟန္တာပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ်ဖြင့် ရဟန္တာပရိသတ်ထဲသို့ တင့်တောင့်တင့်တယ် ဝင်ရောက်ခွင့်ရခဲ့ပါပေသည်။

သဗ္ဗကာမီအရှင်မြတ်ကြီးသည် ထိုညတုန်းကအဖြစ်ကို ယခုထက်တိုင်မမေ့နိုင်သေးပါ။ နှစ်ပေါင်းတစ်ရာ ရကာလာခဲ့သည့်တိုင်အောင် ထိုညတုန်းက မြင်ခဲ့ရသည့်မြင်ကွင်းသည် မှုန်ရီဝေဝါး၍မသွားသေးပါ။ ရှုမိမြင်မိသည့်အခါတိုင်း ထင်ထင်ရှားရှား ပြတ်သားလျက်ရှိနေဘိ၏။ ကြာလေကြာလေ ထင်ရှားလာလေဟုပင် ဆိုလောက်ပါ၏။

ထိုစဉ်တုန်းက မိမိအသက်က လေးဆယ်၊ ရဟန်းဝါလည်း နှစ်ဆယ်တင်းတင်း ပြည့်ခဲ့ပြီမို့ မထေရ်ကြီးစာရင်းဝင်ဖြစ်နေပါပြီ။ သို့ရာတွင် မိမိကိုယ်ပိုင် တပည့်ပရိသတ်မမွေးမြူဘဲ အရှင်အာနန္ဒာ၏တပည့်တစ်ပါးအဖြစ်ဖြင့်သာ ကျေနပ်စွာနေလာခဲ့၏။ တပည့်တပန်းတို့၏အလေးအမြတ်ပြုခြင်းထက် ဆရာသခင်အရှင်မြတ်ကြီးထံသို့ အခါအခွင့်သင့်တိုင်း ဝင်ရောက်ခွင့်၊ ဆည်းကပ်ခွင့်ရခြင်းကိုသာ ပိုမို၍နှစ်သက်နေမိ၏။

အလင်းသစ်စာပေ

အရှင်အာနန္ဒာကိုယ်တိုင်ကလည်း ဘုရားရှင်၏နောက်တော်ပါအလုပ်အကျွေးဖြစ်နေ၍ မိမိနှင့်တကွ တပည့်ရဟန်းများမှာ ဆရာသမားထံ ချဉ်းကပ်ချင်တိုင်း ချဉ်းကပ်၍မရနိုင်ကြပါ။ အလုပ်အကျွေးတာဝန်များမှ ခေတ္တနားနေခိုက်ကလေးများမှာသာ အလိုက်တသိ ချဉ်းကပ်ကြရ၏။ ဆရာသခင် အရှင်မြတ်ကြီးကလည်း ရန်ိုင်သမျှအချိန်ကလေးများတွင် မိမိ၏တပည့်ကြီးငယ်များအားတရားဒေသနာတော်များ ပို့ချပေးတော်မူခဲ့ပေသည်။ ဆုံးမစကားများ မြွက်ကြားတော်မူခဲ့လေသည်။

ထိုကဲ့သို့ အဆုံးအမစကားမြွက်ကြားတော်မူခဲ့သည့် ဆရာအရှင်သည် ထိုညတုန်းကတော့ မိမိ၏ရဟန်းကိစ္စပြီးဆုံးရေးအတွက်သာ ဦးစိုက်ထားခဲ့၏။ နက်ဖြန်ကျလျှင် သင်္ဂီယနာပွဲကြီး စတင်တော့မည်ဖြစ်၍ ယနေ့ညတွင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ဖို့ လိုနေပါသည်။

ထို့ကြောင့်လည်း မိမိနှင့်တကွ တပည့်ရဟန်းများသည် ဝင္ဆုံဝန်ကျောင်းတိုက်ကြီး၏ အစွန်အဖျားက ကမ္မဋ္ဌာန်းကျောင်းကလေးကို ရှင်းလင်းသုတ်သင်၍ ပေးကြရ၏။ ကမ္မဋ္ဌာန်းကျောင်းကလေးထဲတွင် အညောင်းပြေအညာပြေ လဲလျောင်းနိုင်ရန် ညောင်စောင်းတစ်ခုကို ခင်းပေးထားကြရ၏။ သောက်ရေအိုးအသစ်ကို တည်ပေးထားကြရ၏။ ကမ္မဋ္ဌာန်းကျောင်းကလေး၏ အဝင်ဝတွင် ခြေဆေးရေအိုးကိုလည်း တည်ပေးထားကြရ၏။ ကျောင်းနံဘေးက စကြံလမ်းကလေးကို ပြုံးနေအောင် ညှိကာ သဲပြုံပြုံကလေးများ ကြဲဖြန့်၍ ပေးထားကြရ၏။

ဆရာအရှင်မြတ်ကြီးသည် ထိုစကြံပေါ်ဝယ် လူးလာတုံ့ပြန် လှမ်းလျှောက်၍ ကမ္မဋ္ဌာန်းစီးပြန်း၏။ မိမိတို့မှာ အနောင့်အယှက်မဖြစ်နိုင်သည့်နေရာမှ ဖူးမြင်နေခဲ့ကြရ၏။ အရှင်မြတ်ကြီးက ညဉ့်သုံးယံပတ်လုံး စကြံကြွနေသကဲ့သို့ပင် မိမိတို့ကလည်း ထိုင်နေရာမှ မထခဲ့ကြပါ။ ကြယ်ရောင်အောက်မှာ၊ လရောင်အောက်မှာ နီးစပ်ညီထွေးစပ်ညီဖြစ်နေသည့်ရုပ်သွင်ကိုသာ မမှိတ်မသုန် ကြည့်ရှုလျှောနေခဲ့ကြပေသည်။

ထိုညကုန်ဆုံးကာ အရုဏ်တက်လာသည့်အချိန်တုန်းကလေးမှာပင် ဆရာသခင်အရှင်မြတ်ကြီးသည် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေရာထိုညတုန်းက မြင်ကွင်းကို မိမိတို့ ဘယ်မှာမေ့မျောက်၍ရနိုင်တော့မည်နည်း။

ထိုညတုန်းက မိမိနှင့် အတူတကွမူးမြင်ခဲ့ကြသည့် တပည့်များမှာ လက်တစ်ဖက်စာမျှသာ ရှိပါတော့သည်။ မိမိတို့ သီတင်းသုံးဖော်များတွင် အချို့က အသက်တစ်ရာထက် စောစီးစွာ ဓနုဘဲခဲ့ကြရ၏။ အချို့မှာမူ တစ်ရာတာမ်းသို့

ရောက်အောင် နေနိုင်ခွင့်ရခဲ့၏။ တစ်ရာတမ်းထက် ကျော်လွန်နိုင်သူကား အလွန်ရှား၏။ မိမိမှာကား အလွန်ရှားသည့်အထဲမှ ထူးခြားလှသည့် အတိတ်ကံများကြောင့် တစ်ရာတင်းတင်း ပြည့်သည့်နောက်တွင် နှစ်ပေါင်းလေးဆယ်ပင် စွန်းလာခဲ့ချေပြီ။ ရဟန်းဝတ်နှင့် ဝါနှစ်ဆယ်တိုင်တိုင် ဘုရားရှင်ကို ဖူးမြင်ခွင့်ရခဲ့၏။

လူဝတ်ကြောင်နှင့် နှစ်ပေါင်းရှစ်ဆယ်တိုင်တိုင် ရဟန်းဝတ်နှင့် နှစ်ပေါင်းရှစ်ဆယ်တိုင်တိုင် နေသွားခဲ့သည့် အရှင်ဗာကုလ၏ စံချိန်ကိုတော့ မီနိုင်မည်မထင်ပါ။

မိမိကဲ့သို့ ဝါနှစ်ဆယ်တိုင်တိုင် မဟုတ်သော်ငြားလည်း ဘုရားရှင်ကို ဖူးမြင်ခွင့်ရလိုက်သည့် ဆရာတူတပည့်များလည်း ရှိနေကြပါသေး၏။ ထိုပုဂ္ဂိုလ်မှာ အရှင်သာဋ္ဌ၊ အရှင်ရေဝတ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ယသနှင့် အရှင်သမ္မုတာတို့ ဖြစ်ကြပေသည်။

ထို့အတူပင် သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ခွင့်ရခဲ့သူများမှာ အရှင်သုမနနှင့် အရှင်ဝါသဘဂါမိတို့ ဖြစ်ကြ၏။ ထိုအရှင်မြတ်နှစ်ပါးကား အရှင်အနုရုဒ္ဓါ၏တပည့်များဖြစ်ကြပေသည်။ အရှင်အနုရုဒ္ဓါနှင့် အရှင်အာနန္ဒာတို့ တစ်ပါးအပေါ်တစ်ပါး လေးစားကြည်ညိုကြသကဲ့သို့ပင် မိမိတို့တပည့်အချင်းချင်းလည်း အကျွမ်းတဝင်ချစ်ခင်လေးစားခဲ့ကြပါပေသည်။

ယခုလို သက်ကြီးရွယ်အိုအချိန်ပိုင်းတွင် ယခင်နှစ်တစ်ရာကျော်က အတူနေ တပည့်အချင်းချင်း ပူးပေါင်းလက်တွဲ၍ အားနှင့်အင်နှင့် ဖြိုခွင်းပယ်ရှားခွင့်ရခဲ့ပါသော် မည်မျှကောင်းချီမ့်မည်နည်း။

ယခုလို သာသနာတော်ကြီးအတွက် ရန်ဆူးရန်ငြောင့်များ ပေါ်ထွက်လာချိန်တွင် ဆရာတူတပည့်ကြီးများအချင်းချင်း ပူးပေါင်းလက်တွဲ၍ အားနှင့်အင်နှင့် ဖြိုခွင်းပယ်ရှားခွင့်ရခဲ့ပါသော် မည်မျှကောင်းချီမ့်မည်နည်း။

ယခုတော့ ဤဝေဿာလီမြို့တော်ကြီးတွင် မိမိတစ်ပါးတည်းသာ ရှိနေဘိ၏။ ဘုရားရှင်သီတင်းသုံးတော်မူခဲ့သည့် မဟာဝုန်တောအတွင်းက ကုဋာဂါရကျောင်းတော်ကြီးမှာပင် နေထိုင်၍မဖြစ်တော့သဖြင့် အနီးအပါးက ကျောင်းတစ်ဆောင်မှာ တသီးတခြားနေလာခဲ့ရ၏။ စာပေပရိယတ်ပို့ချမှုကို ဟုတ်ဟုတ်ငြားငြား မစွမ်းနိုင်တော့သဖြင့် ရဟန်းငယ်ရှင်ငယ် အနည်းငယ်နှင့်သာ နေလာခဲ့ရ၏။ ကျောင်းအဆောက်အအုံက ကြီးမားပါသော်လည်း မိမိနှင့်ထပ်တူ အိုမင်းဟောင်းနွမ်းလှပါချေပြီ။ ရဟန်းအိုအို၊ ကျောင်းအိုအိုကြီးဖြစ်နေ၍လည်း တပည့်ပရိသတ်နည်းပါးနေခြင်းဖြစ်ပါလိမ့်မည်။

အလင်းသစ်စာပေ

အို... ဟိုယခင် အရွယ်ကောင်းစဉ်တုန်းကမူ ဤဝေသာလီမြို့တော်တစ်ဝိုက်တွင် မိမိ၏တပည့်မဟုတ်သူဟူ၍ ညွှန်ပြစရာပင် မရှိခဲ့ပါချေ။ မိမိ၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အစုစုအပေါ်တွင် အရှင်အာနန္ဒာ၏တပည့်ရင်းဟူသော ဂုဏ်ဟိတ်ကလည်း ကြီးမားလွန်းလှသဖြင့် တပည့်ခံလာသူ၊ ခိုဝင်လာသူတွေ ပေါများလှပါပေသည်။ ခိုဝင်လာသူ တပည့်အပေါင်းအား မိမိကလည်း ပရိယတ်၊ ပဋိပတ် နှစ်ရပ်သော ချီးမြှောက်ခြင်းတို့ဖြင့် ချီးမြှောက်နိုင်ခဲ့ပါပေသည်။

ထိုသို့ ချီးမြှောက်ခဲ့ရသော တပည့်ကြီးများသည် ယခုတော့ တစ်ပါးမျှ မရှိကြတော့ပြီ။ တချို့က သက်တမ်းတစ်ရာဝန်းကျင်မှာပင် ကွယ်လွန်သွားခဲ့ကြ၏။ ထိုအထဲတွင် ရဟန္တာပုဂ္ဂိုလ်အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုသွားသူများလည်း ပါပေလိမ့်မည်။ သေက္ခပုဂ္ဂိုလ်အဖြစ်ဖြင့် ပျံတော်မူသွားသူများလည်း ပါပေလိမ့်မည်။ ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ကွယ်လွန်ရသူကတော့ တော်တော်ကြီးရှားပါးပါလိမ့်မည်။

ဉာဏ်ပညာအဆင့်အတန်းတွင် ဤသို့အမျိုးမျိုး ကွဲပြား၍နေခဲ့ကြသော်ငြားလည်း ထိုတပည့်အားလုံးသည် မိမိအပေါ် ကြည်ညိုလေးစားသည့်အရာတွင်ကား ထပ်တူထပ်မျှဖြစ်ကြ၏။ ဘုရားရှင် ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်တော်များကို လေးစားသည့် စံနမူနာကို ထပ်တူထပ်မျှ အတုယူခဲ့ကြ၏။ ထို့ကြောင့်လည်း ဝေသာလီမြို့တော်မှာသာမက ဝဇ္ဇီတို့၏တိုင်းနိုင်ငံတစ်ဝန်းတွင် သာသနာရောင်ဝါ လင်းခဲ့၏။ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်သန့်ရှင်းသည့် သာသနာ့အဆုံးအမဖြင့် ရဟန်းရှင်လူပရိသတ်အပေါင်းအား ကောင်းကျိုးဆောင်၍ ပေးနိုင်ခဲ့၏။

ယခု သာသနာတော်နှစ်တစ်ရာဘက် နီးကပ်လာချိန်တွင်ကား ရောင်ဝါလင်းခဲ့သည့် သာသနာတော်ဝယ် အညစ်အကြေးများ စွန်းထင်း၍လာချေပြီ။ ဆီးနှင်း မြူတိမ် သူရိန် မီးခိုးဟူသော အညစ်အကြေးလေးမျိုးတို့က နေမင်း၏အရောင်ဝါကို ညိုးမှိန်အောင် ပြုကြဘိသကဲ့သို့ သာသနာတော်ကြီး၏အရောင်အဝါကို ညိုးမှိန်စေသည့် အညစ်အကြေးများ ပေါ်ပေါက်လာချေပြီ။

ဝဇ္ဇီပုတ္တကဟူသောအမည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အမည်မဟုတ်ဘဲ အစုအဖွဲ့၏အမည်ဖြစ်၏။ ထိုအစုအဖွဲ့သည်လည်း တစ်ခေတ်တစ်ချိန်တည်းက မဟုတ်ပါ။ ခေတ်အဆက်ဆက်မှာ ပေါ်ထွန်းလာတတ်သည့် ပုဂ္ဂိုလ်

အစုအဖွဲ့အသီးသီး၏ ဘုံဆိုင်အမည်ဖြစ်၏။ ဝဋ္ဋီမျိုးနွယ်က ဖွားမြင်လာယုမှန်လျှင်ပင် ဤအမည်ကို ခံယူခွင့်ရနိုင်ကြပါပေသည်။

တကယ်တော့ဖြင့် ဝဋ္ဋီဟူသည် ပင်ရင်းမူလမျိုးနွယ်အမည်ကပင် ကောင်းလှသည်မဟုတ်ပါ။ ဝဋ္ဋီဟူသည်မှာ ရှောင်ကြလေ၊ ကွင်းကြလေ ဟူသောစကားမှ ဆင်းသက်လာသောအမည်ဖြစ်၏။ ရှေးအတိတ်ဝေသဏ်တုန်းက ဤမျိုးနွယ်ဖွားကလေးများသည် အုပ်စုကလေးများဖြင့်နေထိုင်ကာ အခြားအနွယ်ဖွားကလေးများကို အနိုင်ကျင့်ခဲ့ကြ၏။ ကလေးအရွယ် ငယ်ငယ်ကလေးကပင် အုပ်စုအားကိုးဖြင့် ဝင့်ကျယ်ကျယ်လုပ်လာခဲ့ကြ၏။ ထို့ကြောင့် အခြားအနွယ်ဝင်မိဘများက သူတို့ကို 'ရှောင်ကြလေ၊ ကွင်းကြလေ' ဟု မိမိ၏ကလေးများကို ပြောဆိုထိန်းသိမ်းလာခဲ့ကြရ၏။ ထိုစကားများကို ပြောရဖန်များလှသဖြင့် ဝဋ္ဋီဟူသော အမျိုးအမည် အမည်တစ်ခု ပေါ်ထွန်းလာခဲ့ရပေသည်။

ဝဋ္ဋီဟူသော အမည်နှင့်အတူ ရွှေအဆင်းသို့ ဝါဝင်းသောအသားအရောကို အစွဲပြုကာ လိစ္ဆဝီ ဟူသောအမည်လည်း ရှိပါသေး၏။ သို့ရာတွင် မကောင်းသော အမှုကိစ္စနှင့်ပတ်သက်လာသည့်အခါတိုင်း မကောင်းသည့်အရိပ်နိမိတ်သမ်းနေသည့် ဝဋ္ဋီအမည်ဖြင့်သာ ခေါ်ဝေါ်လာခဲ့ကြပေသည်။ သာသနာတော်ကြီး သက်တမ်းတစ်လျှောက်တွင် သာသနာတော်၏အညစ်အကြေး၊ သာသနာတော်၏ဆူးငြောင့်ခလုတ်များ ပေါ်ပေါက်လာလေတိုင်း ဝဋ္ဋီပုတ္တကရဟန်းများနှင့်ပတ်သက်သည်ဟူ၍ပင် ဥဒါန်းတွင်လာခဲ့ပေသည်။

ပထမဆုံးပေါ်ပေါက်ခဲ့သည့် ဆူးငြောင့်ခလုတ်အုပ်စုသည် ပထမပါရာဇိကသိက္ခာပုဒ်ကို သိက္ခာမချဘဲ ကျူးလွန်ကာ လူထွက်သွားခဲ့ကြ၏။ သူတို့သည် လူ့ဘောင်လောကတွင် ရပ်တည်ရာမရသဖြင့် သာသနာတော်တွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်ထံ ပန်ကြားခဲ့၏။ ဤတွင် ဘုရားရှင်က 'ဝဋ္ဋီပုတ္တကရဟန်းများကို အကြောင်းပြု၍ ငါဘုရားသည် ပညတ်ထားပြီးသော သိက္ခာပုဒ်ကို ပြန်လည်၍မပယ်နုတ်တော့ပြီ' ဟု ပြတ်ပြတ်သားသား မိန့်ကြားတော်မူခဲ့ရပေသည်။

ထို့ပြင် ဒေဝဒတ်ကြီး သံဃာကို သင်းခွဲစဉ်တုန်းက အထောက်အကူပေးခဲ့ကြသည်မှာလည်း ဝဋ္ဋီပုတ္တကရဟန်းငါးရာတို့ပင် ဖြစ်ကြ၏။ သိက္ခာပုဒ်ကို ကျူးလွန်ပြီးမှ လူထွက်သွားခဲ့ကြသည့် ယခင်အုပ်စုနောက်တွင် အသစ်ပေါ်ပေါက်လာသည့်အုပ်စုပင် ဖြစ်၏။ သူတို့သည် ဒေဝဒတ်ကြီး၏အဆိုပြုချက်ငါးချက်ကို

လက်ခံကာ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ကျောခိုင်းလျက် ဒေဝဒတ်ကြီးနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့ကြပေသည်။

ယခုလည်း ဝဇ္ဇီပုတ္တက အမည်ရသည့် ရဟန်းအုပ်စုကြီး ပေါ်ပေါက်လာပြန်ချေပြီ။ မည်ရွေ့မည်မျှဟု စာရင်းကောက်၍ မကြည့်နိုင်သော်ငြားလည်း ဝေသာလီမြို့တော်တစ်ခွင်လုံးတွင် သူတို့အသင်းအပင်းများချည်း ဖြစ်နေကြပေပြီ။ သူတို့နှင့် သဘောတူ၊ စိတ်တူမဟုတ်ပါက ဝေသာလီမြို့တော်တွင် ခြေချ၍ပင် ရနိုင်မည်မဟုတ်ပါချေ။

အကယ်၍သာ ဤရဟန်းများသည် မိမိ၏တပည့်ဖြစ်ပါက မိမိက ဆရာသမားတို့၏အရှိန်အဝါဖြင့် ပြောဆိုဆုံးမ၍ရနိုင်လောက်ပါ၏။ ဝိနည်းတော်နှင့် မလျော်သည့်အယူအဆများ၊ ဝိနည်းတော်နှင့် မလျော်သည့် အမှုကိစ္စများကို တားမြစ်၍ပေးနိုင်လောက်ပါ၏။

သို့ရာတွင် သူတို့သည် မိမိ၏တပည့်များမဟုတ်ကြပါ။ မိမိတပည့်၏ တပည့်များလည်း မဟုတ်ကြပါ။ ထို့နောက် တစ်ဆက်တပည့်များ၏တပည့်များသာ ဖြစ်ကြ၏။

မိမိထံ တပည့်ခံခဲ့ကြသည့်ရဟန်းများမှာ သက်တမ်းတစ်ရာမပြည့်မီမှာပင် ကွယ်လွန်သွားခဲ့ကြချေပြီ။ ထိုတပည့်ကြီးတို့၏ တပည့်ရဟန်းများမှာလည်း တချို့မှာ ကွယ်လွန်၍ တချို့မှာ တစ်ရပ်တစ်ကျေးသို့ ရောက်နေကြပေပြီ။

ထို့ကြောင့် ဝေသာလီမြို့တော်ဝန်းကျင်တွင် မိမိနှင့် အဆက်ဝေးလှသော ရဟန်းငယ်များသာ လွှမ်းမိုး၍နေကြတော့သည်။ မိမိနှင့် အလှမ်းဝေးသွားလေ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ စသော မထေရ်ကြီးများနှင့် ဝေးသွားလေ၊ ဘုရားရှင်ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်တော်များအတိုင်း လိုက်နာ ကျင့်သုံးလိုသည့် ဆန္ဒအင်အားနည်းပါးလာလေဖြစ်ကုန်၏။

ယခုလက်ရှိ ဝဇ္ဇီပုတ္တကရဟန်းများ လက်ခံကျင့်သုံးလျက်ရှိသော အယူဝါဒ ဆယ်ချက်လုံးပင် သိက္ခာပုဒ်တော်ကို လိုက်နာလိုသည့်ဆန္ဒအင်အားနည်းပါးမှုတွင် အခြေခံလျက် ရှိနေပေသည်။

ထိုအယူဝါဒဆယ်ချက်လုံးတွင် အဆိုးဝါးဆုံးမှာ ရွှေငွေကို အလှူခံကောင်းသည်ဟူသော အချက်ပင်ဖြစ်ပါ၏။

ရွှေငွေ အစရှိသည့် ရတနာမျိုးစုံနှင့်တကွ စည်းစိမ်ဥစ္စာရှိရှိသမျှတို့ကို စွန့်ပစ်၍ ရဟန်းဘောင်သို့ ဝင်ရောက်လာခဲ့ကြသည်မှန်ပါလျက် ရွှေငွေကို ပြန်၍ သာယာတပ်မက်နေကြသည်မှာ စက်ဆုပ်ဖွယ်ကောင်းလှပါဘိ၏။

အလင်းသစ်စာပေ

စောစောပိုင်းတုန်းကတော့ ဤအယူဝါဒ ဆယ်ချက်လုံးပင် တရားတော်နှင့် မလျော်ညီကြောင်း၊ ဝိနည်းတော်နှင့် ဆန့်ကျင်ကြောင်း ခုခံပြောဆိုခဲ့ဖူးပါ၏။ ဝိနည်းတော်လာ သိက္ခာပုဒ်များကို ထောက်ပြခဲ့ဖူးပါ၏။ သို့ရာတွင် မိမိကြိုးစားလေသမျှ ဘာတစ်ခုမျှ အရာမရောက်ခဲ့ပါ။

မိမိဘက်က တစ်ခွန်းပြောလျှင် သူတို့ဘက်က အခွန်းပေါင်းများစွာ။ မိမိဘက်က တစ်ကြိမ်ပြောလျှင် သူတို့ဘက်က အကြိမ်ပေါင်းများစွာ။

ရန်စွယ်ငေါငေါတို့ပြန်သည့်အသံများကို ကြားရလေလေ တတိယသာဝက အရှင်မြတ်ကြီး မိန့်ကြားခဲ့သည့်စကားသံကို ကြားယောင်လာလေ။

"သြော်... အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သံဃာထုတစ်ဂျပ်လုံးကို ဦးဆောင်ဦးရွက်ပြုနိုင်သဖြင့် ပေါ်ပေါက်လာသည့် သာသနာ့ဆူးငြောင့်ခလုတ်ကို အချိန်မီနုတ်ပယ်ကာ သင်္ဂါယနာပွဲကြီးကို အောင်မြင်စွာဆောင်ရွက်ခဲ့ရပါပေ၏။ ငါ့မှာမူကား သူ့ကဲ့သို့ ဘုန်းကံမရှိသဖြင့် သည်အတိုင်း ကြည့်နေခဲ့ရပေသည်တကား"

ဤသို့သာ မကြာမကြာ ရေရွတ်၍နေခဲ့ရ၏။ ဓမ္မသံဝေဂအကြိမ်ကြိမ်ဖြစ်ပွားခဲ့ရ၏။

အကယ်၍ သာသနာပြုဖက် မင်းကောင်းမင်းမြတ်များလက်ထက်တွင် ဆိုပါက မင်း၏အထောက်အကူကို ရယူနိုင်ခွင့် ရှိနေပါလိမ့်မည်။ ရေမြေကို အစိုးရသော မင်းဓကရာဇ်၏အရိန်အဝါဖြင့် သာသနာတော်သန့်ရှင်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ပါလိမ့်မည်။

ယခု ဝေသာလီမြို့တော်၌ ထီးနန်းစိုက်ထူလျက်ရှိသော ကာဠာသောကမင်းသည်ကား ထိုကဲ့သို့ အထောက်အကူပေးမည့်သူမဟုတ်ပါ။ သူကိုယ်တိုင်ကပင် ဝဇ္ဇီပုတ္တကရဟန်းများ၏အယူဝါဒများကို လက်ခံထားသောကြောင့်ဖြစ်ပါ၏။ ဝဇ္ဇီပုတ္တကရဟန်းများကို အားပေးထောက်ကူပြုလုပ်နေသောကြောင့်ဖြစ်ပါ၏။

❑

အလင်းသစ်စာပေ

ရာဇဂြိုဟ်မှ ဝေသာလီသို့

သက်တော်ရှည် အရှင်မြတ်ကြီးသည် သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်ရေးအတွက် ယခုလက်ရှိမင်းကို အားကိုးအားထားပြုမည်ကြံတိုင်း မိမိအကြံကို စွန့်လွှတ်ခဲ့ရ၏။ ရွှေနန်းတော်သို့လှမ်းမည့်ခြေလှမ်းများကို ရပ်တန်းကရပ်ထားလိုက်ရ၏။

"ဩော် ... ယခုလက်ရှိ ကာဋာသောကမင်းသည် သူ့ခမည်းတော် သုသုနာဂမင်းကြီး မဟုတ်ချေတကား"

ဤသို့ တိုးတိုးတိတ်တိတ် ရေရွတ်၍နေခဲ့ရ၏။

သုသုနာဂမင်းကြီးလက်ထက်တုန်းကသာဆိုလျှင် ဤသို့သော သာသနာ့ဆူးငြောင့်ခလုတ်ပုဂ္ဂိုလ်များ ခေါင်းထောင်နိုင်ကြမည်မဟုတ်ပါ။ မဆိုဆိုကောင်း ဤကဲ့သို့သော အယူဝါဒများပေါ်ပေါက်လာခဲ့၍ သာသနာစောင့် သံဃာ့ဦးသျှောင် အရှင်မြတ်ကြီးများက အကူအညီတောင်းခံလာကြလျှင်လည်း လိုလိုလားလား အားပေးကူညီထောက်ပံ့ခဲ့မည်သာ ဖြစ်ပေသည်။

သုသုနာဂမင်းကြီးသည် စစ်သူကြီးဘဝမှာ ရှိစဉ်ကပင် တိုင်းသူပြည်သားလူအများ၏ ကြည်ညိုလေးစားမှုကို ခံယူခဲ့ရ၏။ ဤသို့ခံယူခဲ့ရခြင်းမှ သူ၏သဒ္ဓါတရား၊ သူ၏သီလဂုဏ်၊ သူ၏ပညာဂုဏ်တို့ကြောင့် ဖြစ်၏။ ရာဇဂြိုဟ်နန်းတော်ထက်တွင် နှစ်ပေါင်းငါးဆယ်မျှ တာဝန်ထမ်းဆောင်ခွင့်ရခဲ့၍လည်း မင်းမှုကိစ္စအဝဝကို သိရှိလေ့လာခွင့်ရခဲ့၏။ တိုင်းသူပြည်သားလူအများတို့အား တရားတော်နှင့်အညီ အုပ်ချုပ်နိုင်မည့်နည်းနိဿယတို့ကိုလည်း လေ့လာဆည်းပူးခွင့်ရလာခဲ့၏။

ထို့ကြောင့်လည်း သုသုနာဂမင်းကြီး နန်းစံခဲ့သည့် တစ်ဆယ့်ရှစ်နှစ်တာကာလတွင် သူ၏နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းစည်ပင်လာခဲ့၏။ သာသနာ

ဲတော်တွင်လည်း အညစ်အကြေးတစ်စုံတစ်ရာ မစွန်းမပေဘဲ ထွန်းလင်းတောက်ပ ၍ နေခဲ့ပေသည်။

ရှေးယခင်က ဝေဿာလီမြို့တော်၌ ထီးနန်းစိုးစံခဲ့ကြသည့် လိစ္ဆဝီမင်းတို့ သည် အလှည့်ကျစနစ်ဖြင့် မင်းပြုကြရ၏။ လိစ္ဆဝီအမျိုးသားအားလုံးသည် မင်း ညီမင်းသား၊ မင်းမျိုးမင်းနွယ်များချည်း ဖြစ်နေလေရာ နိုင်ငံတော်၏ အာဏာကို အားလုံးစုပေါင်း၍ ပိုင်စိုးကြ၏။ ထို့ကြောင့် တစ်ဦးတည်းက ရာသက်ပန်မင်းပြု ခွင့်မရဘဲ အလှည့်ကျသူက ထီးနန်းစိုးစံ၍ မင်းပြုကာ အလှည့်မကျသေးသူများ က ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း စသော အမှုများကို အများနည်းတူ ပြုလုပ်၍ အသက်မွေးလာခဲ့ကြရ၏။

သုသုနာဂမင်းကြီးလက်ထက်တွင်ကား ထိုအစဉ်အလာများ ကျိုးပြတ် သွားခဲ့ပေပြီ။ ရာသက်ပန်စိုးစံခွင့်ရသော သက်ဦးဆံပိုင်ဘုရင်တစ်ပါးဖြစ်၍ နောက် မင်းတစ်ပါးအတွက် အလှည့်ပေးစရာမလိုတော့ပြီ။

ထို့ပြင် ရှေးယခင်က စိုးစံခဲ့ကြသည့် လိစ္ဆဝီမင်းများသည် ဝဇ္ဇီနယ်မြေကွက် ကွက်ကလေးမှာသာ အာဏာပိုင်စိုးခဲ့ကြ၏။ သုသုနာဂမင်းကြီးလက်ထက်မှာမူ ဝဇ္ဇီနိုင်ငံထက် အဆများစွာ သာလွန်ကျယ်ပြန့်သည့် အင်္ဂတိုင်း၊ မဂဓတိုင်းကြီး များကိုပါ စိုးပိုင်အုပ်ချုပ်ခွင့်ရလာခဲ့ပေသည်။

ဤသို့အုပ်ချုပ်ခွင့်ရအောင် ဖန်တီးပေးခဲ့သူမှာ အင်္ဂတိုင်း၊ မဂဓတိုင်းတို့၏ အရှင်သခင် အဇာတသတ်မင်းကြီး ဟူ၍သာ ဆိုရပါတော့မည်။

သဗ္ဗကာမီအရှင်မြတ်ကြီးသည် ဤအဖြစ်အပျက်များကို ပြန်လည်စဉ်း စားမိတိုင်း ကံတရား၏ အကျိုးပေးဆန်းကြယ်ပုံကို သုံးသပ်မိပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် သက္ကရာဇ်ကို ပြန်လည်စဉ်းစားမိ တိုင်း ကံတရား၏ အကျိုးပေးဆန်းကြယ်ပုံကို သုံးသပ်မိပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် သက္ကရာဇ်ကို ပြန်လည်တွက်စစ်၍ ကြည့်ပါလျှင် သာသနာတော်နှစ်အားဖြင့် သုံးနှစ်အရတွင်ဖြစ်ကြောင်း တွေ့ရပါ လိမ့်မည်။ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်မှ စတင်ရေတွက်သော သာသနာတော်နှစ်အရ ဖြစ်ပါ၏။ ထိုစဉ်တုန်းက မိမိအသက် ၄၃ နှစ်၊ ရဟန်း ၂၃ ဝါ။ ယခုကဲ့သို့ အေးဆေးတည်ငြိမ်သည့်အဆင့်သို့ မရောက်သေးသဖြင့် မရှုမလှ သေကျေပျက်စီးရှာကြရသည့် ဝဇ္ဇီအမျိုးသားအားလုံးအတွက် မျက်ရည် မဆည်နိုင်အောင် ဖြစ်ခဲ့ရ၏။ ဝဇ္ဇီအမျိုးသားတို့အပေါ် ထားရှိခဲ့သော မေတ္တာ

ကရဏာများမှတစ်ဆင့် သောကပရိဒေဝဘက်သို့ ကူးပြောင်းသွားခြင်းပင်ဖြစ်ပေသည်။

ထိုစဉ်တုန်းက သောကပရိဒေဝဒဏ်ကို အပြင်းအထန် ခံစားခဲ့ရသည့် အရှင်မြတ်ကြီးသည် ယခုတော့ သောကပရိဒေဝမဖက် ဥပေက္ခာသက်သက်ဖြင့် ပြန်လည်သုံးသပ်၍ ရနေပါပြီ။ အသင့်အတင့် မျှမျှတတ ရှုမြင်သုံးသပ်နိုင်စွမ်းရှိသော ဥပေက္ခာ ဗြဟ္မစိုရ်ဖြင့် ရှုကြည့်လိုက်သောအခါ ဘယ်သူသာသည်၊ ဘယ်သူ နာသည် ဟူ၍ မရှိတော့ဘဲ ကံအားလျော်စွာ ဖြစ်ပေါ်နေရသည့်အဖြစ်သနစ်များကိုသာ တွေ့နေရပါတော့သည်။ ကံတရား၏ဆန်းကြယ်ပုံကိုသာ ရှုမြင်နေရပါတော့သည်။

အဇာတသတ်မင်းကြီးပိုင်စိုးရာ အင်္ဂါတိုင်း၊ မဂဓတိုင်းကြီးများနှင့် နိုင်းစာကြည့်လိုက်ပါက ဝဇ္ဇီနိုင်ငံကလေးသည် ဘာမျှမပြောလောက်ပါ။ နိုင်ငံနယ်ပယ် ကျယ်ဝန်းသည်နှင့်အမျှ ရရှိလာသည့် အခွန်ဘဏ္ဍာကလည်း များပြားလှ၏။ စုဆောင်းထားသည့် စစ်သည်အင်အား၊ လက်နက်အင်အားကလည်း ဝဇ္ဇီတို့ထက် အဆများစွာ သာလွန်နေပါ၏။ သို့ပါလျက် အဇာတသတ်မင်းကြီးသည် ဝဇ္ဇီနိုင်ငံကလေးကို မသိမ်းပိုက်နိုင်ခဲ့ပေ။ ဝဇ္ဇီတို့၏ဦးညွတ်မှုကို မခံယူနိုင်ခဲ့ပေ။ ဦးညွတ်မှုအစား အန်တုဖက်ပြိုင်ခြင်းကိုသာ ရရှိလာခဲ့၏။

ဤသို့အားဖြင့် ဝဇ္ဇီတို့ကို အနိုင်တိုက်၍သိမ်းပိုက်ရန် မိမိဘာသာ နည်းလမ်းရှာကြံ၍ မရနိုင်သောအခါ အဇာတသတ်မင်းကြီးသည် ဝဿကာရဗြဟ္မဏာအမတ်ကြီးအား ဘုရားရှင်ထံ စေလွှတ်လိုက်ပေတော့သည်။ ဘုရားရှင်၏မိန့်ကြားသံကို နာခံ၍ နည်းလမ်းရှာကြံဖို့ ဖြစ်ပေသည်။

ထိုစဉ်တုန်းက ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ ဂိဇ္ဈကူဋ်တောင်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိ၏။ ဝဿကာရဗြဟ္မဏာအမတ်ကြီးသည် တောင်ခြေရင်းမှာ အင်္ဂြိုအရံများကို ထားခဲ့ပြီးလျှင် တောင်ပေါ်သို့ တစ်ယောက်တည်း လာ၍ ဘုရားရှင် ရှေ့တော်မှောက် ဝင်ရောက်ကာ -

"အရှင်ဂေါတမ၊ မဂဓတိုင်းကြီးသခင် ဘုရင်အဇာတသတ်သည် ညီလာခံသဘင် ဆင်ယင်ကျင်းပတိုင်း 'ဤမျှလောက် စွမ်းပကားကြီးမားသောဝဇ္ဇီတို့ကို ငါ မှီးမြွတ်ပစ်လိုက်မည်။ အတုံးအရုံးသတ်ဖြတ်ပစ်လိုက်မည်' ဟု ကြွားဝါးနေပါသည်ဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်ကမူ ဤလိုစစ်ရေးစစ်ရာကိစ္စမျိုးတွင် တစ်စုံတစ်ရာ ပါဝင်မိန့်ကြားရန် မလိုအပ်သည့်အတွက် ဝဿကာရအမတ်ကြီး၏စကားကို မည်သို့မျှ မတုံ့ပြန်ဘဲ အရှင်အာနန္ဒာကိုသာ ခေါ်တော်မူ၏။ "ဝဇ္ဇီအမျိုးသားတို့သည် မင်းတို့၏ကြီးပွားတိုးတက်ကြောင်း တရားခုနစ်ပါးတို့နှင့် ညီညွတ်ကြပါ၏လော" ဟု မေးမြန်းတော်မူ၏။

အရှင်အာနန္ဒာက ညီညွတ်ကြောင်းကို လျှောက်ထားသောအခါ ဘုရားရှင်က –

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် ဤသို့သော ကြီးပွားကြောင်းတရားခုနစ်ပါးတို့နှင့် ပြည့်စုံနေသမျှကာလပတ်လုံး သူတို့အတွက် တိုးတက်ကြီးပွားခြင်းသာ ဖြစ်လတ္တံ့။ ဆုတ်ယုတ်ပျက်စီးခြင်းဟူ၍ မရှိနိုင်ပေ" ဟု မိန့်ကြားတော်မူ၏။

ဤမိန့်ကြားချက်များကို သေသေချာချာ လေ့လာကြည့်ပါက ဝဇ္ဇီတို့ကို စစ်တိုက်ရန် တိုက်တွန်းချက်လည်း မပါပေ။ စစ်မတိုက်ရန်တားမြစ်ချက်လည်း မပါပေ။ ဝဇ္ဇီတို့၏ တကယ့်လက်ရှိအခြေအနေမှန်ကို အသိအမှတ်ပြုရုံမျှသာဖြစ်ပေသည်။

သို့ရာတွင် ဝဿကာရအမတ်ကြီးက ဤစကားတစ်ခွန်းကို မိမိလိုရာ အဓိပ္ပာယ်ဆွဲ၍ ကောက်ချက်ချလိုက်ပါတော့သည်။

"အို... အရှင်ဂေါတမ၊ ဝဇ္ဇီတို့ လိုက်နာကျင့်သုံးလျက်ရှိသော ကြီးပွားကြောင်းတရားခုနစ်ပါးတို့တွင် အရင်းခံအကျဆုံးမှာ စည်းလုံးညီညွတ်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဝဇ္ဇီတို့ကို တိုက်ခိုက်ချေမှုန်းလိုပါလျှင် သည်အတိုင်း တိုက်ခိုက်ချေမှုန်း၍ မရနိုင်။ သူတို့ကို ဖြားယောင်းသွေးဆောင်ခြင်းဖြင့်လည်းကောင်း၊ သူတို့၏စည်းလုံးညီညွတ်မှုပျက်ပြားသွားအောင် သင်းခွဲပေးခြင်းဖြင့်လည်းကောင်း သူတို့ကို တိုက်ခိုက်ချေမှုန်းရပါတော့မည်ဘုရား"

ဤသို့ မိမိဘာသာ ကောက်ချက်ချလျှောက်ထားကာ ဘုရားရှင်ထံမှ ထွက်ခွာသွားပြီးလျှင် အဇာတသတ်မင်းထံသို့ ဝင်ရောက်လျှောက်တင်၏။

အဇာတသတ်မင်းသည် နည်းလမ်းနှစ်သွယ်ရှိသည့်အနက်မှ စည်းလုံးညီညွတ်မှုပျက်ပြားသွားအောင် သင်းခွဲသည့်နည်းလမ်းကို ပိုမို၍သဘောကျ၏။

ထို့ကြောင့် ထိုနည်းလမ်းကို အကောင်အထည်ဖော်နိုင်ရန် ညီလာခံသဘင်တစ်ခု ကျင်းပကြ၏။ ထိုညီလာခံတွင် အဇာတသတ်မင်းသည် ဝဇ္ဇီတို့ကို တိုက်

ခိုက်ချေမှုန်းရန် တိုက်တွန်းစကား မိန့်ကြားလေရာ ဝဿကာရအမတ်ကြီးက ရဲဝံ့စွာ ကန့်ကွက်စကားပြောကြား၏။

ဤတွင် အဇာတသတ်မင်းသည် 'ဝဇ္ဇီတို့ဘက်သို့ ပါရမည်လော' ဟု ပြင်းပြင်းထန်ထန် ကြိမ်းမောင်းကာ တိုင်းပြည်မှ နှင်ထုတ်လိုက်ပေတော့သည်။

ဤသတင်းစကား ဝဇ္ဇီတို့နားသို့ ဆိုက်ရောက်သွားလျှင် ဝဇ္ဇီတို့ကြားတွင် အယူအဆနှစ်မျိုး ကွဲပြားသွားခဲ့ရပေတော့သည်။

အချို့က "ဝဿကာရအမတ်ကြီးသည် မာယာပရိယာယ်ကြွယ်ဝလှ၏။ ကောက်ကျစ်စဉ်းလဲလှ၏။ သူ့ကို ငါတို့ပိုင်နက်ဖြစ်သည့် ဂင်္ဂါတစ်ဖက်ကမ်းသို့ ခြေချခွင့်မပြုသင့်" ဟု အဆိုပြုကြ၏။

အချို့ကမူ "အမတ်ကြီးသည် ငါတို့ဘက်က ခုခံပြောကြားမိသဖြင့် ဤမျှလောက် ပြင်းပြင်းထန်ထန် ဒဏ်ခတ်ခြင်း ခံခဲ့ရရှာပေသည်။ သူခံရသောအပြစ်ဒဏ်သည် သူ ကျူးလွန်မိသည့်အပြစ်နှင့် မနှိုင်းယှဉ်လောက်အောင် ကြီးမားလှပေသည်။ သူ့ကို ငါတို့မြေပေါ် ခြေချခွင့်ပြုသင့်ပါသည်' ဟု အဆိုပြုကြ၏။

အဆိုနှစ်ရပ် ကွဲပြားနေရာတွင် နောက်အဆိုဘက်က ဆန္ဒပေးသူများပြားသဖြင့် ဝဿကာရအမတ်ကြီးသည် ဂင်္ဂါမြစ်ကိုဖြတ်ကူးကာ ဝဇ္ဇီတို့နယ်မြေမှာ အောင်မြင်စွာ ခြေချခွင့်ရပေတော့သည်။

ထို့နောက်တွင်ကား ဝဿကာရအမတ်ကြီးသည် ရာဇဂြိုဟ်နန်းတော်မှာ ကဲ့သို့ပင် ဝေသာလီနန်းတော်မှာလည်း အရေးပါအရာရောက်သည့်တာဝန်ကို ထမ်းဆောင်ရပေသည်။ ဝဇ္ဇီမင်းညီမင်းသားများက သူ့ကို တရားလွှတ်တော်၏ တရားသူကြီးတာဝန်ကိုပေးအပ်ရာ သူကလည်း ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပေသည်။

ထိုမှတစ်ဖန် ဝဿကာရအမတ်ကြီးသည် ပျိုရွယ်သူမင်းညီမင်းသားများအား အတတ်ပညာသင်ပေးရသည့် ဆရာကြီးတာဝန်ကိုပါ ခံယူလာရ၏။

ဤသို့ဖြင့် ပျိုရွယ်သူမင်းညီမင်းသားအားလုံးလိုလို သူ့လက်အောက်သို့ ရောက်လာသည့်အခါတွင် သူ၏ပင်ရင်းမူလအစီအစဉ်ကို အကောင်အထည်ဖော်လိုက်ပါတော့သည်။

တကယ်တော့ဖြင့် ရာဇဂြိုဟ်နန်းတော်မှ နှင်ထုတ်ခံရခြင်းဟူသည်မှာ ပရိယာယ်မျှသာဖြစ်၏။ ဝဇ္ဇီတို့ကို အယုံသွင်းနိုင်ရန် သူနှင့် အဇာတသတ်မင်းတို့ နှစ်ဦးတည်း ကျိတ်၍ဖန်တီးလိုက်သော လုပ်ဇာတ်တစ်ခုသာဖြစ်၏။ ယခုတော့

ထိုလုပ်ဇာတ်ကိုပင် လိစ္ဆဝီမင်းညီမင်းသားတို့က အဟုတ်မှတ်နေသည်ဖြစ်ရာ ဝဇ္ဇီတစ်နိုင်ငံလုံး၏ကံကြမ္မာကို ဝဿကာရအမတ်ကြီးလက်ထဲ အပ်နှံထားသကဲ့သို့ ဖြစ်နေပါတော့သည်။

ဝဿကာရအမတ်ကြီးသည် မင်းညီမင်းသားများအား ပညာသင်ကြားပေးရင်း တစ်ယောက်အပေါ်တစ်ယောက်က မယုံသင်္ကာဖြစ်လာစေရန် မသိမသာ ဖန်တီးပေး၏။ တစ်ယောက်အပေါ်တစ်ယောက်က မကျေနပ်ဖြစ်လာစေရန် အကွက်ဆင်ပေး၏။ ဤသို့ဖြင့် သုံးနှစ်သုံးမိုး ကြိုးစားလိုက်သောအခါတွင် လိစ္ဆဝီ မင်းညီမင်းသားအပေါင်း၏ စည်းလုံးညီညွတ်သည့်စိတ်ဓာတ်များ ပျက်ပြားသွားကြပေတော့သည်။ စစ်ရေးစစ်ရာလေ့ကျင့်မှုများကို စွန့်လွှတ်ကာ ကြောင့်ကြမဲ့နေကြလေတော့သည်။

ဤအချိန်မှာပင် အဇာတသတ်မင်း၏ အင်အားကြီးမားသည့်စစ်တပ်ကြီးများ ချီတက်လာကာ ဝဇ္ဇီတစ်နိုင်ငံလုံးကို ထောင်းထောင်းညက်ကြေ တိုက်ခိုက်ချေမှုန်းလိုက်ပါတော့သည်။

ထို့နောက် အဇာတသတ်မင်းသည် လိစ္ဆဝီမင်းဆက်အပေါင်းတို့ စုဆောင်းထားခဲ့ရသည့် ပစ္စည်းဥစ္စာရတနာမျိုးစုံနှင့်တကွ သုံ့ပန်းများကိုပါ ခေါ်ဆောင်လျက် ဝေသာလီမြို့ပျက်ကြီးမှ ပြန်ထွက်သွားခဲ့၏။

ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့်သုံ့ပန်းများတွင် သုသုနာဂအမည်ရသော လိစ္ဆဝီသူငယ်ကလေးလည်း အပါအဝင်ဖြစ်၏။ ထိုအချိန်၌ သုသုနာဂမှာ ရုစ်နှစ်သားအရွယ် ရှိနေပေပြီ။ မိဘများနှင့်အတူ ရာဇဂြိုဟ်မြို့တော်သို့ လိုက်ပါလာရပြီးလျှင် သုံ့ပန်းစခန်းတစ်ခု၌ ကလေးနှင့်မတန် အလွန်တရာ ပင်ပန်းဆင်းရဲသည့် အလုပ်များကို လုပ်ကိုင်ခဲ့ရပေသည်။

အဇာတသတ်မင်းသည် မိမိ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် သုံ့ပန်းများထဲ၌ သုသုနာဂ ပါလာကြောင်းကို သတိမပြုမိပေ။ အကယ်၍ အကြောင်းတစ်ခုခုနှင့် တိုက်ဆိုင်၍ သတိပြုမိသည့်တိုင်အောင် ဤကလေးကို မင်းလောင်းတစ်ယောက်ဟူ၍ သဘောပေါက်နိုင်မည်မဟုတ်ပေ။ အကယ်၍ သဘောပေါက်ခဲ့လျှင်လည်း အရှင်ထားလိမ့်မည်မဟုတ်ပါ။

သို့ရာတွင် သုသုနာဂ၏ကံကြမ္မာအကျိုးပေးက ဆန်းကြယ်လှသဖြင့် သုံ့ပန်းစခန်းမှာ ကြာရှည်မနေရပါချေ။ သုသုနာဂတို့အပါအဝင် သုံ့ပန်းတို့ကို အုပ်ချုပ်စေခိုင်းရသော စစ်သူကြီးတစ်ဦးသည် သုသုနာဂကလေး၏ရုပ်ရည်

လက္ခဏာကိုကြည့်၍ သားသမီးချင်း စာနာသောစိတ် ပေါ်ပေါက်လာ၏။ ထို့ပြင် သုသုနာဂ၏ လူကြီးသူမများကို ရိုသေလေးစားစွာ ဆက်ဆံတတ်၊ ပြောဆိုတတ် ပုံများကိုလည်း သဘောကျလာ၏။ ထို့ကြောင့် သုံ့ပန်းအုပ်စုထဲမှ ရွေးနုတ်ကာ အိမ်မှာ ခေါ်လာခဲ့ပြီးလျှင် သားအဖြစ် မွေးမြူထားလိုက်ပေတော့သည်။

စစ်သူကြီးသား ဖြစ်လာသည့်အချိန်မှစ၍ သုသုနာဂသည် ဖခင် စစ်သူကြီးထံမှ စစ်မှုဆိုင်ရာအတတ်ပညာများ သင်ယူလာခဲ့ရ၏။ အတတ်ပညာများကို အပတ်တကုတ် ကြားနာမှတ်သားရင်း စစ်ရေးလေ့ကျင့်ခန်းများကိုလည်း အပြင်းအထန် လေ့ကျင့်လာခဲ့ရ၏။ ထို့ကြောင့် သုသုနာဂ အရွယ်ရောက်လာသောအခါ ဖခင်စစ်သူကြီးကိုယ်တိုင်က အားထားလောက်သည့် စစ်သားကောင်းတစ်ယောက် ဖြစ်လာပေတော့သည်။

စစ်သားကောင်း သုသုနာဂသည် လက်ရုံးရည်သာမက နှလုံးရည်နှင့်လည်း ပြည့်စုံ၏။ ရဲစွမ်းသတ္တိရှိသည်နှင့်အမျှ အကြားအမြင်များပြားလှ၏။ အမှုကိစ္စတစ်ခု ပေါ်ပေါက်လာသည့်အခါတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဆုံးဖြတ်နိုင်စွမ်းရှိ၏။ ထို့ကြောင့် သူ၏အမည်သည် နန်းတော်ထိအောင် ပေါက်ရောက်ကာ အဇာတသတ်မင်း၏ အသိအမှတ်ပြုခြင်းကို ခံယူလာရ၏။ ထို့ကြောင့်လည်း ဖခင်စစ်သူကြီး ကွယ်လွန်သွားသောအခါ သူ၏ရာထူးကို ဆက်ခံရခြင်းဖြစ်ပေသည်။

စစ်သူကြီး သုသုနာဂသည် အဇာတသတ်မင်း၏အမှုတော်ကို နှစ်ဆယ့်တစ်နှစ်မျှ ထမ်းဆောင်ခဲ့ရ၏။ အဇာတသတ်မင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်မစံတော်မူခင်က ၈ နှစ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၂၄ နှစ် ထီးနန်းစိုးစံရ၏။ အသက် ၄၈ နှစ်၊ နန်းသက် ၃၂ နှစ်အရွယ်တွင် သူ၏သားဆော် ဥဒယဘဒ္ဒက လုပ်ကြံသတ်ဖြတ်သဖြင့် ကွယ်လွန်ခဲ့ရပေသည်။ ဤသို့ဖြင့် အဖသတ်မင်းဆက် ဟူ၍ ဖြစ်ပေါ်လာရပေတော့သည်။

ဥဒယဘဒ္ဒမင်းလက်ထက်တွင်လည်း သုသုနာဂသည် စစ်သူကြီးတာဝန်ကို ဆက်လက်၍ထမ်းဆောင်ခဲ့ရ၏။ အဖသတ်မင်းမှီးဖြစ်သည့်အတိုင်းပင် ဥဒယဘဒ္ဒမင်းသည်လည်း နန်းသက် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် သားဆော် အနုရုဒ္ဓါလုပ်ကြံသဖြင့် ကံကုန်ရပြန်၏။ အနုရုဒ္ဓါမင်းသည်လည်း သူသားတော်မုဋ္ဌာ၏သတ်ဖြတ်ခြင်းကို ခံရပြန်၏။ အနုရုဒ္ဓါမင်းနှင့် မုဋ္ဌာမင်းသားတို့ နန်းစံရသည့်နန်းသက်မှာ ၈ နှစ် ဖြစ်ပေသည်။

ထို့နောက် သာသနာတော်နှစ် ၄၈ နှစ်တွင် မုဏ္ဍာမင်းကိုလည်း သားတော် နာဂဒါသက လုပ်ကြံ၍ နန်းလုပြန်၏။ ငါးဆက်မြောက် အဖသတ်မင်းဖြစ်သော နာဂဒါသမင်းသည် နှစ်ဆယ့်လေးနှစ်မျှ ထီးနန်းစိုးစံခဲ့ရပေသည်။

နာဂဒါသမင်းကိုကား သူ၏သားတော်က သတ်ဖြတ်၍ ထီးနန်းမလုခဲ့ရပါ။ တိုင်းသူပြည်သားအားလုံးက အဖသတ်မင်းမျိုးကို အလိုမရှိကြတော့သဖြင့် သာသနာတော်နှစ် ၇၂ နှစ်တွင် သူ့ကို ထီးနန်းကချပြီးလျှင် သုသုနာဂစစ်သူကြီးကို နန်းတင်လိုက်ကြပေတော့သည်။

ထိုအချိန်၌ သုသုနာဂ စစ်သူကြီးမှာ အသက် ၇၇ နှစ်ပင် ရှိနေပေပြီ။ သို့ရာတွင် ထိုအချိန်ထိအောင် ကိုယ်ရောစိတ်ပါ ထက်သန်စွာဖြင့် အမှုတော်ကို ထမ်းနိုင်တုန်းဖြစ်၏။ ထို့ကြောင့်လည်း ထီးနန်းစိုးအုပ်မင်းတို့၏လုပ်ငန်းဆောင်တာများကို ကျပွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါပေသည်။

သုသုနာဂမင်းကြီးသည် အဖသတ်မင်းတို့စိုးစံရာ မဂဓနန်းတော်ကြီးတွင် မပျော်ပိုက်နိုင်သဖြင့် မိမိတို့ဈာတိရပ်ဌာန်ဖြစ်သော ဝေသာလီမြို့တော်သို့ ရွှေ့ပြောင်း၍ ထီးနန်းစိုးစံခဲ့ပေသည်။

သုသုနာဂမင်းကြီးသည် ဝေသာလီနန်းတော်တွင် ၁၈ နှစ်ကြာမျှ ထီးနန်းစိုးစံပြီးလျှင် သာသနာတော်နှစ် ၉၀ အရောက်တွင် နတ်ရွာစံ၏။ သုသုနာဂမင်းကြီး၏ ထီးနန်းအမွေကို သားတော် ကာဠာသောက ဆက်ခံစိုးအုပ်လာခဲ့ရာ ယခုသော် ဆယ်နှစ်တာမျှ ကြာလာခဲ့ချေပြီ။ ဤဆယ်နှစ်တာအတွင်း ရောက်လာခါမှပင် နှစ်ပေါင်းတစ်ရာမျှ အေးဆေးတည်ငြိမ်စွာ ထွန်းတောက်လာခဲ့သည့် သာသနာတော်တွင် အနှောင့်အယှက်များ ပေါ်ပေါက်လာခဲ့ရပေတော့သည်။ သာသနာ့ဆူးငြောင့်ခလုတ်များ ပေါ်ပေါက်လာခဲ့ရပေတော့သည်။

သာသနာ့ဆူးငြောင့်ခလုတ်တို့ကို သုတ်သင်ပယ်ရှင်းရန် မစွမ်းနိုင်သဖြင့် ချောင်ကုပ်၍နေခဲ့ရသော သက်တော်ရှည်အရှင်မြတ်ကြီးသည် မိမိတို့ ဝေသာလီမြို့တော်ကြီးသို့ အရှင်ယသ ကြွရောက်လာသည့်သတင်းကိုသာ ကြားသိရပါလျှင် မည်မျှလောက် ဝမ်းသာအားရဖြစ်ရပါမည်နည်း။

❑

အလင်းသစ်စာပေ

ကဋ္ဌာဂါရကျောင်းကြီးပေါ်မှာ

ကာကဏ္ဍက၏ သားဖြစ်သော အရှင်ယသသည် ကောသမ္ဗီမြို့မှထွက်လာကတည်းက သက်တော်ရှည်အရှင်မြတ်ကြီး၏ ခြေတော်အစုံ၌ ဦးခိုက်ရန် ရည်မှန်း၍ လာခဲ့၏။ ဤကမ္ဘာမြေပြင်ပေါ်၌ သက်တော်အကြီးဆုံး အရှင်မြတ်ကြီးဖြစ်သည့်အတိုင်း ကဋ္ဌာဂါရကျောင်းတော်တွင်းက အထွတ်အမြတ်ဆုံးနေရာတွင် ဖူးတွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

သို့ရာတွင် ကဋ္ဌာဂါရကျောင်းတော်ကြီးပေါ်၌ကား အရှင်မြတ်ကြီးကို မဖူးမြင်ရပေ။ မဖူးချင်မမြင်ချင်သည့် ဝဇ္ဇီပုတ္တကရဟန်းများကိုသာ မြင်နေရ၏။ မြတ်စွာဘုရားကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သည့် ကဋ္ဌာဂါရကျောင်းတော်ကြီးပေါ်တွင် မြတ်စွာဘုရားသာသနာတော်ကို ညစ်နွမ်းအောင်လုပ်နေကြသည့် ရဟန်းများ မင်းမူ၍နေကြပေသည်။

အရှင်ယသသည် ဝဇ္ဇီပုတ္တက အမည်ရသည့် ဤရဟန်းတို့အကြောင်းကို ကောသမ္ဗီမြို့တော်ကတည်းက သတင်းကြားထားပြီးဖြစ်၏။ ဝိနည်းတော်နှင့် မလျော်ညီသည့်အချက် ၁၀ ချက်တို့ကို ဟောပြောကာ လက်ခံကျင့်သုံးနေကြသည်ဟူ၍ ကြားသိထားခဲ့ရ၏။ သို့ရာတွင် အရှင်ယသက သတင်းကြားရုံနှင့် အဆုံးအဖြတ်မပြုချင်သေးပါ။ မျက်မြင်ကိုယ်တွေ့ ဃလာသုံးသပ်မှုမပြုရသေးဘဲ အကြားသက်သက်တွင် လမ်းမဆုံးချင်သေးပါ။ ထို့ကြောင့် ကောသမ္ဗီမြို့မှ ဆေသာလီသို့ တစ်ပါးတည်း ခရီးထွက်လာခဲ့ခြင်းဖြစ်ပေသည်။

ဝဇ္ဇီတို့ ပိုင်စိုးသည့် နိုင်ငံအတွင်းသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ကြားခဲ့ရသည့်သတင်းစကားက ပိုမို၍ ထင်ရှားလာ၏။ တစ်ရွာဆင်တစ်ရွာထွက် စရိုးဆက်လာခဲ့၍ ကဋ္ဌာဂါရကျောင်းတော်သို့ ရောက်လာသည်တွင်ကား ကြားခဲ့ရသည့် သတင်းစကားကို ခြွင်းချက်မရှိ အတည်ပြုလိုက်ရပေတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှာ ဥပုသ်နေ့ဖြစ်သဖြင့် ဝေဿာလီမြို့တော်သူ မြို့တော်သားများသည် ဥပုသ်စောင့်ရန် ကုဋာဂါရကျောင်းတော်သို့ အဆက်မပြတ် ရောက်လာကြ၏။ လာလာသမျှသော ဥပုသ်သည်များသည် ကျောင်းနေရဟန်းများရှေ့မှာ ချထားသည့်ကြေးခွက်ကြီးထဲသို့ အသပြာစေ့များကို တရောက်ရောက် ပစ်ထည့်နေကြ၏။ ကျပ်ပြားများ၊ ငါးမူးစေ့များ၊ မတ်စေ့များ၊ မူးစေ့များနှင့် ပဲစေ့များသည် သူ့ထက်ငါ ခုန်ဆင်းလျက်ရှိနေကြ၏။

ထိုအသံများနှင့် အပြိုင်အဆိုင် ဦးစီးခေါင်းဆောင်ရဟန်းတို့၏ နှုတ်ဖျားမှလည်း အသံတစာစာ ထွက်ပေါ်လျက်ရှိနေ၏။

"အို ... ဒါယကာကြီးတို့၊ အို ... ဒါယကာမကြီးတို့၊ လှူလိုက်ကြစမ်းပါ။ သည်ခွက်ထဲမှာ ထည့်လိုက်ကြစမ်းပါ။ ကျပ်ပြားဖြစ်ဖြစ်၊ ငါးမူးစေ့ဖြစ်ဖြစ်၊ မတ်စေ့ဖြစ်ဖြစ်၊ ပဲစေ့ဖြစ်ဖြစ် တတ်နိုင်သလောက် ထည့်လိုက်ကြစမ်းပါ။ ဒါယကာကြီးတို့ ပေးလှူသည့် ငွေအသပြာများသည် သံဃာတော်များအတွက် လိုအပ်သမျှ ပရိက္ခရာများ ဝယ်ယူဖို့ဖြစ်ပါသည်"

ဤသို့ တစ်ပါးပြီးတစ်ပါး မနားတမ်းပြော၍ အလှူခံနေကြ၏။ အာဂန္တုမထေရ်တစ်ပါး ကြွရောက်လာသဖြင့် ရုက်ဟန်ရွှံ့ဟန်ကလေးမျှမပြဘဲ မျက်နှာပြောင်တင်းတင်းဖြင့် အလှူခံမြဲခံနေကြ၏။

ဤတွင် အရှင်ယသသည် အလှူခံနေကြသည့်ရဟန်းများကို မည်သို့မျှ မပြောဆိုသေးဘဲ လှူနေကြသည့် ဒါယကာ၊ ဒါယိကာမများကိုသာ တားမြစ်စကားပြောကြားရ၏။

"အို ... ဒါယကာ ဒါယိကာမတို့။ သံဃာတော်များအား ကျပ်ပြားတွေ၊ ငါးမူးစေ့တွေ၊ မတ်စေ့တွေ၊ မူးစေ့တွေ၊ ပဲစေ့တွေ မလှူကြပါနှင့်။ သကျသားတော်ရဟန်းများအား ရွှေငွေသည် မအပ်စပ်ပါ။ သကျသားတော်ရဟန်းများသည် ရွှေငွေကို မလိုချင်ကြပါ။ သကျသားတော်ရဟန်းများသည် ရွှေငွေကို အလှူမခံကြပါ။ သကျသားတော်ရဟန်းများသည် ရွှေငွေကို စွန့်ပစ်ထားပြီးသောပုဂ္ဂိုလ်များဖြစ်ပါသည်။ ရွှေနှင့်ငွေနှင့် ကင်းကင်းရှင်းရှင်း နေထိုင်သူများဖြစ်ကြပါသည်"

ဤသို့ တားမြစ်စကား ပြောကြားသော်ငြားလည်း ဝေဿာလီမြို့တော်သူမြို့တော်သားများက ရပ်တန့်မသွားကြပါ။ လှူမြဲတိုင်းသာ လှူနေကြ၏။ အရံသင့် ပါလာသည့် အသပြာများကို ကြေးခွက်ကြီးထဲသို့ သူ့ထက်ငါ ပစ်ထည့်နေကြ၏။ ဆရာရင်းသမားရင်းများ၏စကားကို နားစွဲနေပြီဖြစ်၍ ယခုမှရောက်လာသည့် အာဂန္တုရဟန်း၏စကားကို အလေးထားရကောင်းမှန်းမသိကြတော့ပါ။

အလင်းသစ်စာပေ

ဒါယကာ၊ ဒါယိကာမများ၌မို့လား မဆိုနိုင်။ မိမိတို့ကို လာဘ်ပိတ်အောင် ပြောဆိုနေသည့် အရှင်ယသကို ဝန်ိုပုတ္တာကရဟန်းများက မည်သို့မျှရန်မပြုကြပါ။ မပြောနိုင် မဆိုနိုင်အောင် ကန့်ကွက်တားဆီးခြင်းမပြုကြပါ။ သူတို့တွက်ကိန်းနှင့်သူတို့ အသာပင် ကြည့်နေခဲ့၏။ သူ၏တားမြစ်ချက်မအောင်မြင်ဘဲ လှူမြှင်လှူနေကြ၍လည်း ရန်မူစရာမလိုဟု အောက်မေ့ကြပါလိမ့်မည်။ ငွေနှင့် လက်ပွန်းတတီးနေလာခဲ့ကြသည်အားလျော်စွာ သူတို့သည် ငွေ၏အစွမ်းသတ္တိကို ကောင်းကောင်းကြီး သိထားကြ၏။ ငွေရှိလျှင် ဘာမဆို လိုရာရနိုင်၏။ ငွေရှိလျှင် ဘာမဆိုလုပ်နိုင်၏။ ငွေကို လမ်းခင်းသွားလျှင် ရောက်လိုရာသို့ ရောက်နိုင်၏။ ထို့ကြောင့် မနုဿလူသားမှန်လျှင် ငွေကို မလိုချင်သူမရှိ။ ငွေသည် မနုဿလူသားဟူသမျှ၏သည်းခြေကြိုက်ဖြစ်၏။ ထို့ကြောင့် ငွေမလှူရန် ကန့်ကွက်စကားပြောကြားခဲ့သည့် ထို ပါးစပ်ကို ငွေနှင့်ပိတ်လိုက်ပါက တစ်ခါတည်း အသံတိတ်၍ သွားပေလိမ့်မည်။

ဝေသာလီမြို့တော် ဒါယကာ၊ ဒါယိကာမများသည် နေဝင်ခါနီးသည်အထိ လှူ၍မစဲ တဖွဲဖွဲဖြစ်နေကြ၏။ ထို့အတူပင် အရှင်ယသကလည်း ရဟန်းများ ရွှေငွေကို အလှူမခံကောင်းသည့်အကြောင်းများ ပြောဆိုကန့်ကွက်နေရ၏။ နေလုံးကြီး လုံးလုံးကွယ်သွားမှသာ သူတို့ပြန်သွားကြပေတော့သည်။

ခြေခင်းလက်ခင်းမသာသော လကွယ်ညဖြစ်နေသဖြင့် အရှင်ယသသည် သက်တော်ရှည် အရှင်မြတ်ကြီးထံအရောက်သွားမည့်အစီအစဉ်ကို ခေတ္တရပ်သိမ်းကာ ကုဋာဂါရကျောင်းကြီးပေါ်က လစ်လပ်သည့်နေရာတွင် မိမိ၏စမ္မခတ်ကိုခင်း၍ လျောင်းစက်လိုက်ရပေတော့သည်။

ကုဋာဂါရကျောင်းတော်ကြီးကား နှစ်တစ်ရာကျော်သက်တမ်းရှိလာခဲ့ပြီဖြစ်၍ အိုမင်းလှပါပြီ။ သို့ရာတွင် ကျောင်းတော်ကြီးမှာ အစဉ်မပျက် နေထိုင်လာခဲ့ကြသည့် ကျောင်းနေပုဂ္ဂိုလ်တို့က ဖျက်စီးယိုယွင်းသည်တို့ကို အစားထိုးကာထိုးကာ ပြုပြင်ထားခဲ့ကြသဖြင့် ဘုရားရှင်လက်ထက်တော်က ပုံစံအတိုင်းရှိနေပါသေးသည်။ ကျောင်းတော်ကြီးခေါင်းရင်းဘိုင်းက ဘုရားရှင်ကိုန်းစက်တော်မူသည့် ဂန္ဓကုဋီအခန်းမှာလည်း နဂိုအတိုင်း ရှိနေပါသေးသည်။ ထိုနေရာကိုတော့ မည်သူကမျှ အဝိုင်မစီးရဲသဖြင့် အရှင်ယသ တိုးတိုးတိတ်တိတ် သာဓုခေါ်လိုက်ရပါယေသည်။

အရှင်ယသကိုယ်တော်တိုင်လည်း သက်တော်ရာကျော်စာရင်းဝင်ဖြစ်၍ သက်တော်ထင်ရှား မြတ်ဗုဒ္ဓရားကို ဖူးခွင့်ကြုံခဲ့ရ၏။ ဤကုဋ္ဌာဂါရကျောင်းတော်ကြီးမှာ ဘုရားရှင်ဟောကြားတော်မူသည့် တရားဒေသနာတော်များကို ကြားနာခဲ့ရ၏။ ထိုစဉ်တုန်းကတော့ မိမိမှာ ဆယ်ကျော်သက်အရွယ် ငယ်သေးနုသေးသဖြင့် တရားတော်၏အနှစ်သာရကို မသိနိုင်သေးပါ။ ဘုရားရှင်ကိုဖူးမြင်ရရုံနှင့် ကြည်ညိုသဒ္ဓါဖြစ်ပွားကာ တရားတော်ကိုလည်း ကြားနာရသဖြင့် ကြည်ညိုစိတ်တွေ ဆတက်ထမ်းပိုး တိုးလာသဖြင့် အရှင်အာနန္ဒာထံတွင် ရှင်သာမဏေဝတ်ခဲ့၏။ ထိုစဉ်က အရှင်သဗ္ဗကာမီသည် အရှင်အာနန္ဒာ၏တပည့်ကြီးတစ်ပါးအရာရောက်နေပြီဖြစ်၍ ဆရာတူတပည့်များအား ကူညီစောင့်ရောက်ခဲ့ပါပေသည်။ နည်းပေးလမ်းပြ ဆိုဆုံးမခဲ့ပါပေသည်။

ဤကဲ့သို့သော ကျောင်းတော်ကြီးတွင် သက်တော်ရှည်အရှင်မြတ်ကြီးကိုယ်တိုင် သီတင်းသုံးတော်မူနေလျှင် မည်မျှတင့်တောင့်တင့်တယ်ရှိပါချီမ့်မည်နည်း။ ကျောင်းနေသံဃာတော်အပေါင်းအား ဝိနည်းတော်နှင့်လျော်ညီစွာ အဆုံးအမပေး၍ နေထိုင်ပါလျှင် မည်မျှလောက် ကောင်းပါချီမ့်မည်နည်း။

ယခုတော့ သက်တော်ရှည်အရှင်မြတ်ကြီးမှာ ဤကျောင်းတော်ကြီးမှာ နေ၍မရနိုင်တော့သဖြင့် လွတ်ရာကျွတ်ရာသို့ သွားနေရရှာချေပြီ။ အရှင်မြတ်ကြီး၏ခြေအစုံ၌ ဦးခိုက်ရိုခိုးရန် အခွင့်မသာသေးသဖြင့် အရှင်မြတ်ကြီးရှိလောက်ရာသို့သာ မှန်းဆ၍ရှိခိုးလိုက်ရ၏။ အရှင်မြတ်ကြီးနှင့် တွေ့ဆုံခါမှ သာသနာတော်ကြီး၏နောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးလျှောက်ထားရန်အချက်များကို တွေးတောနေမိ၏။ ဤသာသနာတော်ကြီး အခွန့်ရှည်အောင် စောင့်ရှောက်ကြရာတွင် မိမိတို့ရဟန်းသံဃာများချည်း မစွမ်းနိုင်ပါ။ ဒါယကာ၊ ဒါယိကာမများလည်း ပါပါမှ သာသနာပြု၍ရနိုင်ကြ၏။ ရဟန်းသံဃာများဘက်က အသစ်ဟောကြား နာဘူးထပ်မံ စသည့် ဆရာ့ကျင့်ဝတ်များနှင့်အညီကျင့်ကာ ဒါယကာ၊ ဒါယိကာမများဘက်ကလည်း လိုအပ်သမျှသော ပစ္စည်းလေးပါးတို့ဖြင့် အထောက်အကူပေးကြရပါသည်။

ဤတွင် ဒါယကာ၊ ဒါယိကာမများဘက်က လိုအပ်သမျှ ပေးလှူရုံနှင့် တာဝန်မပြီးဆုံးသေးပါ။ ရဟန်းသံဃာတော်တို့ မသင့်လျော်သည့်အပြုအမူတွေ ပြုနေကြလျှင်၊ မသင့်လျော်သည့်စကားတွေ ပြောနေကြပါလျှင် မသင့်လျော်ကြောင်း ပြောဆိုကြရပါဦးမည်။ တားကြရ ဆီးကြရပါဦးမည်။

ဤသို့ တားဆီးနိုင်ရန် မသင့်လျော်သည်ကို မသင့်လျော်ကြောင်း သိထားကြရပါဦးမည်။ ဝိနည်းတော်နှင့် မညီသည်ကို မညီကြောင်း နားလည်ထားကြရပါဦးမည်။

ဤသို့ နားလည်၍ပင် ဘုရားရှင်လက်ထက်တော်တုန်းက ဒါယကာ၊ ဒါယိကာမများသည် ရဟန်းတစ်ပါးပါးက မသင့်မလျော်ပြုလိုက်လျှင် ကဲ့ရဲ့ခဲ့ကြ၏။ ရွှတ်ချခဲ့ကြ၏။ တစ်ယောက်စကား တစ်ယောက်နားသို့ ရောက်အောင် သတင်းဖြန့်ခဲ့ကြ၏။ ထိုမှတစ်ဆင့် ဘုရားရှင့်ရွှေနားတော်ထိ ပေါက်ကြားကာ သိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့ရပေသည်။

ယခု ဝေသာလီမြို့တော်နေ ဒါယကာ၊ ဒါယိကာမများကတော့ ရဟန်းများ ငွေအလှူခံနေသည့်အမှုကြီးကို ကဲ့ရဲ့ဖို့နေနေသာသာ၊ ရွှတ်ချဖို့နေနေသာသာ သူထက်ငါပင် လှူနေကြပါသေးသည်။ ဝိနည်းတော်နှင့်မညီသည်ကို မညီကြောင်း နားမလည်ကြ၍ဖြစ်ပါလိမ့်မည်။ နားမလည်ရခြင်း၏အကြောင်းရင်းသည်ကား အခြားမဟုတ်ပါ။ ကုဋေဂဂါရကျောင်းကြီးစံပုဂ္ဂိုလ်များက မဟောကြ မပြောကြ၍ပင် ဖြစ်ပါလိမ့်မည်။

သူတို့ ဆရာရင်းသမားရင်းတို့၏စကားကို နားဝင်နေကြဆဲဖြစ်၍ မိမိ၏စကားကို သူတို့တစ်တွေ လက်မခံနိုင်ကြသေးချေ။ သို့ရာတွင် ဤတစ်ကြိမ် အရေးနိမ့်ရုံမျှဖြင့် အရှုံးယသ စိတ်ဓာတ်မကျသေးပါ။ နောက်တစ်ကြိမ် ပြောခွင့်ကြုံ၍ ပြည့်ပြည့်စုံစုံပြောလိုက်ရလျှင်ကား သူတို့အားလုံး သဘောပေါက်သွားကြပါလိမ့်မည်။

သို့ရာတွင် ဝဇ္ဇီပုတ္တကရဟန်းများသည်ကား ထိုမျှလောက် လွယ်ကူမည်မဟုတ်ပါ။ ရွှေငွေကို သာယာတပ်မက်သည့်စိတ်ဇောဖြင့် အစွမ်းကုန်ခုခံကြမည်သာ ဖြစ်ပေသည်။ အသင်းအပင်းနှင့် အားနှင့်အင်နှင့် အန်တုကြမည်သာဖြစ်ပေသည်။ တကယ်တော့ဖြင့် ဤအရေးအခင်းသည် ခက်ခဲလှပါ၏။ ကြမ်းတမ်းလှပါ၏။ မိမိတို့ဘက်က သူတို့အားလုံးထက် အင်အားသာလွန်အောင် စုစည်းနိုင်ပါမှ အရေးလှနိုင်ပါလိမ့်မည်။

သာသနာတော်ကြီး၏နောင်ရေးကို တွေးတောနေရသဖြင့် အရှုံးယသမှာ အိပ်ချင်စိတ်များပင် ပျောက်ကွယ်၍နေပေတော့သည်။

❑

အလင်းသစ်စာပေ

ပဋိသာရဏီယကံနှင့် ဥက္ခေပနီယကံ

ဝေသာလီမြို့တော် ဒါယကာ၊ ဒါယိကာမများအား နောက်တစ်ကြိမ် ဟောပြောနိုင်ရေးကို တွေးတောနေခဲ့သော အရှင်ယသသည် နောက်တစ်နေ့နံနက်မှာပင် ထိုအခွင့်အရေးကို ရရှိလာပေသည်။

ထိုအခွင့်အရေးကိုရရှိအောင် ဆောင်ရွက်ပေးသူများကလည်း ဝဇ္ဇီပုတ္တကရဟန်းများပင် ဖြစ်ပါ၏။

နံနက်မိုးသောက် အလင်းရောက်၍ သက်တော်ရှည်အရှင်မြတ်ကြီးရှိရာ သွားရောက်မည်အပြုအတွင် ကျောင်းနေရဟန်းအချို့ ရောက်လာကြ၏။ သူတို့လက်ထဲမှာပါလာသည့် အသပြာများကို အရှင်ယသရှေ့မှောက်၌ ပုံချပြီးလျှင်-

"အရှင်ဘုရား၊ ယမန်နေ့ ဥပုသ်နေ့တုန်းက အလှူခံရရှိသည့် အသပြာများကို ကုဋ္ဌာဂါရကျောင်းတော်မှာ သီတင်းသုံးကြသည့် ရဟန်းအားလုံး အညီအမျှဝေ၍ယူကြပါသည်။ အရှင်ဘုရားသည်လည်း ဤကျောင်းတွင် တစ်ည သီတင်းသုံးဖူးပြီဖြစ်၍ ကျောင်းနေသံဃာစာရင်းဝင်ဖြစ်သွားပါပြီ။ ထို့ကြောင့် အရှင်ဘုရားအတွက်လည်း အသပြာဝေစုခွဲပေးကြပါသည်။ အလှူခံတော်မူပါဘုရား"

ဤသို့ လျှောက်ထားကြ၏။

ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်နေ၍သာ တော်ပါတော့သည်။ ပုထုဇဉ်သေက္ခအဆင့်လောက်သာဆိုပါက သံဝေဂရသည့်အဆင့်ထက်ပင် ကျော်လွန်သွားပါလိမ့်ဦးမည်။

မိမိရှေ့မှောက်သို့ အသပြာဝေစုတွေ ရောက်လာခါမှ အရှင်ယသသည် မနေ့ကအဖြစ်ကို သဘောပေါက်လာ၏။ သူတို့ရှေ့မှောက်မှာ ဒကာ၊ ဒကာမများ

ကို တားမြစ်နေပါလျက် သူတို့အထဲက တစ်ပါးတလေမျှ မိမိအား မတားဆီးခဲ့ကြပေ။ သူတို့အကြံနှင့်သူတို့ နှုတ်ပိတ်ရေငုံလုပ်နေခဲ့ကြခြင်းပါတကား။

ငွေဟူသည်မှာ လူတိုင်းအတွက် သည်းခြေကြိုက်ဓာတ်စာဖြစ်လေရာ မိမိကိုလည်း လူတိုင်းထဲတွင် အပါအဝင်ဟု သူတို့ထင်မှတ်နေကြဟန်ရှိပါ၏။ သို့မဟုတ် ရွှေငွေကို နှစ်သက်လိုလားသည့် သူတို့လိုရဟန်းများတွင် အပါအဝင်ဟု စာရင်းသွင်းထားကြဟန် တူပါ၏။ ထို့ကြောင့် မိမိ၏နှုတ်ကို ငွေအသပြာဝေစုဖြင့် လာ၍ပိတ်ပင်ကြခြင်းဖြစ်ပါတကား။

အရှင်ယသသည် ဤအရေးအခင်းကို ဤမျှလောက် မြန်မြန်ဆန်ဆန် လက်တုံ့ပြန်ရန် စိတ်မကူးခဲ့သေးပါ။ ဖြစ်ရပ်အမှန်ကို မျက်မြင်ကိုယ်တွေ့လေ့လာသုံးသပ်ပြီးမှ အေးအေးဆေးဆေး အချိန်ယူ၍ ဖြေရှင်းရန် ရည်မှန်းထားခဲ့၏။ သို့ပါလျက် ဝဇ္ဇီပုတ္တကရဟန်းများဘက်က အချိန်မဆိုင်းနိုင်အောင် ဖြစ်လာကြပေပြီ။ ဤအားပြိုင်ပွဲကြီး၌ မဖြစ်မနေ ပါဝင်လာရလေအောင် မိမိအား စိန်ခေါ်လိုက်သကဲ့သို့ပင် ဖြစ်နေပေပြီ။

အကယ်၍ ဤအသပြာများကို မိမိက အသာတကြည် လက်ခံလိုက်ပါက သူတို့၏အသင်းအပင်းဝင်ဖြစ်သွားသဖြင့် အားလုံးက ဝမ်းပန်းတသာဖြစ်သွားကြပါလိမ့်မည်။ မိမိ၏ သက်တော်ဝါတော်ကို ထောက်ထားကာ ဦးစီးခေါင်းဆောင်အဖြစ် တင်မြှောက်ကြပါလိမ့်ဦးမည်။

ဤသို့မဟုတ်ဘဲ မိမိက ဤအသပြာများကို လက်မခံငြင်းဆန်လိုက်ပါလျှင်ကား သူတို့၏စိန်ခေါ်ချက်ကို မိမိက လက်သင့်ခံလိုက်သကဲ့သို့ ဖြစ်သွားရပါတော့မည်။ ခရီးရောက်မဆိုက်မှာပင် တကယ့်ပွဲကြီးနှင့် တွေ့ကြုံလိုက်ရပါတော့မည်။

ဤတစ်ခဏလေးအတွင်းမှာပင် အရှင်ယသသည် သက်တော်ရှည်အရှင်မြတ်ကြီး၏နေရေးထိုင်ရေးကို တွေးကြည့်လိုက်မိ၏။ မိမိထံလာ၍ ဝေစုပေးကြသကဲ့သို့ပင် သူတို့သည် သက်တော်ရှည်အရှင်မြတ်ကြီးများအား ဝေစုခွဲ၍ပေးခဲ့ကြပါသလော။

အကယ်၍ ပေးခဲ့ကြမည်ဆိုပါက အရှင်မြတ်ကြီးသည် ဤဝေသာလီမြို့တော်ဝန်းကျင်၌ပင် နေနိုင်တော့မည်မဟုတ်ပါ။ အရှင်မြတ်ကြီးသည် ဤသို့သော အသပြာတို့ကို လုံးဝလက်ခံမည်မဟုတ်ပါ။ လက်မခံဘဲ ပယ်လှန်လိုက်ပါက လက်ခံသူများနှင့် ထိပ်တိုက်ရင်ဆိုင်ဖြစ်ကြရပေတော့မည်။

ထိပ်တိုက်ရင်ဆိုင်ဖြစ်လိုက်ရသည်နှင့်တစ်ပြိုင်နက် အရှင်မြတ်ကြီးဘက်က အရေးနိမ့်ဖို့သာ ရှိနေ၏။ သူတို့ဘက်က အုံနှင့်ကျင်းနှင့် အသင်းအပင်းနှင့်။ နောက်ပြီးတော့ သာသနာ့ဒါယကာ ကဋ္ဌာသောကမင်းကိုယ်တိုင်ကပါ သူတို့အယူဝါဒကို ထောက်ခံလျက်ရှိနေ၏။ အရှင်မြတ်ကြီးဘက်မှာတော့ သက်တော်အရှည်ဆုံးပုဂ္ဂိုလ်ကြီးဟူသော ဂုဏ်ထူးဝိသေသမှတစ်ပါး အခြားအားကိုးဖွယ်မရှိပါ။ သူ့ထံပါးမှာရှိနေကြသည့် ရဟန်းငယ်နှင့် ရှင်သာမဏေများမှာလည်း အားမကိုးလောက်သေးပါ။

ဤသို့သောအခြေအနေကြားထဲတွင် အရှင်မြတ်ကြီး ဝေသာလီမြို့တော်အနီးအပါး၌ နေထိုင်၍ရနေသေးခြင်းမှာ မိမိကဲ့သို့ ဝေစုအပေးမခံရသေး၍သာဖြစ်ပေလိမ့်မည်။ သူတို့၏ဆရာအရင်းမဟုတ်သော်ငြားလည်း ဆရာ၏ဆရာ သို့မဟုတ် ဆရာ့ဆရာ၏ဆရာဖြစ်ခဲ့သော ဂုဏ်ကျေးဇူးကို ထောက်ထား၍ ဘေးမဲ့ပေးထားကြဟန် တူပေသည်။ ထို့ပြင် မိမိတို့အား အန်တုဖက်ပြိုင်ရင်ဆိုင်နိုင်စွမ်းမရှိတော့သော သက်ကြီးရွယ်အိုအစွယ်တိုကြီးဖြစ်နေ၍လည်း သည်အတိုင်းချောင်ထိုးထားလိုက်ကြဟန် တူပေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤမထေရ်အိုကြီး၌ အစွမ်းသတ္တိအစွယ်များ ပေါက်လာ၍ ဤအရေးအခင်းကြီးကို ဦးဆောင်ဦးရွက်ပြု၍ ဖြေရှင်းရမည့်အရေးကိုကား သူတို့တွေးမိဟန်မတူပါ။

မိမိကိုတော့ သက်တော်ရှည်အရှင်မြတ်ကြီးကဲ့သို့ ဘေးမဲ့ပေးမထားတော့ဘဲ လက်ငင်းလက်တွေ့ အကဲစမ်းလိုက်ကြပါချေပြီ။ သည်တော့ မိမိဘက်က လည်း ရွေးချယ်စရာအခြားလမ်းကလည်း မရှိတော့သဖြင့် –

"ငါ့ရှင်တို့၊ ငါ့အတွက် ဝေစုခွဲ၍ပေးရန်မလိုပါ။ ငါသည် ငွေကိုအလိုမရှိပါ" ဟူ၍သာ ရှင်းရှင်းပြတ်ပြတ် ပြောပြလိုက်ရပေတော့သည်။

ဤတွင် ကျောင်းနေရဟန်းများ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။ စကတည်းကပင် အရှင်ယသ၏နှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားကို စိတ်ဝင်တစားစောင့်မျှော်နေခဲ့ကြရာ အရှင်ယသထံမှ ဤစကားကိုကြားလိုက်ရသည်တွင် ဝဇ္ဇီပုတ္တကရဟန်းအားလုံးလိုလို ဝိုင်းအုံလာကြ၏။ အရှင်ယသ မလှုပ်ရှားသာအောင် ဘေးပတ်လည်မှ ဝိုင်းဝန်းဆို့ပိတ်၍ ထားလိုက်ကြပြီးလျှင် ဦးစီးခေါင်းဆောင်ရဟန်းက –

"ငါ့ရှင်တို့၊ ကာကဏ္ဍကပုဏ္ဏား၏သားဖြစ်သော ဤအရှင်ယသသည် သဒ္ဓါတရားရှိကုန်သော၊ သာသနာတော်ကို ကြည်ညိုကုန်သော ဒါယကာတို့ကို

ဆဲရေး၏။ ရွတ်ချ၏။ အကြည်ညိုပျက်အောင် ပြု၏။ ယခု ထိုအရှင်ယသအား ငါတို့ ပဋိသာရဏီယကံကို ပြုကြပါစို့"

ဤသို့ တိုက်တွန်းစကားပြောကြား၍ အဆုံးမှာပင် ပဋိသာရဏီယကံကမ္မဝါစာကို ရွတ်ဖတ်လိုက်ကြရာ ပဋိသာရဏီယကံ ပြီးမြောက်သွားပေသည်။

တကယ်တော့ဖြင့် ပဋိသာရဏီယကံဟူသည်မှာ ဤသို့သောအရာဌာနများအတွက် မဟုတ်ပါ။ အရှင်ယသလို ရဟန္တာပုဂ္ဂိုလ်များအတွက်လည်း မဟုတ်ပါ။ စစ်မှန်သော သဒ္ဓါတရားဖြင့် ဆည်းကပ်ကိုးကွယ်ကြသည့် ဒါယကာတို့ကို အမှန်တကယ် ပုတ်ခတ်ပြောဆိုမိသော အရှင်သုဓမ္မလို ရဟန်းများအတွက်သာ ဖြစ်ပေသည်။

အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍမြို့တွင် ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်ခဲ့၏။ ကျောင်းဒါယကာမှာ လူဝတ်ကြောင်ဖြင့် ဓမ္မကထိက ဧတဒဂ်ဂုဏ်ထူးရသော စိတ္တသူကြွယ်ဖြစ်၏။ ကျောင်းဒါယကာစိတ္တသူကြွယ်သည် သံဃာကိုဖြစ်စေ၊ ရဟန်းအစုအဝေးကိုဖြစ်စေ၊ ရဟန်းတစ်ပါးချင်းကိုဖြစ်စေ ပင့်ဖိတ်ကျွေးမွေးရန် အကြောင်း ရှိလာသည့်အခါတိုင်း ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်သုဓမ္မထံ ကြိုတင်၍ အကြောင်းကြားထားမြဲဖြစ်၏။ ကျောင်းထိုင်ပုဂ္ဂိုလ်ထံ ကြိုတင်အကြောင်းမကြားဘဲ ပင်ရိုးထုံးစံမရှိခဲ့ချေ။

တစ်နေ့သောအခါတွင်ကား မစ္ဆိကာသဏ္ဍမြို့သို့ အရှင်သာရိပုတ္တရာစသော သာဝကကြီးဆယ်ပါးနှင့် ရှင်ရာဟုလာတို့ ကြွရောက်လာကြ၏။ အရှင်သာရိပုတ္တရာနှင့်အတူ လိုက်ပါလာကြသည့် မထေရ်မြတ်များမှာ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကစ္စာန၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့ဖြစ်ကြ၏။

သာသနာတော်၌ နေလိုလို ထင်ရှားကျော်ကြားသည့် မထေရ်မြတ်ကြီးများ တစ်စုတစ်ဆောင်းကြီး ကြွရောက်လာသည့်သတင်းကို ကြားရလျှင်ကြားရချင်း စိတ္တသူကြွယ်သည် အလျင်အမြန်လာရောက်၍ ရိုရိုခိုးဦးခိုက်၏။ အရှင်သာရိပုတ္တရာက သူ့ကို တရားစကား ဟောကြားချီးမြှင့်၏။

ဤတွင် စိတ္တသူကြွယ်သည် သဒ္ဓါတရားများ ဆတက်ထမ်းပိုး တိုးပွားလာသဖြင့် နောက်နေ့နံနက်တွင် ပိဏ္ဍပါတ်သို့ ကြွရောက်၍ ဆွမ်းဘဉ်းဖေးပါရန်

ပင့်လျှောက်၏။ မထေရ်မြတ်ကြီးများကလည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ကြပေသည်။

မထေရ်မြတ်ကြီးများကိုပင့်လျှောက်ပြီးလျှင် ကျောင်းဒါယကာ စိတ္တသူကြွယ်သည် မိမိ၏ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်သုဓမ္မထံသို့ ဝင်ရောက်၍ ပင့်လျှောက်ကာ ကြွရောက်လာကြသည့် မထေရ်မြတ်များနှင့်အတူ ဆွမ်းဘုဉ်းပေးကြွရောက်ပါရန် ပင့်လျှောက်၏။

အရှင်သုဓမ္မသည် ပင့်လျှောက်ချက်ကို လက်မခံတော့ပေ။ ယခင်တုန်းက ကျောင်းဒါယကာ စိတ္တသူကြွယ်သည် မိမိထံ ကြိုတင်၍ မပန်ကြားဘဲ မည်သည့် ပုဂ္ဂိုလ်ကိုမျှ မပင့်ဖိတ်ခဲ့ချေ။ ယခုသော်ကား စိတ္တသူကြွယ်သည် ငါ့ကို မတွယ်တာ မေတ္တာပြယ်ခဲ့ချေပြီတကားဟု တွေးတောကာ "ဒါယကာ၊ တော်ပြီ။ ငါ လက်မခံတော့ပြီ" ဟု တိုတိုပြတ်ပြတ် မြွက်ကြားလိုက်ပေတော့သည်။

မကျေနပ်နိုင်သောစိတ်ဓာတ်ဖြင့် တိုတိုပြတ်ပြတ်ကြီး မြွက်ကြားခဲ့သော အရှင်သုဓမ္မသည် နောက်တစ်နေ့နံနက်တွင်ကား ကျောင်းဒါယကာတို့၏အိမ်သို့ မသွားဘဲ မနေနိုင်ပါချေ။ ဤသို့ကြွသွားခြင်းမှာ ဆွမ်းစားလို၍မဟုတ်ပါ။ ဆွမ်းကျွေးပွဲ၌ တည်ခင်းဆက်ကပ်ထားသည့် ဆွမ်းဘောဇဉ်များနှင့် မုန့်ပွဲများကို အကဲခတ်လို၍ဖြစ်သည်။ စိတ္တသူကြွယ်ကလည်း အရှင်သုဓမ္မအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်၍ နေစရာများ ပြင်ဆင်ပေးပေသည်။

အရှင်သုဓမ္မသည် ပြင်ဆင်ပေးသည့်နေရာတွင် မထိုင်သေးဘဲ ဆွမ်းပွဲမုန့်ပွဲများကို အစုံအစေ့လျှောက်ကြည့်ပြီးမှ –

"ဒါယကာ၊ တည်ခင်းထားသည့် ဆွမ်းပွဲဟင်းပွဲတို့သည် များပြားလှပါပေ၏။ သို့ရာတွင် နှမ်းပျစ်တစ်မျိုးကား လိုနေပါသေးသည်"

စိတ္တသူကြွယ်၏အမျိုးထဲ၌ မုန့်သည်တစ်ဦး ရှိခဲ့ဖူးသည်ကိုရည်ရွယ်၍ လူပုံအလယ်၌ အရှက်ခွဲလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤသို့အရှက်ခွဲလိုက်သဖြင့် ကျောင်းဒကာကြီးမှာ အရှက်မကွဲဘဲ အရှက်ခွဲသူကိုယ်တိုင်မှာသာ အရှက်ကွဲသွားရပေတော့သည်။

"အရှင်ဘုရား၊ ရှေးရှေးတုန်းက တောကြက်ဖတစ်ကောင်သည် ကျီးကန်းမနှင့်အကြောင်းပါ၍ သားကလေးတစ်ကောင် ဖွားမြင်ထားပါသည်။ မိမစစ်ဖမစစ် ထိုသတ္တဝါကလေးသည် အဖဘက်သို့လိုက်၍တွန်မည်ပြုသော အခါ အာကလိအောက်ဟု မြည်ပါသည်။ အမိဘက်သို့လိုက်၍မြည်လိုက်သော

အခါ အောက်ကလိအာဟု အသံထွက်ပါသည်။ ထို့အတူပင် အရှင်ဘုရားသည်လည်း မြောက်မြားစွာသော ဘုရားဟောဒေသနာတော်တွေ ရှိနေပါလျက် ဘာမဟုတ်သည့် နှမ်းပျစ်ကလေးကို စကားလုပ်၍ ထုတ်ဖော်ပြောဆိုနေဘိသည်တကား"

ဤသို့ အောက်ကလိအာပုံပြင်ဖြင့် ကျောင်းဒကာကြီးက တုံ့ပြန်လျှောက်ထားလိုက်သောအခါ ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်သုဓမ္မမှာ မခံမရပ်ဖြစ်ကာ "သည်ကျောင်းမှ ဆင်းသွားတော့မည်" ဟု ဆို၏။ ကျောင်းဒါယကာကြီးက အတန်တန် တားမြစ်ပါလျက် ကျောင်းပေါ်မှ ဇွတ်အတင်းဆင်းသွားပြီးလျှင် ဘုရားရှင်ရှိနေတော်မူရာ ဇေတဝန်ကျောင်းတော်သို့ လာခဲ့၏။

မိမိအား အောက်ကလိအာပုံပြင်ဖြင့် ဖိစီးနှိပ်စက်ခဲ့သော ကျောင်းဒါယကာ၏ အပြစ်ကို ရှေ့တော်မှောက်၌လျှောက်ထားလိုက်လျှင် ဘုရားရှင်က စိတ္တာသူကြွယ်ကို အပြစ်တင် ရွှတ်ချမှုပြုတော်မူလိမ့်မည်ဟု သူ မှတ်ထင်လာခဲ့၏။ မှတ်ထင်လာခဲ့သည့်အတိုင်း လျှောက်ထားလိုက်သည့်အခါတွင်ကား မိမိဘက်ကစတင်၍ အရှက်ခွဲခဲ့သည့်အကြောင်းလည်း ပေါ်သွားသဖြင့် ဘုရားရှင်က သူ့ကိုသာ ကဲ့ရဲ့ရွှတ်ချတော်မူပြီးလျှင် ပဋိသာရဏီယကံပြုရန် ရဟန်းများအား မိန့်ကြားတော်မူပေသည်။

မိန့်ကြားတော်မူသည့်အတိုင်း ရဟန်းများက အရှင်သုဓမ္မကို ဝိုင်း၍ထိုင်ပြီးလျှင် ပဋိသာရဏီယ ကမ္မဝါစာကို ရွတ်ဖတ်လိုက်ကြရာ ပဋိသာရဏီယကံထမြောက်သွားပေသည်။

ပဋိသာရဏီယကံ အပြုခံရသောရဟန်းသည် မိမိက နှုတ်ဖြင့် ပြစ်မှားခဲ့မိသော ဒါယကာထံသွား၍ တောင်းပန်ရမည်ဖြစ်၏။ အရှင်သုဓမ္မမှာ မိမိကိုယ်တိုင်သွား၍ ဝန်ချတောင်းပန်ရမည့်အရေးကို ရုက်ရွံ့နေသဖြင့် ဘုရားရှင်က အဖော်ရဟန်းတစ်ပါးနှင့် အတူသွား၍ တောင်းပန်ရန် ညွှန်ကြားတော်မူရပေသည်။

ဤသို့ဝန်ချတောင်းပန်သည်ကို ဒါယကာ ကျေနပ်သွားလျှင် ရဟန်းများထံ ပြန်လာ၍ ပဋိသာရဏီယကံကို နှုတ်ပေးပါရန် တောင်းပန်ရ၏။ ဤတွင် ရဟန်းများက ပဋိသာရဏီယကံကို ပယ်နုတ်သည့် ကမ္မဝါစာကို ရွတ်ဖတ်ပေးလျှင် ပြုထားသည့်ကံသည် ပြေငြိမ်းသွားပေတော့သည်။

ဤသို့အားဖြင့် ပဋိသာရဏီယကံသည် သဒ္ဓါတရားနှင့်ပြည့်စုံသည့် ဒါယကာ ဒါယိကာမတို့ကို အမှန်တကယ် ထိပါးပုတ်ခတ်ပြောဆိုမိသောရဟန်း

များအတွက်သာ ဖြစ်၏။ ဝိနည်းတော်နှင့်အညီ တားမြစ်စကားပြောကြားသည့် အရှင်ယသနှင့် မဆိုင်ပါချေ။

ဝဇ္ဇီပုတ္တကရဟန်းများကလည်း ဤသို့ မဆိုင်ကြောင်း သိကြပါလိမ့်မည်။ အရှင်ယသနှင့်မဆိုင်ပါဘဲလျက် ဤကံကိုပြုကြခြင်းမှာ အရှင်ယသကို သံဃာအားဖြင့် ချီးနှိမ်လိုက်ခြင်းလည်း ဖြစ်၏။ မိမိတို့အယူဝါဒကို ကာကွယ်လိုက်ခြင်းလည်း ဖြစ်၏။ မိမိတို့၏အယူဝါဒကို ကာကွယ်နိုင်ရန် ဘုရားရှင်၏အမိန့်အာဏာတော်ကြီးကို အလွဲသုံးစားပြုလိုက်ခြင်းလည်း ဖြစ်ပါပေ၏။

ဝေသာလီမြို့တော်သူမြို့တော်သား‌တို့အား အမှန်တကယ် မဆဲရေးခဲ့ပါလျက်၊ သဒ္ဓါတရားပျက်ပြားအောင် မပြုခဲ့ပါဘဲလျက် ပြုလုပ်လိုက်ကြသဖြင့် ဤကံသည် ဝိနည်းတရားတော်နှင့် မညီညွတ်သည့် အဓမ္မကံသာဖြစ်၏။ သို့ရာတွင် အရှင်ယသကတော့ ဤအချက်ဖြင့် ခုခံငြင်းဆန်မနေတော့ဘဲ ဝေသာလီမြို့တော်တွင်းသို့ သွားရောက်၍ ဝန်ချတောင်းပန်ရန် သဘောတူလိုက်၏။ အရှင်သုဓမ္မတုန်းကအတိုင်း ဝန်ချတောင်းပန်ရာတွင် ရဟန်းတစ်ပါး အဖော်ထည့်ပေးဖို့တောင်းဆို၏။ ဝဇ္ဇီပုတ္တကရဟန်းများကလည်း သူတို့ဘက်က အောင်ပွဲခံလိုက်ရပြီအထင်နှင့် တောင်းဆိုချက်ကိုလက်ခံကာ အဖော်ရဟန်းတစ်ပါးကို ထည့်ပေးလိုက်ကြပေသည်။

အရှင်ယသသည် အဖော်ရဟန်းနှင့်အတူ ဝေသာလီမြို့တော်ထဲသို့ ဝင်လာပြီးလျှင် ယမန်နေ့က မိမိတားမြစ်ပြောဆိုခဲ့သော ဒါယကာ၊ ဒါယိကာမများအိမ်သို့ ဝင်ရောက်ကာ ဤသို့တောင်းပန်စကား ပြောကြားပေသည်။

"အို... ဒါယကာတို့၊ ငါသည် အဓမ္မကို အဓမ္မဟု ဆိုပါ၏။ ဓမ္မကို ဓမ္မဟု ဆိုပါ၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ဆိုပါ၏။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ဆိုပါ၏။ သို့ပါလျက် ငါသည် ဒါယကာတို့ကို ဆဲရေးပါသတဲ့။ ရှုတ်ချပါသတဲ့။ သဒ္ဓါတရား ပျက်ပြားအောင် ပြုပါသတဲ့။

အို... ဒါယကာတို့၊ လ၊ နေတို့သည် ဆီးနှင်း မြူတိမ် အသူရိန် မီးခိုးဟူသော အညစ်အကြေးလေးမျိုးတို့ကြောင့် ထွန်းလင်းတောက်ပခြင်း၊ တင့်တယ်ခြင်း မရှိနိုင်ကြကုန်။ ရဟန်းတို့မှာလည်း သေအရက်သောက်ခြင်း၊ မေထုန်မှီဝဲခြင်း၊ ရွှေငွေအလှူခံခြင်း၊ မှားယွင်းသောအသက်မွေးမှုဖြင့် အသက်မွေးခြင်းဟူ၍ အညစ်အကြေးလေးမျိုးတို့ကြောင့် ထွန်းလင်းတောက်ပခြင်း၊

တင့်တယ်ခြင်းမရှိနိုင်ကြကုန်။ ဤအကြောင်းကို ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

အို... ဒါယကာတို့၊ တစ်ခါတုန်းကလည်း ရာဇဂြိုဟ်နန်းတော်ထဲတွင် စကားအငြင်းအခုံဖြစ်ခဲ့ဖူးပါသည်။ နန်းတော်ထက်တွင် အစည်းအဝေး တက်ရောက်လာကြသော မှူးမတ်ပရိသတ်အများစုက ရဟန်းများအတွက် ရွှေငွေသည် အပ်စပ်သည်။ ရဟန်းများက ရွှေငွေကို နှစ်သက်လိုလားကြသည်။ ရဟန်းများသည် ရွှေငွေကို အလှူခံကြသည်ဟု ပြောဆိုကြပါသည်။

ထိုအခါ ထိုပရိသတ်ထဲမှာပါဝင်နေသော မဏီစူဋ္ဌကရွာသူကြီးက 'အို မှူးကြီးမတ်ကြီးတို့၊ ဤသို့ သင်တို့မဆိုကြပါကုန်လင့်။ ရဟန်းများအတွက် ရွှေငွေသည် မအပ်စပ်ပါ။ ရဟန်းများသည် ရွှေငွေကို မနှစ်သက်မလိုလားကြပါ။ ရဟန်းတို့သည် ရွှေငွေကို အလှူမခံကြပါ' ဟု ဖြေရှင်းပြောဆိုပါသည်။

သို့ရာတွင် သူ၏စကားကို အများစုက လက်မခံကြသဖြင့် မဏီစူဋ္ဌကသည် နန်းတော်ထက်မှ ဆင်းသက်လာခဲ့၍ ဝေဋ္ဌုဝန်ကျောင်းတော်သို့ လာခဲ့ပါသည်။ နန်းတော်ထက်မှာတုန်းက အငြင်းအခုန်ဖြစ်ခဲ့ရသည့် အကြောင်းကိစ္စတို့ကို ဘုရားရှင်ထံ လျှောက်ထားလိုက်ပါတော့သည်။

ထိုအခါ ဘုရားရှင်က –

"ဂါမဏီ၊ ရဟန်းတို့အတွက် ရွှေငွေသည် မအပ်စပ်ပေ။ သကျသားတော်ရဟန်းများသည် ရွှေငွေကို မလိုလားမနှစ်သက်ကြပေ။ သကျသားတော်ရဟန်းများသည် ရွှေငွေကို အလှူမခံကြပေ။ သကျသားတော်ရဟန်းများသည် ပတ္တမြားပုံနှင့် ရွှေပုံတို့ကို စွန့်ပစ်လွှတ်လာခဲ့ပြီးသူများ ဖြစ်ကြပေ၏။

ဂါမဏီ၊ ရဟန်းတို့အတွက် ရွှေငွေသည် အပ်စပ်သည်ဆိုပါက ကာမဂုဏ်ငါးပါးတို့သည်လည်း အပ်စပ်ကြလိမ့်မည်ဖြစ်ပေ၏ဟု ဇကန်မုချ မှတ်ယူထားပါလော့။

ဂါမဏီ၊ စင်စစ်သော်ကား ငါသည် တပည့်ရဟန်းတို့အား ဤသို့ဟောကြားလေ့ရှိပေ၏။ မြက်အလိုရှိသောသူသည် မြက်ကို ရှာဖွေသင့်ပေ၏။ ထင်း အလိုရှိသောသူသည် ထင်းကို ရှာသင့်ပေ၏။ လှည်းအလိုရှိသူသည် လှည်းကို ရှာဖွေသင့်ပေ၏။ လူအလိုရှိသောသူသည် လူကို ရှာဖွေသင့်ပေ၏။

ဂါမဏီ၊ ရွှေငွေကို နှစ်သက်လိုလား၍၊ အလှူခံဖို့ကား မည်သည့် အကြောင်းပြုချက်နှင့်မျှ ငါဘုရား လုံးဝမဟောပေ" ဟု အတိအလင်း မိန့်ကြားတော်မူခဲ့ပါသည်။

အို ... ဒါယကာတို့၊ တစ်ခါတုန်းကလည်း ရာဇဂြိုဟ်မြို့တော်တွင် သက္ကသားတော် အရှင်ဥပနန္ဒကိုအကြောင်းပြု၍ ဘုရားရှင်က ရွှေငွေအလှူခံခြင်းကို တားမြစ်ပိတ်ပင်သင့်သည့် သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါသည်။

အို ... ဒါယကာတို့၊ ဤသို့အား၌ ငါသည် အဓမ္မကို အဓမ္မဟု ဆိုပါ၏။ ဓမ္မကို ဓမ္မဟု ဆိုပါ၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ဆိုပါ၏။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ဆိုပါ၏။ သို့ပါလျက် ငါသည် ဒါယကာတို့ကို ဆဲရေးပါသတဲ့။ ရှုတ်ချပါသတဲ့။ သဒ္ဓါဝရားဟုတ် ပြားအောင် ပြုပါသတဲ့"

ဤသို့ အကြောင်းစုံ ဖြေဖြန်၍ ပြောပြလိုက်သောအခါ ဝေသာလီမြို့သူမြို့သားတို့သည် အဖြစ်မှန်ကို သဘောပေါက်သွားကြကာ –

"အရှင်ယသတစ်ပါးတည်းသာ ရဟန်းစစ်ရဟန်းမှန် ရှိပါတော့သည်။ အခြားသူအားလုံးမှာ ရဟန်းမဟုတ်ကြပါ။ သက္ကသားတော် မဟုတ်ကြပါ။ အရှင်ယသသည် ဝေသာလီမြို့တော်မှာ ဆက်လက်သီတင်းသုံးတော်မူပါ။ တပည့်တော်တို့သည် အရှင်ယသအလို့ငှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလေးပါးသော ပစ္စည်းတို့ဖြင့် ထောက်ပံ့ကြပါမည်ဘုရား" ဟု လျှောက်ထားကြပေသည်။

ထို့နောက် အရှင်ယသသည် အဖော်ရဟန်းနှင့်တကွ ကျောင်းတော်သို့ ပြန်ကြွလာ၏။ ဝဇ္ဇီတိုင်းသားရဟန်းများသည် အဖော်ရဟန်းများထံမှ သတင်းစကားများ ကြားသိရသောအခါ ဥိးစီးခေါင်းဆောင်ရဟန်းက –

"ကာကဏ္ဍကပုဏ္ဏား၏သား ယသသည် ငါတို့က တာဝန်မပေးဘဲ လူများရှေ့မှာ ငါတို့၏အပြစ်များကို ထင်ရှားအောင် ပြဆိုခဲ့၏။ ယခု သူ့ကို ဥက္ခေပနီယကံပြု၍ သံဃာ့ဘောင်မှ ငါတို့နှင့်ထုတ်ကြပါစို့"

ဤသို့ နှီးဆော်သည့်စကားအဆုံးမှာပင် ဝဇ္ဇီပုတ္တကရဟန်းများသည် အရှင်ယသ၏ပတ်ပတ်လည်မှ ဝိုင်းထားပြီးဖြစ်နေကြပေပြီ။

ဥက္ခေပနီယကံဟူသည်မှာ သံဃာ့ဘောင်မှ နှင်ထုတ်သောကံဖြစ်၏။ ဤသာသနာတော်၌ ဤကံစတင်၍ အပြုခံသောပုဂ္ဂိုလ်မှာ အရှင်ဆန္နဖြစ်၏။

အရှင်ဆန္ဒသည်ကား အလောင်းတော်မင်းသားဘဝကတည်းက နီးနီးကပ်ကပ် နေထိုင်ခွင့်ရလာခဲ့သည်ကို အကြောင်းပြုကာ သာသနာတော်တွင်း ရောက်လာသည့်အခါတွင်လည်း မာန်မချဘဲ နေလာခဲ့၏။ ပညတ်တော်မူထားသည့် သိက္ခာပုဒ်ကို ချိုးဖောက်မိသဖြင့် သင့်လာသောအာပတ်ကို မိမိဘာသာ မရှုမြင်ပေ။ မိမိ အာပတ်သင့်နေသည်ကို သင့်နေပါပြီဟု ဝန်မခံပေ။ ဤသို့သောအကြောင်းကြောင့် ဘုရားရှင်က သူ့ကို ဥက္ခေပနီယကံပြု၍ သံဃာ့ဘောင်မှ နှင်ထုတ်ရန် ရဟန်းများအား မိန့်ကြားတော်မူပေသည်။

ဥက္ခေပနီယကမ္မဝါစာကို ရွတ်ဖတ်၍ သံဃာ့ဘောင်မှ နှင်ထုတ်လိုက်သောအခါ အရှင်ဆန္ဒသည် အခြားကျောင်းသို့ ပြောင်းရွှေ့၏။ အခြားကျောင်းမှ ရဟန်းများကလည်း သတင်းစကားကြားသိပြီးဖြစ်၍ သူ့ကို ရှိခိုးဦးချခြင်း၊ ခရီးဦးကြိုဆိုခြင်း မပြုကြပေ။ ထိုကျောင်းမှ နောက်တစ်ကျောင်းသို့ ပြောင်းသွားသည့် အခါတွင်လည်း ထိုနည်းအတိုင်းပင် တွေ့ရပြန်၏။

ဤတွင် အရှင်ဆန္ဒသည် ကြံရာမရတော့သဖြင့် နေရင်းကျောင်းသို့ ပြန်လာကာ မိမိ၏အာပတ်ကို ဝန်ခံပြောကြားလိုက်ရပေတော့သည်။

ဤကံဖြင့် နောက်တစ်ကြိမ် အရှင်ဆန္ဒ နှင်ထုတ်ခံရခြင်းမှာ အာပတ်သင့်ကြောင်းကိုသာ ဝန်ခံ၍ ထိုအာပတ်ပပျောက်သွားအောင် မကုစားသောကြောင့် ဖြစ်ပေသည်။

အရှင်ဆန္ဒနောက်တွင် ဥက္ခေပနီယကံ အပြုခံရသောရဟန်းမှာ လူ့ဘဝတုန်းက လင်းတများကို ဖမ်းဆီးသည့်မုဆိုးဖြစ်ခဲ့ဖူးသော အရိဋ္ဌရဟန်းဖြစ်၏။ အရိဋ္ဌရဟန်းသည်ကား မှားယွင်းသောမိစ္ဆာဒိဋ္ဌိကြောင့် ကံအပြုခံရခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ဤကံသည် အရှင်ယသလို ရဟန္တာပုဂ္ဂိုလ်ကြီးအတွက် မဟုတ်ပေ။ မိမိတို့နှင့် အယူဝါဒမတူမျှသောသူတို့ကို အသင်းအပင်းအင်အားဖြင့် မတရားအနိုင်ယူရန် ကြိုးစားကြခြင်းသာ ဖြစ်ပေသည်။

ဥက္ခေပနီယကံဖြင့် သံဃာ့ဘောင်မှ နှင်ထုတ်ခံထားရသောရဟန်းသည် သံဃာများကျေနပ်အောင် ကောင်းမွန်စွာ ကျင့်သုံးနေထိုင်ရ၏။ ယခု ကံပြုရန် ဝိုင်းလာကြသော ဝဇ္ဇီပုတ္တကရဟန်းများ ကျေနပ်အောင် ကျင့်သုံးရန်ကား သူတို့နည်းတူ အသပြာဝေစုကို လက်ခံလိုက်ဖို့သာ ရှိပါတော့သည်။

အလင်းသစ်စာပေ

အရှင်ယသသည် ပဋိသာရဏီယကံ အပြုခံရစဉ်တုန်းက ဒါယကာ၊ ဒါယိကာမများအား ရှင်းလင်းပြောပြခွင့်ရမည့်အရေးကြောင့် ကံအပြုခံခဲ့ရ၏။ ယခုကံသည်ကား မည်သည့်ကောင်းကျိုးကိုမျှမပေးနိုင်ချေ။ ထို့ကြောင့် ဥက္ခေပနီယကမ္မဝါစာရွတ်ရန် ဥတ်ထားနေကြစဉ်မှာပင် စျာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်လာခဲ့ရပေတော့သည်။

❑

အရှင်ရေဝတ၏အဆုံးအဖြတ်

မိမိကျောင်းသို့ ပြန်ရောက်သောအခါ အရှင်ယသသည် ပါဝါမြို့နေရဟန်းများထံသို့လည်းကောင်း၊ အဝန္တီတိုင်း ဒက္ခိဏာပထအရပ်မှာ နေထိုင်ကြသော ရဟန်းများထံသို့လည်းကောင်း တမန်စေလွှတ်၍ ဝေသာလီမြို့တော်က အဖြစ်သနစ်များကို လျှောက်ထား၏။ မိမိကိုယ်တိုင်ကား အယောဂင်္ဂါတောင်၌ သီတင်းသုံးလျက်ရှိသော အရှင်သမ္ဘူတထံ ကြွရောက်လျှောက်ထားပေသည်။

မကြာမီမှာပင် ပါဝါမြို့နေ ရဟန်းခြောက်ကျိပ်တို့ အယောဂင်္ဂါတောင်သို့ ရောက်လာကြ၏။ ရဟန်းခြောက်ကျိပ်လုံးပင် ရဟန္တာပုဂ္ဂိုလ်များဖြစ်ကြ၏။ အာရညကင်၊ ပိဏ္ဍပါတ်၊ ပုံသကူ၊ တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်များဖြစ်ကြ၏။ ထိုအရှင်မြတ်များနှင့် မရွေးနောင်းမှာပင် ဒက္ခိဏာပထအရပ်က ရဟန်းရှစ်ကျိပ်ရှစ်ပါးတို့ ရောက်လာကြ၏။ အားလုံး ရဟန္တာပုဂ္ဂိုလ်များချည်း ဖြစ်ကြ၏။ အချို့သည် အာရညကင်ဓုတင်ဆောက်တည်ကြ၏။ အချို့သည် ပိဏ္ဍပါတ်ဓုတင်ဆောက်တည်ကြ၏။ အချို့သည် ပုံသကူဓုတင် ဆောက်တည်ကြ၏။ အချို့သည် တိစီဝရိက်ဓုတင် ဆောက်တည်ကြ၏။

အယောဂင်္ဂါတောင်၌ အရှင်ယသ၊ အရှင်သမ္ဘူတ အမှူးရှိသော အရှင်မြတ်များသည် ဆသာလီမြို့တော်က အဓိကရဏ်းနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြရာ -

"ဤအဓိကရဏ်းသည် ကြမ်းတမ်း၏။ ဆိုးရွား၏။ ဤအဓိကရဏ်းကို ပြီးငြိမ်းအောင် ဆောင်ရွက်ရာတွင် ငါတို့ဘက်က အားကောင်းလာရေးအတွက် ဘယ်သူကို ရနိုင်ပါမည်နည်း"

ဤသို့ စဉ်းစားကြသောအခါ သောရေယျမြို့မှာ သီတင်းသုံးလျက်ရှိသော အရှင်ရေဝတကို လွမ်းမြင်မိကြ၏။ အရှင်ရေဝတသည် အကြားအမြင်များ

၏။ ဓမ္မ ဝိနယနှစ်ဌာနလုံးကို နှုတ်ငုံဆောင်နိုင်၏။ ပညာရှိ၏။ စွမ်းဆောင်နိုင်၏။ မကောင်းမှုမှ ရှက်တတ်၏။ ဝိနည်း ပညတ်ချက်များနှင့် ဆန့်ကျင်သွားမည့်အရေး ကို တွေးတောကြောင့်ကြတတ်၏။ သိက္ခာသုံးပါးကို လိုလား၏။ ဈာန်အဘိညာဉ် ရ ရဟန္တာပုဂ္ဂိုလ်လည်း ဖြစ်၏။ ထို့ကြောင့် အဟောဂင်္ဂါတောင်၌ မထေရ်ကြီးတို့ စည်းဝေးပြောဆိုနေကြသည့်အသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြည်လင်စွာ ကြားသိရသောအခါ –

"ဤအဓိကရဏ်းသည်ကား ကြမ်းတမ်း၏။ ဆိုးရွား၏။ ဤသို့သော အဓိကရဏ်းကြီးဖြေရှင်းရာတွင် ငါ ချန်နေရစ်ရန် မသင့်လျော်ချေတကား"

ဤသို့စဉ်းစားဆုံးဖြတ်ပြီးလျှင် မိမိဘာသာ လွတ်လပ်စွာ ခရီးသွားလို သဖြင့် ဝေသာလီမြို့တော်ဆီသို့ နံနက်စောစောထ၍ ကြွသွားလေသည်။

အဟောဂင်္ဂါတောင်၌ စည်းဝေးခဲ့ကြသောမထေရ်ကြီးများသည် ထိုနေ့ ညနေခင်းတွင် အရှင်ရေဝတ၏ ကျောင်းသို့ဆိုက်ရောက်ကြ၏။ ကျောင်းနေရဟန်း များ၏ လျှောက်ထားချက်အရ ကဏ္ဍကုဇ္ဇမြို့သို့ ဆက်လက်၍ လိုက်လာရပြန် တော့လည်း ယခင်နည်းအတိုင်း ကြံ့ကြရ၏။ ထိုမှတစ်ဆင့် ဥဒုမ္ဗရမြို့၊ အဂ္ဂဠမြို့ မှာ စခန်းချ၍ ဆက်လက်လိုက်လာကြရာ သဟဇာတိမြို့ရောက်ခါမှ မီလာကြ လေတော့သည်။

သဟဇာတိမြို့၌ ညအိပ်ရပ်နားစဉ် အရှင်ရေဝတ၏ တပည့်ရဟန်းတစ်ပါး သည် ဘုရားဟောသုတ္တန် ဒေသနာတော်တစ်ပုဒ်ကို အသံထွက်၍ ရွတ်ဖတ် သရဇ္ဈာယ်နေ၏။ ဆရာကောင်းတပည့်ဖြစ်သည့်အားလျော်စွာ ထိုရဟန်းသည် သုတ္တန်ဒေသနာတော်ကို ဌာန်ကရိဏ်းကျနစွာ ရွတ်ဖတ်နိုင်သဖြင့် သူ၏ဆရာဖြစ် သော အရှင်ရေဝတနှင့်တကွ မထေရ်အားလုံးပင် ရိသေလေးမြတ်စွာ နာကြားကြ ၏။ မထေရ်အားလုံးထဲမှ ချောင်းဟန့်သံ၊ ခြေဆတ်သံမျှ မကြားရဘဲ တိတ်ဆိတ် ငြိမ်သက်လျက်ရှိရာ ကျောင်းတိုက်ကြီးတစ်ခုလုံးဝယ် သုတ္တန်တရားသံကသာ လွှမ်းမိုးလျက် ရှိနေပေသည်။

သုတ္တန်ဒေသနာတော် ပြီးဆုံးသွားသောအခါ တရားနာပုဂ္ဂိုလ်အပေါင်း၏ သာဓုခေါ်သံကြီး ဟိန်းတက်လာ၏။ ရွတ်ဖတ်သရဇ္ဈာယ်သောရဟန်းသည် လည်း မထေရ်ကြီးများကို ဦးသုံးကြိမ်ချပြီးလျှင် သားရေနယ်အခင်းကို ခေါက် သိမ်း၍ ပခုံးထက်သို့တင်ကာ လက်အုပ်ချီမပျက် နောက်သို့ဆုတ်ခွာသွားပေ သည်။

သုတ္တန်ဒေသနာတော် ရွတ်ဖတ်ကြားနာသည့်အခမ်းအနားမစမီကပင် အရှင်သမ္ဘူတသည် အရှင်ယသအား အရှင်ရေဝတထံ ချဉ်းကပ်၍ ဝန္ဒိပုတ္တကရဟန်းများ လက်ကိုင်ပြုထားသည့် အချက်ဆယ်ချက်ကို လျှောက်ထား၍ အဆုံးအဖြတ်ခံယူရန် မိန့်ကြားထား၏။ ထို့ကြောင့် အရှင်ယသသည် တရားနာမထေရ်ကြီးများ အုပ်စုမကွဲသေးမီတွင် အရှင်ရေဝတထံသို့ ချဉ်းကပ်၍ လက်အုပ်ချီမိုးရှိခိုးပြီးလျှင် ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ ဆေသာလီမြို့တော်မှာ နေထိုင်လျက်ရှိကြသော ဝဇ္ဇီပုတ္တကရဟန်းများသည် ဆယ်မျိုးသောအချက်များကို ဟောကြားလျက်ရှိကြပါသည်ဘုရား။

ပထမအချက်မှာ သားချိုဖြင့်သိမ်းထားသောဆားကို အကပ်ခံပြီး နောက်နေ့အခါတွင် ဆွမ်း စသည်နှင့်ရောရ၍ စားကောင်း၏ဟူ၍ ဖြစ်ပါသည်။

ဒုတိယအချက်မှာ မွန်းတည့်ပြီးနောက် နေရိပ်လက်နှစ်သစ် လွန်သည်တိုင်အောင် ဆွမ်းစားကောင်း၏ဟူ၍ ဖြစ်ပါသည်။

တတိယအချက်မှာ ရွာတစ်ပါးသို့ကြွသွားလိုသောရဟန်းသည် ပဝါရိုက်သင့်ထားပြီးသော်ငြားလည်း အတိရိုက်ဝိနည်းကံမပြုဘဲ ဆွမ်းစားကောင်း၏ဟူ၍ ဖြစ်ပါသည်။

စတုတ္ထအချက်မှာ သိမ်တစ်ခုတည်း၌ သံဃာနှစ်စု သုံးစုခွဲ၍ ကံပြုကောင်း၏ဟူ၍ ဖြစ်ပါသည်။

ပဉ္စမအချက်မှာ ကံပြုရာသို့ မလာသေးသောရဟန်းတို့၏ သဘောဆန္ဒကို လာသောအခါမှ တောင်းမည်ဟု နှလုံးသွင်း၍ သံဃာမစုံဘဲ ကံပြုကောင်း၏ဟူ၍ ဖြစ်ပါသည်။

ဆဋ္ဌမအချက်မှာ ဥပဇ္ဈာယ်ဆရာ၏အလေ့အကျင့်မှန်သမျှကို အတုယူကောင်း၏ဟူ၍ ဖြစ်ပါသည်။

သတ္တမအချက်မှာ နို့ရည်ဆင်ကိုကျော်လွန်၍ နို့ဝမ်းအဖြစ်သို့မရောက်သေးသော နို့ကိုသောက်၍ ပဝါရိုက်သင့်ပြီးသောရဟန်းသည် အတိရိုက်ဝိနည်းကံမပြုဘဲ ဆွမ်းစားကောင်း၏ဟူ၍ ဖြစ်ပါသည်။

အဋ္ဌမအချက်မှာ မရင့်သေးသောသေနုကို သောက်ကောင်း၏ဟူ၍ ဖြစ်ပါသည်။

နဝမအချက်မှာ အဆာအမြိတ်မရှိသော နိသီဒိုင်ကို အသုံးပြုကောင်း၏ ဟူ၍ဖြစ်ပါသည်။

ဒသမအချက်မှာ မဟာသံဃာကိုရည်မှတ်၍ လှူဒါန်းသော ရွှေငွေကို အလှူခံကောင်း၏ဟူ၍ ဖြစ်ပါသည်။

အရှင်ဘုရား၊ ဝေဿာလီမြို့တော်၌ နေထိုင်လျက်ရှိကြသော ဝဇ္ဇီပုတ္တကရဟန်းများသည် ဆယ်မျိုးသော ဤအချက်များကို ဟောကြားလျက်ရှိကြပါသည်။ ထိုအချက်များသည် အပ်မအပ်၊ ဝိနည်းတော်နှင့် ညီမညီ အဆုံးအဖြတ်ပေးသနားတော်မူပါဘုရား"

အရှင်ရေဝတသည် လျှောက်ထားသည့်စကားစဉ်ကို စူးစူးစိုက်စိုက် ကြားနာမှတ်သားပြီးလျှင် တစ်ချက်ချင်း တစ်ချက်ချင်းကို ဘုရားရှင် ပညတ်တော်မူခဲ့သည့် ဝိနည်းသိက္ခာပုဒ်များဖြင့် တိုင်းတာချိန်စက်ပြီးလျှင် တိကျပြတ်သားသော အသံဖြင့် –

"ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဆယ်မျိုးသောအချက်များတွင် ဥပဇ္ဈာယ်ဆရာ၏အလေ့အကျင့်သည် ဝိနည်းတော်နှင့် ညီညွတ်ပါက အတုယူကောင်း၏ဟူသော ခြွင်းချက်တစ်ခုမှတစ်ပါး အချက်အားလုံးသည် မအပ်စပ်ပေ"

အကြားအမြင်များ၍ ဓမ္မ ဝိနယနှစ်ရပ်လုံးကို နှုတ်ငုံဆောင်နိုင်သော အရှင်ရေဝတ၏ ဆုံးဖြတ်ချက်ဖြင့် ဝဇ္ဇီပုတ္တကရဟန်းများ၏ အချက်ဆယ်မျိုးလုံးသည် ဝိနည်းတော်နှင့် တရားတော်နှင့် မညီညွတ်သဖြင့် အဓမ္မဝါဒများဖြစ်ကြောင်း ထင်ရှားသွားပါပြီ။

သို့ရာတွင် ဤဆုံးဖြတ်ချက်အတိုင်း ဘုရားသာသနာတော်ထမ်းရဟန်းအားလုံးက လိုက်နာမှသာ ဤအဓိကရဏ်းကြီး ပြေငြိမ်းသွားပါလိမ့်မည်။ ဘုရားသာသနာတော်ထမ်းရဟန်းအားလုံးက မငြင်းမဆန် လက်ခံလာအောင် ဆောင်ရွက်ရပါဦးမည်။ တရားတော်နှင့်အညီ ဤအဓိကရဏ်းကြီး ပြေငြိမ်းသွားအောင် ဆက်လက်၍ ကြိုးစားကြရပါဦးမည်။

အဓိကရဏ်းကြီး မပြေငြိမ်းသေးသမျှ တစ်ဖက်အုပ်စုဝင်ရဟန်းများကလည်း သည်အတိုင်း နေကြမည်မဟုတ်ပါ။ မိမိတို့ဘက်က အရေးနိမ့်မသွားရလေအောင် နည်းမျိုးစုံဖြင့် ကြိုးစားကြဦးမည်ဖြစ်ပေသည်။

❑

အလင်းသစ်စာပေ

တံစိုးလက်ဆောင်၏နောက်ဝယ်

အရှင်ယသကို ဥကြောပနိယက်မပြုလိုက်ရသဖြင့် အခဲမကျေဖြစ်နေရစ်ခဲ့ကြသော ဝဇ္ဇီပုတ္တကရဟန်းများသည် အရှင်ယသ၏သတင်းများကို ကြားရသောအခါ ပိုမို၍ ဒေါသထွက်လာကြရ၏။ ထိုမှတစ်ဆင့် အရှင်ယသတို့ဘက်သို့ အရှင်ရေဝတပါ ပါဝင်လာသည့်အကြောင်း ကြားသိရသောအခါတွင် ထိတ်လန့်တုန်လှုပ်ကြရပေတော့သည်။

အရှင်ရေဝတကဲ့သို့ ဘက်ပေါင်းစုံမှ အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်ကြီးတစ်ပါးက ဦးဆောင်ဦးရွက်ပြု၍လာခဲ့ပါလျှင် မိမိတို့ဘက်က ဓကန်မုချရှုံးနိမ့်ရပေတော့မည်။ မရှုံးနိမ့်ရအောင် မည်သို့လုပ်ကိုင်ကြရပါမည်နည်း။

ဤအရေးကိစ္စအတွက် ဦးစီးခေါင်းဆောင်ရဟန်းများ တိုးတိုးတိတ်တိတ်စည်းဝေးတိုင်ပင်ရာမှ နည်းလမ်းတစ်ခု ထွက်ပေါ်လာ၏။ ထိုနည်းလမ်းအရ ဝဇ္ဇီပုတ္တကရဟန်းများသည် ဒါယကာ၊ ဒါယိကာမများထံတွင် အကြောင်းအမျိုးမျိုးပြု၍ ပရိက္ခရာများ အလှူခံကြ၏။ အလှူခံရရှိထားသောငွေနှင့်လည်း ဝယ်ယူကြ၏။ ရဟန်းအချင်းချင်းထံမှလည်း ထည့်ဝင်လာအောင် နှိုးဆော်တိုက်တွန်းကြ၏။ ဤသို့ဖြင့် ကုဋေဂဂါရကျောင်းတော်ကြီးပေါ်ဝယ် သပိတ်၊ သင်္ကန်း၊ နိသီဒိုင်၊ အပ်ဘူး၊ ခါးပန်းကြိုးနှင့် ရေစစ်ဟူသော ရဟန်းအသုံးအဆောင်ပစ္စည်းတွေတောင်ပုံရာပုံ ဖြစ်လာလေတော့သည်။

ဦးစီးခေါင်းဆောင်ရဟန်းများသည် ထိုပရိက္ခရာတို့ကို တပည့်လက်သားများအကူအညီဖြင့် ဂဂိါမြစ်ဆိပ်ကမ်းသို့ သယ်ဆောင်လာပြီးလျှင် အသင့်စောင့်ကြိုနေသော လှေပေါ်သို့ တင်ကြ၏။ ပရိက္ခရာများ အပြည့်အစုံတင်ပြီးသည်နှင့် တစ်ပြိုင်နက် ခေါင်းဆောင်ရဟန်းများသည် လှေထိုးသားများအား အမြန်ဆုံးဆန်

တက်လော်ခတ်ပေးရန် အမိန့်ပေးကြ၏။ လေထိုးသားများကလည်း မတန်တဆ အခကြေးငွေများ ရရှိထားသဖြင့် လှည်းမှ ရေပန်းများ ဖွာထွက်လာအောင် အပြင်းအထန် လော်ခတ်လာခဲ့ကြပေသည်။

လေဆိပ်တစ်ခုသို့ရောက်သောအခါ ဆွမ်းစားချိန်ရောက်လာသဖြင့် ဝဋ္ဌီပုတ္တကရဟန်းများသည် လေကို ဆိုက်ကပ်စေပြီး သစ်ပင်ရိပ်တစ်ခုဌ္ဌ အသင့်ယူဆောင်လာသည့်ဆွမ်းကို စားကြ၏။

ထိုအခိုက်မှာပင် ရဟန္တာပုဂ္ဂိုလ်တစ်ပါးဖြစ်သော အရှင်သာဋ္ဌာသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် –

'အရှေ့အရပ် ဝေသာလီမြို့တော်က ရဟန်းများသည် ဓမ္မဝါဒီဖြစ်ကုန်သလော။ သို့မဟုတ် အနောက်အရပ် ပါဝါမြို့ကရဟန်းများသည် ဓမ္မဝါဒီဖြစ်ကုန်သလော' ဟု တွေးတောကြည့်လိုက်ရာ ချက်ချင်းဆိုသလို အဖြေပေါ်ထွက်လာ၏။

'အရှေ့အရပ် ဝေသာလီမြို့နေရဟန်းများသည် အဓမ္မဝါဒီများဖြစ်၍ ပါဝါမြို့နေရဟန်းများသည်ကား ဓမ္မဝါဒီများပါတကား'။

ဤသို့တွေးတောလိုက်သည့် တစ်ခဏလေးအတွင်းမှာပင် သုဒ္ဓါဝါသဗြဟ္မာဘုံမှ အရိယာဗြဟ္မာကြီးတစ်ယောက်သည် အရှင်သာဋ္ဌ၏ရှေ့မှောက်၌ ဘွားခနဲပေါ်လာပြီးလျှင် –

"အရှင်သာဋ္ဌဘုရား၊ အရှင်ဘုရား တွေးတောသည့်အတိုင်း မှန်ကန်ပါသည်။ အရှေ့အရပ် ဝေသာလီမြို့တော်က ရဟန်းများသည် အဓမ္မဝါဒီများဖြစ်၍ ပါဝါမြို့နေရဟန်းများသည် ဓမ္မဝါဒီများ ဖြစ်ကြပါပေသည်။ ထို့ကြောင့် အရှင်ဘုရားကလည်း တရားလမ်းကြောင်းအတိုင်း ရပ်တည်တော်မူပါဘုရား" ဟု လျှောက်ထားလိုက်ရာ –

"အို ... ဗြဟ္မာ၊ သင်မလျှောက်ခင် ရှေးယခင်ကလည်းကောင်း၊ ယခုလက်ရှိအချိန်မှာလည်းကောင်း ငါသည် တရားလမ်းကြောင်းအတိုင်းသာ ရပ်တည်လျက် ရှိပေသည်။ သို့ရာတွင် ဤအဓိကရဏ်းကြီးကို ဖြေရှင်းဆုံးဖြတ်ရာ၌ မထေရ်ကြီးများက ငါ့ကို တာဝန်ပေးကောင်းပေးကြပါလိမ့်မည်။ ဤအတောအတွင်းတွင်ကား ငါသည် ငါ၏အမြင်ကို ထင်ရှားအောင် မပြချင်သေးပါ"

ဟု အရှင်သာဋ္ဌက ပြန်လည်မိန့်ကြားလိုက်ပေသည်။

အလင်းသစ်စာပေ

ဝဇ္ဇီပုတ္တကရဟန်းများသည်ကား တောတွင်းတစ်နေရာ၌ အရှင်သာဌတစ်ပါးတည်း သီတင်းသုံးနေသည်ကိုလည်း မသိ၊ ဗြဟ္မာကြီး ဆင်းလာသည်ကို မမြင်။ သူတို့စားနေသည့် ဆွမ်းဘောဇဉ်တို့၏အရသာကိုမျှ သတိမထားမိဘဲ ကတိုက်ကရိုက် မျိုချကြ၏။ မွန်းတည့်ပြီးနောက် နေရိပ်လက်နှစ်သစ် လွန်လာသည့်တိုင်အောင် ဆွမ်းစားကောင်းသည်ဟု ခံယူထားကြသဖြင့် ဆွမ်းစားရင်း မွန်းတည့်သွားမည့်အရေးကို တွေးပူရန်မလိုပါ။ သူတို့စိတ်စောနေသည်မှာ အရှင်ရေဝတနှင့် မြန်မြန်ကြီး တွေ့ဆုံရေးသာ ဖြစ်ပေသည်။

ရဟန်းများ စိတ်စောနေကြသည်ကို တွေ့ရသဖြင့် လှေထိုးသားများ ကလည်း စောစောကထက်တိုး၍ ကြိုးစားလှော်ခတ်ကြ၏။ ရုတ်တရက် လေပြတ်သွားသောအခါများတွင် လှေထိုးသားအချို့က ကမ်းပါးသို့တက်၍ ကြိုးနှင့် ဆွဲကြရပေသည်။

အရှိန်မပျက် ဆန်တက်လာခဲ့ကြသဖြင့် ညနေခင်းအတွင်းမှာပင် သဟဇာတိဆိပ်ကမ်းသို့ ဆိုက်ရောက်၏။ ဝဇ္ဇီပုတ္တကရဟန်းများသည် လှေထိုးသားများ အကူအညီဖြင့် ပရိက္ခရာများကိုဆောင်ယူ၍ အရှင်ရေဝတ၏ရှေ့မှာ စုပုံချထားပြီးလျှင် – .

"အရှင်ဘုရား၊ အရှင်ဘုရားနှင့်သင့်လျော်မည့် ပရိက္ခရာများ ဖြစ်ပါသည်။ သပိတ်လည်း ပါပါသည်။ သင်္ကန်းလည်း ပါပါသည်။ နိသီဒိုင်လည်း ပါပါသည်။ အပ်ဘူးလည်း ပါပါသည်။ ခါးပန်းကြိုးလည်း ပါပါသည်။ ရေစစ်လည်း ပါပါသည်။ ရဟန်းတို့အသုံးအဆောင်ဖြစ်သော ဤပစ္စည်းတို့ကို အလှူခံတော်မူပါဘုရား"

ဟု လျှောက်ထားကြ၏။

မိမိတို့စွမ်းအားရှိသမျှဖြင့် အရှင်ရေဝတကို နှောင်ဖွဲ့လိုက်ကြခြင်းဖြစ်၏။

ဤသို့သော တံစိုးလက်ဆောင်အနှောင်အဖွဲ့ဖြင့် သူတို့သည် မင်းညီမင်းသားတို့ကိုလည်း နှောင်ဖွဲ့ခဲ့ပြီးပြီ။ အရပ်သူအရပ်သားတို့ကို နဖားကြိုးတပ်၍ လိုအပ်ရာရာ ခိုင်းလာခဲ့ကြပြီ။ သာသနာ့ဝန်ထမ်းရဟန်းချင်းအတူတူကိုပင် ဤအနှောင်အဖွဲ့ဖြင့် မြဲမြဲခိုင်ခိုင် နှောင်ဖွဲ့နိုင်ခဲ့ကြပေပြီ။ ထို့ကြောင့်လည်း ဝဇ္ဇီပုတ္တက ရဟန်းများက သူတို့၏တံစိုးလက်ဆောင်ကျော့ကွင်းဖြင့် အရှင်ရေဝတအား ပစ်ဖမ်းလိုက်ကြခြင်း ဖြစ်ပေသည်။

အလင်းသစ်စာပေ

"ငါ့ရှင်တို့၊ တော်ပါပြီ၊ တန်ပါပြီ။ ငါတို့အဖို့ သပိတ်သင်္ကန်းများ ပြည့် ပြည့်စုံစုံရှိနေပါပြီ"

အရှင်ရေဝတက သူတို့ကျောက်ကွင်းဖြင့် အစွပ်မခံဘဲ ပယ်လှန်ပစ်လိုက်၏။

မျှော်လင့်မထားသောတံ့ပြန်ချက်ကိုကြားလိုက်ရသဖြင့် ဝဇ္ဇီပုတ္တကရဟန်း များ ခေါင်းငိုက်စိုက်ကျသွားကြရ၏။ မျှော်လင့်ချက်ဖြင့် တက်ကြွရွင်လန်းနေ သည့်မျက်နှာများ ညှိုးနွမ်းသွားကြ၏။

သို့ရာတွင် သူတို့အတွက် လမ်းဆုံးသွားပြီဟူ၍ကား သူတို့မသတ်မှတ် နိုင်သေးပါ။ အရှင်ရေဝတအား ဤသို့ တိုက်ရိုက်ချဉ်းကပ်၍မရသေးလျှင် သွယ် ဝိုက်သောနည်းဖြင့် ချဉ်းကပ်၍ရနိုင်ပါသေးသည်။

ထို့ကြောင့် ဝဇ္ဇီပုတ္တကရဟန်းများသည် ညှိုးနွမ်းနေသည့်မျက်နှာသွင်ပြင် ကို အားတင်း၍ ပြင်ဆင်လိုက်ကြ၏။ ပရိက္ခရာများကို အရှင်ရေဝတရှေ့မှောက် မှ ပြန်သိမ်း၍ ယူလာကြပြီးလျှင် အရှင်ဥတ္တရထံသို့ ချဉ်းကပ်လာခဲ့ကြ၏။

အရှင်ဥတ္တရသည်ကား အရှင်ရေဝတထံတွင် နိဿရည်းခံယူထားသည့် တပည့်တစ်ပါးဖြစ်၏။ အခြားရဟန်းများဆိုပါလျှင် ရဟန်းသိက္ခာငါးဝါရပါက နိဿယည်းလွတ်နေနိုင်ခွင့်ရကြ၏။ အရှင်ဥတ္တရမှာကား ဝါနှစ်ဆယ်ရလာသည် တိုင်အောင် ဝိနည်းဘက်မှာ မကျွမ်းကျင်သေး၍ နိဿယည်းမလွတ်နိုင်သေးပေ။ ထို့ပြင် အရှင်ရေဝတကို ကြည်ညိုလေးစား၍လည်း မခွဲမခွာနေလာခဲ့သူဖြစ်ပေ သည်။

ဝဇ္ဇီပုတ္တကရဟန်းများသည် အရှင်ဥတ္တရထံသို့ ချဉ်းကပ်ကာ ပရိက္ခရာ များ အလှူခံရန် ပန်ကြားကြ၏။ အရှင်ဥတ္တရက လက်မခံ ငြင်းဆန်လိုက်သည် တွင် –

"အရှင်ဥတ္တရ၊ သင် ကြားဖူးသည်မဟုတ်ပါလော။ သက်တော်ထင်ရှား မြတ်စွာဘုရားရှိတော်မူစဉ်က ဒါယကာ၊ ဒါယိကာမများသည် ရဟန်းအသုံး အဆောင် ပရိက္ခရာများ ဆက်ကပ်ကြကုန်၏။ အကယ်၍ မြတ်စွာဘုရားက လက်ခံတော်မူပါလျှင် အလှူရှင်များ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရကုန်၏။

အကယ်၍ မြတ်စွာဘုရားက လက်မခံ ပယ်လှန်တော်မူလိုက်လျှင်လည်း သူတို့အတွက် လမ်းမဆုံးသေးပါ။ မြတ်စွာဘုရား၏အလုပ်အကျွေး အရှင်အာနန္ဒာ ထံသို့ သွားခွင့်ရှိပါသေးသည်။

အရှင်ဘုရား၊ ရဟန်းအသုံးအဆောင်ပရိက္ခရာများကို အရှင်ဘုရား အလှူခံတော်မူပါ။ အရှင်ဘုရား အလှူခံလိုက်ပါလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် အလှူခံတော်မူသကဲ့သို့ အကျိုးတရားကြီးထွားပါလိမ့်မည်"

ဤသို့လျှောက်ထား၍ အရှင်အာနန္ဒာအား လှူဒါန်းခဲ့ကြဖူးပါသည်။

"အရှင်ဥတ္တရ၊ ပရိက္ခရာများကို အလှူခံလိုက်ပါ။ အရှင်ဘုရား အလှူခံလိုက်ပါလျှင် အရှင်ဘုရား၏ဆရာ မထေရ်မြတ်ကိုယ်တော်တိုင် အလှူခံဘိသကဲ့သို့ အကျိုးတရားကြီးထွားပါလိမ့်မည်"

ဤသို့ ငြင်းဆန်၍မရနိုင်လောက်အောင် အင်နှင့်အားနှင့် ဝိုင်းဝန်းညှပ်ပိတ်၍ ပြောဆိုတိုက်တွန်းကြ၏။ အရှင်ဥတ္တရမှာ အတွေ့.အကြုံကလည်း ခပ်နည်းနည်း၊ စကားပရိယာယ်ကလည်း မကြွယ်ဝသဖြင့် ငြင်းပယ်ရန် စကားလုံးကိုမျှ မရှာမကြံနိုင်ဖြစ်ကာ ပရိက္ခရာအစုအပုံထဲမှ သင်္ကန်းတစ်ထည်ကို ကောက်ယူလိုက်ရပေတော့သည်။

ဤအကွက်ကို ချောင်းမြောင်းနေကြသည့် ဝဇ္ဇီပုတ္တကရဟန်းများသည် အရှင်ဥတ္တရက သူတို့ဆင်ထားသည့်အကွက်တွင်းသို့ သက်ဆင်းလိုက်ပြီဖြစ်၍-

"အရှင်ဥတ္တရ၊ တပည့်တော်တို့အတွက် ကိစ္စတစ်ခုကို ကူညီဆောင်ရွက်ပေးပါ"

တံစိုးလက်ဆောင်၏နောက်က ထက်ကြပ်မကွာ လိုက်ပါလာသည့် အန္တရာယ်ကို မမြင်နိုင်သေးသဖြင့် -

"အရှင်ဘုရားတို့၊ အလိုရှိရာအကြောင်းကိစ္စကိုသာ အမိန့်ရှိကြပါတော့"

"ကောင်းပါပြီ အရှင်ဥတ္တရ၊ အရှင်ဥတ္တရက ဤသို့ လိုလိုလားလားလက်ခံပါလျှင် အရှင်ဘုရား၏ ဆရာမထေရ်မြတ်ကြီးထံ ဤသို့စကားတစ်ခွန်းကို လျှောက်ထားပေးပါ။ လျှောက်ထားရမည့်စကားတစ်ခွန်းက ဤသို့ဖြစ်ပါသည်။ 'အရှေ့အရပ်ဒေသ၌ မြတ်စွာဘုရား ပွင့်တော်မူခဲ့ပါသည်။ ထို့ကြောင့် အရှေ့အရပ်သားရဟန်းများသည် ဓမ္မဝါဒီများ ဖြစ်ကြကုန်ပါ၏။ ပါဝါမြို့မှာနေထိုင်ကြသည့် ရဟန်းများသည်ကား အဓမ္မဝါဒီများ ဖြစ်ကြပါကုန်၏။ ဤစကားကို မထေရ်မြတ်ကြီးက သံဃာ့ပရိသတ်အလယ်မှာ မိန့်ကြားပေးဖို့. အရှင်ဘုရားကတစ်ဆင့် လျှောက်ထားပေးပါဘုရား"

ဤသို့. တိတိလင်းလင်း ဖွင့်ပြောလိုက်စဖါမှ အရှင်ဥတ္တရမှာ တံစိုးလက်ဆောင်နောက်က ထက်ကြပ်မကွာ လိုက်ပါလာသည့်အန္တရာယ်ကြီးကို မြင်လိုက်ရပေတော့သည်။

သို့ရာတွင် အရှင်ဥတ္တာရသည် ထိုအန္တရာယ်ကို ရှောင်တိမ်းရန် မစွမ်းနိုင်ပါ။ ထိုအချိန်က လူအပေါင်းတို့ လိုက်နာကြရသော ဇာံးတမ်းစဉ်လာအားဖြင့်လည်း တစ်စုံတစ်ယောက်ထံမှ တံစိုးလက်ဆောင်ကို လက်ခံလိုက်သူသည် တံစိုးလက်ဆောင်ပေးသူ၏ အမှုကိစ္စကို ဆောင်ရွက်ပေးရစမြဲဖြစ်၏။

သို့ဖြစ်၍ အရှင်ဥတ္တာရသည် တုန်တုန်လှုပ်လှုပ်ဖြင့် အရှင်ရေဝတရှေ့မှောက်သို့ ဝင်ရောက်၍ လျှောက်ထားလိုက်ရာ –

"ရဟန်း၊ သင်သည် ငါ့ကို မမှန်ကန်သောကိစ္စကို ဆောင်ရွက်ရန် တိုက်တွန်းဘိ၏။ သင် သွားလော့။ ငါ့ထံပါးမှာ မနေနှင့်တော့"

ဤသို့ နှင်ထုတ်လိုက်သဖြင့် ငိုရင်းရှိုက်ရင်း ထွက်ခွာလာသည့် အရှင်ဥတ္တာရထံမှ အကြောင်းပြန်ချက်ကို ကြားရသောအခါ ဝဇ္ဇီပုတ္တကရဟန်းများက–

"အရှင်ဥတ္တာရ၊ အရှင်ဘုရားကိုယ်တိုင်လည်း ဝါနှစ်ဆယ်ပြည့်ပြီမဟုတ်ပါလော" ဟု သွေးခွဲစကားဖြင့် မြှောက်ထိုးပင့်ကော် လုပ်ကြလေရာ –

"ငါ့ရှင်တို့၊ ဝါနှစ်ဆယ်ပြည့်သည်ကား ဟုတ်ပါ၏။ သို့သော်လည်း ငါသည် ဆရာသမားထံ အမှီခိုမကင်းနိုင်သေးပါ။ ဆရာသမား၏စကားကို လေးစားစွာ နာယူလျက်ရှိပါသည်"

အရှင်ဥတ္တာရ၏စကားအဆုံးတွင် ဦးစီးခေါင်းဆောင်ရဟန်းများသည် ခေါင်းချင်းရိုက်မျှ တိုင်ပင်ကြရပြန်၏။ သူတို့ရည်မှန်းထားခဲ့သည့်အတိုင်း အရှင်ရေဝတအား တံစိုးလက်ဆောင်ဖြင့် သိမ်းသွင်းရေးကိစ္စကြီး မအောင်မြင်ပေ။ သူ့ကို သိမ်းသွင်းဖို့နေနေသာသာ သူ့တပည့်ကို သူ့ထံပါးမှ ခွဲထုတ်ယူ၍ပင် မရနိုင်ခဲ့ပေ။

ဤသို့ဆိုလျှင် မိမိတို့ဘက်က လက်လျှော့လိုက်ကြပေတော့မည်လော။

ဤအချက်ကိုကား သူတို့ လုံးဝလက်မခံနိုင်ပါ။ အစွမ်းထက်လှသည့် တံစိုးလက်ဆောင်လက်နက်ဖြင့် အနိုင်တိုက်၍မရသော် ရှိစေတော့။ မိမိတို့မှာ ဤတံစိုးလက်ဆောင်လက်နက်ထက် ပိုမို၍အစွမ်းထက်သည့်လက်နက်ကောင်းတစ်ခု ရှိနေသေးသည်မဟုတ်ပါလော။

ထိုလက်နက်ကောင်းကို အသုံးချရမည့်နေရာကား ဤသဟာတိမြို့မဟုတ်ချေ။ မိမိတို့အစဉ်အမြဲနေထိုင်ရာ၊ မိမိတို့တန်ခိုးညြောပျံ့နှံ့ရာ ဝေသာလီမြို့တော်မှာ ဖြစ်၏။ ထိုဝေသာလီမြို့တော်က ကာဠာသောကမင်းကြီးသည် အချက်အချာအကျဆုံးသော ပစ်မှတ်ဖြစ်၏။

ထို့ကြောင့် ဝဇ္ဇီပုတ္တကရဟန်းများသည် ပရိက္ခရာတစ်ပုံတစ်ပင်ကြီးကို ပြန်လည်သယ်ပိုးကာ လှေဆိပ်သို့ သော့သော့မြန်မြန် လျှောက်သွားကြပေသည်။

ထို့နောက် သဟဇာတိမြို့၌ စုဝေးရောက်ရှိနေကြသော မထေရ်ကြီးများသည် ဤအဓိကရဏ်းကြီးကို ပြေငြိမ်းသွားအောင် ခပ်မြန်မြန်ဆောင်ရွက်ရန် စည်းဝေးတိုင်ပင်ကြ၏။ ဤတွင် အရှင်ရေဝတက –

"အရှင်ဘုရားတို့၊ တပည့်တော်တို့သည် ဤအရပ်မှာပင် အဓိကရဏ်းကို ဖြေရှင်းဆုံးဖြတ်ကြပါလျှင် မူလအမှုသည်ဖြစ်သော ရဟန်းများသည် အမှုသစ်တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ကြပါလိမ့်မည်။ သို့ဖြစ်၍ အဓိကရဏ်းဖြစ်ပေါ်ရာဌာနသို့သွားရောက်၍ ဖြေရှင်းဆုံးဖြတ်ကြပါစို့ဘုရား"

ဤသို့ အဆိုတင်သွင်းလျှောက်ထားရာတွင် စည်းဝေးနေကြသည့် မထေရ်အားလုံးက သဘောတူလက်ခံလိုက်ကြပေသည်။

❑

အလင်းသစ်စာပေ

ဝါဝါဝင်းသည့်ဝေသာလီ

"တိုင်းတစ်ပါးသားရဟန်းတွေ ဝေသာလီဘက် ကူးလာကြပြီတဲ့"

သဟဇာတိမြို့မှပြန်လာ၍ မကြာမီမှာပင် ဤသတင်းကို ကြားကြရ၏။ ပြောကြားသည့်သူများက ခိုင်ခိုင်လုံလုံကြီး ပြောပြကြ၍သာ မငြင်းဆန်ဘဲနေလိုက်ကြရ၏။ ဖြစ်များဖြစ်နိုင်မည်ဆိုပါက ဝဇ္ဇီပုတ္တကရဟန်းများက 'ဤသတင်းစကားအတိုင်း လုံးဝမဖြစ်နိုင်ပါ' ဟု ငြင်းချက်ထုတ်လိုက်ချင်လှ၏။ 'တိုင်းတစ်ပါးသားရဟန်းတွေ ဝေသာလီမြို့နား သီလာဖို့နေနေသာသာ ဝဇ္ဇီနိုင်ငံ၏နယ်နိမိတ်အတွင်းမှာပင် ခြေချခွင့်မရနိုင်ပါ'။

ဤသို့လည်း ပိုင်ပိုင်နိုင်နိုင်ကြီး ပြန်ပြောလိုက်ချင်လှ၏။

ယခုတော့ ဤသတင်းစကားပြောကြားလာသူက တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်း မဟုတ်။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်။ လူပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ပြောလာကြပြီဆိုတော့လည်း ဝဇ္ဇီပုတ္တကရဟန်းများမှာ မငြင်းသာ မပယ်သာ။ မပယ်သာ၍ ဤသတင်းကို အတည်ပြုလိုက်ကြစို့ဆိုတော့လည်း ခပ်ခက်ခက်။

စောစောက သူတို့စီစဉ်ထားခဲ့သည့်အတိုင်းသာဆိုပါက အနောက်ဒေသက ရဟန်းဆိုလျှင် ဝဇ္ဇီနိုင်ငံနယ်နိမိတ်အတွင်းသို့ တစ်ပါးတလေမျှ ဝင်လာနိုင်ရန် အကြောင်းမရှိပါ။ ဝင်မလာနိုင်အောင် လုံလောက်သည့် အတားအဆီးများကို ပြုလုပ်ထားခဲ့ကြပြီမဟုတ်ပါလော။

ဤအတားအဆီးကိုပြုလုပ်ရာတွင် မိမိတို့စွမ်းအားသက်သက်ဖြင့် မဖြစ်နိုင်သဖြင့် ကာဠာသောကမင်း၏အကူအညီကို ယူခဲ့ရ၏။ ကာဠာသောကမင်းမှာ စကတည်းက မိမိတို့၏ပစ္စည်းလေးပါးဒါယကာဖြစ်ခဲ့၏။ မိမိတို့ ဟောပြောနေ

သည့်အချက်များကိုလည်း ကျေကျေနပ်နပ် လက်ခံယုံကြည်လာခဲ့သူဖြစ်၏။ ထို ကဲ့သို့သော ပြည့်ရှင်မင်းတစ်ပါးအား မိမိတို့အလိုရှိသလို အသုံးချနိုင်စေရန် လုပ်ကြံဖန်တီးထားသည့် သတင်းတစ်ပုဒ်ကို တင်ပြခဲ့ကြရပေသည်။

"သာသနာ့ဒါယကာမင်းတရားကြီး၊ ငါတို့သည် သာသနာ့ဒါယကာမင်းကြီး၏ ပစ္စည်းလေးပါးထောက်ပံ့မှုဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သည့် ကုဋေဂါရကျောင်းတော်ကြီးမှာ ချမ်းချမ်းသာသာ နေလာခဲ့ကြရပါကုန်၏။ ကုဋေဂါရကျောင်းတော်ကြီးမှာ မြတ်စွာဘုရားကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သည့် ဂန္ဓကုဋီတိုက်ခန်းကို ထိန်းသိမ်းစောင့်ရှောက်၍ နေလာခဲ့ကြရပါကုန်၏။

သာသနာ့ဒါယကာမင်းတရားကြီး၊ ယခုသော်ကား ကုဋေဂါရကျောင်းတော်ကြီးကို အပိုင်စီးရန် တိုင်းတစ်ပါးသားရဟန်းတွေ တစ်စုတစ်ဝေးကြီးလာနေကြပါပြီ။ မကြာမီမှာပင် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သည့် ဂန္ဓကုဋီတိုက်ခန်းကို ဖျက်ဆီးပစ်ကြပါတော့မည်။ သူတို့ကို မလာနိုင်အောင် တားမြစ်ပေးပါလော့ သာသနာ့ဒါယကာမင်းတရားကြီး"

ဤသို့သောအကြောင်းပြချက်ဖြင့် မေတ္တာရပ်ခံသည်တွင် ကာဠာသောကမင်းကလည်း သူတို့ဘက်မှ မားမားမတ်မတ်ကြီး ရပ်တည်ပေးခဲ့ပါ၏။

ကာဠာသောကမင်းသည် သဒ္ဓါတရားထက်သန်စွာဖြင့် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သူကား ဟုတ်ပါ၏။ ထိုသဒ္ဓါတွင် ပညာဦးစီး၍မထားနိုင်သဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိပါချေ။ ထို့ပြင် ဘုရားသာသနာတော်ထမ်း ရဟန်းသံဃာမှန်လျှင် တစ်ပြေးညီသဘောထားရမည်ဖြစ်ပါလျက် နီးရာဘက်သို့သာ လိုက်ပါခဲ့၏။ ထို့ကြောင့်လည်း အလွန်တရာ ဝန်လေးလှစွာသော အမှုကြီးကို ပြုလိုက်မိပေတော့သည်။

ဝဒ္ဓိပုတ္တကရဟန်းများ၏ စကားအရ ကုဋေဂါရကျောင်းတော်ရှိ မြတ်စွာဘုရား၏ဂန္ဓကုဋီတိုက်ခန်းကို လုယူဖျက်ဆီးရန်လာနေကြသော ရဟန်းအပေါင်းကို တားမြစ်နိုင်ရန် စစ်တပ်ကြီးကို စေလွှတ်ခဲ့၏။ လက်နက်အင်အား၊ လူအင်အား အပြည့်အစုံ ပါဝင်ဖွဲ့စည်းထားသော စစ်တပ်ကြီးသည် ပြည်နီးချင်းမင်းတကာတို့၏စစ်တပ်ကြီးများကိုပင် နယ်မကျူးလွန်ရအောင် တားဆီးနိုင်စွမ်းရှိခဲ့ပါ၏။

သို့ပါလျှက် အကောက်ဒေသမှ ရဟန်းများသည် ဘေးအန္တရာယ်လုံးဝမရှိဘဲ ဝဒ္ဓိနိုင်ငံထဲ ရောက်လာကြပေပြီ။ ထိုသူလိမ္မာထက်အနီးသို့ပင် ရောက်လာကြ

ပေပြီ။ ဝဇ္ဇီပုတ္တာကရဟန်းများ မအံ့သြဘဲ နေနိုင်ပါမည်လော။ မတုန်လှုပ်ဘဲ နေနိုင်ပါမည်လော။

အံ့သြရင်း၊ တုန်လှုပ်ရင်းဖြင့်ပင် သူတို့သည် အစုလိုက်အစုလိုက် ရောက်လာကြသော အာဂန္တုရဟန်းများအတွက် ကုဋေဂါရကျောင်းကြီးပေါ်မှာ နေရာပေးကြရ၏။ ဘုရားလက်ထက်တော်ကတည်းက သံဃိကကျောင်းတိုက်ကြီးဖြစ်နေခဲ့၍ ကျောင်းနေပုဂ္ဂိုလ်များက အာဂန္တုရဟန်းများကိုတား‌ဆီးပိုင်ခွင့်မရှိချေ။ သာသနာတော်ဝန်ထမ်းရဟန်းမှန်သမျှ ဝင်ရောက်တည်းခိုခွင့်၊ နေထိုင်ခွင့် ရှိကြပေသည်။

ကြွရောက်လာသည့်ရဟန်းများမှာ သိန်းပေါင်းများစွာရှိနေသဖြင့် ကုဋေဂါရကျောင်းတော်တစ်ခုတည်းနှင့် မလုံလောက်ဘဲ ဝေသာလီမြို့တော်ဝန်းကျင်ကရှိရှိသမျှကျောင်းများသို့ ခွဲဝေမျှတ၍ သီတင်းသုံးကြရပေသည်။

ဦးစီးခေါင်းဆောင်မထေရ်ကြီးများသည်ကား ကုဋေဂါရကျောင်းတော်ကြီးမှာ မတည်းခိုကြပေ။ သက်တော်ရှည် သဗ္ဗကာမီမထေရ်မြတ်ကြီးကျောင်းသို့ သွားရောက်ကာ မထေရ်မြတ်ကြီးခြေအစုံ၌ ဦးခိုက်ရှိခိုးကြ၏။ ဖြစ်ပေါ်လာသည့် အဓိကရဏ်းကြီး ပြီးဆုံးသွားအောင် ဖြေရှင်းဆုံးဖြတ်ရမည့်ကိစ္စများကို လျှောက်ထားကြ၏။

အရှင်ယသသည် ယခင်တစ်ခေါက် ဝေသာလီမြို့တော်ရောက်ခဲ့တုန်းက အရေးပေါ်ကိစ္စပေါ်ပေါက်လာသဖြင့် သက်တော်ရှည်အရှင်မြတ်ကြီးထံ မရောက်ခဲ့ရပေ။ သို့ဖြစ်၍ ယခုတစ်ခေါက်ကျခါမှ အားပါးတရဦးခိုက်ရ၏။ သက်တော်ရှည်အရှင်မြတ်ကြီးကလည်း အရှင်ယသပြန်ကြွသွားပြီးမှ သတင်းအစုံကိုကြားသိပြီး တွေ့ချင်ဆုံချင်စိတ်များ ပွားစည်းနေခဲ့ရာ ယခုမှ အားပါးရတကြိုဆိုနှုတ်ဆက်ရပေတော့သည်။

ယခင်အချိန်များတုန်းက မိမိမှာ သက်ကြီးရွယ်အိုအစွယ်တိုဖြစ်နေသဖြင့် ဤအဓိကရဏ်းကို သည်အတိုင်း ကြည့်နေခဲ့ရ၏။ 'ဤအဓိကရဏ်းကြီးကို ဖြေရှင်းဆုံးဖြတ်နိုင်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်များ ဘယ်အရပ်က ပေါ်လာပါမည်နည်း' ဟု တောင့်တနေခဲ့ရ၏။ ယခုတော့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်များက မိမိကျောင်းအိုကြီးသို့ တစ်စုတစ်ဝေးကြီး ရောက်လာကြချေပြီ။ တစ်ရှာလေးဆယ်မျှ ရှည်လျားလှစွာသော ဘဝတစ်သက်တာဝယ် ဤနေ့ဤရက်လောက် ဝမ်းမြောက်ဖွယ်ကောင်းသည့်နေ့သည်ကား ပထမသင်္ဂါယနာတင်အခမ်းအနားကြီး စတင်ခဲ့သည့်နေ့သာ ဖြစ်ပါလိမ့်မည်။

အလင်းသစ်စာပေ

ကျောင်းနေရဟန်းငယ်များနှင့် သာမဏေများသည် အာဂန္တုမထေရ်ကြီး များအတွက် ကျိန်းစက်ရန်နေရာများကို အသီးသီးခင်းပေးကြ၏။ သက်တော်ရှည်အရှင်မြတ်ကြီးအတွက် နေရာကို ကျိန်းစက်နေကျအခန်းထဲမှာ ခင်းပေးကြ၏။ အရှင်ရေဝတအတွက်ကား ထိုအခန်းဝမှာပင် ခင်းပေးကြပေသည်။

အဓိကရဏ်းကြီးပြီးငြိမ်းရေးအတွက် တိုင်ပင်လျှောက်ထားရင်း ညဉ့်နက်လာပြီဖြစ်၍ မထေရ်မြတ်ကြီးများအသီးသီး အိပ်ရာဝင်ကြ၏။ သို့ရာတွင် အရှင်သဗ္ဗကာမီနှင့် အရှင်ရေဝတတို့ကား အိပ်ရာထက်၌ ကျောမခင်းကြသေးပေ။ တစ်ပါးကိုတစ်ပါး အကဲခတ်ရင်း ကိုယ့်နေရာမှာပင် ငြိမ်သက်စွာ ထိုင်နေကြ၏။

အရှင်ရေဝတက 'ဩော်... သက်တော်ရှည်အရှင်မြတ်ကြီးကိုယ်တော်တိုင် မကျိန်းစက်သေးပါတကား' ဟု နှလုံးသွင်းကာ မိမိလည်း မကျိန်းစက်သေးဘဲ ထိုင်နေ၏။

ထို့အတူပင် သက်တော်ရှည်အရှင်မြတ်ကြီးကလည်း 'ဩော်... ဤအာဂန္တုရဟန်းသည် ခရီးပန်းလာခဲ့ပါလျက် မကျိန်းစက်သေးပါကလား' ဟု နှလုံးသွင်းကာ မိမိကလည်း မကျိန်းစက်သေးဘဲ ထိုင်နေ၏။

သာသနာ့ဦးသျှောင် အရှင်မြတ်ကြီးနှစ်ပါးတို့၏ တစ်ပါးအပေါ်တစ်ပါးက လေးလေးစားစား သဘောထားခဲ့ပုံများမှာ သာသနာ့ဝန်ထမ်းရဟန်းအားလုံးအတွက် စံနမူနာပင်ဖြစ်ပါပေသည်။ သာသနာတော်ကို ကြည်ညိုဆည်းကပ်သူအားလုံးအတွက်လည်း ဖြစ်ပါပေသည်။

ဤသို့ ကိုယ့်တရားနှင့်ကိုယ် ထိုင်နေခဲ့ကြ၍ နံနက်လင်းလာသောအခါ သက်တော်ရှည်အရှင်မြတ်ကြီးက -

"ငါ့ရှင်၊ ယခုအခါ သင်သည် အဘယ်တရားဖြင့် အကြိမ်များစွာ သီတင်းသုံးပါသနည်း" ဟု မေးမြန်းရာ -

"အရှင်ဘုရား၊ တပည့်တော်သည် များသောအားဖြင့် မေတ္တာဘာဝနာဖြင့် နေထိုင်ပါသည်ဘုရား"

"ငါ့ရှင်၊ ကောင်းလှပါပေ၏။ သင်သည် ပေါ်လွင်ထင်ရှားသောနေခြင်းဖြင့် နေခဲ့ပါပေ၏။ မေတ္တာဘာဝနာကို ပေါ်လွင်ထင်ရှားသောနေခြင်းဟုခေါ်ပေ၏"

"မှန်ပါသည်ဘုရား။ တပည့်တော်သည် ရှေးယခင် လူဝတ်နှင့်ရှိစဉ်ကပင် မေတ္တာဘာဝနာကို အလေ့အကျင့်များခဲ့ပါသည်။ ထို့ကြောင့်လည်း ယခု ရဟန်းဘောင်မှာလည်း မေတ္တာဘာဝနာဖြင့် အကြိမ်များစွာ နေထိုင်လာခဲ့ပါသည်။

စင်စစ်သော်ကား တပည့်တော် အရဟတ္တဖိုလ်သို့ရောက်သည်မှာ အချိန်ကြာခဲ့ပါပြီ ဘုရား"

ဤသို့ လေးလေးစားစား လျှောက်ထားပြီးလျှင် –

"အရှင်ဘုရား၊ အရှင်ဘုရားသည်လည်း ယခုအခါ အဘယ်တရားဖြင့် အကြိမ်များစွာ ဘီတင်းသုံးတော်မူပါသနည်း" ဟု ပြန်လည်မေးလျှောက်ရာ–

"ငါ့ရှင်၊ ငါသည် ယခုအခါ သုညတဘာဝနာဖြင့် အကြိမ်များစွာ နေထိုင်ပါသည်"

"အရှင်ဘုရား၊ ကောင်းလှပါပေ၏။ အရှင်ဘုရားသည် မဟာပုရိသဝိဟာရဖြင့် နေထိုင်ခဲ့ပါပေ၏။ သုညတဘာဝနာကို မဟာပုရိသဝိဟာရဟု ခေါ်ပါသည် ဘုရား

"မှန်ပါသည် ငါ့ရှင်၊ ငါသည် ရှေးယခင် လူဝတ်နှင့်ရှိစဉ်ကပင် သုညတဘာဝနာကို အလေ့အကျင့်များခဲ့ပါသည်။ ထို့ကြောင့်လည်း ယခု ရဟန်းဘောင်မှာလည်း သုညတဘာဝနာဖြင့် အကြိမ်များစွာ နေလာခဲ့ပါသည်။ စင်စစ်သော်ကား ငါ အရဟတ္တဖိုလ်ရောက်ခဲ့သည်မှာ အချိန်ကြာခဲ့ပါပြီ"

ဤသို့ အရှင်မြတ်ကြီးနှစ်ပါးတို့ ဘာဝနာနှင့်ပတ်သက်၍ စကားစမြည်ပြောဆိုနေကြစဉ်မှာပင် အရှင်သမ္မုတသည် သက်တော်ရှည်အရှင်မြတ်ကြီး၏ ခြေအစုံ၌ ဦးခိုက်ပြီးလျှင် ဝဇိုပုတ္တကရဟန်းများ ဟောပြောလက်ခံထားသည့် ဆယ်မျိုးသောအချက်တို့ကို လျှောက်ထားပြီးလျှင် –

"အရှင်ဘုရား၊ အရှင်ဘုရားသည် ဥပဇ္ဈာယ်ဆရာ၏ ထံတော်ပါး၌ မြောက်မြားစွာသော ဓမ္မ ဝိနယတို့ကို သင်ယူလာခဲ့ရပါပေ၏။ ဓမ္မ ဝိနယကို ဆင်ခြင်သုံးသပ်လိုက်သောအခါတွင် 'အဘယ်သူသည် ဓမ္မဝါဒီဖြစ်ပါသနည်း။ အရှေ့တိုင်းသားရဟန်းများသည်ပင် ဓမ္မဝါဒီဖြစ်လေသလော။ ပါဝါမြို့သားရဟန်းများသည်ပင် ဓမ္မဝါဒီဖြစ်လေသလော' ဟု စဉ်းစားမိပါသလားဘုရား"

ဟု မေးလျှောက်ရာ –

"ငါ့ရှင်၊ သင်သည်လည်း ဥပဇ္ဈာယ်ဆရာ၏ ထံတော်ပါး၌ မြောက်မြားစွာသော ဓမ္မ ဝိနယတို့ကို သင်ယူလာခဲ့ရပါပေ၏"

ဤသို့အစချီကာ အရှင်သမ္မုတ၏ မေးခွန်းများကိုသာ တုံ့ပြန်၍ မေးသဖြင့်–

"အရှင်ဘုရား၊ ဓမ္မ ဝိနယကို ဆင်ခြင်သုံးသပ်လိုက်သောအခါ အရှေ့တိုင်းသားရဟန်းများသည် အဓမ္မဝါဒီများဖြစ်ကုန်၏။ ပါဝါမြို့သားရဟန်းများသည်ကား ဓမ္မဝါဒီများဖြစ်ကုန်၏ဟု တပည့်တော် စဉ်းစားမိပါသည်။ သို့ရာတွင် တပည့်တော်သည် တပည့်တော်၏အမြင်ကို ယခုမထုတ်ဖော်လိုသေးပါ။ တပည့်တော်ကို ဤအဓိကရဏ်းကြီး ဖြေရှင်းဆုံးဖြတ်သည့်ကိစ္စတွင် တာဝန်ပေးခြင်း ခံရကောင်းခံရဖွယ်ရှိနေ၍ ဖြစ်ပါသည်"

ဤသို့ အရှင်သမ္မူတက လျှောက်ထားလိုက်သည့်အတွက် သက်တော်ရှည်အရှင်မြတ်ကြီးကလည်း ထိုအတိုင်း ပြန်လည်၍ ဖြေကြားလိုက်ပေသည်။

❑

အာလင်သစ်စေး

ငရဲအိုးသို့ ဇောက်ထိုးမိုးမျှော်

သက်တော်ရှည် အရှင်မြတ်ကြီးနှင့် သံဃနာယကမထေရ်ကြီးများသည် ဤအဓိကရဏ်းကြီးကို ဖြေရှင်းပြီးလျှင် ဒုတိယအကြိမ် သင်္ဂါယနာတင်ပွဲကြီးကိုလည်း ဆက်လက်၍ ကျင်းပရန် စီစဉ်ထားကြ၏။

သို့ရာတွင် ထိုကဲ့သို့သော သံဃာ့ကိစ္စကြီးများအတွက် ဒါယကာများဘက်က ထောက်ပံ့ကူညီမှုကို ဝေဿာလီမြို့သူမြို့သားများထံမှသာ ရနိုင်ပါလိမ့်မည်။ ပထမသင်္ဂါယနာပွဲတော်တွင် အဇာတသတ်မင်းကြီးက သာသနာ့ဒါယကာအဖြစ်ခံယူခဲ့၏။ ယခုလက်ရှိ ကာဠာသောကမင်းကတော့ ခံယူမည့်အရိပ်အယောင်မျှ မရှိသေးပါ။ မိမိတိုင်းပြည်သို့ ကြွရောက်လာသည့် ရဟန္တာအရှင်မြတ်ကြီးများကို တားမြစ်ရန် စစ်တပ်ကြီးများကိုပင် စေလွှတ်ခဲ့သေးသည် မဟုတ်ပါလော။

မထေရ်ကြီးများထဲတွင် အဘိညာဉ်ခြောက်တန်ရ ပုဂ္ဂိုလ်များလည်း ပါဝင်၏။ ထိုမထေရ်ကြီးများသည် အနာဂတ်သအဘိညာဉ်စွမ်းအားဖြင့် ရှေ့အလားအလာကို လှမ်းမြင်ထားပြီးဖြစ်ပါလိမ့်မည်။ သို့ရာတွင် လောလောဆယ်အချိန်၌ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သေးသဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ နှုတ်ဆိတ်နေကြပေသည်။

သံဃာတော်များဘက်က ဤကဲ့သို့ နှုတ်ဆိတ်လျက် ငြိမ်ငြိမ်သက်သက် ရှိနေကြချိန်တွင် ဝေဿာလီနန်းတော်ကြီးတစ်ခုလုံးကား လှုပ်လှုပ်ရှားရှားဖြစ်နေကြရ၏။ နန်းတော်သားအမှုထမ်းများမှာ ပုရောဟိတ်ကြီးများ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံကြရသဖြင့် နေစရာမရှိအောင် တုန်လှုပ်နေကြရ၏။ ထို့အတူပင် ပုရောဟိတ်ကြီးများကိုယ်တိုင်မှာလည်း ကာဠာသောကမင်း၏ရှေ့မှောက်သို့ ဝင်

ရောက်ခစားရမည့်အရေးကို ဝန်အလေးကြီးလေးနေကြရ၏။ ဤသို့ဝန်လေးနေ ရခြင်းမှာ လွန်ခဲ့သည့်ညတုန်းက အဖြစ်ဆိုးကြီးကြောင့် ဖြစ်ပေသည်။

လွန်ခဲ့သည့်ညအချိန်တုန်းက အလွန်တရာထွားကျိုင်းလှစွာသော၊ အလွန်တရာကြောက်မက်ဖွယ်ကောင်းလှစွာသော ဘီလူးကြီးဆယ်ယောက်တို့သည် နန်းတော်ထဲသို့ ဇွတ်အတင်းဝင်လာခဲ့ကြ၏။ နန်းတော်စောင့်များ ကြောက်လန့်တကြားနှင့် အံ့အားသင့်နေကြစဉ်မှာပင် ရာဇပလ္လင်သို့ချဉ်းကပ်ကြပြီးလျှင် ကာဋ္ဌာသောကမင်းအား ရုန့်ရင်းစွာ ဆဲဆိုကြိမ်းမောင်းလျက် ကြမ်းကြမ်းတမ်းတမ်း ဆွဲချ၍ ခေါ်သွားကြ၏။

မြို့ပြင်ဘက်သို့ရောက်သောအခါ ဘီလူးကြီးတို့သည် အလျှံပြောင်ပြောင် တောက်လောင်နေသည့် သံချွန်ကြီးများဖြင့် ကာဋ္ဌာသောကမင်းကို ထိုး၍ကော်ယူပြီးလျှင် ပွက်ပွက်ဆူနေသော ငရဲအိုးကြီးနားသို့ သယ်ဆောင်သွားကြ၏။ ငရဲအိုးကြီးနားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကာဋ္ဌာသောကမင်းကို ငရဲအိုးကြီးထဲသို့ ဇောက်ထိုးမိုးမျှော် ပစ်ချလိုက်ကြလေရာ ကာဋ္ဌာသောကမင်းမှာ အသံကုန်ဟစ်အော်လိုက်ရပေတော့သည်။

မိမိအော်သံဖြင့် မိမိဘာသာ လန့်နိုးလာခါမှ အိပ်မက်မက်နေကြောင်းသိရှိလာရ၏။ သို့ရာတွင် စိတ်နှလုံးတုန်လူပ်ချောက်ချားခြင်းများကတော့ လျော့နည်းမသွားပါ။ ဤမျှလောက် ကြောက်မက်ဖွယ်ကောင်းသည့် အိပ်မက်ဆိုးကြီးမက်ထားမှတော့ အဖြစ်ဆိုးတစ်ခုခုနှင့်တော့ ကြုံရပေတော့မည်။ မည်ကဲ့သို့သော အဖြစ်ဆိုးနှင့် ကြုံရပေမည်နည်း။

မက်ထားပြီးသော အိပ်မက်ဆိုးကြီးကိုလည်း တွေး၍ကြောက်၏။ ထိုအိပ်မက်ဆိုးကြီးနှင့်ပတ်သက်နေသည့် အဖြစ်ဆိုးကြီးကိုလည်း တွေး၍ကြောက်၏။ ထို့ကြောင့် ကာဋ္ဌာသောကမင်းမှာ ထိုညတစ်ညလုံး ဆက်လက်မအိပ်စက်နိုင်တော့ပေ။ ကုန်ဆုံးစေချင်ခါမှ မကုန်နိုင်မဆုံးနိုင်သော တစ်ညတာကာလကို ခဲယဉ်းပင်ပန်းစွာ ဖြတ်ကျော်လာခဲ့ရ၏။

နံနက်လင်း၍ ညီလာခံသဘင် ကျင်းပသောအခါ ကာဋ္ဌာသောကမင်းသည် ပုရောဟိတ်ကြီးများအား ညတုန်းက အိပ်မက်ဆိုးကြီးကို ပြောပြပြီးလျှင် "ငါ၏ပုရောဟိတ်ကြီးများ၊ ဤအိပ်မက်ဆိုးကြီးကို ဘာကြောင့်မြင်မက်ခဲ့ရပါသလဲ။ ဤအိပ်မက်ဆိုးကြီးကြောင့် အဘယ်သို့သောအဖြစ်မျိုးများနှင့် တွေ့ကြုံ

ရပါမည်နည်း။ ဤအချက်များကို အမြန်ဆုံးသိအောင် ကြိုးစား၍လျှောက်တင်ရမည်"

ဤသို့ အမိန့်ချမှတ်လိုက်၏။

အိပ်မက်တိတ္ထုံကျမ်းများ၌ ဤသို့သောအိပ်မက်နှင့်ပတ်သက်၍ ရှေ့တွင် တွေ့ကြုံလာနိုင်သည့်အဖြစ်အမျိုးမျိုးကို ပြဆိုထား၏။ ထို့ကြောင့် ပုရောဟိတ်ကြီးများသည် ထိုအဖြစ်များထဲမှ မင်းမျက်သင့်မည့်အချက်များကို ရှောင်ကွင်းကာ ကျန်သောအချက်များကို လျှောက်တင်နိုင်ကြ၏။ သို့ရာတွင် ဤအိပ်မက်ဆိုးကြီးမက်လာရသည့်အကြောင်းကိုကား သူတို့ သေသေချာချာမသိကြသဖြင့် ထုတ်လျှောက်တင်ရန် မစွမ်းနိုင်ကြပေ။

သိလိုလှသည့်အချက်တစ်ခုကို ကွဲကွဲပြားပြားမသိရသဖြင့် ကာဠာသောကမင်းမှာ မချင့်မရဲဖြစ်နေရ၏။ မချင့်မရဲဖြစ်ရာမှ ပုရောဟိတ်ကြီးများကို ခြိမ်းခြောက်မာန်မဲမိတော့၏။ ဤတွင် ပုရောဟိတ်ကြီးများမှာ ညီလာခံသို့ ဝင်ရမည့်အရေးကိုပင် ဝန်လေး၍နေကြရပေသည်။

ဤကဲ့သို့ တစ်နန်းတော်လုံး ကြိမ်မီးအုံးသို့ဖြစ်နေကြရသည်တွင် ကယ်တင်ရှင်ပုဂ္ဂိုလ်မြတ်တစ်ပါး ပေါ်ပေါက်လာ၏။ တကယ်တော့ဖြင့် ထိုကယ်တင်ရှင်ပုဂ္ဂိုလ်မှာ ဤရွှေနန်းတော်မှာ ဖွားမြင်ခဲ့သူဖြစ်ပါ၏။ ကာဠာသောကမင်း၏နှမတော်အရင်းအချာလည်း ဖြစ်ပါ၏။

သို့ရာတွင် ထိုပုဂ္ဂိုလ်မှာ ဤရွှေနန်းတော်ကြီးနှင့် ဘာမျှမဆိုင်တော့ပါ။ ဤရွှေနန်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းကို လွတ်လွတ်ကျွတ်ကျွတ်ကြီး စွန့်ခွာပြီးလျှင် မြတ်စွာဘုရား သာသနာတော်တွင်းသို့ ဝင်ရောက်သွားခဲ့သူဖြစ်၏။

ယခင်တုန်းကတော့ နန္ဒာမင်းသမီးလေးဟု ချစ်မြတ်နိုးစွာ ခေါ်လာခဲ့ကြရ၏။ ယခုတော့ အရှင်မနန္ဒာ (သို့မဟုတ်) နန္ဒာထေရီဟု ရိုသေလေးမြတ်စွာခေါ်ဝေါ်ကြရ၏။ အရှင်မနန္ဒာသည် သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်သောအားဖြင့် ရဟန္တာအဆင့်ထိ ဆိုက်ရောက်ခဲ့၏။ စွာန်အဘိညာဉ်တို့ကိုလည်း ရရှိခဲ့၏။

ထို့ကြောင့် ဝေသာလီနန်းတော်မှ အဖြစ်အပျက်များကို သက်ဆိုင်ရာအဘိညာဉ်စွမ်းအားတို့ဖြင့် သိမြင်ကာ ကောင်းကင်ခရီးမှ ကြွချီလာပေသည်။

ကာဠာသောကမင်းသည် မဖူးတွေ့တာကြာလှပြီဖြစ်သော နှမတော်ကို မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ ရာဇပလ္လင်ထက်မှ ဆင်းသက်၍ ဦးခိုက်ရှိခိုးပြီးလျှင် အရှင်မအား မြင့်မြတ်သောနေရာသို့ ပင့်ဆောင်ပြီးလျှင် အရှင်မရှေ့မှောက်၌ ရိုသေစွာထိုင်နေ၏။

နန္ဒာထေရိသည် အစ်ကိုတော်၏ ရှိခိုးဦးခိုက်ခြင်းကို တည်ကြည်ငြိမ်သက်စွာခံယူပြီးလျှင် -

"မင်းကြီး၊ သင်မင်းကြီးသည် အလွန်တရာဝန်လေးစွာသော မကောင်းမှုကြီးကို ပြုခဲ့မိချေပြီတကား။ အကယ်၍သာ သင်မင်းကြီး စေလွှတ်လိုက်သော စစ်တပ်ကြီးများနှင့် တိုင်းတစ်ပါးမှ ကြွလာကြသည့် ရဟန်းသံဃာများ ထိပ်တိုက်တွေ့ဆုံရပါလျှင် အလွန်အလွန်ကြီးလေးလှသည့် အပြစ်ကြီးများ ဖြစ်လာကြရပေတော့မည်။ သာသနာစောင့်နတ်များက စစ်တပ်ကြီးများကို လမ်းလွဲရောက်အောင် ပို့ဆောင်ပေးလိုက်ကြရ၍သာ တော်ပေတော့သည်။

မင်းကြီး၊ ဤသို့သောမကောင်းမှုကြီးကြောင့်ပင် သင်မင်းကြီးမှာ ကြောက်မက်ဖွယ်အိပ်မက်ဆိုးကြီးကို မြင်မက်ခဲ့ရ၏။ အကယ်၍ သင်မင်းကြီး စေခိုင်းလိုက်သည့်အတိုင်းသာ စစ်တပ်ကြီးများက ပြုလုပ်ခွင့်ရခဲ့ပါလျှင် သင်မင်းကြီးသည် အိပ်မက်ထဲမှာ မြင်မက်ခဲ့ရသည့်အတိုင်း ဃောဟကမ္မိုင်ရဲအိုးကြီးထဲသို့ ဦးခေါင်းဇောက်ထိုးကျရမည်သာတည်း"

"ကောင်းပါပြီအရှင်မဘုရား။ ဤအဖြစ်ဆိုးက လွတ်အောင် တပည့်တော်မည်သို့ပြုရပါမည်နည်း"

"မင်းကြီး၊ သင်မင်းကြီးသည် ဓမ္မဝါဒီရဟန်းများအပေါ်၌ ကာယကံမမြောက်သောပြစ်မှားမှုကို ကျူးလွန်ခဲ့၏။ ထို့ကြောင့် ထိုဓမ္မဝါဒီရဟန်းများရှေ့မှောက်၌ ထိုအပြစ်ကို ထုတ်ဖော်လျှောက်ထား၍ တောင်းပန်ပါလော့။ ဓမ္မဝါဒီရဟန်းများကို တရားဥပဒေနှင့်အညီ စောင့်ရှောက်ပါလော့။ ဓမ္မဝါဒီရဟန်းများ၏ အမှုကိစ္စများကို အထောက်အပံ့ပြုကာ သာသနာ့ဒါယကာအဖြစ်ကို ခံယူပါလော့"

"ကောင်းပါပြီ အရှင်မဘုရား"

ကြက်သီးထစေမန်း ကြမ်းတမ်းလှစွာသော အဖြစ်ဆိုးများ ပြီးဆုံးချိန်ဝယ် ဃသာလီနန်းတော်ထက်မှာ သာဓုခေါ်သံများ ထွက်ပေါ်လာကြပါပေသည်။

□

သံယာ့အစည်းအဝေးကြီး၏ဆုံးဖြတ်ချက်များ

နန္ဒာထေရီ၏ဦးဆောင်မှုဖြင့် ကာဠာသောကမင်း၏ဝန်ချတောင်းပန်ပွဲနှင့် သာသနာ့ဒါယကာအဖြစ် ခံယူပွဲများ အောင်မြင်စွာကျင်းပပြီးစီးသွားပေပြီ။

နှမတော်ထေရီ၏ ရှင်းလင်းမိန့်ကြားချက်များကို ကြားနာရသဖြင့် ကာဠာသောကမင်းသည် အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာခဲ့ပါပြီ။ လောဟကုမ္ဘိငရဲအိုးကြီးကို ကြောက်ရွံ့၍ ဝန်ချတောင်းပန်သူအဖြစ်မှ ဥပါသကာ အစစ်အမှန်အဖြစ်သို့ ဆိုက်ရောက်လာခဲ့ပါပြီ။ ရတနာမြတ်သုံးပါး၏ဂုဏ်ကျေးဇူးကို အမှန်တကယ် ယုံကြည်ဆည်းကပ်သည့် ဘုရားတပည့်သားတစ်ယောက် ဖြစ်လာခဲ့ပါပေပြီ။

ထိုနေ့ ဆွမ်းစားပြီးချိန်တွင် ဓမ္မဝါဒီရဟန်းအပေါင်းသည် ဖြစ်ပေါ်ခဲ့သော အဓိကရဏ်းကြီးကို ဖြေရှင်းဆုံးဖြတ်ရန် စည်းဝေးကြ၏။ အစည်းအဝေး စတင်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် တက်ရောက်လာကြသော ရဟန်းများသည် မိမိ၏သဘောထားထင်မြင်ချက်ကိုတင်ပြကြ၏။ ပြင်းထန်၍ဆိုးရွားလှသော အဓိကရဏ်းကြီးကို မြန်မြန်ပြီးဆုံးစေလိုသည့်စိတ်များ စောနေသဖြင့် တစ်ပါးပြီးမှတစ်ပါးပြောရန် စောင့်မနေနိုင်တော့ဘဲ စိတ်ထဲမှာရှိသမျှ ထုတ်ဟပြောဆိုကြ၏။ ဤတွင် အစည်းအဝေးကြီးတစ်ခုလုံး တသောသောဖြစ်၍ စကားသံချင်းရောနှောကုန်ကြရာ ဘာဆိုလိုမှန်း မသိနိုင်အောင် ဖြစ်ကုန်ကြပေသည်။

ဤတွင် အရှင်ရေဝတသည် အသံဗလံများ ငြိမ်သက်သွားအောင် စောင့်ဆိုင်းပြီးလျှင် အစည်းအဝေးလာသံဃာအားလုံးထံ ပန်ကြားကာ ဥဇ္ဇာဟိတက ဝိနည်းဖြင့် တာဝန်ခံဆွေးနွေးပြောဆိုမည့် ပုဂ္ဂိုလ်ရှစ်ပါးကို ရွေးကောက်၍ တာဝန်ပေးလိုက်ရ၏။ အရှေ့အရပ် ဝေသာလီမြို့တော်၌ သီတင်းသုံးသည့်ရဟန်းများ

ကိုယ်စား ပြောကြားရန် အရှင်သဗ္ဗကာမီ၊ အရှင်သာဠ၊ အရှင်ခုဇ္ဇသောဘိတနှင့် အရှင်ဝါသဘဂါမိကတို့ကို ရွေးချယ်၏။ ပါဝါမြို့မှရောက်လာကြသော ရဟန်းများကို ကိုယ်စားပြောကြားရန် အရှင်ရေဝတ၊ အရှင်သမ္မုတ၊ အရှင်ယသ၊ အရှင်သုမနတို့ကိုတာဝန်ပေး၏။ ထိုနှင့်တစ်ဆက်တည်းမှာပင် သံဃာတော်များအတွက် နေရာခင်းပေးရန် အရှင်အဇိတအား တာဝန်ပေး၏။ အရှင်အဇိတသည်ကား ရဟန်းဆယ်ဝါရပြီးလျှင် လပြည့်၊ လကွယ် သံဃာ့ဥပုသ်ကံများပြုရာ၌ သံဃာတော်များအား ပါတိမောက်ပြရသူဖြစ်ပေသည်။

ထို့နောက် အရွေးချယ်ခံ အရှင်မြတ်ရှစ်ပါးနှင့်တကွ အစည်းအဝေးတက်ရောက်လာကြသည့် ရဟန်းအပေါင်းသည် ဝါလုကာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့လာခဲ့ကြပေသည်။

ဝေသာလီမြို့တော်တစ်ဝိုက်ရှိ ကျောင်းတိုက်တာတို့တွင် ဝါလုကာရုံကျောင်းတိုက်သည် အကျယ်ဝန်းဆုံးဖြစ်၏။ မြေမျက်နှာပြင်ကလည်း စည်မျက်နှာပြင်တမျှ ညီညွတ်လှ၏။ ကျောင်းအဆောက်အအုံများနှင့်တကွ ရေတွင်းရေကန်များ ပေါများလှ၏။ ကျောင်းအာရာမ်မြေ ကျယ်ဝန်းသည်နှင့်အမျှ အကွက်ကျကျ စိုက်ပျိုးထားသော သစ်ပင်ပန်းမန်များကြောင့် အရိပ်အာဝါသကောင်းလှ၏။ ထို့ကြောင့်လည်း သိန်းပေါင်းများစွာသောရဟန်းတို့ သက်သောင့်သက်သာနေထိုင်ခွင့် ရကြပေသည်။

ကျောင်းအာရာမ်မြေ၏ပတ်ဝန်းကျင်တွင် မင်းမူထမ်းများနှင့် စစ်သည်တော်များ စောင့်ရှောက်လျက်ရှိနေကြ၏။ အဓမ္မဝါဒီရဟန်းများနှင့်တကွ သူတို့ဘက်ကပါသူများက အနှောင့်အယှက်မပေးနိုင်စေရန် ဖြစ်ပါလိမ့်မည်။

သာသနာ့ဒါယကာ ကာဠာသောကမင်းသည် သံဃာ့အစည်းအဝေးကြီးအတွက် အကာအကွယ် အစောင့်အရှောက်ပေးထားသကဲ့သို့ပင် မြို့သူမြို့သားများကိုလည်း ဆွမ်းကွမ်းဃေယျာဝစွအပွဲများ ပွဲစည်းစေပြီးလျှင် အသီးသီးတာဝန်ခွဲဝေပေးအပ်ထား၏။ လိုအပ်သမျှသော ရိက္ခာတော်များနှင့် ဘဏ္ဍာတော်များကို ထုတ်ပေးစေ၏။

အရှင်အဇိတအမှူးရှိသော ရဟန်းများသည် အရိပ်ကောင်းလှသော ကျောင်းဝင်းမြေပေါ်၌ အဆင့်ဆင့်သောအခင်းများ ခင်းပေးကြ၏။ မေးမြန်းမည့် ပစ္စကပ္ခိုလ်နှင့် ပြန်ကြားမည့် ဝိသဇ္ဇပ္ခိုလ်များအတွက် သံဃာ့ပရိသတ်အားလုံးကြားနိုင်မြင်နိုင်အောင် ဝမ္ဘာသနပလ္လင်များ ခင်းပေးထားကြ၏။

သက်တော်ရှည် သဗ္ဗကာမီအရှင်မြတ်ကြီးသည် ဝိသဒ္ဓကပလ္လင်ထက်သို့ ရှေးဦးစွာ ကြွရောက်၍ သီတင်းသုံး၏။ ထို့နောက် အရှင်ရေဝတသည် ပုစ္ဆကပလ္လင်ထက်သို့ ကြွရောက်၍ သီတင်းသုံး၏။ အခြားအခြားသော မထေရ်ကြီးများသည်လည်း ထေရ်စဉ်ဝါလိုက် မိမိတို့နေရာအသီးသီး၌ သီတင်းသုံးကြပေသည်။

သာသနာ့ဒါယကာ ကာဠာသောကမင်းနှင့်တကွသော ဒါယကာ၊ ဒါယိကာမများသည်လည်း သံဃာတော်တို့၏နောက်ပါးက ရိုသေလေးမြတ်စွာကြည်ညိုလျက် ရှိကြပေသည်။

သက်တော်ထင်ရှားမြတ်စွာဘုရားကို မိလိုက်ကြသော မထေရ်ကြီးများသည် ဓမ္မာသနပလ္လင်ပေါ်က အရှင်မြတ်ကြီးနှစ်ပါးတို့ကို ဖူးမြော်ပြီးလျှင် ဟိုယခင် ပထမသင်္ဂါယနာတင်စဉ်တုန်းက အဖြစ်များကို ပြန်လည်၍မြင်ယောင်လာကြရ၏။ အရှင်ရေဝတသည် တတိယမဟာသာဝက အရှင်မဟာကဿပထမ်းဆောင် ခဲ့သည့်တာဝန်ကို ထမ်းဆောင်ရပါတော့မည်။ ထို့ပြင် သက်တော်ရှည် အရှင်မြတ်ကြီးသည်လည်း မိမိ၏ဆရာ အရှင်အာနန္ဒာ၏တာဝန်ကို ပခုံးပြောင်း၍ ထမ်းဆောင်ရပါတော့မည်။

သံဃာ့ပရိသတ်အားလုံးတို့ နေသားတကျရှိသွားကြသောအခါ ပုစ္ဆကပုဂ္ဂိုလ်အရှင်ရေဝတသည် သံဃာအား ဤသို့အသိပေးကြေညာလိုက်ပေသည်။

"အရှင်ဘုရားတို့၊ သံဃာသည် တပည့်တော်စကားကို နားထောင်ပါလော့။ သံဃာအား လျော်ပတ်သော အခါအခွင့်ရှိပါလျှင် တပည့်တော်သည် အရှင်သဗ္ဗကာမီအား ဝိနည်းကို မေးပါအံ့"

ဤသို့အသိပေးကြေညာသည်ကို ဝိနည်းကံများ ဆောင်ရွက်ရာတွင် ဥတ်ထားသည်ဟု ခေါ်ဆိုရပေသည်။

ထို့နောက် ဝိသဒ္ဓပုဂ္ဂိုလ် အရှင်သဗ္ဗကာမီကလည်း –

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ သံဃာအား လျော်ပတ်သော အခါအခွင့်ရှိပါလျှင် ငါသည် အရှင်ရေဝတမေးမြန်းသည့်ဝိနည်းကို ဖြေကြားပါအံ့"

ဤသို့ တည်ငြိမ်လေးနက်သောအသံဖြင့် ဥတ်ထားလိုက်ပေသည်။

ထို့နောက် ဖြစ်ပေါ်လာခဲ့သော အဓိကရဏ်းကြီးကို ဖြေရှင်းဆုံးဖြတ်ရန် အခါအခွင့်သင့်လာပြီဖြစ်၍ ပုစ္ဆကပုဂ္ဂိုလ်နှင့် ဝိသဒ္ဓကပုဂ္ဂိုလ်တို့၏မေးခန်းဖြေခန်းများကို ရဟန်းပရိသတ်၊ လူပရိသတ်အပေါင်းတို့ ကြားနာကြရပါတော့သည်။

"အရှင်ဘုရား၊ ဆားမရှိသောအရပ်သို့ရောက်လျှင် အရံသင့်စားသုံးရန် အလို့ငှာ ဆားချိုးခွက်မှာထည့်၍ ဆောင်ယူထားသောဆားကို ယာဝကာလိက ဘောဇဉ်များနှင့် ရောနှောစွဲစားခြင်းသည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရားတားမြစ်တော်မူခဲ့ပါသနည်း"

"သာဝတ္ထိမြို့တော်၌ ပညတ်တော်မူခဲ့သော သုဒ္ဓပါစိတ်၊ သန္နိဓိကာရကသိက္ခာပုဒ်၌ တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသည့်သိက္ခာပုဒ်များကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"ရဟန်းကိုယ်တိုင် သိုမှီးသိမ်းဆည်းထားသော ဘောဇဉ်ကို စားသောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်"

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ အဦးဆုံးဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့် မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ အဦးဆုံးဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

သက်တော်ရှည်အရှင်မြတ်ကြီးက ဤသို့နှုတ်မြွက်ရင်း အခမ်းအနားတွင် ပါဝင်သော သံဃာ့ကိုယ်စား ဆန္ဒပေးသော အထိမ်းအမှတ်အဖြစ်ဖြင့် ရွှေကလာပေါမှာ တင်ထားသည့် စာရေးတံဆယ်ချောင်းထဲက တစ်ချောင်းကို နိမ့်ရာမှာထားသော ခွက်ထဲသို့ ချပြလိုက်ပေသည်။

ထိုခဏတွင် သံဃာအားလုံးထံမှ တစ်ခဲနက် သာဓုခေါ်သံကြီး ထွက်ပေါ်လာပေသည်။

ဤပထမအချက်ကို ဖြေရှင်းဆုံးဖြတ်ရာ၌ ကာလိကများနှင့်ပတ်သက်၍ အယူအဆ ရွှပ်ထွေးမသွားစေရန် အစွဲကထာက ဖွင့်ပြထားသည်မှာ မှတ်သားဖွယ်ကောင်းလှပေသည်။ ကာလိကလေးပါးတို့တွင် ဆားသည် ယာဝဇီဝိကတွင် အပါအဝင်ဖြစ်သဖြင့် တစ်ကြိမ်တစ်ခါ အကပ်ခံထားပြီးလျှက် နောက်ထပ်တစ်ပန်း အကပ်ခံရန်မလိုတော့တဲ့ ရာသက်ပန်စားသုံးခွင့်ရှိပေသည်။ သို့ရာတွင် ထိုဆားကို ယာဝကာလိကဘောဇဉ်များနှင့် ရောနှောလိုက်၍ အရသာချင်း ရောနှောသွား

သည့်အခါတွင်ကား ယာဝကာလိကနှင့် အတူတူဖြစ်သွားတော့သည်။ ထို့ကြောင့် မွန်းမတည့်မီအချိန်အတွင်းမှာ စားသံးသော်ငြားလည်း ရဟန်းကိုယ်တိုင် သိမှီးသိမ်းဆည်းထားသော ဘောဇဉ်ကို စားသုံးခြင်းကြောင့် သန္နိကာရသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ခြင်းဖြစ်ပေသည်။

ထို့နောက် ဆက်လက်၍ အမေးစကား၊ အဖြေစကားတို့ကို ကြားနာကြရပြန်ပေသည်။

"အရှင်ဘုရား၊ နေမွန်းတည့်ပြီးနောက် နေရိပ်လက်နှစ်သစ် လွန်သောအခါ ဆွမ်းဘောဇဉ်များစားသုံးခြင်းသည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"ရာဇဂြိုဟ်မြို့တော်၌ ပညတ်တော်မူခဲ့သော ဝိကာလဘောဇနာသိက္ခာပုဒ်၌ တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသည့်သိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"နေလွဲသောအခါ၌ ခဲဖွယ်ဘောဇဉ်ကို စားသောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ နှစ်ခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သောအကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့် မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ နှစ်ခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု သာဓု သာဓု"

"အရှင်ဘုရား၊ ရွာတစ်ပါးသို့ သွားလိုသောရဟန်းသည် ပဝါရိုက်သင့်ထားပြီးလျှင် အတိရိုက်ဝိနည်းကံမပြုဘဲ ဆွမ်းဘောဇဉ်များ စားခြင်းသည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"သာဝတ္ထိမြို့တော်၌ ပညတ်တော်မူခဲ့သော သုဒ္ဓပါစိတ်၊ ပထမပဝါရဏာ သိက္ခာပုဒ်၌ တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသည့်သိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"ပဝါရိက်သင့်ပြီးပါလျက် အတိရိက်ဝိနည်းကံမပြုဘဲ ဆွမ်းဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်"

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ သုံးခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့် မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ သုံးခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ တစ်သိမ်ထဲ၌တည်ရှိသော ကျောင်းများ၌ နေထိုင်သော ရဟန်းတို့သည် အသီးသီးခွဲခြား၍ ဥပုသ်ကံပြုခြင်းသည် အပ်စပ်ပါ၏လော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော်၌ ကျောင်းတိုက်တာတစ်ခု အတွင်း၌ ဥပုသ်ပြုရာအဆောက်အအုံနှစ်ခုကို မသမုတ်အပ်။ သမုတ်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူခဲ့ပါသည်။ ထိုကဲ့သို့ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်၌ တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်"

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ လေးခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ လေးခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

အလင်းသစ်တပေ

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ မလာသေးသော ရဟန်းတို့၏ဆန္ဒကို လာသောအခါမှ ယူအံ့ဟု နှလုံးသွင်း၍ သံဃာမစုံဘဲ ကံပြုခြင်းသည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ။"

"အရှင်ဘုရား၊ အဘယ်အရပ်ဒေသ၌၊ အဘယ်သီကျွာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"မြတ်စွာဘုရားသည် စမ္ပာမြို့တော်၌ ကံအမျိုးမျိုးအတွက် သတ်မှတ်ထားသော ရဟန်းအရေအတွက်မပြည့်ဘဲ ဝင်္ကဖြစ်နေသောသံဃာက ကံပြုလျှင် တရားတော်နှင့် မညီညွတ်သောကံဖြစ်သည်ဟု ပညတ်တော်မူခဲ့ပါသည်။ ထိုသို့ ပညတ်တော်မူခဲ့သောသီကျွာပုဒ်၌ တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသီကျွာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"တားမြစ်တော်မူသောသီကျွာပုဒ်ကို ကျူးလွန်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်"

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ငါးခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ငါးခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာတို့၏အလေ့အကျင့်ဟူသမျှကို တပည့်များက လက်ခံကျင့်သုံးခြင်းသည် အပ်စပ်ပါသလော"

"တရားတော်နှင့် ညီညွတ်သောအလေ့အကျင့်သည် အပ်စပ်၍ တရားတော်နှင့်မညီညွတ်သော အလေ့အကျင့်သည်ကား မအပ်စပ်ပါ။

ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ခြောက်ခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ခြောက်ခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ နို့ရည်အဖြစ်ကို ကျော်လွန်၍ နို့ခမ်းအဖြစ်သို့မရောက်သေးသောနို့ကိုသောက်၍ ပဝါရိုက်သင့်ပြီးသောရဟန်းသည် အတိရိုက်ဝိနည်းကံမပြုဘဲ သောက်ဖွယ်များကို သောက်ခြင်းသည် အပ်စပ်ပါသလော"

"ဒါရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"သာဝတ္ထိမြို့တော်၌ ပညတ်တော်မူခဲ့သော ပဝါရဏာ ပထမသိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"ပဝါရိုက်သင့်ပြီးနောက် အတိရိုက်ဝိနည်းကံမပြုဘဲ စားသောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်"

"ဒါရှင်တို့၊ ခုနစ်ခုမြောက်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့် မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ခုနစ်ခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ သေအဖြစ်သို့မရောက်သေးသော သေနကိုသောက်ခြင်းသည် အပ်စပ်ပါသလော"

"ဒါရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"ကောသမ်ဗီမြို့တော်၌ ပညတ်တော်မူခဲ့သော သုရာပါနသိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"သေအရက်ကိုသောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

"ဒါရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ရှစ်ခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော

အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ရှစ်ခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

"အရှင်ဘုရား၊ အမြိတ်အဆာမပါသောနိသီဒိုင်သည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"သာဝတ္ထိမြို့တော်၌ ပညတ်တော်မူခဲ့သော နိသီဒနသိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့် အာပတ်သင့်ပါသနည်း"

"အမြိတ်အဆာမပါခြင်းဖြင့် အတိုင်းအတာထက်ကျော်လွန်သော နိသီဒိုင်ကို အသုံးပြုခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ကိုးခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ကိုးခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

သုဒ္ဓပါစိတ်၊ နိသီဒနသိက္ခာပုဒ်၌ နိသီဒိုင်မည်သည်ကား အမြိတ်အဆာပါသော အဝတ်အထည်ကို ဆိုအပ်၏ဟု မြတ်စွာဘုရား ပညတ်တော်မူထား၏။ ထို့ကြောင့် အမြိတ်အဆာမပါသော နိသီဒိုင်ကိုအသုံးပြုခြင်းသည် မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာပြီးဖြစ်နေ၏။ သို့ရာတွင် အမြိတ်အဆာမပါသော နိသီဒိုင်ကို အသုံးပြုရုံသက်သက်ဖြင့် ပါစိတ်အာပတ်သင့်သည်ဟု မဆိုနိုင်သေးပါ။ နိသီဒိုင်ကို မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့ရာတွင် အထည်သားတစ်ဖက်အနား၌ မြတ်စွာဘုရား အထွာတော်တစ်ထွာနှင့်ညီမျှသော နှစ်နေရာ၌ ဖြတ်ပြီးလျှင် အမြိတ်အဆာပြုရမည်ဖြစ်၏။ ထိုသို့အမြိတ်အဆာပါအောင်မဖြတ်ဘဲ

အထည်သားအတိုင်းထားလိုက်လျှင် ခွင့်ပြုတော်မူထားသည့် အတိုင်းအတာထက် ကျော်လွန်သွားတော့၏။ ထို့ကြောင့် ပါစိတ်အာပတ်သင့်၏ဟု သက်တော်ရှည်အရှင်မြတ်ကြီးက ဖြေကြားလိုက်ပေသည်။

သက်တော်ရှည်အရှင်မြတ်ကြီး၏ ထိုကဲ့သို့ ဖြေကြားချက်သည်ပင် သံဃာ၏အဆုံးအဖြတ်ဖြစ်ရာ သံဃာ၏အဆုံးအဖြတ်ကို သံဃာ့ပရိသတ်ကြီးက သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ကြပေသည်။

ထို့နောက် အရေးကြီးဆုံးလည်းဖြစ်၍ ပဋိပက္ခအပြင်းအထန်ဆုံးလည်းဖြစ်ခဲ့ရသောအချက်ကို အမေးအဖြေပြုကြရပါတော့မည်။

"အရှင်ဘုရား၊ ရွှေငွေကို အလှူခံခြင်းသည် အပ်စပ်ပါသလော"

"ငါ့ရှင်၊ မအပ်စပ်ပါ"

"အဘယ်အရပ်ဒေသ၌၊ အဘယ်သိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသနည်း"

"ရာဇဂြိုဟ်မြို့တော်၌ ပညတ်တော်မူခဲ့သော နိဿဂ္ဂိယပါစိတ်၊ ဇာတရူပသိက္ခာပုဒ်၌ မြတ်စွာဘုရား တားမြစ်တော်မူခဲ့ပါသည်"

"တားမြစ်တော်မူသောသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် မည်သည့်အာပတ်သင့်ပါသနည်း"

"ရွှေငွေကို အလှူခံခြင်းကြောင့် ဖွန့်ခြင်းဝိနည်းကဲ့ရိုသော ပါစိတ်အာပတ်သင့်ပါသည်။

ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ဆယ်ခုမြောက်ဖြစ်သော ဤအချက်ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီ။ ဤသို့သောအကြောင်းကြောင့်လည်း ဤအချက်သည် တရားတော်နှင့်မညီညွတ်ပါ။ ဝိနည်းတော်နှင့် မညီညွတ်ပါ။ မြတ်စွာဘုရားအဆုံးအမတော်နှင့် ကင်းကွာနေပါသည်။ ဆယ်ခုမြောက်ဖြစ်သော ဤစာရေးတံကို ချလိုက်ပါ၏"

"သာဓု၊ သာဓု၊ သာဓု"

ဤသို့ အချက်တစ်ခုချင်းကို အဆုံးအဖြတ်ပေးပြီးလျှင် ဆယ်ချက်လုံးကို ပေါင်းရုံးပြီး နိဂုံးချုပ်အဆုံးအဖြတ်ပေးလိုသေးသဖြင့် -

"ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နားထောင်ပါလော့။ ဤသို့သောအကြောင်းကြောင့်လည်း ဆယ်ခုသော ဤအချက်တို့သည် တရားတော်နှင့်မညီညွတ်ကုန်။ ဝိနည်းတော်နှင့် မညီညွတ်ကုန်။ မြတ်စွာဘုရားအဆုံးအမတော်

နှင့် ကင်းကွာနေကုန်၏။ ဤသို့အားဖြင့် ဆယ်ခုသော ဤအချက်တို့ကို သံဃာက ဆုံးဖြတ်လိုက်ပါပြီတည်း"

သံဃာထုတစ်ရပ်လုံး၏ကိုယ်စား သက်တော်ရှည် အရှင်မြတ်ကြီးက အပြီးသတ်ဆုံးဖြတ်ချက်စကား မိန့်ကြားလိုက်သည့်အဆုံးတွင် ရဟန်းပရိသတ်၊ လူပရိသတ်အပေါင်းက သာဓုသံကြိမ် ခေါ်ဆိုလိုက်ကြပေသည်။

❑

အလင်းသစ်စာပေ

သတ္တသတိကာသင်္ဂါယနာ

တိုင်းတစ်ပါးကရဟန်းများ ဝေသာလီမြို့တော်သို့ ဘေးမသီရန်မခရောက်လာစဉ်ကပင် ဝဇ္ဇီပုတ္တကရဟန်းအချို့သည် ဝေသာလီမြို့တော်မှ ထွက်ခွာသွားခဲ့ကြ၏။ အချို့ရဟန်းများသည် အာဂန္တုကရဟန်းများအား အချက်ရလျှင်ရသလို နှောင့်ယှက်ဟန့်တားနိုင်ရန် ဆက်လက်၍ နေရစ်ခဲ့ကြ၏။

ယခု သံဃာ့အစည်းဝေးကြီး အောင်မြင်စွာကျင်းပပြီးစီးသွားသည့်နောက်နှာပင် သံဃာ့ဆုံးဖြတ်ချက်များကို မကြားသေးယောင်၊ မသိသေးယောင်ဆောင်ကာ ပေပေကတ်ကတ်နှင့် နေကြတုန်းဖြစ်၏။ ထို့ကြောင့် ထိုဝဇ္ဇီပုတ္တကရဟန်းများ၏ရှေ့မှာလည်း အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမီတို့က ဆက်လက်၍ အမေးအဖြေ ပြုကြရ၏။

ဤတွင်မှ ဆက်လက်ပေကတ်နေ၍မရတော့သဖြင့် အချို့သည် မိမိတို့၏ အဓမ္မဝါဒတို့ကို သံဃာ့ရှေ့မှောက်၌စွန့်လွှတ်ကာ သံဃနာယကအရှင်မြတ်ကြီးတို့၏ အဆုံးအမကို နာခံကြ၏။ ဤသို့ မနာခံနိုင်သည့် ရဟန်းများသည်ကား လွတ်ရာကျွတ်ရာသို့ ထွက်ခွာသွားကြပေတော့သည်။

ဤသို့ဖြင့် သာသနာတော်နှစ်တစ်ရာပြည့်ချိန်တွင် မပေါ်စကောင်းပေါ်ပေါက်လာခဲ့သည့် သာသနာ့ရန်စွယ်အန္တရာယ်ဘေးဆိုးကြီး ပြီးပြေချုပ်ငြိမ်းသွားပေတော့သည်။

ထို့နောက် သက်တော်ရှည်မထေရ်မြတ်ကြီးနှင့်တကွသော သံဃနာယက အရှင်မြတ်ကြီးတို့သည် စောစောက ရည်စူးထားခဲ့သည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်တို့ကို သာသနာ့ဝန်ထမ်း ရဟန်းသံဃာအားလုံးက အငြင်းအခုံမရှိ တညီတညွတ်တည်း လိုက်နာ

ကျင့်သုံးနိုင်ရေးအတွက် သင်္ဂါယနာတင်ပွဲကြီးကျင်းပရန် ပြင်ဆင်ကြ၏။ သင်္ဂါယနာတင်ရာတွင် ပါဝင်ခွင့်ရသော သံဂီတိကာရကပုဂ္ဂိုလ်ခုနစ်ရာရွေးချယ်ရန် သဘောတူဆုံးဖြတ်ကြ၏။ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်လာကြသည့် သိန်းပေါင်းများစွာသောရဟန်းများအနက် ခုနစ်ရာမျှကိုသာ ရွေးချယ်ရမည်ဖြစ်၍ သောတာပန်၊ သကဒါဂါမ် စသည်ကို အသာထား၏။ ရဟန္တာပုဂ္ဂိုလ်တိုင်းပင် ပါဝင်ခွင့်မရကြပါ။

တိပိဋကဓရ ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ စသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံကာ သာသနာတော်ကြီးတစ်ရပ်လုံးက လေးစားကြည်ညိုခြင်းကို ခံယူရသည့် အရှင်မြတ်ကြီးများကို သံဃာထုတစ်ရပ်လုံး၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ကြရပေသည်။

ထို့နောက် သင်္ဂါယနာသဘင် ဆင်ယင်ကျင်းပမည့်အကြောင်း သာသနာ့ဒါယကာ ကာဠာသောကမင်းထံကြွရောက်၍ မိန့်ကြားကြရာ ကာဠာသောကမင်းကလည်း ထောက်ပံ့လှူဒါန်းဖွယ်ကိစ္စအဝဝကို တာဝန်ယူပြီးလျှင် သံဂီတိကာရကပုဂ္ဂိုလ်ခုနစ်ရာတို့ကို ချောင်ချောင်ချိုချို သီတင်းသုံးနိုင်သည့် မဏ္ဍပ်တော်ကြီးကို ဝါလုကာရုံကျောင်းတိုက်ထဲမှာပင် ဆောက်လုပ်လှူဒါန်းပါပေသည်။

အရှင်အာနန္ဒာ၏ တပည့်ကြီးများဖြစ်ကြသော မထေရ်ကြီးများသည် လည်းကောင်း၊ အရှင်အနုရုဒ္ဓါ၏တပည့်ကြီးများဖြစ်ကြသော မထေရ်ကြီးများသည်လည်းကောင်း ယခု မဏ္ဍပ်တော်ကြီးကို မြင်လိုက်ရသည်တွင် ပထမသင်္ဂါယနာတင်စဉ်တုန်းက မဏ္ဍပ်တော်ကြီးကို မြင်ယောင်လာကြရ၏။

ဤဘုရားသာသနာတော်၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားတို့တွင် အဇာတသတ်မင်း၏သဒ္ဓါတရားက အထက်သန်ဆုံးဟူ၍ ဆရာစဉ်ဆက် ပြောစမှတ်ပြုခဲ့ကြရ၏။ ထို့ကြောင့် ယခု ကာဠာသောကမင်းသည် အဇာတသတ်မင်းကိုကား မမီနိုင်ပါ။ သို့ရာတွင် ကျင်းပနေသည့် သံဃာကိစ္စကြီးများအတွက် လုံလောက်သည့် အစောင့်အရောက်နှင့် အထောက်အပံ့တို့ကိုကား ပေးနိုင်စွမ်းရှိပါပေသည်။ သာသနာ့သမိုင်းစဉ်တွင် မှတ်တမ်းတင်ထိုက်သူဖြစ်ပါပေသည်။

ပထမအကြိမ် သင်္ဂါယနာတင်ပွဲကြီးနောက် နှစ်ကြိမ်မြောက်ကျင်းပခြင်းဖြစ်၍ ဤပွဲတော်ကို ဒုတိယသင်္ဂါယနာဟု သာသနာ့မော်ကွန်းတင်ကြရပေသည်။

ပထမသင်္ဂါယနာပွဲကြီးတုန်းက အရှင်မဟာကဿပကြီးမှူး၍ ပြုလုပ်ခဲ့သော အစီအစဉ်အတိုင်းပင် ပထမဦးစွာ ဝိနယပိဋကကို အမေးအဖြေပြုလုပ်၍

သင်္ဂါယနာတင်ကြ၏။ ထို့နောက် သုတ္တန္တပိဋကသို့ရောက်သောအခါ ပထမသင်္ဂါယနာတင်ပြီးမှာ ပေါ်ပေါက်လာသည့် သုတ္တန်များကိုလည်း သင့်တော်ရာနိကာယ်များတွင် ထည့်သွင်း၍ သင်္ဂါယနာတင်ကြရ၏။ ထို့ကြောင့် အနာကင်းရှင်း ကျန်းမာခြင်းအရာဌာန၌ ဧတဒဂ်ဂုဏ်ထူးဆွတ်ခူးကာ သက်တော်တစ်ရှာခြောက်ဆယ်တိုင်တိုင်နေခဲ့ရသော အရှင်ဗာကုလဟောကြားသည့် ဗာကုလသုတ္တန်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်တွင် ပါဝင်နေခြင်းဖြစ်ပေသည်။

တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ စသော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ရဟန္တာအရှင်မြတ်ကြီးခုနစ်ရာတို့ကျင်းပခဲ့သော ပွဲကြီးဖြစ်၍ ထိုသင်္ဂါယနာကို သတ္တသတိကာဟူ၍လည်း ခေါ်ဝေါ်ကြရ၏။ သတ္တသတိကာသင်္ဂါယနာတင်ပွဲတော်ကြီးသည် စတင်ကျင်းပသည်မှ ခုနစ်လအကြာတွင် အောင်မြင်စွာပြီးဆုံးခဲ့ပါပေသည်။



အလင်းသစ်စာပေ

ဒုတိယသင်္ဂါယနာမှ တတိယသင်္ဂါယနာသို့

ဒုတိယသင်္ဂါယနာပွဲကြီးကို ဦးစီးကျင်းပခဲ့ကြသော အရှင်မြတ်ကြီးများတွင် အရှင်သဗ္ဗကာမီ၊ အရှင်သာဋ္ဌ၊ အရှင်ရေဝတ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ယသ၊ အရှင်သမ္ဘူတ တို့သည် အရှင်အာနန္ဒာ၏တပည့်ရင်းများဖြစ်ကြ၏။ သက်တော်ထင်ရှားဘုရားရှင်ကိုလည်း ဖူးမြင်ဖူးကုန်၏။ အရှင်သုမနနှင့် အရှင်ဝါသဘဂါမိကတို့သည် အရှင်အနုရုဒ္ဓါ၏တပည့်ရင်းများ ဖြစ်ကြကုန်၏။ သက်တော်ထင်ရှား ဘုရားရှင်ကိုလည်း ဖူးမြင်ဖူးကုန်၏။

ထင်ရှားကျော်ကြားသည့် ရဟန္တာအရှင်မြတ်ကြီးရှစ်ပါးတို့သည် မိမိတို့လက်ထက်မှာ ကြုံလာရသည့် အဓိကရုဏ်းကြီးပြီးငြိမ်းအောင် ဆောင်ရွက်ပြီးလျှင် နောက်နောင်အခါတွင် ဤသို့သောအဖြစ်ဆိုးများ ပေါ်ပေါက်လာဦးမည်လောဟု အနာဂတံသအဘိညာဉ်ဖြင့် တွေးတောဆင်ခြင်ကြရာ နောင်လာမည့်တစ်ရာ့တစ်ဆယ့်ရှစ်နှစ်အကြာတွင် ပေါ်လာဦးမည့်အလားအလာကို တွေ့ကြရ၏။ ထိုအချိန်အထိ မိမိတို့ တည်ရှိနေကြဦးမည်လောဟု တွက်ဆလိုက်သောအခါ မိမိတို့အားလုံးမရှိနိုင်တော့ကြောင်းကို တွေ့ကြရ၏။ ဤတွင် ထိုအဖြစ်ဆိုးကြီးကို ပယ်ဖျောက်ပေးနိုင်မည့်ပုဂ္ဂိုလ်ကို ရှာဖွေကြသောအခါ လူ့ပြည်တစ်ခွင်မှာလည်း မတွေ့ရပေ။ နတ်ပြည်ခြောက်ထပ်မှာလည်း ရှာမရပေ။ ထိုမှတစ်ဆင့်တက်၍ ဗြဟ္မာ့ပြည်တက်ကြည့်ခါမှ တိဿမည်သောဗြဟ္မာကြီးကို တွေ့ကြရပေသည်။

ထိုတိဿဗြဟ္မာကြီးသည်ကား ထိုဘုံထိုဘဝတွင် သက်တမ်းကုန်ဆုံးခါနီးနေပြီဖြစ်၏။ ဈာန်သမာပတ်များ တိုးတက်ပွားများထားသဖြင့် အထက်ဘုံများသို့ ကူးပြောင်းရန် အသင့်ဖြစ်နေ၏။ ဦးစီးခေါင်းဆောင် ရဟန္တာကြီးရှစ်ပါးတို့သည် တိဿဗြဟ္မာကြီးထံ ကြွရောက်တွေ့ဆုံကြပြီးလျှင် –

“တိဿ၊ ဤအချိန်မှ နောင်တစ်ရာ့တစ်ဆယ့်ရှစ်နှစ် ကြာသောအခါ

မြတ်စွာဘုရားသာသနာတော်ကြီး၌ ကြီးမား‌လှသောအဖြစ်ဆိုးကြီး ပေါ်ပေါက်လာလိမ့်မည်။ ထိုအဖြစ်ဆိုးကြီးကိုပယ်ဖျောက်၍ မြတ်စွာဘုရားသာသနာတော်ကြီးကို ထိထိရောက်ရောက်ချီးမြှောက်နိုင်မည့်သူမှာ သင် ဗြဟ္မာကြီးတစ်ယောက်သာရှိပါတော့သည်။ အို... သူတော်ကောင်း၊ ထို့ကြောင့် ငါတို့မှာ တောင်းပန်ပါကုန်၏။ လူ့ပြည်သို့ဆင်းသက်၍ ပဋိသန္ဓေတည်နေပြီးလျှင် မြတ်စွာဘုရား၏သာသနာတော်ကြီးကို ချီးမြှောက်ပါလော့။ ချီးမြှောက်မည့်အကြောင်းကို ဝန်ခံပါလော့"

ဤသို့ အရှင်မြတ်ကြီးများက တောင်းပန်လိုက်သည်တွင် တိသဟဗြဟ္မာကြီးက ဝမ်းမြောက်ဝမ်းသာ ဝန်ခံလိုက်၏။ ရဟန္တာအရှင်မြတ်ကြီးတို့လည်း တိသဟဗြဟ္မာကြီး၏ဝန်ခံစကားကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကာ ဗြဟ္မာ့ပြည်မှ ပြန်လာကြပေသည်။

လူ့ပြည်သို့ပြန်ရောက်သောအခါ ရဟန္တာအရှင်မြတ်ကြီးများသည် ဆက်လက်၍ တာဝန်ပေးရမည့်ပုဂ္ဂိုလ်ကို ရှာဖွေကြရာ အရှင်သိဂ္ဂဝနှင့် အရှင်စက္ကဝဋ်တို့ကို တွေ့မြင်ကြရ၏။ အရှင်မြတ်နှစ်ပါးလုံးပင် ပိဋကသုံးပုံဆောင်ဖြစ်ကြ၏။ ပဋိသမ္ဘိဒါဉာဏ်ရရှိကြ၏။ အာသဝက္ခယဉာဏ်သည့် ရဟန္တာပုဂ္ဂိုလ်များဖြစ်ကြ၏။ သို့ရာတွင် သိက္ခာဝါများစွာ မရသေးသဖြင့် အဓိကရဏ်းကြီးဖြေရှင်းဆုံးဖြတ်သည့်ကိစ္စတွင်လည်းကောင်း၊ ဒုတိယသင်္ကိုယနာတင်ရာ၌လည်းကောင်း မပါဝင်ခဲ့ကြပေ။ သို့ဖြစ်၍ သံဃနာယကအရှင်မြတ်ကြီးများက -

"ငါ့ရှင်တို့၊ သင်တို့သည် ဤအဓိကရဏ်းကြီး ဖြေရှင်းဆုံးဖြတ်ရာတွင် ငါတို့ကို အကူအညီမပေးဘဲ ကြောင့်ကြမဲ့နေခဲ့ကြကုန်၏။ သို့ဖြစ်၍ သင်တို့ကို ငါတို့များ ဒဏ်ထားကြကုန်အံ့။ တိသမည်သော ဗြဟ္မာကြီးသည် မောဂ္ဂလိပုတ္တားအာ၏ဇနီးထံတွင် ပဋိသန္ဓေတည်နေလတ္တံ့။ ထိုသတို့သားဖွားမြင်လာသောအခါ သင်တို့နှစ်ပါးအနက်က တစ်ပါးသည် သူ့ကို လူတို့၏အနောင်အဖွဲ့မှ ဆွဲထုတ်ကယ်တင်၍ ရှင်ရဟန်းပြုပေးလော့။ ကျန်တစ်ပါးက ဘုရားရှင့်ဒေသနာတော်များကို သင်ကြားပေးလော့" ဟု မိန့်ကြားကြ၏။

"ကောင်းပါပြီ အရှင်ဘုရား" ဟု အရှင်မြတ်နှစ်ပါးတို့က လေးစားစွာ ဝန်ခံလိုက်ကြပေသည်။

ဤသို့လျှင် မြင့်မြတ်သောဉာဏ်ပညာရှိသည်ဖြစ်၍ ရောက်သင့်ရောက်ထိုက်သည့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်သော အရှင်မြတ်ကြီးတို့သည် ဘုံသုံးပါး၏အာကိုးစီးပွားကိုဆောင်ရွက်တော်မူကြပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံကြလေကုန်၏။

❑

တတိယသင်္ဂါယနာ

။ဌေဝလာဇုံဂိုဟာဟာဝိလ်ဇာ ၊ပါဂန်ကဟဇာဟံနဝဝ ၂၉၁ ၊ဟဒီဂီဇ၊ ဌိုင်နယ်ငွေးဒွဲဝးဒွဲ
။ဌေဝလာယြဇုံဂိုဟာဒွဟ ဟံကပြုဝ ဂွယြဧကဟွဟ မြဝွဲဇွဟမီးဒုဂုဒဓ် ဒွဲဝဒွဲဝလးဒွဲ ဌီးယြဟွဟားဒပါယာမ့ဟယဝဝဧ
ဌေဝဝွဲဝဒွဟာဇွဟဟီဟမ ဟဒါဂြိုးါဂ်ဧ မှထာဂဝဝဝိဂ်လပိဟာဒုမ်ဧ ထဝဝဂုံဇွဒွဇနှိဝ ဂ်းယြာဧဇဇုဝေဧဌာယမီဧ
၊ပါဂဒုဟာဧထဝ်ဝဧ ၊နှဟမ ဟယဟယလ (ဇွဌ-၂၄၂-၄၀၂) ၊ယြားဒုဂယဝဝဂီဇမွဌ ဌေဂြဟဝဂ်လဒ်ဂု ဒုဝီ(ဇွဌ - ၀၁၂) ၆၄၂ ဇှနဟံဝဝဝ

ဟံကပြုဝဝကဟွဟ



ဆရာစဉ်ဆက် လက်ချင်းယှက်၍

လူတို့၏အသုံးအဆောင်ပစ္စည်းများ၌ ကျောက်ထီးဟူ၍ ရှိလိမ့်မည်မဟုတ်ပါ။ စေတီတော်၊ ပုထိုးတော်တို့မှာသာ အတင့်အတယ် ကြည်ညိုဖွယ်ဖြစ်အောင် ကျောက်ထီးများ စိုက်ထူပူဇော်၍ ထားလေ့ရှိကြပေသည်။

ထိုကျောက်ထီးတို့၏အလေးချိန်စီးသော ဂုဏ်သတ္တိကို ရိုသေလေးစားတန်ဖိုးထားထိုက်သော ဆရာသမားတို့၏ဂုဏ်ကျေးဇူးများနှင့်ထပ်တူပြုကာ –

ကျောက်ထီးတန္တု အလေးပြု၍ဟူ၍လည်းကောင်း၊

ကျောက်ထီးအလား အလေးထား၍ဟူ၍လည်းကောင်း သုံးနှုန်းလေ့၊ ပြောဆိုလေ့ ရှိခဲ့ကြပါပေသည်။

အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့အဖို့မှာလည်း ဆရာသခင်အရှင်မြတ်ကြီးတို့၏မိန့်ကြားချက်သည် အလေးချိန်စီးလှသည့် ကျောက်ထီးကြီးပင် ဖြစ်ပါ၏။

"ငါ့ရှင်တို့၊ သင်တို့သည် ဤအဓိကရဏ်းကြီး ဖြေရှင်းဆုံးဖြတ်ရာတွင် ငါတို့ကို အကူအညီမပေးဘဲ နေခဲ့ကြကုန်၏။ သို့ဖြစ်၍ သင်တို့ကို ငါတို့များ ဒဏ်ထားကြကုန်အံ့"

အရှင်မြတ်ကြီးတို့၏မိန့်ကြားသံသည် မိမိတို့၏ဟဒယနှလုံးအိမ်ဝယ် ယခုထက်တိုင် ပဲ့တင်ထပ်နေဆဲ ဖြစ်၏။ နှစ်ပေါင်းများစွာ ကြာလာသည့်တိုင်အောင် ဤအသံက အရှိန်လျော့မသွားသေးပါ။ တကယ်တော့ဖြင့် ဤအသက်နှင့် ဤခန္ဓာ တည်ရှိနေသမျှကာလပတ်လုံး ဤအသံသည် ကွယ်ပျောက်သွားလိမ့်မည်မဟုတ်ပါ။

ထိုအဓိကရဏ်းကြီး ပေါ်ပေါက်နေစဉ်ကပင် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့သည် အာသဝကုန်ခန်း၍ ရဟန္တာအဆင့်သို့ ရောက်နေခဲ့ကြ၏။ ပိဋကသုံး

ပုံကိုလည်း နှုတ်ငုံဆောင်နိုင်ခဲ့ကြ၏။ ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်း ရရှိခဲ့ကြ၏။ သို့ရာတွင် သူတို့နှစ်ပါးလုံးပင် ရဟန်းငယ်များသာ ဖြစ်နေကြသေးသဖြင့် အဓိကရဏ်းကြီး ဖြေရှင်းဆုံးဖြတ်ရာ၌ မပါဝင်ခဲ့ကြပါ။ ကျောက်ထီးတန္တအလေးပြုအပ်သော ဆရာသခင်အရှင်မြတ်ကြီးတွေ ထီးထီးမားမားရှိနေကြသဖြင့် ဤကိစ္စကြီးအတွက် တစ်စုံတစ်ရာ ကြောင့်ကြမစိုက်ဘဲ နေခဲ့ကြ၏။

အရှင်မြတ်ကြီးများကိုယ်တိုင်ကလည်း ဤအဖြစ်မှန်ကို ဓကန်သိပြီးဖြစ်ပါလိမ့်မည်။ မပါဝင်ချင်၍မဟုတ်။ ပါဝင်ခွင့်မရသေးသဖြင့် မပါဝင်ခဲ့ရခြင်းသာဖြစ်ကြောင်း သဘောပေါက်ပြီး ဖြစ်ကြပါလိမ့်မည်။ သို့ပါလျက် ဤအချက်ကို အကြောင်းပြစရာတစ်ခုအဖြစ်ဖြင့် အသုံးပြုခဲ့ကြခြင်းမှာ လုံလောက်သော အကြောင်းရှိ၍သာ ဖြစ်ပါလိမ့်မည်။ ဦးထိပ်ပေါ်တွင် သံမှိုနှက်ထားဘိသကဲ့သို့ စွဲစွဲမြဲမြဲရှိနေကြစေလို၍သာ ဖြစ်ပါလိမ့်မည်။

ဤသို့သောအကြောင်းပြချက်ဖြင့် 'သင်တို့ကို ငါတို့များ ဒဏ်ထားကြကုန်အံ့' ဟု မိန့်ဆိုခဲ့ကြသော်ငြားလည်း မိမိတို့နှစ်ပါးကတော့ ဒဏ်အထားခံရသည်ဟု မရှုမြင်ကြပါ။ အနာဂတ်သာသနာတော်ကြီးအတွက် အချက်အချာကျသည့် တာဝန်တစ်ခုကို ပေးအပ်ခြင်းခံရသည်ဟူ၍သာ မှတ်ယူထားခဲ့ကြ၏။ မိမိတို့နှင့်ထိုက်တန်၍ မိမိတို့၏ဦးထိပ်သို့ ဆိုက်ရောက်လာသော ဆုထူးဆုမြတ်ဟူ၍သာ ရှုမြင်ထားခဲ့ကြ၏။

ထိုစဉ်တုန်းက ကြောင့်ကြမဲ့နေခဲ့ကြရသော ရဟန်းငယ်ကလေးများသည် ယခုတော့ တာဝန်အပြည့်ရှိသော မထေရ်ကြီးများ ဖြစ်လာခဲ့ကြရပေပြီ။ ထေရ်ကြီးဝါကြီးဖြစ်လာသည်နှင့်အမျှ တပည့်ရဟန်းသာမဏေတို့၏ ခိုလှုံဆည်းကပ်ခြင်းကို ခံယူနေကြရပေပြီ။ အရှင်သောဏကဇ္ဈ၏ အရိပ်အာဝါသ၌ အတူတကွ ခိုလှုံလာခဲ့ကြရသော သူငယ်ချင်းနှစ်ဦးတို့သည် ယခုတော့ ကိုယ့်ကျောင်းနှင့်ကိုယ် ဖြစ်နေကြရပေပြီ။ ကိုယ့်ပရိသတ်နှင့်ကိုယ် ဖြစ်နေကြပေပြီ။

အခြေအနေအရ နယ်မြေချင်း ကွာခြား၍နေကြရသော်ငြားလည်း မိမိတို့နှစ်ပါးကြားတွင် အဆက်အသွယ်ကတော့ မပြတ်ပါ။ မိမိက အခြေခံအဆင့် တပည့်ပရိသတ်များကို သင်ကြားပို့ချကာ အထက်တန်းအဆင့်သို့ရောက်လာလျှင် အရှင်စက္ကဝဇ္ဈိထံသို့ ပို့ပေးလာခဲ့၏။ ထို့အတူပင် အရှင်စက္ကဝဇ္ဈိကလည်း သာသနာတော်အတွင်းသို့ ဝင်ရောက်လာခါစ တပည့်များကို မိမိထံသို့ပို့ဆောင်ပေးခဲ့၏။ ထို့ကြောင့်လည်း တပည့်ပရိသတ်အပေါင်းက ဆရာနှစ်ပါးကို တစ်

သားတည်း သဘောထားကြသကဲ့သို့ပင် ဆရာနှစ်ပါးကလည်း တပည့်ပရိသတ်နှစ်ရပ်လုံးကို ထပ်တူထပ်မျှ ထိန်းသိမ်းစောင့်ရှောက်၍ လာခဲ့ကြပါပေသည်။

ဤအချိန်များအတောအတွင်း၌ သက်တော်ရှည်သဗ္ဗကာမီအရှင်မြတ်ကြီးသည် ပရိနိဗ္ဗာန်ပြုခဲ့၏။ ထို့နောက် များမကြာမီမှာပင် အရှင်ဃသ၊ အရှင်ရေဝတစသော သာသနာစောင့်မထေရ်ကြီးများလည်း ပရိနိဗ္ဗာန်ပြုခဲ့ကြ၏။ သက်တော်ရှည် အရှင်မြတ်ကြီးတို့သည် မိမိတို့တစ်သက်တာတွင် ပေါ်ပေါက်လာခဲ့သည့် သာသနာ့အရေးအခင်းကြီးကိုလည်း အားပြည့်အင်ပြည့် ဖြေရှင်းပေးခဲ့ကြ၏။ နောက်နောင်ခါတွင် ပေါ်ပေါက်လာဦးမည့်အရေးအခင်းကြီးအတွက်လည်း ဖြေရှင်းနိုင်မည့်ပုဂ္ဂိုလ်ကို ကြိုကြိုတင်တင် ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ကြ၏။ သာသနာတော်ကြီးအတွက် ပြုဖွယ်ကိစ္စရှိသမျှကို ကျေကျေနှောင် ဆောင်ရွက်ပြီးပြီမို့ ကြောင့်ကြမ္မမရှိ၊ ပကတိလွတ်မြောက်သောစိတ်ဖြင့် လွတ်ရာကျွတ်ရာသို့ ကြွမြန်းတော်မူသွားကြလေကုန်ပြီ။

ထို့အတူပင် ထိုအရှင်မြတ်ကြီးတို့၏ဒါယကာ ကာဠာသောကမင်းကြီးသည်လည်း ဒုတိယသင်္ကြံယနာတင်ပြီးနောက် ၁၈ နှစ်အကြာတွင် ကွယ်လွန်ခဲ့၏။ ကာဠာသောကမင်းကြီး၌ သားတော်တစ်ကျိပ်တို့ရှိကြလေရာ အကြီးဆုံးဖြစ်သော ဘဒ္ဒသေနမင်းသားက ထီးနန်းရိက်ရာကို ဆက်ခံ၍စိုးစံခဲ့ပေသည်။

ထိုအချိန်အတွင်းမှာပင် မိမိ၏ဥပဇ္ဈာယ်ဆရာ အရှင်သောဏကလည်း ပရိနိဗ္ဗာန်ပြုခဲ့၏။ အရှင်သောဏကသည် မိမိ၏တပည့်ပရိသတ်များအား ဝိနည်းကို အဓိကထား၍ သင်ကြားပို့ချပေးခဲ့၏။ ဆရာအရှင်သောဏကထံ နည်းခံသင်ယူ၍ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာသည့်တပည့်တွေ အစီအရီ ပေါ်ထွက်လာခဲ့ကြ၏။ ထိုတပည့်များတွင် ပုထုဇဉ်၊ သောတာပန် စသည့်ရဟန်းတွေ မည်ရွေ့မည်မျှ ရှိသည်ဟုမဆိုနိုင်ပြီ။ သေသေချာချာ ရေတွက်မိသဖြင့် ရေရေရာရာပြောပြနိုင်သည့် ရဟန္တာပုဂ္ဂိုလ်တို့ကား တစ်ထောင်အထိ ရှိခဲ့ပါပေသည်။

တစ်ထောင်မျှသော တပည့်အကျော်အမော်များထဲက မိမိကို သီးခြားလွှဲကောက်၍ အကြီးအမှူးအဖြစ်ဖြင့် တင်မြှောက်ခဲ့ခြင်းမှာ ဆရာအရှင်မြတ်ကြီး၏ ရှေ့တစ်ခေါ် မြှော်မြင်ချက်အရ ဖြစ်ပါလိမ့်မည်။

ဤသို့သောမြော်မြင်မှုမျိုးဖြင့်ပင် သူ၏ဥပဇ္ဈာယ်ဆရာ အရှင် ဒါသကကာ အရှင်သောဏကကို တပည့်အလေါင်း၏အကြီးအမှူးအဖြစ်ဖြင့် လွှဲကောက်တင်မြှောက်ခဲ့ခြင်းပြစ်ပါလိမ့်မည်။ ဤကဲ့သို့သော မြော်မြင်မှုမျိုးဖြင့်ပင် အရှင်ဥပါလိက

အလင်းသစ်စာလေ

အရှင်ဒါသကကို တပည့်အပေါင်း၏ အကြီးအမှူးအရာထား၍ မြှောက်စားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ဤကဲ့သို့သော မြော်မြင်မှုမျိုးဖြင့်ပင် ဘုရားရှင်ကိုယ်တော်တိုင်က အရှင်ဥပါလိကို ထံတော်ပါးမှာသာ နေထိုင်စေလျက် ဝိနည်းနှင့်ပတ်သက်သမျှကို ပြည့်ပြည့်စုံစုံ သင်ကြား၍ ပေးတော်မူခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ဤသို့ ဆရာစဉ်ဆက် မပျက်မကွက် ဆက်ခံ၍လာခဲ့ကြသဖြင့် မိမိ သင်ယူမှတ်သားလာခဲ့ရသည့် ဝိနည်းအဆုံးအမများမှာ ဘုရားရှင်ရှေ့တော်မှောက်မှ ရရှိလာခဲ့သည့် ဝိနည်းအဆုံးအမများအတိုင်းပင် တည်ရှိနေကြပေသည်။ ထို့ကြောင့်ပင် မိမိကလည်း မိမိ၏တပည့်များထံသို့ ပုံစံမပျက် ဆက်လက်တည်ရှိနေအောင် ပို့ဆောင်ပေးနေရခြင်းဖြစ်ပေသည်။

သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြရာတွင် အရှင်ဥပါလိစသည် ဆရာအဆက်ဆက်တို့သည် မိမိတို့၏လုပ်ငန်းတာဝန်ကို ဆက်ခံနိုင်သည့် တပည့်ကြီးတစ်ပါးပါးကို သီးခြားရွေးကောက်၍ ချီးမြှောက်လာခဲ့၏။ ဆရာသခင် အရှင်မြတ်ကြီးတို့၏ အစဉ်အဆက်အတိုင်းပင် မိမိ အလှည့်မှာလည်း အားထားလောက်သည့် တပည့်ကြီးတစ်ပါးပါးကို ရွေးချယ်၍ ချီးမြှောက်ရပါဦးမည်။

ယခုလောလောဆယ်မှာတော့ ရွေးချယ်လောက်သည့်တပည့်ဟူ၍ မပေါ်ပေါက်လာသေးပါ။ မိမိထံမှာရော၊ အရှင်စက္ကာဝဇ္ဇီထံမှာရော ရှာဖွေ၍မတွေ့ရသေးပါ။ ရှိရှိသမျှတပည့်များထဲတွင် ရဟန်းကိစ္စပြီးဆုံးသည့် ရဟန္တာပုဂ္ဂိုလ်တွေ အမြောက်အမြားရှိနေကြ၏။ ဝိနည်းပိဋကနှင့်တကွ ပိဋကသုံးပုံကိုပင် နှုတ်ငုံဆောင်နိုင်သူတွေ ရှိနေကြ၏။ ထိုသို့သောအရည်အချင်းနှင့် တင်းတင်းကြီးပြည့်နေကြသည့် တပည့်များတွင် အနာဂတ်သာသနာတော်ကြီးအတွက် အားကိုးအားထားပြုလောက်သည့် တပည့်ဟူ၍ကား မပါရှိလာသေးပါ။

သာသနာတော်၌ ပေါ်ပေါက်လာမည့် အန္တရာယ်ရန်စွယ်အပေါင်းကို ရှင်းလင်းပယ်ရှား၍ သာသနာတော်ကြီးကို ထိထိရောက်ရောက် ချီးမြှောက်နိုင်ရန်ကား ပစ္စုပ္ပန်စွမ်းအားသက်သက်နှင့် မဖြစ်နိုင်သေးပါ။ ဘဝဘဝက ဆည်းပူးလာခဲ့သည့် ဘုန်းကံအထူး၊ ပါရမီအထူး ပါလာခဲ့သည့် ပုဂ္ဂိုလ်ထူးများ၏အရာသာဖြစ်ပေသည်။

ထို့ကြောင့်လည်း ကျောက်ထီးအလံ၊ အလေးထားရသော အရှင်မြတ်ကြီးများက -

"ငါ့ရှင်တို့၊ သင်တို့သည် ဤအဓိကရုဏ်းကြီး ဖြေရှင်းဆုံးဖြတ်ရာတွင် ငါတို့ကို အကူအညီမပေးဘဲ နေခဲ့ကြကုန်၏။ သို့ဖြစ်၍ သင်တို့အား ငါတို့မျှား ဒဏ်ထားကြကုန်အံ့။ တိဿမည်သော ဗြဟ္မာကြီးသည် မောဂ္ဂလိပုဏ္ဏား၏ ဇနီး ထံတွင် ပဋိသန္ဓေတည်နေလတ္တံ့။ ထိုသတို့သားဖွားမြင်သောအခါ သင်တို့နှစ်ပါး အနက် တစ်ပါးသည် သူ့ကို လူတို့၏အနောင်အဖွဲ့မှ ဆွဲထုတ်ကယ်တင်၍ ရှင်ရဟန်းပြုပေးလော့" ဟု မိန့်မှာခဲ့ကြခြင်းဖြစ်ပါလိမ့်မည်။

တကယ်တော့ဖြင့် မိမိတို့၏တပည့်များထဲက အကြီးအမှူးထားရမည့်သူ ကို မိမိတို့ရှာဖွေရန်မလိုပါ။ သာသနာစောင့်အရှင်မြတ်ကြီးများကိုယ်တော်တိုင် ရွေးချယ်သတ်မှတ်၍ ပေးထားခဲ့ပြီးဖြစ်နေ၏။ သည်တော့ မိမိတို့နှစ်ပါးကလည်း ထိုတပည့်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေကြဖို့သာ ရှိနေပေသည်။

သာသနာပြုရန် ဘုန်းကံ အလုံအလောက်ရှိနေသော တိဿဗြဟ္မာကြီး ကတော့ ယခုအချိန်တွင် ဤလူ့ပြည်က အခြေအနေအရပ်ရပ်ကို အကဲခတ်လျက် ရှိနေပါလိမ့်မည်။

❑

ထေရဝါဒနှင့် မဟာသံဃိက

ရန်ဆူးရန်ငြောင့်ကို ဖယ်ရှားမည့်ပုဂ္ဂိုလ်က အခြေအနေကို အကဲခတ်နေစဉ်တွင် ရန်ဆူးရန်ငြောင့်ကို စိုက်ထောင်မည့်ပုဂ္ဂိုလ်များကတော့ အချိန်စောင့်၍ မနေကြပါ။ ဒုတိယသင်္ဂါယနာပွဲကြီး ပြီးစီးအောင်မြင်သွားသည့်အချိန်ကပင် သူတို့၏လုပ်ငန်းကို စတင်၍အကောင်အထည်ဖော်ခဲ့ကြပါပေသည်။

ဒုတိယ သင်္ဂါယနာတင်ပွဲကြီး ပြီးစီးသွားသည့်နောက်တွင် ဝဇ္ဇီပုတ္တကရဟန်းများထဲက အနည်းငယ်ကလေးမျှသာ မထေရ်ကြီးများ၏ဆုံးမစကားကို နာခံခဲ့ကြ၏။ မိမိတို့၏အဓမ္မဝါဒများကို စွန့်လွှတ်ကြောင်း ကြေညာခဲ့ကြ၏။ အများစုမှာကား မထေရ်ကြီးများရှေ့မှောက်သို့ပင် ဝင်မလာခဲ့ကြပါ။

သာသနာတော်တွင် နေလိုလလို ထင်ရှားကျော်ကြားသည့်မထေရ်ကြီးများကို အန်မတုနိုင်၍သာ သူတို့သည် ဤတစ်ပွဲတွင် အရှုံးပေးခဲ့ကြရ၏။ မထေရ်ကြီးတို့၏အရှိန်အဝါကို မဟန့်တားနိုင်၍သာ ဝေသာလီမြို့တော်မှ ထွက်ခွာသွားခဲ့ကြရ၏။ သို့ရာတွင် သူတို့၏အယူဝါဒများကိုကား မစွန့်လွှတ်ကြပါ။ သူတို့၏အယူဝါဒများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပြီးလျှင် ရောက်လေရာရာတွင် ဖြန့်ဖြူး၍နေကြပေသည်။

သူတို့သည် အချိန်များစွာ ခြေကုပ်ယူလာခဲ့သည့် ဝေသာလီမြို့တော်မှထွက်ခွာလာခဲ့ပြီးလျှင် မြောက်ပိုင်းရှိ တိုင်းနိုင်ငံအသီးသီးသို့ ဖြန့်ကြက်လာခဲ့ကြ၏။ မြောက်ပိုင်းရှိ တိုင်းနိုင်ငံအသီးသီးက ရဟန်းများကို သူတို့သိမ်းသွင်းနိုင်ခဲ့ကြ၏။ ထိုရဟန်းများမှာ သာသနာတော်ကြီး၏အသက်သွေးကြောဖြစ်သော သီလသိက္ခာထက် ထင်ရှားကျော်ကြားမှု၊ လာဘ်သပ်ပကာပေါများမှုကို ပိုမိုရှာ

ထားသူများ ဖြစ်ကြ၏။ ဤသို့ အခြေခံအင်အားနည်းပါးကြ၍လည်း ဝဋ်ပုတ္တာက ရဟန်းများစကားကို နားဝင်လာကြခြင်းဖြစ်ပါလိမ့်မည်။

မြောက်ပိုင်းရှိ တိုင်းပြည်မြို့ရွာ အနှံ့အပြားသို့ ဖြန့်ကြက်၍ စည်းရုံးကြရာတွင် ဝဋ်ပုတ္တာကရဟန်းများဘက်သို့ ပါဝင်သည့်ရဟန်းဦးရေမှာ တစ်သောင်းခန့်ရှိလာ၏။ ဤတွင် ဝဋ်ပုတ္တာကရဟန်းများသည် သာသနာ့ဦးသျှောင်မထေရ်ကြီးတို့ကို အတိအလင်း အန်တုဖက်ပြိုင်ကာ မဟာသီဂီတိဂိုဏ်းကို မဟာသံဃိကဟူသောအမည်ဖြင့် သီးခြားဂိုဏ်းတစ်ခုကို ဖွဲ့စည်းတည်ထောင်လိုက်ကြပေတော့သည်။

သာသနာတော်နှစ်တစ်ရာအတွင်းတုန်းက အယူဝါဒမတူမျှသူဟူ၍သာ ရှိခဲ့သေး၏။ ဂိုဏ်းကွဲဟူ၍ကား ပေါ်ထွက်မလာသေးပါ။ အရှင်မဟာကဿပဦးဆောင်၍ သင်္ဂါယနာတင်ထားခဲ့သော ပါဠိတော်နှင့် အဋ္ဌကထာဖွင့်ဆိုချက်များအတိုင်း တညီတညွတ်တည်း လိုက်နာကျင့်သုံး၍ လာခဲ့ကြ၏။ မထေရ်မြတ်ကြီးတို့၏ဦးဆောင်မှုဖြင့် စုစည်း၍ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသဖြင့် ထိုပါဠိတော်နှင့် အဋ္ဌကထာအားလုံးကို ထေရဝါဒသာသနာတော်ဟု ခေါ်လာခဲ့ကြရ၏။ ယခု သာသနာတော်နှစ်တစ်ရာကျော်လာသည်တွင်ကား ပင်ရင်းမူလထေရဝါဒမှ ခွဲထွက်သူတို့ ပေါ်လာကြချေပြီ။ တစည်းတလုံးတည်းရှိလာခဲ့သော သာသနာတော်တွင် ဂိုဏ်းကွဲဟူ၍ စတင်ပေါ်ပေါက်လာချေပြီ။ ဝဋ်ပုတ္တာကရဟန်းများသည်ကား ဤသာသနာတော်တွင် ဂိုဏ်းခွဲထွက်သူဟူသမျှတို့၏ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးများပါပေတည်း။

အရှင်မဟာကဿပတို့လက်ထက်တုန်းက ရဟန်းငါးရာဖြင့် သင်္ဂါယနာတင်ခဲ့ကြ၏။ အရှင်ယသတို့၏လက်ထက်တုန်းကလည်း ရဟန်းခုနစ်ရာဖြင့် သင်္ဂါယနာတင်ခဲ့ကြ၏။ ဝဋ်ပုတ္တာကရဟန်းများသည်ကား ရာဂဏန်းများဖြင့် အားမရသဖြင့် ရဟန်းပေါင်းတစ်သောင်းဖြင့် သီးခြားသင်္ဂါယနာတင်ခဲ့ကြ၏။ ထို့ကြောင့်လည်း ထိုသင်္ဂါယနာကို မဟာသီဂီတိဟူ၍ ကိုယ်ဘာသာအမည်ပေးလိုက်ပါတော့သည်။ မဟာသီဂီတိဂိုဏ်းကို မဟာသံဃိကဂိုဏ်းဟူ၍လည်း ခေါ်ဆိုကြပေသည်။

ဂိုဏ်းဝင်ရဟန်းတစ်သောင်းရှိရာတွင် တစ်သောင်းလုံးဖြင့်ပင် သင်္ဂါယနာတင်ခဲ့ကြသဖြင့် မည်သို့မျှ ရွေးချယ်စိစစ်မှုမရှိကြောင်း၊ ထင်ရှားနေပေသည်။ အရေအတွက်များလျှင် ပြီးရောဟူသော သဘောသာဖြစ်ကြောင်း၊ ပေါ်လွင်နေပေသည်။

မဟာသီဂီတိဂိုဏ်းသား ရဟန်းများသည် သာသနာတော်နှင့် မသင့်လျော်သည့်အလုပ်များကို ပြုလုပ်ကြ၏။ သာသနာစောင့်မထေရ်မြတ်ကြီးများ သင်္ဂါယနာတင်ထားခဲ့သည့်အစီအစဉ်ကို ဖောက်ဖျက်ကာ သူတို့စိတ်ဆန္ဒရှိသည့်တိုင်းစီစဉ်ကြ၏။ နိကာယ်တစ်ခုခု့ ထည့်သွင်းထားပြီးသော သုတ္တန်အချို့ကို အခြားနိကာယ်များသို့ ပို့ဆောင်ကြ၏။ ဝိနယပိဋကအပါအဝင် နိကာယ်ငါးရပ်လုံးခု့ သဒ္ဒါကိုလည်း ဖျက်လိုဖျက်ဆီးလုပ်ကြ၏။ အနက်အဓိပ္ပာယ်ကိုလည်း ထင်သလိုကောက်ယူကြ၏။

သူတို့သည် ပရိယာယ်အားဖြင့် ဟောကြားခဲ့သည့် ဒေသနာတော်ကိုလည်းကောင်း၊ တိုက်ရိုက်ဟောထားခဲ့သည့် ဒေသနာတော်ကိုလည်းကောင်း ဝေဖန်ပိုင်းခြားမှုမပြုနိုင်ကြပေ။ ဆောင်ယူ၍သိအပ်သော နေယျတ္ထဒေသနာတော်ကိုလည်းကောင်း၊ တိုက်ရိုက်ထင်ရှားဟောကြားအပ်သော နီတတ္ထဒေသနာတော်ကိုလည်းကောင်း ကွဲကွဲပြားပြား နားမလည်ကြပေ။

ထို့ကြောင့်လည်း မြတ်စွာဘုရား ဟောကြားတော်မူစဉ်က ရည်မှန်းချက်ထားခဲ့သည့်အနက်အဓိပ္ပာယ်ကိုစွန့်ပစ်ကာ အခြားတစ်ပါးသော အနက်အဓိပ္ပာယ်ကို ကောက်ယူကြ၏။ ပါဠိတော်လာ ပုဒ်တစ်ခုခု၏အရိပ်အယောင်ကိုဖမ်းကိုင်ကာ မိမိလိုရာ အနက်အဓိပ္ပာယ်မျိုးစုံဖြင့် ဖွင့်ဆိုဟောကြားကြ၏။

သူတို့သည် သူတို့စိတ်ကြိုက်နှင့် မတိုက်ဆိုင်သည့် သုတ္တန်များကို စွန့်ပယ်ကြ၏။ သူတို့မလိုက်နာလိုသည့် ဝိနည်းသိက္ခာပုဒ်များကို ပယ်စွန့်ကြ၏။ ထိုနေရာတွင် ကွက်လပ်ဖြစ်မနေစေရန် သုတ္တန်အတု၊ ဝိနည်းအတုများဖြင့် အစားထိုး၍ ထားကြပေသည်။

ဤကဲ့သို့ ဘုရားဟောဒေသနာတော်များကို ထင်သလို ပြုပြင်ပြောင်းလဲပစ်ရုံနှင့် အားမရကြသေးသဖြင့် သူတို့သည် မိမိတို့၏ဘွဲ့အမည်များကိုပင် ပြောင်းလဲပစ်ကြ၏။ သာသနာ့ဝန်ထမ်းရဟန်းတို့နှင့် မလျောက်ပတ်သောအသွင်အပြင်များကို တီထွင်ကြ၏။ သာသနာ့ဝန်ထမ်းရဟန်းတို့အတွက် သတ်မှတ်ထားပြီးသော ပရိက္ခရာရှစ်ပါးတို့ကိုပင် အပြောင်းအလဲပြုကြ၏။ သူများထက်သာအောင် အသစ်ထွင်ရလျှင်ပြီးရော့ဟူသော သဘောမျိုးဖြင့် စိတ်ကူးရှိတိုင်း လျှောက်၍လုပ်ကိုင်နေကြခြင်းပင် ဖြစ်ပေသည်။

ဝဇ္ဇီပုတ္တကရဟန်းများက ဂိုဏ်းခွဲထွက်ရန် လမ်းစဖော်ပေးခဲ့ကြသဖြင့် သူတို့၏တပည့်များကလည်း မကြာမီမှာပင် သူတို့ဆရာသမားများ၏ခြေရာကိုနင်း၍ လိုက်လာခဲ့ကြပြန်ပေသည်။

အရှင်သိဂ္ဂဝသည် ထိုရဟန်းများနှင့်ပတ်သက်၍ ဓမ္မသံဃဖြစ်သည်ဆိုရုံသာ ရှိခဲ့၏။ သာသနာစောင့်မထေရ်ကြီးတို့၏ ဆုံးမသွန်သင်မှုကိုပယ်လှန်ကာ လွတ်ရာကျွတ်ရာ ထွက်သွားခဲ့ကြသည့်နေ့မှစ၍ သူတို့အပေါ် ဥပေက္ခာရှုထားခဲ့၍ ဖြစ်၏။ ထို့ကြောင့် ကွဲလက်စနှင့် ဂိုဏ်းတွေ အဆင့်ဆင့်ကွဲလာသည့်သတင်းများကို ကြားရသော်လည်း မိမိတို့နှင့်မသက်ဆိုင်တော့သဖြင့် ကြောင့်ကြမဲ့ပင် နေလာခဲ့၏။

အပြင်အပသို့ရောက်သွားပြီးသားပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ကြောင့်ကြမဲ့နေလာခဲ့သော အရှင်သိဂ္ဂဝသည် မိမိတို့ထေရဝါဒဘောင်အတွင်းက ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ကား မကြောင့်ကြဘဲ နေ၍မရပါ။ အကယ်၍ မိမိမှာ အာသဝမကုန်သေးဘူးဆိုပါက အလွန်ပြင်းပြသည့် ဒေါမနဿဝေဒနာများပင် ခံစားခဲ့ရပါလိမ့်မည်။ အထက်မင်္ဂတို့၏ စွမ်းအားဖြင့် ထိုဝေဒနာခံစားခြင်းမှ ကင်းလွတ်လာခဲ့သည့် တိုင်အောင် ဓမ္မသံဃဂုဏ်တို့ကတော့ ဖြစ်ပွားခဲ့ရပါသေးသည်။

သူတို့သည်ကား မိမိတို့နည်းတူပင် သက်တော်ရှည်အရှင်မြတ်ကြီးတို့၏ တပည့်များ ဖြစ်ခဲ့ကြပါ၏။ ဝဇ္ဇီပုတ္တကရဟန်းများနှင့် အကြိတ်အနယ်အားပြိုင်ရစဉ်တုန်းက အရှင်မြတ်ကြီးတို့၏နောက်တွင် တစည်းတလုံးတည်း ရပ်တည်လာခဲ့သူများဖြစ်ကြပါ၏။ အရှင်မြတ်ကြီးတို့၏ ဆုံးမသွန်သင်ချက်များကို တစ်သဃေမတိမ်းလိုက်နာကျင့်သုံးခဲ့သူများဖြစ်ကြပါ၏။ သို့ပါလျက် အရှင်မြတ်ကြီးများမျက်နှာလွှဲသွားခဲ့ကြသည့်နောက်ပိုင်းတွင်မူ သူတို့သည်လည်း လျော့ရဲရဲဖြစ်လာခဲ့ကြပါတော့သည်။

သူတို့ဆိုရာ၌ သက်တော်ရှည်အရှင်မြတ်ကြီးများထဲ၌ တိုက်ရိုက်တပည့်ခံဖူးသူက အနည်းအကျဉ်းဖြစ်၍ တစ်ဆင့်တပည့်တော်စပ်သူတွေက အများစုဖြစ်ကြ၏။ သူတို့သည် မြောက်ပိုင်းနယ်မြေများမှာ တွင်ကျယ်နေကြသည့် မဟာသံဃိကဂိုဏ်းသို့ ပြေးဝင်ပူးပေါင်းမှုကား မပြုကြပါ။ ထေရဝါဒဟူသော အသိုက်အဝန်းကလည်း ထွက်ခွာမသွားကြပါ။ ထေရဝါဒအသိုက်အဝန်းထဲက မထွက်ဘဲ ကွဲပြားကြသူများပင် ဖြစ်ကြ၏။

မထေရ်ကြီးများ ဂိုဏ်းတုန်းကမူ ထွက်ပေါ်လာသည့် ဝိဝါဒအငြင်းအခုံတို့ကို ဘုရားဟောဒေသနာတော်များဖြင့် ခုံတင်၍ ဆုံးဖြတ်ပေးနိုင်ခဲ့ကြ၏။ မထေရ်ကြီးများ မျက်နှာလွှဲသွားကြသည့်နောက်တွင်ကား ဤသို့ဆုံးဖြတ်ပေး၍မရနိုင်

တော့ပါ။ အဂတိလေးပါးသို့မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ဆုံးဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များရှိနေပါသော်လည်း ဆရာတူတပည့်အချင်းချင်းဟူသော အခုအခံမာန်တင်းမှုများကြောင့် အထမမြောက်ဖြစ်ခဲ့ရ၏။

ထို့ကြောင့်လည်း မတူမျှသည့်အယူအဆများကို နှစ်ဦးနှစ်ဖက် အပြေအလည်ဆွေးနွေး၍ အဖြရှာရမည့်အစား ဂိုဏ်းခွဲထွက်ခြင်းဖြင့် အဖြရှာကြပေတော့သည်။

သူတို့သည်လည်း မဟာသံဃိက ဟူသည့်အမည် မခံယူရုံမျှသာ ရှိပါသည်။ သာသနာတော်ကြီးနှင့်မသင့်လျော်သည့် အမူအကျင့်များတွင်ကား ဝဇ္ဇီပုတ္တကရဟန်းများနှင့် တစ်သားတည်းလောက်ပင် ရှိနေကြပါတော့သည်။

သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးအတွက် အားအထားရဆုံးမှာ ထေရဝါဒမူလဂိုဏ်းကြီးပင်ဖြစ်၏။ အခြားဂိုဏ်းများနှင့်ဆက်စပ်၍ ဂိုဏ်းတစ်ခုဟု ဆိုလိုက်ရသော်ငြားလည်း အုပ်စုတစ်ခုခုမှ သီးခြားခွဲထွက်လာသည့် ဂိုဏ်းမျိုးမဟုတ်ပါ။ အယူအဆမတူမျှသူ၊ ပေါ်ပင်လိုက်ချင်သူတို့က ခွဲ၍ခွဲ၍ထွက်သွားကြရာတွင် နဂိုမူမပျက် ဆက်လက်ရပ်တည်၍နေခဲ့ကြသည့် မထေရ်ကြီးများရှိနေရစ်ကြ၏။ အားနှင့်အင်နှင့် တောင့်တောင့်တင်းတင်း ရှိနေကြ၏။ ထိုမထေရ်ကြီးတို့သည် တပည့်ရဟန်းသာမဏေတို့အား သီလသိက္ခာကို ချစ်မြတ်နိုးသည့် ရဟန်းကောင်းရဟန်းမြတ်ဖြစ်ကြစေရန် ဆုံးမသွန်သင်၍ ပေးနေကြ၏။ အခြေခံအင်အားတောင့်တင်းခိုင်မာစေရန် ပါဠိတော်အဋ္ဌကထာများကို ပို့ချပေးနေကြ၏။

ဤသို့အားဖြင့် သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးအတွက် အရှိန်အဟုန်နှင့် ကြိုးစားနေဆဲတွင် အရှိန်ပျက်စရာအရေးအခင်းတစ်ခုက ပေါ်ပေါက်လာ၏။ ငနန္ဒာမည်သော သူပုန်ခေါင်းဆောင်ကြီးသည် တစ်စထက်တစ်စ အားအင်တောင့်တင်းကာ တိုင်းစွန်ပြည်ဖျားနယ်ပယ်များကို တိုက်ခိုက်သိမ်းပိုက်လာခဲ့ရာ ယခုတော့ ပါဋလိပုတ်မြို့တော်ဆီသို့ပင် တပ်ချီလာခဲ့ပြီဟူပါ၏။

ပါဋလိပုတ်နန်းတော်၌ ယခုလက်ရှိစိုးစံနေသောမင်းမှာ ပဉ္စမကမင်းဖြစ်၏။ ကာဠာသောကမင်းကြီး၏ သားတော်ဆယ်ပါးတွင် အထွေးဆုံးဖြစ်၏။ ခမည်းတော်မင်းကြီး၏ ထီးမွေနန်းမွေကို သားတော်အကြီးဆုံးမှစတင်၍ အစဉ်အတိုင်း ဆက်ခံ၍ စိုးစံလာခဲ့ကြရာ ယခုအခါ သူတို့ညီတော်နောင်တော်တို့၏ နန်းသက်သည် ၂၂ နှစ် ရှိလာပေပြီ။

အလင်းသစ်စာပေ

သာသနာတော် ၇၂ ခုဌ် သုသုနာဂမင်းကြီး စတင်တည်ထောင်ခဲ့သည့် မင်းဆက်သည် သာသနာတော်နှစ် ၁၄၀ အရောက်တွင် သူပုန်ခေါင်းဆောင်ကြီး ငနန္ဒာ၏လက်ချက်ဖြင့် ပျက်သုဉ်းသွားရပါချေပြီ။

"သခ်ါရတရား တို့သည် မမြဲလေကုန်ဖွတကား"

❑

ထူးခြားသော ထိုခုနစ်

သူပုန်ခေါင်းဆောင်ကြီး ငနန္ဒာသည် ပဉ္စမကမင်းကို သုတ်သင်ဖယ်ရှား ပြီးလျှင် ဥဂ္ဂသေနဟူသောအမည်ဖြင့် မင်းပြု၏။ ဥဂ္ဂသေနမင်းသည် သာမန်ဆင်း ရဲသားအဖြစ်မှ မင်းအဖြစ်ကိုရအောင် စွမ်းဆောင်နိုင်သူကား ဟုတ်ပါ၏။ သို့ရာတွင် မင်းစည်းစိမ်ကို အရှည်သဖြင့် ခံစားနိုင်မည့်အကြောင်းကံက မပါလာသဖြင့် မကြာမီမှာပင် ကွယ်လွန်၏။

ဥဂ္ဂသေနမင်း၏ထီးနန်းရိုက်ရာကို သူ၏ညီရှစ်ယောက်တို့အနက် အကြီး ဆုံးဖြစ်သော ပဏ္ဍုကာနန္ဒက ဆက်ခံစိုးစံ၏။ ထိုမှတစ်ဖန် ပဏ္ဍုကာနန္ဒမင်း ကွယ်လွန်သွားပြန်သောအခါ ကျန်သောညီခုနစ်ယောက်တို့က အစဉ်အတိုင်း ဆက်ခံစိုးစံကြ၏။ ဥဂ္ဂသေန နန်းဆက်တွင် နောက်ဆုံးစိုးစံသည့်မင်းသည်ကား ညီအထွေးဆုံး ဓနနန္ဒမင်းဖြစ်ပေသည်။

ဓနနန္ဒမင်းလက်ထက်တွင် ထီးနန်းစည်းစိမ်ကို လုယူနိုင်လောက်အောင် အင်အားတောင့်တင်းသည့် မင်းလောင်းတစ်ယောက် ပေါ်ပေါက်လာ၏။ ထိုမင်း လောင်းမှာကား ဥဂ္ဂသေနမင်းကဲ့သို့ သာမန်ဆင်းရဲသားမှဖွားမြင်လာသူမဟုတ် ပေ။ မောရိယပြည်ကို တည်ထောင်စိုးစံသည့်မင်းနှင့် မိဖုရားကြီးတို့၏သားတော် တစ်ပါးပင် ဖြစ်ပေသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က သကျမင်းမျိုးတို့ကို ဝိဠူဠဘ မင်းက စစ်တပ်ကြီးများချီ၍ တိုက်ခိုက်သတ်ဖြတ်ရာတွင် သကျမင်းညီမင်းသား အနည်းငယ်မျှသာ လွတ်ရာကျွတ်ရာ ပြေးထွက်လာနိုင်ခဲ့၏။ ထိုမင်းညီမင်းသား တို့သည် ဝိဠူဠဘမင်း၏ အာဏာစက်လွတ်ကင်းရာ ဟိမဝန္တာတောင်ခြေတော ကြီးအတွင်းသို့ ဝင်လာခဲ့ကြရ၏။ ထိုအရပ်မှာ မြို့ပြတည်ထောင်၍ အတည်တကျ

နေထိုင်ခဲ့ကြ၏။ ထိုမြို့သည်ကား ဥဒေါင်းဌက်တွန်သံတို့ဖြင့် သာတောင်သာယာရှိလှသဖြင့် မောရိယမြို့ဟူ၍ အမည်တွင်လာပေသည်။

မောရိယမြို့ကို တည်ထောင်၍ မင်းအဆက်ဆက်တို့ စိုးစံခဲ့ကြရာတွင် နောက်ဆုံးဖြစ်သောမင်းကို ပြည်နိုးချင်းမင်းတစ်ပါးက အနိုင်တိုက်ခိုက်၍ ထီးနန်းသိမ်းပိုက်၏။ ဤအချိန်တွင် မောရိယမင်း၏မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေ၏။ အသက်ဘေးမှ လွတ်မြောက်နိုင်စေရန် သာမန်အရပ်သူတစ်ယောက်အသွင် ဝတ်ဆင်၍ လက်လွတ်ထွက်ပြေးလာခဲ့ရ၏။ သူနှင့်အတူ အခြေအရံအမျိုးသမီးအနည်းငယ်မျှသာ ခေါ်လာနိုင်ပေသည်။

မောရိယမိဖုရားကြီးသည် ပါဋလိပုတ်မြို့အနီးရှိ ရွာကြီးတစ်ရွာသို့ ရောက်သောအခါ သားဖွား၏။ ဤကဲ့သို့ ကစဉ့်ကလျား ပြေးလွှားပုန်းရှောင်နေရသည့်အခိုက်တွင် သားတစ်ယောက်ကို မွေးမြူရန်ခက်လှ၏။ ထို့ကြောင့် ဖွားမြင်ခါစကလေးငယ်ကို အိုးသစ်မှာ ထည့်စေပြီးလျှင် နွားခြံဝသို့ ညတွင်းချင်းသွား၍ချထားစေ၏။

ဘုန်းကံမရှိသူသာဆိုပါက နံနက်လင်း၍ ခြံထဲက နွားတွေ သူ့ထက်ငါတိုးတွေ့၍ထွက်အလာတွင် မြေအိုးနှင့်တကွ ဖွားခါစကလေးငယ်ပါ စိစိညက်ညက်ကြေသွားတော့မည်ဖြစ်၏။ ယခု ကလေးငယ်သည်ကား ရှေးဘုန်းရှေးကံပါလာသူဖြစ်၍ နွားနင်းမခံရပါပေ။ ခြံထဲကနွားများထွက်မလာမီကပင် စန္ဒမည်သောနွားလားကြီးသည် အိုးပေါ်မှာ ခြေလေးချောင်းခွ၍ ရပ်စောင့်နေ၏။ ထို့ကြောင့် ဂိုဂိုသမျှနွားများသည် စန္ဒနွားလားကြီး၏နံဘေးကသာ သွားကြရသဖြင့် ကလေးငယ်မှာ အသက်ဘေးမှ ကင်းဝေးနေပေသည်။

မကြာစမှီး ထူးကဲလှသည့်ဖြစ်အင်ကို တွေ့မြင်လိုက်ရသဖြင့် နွားခြံပိုင်ရှင်က ကလေးငယ်ကို သားအဖြစ် ကောက်ယူမွေးစားထားလိုက်၏။ စန္ဒမည်သောနွားလားဥသဘကြီး၏စောင့်ရှောက်ခြင်းကို ခံယူရသဖြင့် ထိုကလေးငယ်ကို စန္ဒဂုတ် (စန္ဒဂုတ္တ) ဟူ၍ အမည်ပေးလေသည်။

စန္ဒဂုတ် ပြေးပြေးလွှားလွှား ဆော့ကစားနိုင်သည့်အရွယ်တွင် နွားခြံပိုင်ရှင်၏ဝိတ်ဆွေဖြစ်သော မုဆိုးတစ်ယောက်က သားကဲ့သို့ ချစ်ခင်သဖြင့် တောင်းယူမွေးစား၏။ ထိုရွာသို့ရောက်၍ ကလေးတို့ဘာသာဘာဝကစားကြရာတွင် စန္ဒဂုတ်သည် သူများလို လယ်ထွန်တမ်း၊ အိမ်ဆောက်တမ်း မကစားပေ။ အဖော်များနှင့် ကစားသည့်အခါတိုင်း သူက ရှင်ဘုရင် လုပ်တတ်၏။ ရှင်ဘုရင်လေသံ၊

ရှင်ဘုရင့်ဟန်ပန်ဖြင့် အဆုံးအဖြတ်များ ချမှတ်၏။ အမိန့်အာဏာများ ထုတ်ပြန်၏။ ကစားဖော်သူငယ်များမှာကား သူ့အမိန့်သံကို နာခံရသည့် မှူးကြီးမတ်ကြီးများ ဖြစ်ကြရပေသည်။

ထိုကဲ့သို့ အများနှင့်မတူ တစ်မူထူးခြားသည့်အပြုအမူများကြောင့်လည်း မင်းလောင်းရှာနေသည့် စာဏကျပုဏ္ဏားကြီးက သူ့ကို မျက်စိကျခဲ့ခြင်းဖြစ်ပေသည်။

စာဏကျပုဏ္ဏားကြီးသည်ကား တက္ကသိုလ်မြို့တော်တွင် အတတ်ပညာမျိုးစုံပို့ချနေရာမှ ပါဋ္ဌလိပုတ်မြို့တော်သို့ ရောက်လာခဲ့သူဖြစ်၏။ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ အလှူခံလာခဲ့ရာ ပါဋ္ဌလိပုတ်မြို့တော်အရောက်တွင် ဓနနန္ဒမင်း၏ အလှူပွဲကြီးနှင့် ကြုံကြိုက်နေသဖြင့် အလှူမဏ္ဍာပ်ထဲသို့ ဝင်ခဲ့၏။ ပုဏ္ဏားကြီး၏ အသက်အရွယ်ကို ထောက်ချင့်ကာ အလှူခံပုဏ္ဏားအပေါင်းက အဦးဆုံးနေရာကို ပေးကြ၏။

စာဏကျပုဏ္ဏားကြီးသည်ကား အသက်အရွယ်ကြီးရုံသာမဟုတ်ပေ။ ဝေဒကျမ်းဂန်များကို ကျေကျေညက်ညက် လေ့ကျက်ထားသူဖြစ်၏။ ယောဂျားတို့ တတ်မြောက်ထိုက်သည့် တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကိုလည်း ပိုင်ပိုင်နိုင်နိုင် ပို့ချနိုင်သူဖြစ်၏။ ဆေးအတတ်၊ ဂါထာမန္တရားအတတ်တို့ကိုလည်း လေ့လာဆည်းပူးထား၏။

ထိုကဲ့သို့ အဘက်ဘက်က အရည်အချင်းပြည့်ဝနေပါသော်ငြားလည်း သူ၏သွားစွယ်တစ်ခုက ကျိုးနေ၏။ ရုပ်ရည်လက္ခဏာမလှမပရုံမက ခြေတစ်ဖက်ကပါ ခွင်နေလိုက်သေး၏။

ထို့ကြောင့်လည်း ဓနနန္ဒမင်းသည် အလှူခံပုဏ္ဏားတို့၏အဦးအဖျားမှာ နေရာယူထားသည့် စာဏကျပုဏ္ဏားကြီးကို မြင်လိုက်ရသောအခါ စိတ်နှလုံးမသာမယာဖြစ်သွားရ၏။ "ပုဏ္ဏားအိုကြီးကို ဆွဲထုတ်ပစ်လိုက်ကြ" ဟု အမိန့်ပေးလိုက်၏။

အလှူမဏ္ဍာပ်တွင်တာဝန်ကျသော မှူးမတ်တို့သည်လည်း အလှူခံပုဏ္ဏားတစ်ယောက်ကို ဆွဲ၍မထုတ်ရဲကြသဖြင့် ပုဏ္ဏားကြီးသိလောက်အောင် စောင်းပါးရိပ်ခြည်သာ ပြောကြရ၏။ ဤတွင် စာဏကျပုဏ္ဏားကြီးသည် အဖြစ်မှန်ကို သဘောပေါက်ကာ အလှူမဏ္ဍာပ်အတွင်းမှ ဒေါသတကြီးထွက်ခွာလာခဲ့၏။ ပုဏ္ဏားတို့၏ထုံးစံအရ စလွယ်သိုင်းထားသည့်ချည်မျှင်များကို အပိုင်းပိုင်းဖြစ်

အောင် ဖြတ်ပစ်ပြီးလျှင် ကိုင်စွဲနေကျရေကရားကိုလည်း တံခါးတိုင်မှာ ရိုက်ခွဲလိုက်လေသည်။

ထိုအချိန်မှစတင်၍ ဓနနန္ဒမင်းအား အန်တုဖက်ပြိုင်နိုင်မည့် မင်းလောင်းကို ရှာဖွေနေခဲ့ရာတွင် စန္ဒဂုတ်ကို တွေ့လိုက်ရသည့်အတွက် ပုဏ္ဏားကြီးအားတက်သွား၏။ မုဆိုး၏လက်သို့ အသပြာတစ်ထောင်ပေးအပ်၍ စန္ဒဂုတ်ကိုတောင်းယူလာခဲ့ပြီးလျှင် ဆင်အတတ်၊ မြင်းအတတ် စသည့် စစ်ပညာအရပ်ရပ်ကို သင်ကြားပေး၏။ စန္ဒဂုတ်သတို့သား ပညာစုံတတ်မြောက်၍ အရွယ်ရောက်လာသောအခါတွင် စာဏကျပုဏ္ဏားကြီးသည် စောစောကတည်းက ကြိုတင်၍မြှုပ်နှံထားခဲ့သည့် ရတနာဥစ္စာတို့ကို ဖော်ထုတ်ပြီးလျှင် စစ်သည်ဗိုလ်ပါများ စုဆောင်း၏။

တစ်စတစ်စနှင့် စုစည်းလာခဲ့၍ ပြည့်ရှင်မင်းကို အန်တုနိုင်သည့်အနေအထားသို့ ရောက်လာသောအခါတွင် ပါဋလိပုတ်မြို့တော်အထိ ထိုးဖောက်၍ တိုက်ခိုက်၏။ သို့ရာတွင် သူတို့လုပ်ကြံမှုမအောင်မြင်ပေ။ နန်းတော်အတွင်းက ခုခံတိုက်ခိုက်ခြင်းကို ခံရရုံမျှမက အပြင်အပက ကျေးရွာနယ်ပယ်များကလည်း ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် သူတို့တပ်များပျက်ကာ ကစဉ့်ကလျား ဆုတ်ခွာသွားခဲ့ကြရပေသည်။

ထို့နောက် စာဏကျပုဏ္ဏားကြီးသည် အခြေအနေကို စနည်းနာရန် အထောက်တော်များကို စေလွှတ်လိုက်ရာ မုန့်သည်သားအမိတို့ထံမှ အဖိုးတန်လှသည့် အကြံဉာဏ်ကို ရရှိလိုက်ပေသည်။

မုန့်သည်မ၏သားကလေးသည် အမေပေးလိုက်သည့် မုန့်ပူပူနွေးနွေးကို နံဘေးသားက စ၍မစားဘဲ အလယ်သားကို ဖောက်၍စား၏။ မစားနိုင်၍ ချိတုံချတုံဖြစ်နေရ၏။ ဤတွင် မိခင်ဖြစ်သူက "ချစ်သား အပြုအမူက စန္ဒဂုတ်စစ်တိုက်သည်နှင့် တူလှချေ၏" ဟု ဆိုရာ သားဖြစ်သူက -

"ဘယ်လိုများတူပါသလဲအမေ" ဟု ပြန်မေးသဖြင့် -

"ချစ်သား၊ သင်သည် မုန့်ပူပူနွေးနွေးကို နံဘေးသားက စ၍မစားဘဲ အလယ်သားကို ဖောက်၍စားသဖြင့် အခက်ကြုံရပြီမဟုတ်လော။ စန္ဒဂုတ်မှာလည်း တိုင်းဖွန်နယ်များက စ၍မတိုက်ဘဲ နန်းမြို့တော်ကို ဝင်တိုက်သဖြင့် တပ်ပျက်ရသည်မဟုတ်လော" ဟု ရှင်းပြ၏။

ဤစကားကို စာဏကျပုဏ္ဏားကြီး ကြားသိရသောအခါ ဤအရေးကားဟုတ်လှပေပြီဟု သဘောပေါက်ကာ စစ်သည်ဗိုလ်ပါများကို ပြန်လည်စုရုံး၏။

စစ်ရိုက္ခာများနှင့်တကွ စစ်လက်နက်ပစ္စည်းများ စုဆောင်း၏။ အားကိုးလောက်သည့်အင်အားစုကို သိမ်းသွင်းမိသောအခါ ယခင်တစ်ကြိမ်လို မလုပ်တော့ဘဲ တိုင်းစွန်ပြည်ဖျားက စတင်၍ တစ်စချင်းတစ်စချင်း တိုက်ခိုက်သိမ်းပိုက်၏။ တိုက်ခိုက်သိမ်းပိုက်၍ရသည့်အထဲမှ ပစ္စည်းအင်အား၊ လူအင်အားများကို သိမ်းသွင်းကာ ပိုမို၍ အင်အားတောင့်တင်းလာ၏။

ဤတွင် ဓနနန္ဒမင်း၏ပိုင်နက်နှင့် နယ်နိမိတ်ချင်းစပ်နေသော ပြည်ငယ်ကို တိုက်ခိုက်သိမ်းပိုက်၏။ ထိုပြည်၏ပစ္စည်းအင်အား၊ လူအင်အားတို့ ဖြည့်စွက်လိုက်သည့်အခါတွင်ကား ဓနနန္ဒမင်းကို အန်တုနိုင်သောအဆင့်သို့ ရောက်လာပေပြီ။ ဤအကြိမ်တွင်ကား ဓနနန္ဒမင်း၏စစ်သည်ဗိုလ်ပါတို့သည် မိမိတို့မြို့ကို လုံခြုံအောင် မခုမခံနိုင်ကြတော့ပေ။ တာရိုးအကျိုးတွင် ဒလဟောစီးဝင်လာကြသော ရေအလျဉ်ကြီးပမာ အရှိန်ပြင်းစွာ ချီတက်လာကြသည့် စစ်သည်ဗိုလ်ပါတို့၏ ကျော်နင်းချေမှုန်းခြင်းကို ခံလိုက်ရပါတော့သည်။

စာဏကျပုဏ္ဏားကြီးကို အရှက်ကွဲအောင် ဆွဲထုတ်စေခဲ့သော ဓနနန္ဒမင်းသည် စာဏကျပုဏ္ဏားကြီး၏လက်စားချေခြင်းကို ခံလိုက်ရပါချေပြီ။

ရတ္တညူမဟတ္တဂုဏ်နှင့်ပြည့်စုံနေပြီဖြစ်သော အရှင်သိဂ္ဂဝသည် ထိုနှစ်ကို ထူးထူးခြားခြားမှတ်သား၍ ထားလိုက်မိ၏။

ထိုနှစ်တွင် မဇ္ဈိမဒေသ၌ ထူးထူးခြားခြား တန်ခိုးထွားသည့် မောရိယမင်းဆက် စတင်ပေါ်ပေါက်လာခဲ့၏။

ထိုနှစ်တွင်ပင် တိသဿဟ္မာကြီးသည် ဿဟ္မာပြည်မှ စုတေပြီး လျှင်မောဂ္ဂလိပုဏ္ဏားကြီး၏ဇနီး ပုဏ္ဏေးမထံ၌ ပဋိသန္ဓေတည်နေလာ၏။

ထိုနှစ်သည်ကား သာသနာတော်နှစ် ၁၆၂ ခု ပါပေတည်း။

❑

အလင်းသစ်စာပေ

လာခြင်းကောင်းသောရှင်တိသ

ဓူတင်တစ်ဆယ့်သုံးပါးရှိရာတွင် အိမ်စဉ်အတိုင်း ဆွမ်းခံရသည့်သပဒါန ဓူတင်လည်း အပါအဝင်ဖြစ်၏။ အရှင်သိဂ္ဂဝသည် သပဒါနဓူတင်ကို အစဉ်မပျက် ဆောင်လာခဲ့သဖြင့် ရွာထဲသို့ဝင်မိသည်နှင့် တစ်ပြိုင်နက် အိမ်စဉ်ရှိသမျှကို မခြွင်း မချန် မကျော်မလွှားဘဲ အိမ်ဝတွင်ရပ်၍ ဆွမ်းခံလာခဲ့၏။ သို့ရာတွင် မိမိဆွမ်းရပ်ခဲ့သည့်အိမ်များထဲ၌ မောဂ္ဂလိပုဏ္ဏားကြီးတို့၏အိမ်ကား မပါဝင်ပါ။

မောဂ္ဂလိပုဏ္ဏားကြီးနှင့်တကွ အိမ်သူအိမ်သားရှိရှိသမျှတို့သည် ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ်ခြင်းမပြုပါ။ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကိုလည်း မယုံကြည်ပါ။ နိဗ္ဗာန်ရောက်ရေးထက် ဗြဟ္မာကြီးဖြစ်ရေးကိုသာ ပို၍အလေးထားခဲ့၏။ ဘိုးစဉ်ဘောင်ဆက်ကဆင်းသက်ထောက်ခံလာခဲ့သည့် ဗြဟ္မဏအယူဝါဒကိုသာ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားကြ၏။

ထို့ကြောင့် သူတို့သည် မည်သည့် ရဟန်းကိုမျှ ကိုးကွယ်ဆည်းကပ်မှုမပြုကြပါ။ မည်သည့်ဝတ္ထုပစ္စည်းကိုမျှ ပေးကမ်းလှူဒါန်းခြင်းမပြုကြပါ။ ထို့ကြောင့်လည်း အရှင်သိဂ္ဂဝသည် ထိုအိမ်ကို လူမနေသောဇရပ်အိုတစ်ခုဟုသဘောထားကာ ကျော်လွှား၍ ထားခဲ့ရပါတော့သည်။

နေ့ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ကျော်လွှား၍ထားခဲ့သောထိုအိမ်ကို ယခုတော့ ဝင်ဖြစ်အောင်ဝင်ရပါတော့မည်။ အိမ်အဝင်ဝတွင် ရပ်ဖြစ်အောင်ရပ်ပြရပါတော့မည်။ ကျောက်ထီးတန္တု အလေးပြုအပ်သော ဆရာအရှင်မြတ်ကြီးများကတော့ ဤတိဿသူငယ်ကို ရှင်သာမဏေဖြစ်အောင် သွတ်သွင်းပေးရမည်ဟူ၍သာ မိန့်မှာတော်မူခဲ့ကြ၏။ သို့ရာတွင် မိမိဘက်ကတော့ ဒုးလောက်တင်မှ

အလင်းသစ်စာပေ

ရင်လောက်ကျမည်ဟု ခံယူချက်ရှိထား၏။ သူတို့လို သာသနာတော်ကြီးနှင့် သူစိမ်းပြင်ပြင်ဖြစ်နေသူများကို အချိန်ရောက်ခါမှ ချဉ်းကပ်၍ သိမ်းသွင်းရန်မလွယ်ပါ။ စောနိုင်သမျှ စောစောစီးစီး ချဉ်းကပ်ထားပါမှသာ တော်ကာကျပေမည်။

ထို့ကြောင့် အရှင်သိဂ္ဂဝသည် တိဿသတို့သား ပဋိသန္ဓေတည်နေလာသည့်နေ့မှစတင်ကာ ထိုအိမ်သို့ ဝင်ရောက်ခဲ့၏။ အိမ်အဝင်ဝတွင် နှုတ်သံမမြွက်ငြိမ်သက်စွာရပ်ခဲ့၏။ သို့ရာတွင် မောဂ္ဂလိပုဏ္ဏားကြီးတို့မိသားစုအတွက်ကားမည်သို့မျှ အကြောင်းထူးမသွားပါ။

သူတို့သည် ဤအိမ်ကိုကျော်လွှား၍သွားတုန်းကလည်း မည်သို့မျှတုံ့ပြန်ရန်မရှိ၍ မတုံ့ပြန်ဘဲ နေခဲ့ကြ၏။ ယခု အိမ်အဝင်ဝမှာ ရပ်လာပြန်တော့လည်း တုံ့ပြန်စရာ ဘာတစ်ခုမျှ မပေါ်ပေါက်ပါချေ။

တခြားအိမ်များသာဆိုပါက ဤသို့ဆွမ်းရပ်လာသောရဟန်းကို လောင်းလှူလိုက လောင်းလိုက်မည်ဖြစ်၏။ မလောင်းလိုလျှင် သို့မဟုတ် လောင်းလှူရန်ပစ္စည်းက အရန်သင့်မရှိသေးလျှင် "ကန်တော့ပါသေးသည်" ဟု လျှောက်ထားကြရမည်ဖြစ်၏။ မောဂ္ဂလိပုဏ္ဏားကြီးတို့မိသားစုကတော့ ကန်တော့ဆွမ်းကလေးပင် မလောင်းကြပါ။ သို့ဖြစ်၍ နှုတ်သံမမြွက် ငြိမ်သက်စွာဆွမ်းရပ်ခဲ့သော အရှင်သိဂ္ဂဝသည် ငြိမ်ငြိမ်သက်သက်ပင် ထိုအိမ်မှ ထွက်လာခဲ့ရပါတော့သည်။

ဤသို့ ဆွမ်းတစ်ယောက်မမျှမရဘဲ ထွက်လာခဲ့ရသော်ငြားလည်း အရှင်သိဂ္ဂဝအတွက် တုန်လှုပ်စရာမရှိပါ။ ဤသို့ဖြစ်လာမည့်အခြေအနေကို စောစောကပင် ကြိုတင်၍သိထားပြီးဖြစ်၏။ ဆွမ်းရရေး၊ မရရေးထက် ဆရာအရှင်မြတ်ကြီးတို့ ပေးအပ်ခဲ့သည့်တာဝန်ကို ကျေပွန်နိုင်ဖို့သာ အဓိကဖြစ်ပေသည်။

ထို့ကြောင့်လည်း အရှင်သိဂ္ဂဝသည် နောက်နေ့နောက်နေ့များမှာလည်း ဝတ်မပျက်တမ်းဝင်၍ ဆွမ်းရပ်၏။ ထိုနေ့ထိုနေ့များမှာလည်း ယခင်နေ့များအတိုင်းပင် သပိတ်ဖုံးကိုမဖွင့်ရဘဲ ပြန်ထွက်လာခဲ့ရ၏။

ဤသို့ဖြင့် တိဿ သတို့သားကလေးသည်ပင် အမိဝမ်းမှ ဖွားမြင်လာခဲ့၏။ ဖွားမြင်ပြီးနောက် အလျားမှောက်ရာမှ ငုတ်တုတ်ထိုင်နိုင်လာ၏။ ငုတ်တုတ်ထိုင်ရာမှ ထောတိထော့နဲ့ ခြေစမ်း၍ လှမ်းနိုင်လာ၏။ မပီကလာ ပီကလာမှ စတင်၍ တီတီတာတာပြောဆိုတတ်လာ၏။ သက်တူရွယ်တူကလေးငယ်များနှင့် ပြေးပြေးလွှားလွှား ကစားနိုင်လာ၏။

အလင်းသစ်စာပေ

ဤသို့ တိသဃသူငယ်ဘက်က တစ်နေ့တခြား အခြေအနေတိုးတက်လာခြင်းတွင် အရှင်သိဂ္ဂဝဘက်မှာကား မည်သို့မျှထူးခြားမလာပါချေ။

မှတ်မှတ်ရရ ဤအိမ်သို့ ဆွမ်းခံဝင်၍ ခုနစ်နှစ်မြောက်လာသည့်နေ့တွင်မူ အိမ်သားတစ်ယောက်က "ကန်တော့ပါသေး၏" ဟုမြွက်ဆိုဖော်ရလာ၏။ တွေ့ရမြင်ရဖန်များလာ၍ အားနာစိတ်ကလေးများ ဝင်လာလေသလား။ တစ်ကြိမ်တစ်ခါလေးမျှ မလောင်းဘူးပါဘဲလျက် ဝင်နိုင်ရန်ကောဟု ပြောချင်လေသလား။ အရှင်သိဂ္ဂဝကတော့ ထူးထူးထွေထွေ တွေးတောခံစားမှုမပြုပါ။ ခါတိုင်းနေ့များအတိုင်းပင် ထိုအိမ်မှ ညင်ညင်သာသာ ပြန်ထွက်လာခဲ့၏။

ထိုအိမ်မှထွက်လာခဲ့၍ သုံးလေးအိမ်မျှ ကျော်လာသည်တွင် မောဂ္ဂလိပုဏ္ဏားကြီးနှင့် ခရီးရင်ဆိုင်တွေ့ဆုံလိုက်ရ၏။ လုပ်ငန်းတစ်ခုခုလုပ်ကိုင်ရာမှ အိမ်ပြန်လာသောပုဏ္ဏားကြီးသည် ဤနေ့တွင်မှ အရှင်သိဂ္ဂဝကို နှုတ်ဆက်ချင်စိတ်ပေါ်ပေါက်လာသဖြင့် -

"အရှင်ဘုရား၊ တပည့်တော်တို့အိမ်ကို ရောက်ခဲ့ပါပြီလော" ဟု မေးလျှောက်ရာ -

"ဒကာ၊ ငါတို့များ ရောက်ခဲ့ကြကုန်၏"

"အရှင်ဘုရား၊ အိမ်ကိုရောက်ခဲ့ပြီးဆိုပါလျှင် တစ်စုံတစ်ခုများ ရခဲ့ပါသလော"

"ဒကာ၊ ငါတို့များ ရခဲ့ကြကုန်၏"

ထိုစကားကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် မောဂ္ဂလိပုဏ္ဏားကြီးမျက်နှာပျက်သွား၏။ စောစောက နှုတ်ဆက်ချင်သည့်စိတ်ကလေးများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကာ မကျေနိုင်မချမ်းနိုင်သည့်စိတ်များက လွှမ်းမိုးလာကြ၏။

ထို့ကြောင့် မောဂ္ဂလိပုဏ္ဏားကြီးသည် အရှင်သိဂ္ဂဝကို မည်သို့မျှဆက်မလျှောက်ထောက်တဲ့ အိမ်သို့ ဂျီးဂျီးဂွဲဂွဲပြန်လာ၏။ အိမ်ထဲဝင်မိသည်နှင့်တစ်ပြိုင်နက် -

"သည်ကနေ့ ရဟန်းကို အိမ်က ဘာများလှူလိုက်ကြသနည်း" ဟု အော်ကြီးဟစ်ကျယ်မေးထော်၏။ အိမ်သူအိမ်သားများကလည်း ဘာတစ်ခုမျှ မလောင်းလှူရကြောင်း တစ်သံတည်းဖြေကြားကြပေသည်။

ဤတွင်မှ ခက်ထန်မာကျောသည့်အမူအရာများပျောက်သွားကာ ပုဏ္ဏားကြီး၏ မျက်နှာပေါ်တွင် ပြုံးရိပ်ကလေးများ သမ်းလာပေသည်။

ပြုံးရိပ်သန်းလာရခြင်း၏ အကြောင်းရင်းကား နောက်တစ်နေ့နံနက်တွင် ထင်ရှားလာပေ၏။

ယခင်နေ့များတုန်းက အရှင်သိဂ္ဂဝ ဆွမ်းခံရပ်လာလျှင် မောဂ္ဂလိပုဏ္ဏားကြီးသည် လှည့်၍ပင်မကြည့်ခဲ့ပေ။ ထိုနေ့တွင်ကား အရှင်သိဂ္ဂဝ မကြွလာမီအချိန်ကတည်းက အိမ်ပေါက်ဝမှ စောင့်ကြိနေ၏။ သင်္ကန်းဝါဝါကိုလှမ်းမြင်လိုက်ရတိုင်း အရှင်သိဂ္ဂဝလေလားဟု လှမ်း၍လှမ်း၍ မျှော်ကြည့်နေမိရ၏။

အရှင်သိဂ္ဂဝသည်ကား နေ့တိုင်းကြွနေကျအချိန်မှာပင် ကြွဝင်လာ၏။ ဤတွင် အသင့်စောင့်နေသောပုဏ္ဏားကြီးက –

"အရှင်ရဟန်း၊ အရှင်ရဟန်းသည် ယမန်နေ့တုန်းက ဤအိမ်မှဘာတစ်ခုမျှ မလောင်းလှူလိုက်ပါဘဲလျက် 'ငါတို့များ ရခဲ့ကြပေကုန်၏' ဟု ဖြေကြားခဲ့၏။ ရဟန်းတစ်ပါးဖြစ်နေပါလျက် မုသားပြောသင့်ပါသလော"

ဤသို့ မုသာဝါဒဖြင့် စွပ်စွဲလိုက်၏။ ယမန်နေ့က ပြုံးခဲ့သောအပြုံးတွင် မိမိအိမ်မှ ဘာတစ်ခုမျှ မလောင်းလိုက်ရတာလည်း ပါပါလိမ့်မည်။ မိမိမကြည်ညိုသည့် ရဟန်းတစ်ပါးအား စွပ်စွဲစရာအကြောင်းတစ်ခုရလိုက်၍လည်း ဖြစ်ပါလိမ့်မည်။

လက်ဆုပ်လက်ကိုင်သက်သေခိုင်ခိုင်ကြီးပြ၍ တင်ပေးလိုက်သော စွပ်စွဲချက်ကို အရှင်သိဂ္ဂဝက တည်ငြိမ်အေးချမ်းစွာပင် ဖြေရှင်းလိုက်ပါပေသည်။

"ဒကာပုဏ္ဏား၊ ငါသည် သင်တို့အိမ်ဝ၌ ဆွမ်းရပ်လာခဲ့သည်မှာ ခုနစ်နှစ်တိုင်တိုင်ပင် ရှိခဲ့ပေပြီ။ ခုနစ်နှစ်တာကာလအတွင်း၌ သင်တို့အိမ်မှ ကန်တော့ဆွမ်းကလေးမျှ မလောင်းခဲ့ပါချေ။ ယမန်နေ့ကမူကား 'ကန်တော့ပါသေး၏' ဟူသော စကားတစ်ခွန်းပြောဖော်ရလာပါ၏။ မကြားစဖူး အကြားရထူးလှသော ထိုစကားတစ်ခွန်းရခဲ့သည်ကို ရည်ရွယ်၍ ရခဲ့ပေသည်ဟု ငါ ဖြေကြားခဲ့ပေသည်"

ဒေါသနှင့် အဒေါသတို့၏အားပြိုင်ပွဲသည် ဤနေရာမှာပင် ပြီးသွားပေပြီ။ အရေးရှုံးနိမ့်သွားသော ဒေါသစေတသိက်တို့နေရာတွင် ဒေါသမပါသော စိတ်စေတသိက်တို့ ပေါ်ပေါက်လာကြပေပြီ။

'သြော် ... ဤရဟန်းတို့၏စိတ်သဘောထားသည် မွန်မြတ်လှပေစွတကား။ ကန်တော့ပါသေး၏ဟူသော စကားလေးတစ်ခွန်းရရုံနှင့်ပင် ငါတို့ရခဲ့

ကြကုန်၏ဟု ဝမ်းမြောက်ဝမ်းသာဖြကြားခဲ့ပါပေ၏။ ချီးမွမ်းစကားပြောကြားခဲ့ပါပေ၏။ တစ်စုံတစ်ခုသောပစ္စည်းကို အဟုတ်တကယ်လှူလိုက်လျှင်ကား အဘယ်မှာ ဝမ်းမမြောက်ဘဲ ရှိပါတော့မည်နည်း။ အဘယ်မှာ မချီးမွမ်းဘဲ နေပါတော့မည်နည်း'

ဤသို့တွေးတောစဉ်းစားပြီးလျှင် အရှင်သိဂ္ဂဝကို အိမ်သို့ပြန်ပင့်၏။ မိမိအတွက် ချက်ပြုတ်ထားသည့်အထဲမှ ဆွမ်းတစ်ယောက်မကို ခူး၍လောင်း၏။ ထိုဆွမ်းနှင့် အလောတော်ဟင်းကိုလည်း လောင်းပြီးလျှင် –

"အရှင်ဘုရား၊ နေ့စဉ်နေ့တိုင်း ဤမျှလောက်သောဆွမ်းကို အရှင်ဘုရား ရပါလိမ့်မည်" ဟု လျှောက်ထား၏။ ထိုနေ့မှစ၍ မောဂ္ဂလိပုတ္တာကြီး၏အိမ် တံခါးတစ်ချပ် ပွင့်သွားခဲ့ပြီဟု ဆိုရပါတော့မည်။

ပထမတံခါးတစ်ချပ် ပွင့်သွားသည့်နောက်တွင် အခြားတံခါးတို့ပွင့်ရန်ကား သိပ်မခက်ခဲတော့ပါ။ မောဂ္ဂလိပုတ္တာကြီးသည် ဆွမ်းတစ်ယောက်မကို နေ့စဉ်မပျက် ခူးခပ်လောင်းလှူရင်း အရှင်သိဂ္ဂဝ၏တည်ကြည်ငြိမ်သက်သောလက္ခဏာကို ကြည်ညိုသည်ထက် ကြည်ညိုလာ၏။ ထို့ကြောင့် ဆွမ်းတစ်ယောက်မလောင်းလှူရုံနှင့် မတင်းတိမ်နိုင်တော့ဘဲ မိမိအိမ်၌ နေ့စဉ်နေ့တိုင်း ဆွမ်းဘဉ်းပေးရန် လျှောက်ထား၏။ အရှင်သိဂ္ဂဝကလည်း သာသနာတော်ကြီး၏အကျိုးတရားကို ထောက်ထား၍ လက်ခံလိုက်ပေသည်။

အရှင်သိဂ္ဂဝသည် မောဂ္ဂလိပုတ္တာကြီးအိမ်၌ ဆွမ်းဘဉ်းပေးပြီးသည့်အခါတိုင်း တရားဒေသနာတော်အတန်အသင့်ကို ဟော၍ဟော၍လာခဲ့၏။ သို့ရာတွင် တိသဿတို့သားနှင့်ကား တစ်ကြိမ်တစ်ခါမျှ စကားပြောခွင့်မကြုံခဲ့သေးပါ။ ငယ်ရွယ်စဉ်တုန်းကလည်း ကစားခုန်စား ပျော်ပါးမှုကိုသာ စိတ်ဝင်စားသဖြင့် ရဟန်းသံယာနှာသို့ မကပ်ခဲ့ပါ။ ကျောင်းသားအရွယ်ရောက်လာပြန်တော့လည်း ဝေဒကျမ်းဂန်များကို နေ့စဉ်နေ့တိုင်း သင်ယူနေရသဖြင့် စကားပြောရန်အကြောင်းမပေါခဲ့ပါ။

ပင်ကိုကပင် ဉာဏ်ပညာထက်သန်ပြီးဖြစ်သော တိသဿလုလင်သည် ဆရာကောင်း၊ သမားကောင်းများထံ နည်းခံသင်ယူခွင့်ကိုလည်း ရခဲ့သဖြင့် စာသင်ရာတွင် ဓရိုးတွင်လှ၏။ သူတကာတွေ့ တစ်သက်တာလုံးသင်ယူ၍ မဆုံးနိုင်သည့် ဝေဒသုံးပုံကို တစ်ဆယ့်ခြောက်နှစ်သားအရွယ်တွင်မှာပင် တစ်ဖက်ကမ်းရောက် တတ်မြောက်လာပေသည်။

ဤအချိန်အခါသည်ကား အရှင်သိဂ္ဂဝ စောင့်မျှော်လာခဲ့သည့်အချိန်အခါ ဖြစ်၏။ ဤအချိန်အခါကိုစောင့်မျှော်လျက် တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ဤအိမ်သို့ ဝတ်မပျက်တမ်းရောက်လာခဲ့ရ၏။ ဤအချိန်အခါသို့ရောက်နိုင်ရေးအတွက် ခုနစ်ဆယ့်ရှစ်နှစ်မျှသော အချိန်ကာလများကို ကျော်လွှား၍လာခဲ့ရ၏။ ဤအချိန်အခါထိအောင်ပင် မိမိ၏ကျန်းမာရေးအခြေခံကလည်း ကောင်းမွန်နေသေးသဖြင့် ဆရာအရှင်မြတ်ကြီးတို့၏အမြော်အမြင်ကို ဦးတင်လိုက်ရပါသေးသည်။

ခုနစ်ဆယ့်ရှစ်နှစ်တာမျှ စောင့်မျှော်လာခဲ့ရသည့်အချိန်အခါကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် အရှင်သိဂ္ဂဝသည် ထိုနေ့နံနက် ဆွမ်းစားအကြွတွင် စျာန်အဘိညာဉ်ဝင်စားပြီးလျှင် အဓိဋ္ဌာန်ပြုလိုက်၏။ အဓိဋ္ဌာန်ချက်က အားကောင်းလှသဖြင့် မောဂ္ဂလိပုဏ္ဏားကြီး၏အိမ်ထဲက ထိုင်စရာမှန်သမျှ ကွယ်ပျောက်ကုန်တော့၏။ တိသလုလင်ထိုင်နေကျ ခုတင်တစ်ခုသာ ရှိတော့၏။ ထိုခုတင်မှာလည်း ကြမ်းပြင်တွင် ခင်းလျက်သားမရှိပေ။ အဝတ်ဖြူဖြူဖုံးအုပ်ကာ နံရံတစ်ဖက်မှာ ချိတ်ဆွဲလျက် ရှိနေပေသည်။

ဗြဟ္မာ့ပြည်က ဆင်းသက်လာခဲ့သူဖြစ်၍ တိသလုလင်သည် မိမိကိုယ်တိုင် သန့်သန့်ရှင်းရှင်းနေတတ်၏။ မိမိကိုယ်နှင့် ပတ်သက်သမျှကိုလည်း သန့်သန့်ရှင်းရှင်းမှ နှစ်သက်၏။ ထို့ကြောင့်လည်း သူ၏ခုတင်ပေါ်သို့ မည်သည့်အိမ်သူအိမ်သားမျှ တက်ခွင့်ထိုင်ခွင့်မရှိပါချေ။ ဆရာပုဏ္ဏားကြီးများအိမ်သို့ ပညာသင်ရန်သွားသောအခါမှာလည်း ထိုခုတင်ကို အဝတ်ဖြူဖုံးလွှမ်းကာ လွတ်ရာကျွတ်ရာ ချိတ်ဆွဲ၍ထားကြရပါပေသည်။

အရှင်သိဂ္ဂဝ အိမ်ထဲသို့ ကြွဝင်လာသောအခါ အိမ်သူအိမ်သားတို့သည် ခင်းစရာရှာမတွေ့သဖြင့် ယောက်ယက်ခတ်ဖြစ်ကုန်ကြ၏။ ကြံရာမရသည့်အဆုံးတွင် တိသလုလင်၏ခုတင်ကို ဖြုတ်ယူ၍ ခင်းပေးကြရ၏။ အရှင်သိဂ္ဂဝသည် ထိုခုတင်ပေါ်သို့ တက်ထိုင်ပြီးလျှင် အိမ်သူအိမ်သားတို့ ဆက်ကပ်သည့်ဆွမ်းကို ဘုဉ်းပေး၏။

ဆွမ်းဘုဉ်းပေး၍မပြီးသေးမီမှာပင် တိသလုလင်သည် ဆရာပုဏ္ဏားကြီးတို့အိမ်မှ ပြန်လာခဲ့၏။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အမျက်ချောင်းချောင်းထွက်ကာ –

"ဦးပြည်းခေါင်း! တုံးနှင့်ရဟန်းအတွက် ဘယ်သူက ငါ့ခုတင်ကို ခင်းပေးသနည်း" ဟု ငေါက်ငမ်းမေးမြန်း၏။

ခုတင်ပိုင်ရှင်က အမျက်ချောင်းချောင်း ထွက်နေချိန်တွင် ခုတင်ပေါ်က ပုဂ္ဂိုလ်သည် အမျက်ဟူ၍ မြူမျှမရှိ၊ ပကတိငြိမ်သက်သောဣန္ဒြေဖြင့် ဆွမ်းဘုဉ်းပေးနေ၏။ ထိုဣန္ဒြေက အရှိန်ဟပ်လာသဖြင့် တိသဿလုလင်၏ အမျက်မီးရှိန်များ လျော့ကျသွား၏။ မာနတံခွန်သည် ညွတ်ကျသွား၏။ ဤသို့ဖြင့် အရှင်သိဂ္ဂဝ ဆွမ်းဘုဉ်းပေးပြီးသွားသောအခါ တိသဿလုလင်နှင့် စကားစမြည်ပြောဖြစ်သွားပေသည်။

"လုလင်၊ သင်သည် ဝေဒကျမ်းဂန်များကို နှစ်အတန်ကြာ သင်ယူလာခဲ့ပြီ။ ယခု ကျမ်းဂန်တစ်ခုခုကို တတ်မြောက်လာခဲ့ပါပြီလော" ဟု စကားခေါ်လိုက်ရာ -

"အရှင်ရဟန်း၊ တပည့်တော်လိုလူမျိုးက ကျမ်းဂန်စာပေမတတ်ဘူးဆိုလျှင် မည်သူသည် တတ်ပါဦးမည်နည်း"

တိသဿလုလင်၏ဖြေကြားသံတွင် ပညာမာန်ဖြင့် တင်းမာနေပုံကို အရှင်သိဂ္ဂဝ သတိပြုမိလိုက်၏။ ထိုမာန်တင်းမှုကို ပယ်ပျောက်နိုင်မည့်စကားကို ပြောဆိုရန် ဟန်ပြင်နေတုန်းမှာ တိသဿလုလင်က တုံ့ပြန်မေးခွန်းကို မေးလိုက်၏။

"အရှင်ရဟန်းသည် တပည့်တော်ကို ကျမ်းဂန်တတ်မတတ် မေးခဲ့၏။ အရှင်ရဟန်းမှာကော ဝေဒကျမ်းစာများ တတ်မြောက်ပါ၏လော"

"လုလင်၊ တတ် မတတ် သိလိုလျှင် မေးရှုကြည့်ပါတော့"

အရှင်သိဂ္ဂဝက ရဲရဲဝံ့ဝံ့ ဖိတ်ကြားလိုက်၏။ တိသဿလုလင်သည် ဝေဒသုံးပုံအလုံးစုံသောကျမ်းဂန်တို့မှ ခက်ရာခက်ဆစ်တို့ကို ထုတ်နုတ်မေးမြန်း၏။ ထိုခဲရာခဲဆစ်တို့ကို မိမိတို့ကိုယ်တိုင်လည်း မဖြေရှင်းနိုင်သေးပေ။ မိမိရှေ့ကဆရာဆရာအစဉ်အဆက်တို့ကလည်း ဖြေရှင်းရှုမပေးနိုင်သေးပေ။ ထိုခဲရာခဲဆစ်တို့ကို အရှင်သိဂ္ဂဝရှေ့မှောက်သို့ တင်ပြလိုက်သည့်အခါတွင်ကား တစ်ခုပြီးတစ်ခုရှင်းခနဲ လင်းခနဲဖြစ်သွားကြရပေတော့သည်။

အရှင်သိဂ္ဂဝသည်ကား လူဘောင်မှာရှိစဉ်ကပင် ဝေဒသုံးပုံကို တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့၏။ ရဟန်းဘောင်သို့ရောက်လာသည်တွင်ကား ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အဂ္ဃဟတ္တိုလ်ကို မျက်မှောက်ပြုခဲ့၏။ ထို့ကြောင့်လည်း တိသဿလုလင် မေးမြန်းလေသမျှကို ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းပေးနိုင်ခြင်းဖြစ်ပေသည်။

တိသဿလုလင်ဘက်က မေးစရာအချက်အလက်များ ကုန်သွားသော အခါ အရှင်သိဂ္ဂဝက –

"လုလင်၊ သင်သည် ငါ့ကို မေးခွန်းပေါင်းမြောက်မြားစွာ မေးမြန်းခဲ့ပေပြီ။ ယခုအခါ ငါကလည်း သင့်ကို တစ်ခုမေးမြန်းလိုပေသည်" ဟု အဆိုပြုလိုက်ရာ –

"အို... အရှင်ရဟန်း၊ အလိုရှိရာ မေးတော်မူပါ။ တပည့်တော် ဖြေကြားပါအံ့" ဟု တိသဿလုလင်က အဆိုပြုချက်ကို လက်ခံလိုက်၏။

ဤတွင် အရှင်သိဂ္ဂဝက ယမိုက်ဆယ်ကျမ်းရှိသည့်အနက်က စိတ္တာယမိုက်ပါဠိတော်လာ ဤပုစ္ဆာကို ထုတ်နုတ်မေးမြန်း၏။

(က) ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တဿစိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿယတိ။

(ခ) ယဿဝါ ပန စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ။

(က) အကြင်သူအား စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲ မဟုတ်။ ထိုသူအား စိတ်သည် ချုပ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော။

(ခ) အကြင်သူအား စိတ်သည် ချုပ်လတ္တံ့၊ မဖြစ်လတ္တံ့။ ထိုသူအား စိတ်သည် ဖြစ်ဆဲလော၊ ချုပ်ဆဲမဟုတ်လော။

အထက်ပါမေးခွန်းနှစ်ခုမှာ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်၏ဥပါဒ်ခဏကို ရည်ရွယ်၍ မေးမြန်းထားခြင်းဖြစ်၏။ ထိုပုစ္ဆာနှစ်ရပ်တွင် (က)အမှတ် ပုစ္ဆာကို နှစ်ပိုင်းခွဲ၍ ဖြေရမည်ဖြစ်၏။ ပထမအပိုင်းမှာ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်၏ ဥပါဒ်ခဏဖြစ်၏။ ဒုတိယအပိုင်းမှာ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါးသော ပုဂ္ဂိုလ်တို့၏ စုတိစိတ်၏ဥပါဒ်ခဏဖြစ်၏။

ထိုတွင် ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်၏ဥပါဒ်ခဏသည် ဖြစ်ဆဲဖြစ်၏။ ဘင်ခဏသို့မရောက်သေးသဖြင့် ချုပ်ဆဲမဟုတ်ပေ။ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုစုတိစိတ်သည် ဘင်ခဏတွင် ဧကန်ချုပ်လတ္တံ့ဖြစ်၏။ စုတိစိတ်ချုပ်သွားပြီးနောက် ဘဝတစ်ဖန်ဖြစ်ပေါ်ရန် အကြောင်းမရှိတော့သဖြင့် မည်သည့်စိတ်မျှဖြစ်စရာမရှိတော့ချေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်၏ ဥပါဒ်ခဏကို သန့်ဌာန်ကျအရကောက်နိုင်၏။

အခြားပုဂ္ဂိုလ်တို့၏စုတိစိတ်၏ ဥပါဒ်ခဏသည်ကား ဖြစ်ဆဲလည်းဟုတ်၏။ မချုပ်သေးသည်လည်း ဟုတ်၏။ ဘင်ခဏအရောက်တွင် ဧကန်ချုပ်လတ္တံ့

လည်း ဟုတ်၏။ သို့ရာတွင် ဘဝသံသရာဆက်ရန်ရှိသေးသဖြင့် ထိုစုတိစိတ်၏ နောက်တွင် စိတ်တွေဖြစ်လာရဦးမည်သာ။ ထိုသို့ချုပ်လတ္တံ့တစ်ပိုင်းသာရ၍ မဖြစ်လတ္တံ့တစ်ပိုင်းမှာ မရနိုင်သဖြင့် ထိုစုတိစိတ်တို့၏ ဥပါဒ်ခဏကို သံသယဖြင့်သာ ကောက်ယူရပေသည်။

(ခ)အမှတ် ပုစ္ဆာတွင်ကား ထိုကဲ့သို့ ခွဲခြားဖြေနေရန်မလိုဘဲ တစ်ခါတည်း (အာမန္တာ) 'သြော် ဟုတ်ပေ၏' ဟု ဝန်ခံလိုက်ရုံသာရှိတော့၏။ ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်၏ ဥပါဒ်ခဏာတစ်ခုတည်းသာ ကောက်ယူနိုင်သောကြောင့် ဖြစ်ပေသည်။

တိသလုလင်သည် ထိုပုစ္ဆာကိုနားထောင်ပြီးလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ ဤကဲ့သို့သောပုစ္ဆာမျိုးကို အဘိဓမ္မာဒေသနာတော်ကို လေ့လာတတ်ကျွမ်းထားပါမှ အချက်ကျကျ ဖြေနိုင်မည်ဖြစ်၏။ တိသလုလင်မှာကား ဘုရားဟောဒေသနာတော်များကို လုံးဝမကြားနာရသေးသဖြင့် ဖြေကြားရန်မစွမ်းနိုင်ပါ။ အဖြေကို တွေ့လိုတွေ့ငြား ရှာကြံစဉ်းစားရင်း အထက်ကိုလည်း မတက်နိုင်။ အောက်သို့လည်း မစုန်နိုင်။ မချီနိုင် မချနိုင်ဖြစ်နေရ၏။

ဤသို့ဖြစ်နေပြီးမှ အတတ်ပညာကိုလိုလားသော သူ့ပင်ကိုစိတ်ဓာတ်ကနှိုးဆော်လာသဖြင့် -

"အရှင်ဘုရား၊ ဤကျမ်းစာကို မည်သို့ခေါ်ပါသနည်း" ဟု မေးလျှောက်လေရာ -

"လုလင်၊ ဗုဒ္ဓကျမ်းစာဟု ခေါ်ပေ၏"

"အရှင်ဘုရား၊ ဤဗုဒ္ဓကျမ်းစာကို တပည့်တော်အား သင်ပေးရန်စွမ်းနိုင်ပါမည်လော"

"လုလင်၊ ငါတို့ကဲ့သို့ သာသနာ့ဘောင် ဝင်ရောက်နိုင်ပါလျှင် သင်ပေးရန်စွမ်းနိုင်ပါ၏"

အရှင်သိဂ္ဂဝ၏ဖြေကြားသံအဆုံးတွင် တိသလုလင်သည် မိခင်၊ ဖခင်တို့ထံမှ သာသနာ့ဘောင် ဝင်ရောက်ခွင့်တောင်း၏။ မိခင်၊ ဖခင်တို့ကလည်း အတတ်ပညာသင်ပြီးလျှင် မိဘအိမ်သို့ပြန်လာမည်သာဟု သဘောပိုက်၍ အကြည်အသာပင် ခွင့်ပြုလိုက်ကြ၏။

ဤတွင် အရှင်သိဂ္ဂဝသည် တိသလုလင်ကို ကျောင်းသို့ခေါ်ဆောင်လာပြီးလျှင် ဂုဏ်သာမဏေဘဝတ်ဆင်းရန် ကိုယ်တိုင်ခေါင်းရိတ်ဆင်းး၏။ ခေါင်းရိတ်ဆင်းးရင်း

ကပင် ဤကိုယ်ခန္ဓာကြီးတွင် ပါဝင်ဖွဲ့စည်းထားသည့် သုံးဆယ့်နှစ်ပါးသော အဘို့အစုတို့ကို ဝိပဿနာရှုနိုင်ရန် သင်ကြားပေး၏။ တိသဃလုလင်ကလည်း သင်ကြားပေးသမျှကို အရအမိ မှတ်သားကာ လိုလိုလားလား လိုက်နာ၍ရှုမြင်သုံးသပ်၏။

သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးသောအခါတွင် သာမဏေရှင်တိသသည် သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့ကို ဝိပဿနာလုပ်ငန်းခွင်သို့တင်၍ ဆက်လက်ရှုမြင်သုံးသပ်လေရာ မကြာမီမှာပင် သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ပါပေသည်။

အရှင်သိဂ္ဂဝသည် တပည့်လိမ္မာရှင်သာမဏေလေး၏ အောင်မြင်မှုကို ရှုမြင်ပြီးလျှင် ရှေ့ရေးကို တွေးတောဆင်ခြင်လာရ၏။

'သာမဏေရှင်တိသသည် သောတာပန်အဆင့်သို့ ရောက်သွားလေပြီ။ အရိယာဉာဏ် အမြင်သန်နေပြီဖြစ်၍ သူသည် မည်သည့်နည်းနှင့်မျှ လူထွက်သွားတော့မည်မဟုတ်ချေ။ အကယ်၍ ငါသည် သူ့ကို ဤအဆင့်ထက်တိုး၍ ကမ္မဋ္ဌာန်းစီးဖြန်းနည်းကို သင်ကြားပေးလိုက်ပါက ရဟန္တာအဆင့်ထိ အလွယ်တကူဆိုက်ရောက်သွားပေလိမ့်မည်။

ရဟန္တာအဆင့်သို့ ဆိုက်ရောက်ခြင်းသည် ဤသာသနာတော်ကြီးတစ်ခုလုံး၏ အထွတ်အထိပ်ဖြစ်သည် မှန်ပါ၏။ သို့ရာတွင် သာမဏေရှင်တိသအဖို့ကား သာသနာတော်ကြီးအတွက် ထမ်းဆောင်ရမည့်တာဝန်ကြီးက ရှိနေပေသေးသည်။ ထိုတာဝန်ကြီးကိုထမ်းဆောင်ရာတွင် ပိဋကသုံးပုံကျမ်းအစုံကို တတ်မြောက်ထားပါမှ ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်ပေလိမ့်မည်။ ယခုလောလောဆယ် ရဟန္တာအဆင့်ထိ ရောက်သွားလျှင်ကား ဖလသမာပတ်ချမ်းသာကို အချိန်ရသမျှ ခံစားနေကာ ပရိယတ်သင်ကြားရေးကို စိတ်မပါဘဲ နေပေတော့မည်။ ထို့ကြောင့် ပိဋကသုံးပုံကို ဆက်လက်သင်ကြားနိုင်စေရန် သူ့ကို အရှင်စက္ခာဝဒ္ဓီထံ ပို့လွှတ်ပေးမှ သင့်ပေတော့မည်'

ဤသို့ အကျေအလည် စဉ်းစားဝေဖန်ပြီးလျှင် သာမဏေအရှင်တိသကို အရှင်စက္ခာဝဒ္ဓီထံသို့ ပို့လွှတ်ရန်စီစဉ်တော့၏။ အရှင်စက္ခာဝဒ္ဓီ၏ ခြေတော်ရင်းသို့ ဆိုက်ရောက်သောအခါ လျှောက်ထားရမည့် စကားရပ်တို့ကို သင်ကြားပေးရ၏။

မိမိ၏ခြေအစုံ၌ ဦးခိုက်ကာ သက်ိန်း၊ သပိတ်၊ ပရိက္ခရာတို့ကို သယ်ဆောင်၍ မိမိထံမှထွက်ခွာသွားသည့် တပည့်လိမ္မာကို အားရကျေနပ်စွာကြည့်ရှု

လျက်ကပင် အရှင်သိဂ္ဂဝ၏လက်အစုံသည် ကြာပဒုံကဲ့သို့ ဦးထိပ်ထက်က မြောက်တက်လာကြ၏။

"ဆရာသခင် အရှင်မြတ်ကြီးတို့ဘုရား၊ ဘုရားတပည့်တော်အား အရှင် ဘုရားတို့ ပေးအပ်ခဲ့သောတာဝန်ကို တပည့်တော် ကျေပွန်စွာ ထမ်းဆောင်လိုက် ပါပြီဘုရား"

မားထက်သော စန္ဒဂုတ်မင်း

မြို့ရောနယ်ပါ အေးချမ်းငြိမ်သက်သောကာလဖြစ်၍ ရှင်တိသဿ၏ခရီးစဉ်သည် ချောချောမွေ့မွေ့ဖြစ်ခဲ့၏။ ဥဂ္ဂသေနမင်းဆက်ကိုဖြတ်တောက်၍ နန်းတက်လာခဲ့သော စန္ဒဂုတ်မင်းသည် တိုင်းပြည်ကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သဖြင့် တိုင်းသူပြည်သားတို့မှာ အေးချမ်းသာယာစွာ နေထိုင်နိုင်ကြ၍ဖြစ်၏။

ထီးနန်းသက် တစ်ဆယ့်ခြောက်နှစ်ကာလအတွင်း၌ စန္ဒဂုတ်မင်း၏ပိုင်နက်နယ်မြေတိုးပွားလာကြ၏။ အနီးဝန်းကျင်က တိုင်းပြည်များကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်လာခဲ့သဖြင့် ရှေးရှေးမင်းများလက်ထက်က မကြုံဖူးသည့် နယ်ပယ်အကျယ်အဝန်းကို စိုးမိုးအုပ်ချုပ်နိုင်ပေသည်။

ထိုမျှလောက် ကျယ်ဝန်းသည့်နိုင်ငံကြီးကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ခြင်းမှာ စာဏကျပုဏ္ဏားအမတ်ကြီး၏ အထောက်အကူကြောင့် ဖြစ်ပေသည်။

စာဏကျအမတ်ကြီးသည် တိုင်းပြည်အုပ်ချုပ်ရာတွင်သာမက စန္ဒဂုတ်မင်း၏ လုံခြုံရေးအတွက်လည်း အားကိုးအားထားပြုရ၏။ မလိုလားသောအတွင်းရန်သူများက အစာတွင် အဆိပ်ခတ်၍ လုပ်ကြံမှုမပြုနိုင်စေရန် သူသည် စန္ဒဂုတ်မင်း၏ပွဲတော်စာ၌ အဆိပ်ကို အနည်းငယ် အနည်းငယ် ထည့်၍ထည့်၍ပေးလာခဲ့၏။ သို့ဖြစ်၍ စန္ဒဂုတ်မင်း၏ကိုယ်ခန္ဓာသည် အဆိပ်၏ဒဏ်ကို ခံနိုင်ရည်ရှိလာကာ အဆိပ်ပြီးသည့်အဆင့် သို့ ရောက်လာပေသည်။

ဤသို့ စန္ဒဂုတ်မင်းအဆိပ်ပြီးခြင်းသည် သူ၏မိဖုရားကြီးအား အသက်ဆုံးရှုံးစေဖို့အကြောင်းဖန်လာခဲ့၏။ ထိုမိဖုရားကြီးသည်လည်း စန္ဒဂုတ်မင်းနည်းတူပင် မောရိယမင်းမျိုးပင်ဖြစ်၏။ မောရိယမြို့အပျက်တွင် မယ်တော်နှင့်အတူထွက်ပြေးလာခဲ့ရသည့် မင်းသမီးတစ်ပါးပင်ဖြစ်၏။ မင်းသမီး၏ရုပ်ရည်လက္ခဏာ

နှင့်တကွ မျိုးရိုးပါ ပြည့်စုံနေသဖြင့် မင်းအဖြစ်သို့ရောက်သောအခါ မိဖုရားကြီး အရာထား၍ မြှောက်စားခဲ့ပေသည်။

စာဏာကျအမတ်ကြီးသည် ပွဲတော်စာ၌အဆိပ်ခတ်သည့်ကိစ္စကို လျှို့ဝှက်စွာ ပြုလုပ်လာခဲ့သဖြင့် မိမိတို့နှစ်ဦးမှတစ်ပါး မည်သူမျှ မသိခဲ့ပါချေ။ ထို့ကြောင့် တစ်နေ့သောအခါ မိဖုရားကြီးသည် စန္ဒဂုတ်မင်း၏ပွဲတော်တည်ချိန်၌ ဝင်ရောက်ကာ ပွဲတော်စာထဲက တစ်လုတ်စာကို ယူ၍စားလိုက်၏။ ထိုအချိန်တွင် မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်ကာ ခုနစ်ရက်ခန့်ကြာလျှင် မွေးတော့မည့်အခြေအနေသို့ ရောက်နေ၏။ စန္ဒဂုတ်မင်းလည်း ချစ်ခင်မြတ်နိုးသောမိဖုရားကြီးဖြစ်၍ မတားမိဘဲ သည်အတိုင်း ကြည့်နေလိုက်မိ၏။ ပွဲတော်စာ မိဖုရားကြီးပါးစပ်ထဲရောက်သွားခါမှ သတိရ၍ ထိတ်လန့်တကြားဖြစ်ကာ "ထွေးထုတ်လိုက်လော့။ ထွေးထုတ်လိုက်လော့" ဟု အမိန့်ပေး၏။ မိဖုရားကြီးကမူ အမိန့်ကို မနာခံဘဲ လည်ချောင်းထဲရောက်အောင် မျိုချလိုက်၏။

ဤတွင် စန္ဒဂုတ်မင်းသည် လက်သုံးတော်သန်လျက်ကို ရုတ်တရက် ကောက်ကိုင်ပြီးလျှင် မိဖုရား၏လည်ကို ဖြတ်ချလိုက်လေတော့သည်။ သားအမိနှစ်ယောက်လုံး အဆုံးရှုံးခံမည့်အစား သားကို အရယူနိုင်ရန်ဖြစ်ပေသည်။

ထို့နောက် စန္ဒဂုတ်မင်းသည် ဝမ်းထဲက သားသန္ဓေကို အချင်းနှင့်တကွ ထုတ်ယူစေပြီးလျှင် ဆိတ်မတစ်ကောင်၏ကိုယ်ထဲသို့ ခွဲစိတ်ထည့်သွင်း၍ ပြန်ချုပ်ထားစေ၏။ နောက်တစ်နေ့ရောက်သောအခါ တခြားဆိတ်မတစ်ကောင်နှင့် လဲလှယ်ပေး၏။ ဤသို့ ခုနစ်ရက်တိုင်တိုင် အလဲအလှယ်ပြုလာခဲ့ရာ ကလေးငယ်၏ကိုယ်အရေပြားနုနုကလေးမှာ ဆိတ်မွေးများနှင့် ထိမိသဖြင့် အပိမ့်ပိမ့်ကလေးများထလာကြ၏။

ထို့ကြောင့် ထိုမင်းသားကလေးကို ကင်ပွန်းတပ်မင်္ဂလာပြုကြသောအခါ ဗိန္ဓုသာရမင်းသားဟု အမည်ပေးကြရပေသည်။

ရှေးမင်းများနှင့်မတူအောင် ဘုန်းတန်ခိုးကြီးလှသော စန္ဒဂုတ်မင်းသည် သာသနာတော်ကို ကြည်ညိုဆည်းကပ်သူ မဟုတ်ပါ။ သာသနာတော်၏အပြင် အပမှာ ဂိုဏ်းကြသည့် အာဇီဝကရဟန်းများနှင့် နိဂဏ္ဌရဟန်းများကို ကြည်ညိုဆည်းကပ်၏။ စာဏာက္ကပုဏ္ဏားကြီး အကြောင်းပြုကာ ပုဏ္ဏားများကိုသာ အရေးထား၍ မြှောက်စားလာခဲ့၏။ သို့ရာတွင် သာသနာတော်ထမ်းရဟန်းတို့လည်း နိပ်စက်ညှဉ်းပန်းမှုမပြုပါဆေး၊ ရဟန်းတို့ကို ကိုးကွယ်ဆည်းကပ်နေကြသည့် တိုင်း

သူပြည်သား‌တို့ကိုလည်း ကန့်ကွက်တား‌မြစ်ခြင်း‌မပြုပါ‌ချေ။ တိုင်း‌သူပြည်သား‌တို့၏ ကိုး‌ကွယ်ဆည်း‌ကပ်မှုကို မိမိတို့စိတ်တိုင်း‌ကျပြုလုပ်နိုင်ရန် အခွင့်အရေး‌ပေး‌ထား‌၏။ ထို့‌ကြောင့်လည်း ဗုဒ္ဓသာသနာတော်၏ အရောင်အဝါသည် ဤတိုင်း‌ပြည်အတွင်း‌၌လည်း အရှိန်မပျက် ဆက်လက်၍ထွန်း‌ပနေ‌ပေသည်။

ထို့‌ကြောင့်လည်း ခရီး‌စဉ်တစ်လျှောက်လုံး အေး‌ချမ်း‌သာယာစွာလျှောက်လာခဲ့သော သာမဏေရှင်တိသ‌သည် သာသနာ့ဒါယကာမဟုတ်သော စန္ဒဂုတ်မင်း‌ကြီး‌ကို ကျေး‌ဇူး‌တင်လိုက်ပါ‌ပေသည်။

❑

စိတ်ကောင်းရှိဖို့က ပထမ

သာမဏေရှင်တိဿသည် သယ်ဆောင်လာခဲ့သည့် ပရိက္ခရာတို့ကို ကျောင်းပေါ်တွင် အသာအယာချထားပြီးလျှင် ရိုသေစွာထိုင်၍ ထိခြင်းငါးပါးတို့ဖြင့် ဦးခိုက်ရှိခိုး၏။ အရှင်သိဂ္ဂဝနှင့် ထပ်တူထပ်မျှ ရတ္တညူမဟတ္တဂုဏ်နှင့်ပြည့်စုံနေပြီဖြစ်သော အရှင်စဏ္ဍဝဇ္ဇီသည် အာဂန္တုရှင်သာမဏေ၏ဦးခိုက်ရှိခိုးခြင်းကို ခံယူပြီးလျှင် ဤသို့မေးမြန်း၏။

"သာမဏေ၊ သင်ကား မည်သူဖြစ်သနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် တိဿဖြစ်ပါသည်ဘုရား"

အာဂန္တုသာမဏေ၏ဘွဲ့မည်ကို ကြားလိုက်ရသည်တွင် အရှင်စဏ္ဍဝဇ္ဇီသည် အတန်ငယ်မှုန်သီသီဖြစ်နေသော မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။ တိဿဟူသောအမည်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် လွန်ခဲ့သောနှစ်ပေါင်းခုနစ်ဆယ်က ကြားခဲ့ရသည့်အမည်ကို ပြေး၍သတိရလိုက်မိ၏။ သို့ရာတွင် ဤသာမဏေနှင့် ထိုအမည် ဆက်စပ်မှုရှိမရှိကို မသိနိုင်သေးသဖြင့်-

"သင် ဘယ်က လာခဲ့ပါသနည်း"

"တပည့်တော်၏ဥပဇ္ဇာယ်ဆရာထံက လာခဲ့ပါသည်ဘုရား"

"သင်၏ ဥပဇ္ဇာယ်ဆရာကား မည်သူနည်း"

"တပည့်တော်၏ ဥပဇ္ဇာယ်ဆရာသည် အရှင်သိဂ္ဂဝ ဖြစ်ပါသည်ဘုရား"

ဤအမည်ကိုကြားလိုက်ရသည်တွင်ကား အရှင်စဏ္ဍဝဇ္ဇီ၏ မျက်လုံးအစုံသည် ပိုမိုရှုစူးစိုက်လာ၏။ အချိန်အတန်ကြာသွားသည်အထိ စူးစူးစိုက်စိုက် ကြည့်နေမိ၏။ အရေးအတွန့်ပေါင်း မြောက်မြားစွာ ယှက်သမ်းနေသည့်မျက်နှာပေါ်ဝယ် ပြုံးရိပ်ပြုံးယောင်ကလေး သမ်းလာ၏။ ဖွေးဖွေးဖြူနေသည့်ဦးခေါင်း

သည် မသိမသာလေး ညိတ်၍ညိတ်၍သွား၏။ သို့ရာတွင် မိမိ၏ လက္ခဏာကို တည်ငြိမ်အောင် ပြန်၍ဆယ်လိုက်ပြီးလျှင် –

"တိသ၊ သင်၏ ဥပဇ္ဈာယ်ဆရာ အရှင်သိဂ္ဂဝထံက လာခဲ့သည်ကား ဟုတ်ပြီ။ ငါ၏ ဘွဲ့မည်ကား အဘယ်နည်း"

"အရှင်ဘုရား၏ ဘွဲ့မည်ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက သိပါသည် ဘုရား"

မေးခွန်းအတိုင်း တိုက်ရိုက်မဖြေဘဲ ဝေ့ဝိုက်၍ ဖြေကြားလိုက်ပေသည်။

တကယ်တော့ အရှင်စက္ကာဝဇ္ဇီဟူသော ဘွဲ့အမည်သည် ရှင်တိသနှင့် ရင်းရင်းနှီးနှီး ရှိခဲ့ပြီးသားပါ။ အရှင်သိဂ္ဂဝ၏ တပည့်မှန်လျှင် အရှင်စက္ကာဝဇ္ဇီ၏ အကြောင်းကို မကြားသူမရှိပါ။ အရှင်သိဂ္ဂဝ၏ တပည့်ပရိသတ်တွင် ပါဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အရှင်သိဂ္ဂဝ၏ ဘွဲ့အမည်နှင့်တွဲဖက်ကာ အရှင်စက္ကာဝဇ္ဇီ၏ ဘွဲ့အမည်ကိုလည်း ကြားလာရတော့သည်သာ။ သိလာရတော့သည်သာ။

သို့ရာတွင် သာမဏေရှင်တိသသည် မိမိဦးခိုက်ရှိခိုးနေရသည့် ဆရာအရှင်၏ ဘွဲ့အမည်ကို တိုက်ရိုက်အားဖြင့် ထုတ်ဖော်လျှောက်ထားခြင်းမပြုခဲ့ပါ။ သွယ်ဝိုက်သောနည်းဖြင့်သာ လျှောက်ထား၏။

ဤသို့လျှောက်ထားခြင်းသည် ဆရာရင်းဖြစ်သူ အရှင်သိဂ္ဂဝ၏ သွန်သင်ဆုံးမမှုအရ ဖြစ်၏။ ထိုဆုံးမသွန်သင်မှုကိုမှတစ်ဖန် ခြေရာခံ၍လျှောက်ကြည့်မည်ဆိုပါက အရှင်အာနန္ဒာ၏ အထံသို့ ဆိုက်ရောက်သွားမည်ဖြစ်ပေသည်။

အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ဘုရားရှင်၏ နောက်တော်ပါး အလုပ်အကျွေးဖြစ်သည့်အပြင် ပိဋကသုံးပုံကိုလည်း ဆောင်နိုင်သဖြင့် ချစ်ခင်ရင်းနှီး၏။ ထို့အတူပင် အရှင်အာနန္ဒာကလည်း ဘုရားရှင်ကိုယ်တော်တိုင်က မိမိနှင့်ထပ်တူထား၍ ချီးမြှောက်ခြင်းကိုခံယူရသည့် အရှင်မဟာကဿပကို ရိုသေလေးစား၏။

ထိုသို့ရိုသေလေးစားသောကြောင့်ပင် အရှင်မဟာကဿပ၏ တပည့်ရဟန်းလောင်းတစ်ပါးအား ရဟန်းခံပေးမည့်အရေးတွင် အခက်အခဲတွေ့ခဲ့ရ၏။ အရှင်မဟာကဿပက မိမိ၏ တပည့် ရဟန်းလောင်းတစ်ပါး ရဟန်းခံရာတွင် လာရောက်၍ ကမ္မဝါစာဖတ်ပေးရန် အရှင်အာနန္ဒာထံသို့ အကြောင်းကြား၏။ အရှင်အာနန္ဒာကလည်း အရှင်မဟာကဿပ၏ တပည့်ကိစ္စဖြစ်သဖြင့် ဝမ်းမြောက်ဝမ်း

သာ လာခဲ့ပါမည်ဟု ပြန်ကြားလိုက်၏။ ပြန်ကြားလိုက်ပြီးမှ ကမ္မဝါစာရွတ်ဖတ်ရမည့်ကိစ္စကို တွေးမိကာ အခက်ကြုံလာရပေတော့သည်။

ရဟန်းခံရာတွင်အသုံးပြုရသည့် ဥတ္တိစတုတ္ထကမ္မဝါစာတွင် ရဟန်းလောင်း၏ အမည်နှင့်အတူ ဥပဇ္ဈာယ်ဆရာ၏ အမည်က ထပ်ကာထပ်ကာ ပါဝင်နေ၏။ ဤရဟန်းလောင်း၏ ဥပဇ္ဈာယ်ဆရာမှာလည်း အရှင်မဟာကဿပပင်ဖြစ်နေသဖြင့် အရှင်မဟာကဿပ၏ဘွဲ့အမည်ကို ထပ်ကာထပ်ကာ ရွတ်ဖတ်ရတော့မည်ဖြစ်၏။ ကံဆောင်သည့်ကိစ္စဖြစ်နေ၍ ဤအမည်ကို ကျော်လွှားလည်း မဖြစ်နိုင်ပါ။ အရှင်အာနန္ဒာကလည်း အရှင်မဟာကဿပကို ရိုသေလေးစားလှသဖြင့် အရှင်မြတ်ကြီး၏ဘွဲ့အမည်ကို ထုတ်ဖော်ရွတ်ဖတ်ရန် ဝန်လေးလှ၏။

ထို့ကြောင့် အရှင်မဟာကဿပရှိရာသို့သွားရန် ဘုရားရှင်ထံ ဝင်ရောက်ခွင့်ပန်ရင်း ဤအခက်အခဲကိုလျှောက်ထား၏။ ဤတွင် ဘုရားရှင်က ဘွဲ့မည်ရင်းကို ရွတ်ဖတ်မည့်အစား အမျိုးအနွယ်အမည်ဖြင့် အစားထိုး၍ ရွတ်ဖတ်ရန်ခွင့်ပြုတော်မူခဲ့ပေသည်။

အရှင်မဟာကဿပဟူသည်ကား အမျိုးအနွယ်၏အမည်ဖြစ်၍ ဘွဲ့အမည်ရင်းကား လွှဘဝတုန်းက အမည်ရင်းဖြစ်သည့် ပိပ္ပလိဖြစ်ပေသည်။

အရှင်ဥပါလိ၏တပည့်အစဉ်အဆက်တွင် အပါအဝင်ဖြစ်သော အရှင်သိဂ္ဂဝသည် အရှင်အာနန္ဒာ၏အစဉ်အလာကိုလည်း လေးလေးမြတ်မြတ်ထိန်းသိမ်းလာခဲ့ပါပေသည်။ သူ၏တပည့်ဖြစ်သူကလည်း ဆရာသမား၏သွန်သင်မှုကို တစ်သဝေမတိမ်း လိုက်နာနိုင်ခဲ့ပါပေသည်။

ထို့ကြောင့် အရှင်စက္ကဝဠိက -

"ကောင်းပြီ တိဿ သင်၏ ပရိက္ခရာတို့ကို နေရာတကျ သိမ်းဆည်းထားပေတော့"

ဤသည်ကား မိမိ၏တပည့်အဖြစ် အသိအမှတ်ပြုလိုက်ခြင်းဖြစ်၏။ မိမိထံပါး၌ နေထိုင်ခွင့်ပြုလိုက်ခြင်းလည်း ဖြစ်၏။ သာမဏေရှင်တိဿသည် အရှင်စက္ကဝဠိထံ၌ နေထိုင်ခွင့်ရရုံသာမကဘဲ အနီးကပ် ပြုစုလုပ်ကျွေးခွင့်ကိုပါ ရရှိလာ၏။ ရှိရင်းစွဲအလုပ်အကျွေးရဟန်းများသည် ရှင်တိဿ၏ရပ်သွင်ကိုမြင်ရုံနှင့်ပင် ချစ်ခင်ကြည်ညိုကြသဖြင့် အခွင့်အရေးပေးကြခြင်းဖြစ်ပေသည်။

ဤသို့ အတူနေတပည့်များ၏အရေးပေးမှုကို ခံယူရသော်ငြားလည်း ဆရာ့ဂရုမြတ်ကြီး၏ မျက်နှာသာပေးမှုကိုကား မခံလိုချေ။

နောက်တစ်နေ့နံနက်ခင်းမှစတင်၍ ရှင်တိသဿသည် အရှင်မြတ်ကြီး၏ ကျောင်းပရိဝဏ်တွင် စောစောစီးစီးထ၍ တံမြက်လှည်း၏။ တံမြက်မလှည်းမီ ဖုန်မထအောင် မြေအပြင်ကို ရေဖျန်းပြီးမှ အသံမထွက်အောင် ထိန်း၍လှည်း၏။ တံမြက်မလှည်းမီကပင် အရှင်မြတ်ကြီးကို ကျိန်းစက်ရာမှထလာလျှင် အရန်သင့်ဖြစ်နေအောင် မျက်နှာသစ်ရေကို ခပ်ထား၏။ အရှင်မြတ်ကြီးနှစ်သက်ရာရွေး၍ အသုံးပြုနိုင်စေရန် အကြီးစား၊ အလတ်စား၊ အသေးစား တံပူသုံးမျိုးလုံးကို မျက်နှာသစ်ရေအိုးဖုံးပေါ်မှာ သန့်သန့်ပြန့်ပြန့် တင်ပေးထား၏။

မကြာမီမှာပင် အရှင်မြတ်ကြီး ကျိန်းစက်ရာမှ ထလာခဲ့၏။ မျက်နှာသစ်ရေအိုးရှိရာသို့ ကြွလာပြီးလျှင် ရေအိုးဖုံးပေါ်က တံပူတစ်ချောင်းကို ကောက်ယူလိုက်၏။ တံပူကို အသုံးပြုမည့်ဟန်ပြင်ပြီးမှ ရှင်တိသတံမြက်လှည်းနေရာသို့ လှမ်းကြည့်ကာ အသာပြန်ချထားလိုက်၏။ ထို့နောက် ကျိန်းစက်ရာကျောင်းခန်းထဲသို့ ပြန်ဝင်ပြီးလျှင် တံပူတစ်ချောင်းကို ယူလာ၏။

အရှင်စက္ကာဝဇ္ဇီသည် ရှင်တိသ အသင့်ထားပေးသည့်တံပူကို ပစ်ပယ်ရုံမျှမကဘဲ ရှင်တိသ ခပ်ပေးထားသည့် မျက်နှာသစ်ရေကိုလည်း တစ်အိုးလုံးသွန်ပစ်ကာ မိမိဘာသာ အသစ်ခပ်ယူ၍ အသုံးပြု၏။ ထို့နောက် ရှင်တိသ တံမြက်လှည်းထားသည့် မြေအပြင်ကို ထပ်မံ၍ တံမြက်လှည်းလိုက်ပါသေးသည်။

မိမိလုပ်ကိုင်ပေးလေသမျှကို မလိုလားသည့် ပုံသဏ္ဌာန်များ ထင်ရှားနေသော်လည်း ရှင်တိသကတော့ စိတ်ပျက်မသွားပါ။ ပစ်ပစ်ခါခါလုပ်ရက်လေခြင်းဟု စိတ်ကွက်မသွားပါ။ ထို့ကြောင့် နောက်နေ့နံနက်စောစောမှာလည်း ဝတ္တရားမပျက် ဆက်လက်ဆောင်ရွက်၏။ အရှင်စက္ကာဝဇ္ဇီကလည်း သူဆောင်ရွက်ထားလေသမျှကို ရှေးမူမပျက် ဆက်လက်ပစ်ပယ်လိုက်ပြန်၏။ နောက်နေ့ နောက်နေ့များမှာလည်း ဤပုံစံအတိုင်းပင် တွေ့ကြရပြန်ပေသည်။ ဆရာတပည့်နှစ်ပါးတို့၏ အခြေအနေကိုကြည့်ကာ ရဟန်းငယ်ရှင်ငယ်များမှာ မတွေးတတ်အောင် ဖြစ်နေကြရ၏။ ဤကျောင်းတိုက်သို့ရောက်လာခါစ ရှင်တိသအတွက် စိတ်မကောင်းဖြစ်နေကြရ၏။ ရဟန်းသိက္ခာတော်တော်ရ၍ စဉ်းစားဉာဏ်ရင့်သန်ပြီးသောတပည့်ကြီးများကမူ အကြောင်းထူးတစ်ခုခုရှိနေ၍သာ ဖြစ်ပေလိမ့်မည်ဟု အကဲဖြတ်ကြ၏။ မိမိတို့၏ဆရာသခင် ကျေးဇူးရှင်မထေရ်မြတ်ကြီးသည် အကျိုးမရှိသည့်အလုပ်ဆိုလျှင် လုံးဝမလုပ်ခဲ့၍ပင် ဖြစ်ပေသည်။

အလင်းသစ်စာပေ

တပည့်ကြီးများ အကဲဖြတ်ခဲ့သည့်အတိုင်းလည်း မှန်နေပါ၏။ ရှင်တိသ၏ ဆောင်ရွက်ချက်များကို ခုနစ်ရက်တိုင်တိုင် ဆက်လက်၍ ပစ်ပယ်ပြီးသောအခါ အရှင်စက္ကာဝဇ္ဇီသည် ရှင်တိသအား ရောက်လာခါစက မေးခွန်းများကို တစ်ဖန်ပြန်၍ မေးမြန်း၏။ ရှင်တိသကလည်း ယခင်လျှောက်ထားခဲ့သည့်အတိုင်း ရိုသေလေးမြတ်ခြင်းအပြည့်ဖြင့် လျှောက်ထား၏။ ရိုသေလေးမြတ်ခြင်းအပြည့်ဖြင့် ဝတ်ကြီးဝတ်ငယ်များ ပြုလုပ်၏။ သည်တော့မှ အရှင်မြတ်ကြီးမျက်နှာပေါ်တွင် အပြုံးရိပ်များ အပြည့်အဝပေါ်ပေါက်လာကာ ဖွေးဖွေးဖြူနေသည့်ဦးခေါင်းကို အကြိမ်ကြိမ်ညိတ်လျက် –

"အင်း... တိသ... တိသ သင်သည် တကယ့်သူတော်ကောင်းကလေးပါတကား"

ဤသို့ အားပါးတရမြွက်ကြားလိုက်ပါတော့သည်။ ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့သည့် အရည်အချင်းစမ်းသပ်ပွဲကြီးကား အောင်အောင်မြင်မြင်ကြီး ပြီးဆုံးသွားပေပြီ။

တကယ်တော့ဖြင့် အရှင်စက္ကာဝဇ္ဇီသည် ဗျာန်အဘိညာဉ်တန်ခိုးကို အားမကိုးဘဲ ဗျာန်အဘိညာဉ်ရသူ၊ မရသူ မည်သူမဆို လက်တွေ့စမ်းသပ်၍ရနိုင်သောနည်းဖြင့် စမ်းသပ်လိုက်ခြင်းပင်ဖြစ်၏။ ရှင်တိသ၏အတွင်းသန္တာန်၌ သူတော်ကောင်းစိတ်ရှိမရှိကို စမ်းသပ်ရုံသာမကဘဲ ဗျာန်အဘိညာဉ်ရမရ တပည့်အားလုံးအသုံးပြုနိုင်သည့် စမ်းသပ်နည်းတစ်ခုကို ဖော်ထုတ်ပေးလိုက်ခြင်းလည်းဖြစ်နေသည်။

အရှင်စက္ကာဝဇ္ဇီသိလိုရေးနှင့်အလေးထား၍ စမ်းသပ်သည်မှာ ဉာဏ်ကောင်းမကောင်းမဟုတ်ပါ။ သူတော်ကောင်းစိတ် ရှိမရှိသာဖြစ်၏။ ဤသာသနာတော်ကြီး၏အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် သူတော်ကောင်းစိတ်ရှိနေဖို့က အရေးအကြီးဆုံးပင် မဟုတ်ပါလော။

အရေးအကြီးဆုံး အရည်အချင်းနှင့် တင်းပြည့်ကျပ်ပြည့်ရှိနေသည်ဖြစ်အင်္ကိုသိမြင်ရပြီဖြစ်၍ အရှင်စက္ကာဝဇ္ဇီသည် ရှင်တိသကို မိမိရှေ့မှောက်သို့ခေါ်ယူပြီးလျှင် –

"တိသ၊ သင်သည် မည်သို့သောရည်ရွယ်ချက်ဖြင့် ငါ့ထံသို့ရောက်လာနဲပါသနည်း" ဟု မေးမြန်းလေရာ –

"အရှင်ဘုရား၊ ဘုရားဟောဒေသနာတော်များကို သင်ယူရန်ဖြစ်ပါသည် ဘုရား"

"ကောင်းပြီ၊ ဤနေ့မှစ၍ သင်ယူလေလော့"

ဤသို့မိန့်ကြားပြီးလျှင် ဘုရားဟောပါဠိတော်များကို အဋ္ဌကထာဖွင့်ဆိုချက်များနှင့်တကွ ပို့ချပေး၏။ တိဟိတ်ပဋိသန္ဓေတွင်အခြေခံ၍ ဉာဏ်ခွန်အားကောင်းမွန်လှသော ရှင်တိဿသည် သာမဏေဝတ်နှင့်ရှိနေစဉ်မှာပင် သုတ္တန်အဘိဓမ္မာ ပိဋကနှစ်ပုံကို အဋ္ဌကထာဖွင့်ဆိုချက်များနှင့်တကွ သင်ယူတတ်မြောက်၏။ အသက်စေ့၍ ရဟန်းဖြစ်လာသည့်အခါတွင်လည်း တစ်နှစ်မပြည့်မီမှာပင် ဝိနည်းပိဋကနှင့်တကွ အဋ္ဌကထာဖွင့်ဆိုချက်များကို သင်ယူတတ်မြောက်၏။ သို့ဖြစ်၍ ရဟန်းတော်အရှင်တိဿသည် ရဟန်းသိက္ခာတစ်ဝါအရဖြင့်ပင် (တိပိဋကဓရ) ပိဋကသုံးပုံဆောင် ဖြစ်သွားပေတော့သည်။

ထိုအချိန်မှစတင်ကာ သာသနာတော်တစ်ရပ်လုံးတွင် ထိုအရှင်မြတ်၏ ဘွဲ့တော်သည် ခမည်းတော်ကြီး၏အမည်နှင့်တွဲစပ်ကာ အရှင်မောဂ္ဂလိပုတ္တတိဿဟူ၍ ထင်ရှားလာပေတော့သည်။

ထိုနေ့ ညနေခင်းတွင် စဏ္ဍာဝဇ္ဇီအရှင်မြတ်ကြီးသည် ပရိနိဗ္ဗာန်ဝင်စံလေပြီးသော အရှင်မြတ်ကြီးများကို ရည်စူး၍ ဦးထိပ်ထက်၌ လက်အုပ်ဖူးငုံကြာပဒုံကို တင်ထားလိုက်ပေသည်။

"သာသနာစောင့်အရှင်မြတ်ကြီးတို့ဘုရား၊ တပည့်တော်အား အရှင်ဘုရားတို့ ပေးအပ်ခဲ့သော သာသနာ့တာဝန်သည် ဤနေ့ဤအချိန်တွင် ပြီးဆုံးသွားပါပြီဘုရား"

ဘုန်းနှင့်သမ္မာ ထက်ကြပ်ပါသူ

ဘုရားရှင်၏ကိုယ်တော်စားအဖြစ်ထားရှိရစ်သော ပဋ္ဌကသုံးပုံအလုံးစုံသော ဒေသနာတော်ကို အရှင်မောဂ္ဂလိပုတ္တာတိဿ၏နှလုံးအိမ်ထက်သို့ ပို့ဆောင်ပေးထားခဲ့ပြီးလျှင် အရှင်သိဂ္ဂဝနှင့် အရှင်စက္ကဝဋ္ဌိတို့သည် ရှေ့ဆင့်နောက်ဆင့် ပရိနိဗ္ဗာန်ပြုကြပေကုန်၏။

ထိုအချိန်မှစတင်ကာ အရှင်မြတ်ကြီးနှစ်ပါးတို့၏ တပည့်ပရိသတ်နှစ်ရပ်လုံးကို အရှင်မောဂ္ဂလိပုတ္တာတိဿက ဦးဆောင်ဦးရွက်ပြုလာခဲ့ရ၏။ တပည့်ပရိသတ်ကို ပရိယတ်၊ ပဋိပတ် နှစ်မျိုးသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်လာခဲ့၏။ ဤသို့တပည့်များကို ချီးမြှောက်ရင်း မိမိကိုယ်တိုင်ကလည်း ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းလေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပေသည်။

ဆရာအရှင်မြတ်ကြီးနှစ်ပါးတို့ မျက်နှာလွှဲသွားကတည်းကပင် အရှင်မောဂ္ဂလိပုတ္တာတိဿသည် မထေရ်ကြီးနေရာမှာ နေလာခဲ့ရ၏။ မထေရ်ကြီးတို့၏တာဝန်ကို ထမ်းဆောင်လာခဲ့ရ၏။ ပရိယတ်၊ ပဋိပတ်၊ ပဋိဆေဒတည်းဟူသော သာသနာတော်သုံးရပ်လုံးကို တိုးတက်ထွန်းကားအောင် စွမ်းဆောင်နိုင်သဖြင့် မိမိထက် အသက်သိက္ခာကြီးမားသည့်ပုဂ္ဂိုလ်များကပင် လေးလေးစားစားဆက်ဆံလာခဲ့ကြရပေသည်။

ဤသို့ မထေရ်ကြီးများစ ဘာဝနာကို ထမ်းဆောင်ရင်းဆောင်ရင်း အရှင်မောဂ္ဂလိပုတ္တာတိဿသည် ရဟန်းသိက္ခာဝါနှစ်ဆယ်က ကျော်လွန်လာခဲ့၏။ ထို့ကြောင့်လည်း တာဝန်အရထမ်းဆောင်ရသည့် မထေရ်ကြီးမဟုတ်တော့ဘဲ အဟုတ်မထေရ်ကြီးဖြစ်လာ၏။ အရှင်မောဂ္ဂလိပုတ္တာတိဿမထေရ်ကြီးဖြစ်လာ၍

အလင်းသစ်စာလေ

မကြာမီမှာပင် စန္ဒဂုတ်မင်း ကွယ်လွန်သွား၏။ သာသနာတော်နှစ်အား ဖြင့် ၁၆၈ နှစ်မြောက်တွင် ဖြစ်ပေသည်။

စန္ဒဂုတ်မင်းကြီး တိုက်ခိုက်သိမ်းပိုက်၍ တိုးချဲ့ထားခဲ့သော နိုင်ငံတော်ကြီးမှာ မဇ္ဈိမဒေသဟု ခေါ်ကြရသည့် ဂင်္ဂါမြစ်ဝှမ်းမှာသာမက အနောက်ဘက် အိန္ဒြမြစ်ဝှမ်းကိုပင် ကျော်လွန်နေ၏။ ဗိန္ဒုသာရမင်းသည် ခမည်းတော်ကဲ့သို့ နယ်သစ်ပယ်သစ်များ မချဲ့ထွင်နိုင်သော်ငြားလည်း ခမည်းတော်ဖ၊င်းကြီး ထားရစ်ခဲ့သောအမွေကိုကား လျော့ပါးမသွားအောင် ထိန်းချုပ်၍ထားနိုင်ပါပေသည်။

ခမည်းတော် စန္ဒဂုတ်မင်းကြီးလက်ထက်ကပင် စတင်၍ ပါဋလိနန်းတော်ထဲတွင် နိဂဏ္ဌရဟန်းများနှင့် အာဇီဝကရဟန်းများ အဝင်အထွက်ရှိနေကြရာ ဗိန္ဒုသာရမင်းလက်ထက်တွင်လည်း ထိုအစဉ်အလာအတိုင်းပင် တည်ရှိနေခဲ့၏။ နိဂဏ္ဌရဟန်းများသည် ဘုရားရှင်လက်ထက်တော်တုန်းက နိဂဏ္ဌတာဋပုတ္တဆရာကြီး၏တပည့်အဆက်အနွယ်များဖြစ်၍ အာဇီဝကရဟန်းများမှာမူ မက္ခလိဂေါသာလ ဆရာကြီး၏ တပည့်အဆက်အနွယ်များ ဖြစ်ပေသည်။

ဗိန္ဒုသာရမင်းလက်ထက်တွင်မူ ဓမ္မာမိဖုရားကြီးသည် ဇနသာနအမည်ရသော အာဇီဝကရဟန်းတို့ကို ကိုးကွယ်အားထားလျက်ရှိရာ အနွယ်တူအာဇီဝကရဟန်းများနှင့်တကွ နိဂဏ္ဌရဟန်းများသည်လည်း မျက်နှာပွင့်လန်းနေကြ၏။ ဗိန္ဒုသာရမင်းသည် ထိုရဟန်းများနှင့်တကွ ပုဏ္ဏားများကိုပါ နန်းတော်ထဲတွင် နေ့စဉ်နေ့တိုင်း ကျွေးမွေး၍ထားခဲ့၏။ ပုဏ္ဏားများကို ကျွေးမွေးခြင်းသည် ခမည်းတော် စန္ဒဂုတ်မင်းအား နန်းတင်ပေးခဲ့သော စာဏက္ကအမတ်ကြီး၏ အရှိန်အဝါကြောင့် ဖြစ်ပါလိမ့်မည်။

ဗိန္ဒုသာရမင်းတွင် ဓမ္မာမိဖုရားကြီးနှင့်တကွ မိဖုရားတစ်ဆယ့်ခြောက်ပါးတို့ ရှိကြလေရာ ထိုမိဖုရားများမှ တစ်ရာ့တစ်ပါးသော သားတော်များ ဖွားမြင်လာကြ၏။ တစ်ရာ့တစ်ပါးသောမင်းသားတို့၏ နောင်တော်ကြီးကား သုမနမင်းသား ဖြစ်ပေသည်။

အသောကမင်းသားနှင့် တိဿမင်းသားတို့သည် ညီတော်များတွင် အပါအဝင်ဖြစ်ကြ၏။ ဓမ္မာမိဖုရားထံ၌ အသောကမင်းသား ပဋိသန္ဓေတည်နေလာချိန်က ချင်ခြင်းကြီးငါးမျိုးဖြစ်ပေါ်ခဲ့၏။ ချင်ခြင်းများကို ဖြည့်ဆည်းနိုင်ရန်အရေးမှာ ခဲယဉ်းလှသဖြင့် ဓမ္မာမိဖုရားသည် မည်သူ့ကိုမျှမပြောဝံ့ဘဲ ကိုယ့်ဘာသာ ကြိတ်မိုတ်၍ ခံစားနေခဲ့၏။ ထိုသို့ကြိတ်မိုတ်နေခဲ့သော်လည်း ချင်ခြင်းများက လျော့

နည်းမသွားဘဲ တိုး၍သာ ပြင်းထန်လာ၏။ ဤတွင် ဓမ္မာမိဖုရားသည် အစားပျက် အအိပ်ပျက်ဖြစ်ကာ အသွေးအသားများ ခန်းခြောက်လာကြရ၏။ စိတ်ရောကိုယ်ပါ မရွှင်မလန်းဖြစ်လာရ၏။ ဤတွင်မှ ဗိန္ဓုသာရမင်းက အတင်းအကျပ်မေးမြန်းသဖြင့် အဖြစ်မှန်ကို လျှောက်တင်လိုက်ရပေတော့သည်။

ဓမ္မာမိဖုရား၏ ချင်ခြင်းငါးမျိုးတို့မှာ –

၁။ ခြေတစ်ဖက်ဖြင့် နေဝန်းကိုနင်းလို၍ အခြားခြေတစ်ဖက်ဖြင့် လဝန်းကို နင်းလိုခြင်း၊

၂။ ကောင်းကင်ရှိသောကြယ်တို့ကို စားလိုခြင်း၊

၃။ ကောင်းကင်၌ မြေးယှက်နေသောတိမ်ညွန့်ကို စားလိုခြင်း၊

၄။ မြေကြီးပေါ်၌ ပေါက်ရောက်လေသမျှ သစ်ပင်တို့၏အညွန့်ကို စားလိုခြင်း၊

၅။ မြေကြီးထဲ၌ရှိသော တီကောင်တို့ကို စားလိုခြင်းတို့ ဖြစ်ပေသည်။

ဗိန္ဓုသာရမင်းသည် မိဖုရား၏ ချင်ခြင်းငါးမျိုးတို့ကို ကြားနာပြီးလျှင် ချင်ခြင်းများကို ဖြည့်ဆည်းပေးနိုင်ရန် ပညာရှိမှူးမတ်များနှင့် တိုင်ပင်ဆွေးနွေးလေရာ ဤသို့သောချင်ခြင်းမျိုးမှာ တိုက်ရိုက်အားဖြင့် ဖြည့်ဆည်း၍မရနိုင်။ သွယ်ဝိုက်သောနည်းဖြင့်သာ ဖြည့်ဆည်း၍ရနိုင်ကြောင်း အဖြေထွက်လာ၏။

ထို့ကြောင့် ဗိန္ဓုသာရမင်းသည် နေဝန်း၊ လဝန်းသဏ္ဍာန် မုန့်ခဲဘွယ်များကို ကြော်စေ၏။ ကြယ်သဏ္ဍာန်၊ တိမ်ညွန့်သဏ္ဍာန်မုန့်များလည်း ကြော်စေ၏။ အစစပြည့်စုံအောင် စီစဉ်ပြီးသောအခါ ဓမ္မာမိဖုရားကိုခေါ်၍ နေဝန်းလဝန်းသဏ္ဍာန်မုန့်များပေါ်မှာ နင်းစေ၏။ ကြယ်သဏ္ဍာန်၊ တိမ်ညွန့်သဏ္ဍာန်မုန့်များကိုလည်း စားစေ၏။ မြေပေါ်မှာပေါက်သမျှ သစ်ညွန့်နှင့် တီကောင်တို့ရရှိရေးအတွက် သန့်ပြန့်သော အောက်ခံအခင်းပေါ်မှာ စတုမဓူမုန့်၊ ကတွတ်မုန့်များ ထားစေပြီးလျှင် အပေါ်မှ ဖျာအသစ်စက်စက်ဖြင့် ဖိ၍ပွတ်တိုက်လိုက်သောအခါ ဖျာပေါက်မှ မုန့်အချောင်းအချောင်းကလေးများ၊ အတွန့်အတက်ကလေးများ ထွက်လာကြ၏။ ဤတွင်မှ အခြွေအရံများက "အရှင်မိဖုရား၊ မြေကြီးထဲက ပေါက်ရောက်လာသည့် သစ်ညွန့်တို့ကို သုံးဆောင်ပါလော့။ မြေကြီးထဲက ထွက်ပေါ်လာသည့်တီကောင်တို့ကို သုံးဆောင်ပါလော့" ဟု ဆို၍ ဆက်သရ၏။ ဤတွင်မှ ဓမ္မာမိဖုရား၏ ချင်ခြင်းများ ပြေငြိမ်းသွားကြပေတော့သည်။

ဗိန္ဓုသာရမင်းသည် ဇနသာန အမည်ရသော အာဇီဝကရဟန်းကို ပင့်ဖိတ်ပြီးလျှင် ချင်ခြင်းကြီးငါးမျိုးဖြစ်ပေါ်ခြင်း၏အကျိုးဆက်ကို မေးမြန်း၏။ အာဇီဝက

ရဟန်းက "မင်းကြီး၊ ဤမိဖုရားသည် အမျိုး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ အဆင်း၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။ အကျင့်သီလနှင့်လည်း ပြည့်စုံ၏။ မြေအပြင်ကို အစိုးရသော ဧကရာဇ်မင်း၏ မယ်တော်ဖြစ်ထိုက်ပါပေ၏။ ကိုယ်လက်အင်္ဂါ ပြည့်စုံစွာဖြင့် ဘုန်းတန်ခိုးကြီးမားသည့်သားတော်ကို ဖွားမြင်ရပါလိမ့်မည်" ဟူသော ဟောကိန်းထုတ်လိုက်ပေသည်။

ဤသို့ဖြင့် အသောကမင်းသားကလေး ဖွားမြင်လာ၍ ထိုင်နိုင်သော အရွယ်သို့ရောက်သောအခါ ဓမ္မာမိဖုရားသည် သားတော်လေးကို ခမည်းတော်ထံခေါ်ဆောင်လာခဲ့၏။ ဗိန္ဒုသာရမင်းကလည်း သားတော်လေးကို လက်ပြောင်းယူ၍ ပွေ့ချီပြီးလျှင် ပေါင်ပေါ်မှာ တင်ထား၏။ ထိုအချိန်မှာပင် ဗိန္ဒုသာရမင်းသည် အခြားလက်တစ်ဖက်ဖြင့် ပြည့်ရှင်မင်းတို့၏မင်္ဂလာအခမ်းအနားမှာသုံးရသည့် ခရာသင်းကို ကိုင်ထား၏။ ခမည်းတော်က အခြားတစ်နေရာသို့ အာရုံစူးစိုက်နေချိန်တွင် အသောကမင်းသားကလေးက ခရာသင်းထဲသို့ ကျင်ငယ်စွန့်ထည့်လိုက်ပေသည်။

ဗိန္ဒုသာရမင်းသည် ဤသို့ပြုရန်ကောဟု ရုတ်တရက် အမျက်ထွက်ကာ သားတော်လေး စွန့်ထားသော ကျင်ငယ်ရေဖြင့်သာ သားတော်လေး၏ဦးခေါင်းထက်သို့ လောင်းချလိုက်လေသည်။

ဤအဖြစ်ကိုမြင်သောအခါ ဓမ္မာမိဖုရားသည် သားတော်လေးကို လျင်မြန်စွာ ပြန်ယူပြီးလျှင် မိမိကိုးကွယ်ဆည်းကပ်နေသော အာဇီဝကရဟန်းထံသွားရောက်၍ပြောပြ၏။ ဇနသာရ အမည်ရသော အာဇီဝကရဟန်းသည် လောကီရေးရာအတိတ်နိမိတ်ဖတ်ခြင်း၌ ကျွမ်းကျင်လိမ္မာသူဖြစ်၍ –

"အသင်မိဖုရား၊ မစိုးရိမ်လင့်။ သူ့ခမည်းတော်က ဤသို့ပြုလုပ်ခြင်းမှာ သားတော်ကလေးကို အဘိသိက်သွန်းလိုက်ခြင်းပင်ဖြစ်ပေသည်။ ဧကန်မုချ မင်းဖြစ်မည့်သူပေတည်း" ဟု ဟောကိန်းထုတ်လိုက်ပေသည်။

အသောကမင်းသား တစ်ဆယ့်ရှစ်နှစ်သားအရွယ်သို့ရောက်သောအခါ ခမည်းတော်က အဝန္တီတိုင်း၊ ဥဇ္ဇေနီမြို့ကို အပိုင်စားပေးကာ ထိုမြို့၌ သွားရောက်နေထိုင်ရန် စေလွှတ်လိုက်၏။ သုမနမင်းသားနှင့်တကွ အခြားသောမင်းသားများလည်း မိမိတို့၏စားလက်စ ကျေးရွာရှိရာသို့ သွားရောက်နေထိုင်ကြရ၏။ ဥဇ္ဇေနီမြို့သည် ပါဋလိပုတ်မြို့တော်မှ ယူဇနာတစ်ရာမျှ ကွာဝေး၏။ အသောကမင်းသားသည် ထိုမြို့သို့အသွားတွင် ခရီးအကြား ယူဇနာငါးဆယ်ကွာဝေးသော

ဝေဒိသကမြို့၌ ခေတ္တရပ်နား၏။ ထိုသို့ရပ်နားစဉ် ထိုမြို့သူ ဝေဒိသကဒေဝီကို တွေ့မြင်၍ ချစ်ခင်မြတ်နိုးသဖြင့် တောင်းရမ်းလက်ထပ်ပြီးလျှင် ဥဇ္ဇေနီမြို့သို့ ခေါ်ဆောင်လာခဲ့၏။

ဥဇ္ဇေနီမြို့မှာပင် ဝေဒိသကဒေဝီသည် သားတော် မဟိန္ဒနှင့် သမီးတော် သဃ်မိတ္တာတို့ကို ဖွားမြင်ပေသည်။

သားတော်၊ သမီးတော်တို့အရွယ်မရောက်မီမှာပင် ခမည်းတော် ဗိန္ဒုသာရ မင်းကြီး ပြင်းထန်စွာမကျန်းမမာဖြစ်ကြောင်း သတင်းရောက်လာ၏။ ဤတွင် အသောကမင်းသားသည် ဝေဒိသကဒေဝီနှင့်တကွ သားတော်၊ သမီးတော်တို့ကို ဝေဒိသကမြို့မှာ ထားခဲ့ပြီးလျှင် ပါဋ္ဌလိပုတ်မြို့တော်သို့ လျင်မြန်စွာပြန်လာခဲ့၏။ ပါဋ္ဌလိပုတ်မြို့တော်သို့ မရောက်မီမှာပင် ခမည်းတော်မင်းကြီး နတ်ရွာစံသည့် သတင်းကို ကြားသိရ၏။

ပါဋ္ဌလိပုတ်မြို့တော်သို့ရောက်သောအခါ ခမည်းတော်မင်းကြီး၏ မှူးကြီး မတ်ကြီးအပေါင်းတို့သည် အသောကမင်းသား၏ လုံ့လဝီရိယနှင့် ရဲစွမ်းသတ္တိတို့ကို အနီးကပ် တွေ့မြင်ခွင့်ရကာ အသောကမင်းသားကို မင်းလောင်းအဖြစ် အားကိုးအားထားပြုလာကြ၏။ ထို့ကြောင့်လည်း အသောကမင်းသားသည် နန်းတော် မှာရှိနေကြသော မှူးကြီးမတ်ကြီးများနှင့်တကွ စစ်သည်ဗိုလ်ပါအပေါင်းတို့၏ ထောက်ခံမှုဖြင့် ထီးမွေနန်းမွေနှင့်တကွ ပါဋ္ဌလိပုတ်မြို့တော်ကို သိမ်းပိုက်လိုက်ပါတော့သည်။

❑

အလင်းသစ်တပေ

ဓမ္မာသောကမှ စင္ကာသောကသို့

အသောကမင်းသား ငယ်စဉ်တုန်းက မယ်တော်၏အမည်နှင့် တွဲစပ်ကာ ဓမ္မာသောကဟု အချို့က ခေါ်ဝေါ်ခဲ့ကြ၏။ သို့ရာတွင် ဥဇ္ဇေနီမြို့သို့လာရောက်၍ ခမည်းတော်ကိုယ်စား အုပ်ချုပ်ရေးတာဝန်များ ထမ်းဆောင်ရာသည်တွင်ကား သူ့ကို ဤသို့မခေါ်နိုင်ကြတော့ပါ။

အသောကမင်းသည် ရဲစွမ်းသတ္တိရှိသည်နှင့်အမျှ၊ လျင်မြန်ဖျတ်လတ်မှုရှိသည်နှင့်အမျှ ကြမ်းကြမ်းတမ်းတမ်း ပြုမူတတ်၏။ တိုတိုပြတ်ပြတ်ပြောဆိုတတ်၏။ အဆုံးအဖြတ်ပေးရန် အရေးကြုံလာပြန်တော့လည်း မည်သူ့မျက်နှာမျှ မငဲ့ဘဲ ပြတ်ပြတ်သားသား အဆုံးအဖြတ်ပေးတတ်၏။ ချီးမြှောက်သင့်သူကို ချီးမြှောက်၍ နှိပ်ကွပ်ထိုက်သူကို ထိထိရောက်ရောက် နှိပ်ကွပ်တတ်၏။ နှိပ်ကွပ်ရသည့် အကြိမ်က ချီးမြှောက်ရသည့်အကြိမ်ထက် များပြားလာသောအခါတွင်ကား စင္ကာသောကဟု ခေါ်ဝေါ်လာကြရပေတော့သည်။ ကြမ်းတမ်းသော အသောက၊ ရက်စက်သော အသောကဟူ၍ သူ့ကွယ်ရာမှာ မဲ့ကာရွဲ့ကာ ပြောဆိုလာကြရပေတော့သည်။

ထီးနန်းဆက်ခံရန်အကြံဖြင့် အသောကမင်း ပါဋလိပုတ်မြို့တော် ပြန်လာစဉ်က မိဖုရားဖြစ်သူ ဝေဒိသကဒေဝီ အတူလိုက်ပါမလာခဲ့ခြင်းမှာ သူ၏စိတ်ကြမ်းကိုယ်ကြမ်းဒဏ်ကို မခံနိုင်၍ ဖြစ်ပါလိမ့်မည်။

ဥဇ္ဇေနီတုန်းက ရရှိလာခဲ့သော ဤအမည်သည် ပါဋလိပုတ်မြို့တော်ရောက်လာသည်တွင် ပိုမို၍ထင်ရှားလာတော့၏။ ညီတော်၊ နောင်တော်တို့နှင့် နန်းလုပွဲကြီးများ ကျင်းပရာတွင် စင္ကာသောကဟူသောအမည်က မူလအမည်ရင်းထက် ပိုမို၍ဟိန်းတက်လာ၏။ သူနှင့်ဖက်ပြိုင်၍ ရင်ဆိုင်ရသူတို့နားဝတွင် စင္ကာသောကဟူသောအမည်က မိုးချုန်းသံတမျှ ပြင်းထန်လှပါပေသည်။

အလင်းသစ်စာပေ

ခမည်းတော်မင်းကြီး နတ်ရွာစံ၍ အသောကမင်းသားက ထီးနန်းသိမ်းပိုက်ပြီဟူသောသတင်းကို နောင်တော်ကြီးသုမနနှင့်တကွ ရှိရှိသမျှသော ညီတော်နောင်တော်တို့သည် အချိန်နှောင်းပြီးမှ သိကြရ၏။ ခမည်းတော်မင်းကြီး မမာမကျန်းဖြစ်သည့်သတင်းကို အချိန်မီရခဲ့ကြပါသော်လည်း ဤမျှလောက်မြန်မြန်ဆန်ဆန်ကြီး ကွယ်လွန်သွားမည်ဟု မထင်ခဲ့မိကြပေ။ ခမည်းတော်မင်းကြီး၏ အခွင့်အမိန့်မရဘဲ ပါဋ္ဌလိပုတ်နန်းတော်သို့ ပြန်လာရန်လည်း မဝံ့ရဲကြပေ။ ထို့ကြောင့် မင်းသားချင်းတူပါလျက် အသောကမင်းသားက လက်ရဦးသွားခဲ့သည့်အတွက် ကြိတ်မနိုင်ခဲမရဖြစ်ကုန်ကြ၏။

အသောကမင်းသားနှင့် မိတူဖတူဖြစ်သော တိဿမင်းသားမှလွဲ၍ ကျန်သမျှ ဖတူမိကွဲ ညီတော်နောင်တော်များသည် စိတ်တူသဘောတူပူးပေါင်းမိသွားကြ၏။ မိမိတို့အပိုင်စားရာနယ်မြေမှ မိမိတို့လက်အောက်ခံ စစ်သည်ဗိုလ်ပါတို့ကို သယ်ဆောင်လာခဲ့၍ နောင်တော်ကြီးသုမနမင်းသားထံ ပူးပေါင်းလိုက်ကြသော အခါ အလွန်တရာကြီးမားသည့် စစ်တပ်ကြီးဖြစ်သွားပေတော့သည်။

နောင်တော်ကြီးသုမနဦးဆောင်၍ ချီတက်လာသော စစ်တပ်ကြီးများသည် မဟာသမုဒ္ဒရာတွင် လှိုင်းလုံးကြီးများ ထနေသကဲ့သို့ရှိတော့၏။ နိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့ရွာနယ်ပယ်ရှိရှိသမျှသည် ထိုလှိုင်းလုံးကြီးအောက်တွင် စိစိညက်ညက် ကြေကုန်ကြရ၏။

အရှိန်အဟုန်နှင့်၊ အားမာန်အပြည့်နှင့် ချီတက်လာခဲ့ကြသော စစ်တပ်ကြီးများသည် ပိဋ္ဌလိပုတ်မြို့တော်ကို အထပ်ထပ်ဝန်းရံထားကြ၏။ အထဲကအကြည်အသာ လက်နက်ချ၍ ထီးနန်းကို လွှဲပြောင်းပေးရန် ရာဇသံပေးကြ၏။

မြို့တော်အတွင်းမှာ ခြေကုပ်ကောင်းကောင်း ယူထားပြီးဖြစ်သော အသောကမင်းသားသည် သူတို့၏ရာဇသံကို လက်မခံပါ။ ရှိရှိသမျှအင်အားဖြင့် မြို့တော်ကို နိုင်နိုင်နင်းနင်း ကာကွယ်ထားပြီးလျှင် သူကိုယ်တိုင် စစ်ရထားစီး၍ ထွက်၏။ စစ်ရထားဦးတွင် စစ်တံခွန်သည် တလူလူလွင့်လျက် လျှပ်ပြက်သကဲ့သို့ ရန်သူများရှေ့မှောက်သို့ ရောက်သွား၏။ စစ်ရထားရောက်လာသည်နှင့်အတူ "စလျှာသောကတဲ့ဟေ့" ဟူသော ကြွေးကြော်သံကလည်း ထက်ကြပ်မကွာလိုက်ပါလာ၏။

ထိုအသံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဝန်းရံထားသောစစ်တပ်ကြီးသည် အလိုအလျောက် ဘေးသို့ရှဲ၍ရှဲ၍သွားကြရ၏။ ရဲဆေးတင်၍ ကြုံကြုံ

ခံနေမိသူများမှာလည်း အသောကမင်းသား၏ ဓားစာဖြစ်ကုန်ကြရ၏။ စစ်ရထား ဘီးနှင့်အတူ လည်ပတ်နေသည့် ဓားသွားကြား၌ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ် ကုန်ကြရ၏။

မတွန့်တမ်း မရွံ့တမ်း တရကြမ်း စိုင်းနင်းလာခဲ့သော စစ်ရထားသည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်များအလယ်မှ ဖောက်ထွင်းကာ နောင်တော်ကြီး သုမနရှိရာသို့ တုတ်တုတ်ထိ ဆိုက်ရောက်သွားတော့၏။ ဤတွင် ညီတော်၊ နောင်တော် မင်းနှစ်ဖော်တို့၏ အကြိတ်အနယ် ဓားစွမ်းပြကြလေရာ မကြာမီမှာပင် နောင်တော်ကြီး ကျဆုံးသွားရပေတော့သည်။

နောင်တော်ကြီး ကျဆုံးသွားသည်နှင့်တစ်ပြိုင်နက် သူတို့၏စစ်တပ်ကြီးမှာ ဝါးအစည်းပြေသွားသကဲ့သို့ ကစဉ့်ကလျားဖြစ်ကုန်ရ၏။ သို့ရာတွင် ကျန်သောမင်းသားများက နောင်တော်ကြီးနေရာကို ဝင်ယူကာ စစ်တပ်များကို ပြန်၍ စုစည်းကြ၏။ ပါဋ္ဌလိပုတ်မြို့တော်ကို ထပ်မံ၍ဝန်းရံကြပြန်၏။ သူတို့၏အင်အားစုကို အသောကမင်းကလည်း ထွက်၍ထွက်၍ ဖြိုခွင်းလာခဲ့ရာ တစ်ဖက်စစ်သည်များမှာ မြို့တော်ကို ဝန်းရံနိုင်လောက်အောင် အင်အားမရှိတော့ပေ။

သို့ရာတွင် သူတို့သည် အသောကမင်းသားကို အရှုံးမပေးနိုင်ကြသေးပါ။ မိမိတို့အပိုင်စားခဲ့ရသော နယ်မြေအသီးသီးသို့ပြန်ကာ အခိုင်အမာခုခံ၍နေကြ၏။ ထို့ကြောင့် အသောကမင်းသားသည် ထီးနန်းကို သိမ်းပိုက်နိုင်ပါလျက် မင်းအဖြစ်ဖြင့် အဘိသိက်မခံနိုင်သေးဘဲ ညီတော်၊ နောင်တော်တို့၏ရန်ကို တစ်ခုပြီးတစ်ခု လိုက်လံရှင်းလင်းနေရ၏။ လေးနှစ်တိုင်တိုင် ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် နှိမ်နှင်းပြလိုက်မှ ပြည်တွင်းရန်သူများ ငြိမ်းသွားကြပေတော့သည်။

ပြည်တွင်းရန်သူများ ငြိမ်းသွားကြပြီဖြစ်၍ ရာဇဘိသိက်သွန်းလောင်းခြင်းကို ကြီးကျယ်ခမ်းနားစွာ ခံယူ၍ပြီးသွားပါပြီ။ သို့ရာတွင် စဏ္ဍာသောကဟူသော အမည်ကတော့ မှေးမှိန်၍မသွားသေးပါ။ ဆက်ကာဆက်ကာ ဆင်နွဲလာရသည့် စစ်ပွဲကြီးများနှင့်အတူ "စဏ္ဍာသောကတဲ့ဟော့" ဟူသော ကြွေးကြော်သံကလည်း ဆက်ကာဆက်ကာ ညံလျက်ပင် ရှိနေပေသည်။

ခမည်းတော် ဗိန္ဒုသာရမင်းသည် ဘိုးတော်စန္ဒဂုတ် ချဲ့ထွင်သိမ်းသွင်းထားခဲ့သည့်နယ်မြေကို ထိန်းရုံသာထိန်းထားနိုင်ခဲ့၏။ နောက်ထပ် နယ်မြေသစ်များ တိုးပွားလာအောင်ကား မစွမ်းဆောင်နိုင်ခဲ့ပါ။

ယခု သူ့သားတော်လက်ထက်တွင်ကား ထိန်းထားနိုင်ရုံနှင့် အားမရနိုင်တော့ပါ။ ဘိုးတော်စန္ဒဂုတ်မင်းကြီး သိမ်းသွင်းထားခဲ့သမျှနှင့် အားမရနိုင်သေး

သဖြင့် ပိုင်နက်နယ်မြေချဲ့ထွင်ရန် စစ်ပွဲကြီးများကို ဆက်လက်၍ဆင်နွှဲနေရပေသည်။

ပြည်တွင်းရန်ကို နှိမ်နှင်းရခြင်းမှာ ထီးမွေနန်းမွေကို အရှည်သဖြင့် ထိန်းထားနိုင်ရေးအတွက် ဖြစ်၏။ ယခု ဆက်လက်၍ ဆင်နွှဲနေရသော စစ်ပွဲများသည်ကား ထီးမွေနန်းမွေအတွက် မဟုတ်တော့ပေ။ ငယ်စဉ်တုန်းက ဇနသာနအာဇီဝက ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိုးမိုးအုပ်ချုပ်၍ မင်းဧကရာဇ်မင်းကြီးလုပ်လိုသော လောဘဇောကြောင့် ဖြစ်ပေသည်။

ထိုလောဘဇောများနောက်တွင် ဒေါသဇောများကလည်း ထက်ကြပ်မကွာပါလာကြသဖြင့် စဏ္ဍာသောကဟူသောအမည်က ပို၍မြည်ဟီန်းနေပေသည်။

မဂဓနိုင်ငံတော်ကြီးနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တိုင်းပြည်ငယ်များသည် စဏ္ဍာသောက ချီတက်လာပြီဟူသောသတင်းကို ကြားရုံမျှဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြရ၏။ ညီတော်၊ နောင်တော် ကိုးကျိပ်ကိုးယောက်လုံးကိုပင် မညှာတမ်းမထောက်တမ်း သုတ်သင်ရှင်းလင်းလာခဲ့သူဖြစ်၍ သူ၏အသံကြားရုံမျှဖြင့် ဆောက်တည်ရာမရဖြစ်ကုန်ကြရ၏။ သို့ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းကြီး၏ လှည်းဦးဖွန်းသဏ္ဌာန် တောင်ဘက်ဖွန်းနိုင်ငံငယ်များမှတစ်ပါး ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ကျွန်းလုံးကို သိမ်းကျုံးစိုးပိုင်သည့် ဧကရာဇ်မင်းကြီး ဖြစ်လာပေတော့သည်။

ထိုနိုင်ငံငယ်ကလေးများ ကြွင်းကျန်နေခြင်းမှာလည်း ခြေကုန်လက်ပန်းကျသွား၍မဟုတ်ပေ။ ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရသော စစ်ပွဲကြီးအပြီးတွင် စစ်ဆေးဒဏ်ခံရသူများအတွက် စိတ်ထိခိုက်ကာ စစ်စိတ်စစ်မာန်များ လျော့ကျသွား၍ဖြစ်ပေသည်။

ပြိုင်ဘက်ကင်းသည့် မင်းဧကရာဇ်ကြီးအဖြစ်ဖြင့် ရာဇဘိသိက်ခံယူခဲ့သည့် ဘွဲ့အမည်ကား ဒေဝါနံပိယ၊ ပိယဒဿီဟူ၍ ဖြစ်၏။ နတ်တို့ချစ်မြတ်နိုးသော မင်း၊ ချစ်ခင်စဖွယ် ရွှချင်ဖွယ်ရှိသောမင်းဟူ၍ အဓိပ္ပာယ်ရပေသည်။

ထိုအဘိသိက်ခံယူပွဲမှာပင် ညီတော်တိဿကို အိမ်ရှေ့မင်းအရာအပ်နှင်းပြီးလျှင် အသနိမိတ္တာကို မိဖုရားကြီးအဖြစ်ဖြင့် ချီးမြှောက်၏။ ဝေဒိဿကဒေဝီသည်ကား သားတော် မဟိန္ဒနှင့် သမီးတော် သယမိတ္တာတို့ကိုသာ ပါဋလိပြို့တော်သို့ ပို့ဆောင်ပေးကာ သူကိုယ်တိုင်ကား ဆဒိဿကပြို့က ဆွေမျိုးများနှင့် နေထိုင်လျက်ရှိပေသည်။

စင်္ကာသောကမှ ဓမ္မာသောကသို့

အဘိသိက်ခံပြီးနောက်တွင်လည်း အသောကမင်း၏ စစ်ရထားကြီးများက မရပ်နားကြသေးပါ။ အနီးဝန်းကျင်က တိုင်းပြည်နယ်ပယ်များကို တစ်ခုပြီး တစ်ခု တိုက်ခိုက်လျက် သိမ်းပိုက်လျက်သာ ရှိခဲ့၏။ အဘိသိက်ခံပြီးနောက် ဆက်လက်၍ တိုက်ခိုက်လာခဲ့သောတိုက်ပွဲများတွင် ကလိင်္ဂတိုင်းကို တိုက်ခိုက်ရသည့်တိုက်ပွဲသည် အကြီးမားဆုံးလည်း ဖြစ်ပါ၏။ အပြင်းထန်ဆုံးလည်း ဖြစ်ပါ၏။ ထိုတိုက်ပွဲကြောင့်ပင် စင်္ကာသောကအဖြစ်မှ ဓမ္မာသောကအဖြစ်သို့လည်း ကူးပြောင်း၍လာခဲ့ပါပေ၏။

ကလိင်္ဂတိုင်းသည်ကား ဇမ္ဗူဒိပ်ကျွန်းမြေကြီး၏ အရှေ့တောင်ဘက်ပင် လယ်ကမ်းစပ်တွင် တည်ရှိ၏။ မြောက်ဘက်နယ်နိမိတ်သည် မဟာနဒီမြစ်ဖြစ်၍ တောင်ဘက်နယ်နိမိတ်မှာ ဂေါဓာဝရီမြစ်ဖြစ်ပေသည်။

အခြားတိုင်းပြည်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ကလိင်္ဂတိုင်းသည် ပို၍အင်အားတောင့်တင်း၏။ ထို့ပြင် မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ တိုင်းတစ်ပါးသားအောက် ကျွန်သပေါက်အဖြစ် မခံလိုသောစိတ်ဓာတ်တို့ကြောင့် သူတို့၏အင်အားသည် ပိုမို၍တောင့်တင်းခိုင်မာနေ၏။

ထို့ကြောင့်လည်း သူတို့သည် အသောကမင်း၏စစ်တပ်ကြီးများ ချီတက်လာသည်တွင် ရဲရဲဝံ့ဝံ့ ခုခံကြ၏။ မိမိတို့တိုင်းပြည် မကျဆုံးရေးအတွက် အသက်ပေါင်းများစွာဖြင့် စတေးကြ၏။ ထို့ကြောင့် ကလိင်္ဂတိုက်ပွဲများသည် မကြုံဖူးဘူးလောက်အောင် ပြင်းထန်လာကြရ၏။

ဤသို့ ခုခံသူတို့ဘက်က တောင့်ခံထားလေ၊ အသောကမင်း၏အမျက်ဒေါသက ပို၍ပြင်းထန်လာလေဖြစ်၏။ ခုခံသူတို့ဘက်က "အင်အားကြီးတိုင်း

အလင်းသစ်စာပေ

အနိုင်ကျင့်၍ ရမည်လော" ဟူသော ကြုံးဝါးချက်ကို လက်ကိုင်ထားသကဲ့သို့ပင် အသောကမင်းဘက်ကလည်း "ငါကဲ့သို့ရသောမင်းဓကရာဇ်ကို အန်တုရာသလော" ဟူသော ကြုံးဝါးချက်က စစ်စည်စစ်မောင်းဖြစ်နေပေသည်။

မကြုံဖူးဘူးလောက် အားကောင်းလှသည့် ခုခံစစ်ကို မကြုံဘူးလောက်သော ထိုးစစ်ဖြင့် တိုက်ခိုက်ချေမှုန်းလိုက်သောအခါ ကလိင်္ဂတိုင်းတစ်ခွင်လုံး မီးခိုးလုံးများ ဖုံးလွှမ်းသွားပေတော့သည်။ ကြည့်လေရာရာတွင် မီးတောက်မီးလျှံများ၊ ပြိုလဲပျက်စီးနေသည့် အဆောက်အအုံများ၊ ပြန့်ကျဲနေသည့်လူသေကောင်များသာ အနှံ့အပြားရှိနေကြ၏။ ထိုအရာဝတ္ထုများကြားတွင် ဒဏ်ရာအနာတရဖြင့် မပြေးမလွှားနိုင်ဘဲ ညည်းညူအော်ဟစ်နေကြရသည့် မသေတသေများလည်း ရှိနေကြ၏။ ကျန်ကောင်းကျန်ရာ တိုင်းသားပြည်သားတို့မှာလည်း သားငယ်သမီးငယ်များကို လက်ဆွဲကာ ဘေးလွတ်မည်ထင်ရာသို့ ပြေးလွှားနေကြရ၏။

ထိုကလိင်္ဂစစ်ပွဲကြီးများ၌ ကလိင်္ဂတိုင်းသူပြည်သားတစ်သိန်းခန့် အသတ်ခံကြရ၏။ တစ်သိန်းခွဲခန့် ဖမ်းဆီးချုပ်နှောင်၍ ခေါ်ဆောင်ခြင်းခံကြရ၏။ ထိုခိုက် ဒဏ်ရာရ၍ သေဆုံးရသူများမှာ ထိုထက် အဆပေါင်းများစွာ ရှိနေကြ၏။

အသောကမင်းအဖို့ ထိုတိုက်ပွဲကား နိုင်လျက်နှင့် ရှုံးလိုက်ရသောတိုက်ပွဲပင်ဖြစ်၏။ တစ်သက်နှင့် တစ်ကိုယ် ကြုံလာခဲ့ရသည့် စစ်၏အနိဋ္ဌာရုံတို့တွင် ဤအာရုံများက အဆိုးဝါးဆုံးဖြစ်ကြ၏။ အနိဋ္ဌာရုံများက ဆိုးဝါးလွန်းလှသဖြင့် ခက်ထန်လှပါသည်၊ မာကျောလှပါသည်ဟု အထင်ရောက်ခဲ့သော သူ့နှလုံးသားကပင်လျှင် ခံနိုင်ရည်မရှိလောက်အောင် တုန်လှုပ်လာရ၏။

တစ်လျှောက်လုံးတွင် သူသည် မိမိဘက်က တိုက်ရခိုက်ရ အနိုင်ယူရမည့်အရေးကိုသာ တွေးတောလာခဲ့၏။ ယခု ကလိင်္ဂစစ်ပွဲကြီး ပြီးဆုံးသွားချိန်မှာကား အတိုက်ခိုက်ခံရ၊ အနိုင်ကျင့်ခံရသူတို့ဘက်ပါ တွေးကြည့်တတ်လာ၏။ သူတို့တစ်တွေ၏ ကိုယ်ရောစိတ်ပါ ခံစားကြရသည့်ဝေဒနာကို မျှဝေခံစားတတ်လာ၏။ သာမန်အသိစိတ်ဖြင့်ခံစားခြင်းမဟုတ်ဘဲ အသည်းထဲ၊ နှလုံးထဲထိအောင် စူးနစ်ဝင်ရောက်သွားခြင်းဖြစ်၏။ အသည်းထဲ၊ နှလုံးထဲကပါ တုန်လှုပ်လာ၏။ နာနာကျင်ကျင် ခံစားလာရ၏။

သူထောက်ကောင်းတို့၏ စိတ်နှလုံးတုန်လှုပ်ခြင်းကို ပြုလုပ်တတ်သော နာမ်တရားတစ်မျိုးကို ကရုဏာဟုခေါ်ရကြောင်း ကျမ်းဂန်များက ပွင့်ဆိုထားကြ၏။ ကလိင်္ဂစစ်ပွဲကြီးပြီးဆုံးသွားချိန်၌ အသောကမင်း၏စိတ်နှလုံးကို တုန်လှုပ်သွား

အောင် ပြုလုပ်တတ်သောထိုတရားသည်လည်း ကရဏာစေတသိက်ပင်ဖြစ်ပေသည်။ ပညာပြည့်ဝ နှလုံးလှသူတို့၏အကျင့်ဟူသော အနက်သဘောကြောင့်လည်း (ဗြဟ္မစရိယ) ဗြဟ္မစိုရ်တရားဟူ၍လည်း ခေါ်ရပေသည်။

ဤကဲ့သို့သော ဗြဟ္မစိုရ်တရား၏ စေ့ဆော်မှုဖြင့် ကျောက်ဆောင်ပေါ်တွင် အသောကမင်းကြီး ရေးထိုးထားခဲ့သည့် ကမ္ဘည်းစာ၏မြန်မာပြန်မှာ ဤသို့အနက်အဓိပ္ပာယ်ရပေသည်။

နတ်တို့ချစ်ခင်မြတ်နိုးသော ပိယဒဿီမင်းကြီးသည် အဘိသိက်ခံပြီး ရှစ်နှစ်မြောက်၌ ကလိင်္ဂတိုင်းကို အောင်မြင်တော်မူ၏။ ထိုသို့အောင်မြင်တော်မူရာ၌ လူပေါင်း တစ်သိန်းငါးသောင်းတို့ အကျဉ်းဆောင်ယူခံရ၍ တစ်သိန်းအသတ်ခံရပြီးလျှင် ထိုထက် အဆပေါင်းများစွာသောသူတို့ သေကြေပျက်စီးကြကုန်၏။

ကလိင်္ဂတိုင်းကို သိမ်းယူပြီးသည့်နောက်၌ နတ်တို့ချစ်ခင်မြတ်နိုးသောမင်းကြီးသည် တရားလမ်းညွှန်ပြခြင်း၌လည်းကောင်း၊ တရားကို ခုံမင်နှစ်သက်ခြင်း၌လည်းကောင်း၊ တရားသွန်သင်ဆုံးမခြင်း၌လည်းကောင်း စိတ်ထက်သန်လျက်ရှိချေပြီ။

ကလိင်္ဂတိုင်းကို အောင်မြင်ပြီးသော၊ နတ်တို့ချစ်မြတ်နိုးသော မင်းကြီးသည် ယခုသော် နောင်တရလေပြီ။ လူတို့ အသတ်ခံရခြင်း၊ သေကျေပျက်စီးခြင်း၊ အကျဉ်းဆောင်ယူခံရခြင်းဖြင့် ရအပ်သောအောင်ခြင်းသည် စင်စစ် အောင်ခြင်းမမည်။ ဤသို့အောင်ရသည့်အတွက် နတ်တို့ချစ်မြတ်နိုးသောမင်းကြီးသည် လွန်စွာဝမ်းနည်းကြေကွဲဝန်လေးတော်မူသည်။

နတ်တို့ချစ်မြတ်နိုးသော မင်းကြီးအဖို့ ထိုထက်ဝန်လေးသော အချက်သည်ကား ထိုကလိင်္ဂတိုင်း၌ ပုဏ္ဏားတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း၊ အခြားအယူဂိုဏ်းသားတို့သည်လည်းကောင်း၊ အိမ်ရာထူထောင်သူတို့သည်လည်းကောင်း နေထိုင်ကြကုန်၏။ ထိုသူတို့၌ သက်ကြီးဝါကြီး၊ အမိအဖ၊ ဆရာသမား၊ မိတ်ဆွေအပေါင်းအဖော်၊ အသိအကျွမ်း၊ ဆွေမျိုး၊ ကျေးကျွန်အစေခံတို့အားလည်း ကောင်းစွာပြုထောက်ပံ့ရမည့်ဝတ္တရားများ ရှိကြကုန်၏။ ထိုသူတို့သည် ဒဏ်အနာတရပြုခြင်းကိုလည်းကောင်း၊ သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ လွန်စွာ

ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်းကိုလည်းကောင်း ခံကြရ၏။ စစ်ဘေး စစ်ဒဏ်ကိုခံရသော ထိုသူတို့၏မိတ်ဆွေအပေါင်းအဖော်၊ အသိအကျွမ်း၊ ဆွေမျိုးတို့သည်လည်း ထိုသူတို့အပေါ်၌ မေတ္တာမကင်းပြတ်သေးဘဲ သေကျေပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ တစ်တိုင်းပြည်လုံး ဤသို့ပင် ပျက်စီးဆုံးရှုံးကြကုန်၏။ ဤသို့ ခပ်သိမ်းသောသူတို့ ခံကြရသည့်အတွက် နတ်တို့ ချစ်ခင်မြတ်နိုးသောမင်းကြီး ဝန်လေးတော်မူ၏။

(အသောကကျောက်စာများမှ
တေရသမကျောက်ဆောင်စာ ကောက်နုတ်ချက်)

ဤသို့ စသည်ဖြင့် နောင်တကြီးစွာ ကရဏာဖြစ်ပွားလျက် နိုင်ငံတော် တစ်ဝန်းရှိ ကျောက်ဆောင်မျက်နှာပြင်များ၌ ကမ္ပည်းစာများ ရေးထိုးစေ၍ မှတ် တမ်းတင်၍ ထားခဲ့ပါပေသည်။

ဤကလိင်္ဂစစ်ပွဲကြီးသည် အသောကမင်း၏ဘဝဇာတ်လမ်းကို တစ်ဆစ် ချိုးပြောင်းလဲသွားစေ၏။ မိမိရှေ့မှောက်သို့ ဒူးထောက်၍ဝင်မလာသူတိုင်းကို တိုက်ခိုက်ချေမှုန်း၍လာခဲ့သော စဏ္ဍာသောကအဖြစ်မှ ဓမ္မာသောကအဖြစ်သို့ ကူး ပြောင်းလာခဲ့၏။ ဘုရားဟောတရားတော်တို့ကိုအခြေပြုလျက် တိုင်းသူပြည်သား တို့ကို အုပ်ချုပ်လာခဲ့၏။ သူငယ်စဉ်ကရရှိခဲ့ဖူးသော ဘွဲ့အမည်သည် ဤအချိန် ကျခါမှ သူ့ထံသို့ တစ်ကျော့ပြန်လည်ကပ်ရောက်လာပေတော့သည်။



အလင်းသစ်တပေ

တူဝရီးတို့တွေ့ဆုံခြင်း

ကမ္ဘာပေါ်တွင် ရှေးပဝေသဏီမှစ၍ စစ်ပွဲကြီးတွေ ဖြစ်လာခဲ့ကြ၏။ စစ်ပွဲအရှိန်ပြင်းထန်လျှင် ပြင်းထန်သလောက် သေကျေပျက်စီးမှုတွေ ပေါများခဲ့ကြရ၏။ အရိုးအသားတွေ တောင်လိုပုံကာ သွေးချောင်းစီးသည်အထိ ပျက်စီးခဲ့ကြရ၏။ ထိုစဉ်တုန်းက စစ်ခေါင်းဆောင်များသည် စိတ်ထိခိုက်ဖို့နေနေသာသာ ကျဆုံးသွားခဲ့ကြသည့် ရန်သူ့အလောင်းပေါ်မှာထိုင်ကာ အောင်သေအောင်သားများပင် စားခဲ့ကြပါသေးသည်။ သောက်ခဲ့ကြပါသေးသည်။

ထိုထိုစစ်ခေါင်းဆောင်တွေတုန်းက မည်သို့မျှ စိတ်မထိခိုက်ခဲ့ရသော စစ်၏အနိဋ္ဌာရုံများသည် အသောကမင်းအတွက်ကား နှလုံးတုန်စရာဖြစ်လာခဲ့ရ၏။ စိတ်ထိခိုက်စရာဖြစ်လာရ၏။ သေဆုံးသူ၊ ထိခိုက်သူတိုင်းအတွက် ကရုဏာသက်၍မဆုံးနိုင်အောင် ဖြစ်ခဲ့ရ၏။

ဤသို့ အခြားအခြားသော ခေါင်းဆောင်များနှင့်မတူဘဲ တစ်မူထူးခြား၍ နေခြင်းမှာ ဘုရားရှင်၏အဆုံးအမများနှင့် ထိတွေ့ထားဖူး၍ပင် ဖြစ်ပါလိမ့်မည်။

အဘိသိက်ခံ၍ လေးနှစ်ရလာသည်အထိ အသောကမင်းသည် ရတနာမြတ်သုံးပါးနှင့် ကင်းကွာနေခဲ့၏။ ဘုရားသာသနာတော်ကြီး၏အပြင်အပတွင်သာ ရှိနေခဲ့၏။ သူ့ဘိုးတော် စန္ဒဂုတ်မင်းကြီးသည် မိမိအား ထီးနန်းရအောင် ရွေ့ဆောင်ပေးခဲ့သော စာဏကျပုဏ္ဏားကြီးကိုအကြောင်းပြုကာ ပုဏ္ဏားတို့ကို အရေးပေးထားခဲ့၏။ နန်းတော်ထက်သို့ နေ့စဉ်နေ့တိုင်း ပင့်ဖိတ်၍ ကျွေးမွေးထောက်ပံ့လာခဲ့၏။ ထိုမှတစ်ဖန် ထိုပုဏ္ဏားများနှင့်ဆက်နွယ်၍ ပုဏ္ဏားမျိုးများမှဖွားမြင်လာခဲ့ကြသည့် အာဇီဝကရဟန်းများ၊ နိဂဏ္ဌရဟန်းများကိုလည်း ပင့်ဖိတ်၍ ကျွေးမွေးလာခဲ့၏။

အလင်းသစ်စာပေ

ထိုအစဉ်အလာသည် သား‌တော် ဗိန္ဓုသာရမင်း‌လက်ထက်မှာသာမက မြေး‌တော် အသောကမင်း‌လက်ထက်အထိ ဆင်း‌သက်လာခဲ့၏။ ။

အသောကမင်း‌သည် ဘိုး‌တော်၊ ခမည်း‌တော်တို့၏အစဉ်အလာကို လက်ခံကာ ထိုပုဂ္ဂိုလ်များကို ကျေး‌မွေး‌ထောက်ပံ့လာခဲ့၏။ ထိုပုဂ္ဂိုလ်တို့၏ အယူဝါဒအမျိုး‌မျိုး‌တို့ကိုလည်း စုး‌စမ်း‌လေ့လာခဲ့၏။ သို့ရာတွင် စွဲစွဲမြဲမြဲလက်ခံထား‌လောက်သည့် အယူဝါဒဟူ၍ကား မတွေ့ရသေး‌ပါ။ ထို့‌ပြင် ဤပုဂ္ဂိုလ် ဤပုဂ္ဂိုလ်များကို ရာသက်ပန်ကိုး‌ကွယ်ဆည်း‌ကပ်သွား‌တော့မည်ဟူ၍လည်း စိတ်ပိုင်း‌ဖြတ်၍မရသေး‌ပါ။

နေ့စဉ်နေ့တိုင်း နန်း‌တော်သို့‌ကြွ၍ ဘုဉ်း‌ပေး‌နေ‌ကြသော၊ စား‌သောက်နေ‌ကြသော ပုဂ္ဂိုလ်အသီး‌သီး‌တို့သည် တည်တည်ငြိမ်ငြိမ် မရှိ‌ကြပေ။ အလှူခံပုဂ္ဂိုလ်ပီပီ ဣန္ဒြေသိက္ခာနှင့် မနေနိုင်‌ကြပေ။ စား‌ကောင်း‌သောက်ဖွယ်အမျိုး‌မျိုး‌တို့ဖြင့် လိုလေသေး‌မရှိလောက်အောင် ကျေး‌မွေး‌ထား‌နေသည့်‌ကြား‌ကပင် သူတို့သည် သူ့ထက်ငါ ရှေ့ရောက်အောင် တိုး‌ဝှေ့နေ‌ကြ၏။ ကျေး‌မွေး‌လေသမျှကို အတိုင်း‌အဆမရှိဘဲ အငမ်း‌မရစား‌သောက်နေ‌ကြ၏။

သို့‌ဖြစ်၍ အသောကမင်း‌သည် သူတို့တစ်တွေကို လေသာပြတင်း‌ပေါက်က ကြည့်ရင်း‌ကြည့်ရင်း အား‌မလိုအား‌မရဖြစ်လာရ၏။ သူတို့သူတို့တစ်တွေ၏ အတွင်း‌သန္တာန်၌ ကြည်ညိုလေး‌စား‌လောက်သည့် အနစ်သာရတစ်ခုခု ရှိမှရှိပါ‌မည်လော‌ဟု တွေး‌တောနေမိ၏။

ဤသို့‌တွေး‌တောပြီး‌နောက် လက်တွေ့အား‌ဖြင့် စမ်း‌သပ်‌ကြည့်နိုင်ရန် နန်း‌တော်မှာ အမှုထမ်း‌နေသည့်အမတ်များ‌အား မိမိတို့ကိုး‌ကွယ်ဆည်း‌ကပ်နေသည့်ပုဂ္ဂိုလ်များ‌ကို နန်း‌တော်သို့ပင့်လာ‌ကြရန် အမိန့်ထုတ်ပြန်လိုက်ပေသည်။

ထိုအမိန့်တော်အရ အမတ်တို့သည် အဝတ်ဖြူဝတ်သည့် ပရိဗိုဇ်များ၊ အာဇီဝက‌ရဟန်း‌များနှင့် နိဂ္ဂဏ္ဌ‌ရဟန်း‌များ‌ကို ပင့်လာ‌ကြပြီး‌လျှင် -

"အရှင်မင်း‌ကြီး၊ ဤအရှင်‌ကောင်း‌တို့သည်‌ကား ကျွန်ုပ်တို့၏ရဟန္တာ‌ကြီး‌များပါတည်း" ဟု တင်လျှောက်‌ကြ၏။

အသောကမင်း‌သည် ရဟန္တာဘွဲ့ခံပုဂ္ဂိုလ်‌ကြီး‌များ‌ကို ဇော်ဇော်စပ်စပ် အကဲစတ်လိုက်ပြီး‌လျှင် -

"အရှင်တို့၊ မိမိနှင့် သင့်လျော်သည့်နေ‌ရာမှာ ထိုင်‌ကြပါ‌လော့" ဟု တိုက်တွန်း‌လိုက်၏။

အာဇင်သစ်စာလေ

ရဟန္တာဘွဲ့ခံပုဂ္ဂိုလ်များသည် ညီလာခံခန်းမကြီးထဲတွင် အရန်သင့်ခင်းထားပြီဖြစ်သော ထိုင်ခုံများ၊ တန်းလျားများမှာသာ သူ့ထက်ငါ နေရာလု၍ထိုင်ကြ၏။ ခုံညားထည်ဝါစွာတည်ရှိသော ရာဇပလ္လင်ထက်သို့ကား မည်သူမျှမတက်ဝံ့ကြပေ။ တက်ဖို့နေနေသာသာ အနီးအနားသို့ပင် မကပ်ဝံ့ကြချေ။

ဤတွင် အသောကမင်းသည် အဖြစ်မှန်ကို ရိပ်မိကာ သင့်လျော်သည့် လှူဖွယ်ဝတ္ထုများကိုပေးလှူ၍ ပြန်လွှတ်လိုက်ရ၏။ သူတို့ကဲ့သို့ ကြည်ညိုလေးစားဖွယ်မရှိသောပုဂ္ဂိုလ်များကို နန်းတော်ဦးမှာ နေ့တိုင်းနေရာပေး၍ ကျွေးမွေးသွားရန် စိတ်ကုန်ခန်းလာရ၏။ သို့ရာတွင် ဘိုးတော်မင်းတရားကြီးနှင့် ခမည်းတော်မင်းတရားကြီးတို့၏လက်ထက်က စတင်လာခဲ့သော အစဉ်အလာဟောင်းတစ်ခုကို ရုတ်တရက်ပစ်ပယ်ဖို့ကား ခပ်ခက်ခက်ဖြစ်နေရ၏။

ဤသို့ သို့လော သို့လော တွေးတောမရဖြစ်နေဆဲမှာပင် ယတိပြတ်ဆုံးဖြတ်ချက်ချလောက်အောင် စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်ထူးနှင့် တွေ့ဆုံလိုက်ရ၏။ ထိုပုဂ္ဂိုလ်ထူးသည်ကား ခုနစ်နှစ်သားအရွယ် ရှင်သာမဏေကလေးတစ်ပါးပါပေတည်း။

ထိုနေ့နံနက်ခင်းတွင် အသောကမင်းသည် လေသာပြတင်းအနီးတွင် လူးလာတုံ့ခေါက် လမ်းလျှောက်နေ၏။ ဘိုးတော်နှင့် ခမည်းတော်တို့လက်ထက်မှ ဆင်းသက်လာခဲ့သော အစဉ်အလာနှင့်ပတ်သက်၍ ဆက်လက်၍စဉ်းစားနေ၏။ ထိုစဉ်ခိုက်မှာပင် ကြည်ညိုစဖွယ် သာမဏေလေးတစ်ပါးက သူ့မြင်ကွင်းထဲသို့ ဝင်ရောက်လာပေသည်။

ခုနစ်နှစ်အရွယ် ရှင်သာမဏေလေးသည် အရွယ်နှင့်မလိုက်အောင် ကျက်နေ့ရလှ၏။ သူ၏သွားဟန်လာဟန်လှုပ်ရှားဟန်တို့သည် ယဉ်ကျေးလှ၏။ သိမ်သိမ်မွေ့မွေ့ရှိလှ၏။ ဝါဝါဝင်း၍ ပြည့်ဖြိုးနေသော သူ့အသွင်အပြင်သည် ရွှေဝါရောင်သက်န်းများနှင့် လိုက်ဖက်လှပါဘိ၏။

ထိုသာမဏေကလေးသည် ပါဋလိပုတ်မြို့တော်၏ တောင်ဘက်တံခါးဝမှ ဝင်လာပြီးလျှင် နန်းတော်ရင်ပြင်ကိုဖြတ်၍ အရှေ့ဘက်တံခါးဆီသို့ ဦးတည်လျှောက်လှမ်းနေ၏။ သူသည် မိမိရှေ့တူရှုရှိ လမ်းမြေပြင်ကို လေးတောင်ခန့်လောက်သာ ကြည့်ရှုရှုသွားနေ၏။ ရှေ့တစ်ခေါက်ကို လှမ်းမျှော်မကြည့်ပေ။ ဝဲဘက်ယာဘက်များသို့လည်း စောင့်ငဲ့၍မျှ မကြည့်ပါချေ။ နန်းတော်တွင် နေ့တိုင်းလာ၍စားသောက်နေကြသော အလှူခံပုဂ္ဂိုလ်များနှင့် ကွာချင်တိုင်းကွာ၍နေပါတော့သည်။

အလင်းသစ်စာပေ

အကယ်၍ ခုနစ်နှစ်အရွယ် ဤသာမဏေငယ်ကလေးသည် ရဟန္တာပုဂ္ဂိုလ်တစ်ပါးဟုသာ သိရပါလျှင် အသောကမင်းသည် ပို၍ပင်အံ့သြသွားရပါဦးမည်။ ထိုမှတစ်ဖန် ဤရဟန္တာသာမဏေကလေးသည် မိမိ၏တူအရင်းအချာဖြစ်နေပုံကို သိရပါက ထို့ထက်ပင် အံ့သြ၍သွားရပါဦးမည်။

ဤသာမဏေကလေးသည်ကား နောင်တော်ကြီးဖြစ်သော သုမနမင်းသား၏ သားကလေးပင် ဖြစ်ပါ၏။ သို့ရာတွင် ဤသားကလေးသည် မိမိ၏ခမည်းတော်ကို မြင်ခွင့်မရလိုက်ပါ။ နောင်တော်ကြီး သုမနမင်းသား စစ်ပွဲတွင် ကျဆုံးသွားချိန်က သုမနာမိဖုရားကြီးမှာ ကိုယ်ဝန်အရင့်မာနှင့် ဖြစ်နေ၏။ သုမနမင်းသား ကျဆုံးသွားသည့်သတင်းကို ကြားသိရသည်နှင့်တစ်ပြိုင်နက် သာမန်သူဆင်းရဲအမျိုးသမီးတစ်ယောက်အသွင်ဖြင့် အသက်ဘေးက လွတ်မြောက်အောင် ပြေးရှောင်လာခဲ့ရ၏။ ပါဋလိပုတ်မြို့တော်၏အရှေ့တံခါးအနီးတွင်ရှိသော စက္ကာလခေါ် အလုပ်ကြမ်းသမားများ၏ ရွာဆီသို့ ရှေးရှုလာခဲ့၏။ ထိုရွာနှင့် မလှမ်းမကမ်းဌာနရှိနေသော ပညောင်ပင်စောင့်နတ်က "အို ... သုမနာ၊ ဤအရိပ်အောက်သို့ လာခဲ့ပါလော့" ဟု ဖိတ်ခေါ်၏။ သုမနာမိဖုရားကြီး ဝင်ရောက်လာသောအခါ ကိုယ်ထင်ပြလျက် အမိုးအကာလုံခြုံစွာရှိသော ဇရပ်တစ်ဆောင်ကို ဖန်ဆင်းပေးပြီးလျှင် "အသင်မိဖုရား၊ ဤဇရပ်မှာ နေပါလော့" ဟု အပ်နှင်း၏။

သုမနာမိဖုရားကြီးသည် ထိုဇရပ်သို့ရောက်သည့်နေ့မှာပင် သားကလေးကို ဖွားမြင်၏။ ပညောင်ပင်စောင့်နတ်၏ စောင့်ရောက်ကူညီမှုဖြင့် ဖွားမြင်လာသဖြင့် သူ့ကို နိဂြောဓသတို့သားဟူ၍ အမည်မှည့်ကြရပေသည်။

နိဂြောဓသားအမိကို အလုပ်ကြမ်းသမားတို့၏အကြီးအမှူးက မိမိအရှင်သခင်၏သမီးကဲ့သို့ လေးလေးစားစား သဘောထား၏။ သားအမိနှစ်ဦးတို့၏စားဝတ်နေရေးကိစ္စအဝဝကို ပြည့်စုံအောင် ဆောင်ရွက်ပေး၏။ အန္တရာယ်ဟူသမျှမကျရောက်အောင် ကာကွယ်ပေး၏။

ဤသို့ဖြင့် နိဂြောဓသတို့သားကလေး ခုနစ်နှစ်သားအရွယ်ရောက်လာသောအခါ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော အရှင်ဝရဏက မယ်တော်ထံ ဓွင့်ပန်ပြီးလျှင် သာမဏေအဖြစ်သို့ သွတ်သွင်းပေး၏။ ပါရမီဉာဏ် ရင့်သန်လာခဲ့သူကလေးဖြစ်သဖြင့် ဆေါင်းရိတ်ခဲ့၍ ပြီးဆုံးချိန်မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပေသည်။

အမြင့်ဆုံးသော အရိယာဉာဏ်အမြင့်မှန်ကို ရထားသည့်အပြင် ဥပဇ္ဈာယ်ဆရာတော်၏ဆုံးမသွန်သင်မှုကိုလည်း အပြည့်အဝရရှိထား၏။ ထို့ကြောင့်လည်း

နိကြောဓသာမဏေကလေး၏ သွားဟန်လာဟန်လှုပ်ရှားဟန်တို့က ပါသာဒိက ဂုဏ်ကို ရွက်ဆောင်၍နေကြပေသည်။

သာမဏေကလေး၏ကျောင်းတိုက်တာသည် မြို့တော်၏တောင်ဘက်တွင် ရှိနေ၏။ မယ်တော်၏အိမ်သည်ကား မြို့တော်၏အရှေ့ဘက်တံခါးအနီးတွင် ရှိနေ၏။ ထို့ကြောင့် နိကြောဓသာမဏေသည် မယ်တော်၏အဖူးအမြော်ကို ခံယူရန် မြို့တော်၏တောင်ဘက်တံခါးဝမှ ဝင်လာခဲ့ပြီးလျှင် နန်းမြို့အလယ်ကောင် နန်းရင်ပြင်ကိုဖြတ်လျက် အရှေ့ဘက်ဆီသို့ လှမ်းကြွနေခြင်းဖြစ်ပေသည်။

ကြည်ညိုဖွယ်ရာ သာသနာတော်ကြီး၏အသွင်အပြင်ကို ဖူးမြင်ရ၍ ကြည်ညိုသည်ကား မှန်ပါ၏။ သို့ရာတွင် အသောကမင်းသည် ကြည်ညိုရုံသန့်သန့်ဖြင့် မနေနိုင်ပါ။ ကြည်ညိုခြင်းနှင့်အတူတကွ ချစ်ခင်မြတ်နိုးမှုများပါ တွဲဖက်လိုက်ပါလာကြ၏။ မိမိကိုယ်တိုင်က မသိသေးသော်ငြားလည်း သွေးက စကားပြောလာသည့်သဘောပင် ဖြစ်ပေသည်။

အသောကမင်းသည် ချစ်ခင်မြတ်နိုးသော၊ ကြည်ညိုလေးစားသော မျက်လုံးအစုံဖြင့် မမှိတ်မသုန် ကြည့်နေမိ၏။ ကြည့်ရင်းကြည့်ရင်းမှာပင် ဝါဝါဝင်းသည့်အဆင်းသဏ္ဌာန်သည် နန်းရင်ပြင်အပြင်သို့ ရောက်သွား၏။ သည်တော့မှ မင်းမှုထမ်းများကို သတိရကာ ထိုသာမဏေကလေးအား ပင့်ခေါ်လာခဲ့ရန် အမိန့်ပေးလိုက်ရပေသည်။

မင်းမှုထမ်းများ၏ပင့်လျှောက်ချက်အရ သာမဏေကလေး လိုက်ပါလာခဲ့၏။ ဖြည်းဖြည်းမှန်မှန် လှမ်းမြဲတိုင်း လှမ်း၍လာခဲ့၏။ ဤသို့ လှမ်းလာသည်ကို ပင် အသောကမင်းက နှေးလှသည်ထင်၍ အမတ်များကို ထပ်လွှတ်သေး၏။ မြန်မြန်ကြီးကြွလာဖို့ လျှောက်ထားရန်လည်း မှာလိုက်သေး၏။ သို့ရာတွင် သာမဏေကလေးကတော့ လှမ်းနေကျအတိုင်းသာ လှမ်းကြွ၍လာပေသည်။

ကြွလာသူနှင့် မျှော်နေသူ နှစ်ဦးသားတို့သည် ရွှေနန်းတော်ထက်တွင် မျက်နှာချင်းဆုံမိကြချေပြီ။ ဤတွေ့ဆုံမှုသည်ကား ဤသာသနာတော်ကြီးအတွက် အကျိုးများလှသော တွေ့ဆုံမှုကြီးပါပေတည်း။



အလင်းသစ်စာပေ

ဟားကုန်သည်ဇာတ်လမ်း၏ဇာတ်ပေါင်းခန်း

တူဖြစ်သူနှင့် ဝရီးအရင်းအချာတို့၏ ဤသို့သောတွေ့ဆုံမှုသည် မျက်မြင်နာကြားကိစ္စတစ်ခုဖြစ်ပါ၏။ ရွှေနန်းတော်ကြီးနှင့်ပတ်သက်သမျှ မည်သူမဆို သိမြင်ခွင့်ရနိုင်ကြ၏။ မျက်မြင်မဟုတ်သည့်တိုင်အောင် တစ်ဆင့်စကားကို ကြားနာနိုင်ကြ၏။

သို့ရာတွင် ဤသို့သောတွေ့ဆုံမှုကို ဖြစ်ပေါ်လာအောင် အကြောင်းပြုပေးလိုက်သော တွေ့ဆုံမှုသည်ကား လူတိုင်း၏ အရာမဟုတ်ပါချေ။ စွာန်အဘိညာဉ် ရပုဂ္ဂိုလ်ကြီးတို့၏ အရာဌာန သာဖြစ်၏။ စွာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးတို့၏ ထုတ်ဖော်ပြောကြားချက်အရသာလျှင် အများတကာတို့ သိမြင်ခွင့်ရနိုင်ကြ၏။ ကြားနာခွင့်ရနိုင်ကြပေသည်။

စွာန်အဘိညာဉ်ရပုဂ္ဂိုလ်တို့ ပြောကြားသည့် အတိတ်ဇာတ်လမ်းတွင် ညီအစ်ကိုသုံးယောက်တို့ ပါဝင်ကြ၏။ သူတို့နှင့်အတူ အခြားအမျိုးသမီးတစ်ယောက်လည်း ပါဝင်သေး၏။

မြို့တစ်မြို့တွင် ညီအစ်ကိုသုံးယောက်တို့သည် အိမ်ထောင်ဖက်ကိုမရှာသေးဘဲ အတူတကွနေထိုင်ခဲ့ကြ၏။ အစ်ကိုနှစ်ယောက်သည် တောထဲက ဟားရည်မျှားရှာဖွေ၍ အိမ်သို့သယ်ဆောင်ခဲ့ကြ၏။ ညီငယ်ထွေးသည်ကား အိမ်မှာပင်နေလျက် ဟားရည်ရောင်းချသည့်အလုပ်ကို လုပ်ကိုင်ခဲ့ရပေသည်။

တစ်နေ့သောအခါ သူတို့မြို့သို့ ပဒ္မောကဗုဒ္ဓါအရှင်မြတ်တစ်ပါးကြွတော်မူလာ၏။ သီတင်းသုံးဖော် ပဒ္မောကဗုဒ္ဓါအရှင်မြတ်တစ်ပါးတွင် လေနာရောဂါထကြွလာသဖြင့် ဆေးဝါးအလို့ငှာ ဟားရည်အလှူခံရန် ကြွတော်မူလာခြင်းဖြစ်ပေသည်။

ဤအချိန်မှာပင် သူတို့မြို့က အိုးထိန်းသည်၏ ကျွန်မကလေးတစ်ယောက် သည်လည်း မြစ်ဆိပ်သို့ ရေဆင်းခပ်ရန်ထွက်လာခဲ့ရာ ပစ္စေကဗုဒ္ဓါအရှင်မြတ်နှင့် ခရီးရင်ဆိုင်ဆုံမိ၏။ ဤတွင် ကျွန်မကလေးက အရှင်မြတ်အား ကြွလာရခြင်း၏ အကြောင်းကို မေးလျှောက်၍သိရသောအခါ ဟားကုန်သည်ညီနောင်သုံးဦးသား တို့ အိမ်ရှိရာလမ်းကို ညွှန်ပြလိုက်ပေသည်။

တည်ကြည်ငြိမ်သက်သောဣန္ဒြေဖြင့် အိမ်ပေါက်ဝမှာ ရပ်တော်မူလာ သည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုဖူးမြင်ရသောအခါ ညီငယ်သည် အရှင်မြတ်ထံမှ သပိတ်ကို လှမ်းယူပြီးလျှင် ဟားရည်များဖြင့် အပြည့်အလျှံလောင်း၍ ဆက်ကပ် လိုက်ပေသည်။

ညနေစောင်း၍ အစ်ကိုနှစ်ယောက်တို့ ရောက်လာကြသောအခါ ညီငယ် က–

"အစ်ကိုတို့၊ ကိုယ့်စိတ်ကို ကြည်လင်နေအောင် ကြိုးစား၍ထားကြပါ လော့။ ယနေ့ နေ့လယ်တုန်းက ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး ကြွရောက်လာခဲ့ပါ သည်။ အရှင်မြတ်ကို ကြည်ညိုလှသဖြင့် ကျွန်တော်တို့သုံးဦးပိုင်ဆိုင်သည့် ဟား ရည်ထဲကခပ်ယူ၍ တစ်သပိတ်အပြည့်အလျှံလောင်းလှူလိုက်ပါသည်။ အစ်ကိုတို့ သာဓုခေါ်ကြပါတော့" ဟု ပြောပြ၏။

ဤတွင် အစ်ကိုကြီးဖြစ်သူက စိတ်ဆိုးမာန်ဆိုးဖြစ်ကာ –

"ငါ့ညီ၊ သင် အင်မတန်ညံ့ဖျင်းလှပါတကား။ ဤလောကတွင် စဏ္ဍာလ များကလည်း သင်္ဘန်းဝတ်၍ထားတတ်ကြ၏။ သင့်ဆီက ဟားရည်အလှူခံသွား သောသူသည် စဏ္ဍာလပင် ဖြစ်ပေလိမ့်မည်"

မဇ္ဈိမဒေသ၏ထုံးတမ်းစဉ်လာအရ စဏ္ဍာလအမျိုးအနွယ်များသည် အောက်တန်းအကျဆုံးဖြစ်သည်။ သူတကာတွေမလုပ်လိုသည့် သန့်ရှင်းရေး အလုပ်များ၊ အလုပ်ကြမ်းများကိုသာ လုပ်ကိုင်ခွင့်ရကြ၏။ အခြားမျိုးနွယ်များနှင့် ဆက်ဆံပတ်သက်ခွင့်မရအောင် အနှိမ်ခံကြရ၏။ ထို့ကြောင့်လည်း အစ်ကိုကြီး ဖြစ်သူက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို စဏ္ဍာလဟု ဆဲရေးလိုက်ခြင်းဖြစ်ပေသည်။

ထို့အတူပင် အစ်ကိုလတ်ကလည်း ဟားရည်လှူလိုက်သည်ကို မကျေနပ် နိုင်သဖြင့် –

"သင့်ပစ္စေကဗုဒ္ဓါကို ခြေနှစ်ချောင်းကကိုင်ပြီး သမုဒ္ဒရာတစ်ဘက်ကမ်းကို လွှင့်ပစ်လိုက်ပါတော့လား" ဟု ကြိမ်းဝါးလိုက်၏။

အလင်းသစ်စာပေ

ထို့နောက်တွင်ကား ညီငယ်ဖြစ်သူ၏ထံမှ အလှူဒါန၏အကျိုးတရားတို့ကို ကြားနာရသဖြင့် အစ်ကိုနှစ်ယောက်လုံး စိတ်ပြေသွားကြ၏။ ညီငယ်လှူခဲ့သည့် ကုသိုလ်ကောင်းမှုကို သဘောတူစိတ်တူ ထောက်ခံလာကြ၏။

ထိုဘဝတုန်းက ကိုယ်တိုင်ရှေ့ဆောင်၍ လှူဒါန်းခဲ့သောညီငယ်သည် ယခုဘဝတွင် အသောကမင်းဖြစ်လာ၏။ သပိတ်နှင့်ပြည့်ရုံမက လျှံကျသွားအောင် စေတနာထက်သန်စွာ လှူဒါန်းခဲ့သဖြင့် သူသည် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခွင်လုံးတွင် ဧကရာဇ်မင်းကြီး ဖြစ်လာခဲ့ရ၏။

အစ်ကိုကြီးဖြစ်သူမှာ ပစ္စေကဗုဒ္ဓါအား စဏ္ဍာလဟု ဆဲရေးခဲ့မိသဖြင့် စဏ္ဍာလဟု ခေါ်တွင်သော အလုပ်ကြမ်းသမားတို့၏ရွာတွင် ဖွားမြင်လာခဲ့ရ၏။ ဆဲရေးပြီးနောက်မှ အလှူဒါနပြုရာတွင် စိတ်တူသဘောတူဖြစ်လာခဲ့သဖြင့် ခုနစ်နှစ်သားအရွယ်မှာပင် ရဟန္တာအဖြစ်သို့ ရောက်နိုင်ခဲ့၏။

အစ်ကိုလတ်သည်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်နှင့်ပတ်သက်၍ ကြိမ်းဝါးခဲ့သည်နှင့်အညီ သီဟိုဠ်ကျွန်းတွင် ဖွားမြင်လာခဲ့၏။ သူသည်လည်း ညီငယ်လှူခဲ့သောအလှူကို ကြည်ဖြူလာခဲ့သဖြင့် တစ်နေ့သောအခါ သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿဟူသော ဘွဲ့အမည်ဖြင့် တန်ခိုးကြီးသည့်မင်းတစ်ပါး ဖြစ်လာပေလိမ့်မည်။

ပျားကုန်သည်ညီနောင်တို့၏ဇာတ်ပေါင်းခန်းတွင် နောက်ထပ်ဖြည့်စွက်စရာဇာတ်လမ်းတစ်ခု ရှိနေပါသေးသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ပျားကုန်သည်ညီနောင်တို့ရှိရာသို့ လမ်းညွှန်လိုက်ရသော ကုသိုလ်ကံစေတနာသည် ထိုကျွန်မကလေးအား အသန္ဓိမိတ္တာဟူသောအမည်ဖြင့် မိဖုရားကြီးအဖြစ်သို့ ပို့ဆောင်ပေးလိုက်၏။ ထိုမိဖုရားကြီး၏အမည်ရင်းမှာ မိတ္တာဖြစ်၏။ သူ၏အသားအရည်သည် အရိုးအဆက်ဟူ၍ ရှာမရလောက်အောင် ချောမောပြေပြစ်လှသဖြင့် မိတ္တာဟူသောအမည်ရင်းနှင့် တွဲစပ်ကာ အသန္ဓိမိတ္တာဟု အမည်တွင်လာခဲ့ပေသည်။ ထိုဘဝတုန်းက ဆည်းပူးခဲ့သောကုသိုလ်ကံကို အခြားအခြားသောကုသိုလ်ကံတို့ကလည်း ဝိုင်းဝန်းထောက်ပံ့ကြသဖြင့် ဤမျှလောက် အကျိုးပေးထက်သန်ကြခြင်းဖြစ်ပါလိမ့်မည်။

၂

အလင်းသစ်စာပေ

မတုန်လှုပ်သောသဒ္ဓါတရား

ဤသို့အားဖြင့် ရှေးဘဝတုန်းက ညီအစ်ကိုအဖြစ်ဖြင့် ချစ်ချစ်ခင်ခင်နေခဲ့ရခြင်းသည်လည်း အကြောင်းတစ်ခု။

ယခု ပစ္စုပ္ပန်ဘဝတွင် ကြည်ညိုဖွယ်ရာ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံနေခြင်းသည်လည်း အကြောင်းတစ်ခု။

ဤသို့သောအကြောင်းနှစ်ခုတို့က ပေါင်းစု၍ ကျေးဇူးပြုလိုက်ကြသဖြင့် အသောကမင်းသည် နိဂြောဓသာမဏေကလေးကို တူအရင်းမှန်းမသိရခင်ပင် မြင်လျှင်မြင်ချင်း ချစ်ခင်မြတ်နိုးလာခဲ့ရပါပေသည်။

အသောကမင်းသည် နန်းတော်ထက်သို့လှမ်းတက်လာသည့် သာမဏေကလေးကို ရိသေစွာ လက်အုပ်ချီ၍ကြိုဆိုပြီးလျှင် –

"အရှင်ဘုရား၊ အရှင်ဘုရားနှင့် သင့်တော်လျောက်ပတ်သည့်နေရာကို ကြည့်ရှု၍ ထိုင်တော်မူပါဘုရား" ဟု လျှောက်ထား၏။

နိဂြောဓသာမဏေသည် နန်းရင်ပြင်တစ်ခုလုံးကို ကြည့်ရှုကာ မိမိက အရိုအသေပေးရမည့် ရဟန်းတစ်ပါးမျှမရှိသည်ကို တွေ့ရသဖြင့် ထီးဖြူအုပ်မိုးထားသည့်ရာဇပလ္လင်သို့ ချဉ်းကပ်လာ၏။ နန်းတော်သို့ ယခင်က ဖိတ်၍စမ်းသပ်ခဲ့သောအလှူခံပုဂ္ဂိုလ်များတုန်းကဆိုလျှင် ရာဇပလ္လင်ကို ဝေးဝေးက ရှောင်ခဲ့ကြရ၏။ ယခု သူတို့၏မြေးအရွယ် သာမဏေကလေးကတော့ သူနှင့် သင့်တင့်လျောက်ပတ်သောနေရာအဖြစ် ရာဇပလ္လင်ကို ရွေးချယ်လိုက်ပါချေပြီ။

'ဤယနေ့တွင် ဤသာမဏေကလေးသည် ဤနန်းတော်ကြီးတစ်ခုလုံး၏ အရှင်သခင်ဖြစ်နေပါပြီကော'

အလင်းသစ်စာပေ

အသောကမင်းသည် အားရကျေနပ်စွာ စိတ်ထဲက မှတ်ချက်ချပြီးလျှင် သာမဏေလေးထံ ချဉ်းကပ်သွား၏။ ဤတွင် နိဂြောဓသာမဏေသည် အသောကမင်းထံသို့ သပိတ်ကိုပေးအပ်ပြီးလျှင် ရာဇပလ္လင်ထက်သို့တက်၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေလိုက်ပေသည်။

အသောကမင်းသည် မိမိအတွက် ချက်ပြုတ်ပြင်ဆင်ထားသောပွဲတော်စာထဲမှ ခွဲဝေကာ သပိတ်မှာ လောင်းထည့်၍ ဆက်ကပ်၏။ နိဂြောဓသာမဏေသည် မိမိအတွက် မျှတရုံလောက်သာ အလှူခံပြီး ဤရာဇပလ္လင်ထက်မှာပင် ဆွမ်းဘုဉ်းပေး၏။

ဆွမ်းဘုဉ်းပေးရှိပြီးသောအခါ အသောကမင်းက –

"အရှင်ဘုရား၊ မြတ်စွာဘုရား ပေးသနားတော်မူခဲ့သည့် အဆုံးအမကို သိပါသလား" ဟု မေးလျှောက်ရာ –

"မင်းကြီး၊ တချို့တစ်ဝက်မျှ သိပါ၏"

"သိသမျှကို ဟောကြားတော်မူပါဘုရား"

"သို့ဖြစ်လျှင် နားဆင်ပေလော့ အသင်မင်းကြီး"

ဤသို့ စကားပလ္လင်ခံပြီးလျှင် ဓမ္မပဒပါဠိတော် အပွမာဒဝဂ်လာဒေသနာတော်များကို ဟောကြားလိုက်ပေသည်။

ထိုဒေသနာတော်တို့၏ အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

"မမေ့လျော့ခြင်းသည် မသေခြင်း၏ အကြောင်းဖြစ်၏။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်၏။ မမေ့လျော့သောသူတို့သည် သေသည်မမည်ကုန်။ မေ့လျော့သောသူတို့သည် သေသည်မည်ကုန်၏။

မမေ့လျော့သောပညာရှိတို့သည် ဤသို့အထူးအခြားကိုသိ၍ မမေ့လျော့သောသတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ကျက်စားရာ၌ မွေ့လျော်ကြကုန်၏။

ထိုပညာရှိတို့သည် စွာန်ဝင်စားကြပြီးလျှင် အမြဲမပြတ် ပြင်းထန်စွာလုံ့လပြုကြကုန်လျက် ယောဂ၏ကုန်ရာ အမြင့်မြတ်ဆုံးနိဗ္ဗာန်သို့ ရောက်ကြပေကုန်၏။

တက်တက်ကြွကြွ လုံ့လရှိသူ၊ သတိရှိသူ၊ စင်ကြယ်သောက်ရှိသူ၊ စုံးစုံးစမ်းစမ်းပြုလုပ်လေ့ရှိသူ၊ ဣန္ဒြေကိုစောင့်စည်းသူ၊ တရားသဖြင့် အသက်မွေးသူ၊ မမေ့လျော့သောသူအား အခြေအရံအကျော်အစောသည် တိုးပွားစေ၏။

ပညာရှိသည် တက်တက်ကြွကြွ လုံ့လပြုခြင်းဖြင့်လည်းကောင်း၊ မမေ့မလျော့ခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေကိုစောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေကို ဆုံးမခြင်းဖြင့်လည်းကောင်း (မိမိရပ်တည်ရာဖြစ်သော) ကျွန်းကို ပြုလုပ်ရာ၏။ ထိုကျွန်းကို ရေအလျဉ်က မတိုက်ဖျက်နိုင်ချေ။

ပညာမဲ့သောသူမိုက်တို့သည် မေ့မေ့လျော့လျော့နေရန် ကြိုးစားကြကုန်၏။ ပညာရှိသည်ကား မမေ့လျော့ခြင်းကို အမြတ်ဆုံးသောဥစ္စာကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်၏။

ထို့ကြောင့် သင်တို့သည် မေ့မေ့လျော့လျော့နေထိုင်ရန် အားမထုတ်ကြကုန်လင့်။ ကာမဂုဏ်မွေ့လျော်ခြင်းနှင့် အကျွမ်းတဝင်ဖြစ်ရန် အားမထုတ်ကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် မမေ့လျော့သူ၊ စျာန်ဝင်စားသူသည် ပြန့်ပြောသောချမ်းသာသို့ ရောက်နိုင်သောကြောင့်ဖြစ်ပေ၏။

ပညာရှိသည် မေ့လျော့ခြင်းကို မမေ့လျော့ခြင်းဖြင့် ပယ်ဖျောက်၏။ စိုးရိမ်ကြောင့်ကြမ္မကင်းသောသူသည် ပညာပြာသာဒ်ထက်သို့တက်၍ စိုးရိမ်ကြောင့်ကြနေကြရသော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်ထိပ်၌တည်ရှိသောသူသည် မြေပေါ်မှာ တည်ရှိသောသူကို ကြည့်ရှုသကဲ့သို့ ပညာရှိသည် သူမိုက်တို့ကို ကြည့်ရှု၏။

အားမရှိသောမြင်းကို လျင်မြန်သောမြင်းက နောက်ချန်ထားခဲ့သကဲ့သို့ မေ့လျော့သူတို့ကို မမေ့လျော့သူက နောက်ချန်ထားခဲ့၏။ အိပ်မောကျနေသောသူတို့ကို နိုးကြားသူက နောက်ချန်ထားခဲ့၏။

မာဃလုလင်သည် မမေ့လျော့ခြင်းကြောင့် နတ်တို့၏အထွတ်အထိပ်သို့ရောက်၏။ မမေ့လျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကြကုန်၏။ မေ့လျော့ခြင်းသည်ကား အခါခပ်သိမ်း အကဲ့ရဲ့ခံရ၏။

မီးသည် အငယ်အကြီးမရွေး လောင်စာမှန်သမျှကို လောင်ကျွမ်းစေသကဲ့သို့ မမေ့လျော့ခြင်း၌မွေ့လျော်၍ မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် သံယောဇဉ်ကို လောင်ကျွမ်းစေ၏။

မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်သွားရန် မထိုက်တန်ပေ။ သူသည် နိဗ္ဗာန်၏အနီးမှာသာ ရှိနေ၏"

အလင်းသစ်စာပေ

ဤဒေသနာတော်များ ပြီးဆုံးသွားသောအခါ အသောကမင်းသည် ဝမ်းမြောက်ဝမ်းသာ သာဓုသုံးကြိမ်ခေါ်ပြီးလျှင် –

"အရှင်ဘုရား၊ အရှင်ဘုရားအား နေ့စဉ် ဆွမ်းရှစ်အုပ် လှူဒါန်းပါ၏"

ဟု လျှောက်ထားလေရာ –

"မြတ်သောမင်းကြီး၊ ထိုဆွမ်းရှစ်အုပ်ကို ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာတော်အား လှူဒါန်းပါ၏"

"ဥပဇ္ဈာယ်ဟူသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ပါသနည်း"

"အပြစ်ကြီး၊ အပြစ်ငယ်တို့ကို ကြည့်ရှု၍ စောင့်ကြောတတ်သူ၊ သတိပေးတတ်သူ ဖြစ်ပါသည်"

"ဤသို့ဆိုလျှင် အရှင်ဘုရားအား အခြားဆွမ်းရှစ်အုပ်ကို ထပ်၍လှူဒါန်းပါ၏"

"ထိုဆွမ်းရှစ်အုပ်တို့ကို ဆရာအား လှူဒါန်းပါ၏"

"ဆရာဟူသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ပါသနည်း"

"ဘုရားဟောဒေသနာတော်များ သင်ကြားပေးသူဖြစ်ပါသည်"

"ဤသို့ဆိုလျှင် အရှင်ဘုရားအား အခြားသောဆွမ်းရှစ်အုပ်တို့ကို ထပ်၍လှူဒါန်းပါ၏"

"ထိုဆွမ်းရှစ်အုပ်တို့ကို သံဃာအား လှူဒါန်းပါ၏"

"ရဟန်းသံဃာဟူသည် မည်သို့သောအဖွဲ့အစည်းဖြစ်ပါသနည်း"

"ကျွန်ုပ်တို့၏ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း၊ စာချဆရာသည်လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်သည်လည်းကောင်း ရှင်ရဟန်းအဖြစ်ကို ခံယူရာတွင် ရဟန်းသံဃာရှိမှသာ ပြည့်စုံပါ၏။ ရဟန်းသံဃာရှိမှသာ ပြီးစီးပါ၏"

"အရှင်ဘုရား၊ ဤသို့ဆိုလျှင် အရှင်ဘုရားအား အခြားဆွမ်းရှစ်အုပ်တို့ကို ထပ်မံ၍လှူဒါန်းပါ၏"

"ကောင်းပေပြီ မြတ်သောမင်းကြီး"

ဤသို့လက်ခံထားလိုက်ပြီးလျှင် နောက်နေ့နံနက်သို့ရောက်သောအခါ မိမိနှင့်တကွ ရဟန်းသုံးကျိပ်နှစ်ပါးတို့ကိုပင်၍ နန်းတော်သို့ကြွ၏။ အသောကမင်းသည် ရဟန်းတို့ကို ရိုသေစွာ ဆွမ်းဆပ်ကပ်ပြီးလျှင် သန္ဓါတရားများ ဆတက် ထမ်းပိုး တိုးမှားလာသဖြင့် –

"အရှင်ဘုရား၊ နက်ဖြန်နံနက်တွင် ဤရဟန်းတို့၏ နှစ်ဆ ကြွတော်မူကြပါဘုရား" ဟု ပင့်ဖိတ်၏။

ဤသို့ပင် နေ့စဉ်နေ့တိုင်း ဆတက်ထမ်းပိုး တိုး၍တိုး၍ ပင့်ဖိတ်လာခဲ့ရာ မကြာမီမှာပင် နန်းတော်ထက်၌ ရဟန်းတို့၏ သင်္ဃန်းရောင်ဖြင့် ထိန်ထိန်ဝင်း၍ သွားပေတော့သည်။ မင်းသုံးဆက်တိုင်တိုင် စိတ်ရှိတိုင်း စားသောက်လာခဲ့ကြရသော အလှူခံပုဂ္ဂိုလ်တို့သည် ထိုအချိန်မှစ၍ နန်းတော်ကြီးနှင့် ကင်းကွာ၍သွားကြရပေတော့သည်။

နိဂြောဓသာမဏေကို အကြောင်းပြုကာ အသောကမင်းသည် သရဏာဂုံတို့၌တည်၍ ငါးပါးသီလ ပြည့်ဝဖြူစင်သော ဥပါသကာတစ်ယောက်ဖြစ်လာ၏။ ပုထုဇဉ်ပုဂ္ဂိုလ်အဆင့်မှာပင် ရှိနေသေးသော်ငြားလည်း သူ၏သဒ္ဓါတရားကတော့ လူပ်ရှားယိမ်းယိုင်ရန် အကြောင်းမရှိတော့ပါ။

ဒေဝါနံပိယ၊ ပိယဒဿီ ဟူသော ဘွဲ့မည်တို့ဖြင့် အဘိသိက်ခံယူခဲ့သော မင်းကြီးသည် ထိုအချိန်မှစတင်ကာ သာသနာ့ဒါယကာမင်းတရားကြီးဟူသော ဘွဲ့မည်တစ်ခု တိုးပွားလာပေတော့သည်။

❑

အလင်းသစ်စာပေ

ညီတော်တိသနှင့် သေဒဏ်

တစ်နေ့သောအခါ အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိသ အမှူးရှိသော ရဟန်းသံဃာတော်များကို နန်းတော်သို့ပင့်ဖိတ်၍ ဆွမ်းခဲဖွယ်များ ဆက်ကပ်ကာ အမျိုးမျိုးသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းပြီးလျှင် –

"အရှင်ဘုရား၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဒေသနာတော်တို့သည် မည်မျှလောက်ရှိပါသနည်း" ဟု မေးလျှောက်၏။

ဤတွင် သံဃာတော်တို့၏ဦးစီးနာယကဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိသက –

"မင်းကြီး၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဒေသနာတော်တို့သည် အင်္ဂါအားဖြင့် ကိုးပါးရှိကုန်၏။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိကုန်၏" ဟု ဖြေကြားလေရာ –

"တပည့်တော် ဝမ်းမြောက်လှပါသည်ဘုရား။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိသည့်အတွက် ဧမ္မဒိပ်ကျွန်းတစ်ခွင်တွင် ရှစ်သောင်းလေးထောင်သောကျောင်းများ ဆောက်လုပ်လှူဒါန်းလိုပါသည်။ ရှစ်သောင်းလေးထောင်သော ကျောင်းများနှင့်အတူ ရှစ်သောင်းလေးထောင်သော စေတီတော်များကိုလည်း တည်ထားပူဇော်လိုပါသည်။ ဤပါဋလိပုတ်မြို့တော်အနီးမှာလည်း ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုပါသည်ဘုရား"

ဤသို့မတုန်မလှုပ်သောသဒ္ဓါတရားဖြင့် လျှောက်ထားပြီးလျှင် ကိုးဆယ့်ခြောက်ကုဋေမျှသော ငွေထောင်များကို ငွေတိုက်တော်မှထုတ်ဝေပြီးလျှင် သက်ဆိုင်ရာအမတ်အသီးသီးတဲ့ အပ်နှံ၍ ကျောင်းဆောက်ရမည့်မြို့များသို့ စေလွှတ်၏။ မင်းကြီးကိုယ်တိုင်ကလည်း ကျောင်းတော်ကြီးဆောက်လုပ်ရေးကိစ္စများကို စီစဉ်

ညွန်ကြား၏။ ကျောင်းတော်ကြီးဆောက်လုပ်ရေးကိစ္စများ အလွယ်တကူပြီးမြောက်ရန် သံဃာတော်အများက အရှင်ဣန္ဒဂုတ္တာအား တာဝန်ပေးကြ၏။ အရှင်ဣန္ဒဂုတ္တာကလည်း မိမိစျာန်အဘိညာဉ်တန်ခိုးဖြင့် လူသားတို့မလုပ်ဆောင်နိုင်သည့်အလုပ်များကို ဆောင်ရွက်ပေး၏။ သို့ရာတွင် ဆောက်လုပ်ရမည့်အဆောက်အအုံကြီးမား၏။ အရေအတွက်က များပြား၏။ အမျိုးအစားက စုံလှ၏။ ထို့ကြောင့် တစ်နှစ်ကုန်၍ နှစ်နှစ်ထဲ ရောက်လာသည်အထိ မပြီးစီးနိုင်သေးပါ။

ထိုကျောင်းကြီးမပြီးသေးမီကပင် ရဟန်းရှင်လူပြည်သူအများ၏ နှုတ်ဖျားဌ် အသောကရာမဟူသော ကျောင်းအမည်က မော်ကွန်းတင်ပြီးဖြစ်နေပါပြီ။ ကျောင်းဒါယကာကြီး၏ သဒ္ဓါတရားကို လေးလေးစားစား တန်ဖိုးထားကြ၍ဖြစ်ပေသည်။

ကျောင်းဒါယကာမင်းကြီးသည် ကျောင်းဆောက်လုပ်ရေးကိစ္စဖြင့် သံဃာတော်များထံ ရောက်လာတိုင်း တရားဒေသနာတော်များကို မကြာခဏကြားနာရ၏။ ထို့ကြောင့် သဒ္ဓါတရားများ ထက်သန်လာကြသည်နှင့်အမျှ အသိပညာများလည်း တိုးတက်ပွင့်လင်းလာကြပေသည်။

အိမ်ရှေ့စံတိသမင်းသားကမူ နောင်တော်ကြီးများကဲ့သို့ ရဟန်းသံဃာတော်များထံ ချဉ်းကပ်လေ့မရှိပေ။ မလွဲသာမရောင်သာလွန်းသည့်အခါများမှတစ်ပါး များသောအားဖြင့် ရဟန်းသံဃာတော်များနှင့် ကင်းကင်းကွာကွာ နေလာခဲ့၏။

ထို့ကြောင့်လည်း သူသည် ရဟန်းသံဃာတို့၏ ဂုဏ်ကျေးဇူးအစစ်အမှန်ကို မသိမမြင်နိုင်ဘဲ အသိအမြင်လွဲမှား၍ နေခဲ့ရ၏။ မိမိအသိအမြင်လွဲမှားသည်ကို မိမိစိတ်ထဲမှာပင် ထားခဲ့ပါက ရွေနန်းတော်မှာရော၊ သာသနာတော်ကြီးမှာရော မည်သည့်အပြောင်းအလဲမျှ ဖြစ်လာမည်မဟုတ်ပါ။ ယခုမှာမူ ညီတော်နှင့် နောင်တော်ဟူသော သွေးသားစိတ်ဖြင့် မိမိသိမြင်ထားသမျှကို ဖွင့်ဟလိုက်မိပါတော့သည်။

"နောင်တော်ဘုရား၊ ညီတော် တောကစားထွက်ခဲ့တုန်းက တောထဲကသားကောင်တွေ၊ သမင်တွေ၏အပြုအမူကို သတိထားခဲ့မိပါသည်။ သူတို့တစ်တွေသည် တောထဲမှာ ပေါက်ရောက်သည့် သစ်ခက်၊ သစ်ရွက်နှင့် မြက်များကိုသာစားနေကြရပါသည်။ ဤသို့သော အစာကြမ်းများကို စားနေကြပါလျက် သူတို့သည် ဘာသာဘာဝ မြူးထူးပျော်ပါးနိုင်ကြပါသေးသည်။

နောင်တော် ဘုရင်မင်းမြတ်ဘုရား၊ နောင်တော် ကိုးကွယ်ဆည်းကပ်နေသည့် ရဟန်းများကတော့ ရွှေနန်းတော်ထက်မှာ ကောင်းမွန်မြိန်ရှက်သည့် ခဲဖွယ်ဘောဇဉ်များကို နေ့စဉ်နေ့တိုင်း စားသောက်နေကြရပါသည်။ မိုးလေလုံသည့် ကျောင်းအဆောက်အအုံများတွင် နူးညံ့သည့်အိပ်ရာနေရာများမှာ အိပ်စက်ကြရပါသည်။ သို့ဖြစ်၍ ထိုရဟန်းတို့သည်လည်း တောထဲက သားသမင်များနှင့်မခြားမြူးထူးပျော်ပါးကြမည်သာ ဖြစ်ပါသည်ဘုရား"

"တော်စမ်း တိသ။ သည်စကားမျိုးကို နောက်ထပ် ဘယ်နေရာမှာမှ မပြောမိစေနှင့်"

ညီတော်၏စကားအဆုံးတွင် နောင်တော်ဘုရင်၏အမိန့်သံက တင်းတင်းပြတ်ပြတ် ထွက်ပေါ်လာ၏။

ညီတော်နှင့်ပတ်သက်လာလျှင် နောင်တော်ကြီးထံမှ ဤကဲ့သို့တင်းပြတ်သည့်အသံမျိုး ထွက်မလာခဲ့ဖူးပါ။ စစ်ပွဲကြီးတွေ အလီလီခင်းကျင်းနေရစဉ်ကပင် သူ့ညီတော်လေးကို မကြိမ်းမောင်းခဲ့ဖူးပါ။ မိတူဖတူ ညီတော်နောင်တော်ဟူ၍ သည်နှစ်ပါးသာရှိခဲ့သဖြင့် တစ်ဦးတည်းသောညီကလေးကို အရေးပေး၍ထားခဲ့၏။ အစစအရာရာ သက်သက်ညှာညှာ ဆက်ဆံလာခဲ့၏။ ယခု ရဟန်းများနှင့်ပတ်သက်၍ အလျှောက်အတင် လွဲလာသည်တွင်ကား သူ့အသံသည် ပြင်းထန်လာတော့၏။ သူ့မျက်နှာသည် တင်းမာလာတော့၏။

ထို့နေ့မှစ၍ ညီတော်တိသသည် နောင်တော်ရှေ့မှောက်တွင် စကားမာမာ မပြောရဲလောက်အောင် ဖြစ်လာ၏။ နောင်တော်၏ မျက်နှာထားကလည်း တင်းမာမြဲတင်းမာနေခဲ့၏။ မလွဲသာမရှောင်သာ၍ ညီလာခံသို့တက်လာခဲ့ရသော ညီတော်တိသမှာ အနေရအထိုင်ရကျဉ်းကျပ်လှ၏။ နောက်ထပ်တစ်ဖန် စကားမှား ပါမသွားစေရန် မိမိ နှုတ်ကို ပိတ်ထားလိုက်ရပါတော့သည်။

ဤသို့ပိတ်ထားလိုက်ခါမှ ပို၍ဆိုးသွားပါသည်။ ညီလာခံသို့တက်ရောက်လာပါလျှက် နှုတ်သံမမြွက် ငြိမ်သက်စွာထိုင်နေခြင်းကိုပင် နောင်တော်မင်းမြတ်ကရာစာမာန်ရှကာ -

"ညီတော်၊ သင်သည် ကြီးလေးလှသောအပြစ်ကို ကျူးလွန်ဘိ၏။ ထို့ကြောင့် သင်သည် ဤနေ့မှစ၍ ဓနစ်ရက်တိုင်တိုင် ထီးနန်းအုပ်ချုပ်၍ မင်းလုပ်စေ။ ဓနစ်ရက်ပြည့်သည့်နေ့တွင်ကား သင့်ကို သတ်ရပေလိမ့်မည်"

ညီလာခံခန်းမကြီးတစ်ခုလုံး တုန်လှုပ်သွား၏။ ခမည်းတော်၏ထီးမွေနန်းမွေအတွက် တိုက်ခိုက်ရစဉ်တုန်းက ဖတူမိကွဲညီတော်နောင်တော် ကိုးကျိပ်ကိုးယောက်တို့ကို မလွှဲသာမရှောင်သာ သတ်ဖြတ်နှိမ်နင်းခဲ့ရ၏။ ယခုတော့ မိတူဖတူညီတော်တိသဏ္ဌာန်၏ အလှည့်ကျလာချေပြီ။ ညီလာခံသို့ တက်ရောက်လာကြသည့် မှူးကြီးမတ်ကြီးများမှာ ညီတော်သက်သာရေးအတွက် မည်သို့မျှမလျှောက်တင်ရဲကြပေ။

သို့ရာတွင် သူတို့အားလုံး၏ကြောက်စိတ်တွေ စုပေါင်းလိုက်သည့်တိုင်အောင် ညီတော်တိသဏ္ဌာန်၏ကြောက်စိတ်ကို မိမည်မဟုတ်ပါ။ ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးကို ခုနစ်ရက်တိုင်တိုင် စိုးပိုင်ခွင့်ရလာပါလျက် သူ့စိတ်က တက်ကြွမလာပါ။ စိတ်ရှိတိုင်း ခံစားခွင့်ရလာသည့် စည်းစိမ်များကိုလည်း သာယာ၍မရတော့ပါ။ စည်းစိမ်ခံရေး၊ မင်းလုပ်ရေးထက် သေဘေးကိုသာ ပြေးမြင်နေတော့၏။ ခုနစ်ရက်ပြည့်လျှင် အသတ်ခံရတော့မည်ဟူသော အသိကြောင့် အစားတစ်လုတ်ကိုမျှ မျိုမကျနိုင်တော့ပါ။ တစ်စက်ကလေးမျှ မှေးစက်၍မရနိုင်တော့ပါ။ ရေချိုးခြင်း၊ ပန်းနံ့သာလိမ်းကျံခြင်းမှစ၍ စိတ်လိုလက်ရ ဘာတစ်ခုမျှမပြုစွမ်းနိုင်တော့ပါ။

သူ၏အခြေအနေသည် တစ်နေ့တခြား ဆိုးရွားလာခဲ့ရာ ခုနစ်ရက်မပြည့်မီမှာပင် လူရုပ်မပီအောင် ပိန်လှီညှိုးခြောက်နေတော့၏။

ဤသို့ဖြစ်ရခြင်း၏အကြောင်းကို နောင်တော်မြတ်က မေးမြန်း၍သိရသောအခါ –

"ဟယ်... အမိုက်ကောင်ကလေး၊ သင်သည် ခုနစ်ရက်ကြာမှ သေရမည့်အရေးကို မျော်တွေး၍ ကြောက်နေဘိ၏။ သာသနာ့ဝန်ထမ်းရဟန်းတို့သည်ကား ဝင်သက်မှထွက်သက်သို့ မရောက်မီမှာပင် သေဘေးကို ရှုမြင်နေကြ၏။ ထွက်သက်မှ ဝင်သက်သို့မရောက်မီမှာပင် သေဘေးကို ရှုမြင်နေကြ၏။ အဘယ်မှာလျှင် မြူးထူးပျော်ပါး၍ နေနိုင်ကြပါမည်နည်း"

ဤအမိန့်သံကိုကြားရခါမှ တစ်နန်းတော်လုံး စိတ်သက်သာရာရသွားကြပါတော့သည်။

တကယ်တော့ဖြင့် နောင်တော်ဘုရင်မင်းမြတ်သည် သူ၏ညီတော်အားရဟန်းသံဃာတော်တို့၏ဂုဏ်ကျေးဇူးကို သိမြင်လာစေရန် ဤဇာပရိယာယ်ဖြင့် သွန်သင်ဆုံးမလိုက်ခြင်းသာ ဖြစ်ပေသည်။

အလင်းသစ်စာပေ

ညီတော်တိဿသည် ထိုနေ့မှစ၍ သာသနာတော်၌ သက်ဝင်ယုံကြည်၍ လာခဲ့၏။ ရဟန်းသံဃာများကို ကြည်ညိုစွာ ဆည်းကပ်လာ၏။ သို့ရာတွင် အားလပ်ချိန်က များနေဆဲဖြစ်၍ တောကစားထွက်ခြင်းကိုတော့ မစွန့်လွှတ်နိုင်သေးပါ။ ထိုသို့တောကစားထွက်ခြင်းကြောင့်ပင် အရှင်ဓမ္မရက္ခိတနှင့် တွေ့ဆုံရခြင်းဖြစ်ပေသည်။

အရှင်ဓမ္မရက္ခိတသည် ယောနကတိုင်းတွင် ဖွားမြင်ခဲ့သူဖြစ်၏။ အရွယ်ရောက်ခါမှ မဂဓတိုင်းသို့လာရောက်၍ ရှင်ရဟန်းပြုလာခဲ့၏။ ထို့ကြောင့် သီတင်းသုံးဖော်များက သူ့ကို အရှင်ယောနကဓမ္မရက္ခိတဟု ခေါ်ဝေါ်ကြပေသည်။

အရှင်ယောနကဓမ္မရက္ခိတသည်ကား လူသူမနီးသည့် တောကြီးထဲသို့ ကြွရောက်ကာ အချိန်ရသမျှ သမာပတ်တစ်မျိုးမျိုးကို ဝင်စားနေတတ်၏။ ထိုနေ့တနေ့ကလည်း အရှင်မြတ်ကြီး ငြိမ်သက်စွာသီတင်းသုံးနေစဉ် ဆင်ပြောင်ကြီးတစ်စီးက အနားမှ ပုဆစ်တုပ်လျက် ယပ်လေခတ်၍ ပူဇော်နေ၏။ တောတကာတောင်တကာ လှည့်လည်လာခဲ့သော ညီတော်တိဿသည် ထိုနေ့မှာမှ ထိုတောထိအောင် ရောက်လာသဖြင့် အရှင်ယောနကဓမ္မရက္ခိတကို ဖူးမြင်ခွင့်ရလိုက်၏။ ရဟန်းတို့၏မြင့်မြတ်သောချမ်းသာကိုခံစားလျက် အေးချမ်းငြိမ်သက်စွာနေထိုင်ခြင်းကို အားကျလာ၏။ ရဟန်းအဖြစ်ကိုခံယူနိုင်မည့်အခွင့်အလမ်းကို တောင့်တလာမိ၏။

အရှင်ယောနကဓမ္မရက္ခိတကလည်း အိမ်ရှေ့စံမင်းသား၏စိတ်ဖြစ်ပုံကို သိရှိကာ မင်းသားကြည့်ရှုနေတုန်းမှာပင် ကောင်းကင်သို့ပျံတက်၏။ ကောင်းကင်ခရီးဖြင့် ကြွသွားပြီးလျှင် အသောကာရာမကျောင်းတိုက်အတွင်းရှိ ရေကန်ပေါ်ရောက်မှ ရပ်တန့်၏။ ရေကန်အထက်က ကောင်းကင်မှာပင် ခါးပန်းကြိုးကိုတန်းပြီးလျှင် သင်္ကန်းများကိုတင်ထားကာ ရေကန်တွင်းသို့ဆင်း၍ ရေချိုးလိုက်ပေသည်။

အိမ်ရှေ့မင်းသားသည် ထိုတန်ခိုးပြာဋိဟာကို ဖူးမြင်ကာ သဒ္ဓါတရားများအစွမ်းကုန်တက်လာသဖြင့် နန်းတော်သို့ ပြန်ရောက်ရောက်ချင်း နောင်တော်ထံဝင်ရောက်၏။ နောင်တော်ကြီးကို အဖအရာမှာထားကာ ရဟန်းပြုခွင့်ပေးပါရန် ပန်ကြား၏။

တစ်နေ့နေ့တွင် မိမိလုပ်ငန်းတာဝန်များကို ခွဲဝေပေးရန် ရည်ရွယ်ချက်ရှိထားသဖြင့် နောင်တော်က အကြိမ်ကြိမ်ချော့မော့၍ တားပါသေး၏။ ညီတော်

တိသကလည်း ရဟန်းပြုရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်၍ ရဟန်းပြုခွင့်ကိုသာ စွဲစွဲမြဲမြဲ တောင်းခံ၏။

ဤတွင် နောင်တော်ဘုရင်မင်းမြတ်သည် ညီတော်၏အလိုဆန္ဒကိုလိုက်လျောပြီးလျှင် ရွှေနန်းတော်မှ အသောကရုံကျောင်းတော်သို့သွားသည်လမ်းမတော်ကို တန်ဆာဆင်စေ၏။ ညီတော်တိသကိုလည်း အတင့်တယ်ဆုံးဖြစ်အောင် အဆင်တန်ဆာများ ဆင်ယင်စေပြီးလျှင် စစ်အင်္ဂါလေးပါးခြံရံစေလျက် ကျောင်းတော် ရောက်အောင် ပို့ဆောင်ပေးပေသည်။

ကျောင်းတော်ရှိရဟန်းများသည် ညီတော်မင်းသား ရဟန်းပြုမည့်သတင်းကို ကြိုတင်ကြားသိထားသဖြင့် သင်္ကန်း၊ သပိတ် စသော ပရိက္ခရာများကို အသင့်ပြင်ဆင်ထားကြ၏။ ညီတော်တိသသည် ကျောင်းတော်သို့ရောက်သော အခါ အခြံအရံများနှင့်တကွ အရှင်ယောနကမမှရကွိတထံတွင် ရဟန်းပြု၏။

ညီတော်တိသ ရဟန်းပြုသည်ကိုအားကျကာ အသောကမင်းကြီး၏ တူတော်သူဖြစ်၍ သမီးတော်သဃ်မိတ္တာ၏ခင်ပွန်းလည်းဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားသည်လည်း မင်းကြီးထံ ခွင့်ပန်၍ ရဟန်းဘောင်ဝင်ရောက်ခဲ့ပေသည်။ သားတစ်ယောက်တည်းသာ ဖွားမြင်ရသေးသော သဃ်မိတ္တာမင်းသမီးကလည်း အကြည်အသာ ခွင့်ပြုခဲ့ပါပေသည်။

❑

အလင်းသစ်စာပေ

အရှင်မဟာကဿပ၏အမြော်အမြင်

ဇမ္ဗူဒ္ဝီပ်တစ်ဝန်းလုံးရှိ ရှစ်သောင်းလေးထောင်သောမြို့တို့မှ တိုင်းသူပြည်သားအပေါင်းသည် အသောကမင်းကြီး၏ကုသိုလ်တော်များတွင် ဝမ်းမြောက်ဝမ်းသာပါဝင်၍ ကုသိုလ်ယူကြ၏။ အရှင်ဣန္ဒဂုတ္တာကလည်း အခက်အခဲရှိသည့် လုပ်ငန်းဌာနများသို့ ကြွရောက်ကာ မိမိ၏တန်ခိုးစွမ်းအားဖြင့် အခက်အခဲများကို ဖယ်ရှားပေးခဲ့၏။ ထို့ကြောင့် အသောကာရာမကျောင်းတိုက်ကြီးနှင့်တကွ ရှစ်သောင်းလေးထောင်သော ကျောင်းများ၊ စေတီတော်များသည် သုံးနှစ်တာအတွင်းမှာပင် အကောင်အထည်ပေါ်လာကြပေသည်။

လကို ရာဟုဖမ်းသောနေ့၌ ဆောက်လုပ်ရေးလုပ်ငန်းအားလုံးကို စတင်လာခဲ့ကြပြီးလျှင် နောက်တစ်ဖန် လကို ရာဟုဖမ်းသောနေ့၌ အပြီးသတ်နိုင်ရန် အလားအလာရှိနေ၏။

သို့ရာတွင် တည်ဆောက်ဆဲစေတီတော်တို့၏ ဌာပနာတိုက်ခန်းတို့ကိုကား ပိတ်၍မရနိုင်သေးပါ။ ထိုဌာပနာတိုက်ခန်းတို့၌ ဌာပနာသွင်း၍ထားရန် ဓာတ်တော်များ လိုနေပါသေး၏။

ထို့ကြောင့် တာဝန်ကျရာလုပ်ငန်းခွင်သို့ သွားရောက်၍ဆောင်ရွက်နေရသောအမတ်များက ရွှေနန်းတော်သို့ သဝဏ်လွှာပို့ဆက်ကာ ထိုအကြောင်းကို လျှောက်တင်ကြ၏။ ဤတွင် အသောကမင်းကြီးသည် တည်ဆောက်လက်စရှိနေသေးသော အသောကာရာမကျောင်းတော်ကြီးသို့လာရောက်၍ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသောရဟန်းအပေါင်းကို ဦးခိုက်ရှိခိုးပြီးလျှင် -

"အရှင်ဘုရား၊ တပည့်တော်သည် ရှစ်သောင်းလေးထောင်သောကျောင်းများကို ဆောက်လုပ်နေပါသည်။ ရှစ်သောင်းလေးထောင်သောစေတီတော်များကို

လည်း တည်ဆောက်နေပါသည်။ ထိုစေတီတော်များ၌ ဌာပနာသွင်း၍ပူဇော်ရန် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို အဘယ်ဌာနမှာ ရနိုင်ပါမည်နည်း" ဟု လျှောက်ထား၏။

မင်းကြီး၏ လျှောက်ထားချက်အဆုံးတွင် အသေကာရာမကျောင်းတိုက်တာကြီးတစ်ခုလုံး တိတ်ဆိတ်သွားတော့၏။ ရဟန်းများဘက်ကရော၊ မှူးမတ်ပရိသတ်ဘက်ကရော ချောင်းဟန့်သံ၊ ခြေဆတ်သံမျှ မကြားရအောင် ငြိမ်သက်နေကြ၏။

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ အရှင်မောဂ္ဂလိပုတ္တတိဿက –

"မင်းကြီး၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကိုမြှုပ်နှံထားသည့် ရွေးစကားကိုကား ငါတို့ ကြားခဲ့ဖူးကုန်၏။ မည်သည့်ဌာနမှာ မြှုပ်နှံထားဟူ၍ကား တပ်အပ်သေချာမပြောသာပါ" ဟု ပြန်လည်မိန့်ကြား၏။

မတုန်လှုပ်သောသဒ္ဓါတရားနှင့် ပြည့်ဝပြီးသောမင်းကြီးသည် ထိုစကားကို ကြားရသည့်အတွက် စိတ်ပျက်မသွားပါ။ တပ်အပ်သေချာ နေရာပြနိုင်သူမရှိပါက ရနိုင်သမျှနေရာအားလုံးမှာ လိုက်ရှာရုံသာ ရှိပါတော့သည်။

ထို့ကြောင့် အသေကာမင်းကြီးသည် စစ်သည်ဗိုလ်ပါများနှင့်တကွ ရွေးမင်းတို့စိုးစံခဲ့သည့် ရာဇဂြိုဟ်မြို့တော်ဟောင်းသို့ ထွက်လာခဲ့၏။ မြို့တော်အနီးရှိ စေတီဟောင်းကြီးတစ်ဆူမှ ဌာပနာတိုက်ရိုက်မည့်နေရာကို မှန်းဆ၍ တူးဖော်စေ၏။

ထိုစေတီဟောင်းကြီးသည်ကား သာသနာ့ဒါယကာ အဇာတသတ်မင်းကြီး၏ ကောင်းမှုဖြစ်၏။ အဇာတသတ်မင်းကြီးသည် ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူစဉ်က ကြွင်းကျန်ရစ်သော ဓာတ်တော်ရှစ်စိတ်တို့မှ အခြားသောခုနစ်ပြည်ထောင်မင်းတို့နှင့် အညီအမျှခွဲဝေရရှိသောဓာတ်တော်တို့ကို ရာဇဂြိုဟ်မြို့တော်သို့ ပင့်ဆောင်လာခဲ့၏။ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံမြို့နှင့် ရာဇဂြိုဟ်မြို့တော်တို့သည် နှစ်ဆယ့်ငါးယူဇနာမျှ ကွာလှမ်း၏။ ထိုခရီးလမ်းတစ်လျှောက်လုံးတွင် မြေပြင်ကို အညီအညွတ်ဖြစ်အောင် ပြုပြင်စေပြီးလျှင် ကြီးကျယ်ခမ်းနားသည့် ပွဲသဘင်ခင်းကျင်း၍ ပူဇော်လာခဲ့၏။ အားပါးတရပူဇော်၍ ပင့်ဆောင်လာခဲ့ပြီးမှ ဤနေရာတွင် ဤစေတီတော်ကြီးကိုတည်၍ ဓာတ်တော်များကို ဌာပနာသွင်း၍ပူဇော်ထားခဲ့ပေသည်။

သို့ရာတွင် အသောကမင်းကြီး၏ အမှုထမ်းများ တူးဖောက်ကြည့်သည့် အခါတွင်ကား ဌာပနာတိုက်ထဲတွင် ဘာမျှမတွေ့ကြရပါ။ သေသေချာချာကြည့် နိုင်ခါမှ ပူဇော်၍ရနိုင်ရုံလောက် စတိုကလေးချန်ထားခဲ့သည့်ဓာတ်တော်တို့ကို တွေ့ရှိရ၏။

ဤမျှလောက်သော ဓာတ်တော်ကလေးများဖြင့် ရှစ်သောင်းလေးထောင် သော စေတီတော်များသို့ ဝေငှပေးရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ထိုဓာတ်တော်များကို မူလဓာတ်တော်ကြုတ်၌ ထားမြဲထားခဲ့စေပြီးလျှင် ဌာပနာတိုက်နှင့် စေတီတော် ကြီးကို ပကတိအတိုင်းဖြစ်အောင် ပြန်လည်ပိတ်ဆို့၍မွမ်းမံစေ၏။

ထို့နောက် အသောကမင်းကြီးသည် ဝေသာလီမြို့တော်ဟောင်းသို့ ခရီး ဆက်လာခဲ့၏။ ဓာတ်တော်ရှာခရီးစဉ်အတိုင်း ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါးတို့လည်း လိုက်ပါလာကြ၏။

အသောကမင်းကြီးသည် ဝေသာလီမြို့တော်သို့ ရောက်လာသောအခါ လိစ္ဆဝီမင်းတို့တည်ထားခဲ့သည့် စေတီတော်ဟောင်းကို တူးဖောက်ကြည့်စေ၏။ ထိုစေတီတော်မှလည်း ဓာတ်တော်အနည်းငယ်လေးသာ တွေ့ရပြန်၏။

ထိုမှတစ်ဖန် ခရီးဆက်လာခဲ့၍ သက္ကမင်းတို့စိုးစံခဲ့ရာ ကပိလဝတ္ထုမြို့ ဟောင်းသို့ ရောက်လာခဲ့ပြန်၏။ မြို့ဟောင်းရာအနီးရှိ စေတီတော်မှာလည်း ဓာတ် တော်အနည်းငယ်ကလေးသာ တွေ့ကြရ၏။

ထိုမှတစ်ဆင့် ရာမဂ္ဂာသို့ ခရီးဆက်၍ ကောဠိယနွယ်ဖွားမင်းညီမင်းသား တို့ တည်ထားခဲ့ကြသည့် စေတီဟောင်းသို့ ရောက်လာကြ၏။ မူလဒါယကာ မင်းညီမင်းသားတို့ မရှိကြတော့သော်ငြားလည်း ထိုစေတီကို တန်ခိုးကြီးသည့် နဂါးတို့က စောင့်ရှောက်ထားကြ၏။ ထို့ကြောင့် စေတီတော်ကို တူးဖောက်သည့် လက်နက်ဟူသမျှ အပိုင်းပိုင်းကျိုးကုန်ကြရ၏။ ထိုစေတီရှိ ဓာတ်တော်တို့သည် ကား ဇမ္ဗူဒီပ်ကျွန်းအတွက် မဟုတ်ချေ။ လက်ဝဒီပအမည်ရသည့် သီဟိုဠ်ကျွန်း အတွက် ဖြစ်ပေသည်။

ထိုမှတစ်ဆင့် ဓာတ်တော်ရှာခရီးစဉ်ကို ဆက်လာခဲ့ရာ ဝေဌဒီပကျွန်းသို့ လည်း ရောက်ခဲ့ကြ၏။ ပါဝါမြို့သို့လည်း ရောက်ခဲ့ကြ၏။ ကုသိနာရုံမြို့သို့ လည်း ရောက်ခဲ့ကြ၏။ ထိုမြို့များမှစေတီများကို တူးဖောက်၍ရှာသော်လည်း ဘာကိုအဖြစ် ထားခဲ့သော ဓာတ်တော်အနည်းငယ်လေးသာ တွေ့ရှိရ၏။

အလင်းသစ်စာပေ

ဘုရားရှင်၏ အလောင်းတော်ကို တဖောဖောတ်လောင်ကျွမ်းပြီးနောက် ကြွင်းကျန်ရစ်သောဓာတ်တော်တို့မှာ စိတ်တောင်းနှင့် ရှစ်လုံးစာမျှရှိနေကြ၏။ ထိုဓာတ်တော်ရှစ်စိတ်ကို ရှစ်ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏားကြီးက အညီအမျှခွဲဝေပေးခဲ့၏။ ရှစ်ပြည်ထောင်မင်းတို့ကလည်း မိမိတို့ဝေစုရလာသည့်ဓာတ်တော်တို့ကို ဤစေတီတော်များတွင် ဌာပနာသွင်း၍ပူဇော်ထားခဲ့ကြ၏။ ထို့ကြောင့် စေတီတော်တစ်ဆူတစ်ဆူလျှင် ဓာတ်တော်တစ်စိတ်သားလောက်တော့ ရှိနေရပေလိမ့်မည်။ ယခုသော်ကား စတိုကလေးလောက်ချန်ထားခဲ့သည့်ဓာတ်တော်များကိုသာ တွေ့ရှိရ၏။ ဤစေတီတော်တို့ကို ယခင်ကတူးဖောက်ခဲ့သည့်အခြေအနေကိုလည်း လုံးဝမတွေ့ပါ။ သို့ပါလျက် ထိုဓာတ်တော်များ ဘယ်နေရာရောက်ကုန်ကြလေသနည်း။

အသောကမင်းကြီးသည် မချင့်မရဲစိတ်ဖြင့် ဓာတ်တော်ရာခရိုးစဉ်ကို အဆုံးသတ်လိုက်ရ၏။ သို့ရာတွင် ဓာတ်တော်ရာဖွေသည့်လုပ်ငန်းကိုကား မစွန့်လွှတ်နိုင်သေးသဖြင့် ပါဋလိပုတ်မြို့တော်သို့ မပြန်သေးဘဲ ရာဇဂြိုဟ်မြို့တော်ဟောင်းသို့ နောက်တစ်ဖန် သွားရောက်ပြန်၏။ မြို့တော်ဟောင်း၌ စခန်းချရပ်နား၍ မြို့တော်ဟောင်းတစ်ဝိုက်မှ သက်ကြီးဝါကြီး ရဟန်းရှင်လူပရိသတ်များကို စည်းဝေးစေပြီးလျှင် –

"အို... ရဟန်းရှင်လူပရိသတ်အပေါင်းတို့။ ကျွန်ုပ်သည် ရှစ်ပြည်ထောင်မင်းတို့၏ စေတီတော်များကို တူးဖောက်၍ ဓာတ်တော်များကို ရှာဖွေခဲ့ပါသည်။ သို့ရာတွင် ထိုစေတီတော်တို့၌ ဓာတ်တော်အနည်းငယ်မျှသာ တွေ့ရပါသည်။ အခြားသောဓာတ်တော်များကို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က တစ်နေရာရာတွင် တစ်စုတစ်ဝေးတည်းမြှုပ်နှံထားခဲ့၍ပင်ဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့ဓာတ်တော်မြှုပ်နှံထားခဲ့သည့်နေရာကို ကြားဖူးနားဝရှိပါက ပြောပြကြစေလိုပါသည်"

ဤသို့ပန်ကြားလိုက်၏။ ဤတွင် သက်တော် တစ်ရာ့နှစ်ဆယ်ရှိ မထေရ်ကြီးတစ်ပါးသည် သံဃာ့ပရိသတ်၏ရှေ့သို့ ထွက်ကြွလာပြီးလျှင် –

"မင်းကြီး၊ ဓာတ်တော်များ မြှုပ်နှံထားခဲ့သည့်နေရာဟူ၍ကား သေသေချာချာ မပြောနိုင်ပါ။ သို့ရာတွင် ငါတို့များ ခုနှစ်နှစ်သားအရွယ် သာမဏေဘောင်မှာရှိစဉ်က ငါ၏ဖခင်သည်လည်း မထေရ်ကြီးတစ်ပါးဖြစ်နေပါပြီ။ ဖခင်မထေရ်ကြီးက တစ်နေ့မှာ ပန်းမျိုးစုံထည့်ထားသည့် ပန်းခြင်းတစ်ခုကို ငါ့လက်ထဲမှာပေးပြီး လူသူအရောက်အပေါက်မရှိသည့်တောကြီးထဲသို့ ခေါ်ဆောင်သွားပါ

သည်။ ထိုတောကြီးက သစ်ပင်ချုံနွယ်များကြားမှာ ကျောက်စေတီတော်တစ်ခုကို မထင်မရှား ဖူးတွေ့ရပါသည်။ ဖခင်မထေရ်ကြီးနှင့် ငါတို့သည် ထိုကျောက်စေတီတော်ကို ပန်းခြင်းဖြင့်ပူဇော်၍ ဦးခိုက်ရှိခိုးကြပါသည်။ ထို့နောက် ဖခင်မထေရ်ကြီးက 'သာမဏေ၊ သည်နေရာကို သင်သေသေချာချာ မှတ်သားထားလော့' ဟု မှာကြားခဲ့ဖူးပါသည်"

ဤသို့မိန့်ကြားလိုက်သဖြင့် အသောကမင်းကြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ -

"အရှင်ဘုရား၊ ထိုနေရာကို သေသေချာချာ မှတ်သားခဲ့ပါ၏လော။ တပည့်တော်တို့ကို လမ်းပြပေးနိုင်ပါမည်လော"

"မင်းကြီး၊ သေသေချာချာ မှတ်သားထားခဲ့ပါ၏။ အသင်မင်းကြီးတို့ကို လမ်းပြပေးနိုင်ပါ၏"

"ကောင်းလှပါပြီ အရှင်ဘုရား"

အသောကမင်းကြီးသည် သက်တော်ရှည်မထေရ်ကြီးကို ရှေ့ဆုံးက ဆင်တော်ပေါ်မှာတင်လျက် ခရီးထွက်ခဲ့ရပြန်၏။ အမှတ်အသားကောင်းလှသော မထေရ်ကြီးသည် နှစ်ပေါင်းတစ်ရာကျော်က ရောက်ခဲ့ဖူးသောနေရာသို့ တန်းတန်းမတ်မတ် လမ်းပြခေါ်ဆောင်လာခဲ့ပြီးလျှင် -

"မင်းကြီး၊ ဤနေရာပင် ဖြစ်ပေ၏"

"အရှင်ဘုရား၊ ကျောက်စေတီက အဘယ်မှာနည်း"

"မင်းကြီး၊ သစ်ပင်များ ဖုံးလွှမ်းထား၍ဖြစ်ပေသည်။ သစ်ပင်များကို ဖယ်ရှားလိုက်လျှင် ပေါ်လာလိမ့်မည်"

ဤသို့မိန့်ကြားလိုက်သည့်အတိုင်း သစ်ပင်ချုံနွယ်များကို ဖယ်ရှားလိုက်ကြသောအခါ ကျောက်စေတီကို တွေ့ကြရ၏။ ထိုကျောက်စေတီကို ဖယ်ရှား၍ အောက်ကမြေသားကို ဆက်၍တူးကြရာ အတောင်ရှစ်ဆယ်ရောက်ခါမှ အင်္ဂါတော်ကိုင်ထားသည့် အမိုးပြင်ကို တွေ့ကြ၏။ ထိုဟင်းလင်းပြင်၏အလယ်မှာတော့ ကြေးနီဖြင့်ပြုလုပ်ထားသော စာတ်တော်တိုက်၊ စာတ်တော်တိုက်ပတ်လည်မှာ ပရိသတ်နှင့်တကွ လှည့်လည်ပူဇော်လောက်သည့် ပရိဝုဏ်ရှိနေပေသည်။

အဲ့သြခြင်း၊ ဝမ်းသာခြင်းအပြည့်ဖြင့် အသောကမင်းကြီးသည် ပရိဝုဏ်သို့ ဆင်းသက်လာ၏။ ပရိဝုဏ်သို့ရောက်လာခါမှ ပို၍အဲ့သြစရာကို တွေ့လိုက်ရ၏။ ဝင်းဝင်းလက်သည့် သန့်လွှက်စွဲကိုင်ထားသော စက်ရပ်တို့သည် စာတ်တော်

တိုက်၏ပတ်ပတ်လည်တွင် လေအဟုန်ကဲ့သို့ လျင်မြန်စွာလှည့်ပတ်၍နေကြပေသည်။ သိကြားမင်းအမိန့်ဖြင့် ဝိသကြံ့နတ်သား ဖန်ဆင်းထားခဲ့သည့် ယန္တရားစက်ရုပ်များပါပေတည်း။

အသောကမင်းကြီးသည် ယန္တရားစက်ရုပ်များကို ဖယ်ရှားနိုင်ရေးအတွက် နတ်ပူဇော်တတ်သူများကိုခေါ်ယူ၍ တာဝန်ပေး၏။ နတ်ပူဇော်သူများက အမျိုးမျိုးသော ဗလိနတ်စာများဖြင့် ပူဇော်ကြသော်ငြားလည်း စက်ရုပ်များက မရပ်နားကြပေ။ အရှိန်အဟုန်ပြင်းစွာ လည်ပတ်မြဲလည်ပတ်နေကြ၏။

ဤတွင် အသောကမင်းကြီးသည် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို ရည်စူး၍ လက်အုပ်ချီပြီးလျှင် -

"အို... သမ္မာဒေဝနတ်အပေါင်းတို့၊ ကျွန်ုပ်သည် ဤဓာတ်တော်များကို စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တို့၌ ဌာပနာသွင်း၍ ပူဇော်လိုပါသည်။ ကျွန်ုပ်၏ကုသိုလ်ကောင်းမှုကို အနှောင့်အယှက်မပြုကြပါရန် တောင်းပန်ပါသည်"

ဤသို့ တိုင်တည်လိုက်သည့်တစ်ခဏမှာပင် သျှောင်ငါးထုံးနှင့် ရွာသားလှလင်တစ်ယောက်သည် မင်းကြီးရှေ့မှောက်၌ ဘွားခနဲပေါ်ပေါက်လာ၏။ သူ့လက်ထဲမှာလည်း လေးတစ်စင်းကို ကိုင်စွဲထား၏။ အမှန်အားဖြင့် သူသည် ဤယန္တရားစက်ရုပ်များကို ဖန်ဆင်းခဲ့သည့် ဝိသကြံ့နတ်သားပင်ဖြစ်ပေသည်။ အသောကမင်းကြီး၏တိုင်တည်ချက်အရ သိကြားမင်းက စေလွှတ်လိုက်သဖြင့် ရောက်လာခြင်းဖြစ်ပေသည်။

သျှောင်ငါးထုံးနှင့်လှလင်သည် အသောကမင်းကြီးကို အရှိအသေပေးကာ -

"အရှင်မင်းကြီး၊ ယန္တရားစက်ရုပ်များကို ဤလေးဖြင့် ပစ်ခတ်၍ဖျက်ဆီးပါမည်" ဟု လျှောက်တင်၏။

အသောကမင်းကြီးကလည်း သမ္မာဒေဝနတ်သားဖြစ်ကြောင်း ရိပ်စားမိသဖြင့် "အသင်လှလင်၊ ပစ်ခတ်ပါလော့။ ဖျက်ဆီးပေးပါလော့" ဟု ခွင့်ပြုလိုက်၏။

ဤတွင် သျှောင်ငါးထုံးနှင့်လှလင်က လေးနှင့်ပစ်လိုက်ရာ စက်ရုပ်များသည် အစိတ်စိတ်ပြိုကွဲ၍ ရပ်စဲသွားကြတော့၏။

ဤတွင် အသောကမင်းကြီးသည် တံခါးပေါက်ဆီသို့ ချဉ်းကပ်လာလေရာ တန်းလန်းကျနေသည့်ကြိုးမှာ အရန်သင့်ဆွဲထားသည့်သော့ကို တွေ့လိုက်

ရ၏။ ထိုအနီးအပါးမှာပင် အလွန်တရာအဖိုးထိုက်တန်သည့် ပတ္တမြားတုံးကိုလည်း တွေ့လိုက်ရ၏။

ဤမျှလောက် အဖိုးထိုက်တန်သည့်ပတ္တမြားတုံးကို မြင်လိုက်ရခါမှ အသောကမင်းကြီး သဘောပေါက်သွား၏။

ဤသို့သောဓာတ်တော်တိုက်မျိုး တည်ဆောက်နိုင်လောက်အောင် ဘုန်းတန်ခိုးကြီးမားသည့်မင်းမှာ အဇာတသတ်မင်းကြီးပင် ဖြစ်ပေလိမ့်မည်။ ဤပတ္တမြားတုံးကြီးထားခဲ့သူမှာလည်း အဇာတသတ်မင်းကြီးပင် ဖြစ်ပေလိမ့်မည်ဟု တွက်ဆမိ၏။

အဇာတသတ်မင်းကြီးကို ကြည်ညိုသောစိတ်ဖြင့် ပတ္တမြားတုံးကြီးကို ကောက်ယူကြည့်ရှုမည့်ဆဲဆဲတွင် သူ့အနားမှာကပ်လျက်ရှိနေသည့် ရွှေပြားတစ်ခုမှ စာကြောင်းများကို တွေ့လိုက်ရ၏။

"အနာဂတ်ကာလ၌ ဆင်းရဲသောမင်းသည် ဤပတ္တမြားတုံးကိုယူပြီးလျှင် ဓာတ်တော်များကို ပူဇော်ပါစေသတည်း"

ဤစာကြောင်းများကို ဖတ်လိုက်သည်နှင့်တစ်ပြိုင်နက် အသောကမင်းကြီး မခံမရပ်နိုင်ဖြစ်သွား၏။ ငါကဲ့သို့သောမင်းကို ဆင်းရဲသောမင်းဟု ဆိုရသလောဟု ကြိမ်းမောင်းကာ ပတ္တမြားတုံးကြီးကို အကြိမ်ကြိမ် ပုတ်ခတ်မိ၏။

ထို့နောက်တွင်မှ စိတ်ကို ချုပ်တည်းကာ အရန်သင့်ရှိနေသောသော့ဖြင့် တံခါးကိုဖွင့်ပြီးလျှင် ဓာတ်တော်တိုက်ထဲသို့ ဝင်လိုက်၏။

အုံဩဖွယ်ကောင်းလှပါ၏။ ကြည်ညိုဖွယ်လည်း ကောင်းလှပါပေ၏။ နှစ်ပေါင်းနှစ်ရာကျော်က ထွန်းညှိထားခဲ့သော ဆီမီးတို့သည် ထိုနေ့အထိ ဝင်းဝင်းထိန်ထိန် တောက်လောင်နေဆဲဖြစ်ကြပါ၏။

နှစ်ပေါင်းနှစ်ရာကျော်က ပူဇော်ထားခဲ့သော ကြာညှိပန်းတို့သည် ထိုနေ့မှ စုံယူ၍ တင်လှူထားသကဲ့သို့ လန်းလန်းဆန်းဆန်းရှိနေကြပါပေ၏။

နှစ်ပေါင်းနှစ်ရာကျော်က ခင်းထားခဲ့သော ပန်းအခင်းသည် ထိုနေ့နံနက်ကမှ ခင်းထားသော ပန်းခင်းကဲ့သို့ သစ်သစ်လွင်လွင်ရှိနေဆဲဖြစ်ပါပေ၏။

နှစ်ပေါင်းနှစ်ရာကျော်က ပူဇော်ထားခဲ့သော နံ့သာမှုန့်တို့သည် ထိုနေ့မှ အမှုန့်ကြိတ်၍ ပူဇော်ထားဘိသကဲ့သို့ မွှေးကြိုင်၍နေကြပါပေ၏။

ဤမျှလောက် အုံဩဖွယ်ကောင်းသော၊ ဤမျှလောက် ကြည်ညိုဖွယ်ကောင်းသောအစီအမံတို့ကိုကား အဇာတသတ်မင်းကြီး မစွမ်းနိုင်ဂု။ သူ၏

ဆရာဖြစ်သော အရှင်မဟာကဿပ၏ အစီအမံများသာ ဖြစ်ပေလိမ့်မည်။ ဤမာတ်တော်တို့ကို သိမှီးခြင်းကိစ္စအားလုံးကို ဦးဆောင်ဦးရွက်ပြုကာ အရှင်မြတ်ကြီးကိုယ်တိုင် အဓိဋ္ဌာန်ပြုထားခဲ့၍ပင် ဖြစ်ပေလိမ့်မည်။

ဤသို့ အရှင်မြတ်ကြီး၏ဂုဏ်တော်၊ ကျေးဇူးတော်များကို မှန်းဆ၍ ကြည်ညိုနေဆဲမှာပင် ရွှေပြားပေါ်၌ အရှင်မြတ်ကြီးကိုယ်တိုင် ရေးထွင်းထားခဲ့သည့် စာကြောင်းများကို ဖတ်ရှုလိုက်ရ၏။

"အနာဂတ်ကာလ၌ ပိယဒဿီမည်သော မင်းသားသည် ထီးဖြူကို ဆောင်းပြီးလျှင် အသောကမည်သောမင်းကြီး ဖြစ်လာပေလတ္တံ့။ ထိုမင်းသည် ဤမာတ်တော်တို့ကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ ဖြန့်ဝေ၍ ပူဇော်ပေလတ္တံ့"

စာကြောင်းများကို ဖတ်ရှု၍ပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် အသောကမင်းကြီးသည် လက်ပမ်းပေါက်ခတ်လိုက်မိ၏။

"အရှင်မဟာကဿပကိုယ်တော်တိုင်က ငါ့ကို ကြိုတင်၍မြင်သွားပါပကော" ဟူ၍လည်း အားပါးတရ ရေရွတ်လိုက်မိ၏။

ထိုအရာထိုအရာတို့ထက် အသောကမင်းကြီး၏စိတ်ကို ပိုမို၍ရွင်လန်းစေသော၊ ပိုမို၍ကြည်ညိုစေသော အရာဝတ္ထုသည်ကား မြတ်စွာဘုရား၏ မာတ်တော်များပင် ဖြစ်ကြပေသည်။ အနာဂတ်အရေးကိုမျှော်တွေးကာ ရှစ်ပြည်ထောင်မင်းတို့၏စေတီတော်ရှစ်ဆူတို့မှ အရှင်မဟာကဿပ ယူဆောင်၍ သိမှီးထားခဲ့သည့် မာတ်တော်များပင် ဖြစ်ကြပေသည်။

အသောကမင်းကြီး မာတ်တော်တို့ကို အကြိမ်ကြိမ်ဦးခိုက်၍ အကြိမ်ကြိမ်ဖူးမြော်၍မဝနိုင်အောင် ဖြစ်နေရပါပေသည်။

❑

သာသနာ့ဆွေမျိုး သာသနာ့အတွင်းလူ

အသောကမင်းကြီးသည် ဓာတ်တော်များကို မြေပေါ်သို့ ပင့်ဆောင်စေပြီး လျှင် ဓာတ်တော်တိုက်ကို ပြန်ပိတ်ထားလိုက်၏။ အပေါ်က ကျောက်ပြားအမိုးကို နဂိုအတိုင်း ပြန်မိုးစေပြီးလျှင် တူးဖော်ထားသည့်မြေများကိုလည်း ပြန်ဖို့စေ၏။ ထိုမြေပေါ်တွင် ယခင်ရှိခဲ့သော ကျောက်စေတီအတိုင်း အသစ်ပြန်လည်၍တည် ထားစေ၏။

ထို့နောက် ကြီးကျယ်ခမ်းနားလှသောအစီအစဉ်ဖြင့် ဓာတ်တော်များကို ပင့်ဆောင်လာခဲ့ပြီးလျှင် နန်းဦးပြာသာဒ်မှာထား၍ ပူဇော်၏။ စိတ်ကျေနပ်လောက် အောင် ပူဇော်ပြီးမှ ဘုရားရှင်အသုံးပြုတော်မူခဲ့သည့် သပိတ်တော်တစ်လုံးစာတ် တော်တို့ကို ချန်ထားပြီးလျှင် ရှစ်သောင်းလေးထောင်သောစေတီတော်များ၌ ဌာပနာသွင်း၍ ပူဇော်ထားရန်ဖြန့်ဝေပေး၏။

ဤသို့ဖြင့် လွန်ခဲ့သောသုံးနှစ်အချိန်က လကို ရာဟုဖမ်းသောရက်တွင် စတင်လုပ်ဆောင်လာခဲ့သော ကုသိုလ်တော်လုပ်ငန်းအရပ်ရပ်သည် သုံးနှစ်စေ့ မြောက်၍ နောက်တစ်ဖန် လကို ရာဟုဖမ်းသောနေ့၌ ပြီးစီးကြ၏။ ကုသိုလ်တော် လုပ်ငန်းအသီးသီး၌ ကြီးကြပ်ဆောင်ရွက်ရသောအမတ်များထဲမှ လုပ်ငန်းပြီးစီး ကြောင်း လျှောက်တင်လွှာတို့သည်လည်း တစ်နေ့တည်းမှာပင် မင်းကြီးရှေ့ မှောက်သို့ ရောက်လာကြပေသည်။

ဤတွင် အသောကမင်းကြီးသည် ဤနေ့မှ နောက်ခုနစ်ရက်လွန်သော အခါ ကျောင်းပူဇော်ပွဲကြီးကျင်းပမည့်အကြောင်း တစ်မြို့လုံးကြားသိစေရန် စည် ဖြင့် လှည့်လည်ကြေညာစေ၏။ မြို့တော်သူမြို့တော်သားအားလုံး အဂါရုစ်ပါး၌ သော ဥပုသ်သီလကို စံယူဆောက်တည်ကြ၍ မြို့တွင်းရော၊ မြို့ပြင်ပါ ကျောင်း

ပူဇော်ပွဲကြီးအတွက် ပြင်ဆင်ထားကြရန် နှိုးဆော်စေ၏။ ခုနစ်ရက်လွန်၍ နောက်တစ်ရက်ရောက်လာသည်တွင်ကား ပါဠလိပုတ်မြို့တော်ကြီးတစ်ခုလုံးသည် နတ်ဘုံနတ်နန်းတမျှ သာယာလှပ၍နေပေပြီ။ မြို့တော်သူမြို့တော်သားအပေါင်းသည် မိမိတို့လမ်း၊ မိမိတို့အိမ်ကို အတင့်အတယ်ပြုပြင်မွမ်းမံကြကုန်လျက် သစ်လွင်တောက်ပသည့် ဝတ်စားတန်ဆာများ ဝတ်ဆင်ကြကုန်လျက် အရှန်သင့်စောင့်ကြို၍နေကြ၏။

အသောကမင်းကြီးသည်လည်း မင်္ဂလာဆင်တော်ကိုစီးလျက် စစ်အင်္ဂါလေးပါးတို့ခင်းကျင်းလျက် တစ်မြို့လုံးကိုလှည့်လည်ကြည့်ရှုပြီးလျှင် အသောကာရာမကျောင်းတော်သို့ လာ၏။ မြို့တော်သူမြို့တော်သားအပေါင်းကလည်း ကျောင်းတော်သို့ လိုက်ပါလာကြ၏။

ထိုအချိန်မှာပင် အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန်းများသည် အသောကာရာမကျောင်းတော်ကြီးနှင့်အပြည့် ရောက်ရှိနေကြ၏။ ရဟန်းများ၏ နောက်တွင် ရဟန်းမများ ရှိနေကြ၏။ အသောကမင်းကြီးသည် ရှိသေစွာ လက်အုပ်ချီလျက် ဘိက္ခု၊ ဘိက္ခုနီ နှစ်ရပ်သော သံဃာ့ပရိသတ်၏အလယ်သို့ ဝင်ရောက်ကာ သတ်မှတ်ထားသောနေရာ၌ ရှိသေစွာထိုင်၍ ဦးခိုက်ရှိခိုး၏။

ကြွရောက်လာကြသည့်ရဟန်းပရိသတ်ထဲတွင် အာသဝကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အမြောက်အမြား ပါဝင်၏။ စျာန်အဘိညာဉ်ရပုဂ္ဂိုလ်များလည်း အမြောက်အမြား ပါဝင်၏။ ထိုအရှင်မြတ်များသည် သာသနာ့ဒါယကာမင်းကြီး၏ သဒ္ဓါတရားများ တိုးတက်ပွားများလာစေရန် လောကဝိဝရဏာ ခေါ်သော တန်ခိုးပြာဋိဟာကို ဖန်ဆင်းကြ၏။ လောကဝိဝရဏာဟူသည်မှာ မြင်သင့်သမျှကို မြင်နိုင်အောင်၊ မြင်လိုသမျှကို မြင်နိုင်အောင် ကမ္ဘာလောကကြီးတစ်ခုလုံးကို ဟင်းလင်းပြင်ကဲ့သို့ဖြစ်အောင် ဖွင့်လှစ်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုလောကဝိဝရဏာ တန်ခိုးပြာဋိဟာ၏အစွမ်းအားဖြင့် အသောကမင်းကြီးသည် အသောကာရုံကျောင်းထက်မှာရပ်လျက် အရပ်လေးမျက်နှာသို့ လှည့်လည်ကြည့်ရှုလိုက်လေရာ သမုဒ္ဒရာဖြင့် အနားသတ်ထားသည့် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးကို ရှုမြင်ရ၏။ ထို့ဇမ္ဗူဒိပ်ကျွန်းပေါ်က ရှစ်သောင်းလေးထောင်သော ကောင်းမှုတော်အသီးသီးကိုလည်း ရှုမြင်ရ၏။ ကောင်းမှုတော်အသီးသီးတွင် သက်ဆိုင်ရာမြို့သူမြို့သားများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျောင်းပူဇော်ပွဲများ ကျင်းပနေကြသည်ကိုလည်း ရှုမြင်ရ၏။

"ဩော် ... ကောင်းလေစွတကား၊ ဩော် ... ကောင်းလေစွတကား"

မင်းကြီးသည် မိမိ၏ကုသိုလ်ကောင်းမှုကို မိမိဘာသာ အကြိမ်ကြိမ်သာဓု ခေါ်ရင်း တစ်စုံတစ်ခုကို တွေးမိလာ၏။ သိချင်စိတ်တစ်ခု ဝင်ရောက်လာ၏။ ထို့ကြောင့် နေရာမှာ ပြန်ထိုင်၍ လက်အုပ်ချီမိုးရှိခိုးပြီးလျှင် –

"အရှင်ဘုရားတို့၊ လောကသုံးပါး၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော၊ အားတော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ဝယ် အကြီးမားဆုံးသောအလှူကို အဘယ်သူ ပေးလှူခဲ့ပါသနည်း။ အဘယ်သူ၏အလှူက အကြီးမြတ်ဆုံးဖြစ်ပါသနည်း" ဟု မေးလျှောက်၏။

ထိုကဲ့သို့သော အမေးစကားမျိုးသည် တစ်ခွန်းတည်းနှင့် မပြီးတတ်ပေ။ နောက်ဆက်တွဲမေးခွန်းတွေ ပါလာတတ်၏။ သာသနာတော်ကြီးအတွက် အလွန်အရေးပါသည့်အချက်အလက်များလည်း ဖြစ်နေတတ်၏။ ထို့ကဲ့သို့သောမေးခွန်းမျိုးကို အတိမ်းအစောင်းမရှိဘဲ ဖြေဆိုရန်မှာမလွယ်ပါ။ ထို့ကြောင့် သံဃာ့ပရိသတ်တစ်ရပ်လုံးက သံဃနာယကအရှင်မောဂ္ဂလိပုတ္တတိဿအား တာဝန်ပေးအပ်ကြရပေသည်။

အရှင်မောဂ္ဂလိပုတ္တတိဿသည် သံဃာတော်တို့၏တာဝန်ပေးအပ်ချက်ကို လက်ခံပြီးလျှင် –

"မင်းကြီး၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်မှာလည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာတော်မှာလည်းကောင်း သင်မင်းကြီးနှင့်အတူ ပေးလှူနိုင်သောပုဂ္ဂိုလ်ဟူ၍ မရှိခဲ့ပေ။ သင်မင်းကြီး၏အလှူသည်သာလျှင် အကြီးမြတ်ဆုံးဖြစ်ပေသည်"

ဤအဖြစ်ကားကိုကြားလိုက်ရသည်တွင် အသောကမင်းကြီး၏တစ်ကိုယ်လုံး နှစ်သိမ့်ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်းတို့ ပုံးလွှမ်းသွားကြ၏။ နှစ်သိမ့်ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်းတို့မှ ရိုက်ခတ်လာသည့်အရသာကို ဓနှာကိုယ်အစိတ်အပိုင်းအားလုံးမှ ခံစားသိရှိရ၏။ ဤသို့သိရှိလိုက်ရ၍လည်း ပိုမို၍အားရကျေနပ်ကာ –

"အရှင်ဘုရားတို့၊ ထိုသို့ဖြစ်ပါလျှက် တပည့်တော်သည် သာသနာ့ဒါယာဒဖြစ်ပါပြီလော" ဟု ဆက်လက်မေးလျှောက်၏။

ထိုလျှောက်ထားချက်တွင် ပါဝင်သည့် သာသနာ့ဒါယာဒဟူသော ပါဠိဝေါဟာရကို တိုက်ရိုက်အားဖြင့် အဓိပ္ပာယ်ပြန်ကြည့်ပါက သာသနာတော်၏

အမွေကို စားသုံးခွင့်ရှိသူ (ဝါ) ခံယူခွင့်ရှိသူဟူ၍ ဖြစ်၏။ ထိုအဓိပ္ပာယ်ကိုယူ၍ ဖြေကြားရမည်ဆိုပါက 'သာသနဒါယာဒ ဖြစ်ပါပြီ" ဟူ၍သာ ဖြစ်ပါလိမ့်မည်။ မှန်ပါသည်။ ဤသာသနာတော်တွင်း၌ ဒါန၊ သီလ အစရှိသည့် ကုသိုလ်ကောင်းမှုတစ်ခုခုပြုလုပ်သူတိုင်းသည် မြတ်စွာဘုရား၏ အမွေတော်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရှိခံစားနိုင်ကြ၏။ အသောကမင်းကြီးကဲ့သို့သော သာသနာ့ဒါယကာကြီးမှာမူ အဘယ်ဆိုဖွယ်ရာရှိပါမည်နည်း။

သို့ရာတွင် အရှင်မောဂ္ဂလိပုတ္တတိဿကမူ ဤသို့သောအဓိပ္ပာယ်ဖြင့် ဖြေကြားခြင်းမပြုမီ အသောကမင်းကြီး၏ နောက်ပါးမှာရှိနေသည့်မဟိန္ဒမင်းသား၏ မျက်နှာကို လှမ်းကြည့်မိ၏။ မဟိန္ဒမင်းသားသည် ဤဘဝ ဤခန္ဓာဖြင့်ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်မည့်ပါရမီရှင်ဖြစ်နေ၏။ မဟိန္ဒမင်းသားနှင့် ဆက်စပ်ကာ နှမတော် သဃ်မိတ္တာမင်းသမီးကိုလည်း ကြည့်လိုက်မိ၏။ သာသနာတော်ကြီး အဝန့်ရှည်ရေးနှင့် တိုးတက်ပြန့်ပွားရေးတွင် ဤမောင်နှမနှစ်ဦးသားတို့၏ စွမ်းအားကို အားကိုးအားထားပြုရမည့်အလားအလာရှိနေ၏။

ထို့ကြောင့် သာသနဒါယာဒ ဟူသော ဝေါဟာရ၏ တိုက်ရိုက်အဓိပ္ပာယ်ကို မကောက်ယူဘဲ သာသနာတော်၏ ဆွေမျိုး၊ သာသနာတော်၏ အတွင်းလူဟူသော အဓိပ္ပာယ်ကိုကောက်ယူကာ ဤသို့ဖြေကြားလိုက်ရပေတော့သည်။

"မင်းကြီး၊ သာသနဒါယာဒ ဟူသည်မှာ သာသနာတော်၏ ဆွေမျိုး၊ သာသနာတော်၏ အတွင်းလူပင် ဖြစ်ပေ၏။ သာသနာတော်၏ ဆွေမျိုး၊ သာသနာ၏ အတွင်းလူဖြစ်နိုင်ရန်မှာ ဤမျှလောက် လှူဒါန်းခြင်းဖြင့် မဖြစ်နိုင်သေးချေ။ စင်စစ်ကားဖြင့် ပစ္စည်းလေးပါးဒါယကာဟူ၍လည်းကောင်း၊ ပြုစုလုပ်ကျွေးသူဟူ၍လည်းကောင်း ခေါ်ဆိုရုံသာ ရနိုင်ပါသေးသည်။ ဤမဟာပထဝီမြေအပြင်မှ အထက်ဗြဟ္မာ့ဘုံအထိ လှူဖွယ်ပစ္စည်းတွေ စုပုံ၍လှူသော အလှူရှင်သည်ပင် သာသနာတော်၏ ဆွေမျိုး၊ သာသနာတော်၏ အတွင်းလူ မဖြစ်နိုင်သေးပေ"

အကယ်၍ မတုန်လှုပ်သော သဒ္ဓါတရားရှင်သာမဟုတ်ပါက ဤအဖြေစကားဖြင့် စိတ်ပျက်သွားရပေလိမ့်မည်။ ရွှင်လန်းခဲ့လေသမျှ၊ အားတက်ခဲ့လေသမျှ လျှောကျ၍သွားရပေလိမ့်မည်။ သို့ရာတွင် အသောကမင်းကြီးကတော့ ဤမျှလောက်နှင့် စိတ်ပျက်မသွားပါ။ ဤနည်းဖြင့်မဖြစ်နိုင်ပါက အခြားနည်းဖြင့် ဖြစ်နိုင်ရန် အမြဲတမ်းစိတ်အားထက်သန်နေသူဖြစ်၏။ ထို့ကြောင့် –

"အရှင်ဘုရား၊ ထိုသို့ဖြစ်ပါလျှင် အဘယ်သို့သောနည်းဖြင့် သာသနာတော်၏ ဆွေမျိုး၊ သာသနာတော်၏အတွင်းလူ ဖြစ်နိုင်ပါမည်နည်း"

"မင်းကြီး၊ ဤလောက၌ ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ မိမိ၏သား သမီးအရင်းအချာကို သာသနာတော်တွင်းသို့ သွတ်သွင်း၏။ ထိုသူသည် သာသနာတော်၏ ဆွေမျိုးဖြစ်ပေ၏။ သာသနာတော်၏အတွင်းလူ ဖြစ်ပေ၏"

ဤအဖြေစကားကိုကြားနာရသည့်အဆုံးတွင် အသောကမင်းကြီးသည် မိမိနောက်ပါးမှာရှိနေသည့် သားတော်မဟိန္ဒကို လှည့်ကြည့်မိ၏။ ညီတော်တိသ ရဟန်းဘောင်ဝင်ရောက်သွားသည့်အချိန်ကတည်းက သည်သားတော်ကို အိမ်ရှေ့မင်းအရာပေးအပ်ရန် ရည်ရွယ်ထားခဲ့၏။ ယခုတော့ အိမ်ရှေ့မင်းအရာထက် မြင့်မြတ်ရာသို့ ပို့ဆောင်ရပေတော့မည်။

သို့ရာတွင် ဤသို့သောကိစ္စမျိုးတွင် မိမိက အမိန့်အာဏာသုံး၍မဖြစ်ပေ။ ကာယကံရှင်၏သဘောဆန္ဒအတိုင်းသာ ဖြစ်သင့်၏။ ထို့ကြောင့် -

"သားတော်၊ သင်သည် ရဟန်းပြုရန် စွမ်းနိုင်ပါမည်လော"

ဟု ဆန္ဒတောင်းခံကြည့်လိုက်ရ၏။

သားတော်မဟိန္ဒမင်းသားကိုယ်တိုင်ကလည်း ဘထွေးတော် ရဟန်းပြုစဉ်ကပင် အတူလိုက်၍ ရဟန်းပြုရန် စိတ်ထက်သန်ခဲ့၏။ ခမည်းတော်ထံခွင့်ပန်လျှင် ရဟန်းပြုခွင့်ရမှရပါမည်လောဟူသော ကြောင့်ကြစိတ်ဖြင့် အခါအခွင့်ကိုသာစောင့်ကြည့်နေခဲ့ရ၏။ ယခု ခမည်းတော်၏နှုတ်ဖျားမှ မိမိတောင့်တနေခဲ့သည့် စကားသံကို ကြားလိုက်ရသဖြင့် အတိုင်းမသိဝမ်းမြောက်ကာ -

"ခမည်းတော်မင်းမြတ်၊ သားတော် ရဟန်းပြုနိုင်ပါပေသည်"

ဟု အဖြေပေးလိုက်၏။

အသောကမင်းကြီးသည် သားတော်၏အဖြေစကားကို အားရကျေနပ်စွာလက်ခံပြီးလျှင် သမီးတော် သဃ်မိတ္တာထံသို့ မျက်နှာမူလျက် -

"သမီးတော်ကကော ရဟန်းပြုရန် စွမ်းနိုင်ပါမည်လော" ဟု မေးလိုက်၏။

သားတော် မဟိန္ဒက လူဖျိုလူလွတ်ရှိသေးသော်လည်း သမီးတော်သဃ်မိတ္တာကတော့ ဝမ်းကွဲမောင်ထော်သူ အဂ္ဂိဗြဟ္မာမင်းသားနှင့် အိမ်ထောင်ကျပြီးဖြစ်၏။ သူတို့ဇနီးမောင်နှံမှာ သားကလေးတစ်ယောက် ဖွားမြောက်ထား၏။ သူသည်လည်း ဓင်ပွန်းသည် သာသနာ့ဘောင် ဝင်ရောက်သွားကတည်းက ဘုရားလိုက်ရန် စိတ်ညွှတ်ထားပြီးဖြစ်နေ၍ -

"သမီးတော် ရဟန်းပြုနိုင်ပါသည် ခမည်းတော်ဘုရား" ဟု ဝမ်းပန်းတသာ ဖြေကြားလိုက်ပေသည်။

ဤတွင် အသောကမင်းကြီးက –

"အရှင်ဘုရားတို့၊ တပည့်တော်၏ ဤသားနှင့်သမီးတို့ကို သာသနာ့ ဘောင်သို့ သွတ်သွင်းပြီးလျှင် တပည့်တော်အား သာသနာ၏ ဆွေမျိုး၊ သာသနာ၏ အတွင်းလူဟူ၍ မှတ်ယူတော်မူကြပါဘုရား"

ဤသို့ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားလိုက်ပေသည်။

သံဃာတော်များသည် မင်းကြီး၏ လျှောက်ထားချက်ကို လက်ခံပြီးလျှင် သားတော် မဟိန္ဒမင်းသားကို ပထမဦးစွာ ရှင်ပြုပေးကြ၏။ ရှင်ပြုပေးရာ၌ ဥပဇ္ဈာယ်ဆရာမှာ အရှင်မောဂ္ဂလိပုတ္တာတိသဖြစ်၍ စာပေပို့ချရန်တာဝန်ခံရသူမှာ အရှင်မဟာဒေဝဖြစ်၏။ ထိုအချိန်မှာပင် သာမဏေ ရှင်မဟိန္ဒမှာ အသက်နှစ်ဆယ် ပြည့်နေပြီဖြစ်၍ ဆက်လက်၍ ရဟန်းခံပေးရန် စီစဉ်ကြရ၏။ ရဟန်းခံရာ၌ ဥပဇ္ဈာယ်ဆရာမှာ အရှင်မောဂ္ဂလိပုတ္တာတိသပင်ဖြစ်၍ နိဿရည်းဆရာသည်ကား အရှင်မဇ္ဈန္တိကဖြစ်ပေသည်။

ထိုအချိန်တွင် သမီးတော် သဃ်မိတ္တာသည် အသက်တစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်၏။ ဘိက္ခုနီပါတိမောက်အရ အိမ်ထောင်ကျပြီးသောအမျိုးသမီးဖြစ်၍ ထိုအသက်အရွယ်တွင် ရဟန်းပြုခွင့်ရနေပါပြီ။ သို့ရာတွင် ယောကျ်ားသားများကဲ့သို့ သာမဏေဘောင်၊ ရဟန်းဘောင်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်မရသေးပါ။ ဘိက္ခုနီပါတိမောက်နှင့်အညီ ပထမဦးစွာ သိက္ခာမာန်ပြုရပါသေး၏။

သိက္ခာမာန် သဃ်မိတ္တာအား ဘိက္ခုနီပြုပေးသောအခါ ဥပဇ္ဈာယ်အဖြစ် ဆောင်ရွက်ပေးရန် တာဝန်ခံထားသူမှာ ဓမ္မပါလီထေရီဖြစ်၍ နိဿရည်းဆရာအဖြစ် ဆောင်ရွက်ပေးရန် တာဝန်ခံထားသူမှာ အာယုပါလီထေရီဖြစ်ပေသည်။

ပါရမီဉာဏ်ရင့်သန်ခဲ့ပြီးဖြစ်သော အရှင်မဟိန္ဒသည် ဥပသမ္ပဒကံဆောင်ပေးရာ သိမ်ထဲမှာပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခဲ့ပေသည်။

❑

အလင်းသစ်စာပေ

သာသနာ့ဘေးအန္တရာယ်ကြီး

ဘုရင့်သားတော်အဖြစ်မှ ဘုရားသားတော်အဖြစ်သို့ ကူးပြောင်းလာခဲ့သော အရှင်မဟိန္ဒသည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် ရဟန်းတို့၏ ပြုဖွယ်ကိစ္စအား လုံး ပြီးစီးသွားပြီဖြစ်၏။ သိဖွယ်ရှိသမျှတရားအား လုံးကို သိပြီးဖြစ်သွား၏။ တရားသိရေးအတွက် နောက်ထပ်တစ်ဖန်ပြုရန်ကိစ္စ မရှိတော့ပါ။

သို့ရာတွင် မြတ်စွာဘုရား ထားတော်မူခဲ့သည့် တရားဘဏ္ဍာတော်များကို ထိန်းသိမ်းရေးအတွက်ကား စာပေသင်ကြားရပါသေးသည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဤသို့သောစာပေသင်ကြားခြင်းကို ဘဏ္ဍာဂါရိက ပရိယတ္တိဟု ခေါ်ဆိုရပေသည်။

တရားဘဏ္ဍာတော်များကို ထိန်းသိမ်းထားနိုင်ရေးအတွက် အရှင်မဟိန္ဒသည် အရှင်မောဂ္ဂလိပုတ္တတိဿအထံမှ ဒေသနာတော်များကို သင်ယူမှတ်သား၏။ သင်ကြားပြသနာနှစ်ကြိမ်တင်ထားခဲ့သော ပိဋကသုံးပုံပါဠိတော်များကို အဋ္ဌကထာ ပွင့်ဆိုချက်များနှင့်တကွ သင်ယူလေ့လာ၏။ ရဟန်းဘောင်ရောက်သည့်နေ့က စတင်၍ သင်ယူလာခဲ့သည့် ပရိယတ္တိလုပ်ငန်းသည် သုံးနှစ်အကြာတွင် ပြီးဆုံးသွား၏။ ဥပဇ္ဈာယ်အရှင်မြတ်ကြီး၏ကိုယ်စား တပည့်ရဟန်းတစ်ထောင်ကျော်တို့ကို ဦးဆောင်ဦးရွက်ပြုကာ ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံးဖြင့် နည်းပေးလမ်းပြပြုလာခဲ့ရပေသည်။

မဟိန္ဒမင်းသားဘဝတုန်းက တိုင်းသူပြည်သားလူအများ၏ ချစ်ခင်လေးစားခြင်းကို ခံယူခဲ့ရ၏။ ယခု သာသနာ့ဘောင်ရောက်သည်တွင်ကား လူများသာမက သီတင်းသုံးဖော်အချင်းချင်းကပါ ကြည်ညိုလေးစားကြရ၏။ ဤသို့ကြည်ညိုရုံ လေးစားရုံခြင်းမှာ ဘုရင့်သားဆောက်ဖြစ်နေ၍မဟုတ်ပေ။ အရှင်မဟိန္ဒ၏

သီလ၊ သမာဓိ၊ ဉာဏ်ပညာသုံးဖြာသော ဂုဏ်ကျေးဇူးတို့ကြောင့် ဖြစ်ပေသည်။

ထို့အတူပင် အရှင်တိသဿ၏ ဂုဏ်သတင်းကျော်စောခြင်းမှာလည်း အိမ်ရှေ့မင်းဖြစ်ခဲ့၍မဟုတ်ပေ။ သာသနာတော်တွင်းသို့ ရောက်ရှိခါမှ ရလာခဲ့သော ဂုဏ်ကျေးဇူးတို့ကြောင့် ဖြစ်ပေသည်။

ထိုမှတစ်ဖန် သာမဏေကျော် ရှင်နိဂြောဓသည်လည်း သာသနာတော်ကြီး၏ ဂုဏ်ကျက်သရေဆောင်ဖြစ်ပါ၏။ ဘထွေးတော် အသောကမင်းကြီး၏ ချီးမြှောက်ခြင်းကို ထူးထူးခြားခြား ခံယူရသူဖြစ်သည့်အတိုင်း သာသနာ့ဝန်ထမ်းရှင်ရဟန်းမှန်လျှင် သူ့ဘုန်းသူ့ကံကို အမှီအခိုမပြုရသူမရှိဟု ဆိုရလောက်အောင် လာဘ်ပေါများသူ ဖြစ်နေပေသည်။

နိဂြောဓသာမဏေကိုအကြောင်းပြု၍ပင် သူ၏ဥပဇ္ဈာယ်ဆရာ အရှင်ဝရဏာကိုလည်း ဆည်းကပ်ကြည်ညိုသူတွေ ပေါများလှပေသည်။

ထို့အတူပင် အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝ၊ အရှင်ရက္ခိတ၊ အရှင်ယောနကဓမ္မရက္ခိတ၊ အရှင်မဟာဓမ္မရက္ခိတ၊ အရှင်မဟာရက္ခိတ၊ အရှင်မဇ္ဈိမ၊ အရှင်သောဏနှင့် အရှင်ဥတ္တရ စသော ရဟန္တာအရှင်မြတ်ကြီးတို့ ထီးထီးမားမားရှိနေ၍လည်း သာသနာတော်ကြီးသည် အလွန်စည်ပင်ဝပြော၍ နေပေသည်။

"ဤကဲ့သို့ စည်ပင်ဝပြောနေသည့် သာသနာတော်ကြီးတွင် ဆူးငြောင့်ခလုတ်တို့ မပေါ်လာလျှင် ကောင်းလေစွ။ အညစ်အကြေးတွေ မပေကျံလာလျှင် ကောင်းလေစွ။ ခိုးသားဓားပြတွေ ထကြွသောင်းကျန်းမလာလျှင် ကောင်းလေစွ"

အရှင်မောဂ္ဂလိပုတ္တတိဿသည် ဤသို့ပင် အခါခါတောင့်တနေမိ၏။

လက်နက်စွဲကိုင်၍ လုယက်တိုက်ခိုက်ခြင်းမပြုသော်ငြားလည်း သာသနာတော်ကို ကြည်ညိုရှိလှူဒါန်းသည့် ပစ္စည်းလေးပါးတို့ကို မစားသုံးထိုက်ဘဲ စားသုံးပါက မည်သူမဆို ခိုးသားဓားပြစာရင်းဝင်ပင်ဖြစ်ပေသည်။

အရှင်မောဂ္ဂလိပုတ္တတိဿ တောင့်တနေသည့်ကြားကပင် သာသနာတော်၏ ဆူးငြောင့်ခလုတ်တို့က ပေါ်လာကြပေပြီ။ သန့်ရှင်းလှစွာသော သာသနာတော်ကို အညစ်အကြေးတွေ ပေကျံလာကြပေပြီ။ တရားဥပဒေဖြင့် အရေးယူ၍မရနိုင်သည့် ခိုးသားဓားပြတွေ ပေါ်လာကြပေပြီ။

ဤသို့သော ဆူးငြောင့်ခလုတ်များသည် မိမိလက်ထက်ကျမှ ပေါ်ပေါက်လာသည်တော့ မဟုတ်ပါ။ မိမိ၏ဆရာနှစ်ဆူဖြစ်သော အရှင်သိဂ္ဂဝနှင့် အရှင်စက္ကဝဠိတို့ ငယ်စဉ်ကတည်းကပင် ရှိနေခဲ့ကြပေသည်။

အလင်းသစ်စာပေ

သူတို့သည် အရှင်ယသ၊ အရှင်ရေဝတ အစရှိသည့် ဒုတိယသင်္ဂီယနာတင်အရှင်မြတ်ကြီးတို့ကိုအာခံကာ မဟာသံဃိကဟူသောအမည်ဖြင့် ဂိုဏ်းခွဲ၍ ထူထောင်ခဲ့ကြ၏။ သူတို့သည်ကား ဤသာသနာတော်၌ ဂိုဏ်းခွဲထူထောင်သူတို့၏ဦးဆောင်လမ်းပြပုဂ္ဂိုလ်ကြီးများ ဖြစ်ကြလေရာ မကြာမီမှာပင် နောက်ပုဂ္ဂိုလ်များကလည်း သူတို့လမ်းပြသည့်အတိုင်း လိုက်လာကြကာ ဂိုဏ်းခွဲကြပြန်ပေသည်။

ပထမဆုံး ဂိုဏ်းခွဲထွက်လာခဲ့သော မဟာသံဃိတိမှ ဂေါကုလိကနှင့် ဒကပ္ပေါဟာရိက ဟူသော နှစ်ဂိုဏ်းခွဲထွက်လာခဲ့၏။ ဂိုဏ်းခွဲလက်စရှိလာပြီဖြစ်၍ မကြာမီမှာပင် ဂေါကုလိကဂိုဏ်းမှ ပဏ္ဏတ္တိဝါဒနှင့် ဗာဟုလိယဟူ၍ နှစ်ဂိုဏ်းခွဲထွက်လာကြပြန်၏။ ဗာဟုလိယကို ဗာဟုသုတိက ဟူ၍လည်း ခေါ်ကြ၏။ ထိုဗာဟုလိယဂိုဏ်းထဲမှပင် စေတိယဝါဒဟူ၍ ဂိုဏ်းသစ်တစ်ခု ခွဲထွက်လာပြန်၏။ ဤသို့အားဖြင့် ပထမဆုံးဂိုဏ်းခွဲ၍ထွက်လာခဲ့သော မဟာသံဃိကနှင့်တကွ ဆက်၍ဆက်၍ ခွဲထွက်လာခဲ့ကြသောငါးဂိုဏ်းတို့ကို ပေါင်း၍ရေတွက်သော် မဟာသံဃိကအုပ်စုတွင် ခြောက်ဂိုဏ်းရှိလာပေသည်။

မဟာသံဃိကတို့ ဂိုဏ်းခွဲ၍ထွက်လိုက်ခြင်းသည် မိမိဂိုဏ်းမှ ဂိုဏ်းခွဲများဆက်၍ ပေါ်ထွက်လာအောင် အစပြုပေးရုံသာမဟုတ်ပေ။ ပင်ရင်းမူလထေရဝါဒဂိုဏ်းကြီးကို ကွဲထွက်လာအောင် လှုံ့ဆော်ပေးသကဲ့သို့လည်း ဖြစ်သွား၏။ ဒုတိယသင်္ဂါယနာကို ဦးဆောင်ဦးရွက်ပြုခဲ့ကြသည့် မထေရ်မြတ်ကြီးများ မျက်နှာလွဲသွားကြသည့်အခါတွင် ထေရဝါဒမှလည်း ဂိုဏ်းကွဲများ ပေါ်ထွက်လာကြ၏။

ပင်ရင်းမူလ ထေရဝါဒမှ ပထမဦးစွာ မဟီသာသကနှင့် ဝဇ္ဇိပုတ္တကဟူ၍ နှစ်ဂိုဏ်း ကွဲထွက်လာ၏။ ထိုမှတစ်ဖန် ကွဲလက်စရှိလာပြီမို့ ဝဇ္ဇိပုတ္တကဂိုဏ်းမှ ဓမ္မုတ္တရိယ၊ ဘဒြယာနိက၊ ဆန္နာဂါရိက၊ သမိတိဟူ၍ လေးဂိုဏ်းကွဲထွက်လာပြန်၏။ မဟီသာသကဂိုဏ်းမှာလည်း ဝဇ္ဇိပုတ္တကတို့ကို အားကျကာ သဗ္ဗတ္ထိဝါဒနှင့် ဓမ္မဂုတ္တိကဟူ၍ နှစ်ဂိုဏ်းကွဲလာကြပြန်၏။ ထိုမှတစ်ဖန် သဗ္ဗတ္ထိဝါဒဂိုဏ်းမှ ကဿပိကဟူသော ဂိုဏ်းကွဲတစ်ခု ထွက်လာပြန်၏။ ထိုကဿပိကဂိုဏ်းမှလည်း သင်္ကန္တိက ဟူ၍ ဂိုဏ်းကွဲတစ်ခု ထွက်လာပြန်၏။ ထိုသင်္ကန္တိကဂိုဏ်းမှလည်း သုတ္တဝါဒဟူသော ဂိုဏ်းသစ်တစ်ခု ခွဲထွက်လာခဲ့ပြန်ပေသည်။

ဤသို့အားဖြင့် သာသနာတော်မထေရ်ကြီးများ၏ မူဘတ်ိုင်း တစ်သမတ်တည်းရပ်တည်လာခဲ့သော ပင်ရင်းမူလ ထေရဝါဒသည်ပင်လျှင် မိမိမှ ကွဲထွက်

သွားသည့် ဂိုဏ်းကွဲများကိုအကြောင်းပြုကာ သီးခြားဂိုဏ်းတစ်ခုအဖြစ်ဖြင့် အသတ်မှတ်ခံလာခဲ့ရပေတော့သည်။

ဤသို့အားဖြင့် သာသနာတော်နှစ်တစ်ရာ၏ ဤမှာဘက်၌ ကွဲပြားလာခဲ့ကြသော ဂိုဏ်းများသည် အသောကမင်းကြီးလက်ထက်သို့ရောက်လာသော အခါ တစ်ဆယ့်ရှစ်ဂိုဏ်းအထိ ရှိလာခဲ့ပေပြီ။ ဆက်လက်၍ ဂိုဏ်းကွဲဦးမည့် အလားအလာများလည်း ရှိနေကြပါသေးသည်။

ရှေးမင်းများလက်ထက်တုန်းကတော့ ထေရဝါဒအနွယ်ဝင်များကို အားပေးသောမင်းနှင့် မဟာသံဃိကအနွယ်များကို အားပေးသောမင်းဟူ၍သာ ကွဲပြားခဲ့ကြသေး၏။ ထေရဝါဒအားကောင်းသောနိုင်ငံ၊ မဟာသံဃိကအားကောင်းသော နိုင်ငံဟူ၍လည်း နိုင်ငံချင်း ကွဲပြားခဲ့ကြသေး၏။ ယခု အသောကမင်းကြီး လက်ထက်တွင်ကား ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးလိုလိုပင် အစိုးရနေပြီဖြစ်၍ ဟိုမင်းသည်မင်းဟူ၍ မရှိနိုင်တော့ပြီ။ ဟိုနိုင်ငံသည်နိုင်ငံဟူ၍ မကွဲပြားနိုင်တော့ပြီ။ အသောကမင်းကြီး၏ ရက်ရောလှသော အလှူဒါနများကိုအကြောင်းပြုကာ ဂိုဏ်းအသီးသီးက ရဟန်းများသည် အသောကာရုံကျောင်းတော်ကြီးသို့ ခိုဝင်လာကြပေပြီ။

စောစောတုန်းက ဝိနည်းကျင့်ဝတ်များကို ပစ်ပယ်ထားခဲ့ကြသည့် မဟာသံဃိကအနွယ်ဝင်များသည် အသောကမင်းကြီး ကိုးကွယ်အားထားလျက်ရှိသော အရှင်မောဂ္ဂလိပုတ္တတိဿ စသော မထေရ်မြတ်ကြီးများအရှိန်အဝါကြောင့် သိမ်ဝင်ခြင်း၊ ဥပုသ်ပြုခြင်း စသည်တို့တွင် ပါဝင်လာကြ၏။

သူတို့သည် အယူအဆမတူမျှ၍သာ ဂိုဏ်းကွဲခဲ့ကြရ၏။ ထေရဝါဒကဲ့သို့ အပြည့်အဝကြီး မဟုတ်သော်ငြားလည်း ဘုရားရှင်၏အဆုံးအမကို တချို့တစ်ဝက်တော့ ခံယူကြပါသေးသည်။ သူတို့ထက်ပို၍ဆိုးသည်ကား ဘုရားရှင်၏ အဆုံးအမကို လုံးဝမခံယူခဲ့သောတိတ္ထိများ ဖြစ်ကြ၏။ သူတို့သည် အပြင်အပမှာ စားဝတ်နေရေးများ လုံးဝမပြေလည်တော့သဖြင့် ရဟန်းများထံ ချဉ်းကပ်၍ ရဟန်းအဖြစ် ခံယူကြ၏။ ရဟန်းများက လက်မခံပယ်လှန်လိုက်သူများကလည်း ကိုယ့်ဘာသာ သက်နှံးဆီးကာ ဝင်ရောက်လာကြ၏။

စားဝတ်နေရေးကိုအကြောင်းပြု၍ သာသနာတော်တွင်းသို့ ဝင်ရောက်လာခဲ့ကြသော်ငြားလည်း သူတို့သည် ရှိရင်းစွဲအယူဝါဒများကို မစွန့်ပယ်ကြပါ။ ဝတ်ထားသည့်သင်္ကန်းကြီးများကိုမှ အားမနာဘဲ သာသနာတော်နှင့်ဆန့်ကျင်

သည့်အကျင့်များကို ကျင့်သုံးနေကြ၏။ သာသနာတော်နှင့်ဆန့်ကျင်သည့်အယူဝါဒများကို ဖြန့်ဖြူးနေကြ၏။ သည်ကြားထဲမှာပင် လပြည့်လကွယ်နေ့များ၌ ရဟန်းများ ဥပုသ်ပြုသောအခါ ပါဖြစ်အောင်ပါလိုက်ကြပါသေးသည်။ ပဝါရဏာပြုရာမှာလည်း ပါလိုက်ကြပါသေးသည်။ အခြားအခြားသော ကံကြီးကံငယ်တို့မှာလည်း မပါရပါရအောင် ကြိုးစားလိုက်ကြပါသေးသည်။

အရှင်မောဂ္ဂလိပုတ္တတိဿနှင့်တကွ ပင်ရင်းမူလ ထေရဝါဒရဟန်းများသည် သူတို့၏အကျင့်များနှင့် သူတို့၏အယူဝါဒများကို ပယ်ဖွန့်ရန် ဝိနည်းတော်နှင့်အညီ ကြိုးစားကြပါ၏။ သို့ရာတွင် သူတို့ဘက်က အဆမတန် အရေအတွက်များနေသည်ဖြစ်၍ ကြိုးစားသမျှ အရာမထင်နိုင်ပါချေ။

ဤသို့ ကြိုးစား၍အရာမထင်သောအခါ ထေရဝါဒရဟန်းများသည် ထိုရဟန်းအတုအယောင်များနှင့်အတူ ဥပုသ်မပြုဘဲ နေလိုက်ကြတော့၏။

ဤတွင် အရှင်မောဂ္ဂလိပုတ္တတိဿသည် ယခင်ဘဝကတည်းက ကြားသိခဲ့ရသည့်စကားများကို သတိရလာ၏။ မိမိ၏ဆရာနှစ်ဆူနှင့်တကွ ဆရာ့ဆရာကြီးများ ဟောကိန်းထုတ်ထားခဲ့သည့် သာသနာ့ဘေးအန္တရာယ်ကြီးပေါ်ပေါက်လာပါပကောဟု သဘောပါက်လာ၏။

ဤဘေးအန္တရာယ်ကြီးသည်ကား သည်ထက်သည် ပြင်းထန်လာဖို့သာရှိပေတော့သည်။ ဤရဟန်းများကြားထဲမှာသာ ဆက်၍နေပါက မိမိမှာ အေးအေးချမ်းချမ်းနေရတော့မည်မဟုတ်ပေ။ ဤဘေးအန္တရာယ်ကြီးကို ဖယ်ရှားပေးနိုင်မည်လည်း မဟုတ်ပေ။

ထို့ကြောင့် မိမိ၏တပည့်ပရိသတ်များကို အရှင်မဟိန္ဒထံ အပ်နှံကာ အဟောဂင်္ဂါမည်သော တောင်သို့ တစ်ပါးတည်း ကြွသွားလေတော့သည်။

အမတ်မိုက်၏မိုက်များမှု

အရှင်မောဂ္ဂလိပုတ္တာတိဿ မျက်နှာလွှဲထားခဲ့သည့်နောက်တွင် အတု အယောင်ရဟန်းများသည် သာ၍ပင် အားကောင်းလာကြ၏။ စကတည်းကပင် သူတို့သည် ဝိနည်းသိက္ခာပုဒ်ကို လေးစားသူများမဟုတ်ဘဲ ထေရဝါဒရဟန်းများ၏ အရိုန်အဝါကြောင့် ဥပုသ်ပြုရာတွင် မပါဝင်ချင်ဘဲ ပါဝင်ခဲ့ကြရ၏။ ယခုတော့ ထေရဝါဒရဟန်းများကပါ ဥပုသ်ပြုနေကျကို မပြုကြတော့သဖြင့် အကြိုက်တွေ့နေကြပေတော့သည်။

သူတို့အကြိုက်တွေ့လေ သိက္ခာပုဒ်တော်များကို ချစ်မြတ်နိုးသည့်ရဟန်းများမှာ စိတ်ထိခိုက်ရလေ။ လပြည့်နေ့၌ တစ်ကြိမ်၊ လကွယ်နေ့၌ တစ်ကြိမ်၊ တစ်လလျှင် နှစ်ကြိမ် သိမ်ထဲသို့ဝင်၍ ဥပုသ်ပြုခြင်းသည် သာသနာတော်ကြီးတွင် အရေးအကြီးဆုံးကိစ္စဖြစ်၏။ သာသနာတော်ကြီး၏အသက်ဖြစ်သော သိက္ခာပုဒ်တော်များကို ပြဆိုခြင်းသည်ပင် ဥပုသ်ပြုခြင်းဖြစ်၏။ ဥပုသ်ပြုရာတွင် သံဃာ့ပရိသတ်စင်ကြယ်မှု ပြုခွင့်ရ၏။ ယခုသော် အစစ်ထက် အတုက များနေသဖြင့် ဥပုသ်ပြု၍ မဖြစ်နိုင်တော့ပါ။

ဤသို့ဖြင့် သင်္ကန်းရောင် ထိန်ထိန်ဝင်းနေသည့် အသောကာရာမကျောင်းတိုက်ကြီးတွင် ဥပုသ်ပြုခြင်း ကင်းပြတ်လာခဲ့ရာ ခုနစ်နှစ်တိုင်တိုင်ပင် ကြာလာခဲ့ပါချေပြီ။

ခုနစ်နှစ်တိုင်တိုင်ပင် အသောကမင်းကြီးသည် စိတ်ရှည်ရှည်နှင့် စောင့်ကြည့်နေခဲ့၏။ သံဃာတော်များအချင်းချင်း ကြားဌ ဖြစ်ပွားခဲ့သည့်အရေးအခင်းကို သံဃာတော်များအချင်းချင်းပင် ဖြေရှင်းကြလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ယခုတော့ မျှော်လင့်ထားခဲ့သည့်အတိုင်း မဖြစ်လာတော့ပြီ။ သံဃာတော်များ

အချင်းချင်း ဓမ္မစက်နှင့် ဖြေရှင်း၍မရတော့ပြီဆိုတော့လည်း အာဏာစက်ကို တစ်ဖက်သတ် အသုံးပြုရပေတော့မည်။

ထို့ကြောင့် အမတ်တစ်ယောက်ကို အသောကာရာမကျောင်းတော်သို့ စေလွှတ်လိုက်ရ၏။

"အချင်း၊ ကျောင်းတော်သို့ သွားချေ။ အရေးအခင်းကို ပြေငြိမ်းအောင်ပြုပြီးလျှင် သံဃာတော်များအား ဥပုသ်ပြုရန် လျှောက်ထားချေလော့" ဟု အမိန့်ပေးလိုက်၏။

"ကောင်းပါပြီ အရှင်မင်းကြီး"

မင်းကြီးကို ရိုသေခန့်ညားသောအားဖြင့် သာ ဤသို့ဝန်ခံလိုက်ရ၏။ အရေးအခင်းကိုပြေငြိမ်းအောင် ပြုရမည့်နည်းလမ်းကိုကား ထိုအမတ်မသိမြင်ပေ။ မသိမြင်သည်ကိုသိမြင်အောင် မင်းကြီးထံ ပြန်လည်မေးလျှောက်ရန်လည်း မဝံ့ချေ။ သို့ဖြစ်၍ မင်းကြီးရှေ့မှောက်မှ အရိုအသေပေး၍ ထွက်ခွာလာခဲ့ပြီးလျှင် လုပ်ဖော်ကိုင်ဖက်အမတ်များထံ ချဉ်းကပ်၍ လုပ်နည်းကိုင်နည်းကို မေးမြန်းရ၏။

ဤတွင် ထိုအမတ်များက -

"ငါတို့သည်ကား ဤသို့ပင် မှတ်ထင်ကြကုန်၏။ တိုင်းစွန်ပြည်ဖျားက ထကြွသောင်းကျန်းသည့်အရေးအခင်းကို ပြေငြိမ်းအောင်လုပ်စေဟုဆိုလျှင် ထကြွသောင်းကျန်းသူတွေကို နှိမ်နှင်းကြရ၏။ သတ်ဖြတ်ကြရ၏။ ထို့အတူပင် ဥပုသ်ပြုရန် ငြင်းဆန်နေသည့်ရဟန်းများကို မင်းကြီးသတ်စေလို၍သာ ဖြစ်လိမ့်မည်"

ဤသို့ ထင်မိထင်ရာ အဖြေပေးလိုက်ကြ၏။ အမိန့်ပေးခံရသောအမတ်ကလည်း စဉ်းစားနှိုင်းချိန်ခြင်းမပြုဘဲ အဟုတ်မှတ်ကာ ကျောင်းတော်သို့လာခဲ့၏။ ကျောင်းတော်သို့ရောက်သောအခါ ရှိရှိသမျှရဟန်းများကို စည်းဝေးစေပြီးလျှင် -

"အရှင်ဘုရားတို့၊ သာသနာ့ဒါယကာမင်းတရားကြီးက တပည့်တော်ကို စေလွှတ်လိုက်ပါသည်။ ရဟန်းသံဃာတော်များအား ဥပုသ်ပြုရန် လျှောက်ထားဖို့ အမိန့်ပေးလိုက်ပါသည်။ ယနေ့ ဥပုသ်နေ့ဖြစ်ပါ၍ အရှင်ဘုရားတို့ ဥပုသ်ပြုကြပါဘုရား" ဟု လျှောက်ထား၏။

ထိုအခါ အစစ်အမှန်ရဟန်းများက -

"ဒါယကာ၊ ငါတို့သည် တိတ္ထိများနှင့်အတူ ဥပုသ်မပြုနိုင်ပါ" ဟု ငြင်းဆန်လိုက်ကြ၏။

"ဤသို့ဆိုလျှင် မင်းအာဏာကို အသုံးပြုရပါတော့မည်" ဟု ဆိုပြီးလျှင် အမတ်မိုက်သည် ဓားကိုထုတ်၍ အသုံးပြုတော့၏။ သက်တော်ဝါတော်ကြီး ပုဂ္ဂိုလ်များမှစတင်၍ ဦးခေါင်းများကို တစ်ခေါင်းပြီးတစ်ခေါင်း ခုတ်ဖြတ်လေတော့၏။

သင်္ဘောရောင်ဖြင့် ဝါဝါဝင်းဝင်းနေခဲ့သည့် ကျောင်းကြီးပေါ်ဝယ် သွေးချင်းချင်း နီသွားပေတော့သည်။

အကယ်၍ အရှင်တိဿသာ ဝင်မကယ်ပါက အစည်းအဝေးတက်လာသည့် ရဟန်းအားလုံး ကုန်သွားပေလိမ့်မည်။ ကံအားလျော်စွာ ထိုအစည်းအဝေးဌာ အရှင်တိဿပါဝင်နေ၍သာ တော်ပါတော့သည်။

တစ်ခေါင်းပြီးတစ်ခေါင်း ခုတ်ဖြတ်နေသည့် အမတ်ကိုကြည့်ရင်း အရှင်တိဿသည် အဖြစ်မှန်ကို ပြေးမြင်လိုက်မိ၏။

"မတုန်လှုပ်သောသဒ္ဓါတရားဖြင့် သာသနာတော်ကြီးကို ဤမျှလောက် ချီးမြှောက်လာခဲ့သည့်မင်းကြီးကတော့ ဤကဲ့သို့အမိန့်ပေးမည်မဟုတ်ချေ။ ဤအမတ်မိုက်၏မိုက်မဲမှုပင် ဖြစ်ပေလိမ့်မည်"

ဤသို့ ဆင်ခြင်သုံးသပ်ပြီးလျှင် အမတ်မိုက်၏အနီးသို့ ချဉ်းကပ်လာခဲ့၏။ ချဉ်းကပ်လာသည့်ပုဂ္ဂိုလ်၏ဦးခေါင်းကိုဖြတ်ချရန် ဓားအဝင့်လိုက်တွင် အမတ်မိုက်သည် မင်းကြီး၏ညီတော် အရှင်မြတ်ကို မှတ်မိသွား၏။ ထို့ကြောင့် ဆက်၍မခုတ်ဝံ့တော့ဘဲ ရဟန်းသတ်ပွဲကြီးကိုအဆုံးသတ်ကာ နန်းတော်သို့ ပြန်လာခဲ့၏။ သွေးစသွေးနတွေ စွန်းပေနေသည့် အဝတ်အစားများနှင့် တွေ့လိုက်ရသဖြင့် နန်းတော်သူနန်းတော်သားအားလုံး ထိတ်လန့်တကြားဖြစ်သွားကြရ၏။

သို့ရာတွင် မင်းကြီးကိုယ်တိုင်က တာဝန်ပေး၍စေလွှတ်ထားခဲ့သူဖြစ်၍ မည်သူကမျှ အဟန့်အတားမပြုဝံ့ဘဲ မင်းကြီးထံ ဝင်ခွင့်ပြုလိုက်ကြရ၏။

ရဟန်းသတ်ပွဲကြီးကျင်းပလာခဲ့သောအမတ်မိုက်သည် မင်းကြီးရှေ့မှောက်သို့ ဝင်ရောက်ကာ –

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏အမိန့်တော်အရ ဥပုသ်ပြုရန် ငြင်းဆန်သည့်ရဟန်းများ၏ဦးခေါင်းကို ဖြတ်လာခဲ့ပါပြီ။ ယခု ဆက်လက်၍ ခေါင်းဖြတ်ရမည့်ပုဂ္ဂိုလ်မှာ အရှင်မင်းကြီး၏ညီတော် အရှင်တိဿဖြစ်နေပါသည်။ ကျွန်ုပ်မည်သို့ပြုရပါမည်နည်း" ဟု တင်လျှောက်၏။

အမတ်၏တင်လျှောက်ချက် ဆုံးသွားသည်နှင့်တစ်ပြိုင်နက် အသောကမင်းကြီးသည် ဖြုန်းခနဲ ထိုင်ရာက ထလိုက်မိ၏။ ရုတ်တရက် နှုတ်မြွက်၍မရလောက်အောင် တုန်လှုပ်၏။ တစ်ကိုယ်လုံးချွေးပြန်အောင် ပူလောင်လာ၏။ ပြီးမှ မိမိစိတ်ကို ပြန်၍ထိန်းချုပ်ကာ –

"ဟယ်... အမိုက်ကောင်။ ရဟန်းတွေကို သတ်ဖြတ်ရန် သင့်ကို ဘယ်သူက အမိန့်ပေးခဲ့ပါသလဲ"

မင်းကြီး၏ကြိမ်းမောင်းသံသည် အမတ်မိုက်အဖို့ မိုးကြိုးထစ်သံပင်ဖြစ်ပါ၏။ ကျောင်းကြီးပေါ်မှာ အတုံးအရုံးသေဆုံးကြရသောရဟန်းများကဲ့သို့ပင် မိမိဘဝလည်း ဆုံးချေပြီဟု သဘောပေါက်သွား၏။

သို့ရာတွင် အသောကမင်းကြီးမှာ ကိုယ့်အပူနှင့်ကိုယ်ဖြစ်နေ၍ အမတ်မိုက်ကို မည်သို့မျှ စိရင်ချက်မချနိုင်ဘဲ အသောကာရာမကျောင်းတော်သို့သာ လျင်မြန်စွာ လာခဲ့ရ၏။ ခါတိုင်းလို မင်းခမ်းမင်းနားများ ပြင်ဆင်ရန် မစောင့်နိုင်တော့ဘဲ အခြေအရံအနည်းငယ်မျှသာ ပါလာနိုင်၏။

အသောကမင်းကြီးသည် ကျောင်းကြီးပေါ်က ရုပ်ကလာပ်များအတွက် စျာပနကိစ္စများဆောင်ရွက်ရန်အမိန့်ပေးပြီးလျှင် ကျန်နေသေးသည့် သံဃာတော်များထံ ဝင်ရောက်၍ဦးခိုက်ကာ –

"အရှင်ဘုရားတို့၊ တပည့်တော်သည် ကျောင်းတော်မှဖြစ်ပွားနေသည့် အရေးအခင်းကို ပြေငြိမ်းအောင်ပြုရန် အမတ်တစ်ယောက်အား အမိန့်ပေးခဲ့ပါသည်။ ရဟန်းများကိုသတ်ဖြတ်ရန် အမိန့်မပေးခဲ့ပါ။ သို့ပါလျက် အမတ်မိုက်က ရဟန်းများကို သတ်ဖြတ်ခဲ့ပါသည်။ ဤမကောင်းမှုသည် မည်သူ့အတွက်ဖြစ်ပါမည်နည်း" ဟု မေးလျှောက်၏။

ဤတွင် ရဟန်းအချို့က –

"မင်းကြီး၊ မင်းကြီးအမိန့်ပေးခဲ့သည့်စကားဖြင့်ပင် ရဟန်းများကို သတ်ဖြတ်ခြင်းဖြစ်၏။ ထို့ကြောင့် ထိုမကောင်းမှုသည် သင်မင်းကြီးအတွက်သာဖြစ်ပေသည်" ဟု အဖြေပေးကြ၏။

အချို့ရဟန်းများကမူ –

"မင်းကြီး၊ အမိန့်ပေးသူ အသင်မင်းကြီးနှင့်တကွ အမတ်မိုက်နှစ်ဦးလုံးအတွက် ဖြစ်ပေသည်" ဟု အဖြေပေးကြ၏။

ထိုမှတစ်ပါး အခြားရဟန်းများကမူ –

"မင်းကြီး၊ ဤအမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်းများကို သတ်ပါစေဟု သင်မင်းကြီးမှာ စိတ်အကြံဖြစ်ပေါ်ခဲ့ပါသလား" ဟု ပြန်လည်မေးမြန်းကြရာ -

"အရှင်ဘုရား၊ ဤသို့စိတ်အကြံမဖြစ်ပေါ်ခဲ့ပါ။ ကောင်းမြတ်သော သဘောထားဖြင့်သာ သံဃာတော်များ ညီညီညွတ်ညွတ်နှင့် ဥပုသ်ပြုရန် စေခိုင်းလိုက်ခြင်းဖြစ်ပါသည်"

"မင်းကြီး၊ ဤသို့ဆိုလျှင် သင်မင်းကြီးမှာ အပြစ်မရှိပါ။ အမတ်မိုက်၏ မိုက်ပြစ်သာ ဖြစ်ပေတော့သည်" ဟု အဖြေပေးကြ၏။

ဤသို့သောအဖြစ်ကား ကြားလိုက်ရသော်ငြားလည်း အသောကမင်းကြီးစိတ်ထဲမှာ ရှင်းမသွားသေးပါ။ နောက်ဆုံးအဖြစ်ကားနှင့်အတူ ရှေ့အဖြစ်ကားတို့ကလည်း မင်းကြီးရင်ထဲမှာ စူးဝင်နေကြ၏။ ထို့ကြောင့် အသောကမင်းကြီးမှာ မထွေးနိုင်မအန်နိုင်ဖြစ်ကာ -

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဖြေကြားခဲ့သည့်စကားသုံးရပ်ထဲက ဘယ်သင်းအမှန်ဟု တပည့်တော်မဆုံးဖြတ်နိုင်ပါ။ တပည့်တော်မှာ နှလုံးနှစ်ခွဖြစ်နေရပါပြီ။ တပည့်တော်၏စိတ်ကို ရှင်းသွားအောင် ဟောကြားနိုင်မည့်ရဟန်းတစ်ပါးပါးရှိပါ၏လော" ဟု မေးလျှောက်လိုက်ရာ -

"မင်းကြီး၊ ဟောကြားနိုင်မည့်ရဟန်းသည်ကား အရှင်မောဂ္ဂလိပုတ္တာတိဿပင် ဖြစ်ပါပေ၏"

"ကောင်းလှပါပြီဘုရား။ ယခု ထိုအရှင်မြတ်ကြီးသည် မည်သည့်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း"

"မင်းကြီး၊ အဟောဂင်္ဂါမည်သောတောင်မှာ သီတင်းသုံးလျက်ရှိပေ၏"

ဤတွင် အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တာတိဿကို ပင့်ဆောင်ရန် အစီအစဉ်များ ချမှတ်လိုက်ရပေတော့သည်။

❑

အလင်းသစ်စာပေ

အိပ်မက်ထဲက ဆင်ဖြူတော်

ဓမ္မကထိက ရဟန်းတစ်ပါးတစ်ပါးလျှင် နောက်ပါရဟန်းတစ်ထောင်တစ်ထောင် ပါလာကြ၏။ အမတ်တစ်ယောက်တစ်ယောက်၏နောက်တွင်လည်း အခြွေအရံယောက်ျားတစ်ထောင်စီတစ်ထောင်စီ လိုက်ပါလာကြ၏။ ဓမ္မကထိက ရဟန်းလေးပါးနှင့် အမတ်လေးယောက်တို့သည် အဟောဂင်္ဂါတောင်ပေါ်သို့ တက်လာခဲ့ကြ၏။

ခုနစ်နှစ်တိုင်တိုင် လူသူကင်းရှင်း၍ အေးချမ်းတိတ်ဆိတ်စွာရှိနေခဲ့သော ကျောင်းကလေးသည် ထိုနေ့ရောက်ခါမှ ပရိသတ်နှင့်အပြည့်ဖြစ်လာ၏။ ရောက်လာသမျှသောပရိသတ်များသည် တစ်ပါးနေတဲကျောင်းကလေးကိုကြည့်ရှုကာ တအံ့တသြဖြစ်နေကြ၏။ လိုအပ်သမျှ အဝဝသောပစ္စည်းတို့ ပိုလျှံနေသော အသောကာရာမကျောင်းတော်ကြီးနှင့်ဆိုလျှင် ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်ဘက်ဖြစ်နေ၏။ အပိုပစ္စည်းဟူ၍ ဘာတစ်ခုမျှမရှိသော တဲကျောင်းကလေးထဲတွင် အရှင်မြတ်ကြီးသည် ဘာတစ်ခုမျှမရှိသည့်အတွက် အဘယ်မျှချမ်းသာရာရနေသည်ကိုကား သူတို့သဘောမပေါက်ကြချေ။ ထို့ကြောင့်ပင် ရဟန်းပရိသတ်၊ လူပရိသတ်အားလုံး အံ့သြသွားကြရခြင်းဖြစ်ပေသည်။ တအံ့တသြနှင့် ကျောင်းပတ်ပတ်လည်ကို ကြည့်ရှုကြပြီးလျှင် ဓမ္မကထိကရဟန်းလေးပါးနှင့် အမတ်လေးယောက်တို့သည် အရှင်မြတ်ကြီးရှေ့မှောက်သို့ ဝင်ရောက်၍ ဦးခိုက်ရှိခိုးပြီးလျှင်-

"အရှင်ဘုရား၊ သာသနာ့ဒါယကာမင်းတရားကြီးက အရှင်ဘုရားကို ပင့်ခေါ်လိုက်ပါသည်ဘုရား"

လျှောက်ထားသံအဆုံးတွင် တဲကျောင်းကလေးသည် တိတ်ဆိတ်မြဲတိတ်ဆိတ်သွားပြန်၏။ အရှင်မောဂ္ဂလိပုတ္တတိဿသည် လျှောက်ထားချက်ကို မည်သို့မျှ မတုံ့ပြန်ဘဲ ထိုင်မြဲသာထိုင်နေ၏။

ရဟန်းပရိသတ်၊ လူပရိသတ်တို့သည် အရှင်မြတ်ကြီးထံမှ တုံ့ပြန်လာမည့်စကားကို စောင့်စားနေကြ၏။ အချိန်အတန်ကြာလာသည်အထိ မည်သည့် တုံ့ပြန်ချက်မျှ ပေါ်မလာချေ။ သို့ဖြစ်၍ အပင့်လာကြသောပရိသတ်များသည် အရှင်မြတ်ကြီးကို ဦးချကာ တိတ်ဆိတ်စွာ ပြန်ထွက်လာခဲ့ကြရပေသည်။

ဓမ္မကထိကရဟန်းလေးပါး၊ အမတ်လေးယောက်ဖြင့် ပင့်သည်မှာ အင်အားနည်းသေး၍ပင်ဖြစ်မည်လော။ ဤသို့သောတွေးဆချက်ဖြင့် အသောကမင်းကြီးသည် ဓမ္မကထိကရဟန်းများနှင့် အမတ်များကို အခြွေအရံများနှင့်တကွ နှစ်ဆတိုး၍စေလွှတ်ပြန်၏။ ပင့်လျှောက်လာသူဘက်က အင်အားနှစ်ဆဖြစ်လာပါသော်လည်း အရှင်မြတ်ကြီးကိုကား ရအောင်ပင့်လာနိုင်စွမ်းမရှိပါချေ။

ဤတွင် အသောကမင်းကြီးသည် အကြောင်းရင်းမှန်ကို မိမိဘာသာတွေးဆ၍ မရနိုင်တော့သဖြင့် ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များထံချဉ်းကပ်၍ မေးလျှောက်ရ၏။ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များက တွေးတွေးဆဆဖြင့် –

"မင်းကြီး၊ အရှင်မြတ်ကြီးကို ပင့်၍မရခြင်းမှာ အလျှောက်အထားလွဲနေ၍ပင် ဖြစ်ပေလိမ့်မည်" ဟု အမိန့်ရှိကြလေရာ –

"အရှင်ဘုရား၊ ဤသို့ဆိုလျှင် မည်သို့လျှောက်ထား၍ပင့်ရပါမည်နည်း"

"မင်းကြီး၊ အရှင်မြတ်ကြီးကိုပင့်၍ရနိုင်စရာရှိသောစကားက ဤသို့ပင် ဖြစ်ပေသည်"

ဤသို့အစချီပြီးလျှင် အရှင်မြတ်ကြီးထံ လျှောက်ထားရမည့်စကားကို ညွှန်ပြလိုက်ကြ၏။

အသောကမင်းကြီးသည် အသေအချာနာယူမှတ်သားပြီးလျှင် –

"အရှင်ဘုရား၊ အရှင်မြတ်ကြီးသည် ရထားပေါင်းချုပ်ကိုလည်းကောင်း၊ ထမ်းစင်ကိုလည်းကောင်း စီးပါမည်လော" ဟု မေးလျှောက်ရာ –

"မင်းကြီး၊ အရှင်မြတ်ကြီးသည် သက်ရှိသတ္တဝါတို့အား နှိပ်စက်ရာရောက်မည့်ယာဉ်မျိုးကို စီးလိမ့်မည်မဟုတ်ပါ"

ဤသို့သော ဖြေကြားသံကိုနာခံပြီးလျှင် အသောကမင်းကြီးသည် မှူးမတ်များဘက်သို့ မျက်နှာမူ၍ –

"အချင်းတို့၊ လှေများကို ပူးကပ်တုပ်နှောင်၍ ထိုအပေါ်မှာ အရှင်မြတ်ကြီးကို ပင့်ခဲ့ကြကုန်လော့။ မြစ်ကမ်းပါးနှစ်ဖက်မှာလည်း အစောင့်အရှောက်များကို လုံလောက်စွာ ချထားကြကုန်လော့" ဟု အမိန့်ပေး၏။

အသောကာရာမကျောင်းတော်ကြီးသို့ အရှင်မြတ်ကြီးများ ပြန်ကြွလာလျှင် အခြေအနေတွေ ပြောင်းလဲကုန်တော့မည်ဖြစ်၏။ ဤအရေးကိုပြေးမြင်ကာ မလိုလားသောသူများက လမ်းခုလတ်မှ အနှောင့်အယှက်ပေးရန် အလားအလာရှိနေ၏။ ထို့ကြောင့် အစောင့်အရှောက်များ ချထားရန် လိုအပ်နေပေသည်။

ဤအကြိမ်တွင်မူ အင်အားကြီးမားရန်မလိုအပ်တော့သော်လည်း အရှင်မြတ်ကြီးကို အလေးအမြတ်ပြုသောအားဖြင့် နောက်ထပ်တစ်ဖန် နှစ်ဆတိုး၍ စေလွှတ်လိုက်၏။

ဓမ္မကထိကရဟန်းတစ်ဆယ့်ခြောက်ပါးနှင့် အမတ်တစ်ဆယ့်ခြောက်ယောက်တို့သည် အခြွေအရံများနှင့်တကွ လှေတွဲကြီးများဖြင့် ဂင်္ဂါမြစ်ကို ဆန်တက်သွားကြ၏။ အဟောဂင်္ဂါတောင်ခြေသို့ရောက်သောအခါ ပရိသတ်အများစုကို ထားခဲ့၍ ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်များလောက်သာ အရှင်မြတ်ကြီးရှေ့မှောက်သို့ ဝင်ကြပြီးလျှင် -

"အရှင်ဘုရား၊ သာသနာတော်ကြီး ဆုတ်နစ်နေပါပြီ။ သာသနာတော်ကြီးကိုချီးမြှောက်ရာတွင် တပည့်တော်တို့နှင့်အတူ ပါဝင်၍ကူညီစောင်မတော်မူပါဘုရား"

ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များ ညွှန်ကြားလိုက်ကြသည့်အတိုင်း လျှောက်ထားလိုက်ကြ၏။

ဤတွင် အရှင်မောဂ္ဂလိပုတ္တတိဿက -

"ငါ့ရှင်တို့၊ ငါသည် နဂိုကတည်းကပင် သာသနာတော်ကြီးကို ချီးမြှောက်ရန် ရဟန်းပြုလာခဲ့၏။ ထိုကဲ့သို့ သာသနာတော်ကြီးကို ချီးမြှောက်ရမည့် အချိန်သည် ယခုကျရောက်လာပေပြီ"

ဤသို့ ပြောပြောဆိုဆိုပင် ထိုင်နေရာမှ ထလိုက်၏။ ထိုင်နေကျသားရေနယ်ကိုခေါက်ကာ ပခုံးပေါ်တင်လိုက်၏။ အနီးအပါး အရန်သင့်ရှိနေသော သပိတ်ပရိက္ခရာကို ကောက်၍လွယ်လိုက်၏။

ငှက်များသည် သွားလေရာရာတွင် ကိုယ်နှင့်အတူ သယ်ဆောင်စရာဟူ၍ မိမိတို့အတောင်ပံနှစ်ဖက်သာ ရှိကြကုန်၏။ ထို့အတူပင် ဘုရားတပည့်သားရဟန်းတို့မှာလည်း ပရိက္ခရာရှစ်ပါးရှိလျှင် အရာရာပြည့်စုံပြီးသားဖြစ်ကုန်၏။ သွားလေရာရာ ကိုယ်နှင့်မကွာ သယ်ဆောင်ရန်မှာ ပရိက္ခရာရှစ်ပါးမှတစ်ပါး အခြားဘာမျှမရှိတော့ချေ။

အလင်းသစ်စာပေ

ပရိက္ခရာရုစ်ပါးတို့ကို ကောက်လွယ်လိုက်ရုံနှင့်ပင် ခရီးရှည်ထွက်ရေး အတွက် ပြင်ဆင်ခြင်းကိစ္စဟူသမျှ ပြီးစီးသွားပြီဖြစ်၏။ ထို့ကြောင့် အရှင်မြတ်ကြီးသည် မည်သည့်အရာကိုမျှ ကြောင့်ကြမနေရတော့ဘဲ ပင့်လာသူများနှင့်အတူ လိုက်ပါလာခဲ့ပေတော့သည်။

ဓမ္မကထိကရဟန်းများနှင့် အမတ်တို့သည် ရေကြောင်းခရီးဖြင့် သက် သောင့်သက်သာ ပင့်ဆောင်လာခဲ့ကြ၏။ စခန်းချရာဆိပ်ကမ်းများမှ ဒကာ၊ ဒကာမများသည် သောင်းသောင်းဖြဖြ ကြိုဆိုကြပြီးလျှင် အရှင်မြတ်ကြီးကို ကြည် ညိုကြ၏။ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြ၏။

ဤသို့ လှေတပ်ကြီး စုန်ဆင်းလာခဲ့၍ အနီးဆုံးစခန်းဌဲ့ စခန်းချရပ်နား သောညတွင် အသောကမင်းကြီးသည် အိပ်မက်ထူးတစ်ခုကို မြင်မက်၏။ တစ် ကိုယ်လုံး ဆွတ်ဆွတ်ဖြူသောဆင်ပြောင်ကြီးတစ်စီးသည် မင်းကြီးအနား သို့ ညင်ညင်သာသာချဉ်းကပ်လာပြီးလျှင် မင်းကြီး၏ဦးခေါင်းမှစ၍ နာမောင်းနှင့်သုံးသပ်ကာ လက်ယာဘက်လက်ကို ဆွဲကိုင်လိုက်ပေသည်။

နံနက်လင်းသောအခါ မင်းကြီးသည် အိပ်မက်ဖတ်တတ်သောပုရောဟိတ် ပညာရှိများကိုခေါ်ယူကာ အိပ်မက်ကို ပြောပြ၏။ ဤတွင် ပုရောဟိတ်များက–

"အရှင်မင်းကြီး၊ သီလ စသော ဂုဏ်ကျေးဇူးတို့ဖြင့် အထူးဖြူစင်သော ရဟန္တာအရှင်မြတ်ကြီးသည် ယနေ့ပင် ပါဋလိပုတ်မြို့တော်သို့ ရောက်လာပါလိမ့် မည်။ အရှင်မြတ်ကြီးသည် အရှင်မင်းကြီး၏ လက်ယာလက်ကို ဆွဲကိုင်တော်မူ ပါလိမ့်မည်" ဟု လျှောက်တင်ကြ၏။

ဝမ်းမြောက်ဖွယ်စကားကို ကြားရသဖြင့် အသောကမင်းကြီးသည် ပုရောဟိတ်များအား ဆုတောင်လာဘ်တော်များ ချပြီးလျှင် ကြိုဆိုရေးအစီအစဉ် များ ပြုလုပ်ရန် မိန့်ကြား၏။

အရှင်မောဂ္ဂလိပုတ္တတိဿကို ပင့်ဆောင်လာခဲ့သော လှေတပ်ကြီးသည် ထိုနေ့ မွန်းလွဲအချိန်တွင် ပါဋလိပုတ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာ၏။ အရန်သင့် စောင့်ကြိုနေခဲ့သော အသောကမင်းကြီးသည် လှေတော်ကမ်းပါးသို့ ဆိုက်လာ သည့်အချိန်တိုင်အောင် မစောင့်နိုင်သဖြင့် ဂင်္ဂါမြစ်ရေထဲသို့ သက်ဆင်းလာခဲ့၏။ ဒူးဆစ်ထိအောင် ဆင်းမိပါမှ အရှင်မြတ်ကြီး၏အနားသို့ ချဉ်းကပ်မိ၏။ အရှင် မြတ်ကြီး လှေပေါ်မှ ကုန်းဘောင်ပေါ်သို့ ဆင်းနိုင်ရေးအတွက် လက်ယာလက်

ကို အရှန်သင့်ကမ်းပေး၏။ အရှင်မြတ်ကြီးကလည်း ကမ်းလာသောလက်ကိုဖမ်း ကိုင်၍ အားပြုလိုက်၏။

ထိုခဏကလေးအတွင်းမှာပင် အသောကမင်းကြီးသည် အသည်းထိတ် စရာမြင်ကွင်းတစ်ခုကို ရေထဲမှာ မြင်လိုက်ရ၏။ မင်းကြီး၏သက်တော်စောင့် အမှုထမ်းတစ်ဦးသည် အရှင်မြတ်ကြီး၏ဦးခေါင်းကိုဖြတ်ချလိုက်ရန် ဓားအိမ်မှ ဓားကို ချွတ်လိုက်၏။ မင်းကြီးက အချိန်မီတားလိုက်နိုင်၍သာ တော်ပါတော့ သည်။

သက်တော်စောင့်အမှုထမ်းတို့မှာ မင်းကြီး၏လုံခြုံရေးအတွက် အထူး တာဝန်ရှိသူများဖြစ်ကြ၏။ ဤကမ္ဘာမြေပြင်ပေါ်၌ မင်းကြီး၏လက်ကို ဆွဲကိုင်ခွင့် ရသူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါချေ။ အကယ်၍ ရှိလာလျှင်လည်း ရန်သူဟူ၍သာ ဧကန်မုချသတ်မှတ်ရပေတော့မည်။ ထိုကဲ့သို့သော ရန်သူပေါ် ပေါက်လာလျှင်လည်း ဤနည်းဖြင့်သာ အကာအကွယ်ပေးရပါလိမ့်မည်။

ထို့ကြောင့် အသောကမင်းကြီးသည် ထိုအမှုထမ်းကို တားရုံသာတား၍ ပြစ်တင်ကြိမ်းမောင်းခြင်းမပြုဘဲ -

"အချင်း၊ အရှင်မြတ်ကြီးကို မပြစ်မှားနှင့်။ စောစောတုန်းကပင် ရဟန်း များကို ပြစ်မှားမိသည့်အတွက် ငါ့မှာ စိတ်မချမ်းမသာဖြစ်ခဲ့ရပြီ။ ယခု တစ်ဖန် မပြစ်မှားပါနှင့်တော့"

ဤမျှသာ ပြောဆို၍ အရှင်မြတ်ကြီးကို ကုန်းပေါ်သို့ပင့်ဆောင်၏။

အရှင်မောဂ္ဂလိပုတ္တတိဿသည် မင်းကြီး၏လက်ကို အားပြုကာ ကုန်း ပေါ်သို့ ကြွလာ၏။ ထိုအခိုက်အတန့်တွင် 'ဤသူသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းကြီးပေတကား' ဟု အရှင်မြတ်ကြီးစိတ်ထဲမှာ ပေါ် မလာချေ။ 'ဤသူသည်ကား ငါ၏တပည့်တစ်ဦးဖြစ်၏။ သိလိုသည့်အချက်တစ် ခုကို မေးလျှောက်လို၍ ငါ့ကို ပင့်ဖိတ်ထားသူသာဖြစ်ပေသည်' ဟူ၍ သဘော ထား၏။ ထို့ကြောင့်လည်း စိတ်နှလုံးသန့်ရှင်းစွာ မင်းကြီး၏လက်ကို အားပြု လာခဲ့ခြင်းဖြစ်ပေသည်။

အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿအား လေဆိပ်မှ သည် ဥယျာဉ်တော်သို့ တင့်တယ်ခမ်းနားစွာ ပင့်ဆောင်လာခဲ့ပေသည်။

စေတနာပါမှ ကံမြောက်သည်

ဥယျာဉ်တော်သို့ရောက်သောအခါ အသောကမင်းကြီးသည် ဥယျာဉ်တော်လုံခြုံရေးအတွက် သုံးထပ်တိုင်တိုင် အစောင့်အရောက်များ ချထားရန် အမတ်များအား အမိန့်ပေး၏။

ထို့နောက် ဥယျာဉ်တော်အတွင်းရှိ ကောင်းမြတ်သောနေရာသို့ အရှင်မြတ်ကြီးကို ပင့်လာခဲ့ပြီးလျှင် အရှင်မြတ်ကြီး၏ခြေအစုံကို ကိုယ်တိုင်ဆေးကြော ပေး၏။ ရေများကို စင်ကြယ်အောင်သုတ်ကာ ခြေနယ်ဆီဖြင့် သုတ်လိမ်းပေး၏။

ဤသို့ တပည့်ရင်းတစ်ဦးအဖြစ်ဖြင့် ကျိုးနွံစွာပြုစုပေးပြီးလျှင် အရှင်မြတ်ကြီး၏ခြေရင်းဌာထိုင်လျက် –

"အရှင်ဘုရား၊ တန်ခိုးပြာဋိဟာတစ်ခုကို တပည့်တော် ဖူးမြင်ချင်ပါသည် ဘုရား" ဟု လျှောက်ထားလေရာ –

"မင်းကြီး၊ မည်ကဲ့သို့သော တန်ခိုးပြာဋိဟာကို ဖူးမြင်ချင်ပါသနည်း"

"မြေကြီးတုန်လှုပ်သည့် တန်ခိုးပြာဋိဟာကို ဖူးမြင်ချင်ပါသည်ဘုရား"

"ကောင်းပြီ မင်းကြီး။ မြေတစ်ပြင်လုံးတုန်လှုပ်သည်ကို ဖူးမြင်ချင်ပါသလား။ တစ်စိတ်တစ်ဒေသ တုန်လှုပ်သည်ကို ဖူးမြင်ချင်ပါသလော"

"အရှင်ဘုရား၊ ဘယ်အရာက ပို၍ခက်ခဲပါသနည်း"

"မင်းကြီး၊ ဤမေးခွန်းကိုဖြေကြားရန် သင်မင်းကြီးကို ပြန်၍မေးရပါဦးမည်။ ရေအပြည့်ထည့်ထားသည့်ရေခွက်တစ်ခွက်လုံးတုန်လှုပ်ခြင်းက ခက်ခဲသလော။ တစ်ဝက်တည်းတုန်လှုပ်ခြင်းက ခက်ခဲသလော"

"တစ်ဝက်တည်း တုန်လှုပ်ခြင်းက ပို၍ခက်ခဲပါသည်ဘုရား"

"ဤအတိုင်းပင်ဖြစ်ပေသည်။ မြေပြင်တစ်စိတ်တစ်ဒေသတုန်လှုပ်ခြင်းကပို၍ခက်ခဲပေသည်"

"အရှင်ဘုရား၊ ဤသို့ဆိုလျှင် မြေပြင်တစ်စိတ်တစ်ဒေသ တုန်လှုပ်ခြင်းကို မြင်လိုပါသည်ဘုရား"

"ကောင်းပြီ မင်းကြီး။ ထိုသို့ဖြစ်လျှင် ဤနေရာကို ဗဟိုပြု၍ တစ်ယူဇနာကျယ်ဝန်းသည့်မြေအပြင်ကို တိုင်းတာ၍ စည်းသားထားပါလော့။ ဤသို့စည်းသားထားပြီးလျှင် အရှေ့အရပ်၌ ရထားတစ်စီးရပ်ထားပါလော့။ ရထား၏ဘီးတစ်ဖက်ကို စည်းအတွင်းမှာထားပြီး ဘီးတစ်ဖက်ကို စည်းအပြင်မှာ ထားပါလော့။ ထို့အတူပင် တောင်အရပ်မှာလည်း မြင်းတစ်ကောင်ကို ရပ်ထားပါလော့။ ရှေ့ခြေနှစ်ချောင်းက စည်းအတွင်းမှာ ထောက်ထားစေပြီးလျှင် နောက်ခြေနှစ်ချောင်းက စည်းအပြင်မှာ ရပ်ထားပါစေလော့။ အနောက်အရပ်မှာလည်း လူတစ်ယောက်ကို ရပ်နေပါလော့။ ခြေတစ်ဖက်ကို စည်းအတွင်းမှာ ထောက်ထားပြီး ကျန်ခြေတစ်ဖက်က စည်းအပြင်ဘက်မှာ ထောက်ထားပါစေတော့။ မြောက်အရပ်မှာလည်း ရေခွက်တစ်ခုကို ချထားပါစေလော့။ စည်း၏အတွင်းဘက်မှာ တစ်ဝက်ထား၍ စည်း၏အပြင်ဘက်မှာ တစ်ဝက်ထားပါလော့"

"ကောင်းပါပြီ အရှင်ဘုရား"

အသောကမင်းကြီးသည် အရှင်မြတ်ကြီး၏မိန့်ကြားချက်အားလုံးကို ပြည့်စုံအောင်ပြုလုပ်စေပြီးလျှင် အရှန်သင့်ဖြစ်နေပါကြောင်း လျှောက်ထား၏။

ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿသည် အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၏။ ဈာန်ဝင်စားရာမှ ထလာပြီးလျှင် 'ငါ၏တန်ခိုးပြာဋိဟာကို မင်းကြီးမြင်စေသတည်း'။

ဤသို့ အာရုံပြုပြီးလျှင် တစ်ယူဇနာပမာဏရှိသော မြေအပြင်တုန်လှုပ်စေရန် အဓိဋ္ဌာန်ပြုလိုက်၏။ အဓိဋ္ဌာန်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် စည်းအတွင်းရှိမြေအပြင်သည် သိသာထင်ရှားစွာ တုန်လှုပ်၏။ စည်းအပြင်ဘက်တွင်ကား လုံးဝမလှုပ်ရှားချေ။

ထို့ကြောင့် အရှေ့အရပ်က ရထားတွင် စည်းတွင်းရှိ ဘီးကသာ တုန်လှုပ်၍ စည်းအပြင်ရှိဘီးကတော့ လုံးဝမတုန်လှုပ်ပေ။

ထို့အတူပင် တောင်အရပ်ရှိ မြင်းမှာလည်း စည်းတွင်းက ခြေထောက်များသာ တုန်လှုပ်၍ စည်းအပြင်ကခြေထောက်များကတော့ လုံးဝမတုန်လှုပ်ပေ။

အနောက်အရပ်ရှိ ယောကျ်ားမှာလည်း စည်းအတွင်းဘက်က ခြေထောက်သာ တုန်လှုပ်၍ စည်းအပြင်က ခြေထောက်များကတော့ လုံးဝမတုန်လှုပ်ပေ။

မြောက်အရပ်ရှိ ရေခွက်မှာလည်း စည်းအတွင်းခြမ်းကသာ တုန်လှုပ်၍ စည်းအပြင်ဘက်ခြမ်းကတော့ လုံးဝမတုန်လှုပ်ပေ။

ဤသို့သော တန်ခိုးပြာဋိဟာကို မျက်မြင်ကိုယ်တွေ့ဖူးလိုက်ရသဖြင့် အရှင်မြတ်ကြီးအပေါ် အသောကမင်းကြီး သံသယကင်းရှင်းသွား၏။ မိမိ၏သံသယကို ဖြေဖျောက်၍ပေးနိုင်လောက်အောင် တန်ခိုးကြွဒွိပါဒ်ကြီးမားကြောင်း ယုံကြည်စိတ်ချသွား၏။

ဤတွင် မိမိစိတ်သန္တာန်၌ ပူးဝင်နှိပ်စက်နေသောသံသယကို ဖွင့်ဟလျှောက်ထားလိုက်ရပေတော့သည်။

"အရှင်ဘုရား၊ တပည့်တော်သည် အမတ်တစ်ယောက်ကို ကျောင်းတော်သို့ စေလွှတ်ခဲ့ပါသည်။ ဖြစ်ပေါ်နေသောအရေးအခင်းကို ပြေငြိမ်းအောင်ပြုပြီးလျှင် ရဟန်းများအား ဥပုသ်ပြုရန် လျှောက်ထားဖို့ အမိန့်ပေးခဲ့ပါသည်။ ထိုအမတ်သည် တပည့်တော်ပေးခဲ့သောအမိန့်ကို အယူအဆလွဲမှားကာ ရဟန်းများစွာကို သတ်ဖြတ်ခဲ့ပါသည်။ ထိုကဲ့သို့ သတ်ဖြတ်ခြင်းသည် မည်သူ၏မကောင်းမှုဖြစ်ပါသနည်း"

အရှင်မောဂ္ဂလိပုတ္တတိဿသည် အသောကမင်းကြီး၏လျှောက်ထားချက်ကို ကရဏာရှေ့ထား၍ ကြားနာပြီးလျှင် -

"မင်းကြီး၊ ဤအမတ်သည် ကျောင်းတော်သွား၍ ရဟန်းများကို သတ်ပါစေဟူ၍ သင် မင်းကြီးမှာ စိတ်ဆန္ဒရှိခဲ့ပါသလော"

"အရှင်ဘုရား၊ မရှိခဲ့ပါ။ ကျောင်းတော်မှာရှိနေကြသည့်ရဟန်းများ ညီညီညွတ်ညွတ်ရှိကြ၍ ဥပုသ်ပြုကြရန်သာ ရည်ရွယ်ခဲ့ပါသည်ဘုရား"

"မင်းကြီး၊ အကယ်၍သာ မင်းကြီး၏စိတ်ဆန္ဒမပါခဲ့လျှင် သင်မင်းကြီးမှာ အပြစ်မရှိပါ။ ဤသို့ အပြစ်မရှိကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် ကလည်း ဟောကြားတော်မူခဲ့၏။ 'ရဟန်းတို့။ စေတနာကို ကံဟူ၍ ငါဘုရား ဟောကြား၏။ ကိုယ်ဖြင့်ပြုရသော ကာယကံ၊ နှုတ်ဖြင့်ပြုရသော ဝစီကံ၊ စိတ်ဖြင့်ပြုရသော မနောကံတို့ကို စေတနာဖြင့် စေ့ဆော်၍သာပြုလုပ်ရ၏' ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါပေ၏။

မင်းကြီး၊ ဤသို့သောအနက်အဓိပ္ပာယ်ကို ငါးရာ့ငါးဆယ်ဇာတ်တော်ထဲက တိတ္ထိရဇာတ်မှာလည်း ပြဆိုထားပေသည်။

မင်းကြီး၊ ရှေးလွန်လေပြီးသောအခါတုန်းက ငါတို့၏ဘုရားအလောင်းတော်သည် ရသေ့ပြု၍ သမထကမ္မဋ္ဌာန်းစီးဖြန်းကာ စွာန်အဘိညာဉ်များ ရရှိခဲ့၏။ စွာန်သမာပတ်များဝင်စားလျက် တောကျောင်းကလေး၌ သီတင်းသုံးခဲ့၏။ ထိုအခါ မုဆိုးတစ်ယောက်သည် ခါတစ်ကောင်ကိုဖမ်းပြီးလျှင် ယဉ်ပါးအောင်ပြု၏။ ယဉ်ပါလားသောအခါ လှောင်အိမ်မှာထည့်၍ တောထဲသို့ ယူလာခဲ့၏။ ခါအုပ်များ ကျက်စားတတ်သောနေရာတွင် လှောင်အိမ်ကို ချထားပြီးလျှင် လှောင်အိမ်ပတ်ဝန်းကျင်၌ ထောင်ချောက်များ ဆင်ထားခဲ့၏။

မင်းကြီး၊ လှောင်အိမ်ထဲမှာရှိနေသော ခါကလေးသည် မိမိတို့ကျက်စားရာ တောအုပ်ထဲသို့ ရောက်လာပြီဖြစ်၍ ရွှင်မြူးစွာတွန်၏။ တောထဲမှာ ဘာသာဘာဝကျက်စားနေကြသော ခါများသည် လှောင်အိမ်ထဲက ခါကလေးကိုလည်း မြင်ကြ၏။ တွန်သံကိုလည်း ကြားကြရ၏။ ဤတွင် ငါတို့၏အဆွေအမျိုးပါကလားဟူသောအသိဖြင့် ထိုခါကလေးထံ ဝိုင်းအုံလာကြရာ ထောင်ချောက်ထဲမှာ အမိခံကြရပါတော့သည်။

မင်းကြီး၊ မုဆိုးတို့မည်သည်ကား ညှာတာသနားခြင်း ကင်းမဲ့ကုန်၏။ ထိုမုဆိုးသည်လည်း မိထားသည့်ခါများကို အရှင်လတ်လတ် အမွေးနုတ်၏။ ရက်စက်စွာသတ်ဖြတ်၏။ သူတို့မိသားစုကိုယ်တိုင်လည်း မြိန်ရေရှက်ရေ ချက်စားကြ၏။ သူတစ်ပါးကို ရောင်းချကြ၏။

မင်းကြီး၊ လှောင်အိမ်ထဲက ခါကလေးသည် ဤအခြင်းအရာများကိုမြင်ရသဖြင့် အလွန်တရာစိတ်မချမ်းမသာဖြစ်ရရှာ၏။ မိမိကိုအကြောင်းပြု၍ အသက်ဆုံးရှုံးရသည့်ဆွေမျိုးများကို သနားမိ၏။ ထို့အတူပင် မိမိနှင့်ပတ်သက်၍ ဖြစ်ပွားလာရသည့် မကောင်းမှုကြီးကိုလည်း ကြောက်ရွံ့နေမိ၏။ ထို့ကြောင့် နောက်တစ်နေ့ ထောထဲသို့ ရောက်လာရသောအခါ ထိုခါကလေးသည် တွန်သံမပေးဘဲနေတော့၏။ ဤတွင် မုဆိုးက သူ့ခေါင်းကို ဝါးခြမ်းစိတ်ဖြင့် မညှာမတာရိုက်နှက်၏။ ရိုက်နှက်သည်ဒဏ် မခံနိုင်သည့်အဆုံးတွင် ခါကလေးသည် ခါတိုင်းလိုပင် တွန်သံပေးရပါတော့သည်။ တွန်သံကြားလျှင် ခါတိုင်းလိုပင် ခါအုပ်များ ဝိုင်းလာကြပါတော့သည်။

မင်းကြီး၊ တစ်နေ့သောအခါ မုဆိုးသည် ရလာသမျှခါတို့ကို ခြင်းတောင်းနှင့် အပြည့်ထည့်ပြီးလျှင် တစ်ဖက်က လှောင်အိမ်ကိုဆွဲလျက် ဘုရားအလောင်းတော်ရသေ့၏တောကျောင်းကလေးသို့ ရသေ့ကိုရန် ဝင်လာခဲ့၏။ ပါလာသောခြင်းနှင့် လှောင်အိမ်ကို အသာချထားပြီးလျှင် အလောင်းတော်ရသေ့ခပ်ထားသည့်ရေကို အားပါးတရသောက်၏။ ရေသောက်၍ဝသောအခါ ထိုနေရာမှာပင် လှဲ၍ အိပ်လိုက်ရာ ချက်ချင်းပင် တခေါခေါ ဟောက်သံပေးလျက် အိပ်ပျော်သွားပါတော့သည်။

မင်းကြီး၊ လှောင်အိမ်ထဲက ခါကလေးသည် ဤသို့အခွင့်အခါသာနေသည့်အခိုက်တွင် အလောင်းတော်ရသေ့ကို အတောင်နှစ်ဖက် ပူးယှက်၍ အရိုအသေပြုကာ ဤသို့လျှောက်ထားခဲ့ပေသည်။

'အရှင်ရသေ့ဘုရား၊ တပည့်တော်၏တွန်သံကိုကြားသဖြင့် ခါအများသည် ငါတို့၏ဆွေမျိုးပါတကားဟူသောအသိဖြင့် တပည့်တော်ထံ ဝိုင်းအုံလာကြပါတော့သည်။ ထိုအခါ ထောင်ချောက်ထဲမှာ အမိခံကြရပါတော့သည်။ တပည့်တော်ကို အကြောင်းပြု၍ ဖြစ်ပွားရသောမကောင်းမှုဖြစ်သဖြင့် တပည့်တော်မှာ အပြစ်ရှိနေသလားဟု သံသယဖြစ်ပွားမိပါသည်။ ထိုသံသယကို အရှင်ရသေ့ဖြေရှင်းပေးတော်မူပါဘုရား'

မင်းကြီး၊ ခါကလေးက ဤသို့လျှောက်ထားလိုက်သောအခါ အလောင်းတော်ရသေ့က ဤသို့အဖြေပေးလိုက်၏။

'အို... ခါကလေး၊ အသင်ခါကလေး၏စိတ်ထဲမှာ မည်သို့ရှိခဲ့ပါသနည်း။ ဤခါတို့သည် ငါ့အသံကိုကြား၍ ငါ့ရုပ်အဆင်းကိုမြင်၍ ငါ့ထံသို့ ဝိုင်းလာကြပါစေ။ အဖမ်းခံကြရပါစေ၊ အသတ်ခံကြရပါစေဟု သင့်စိတ်ထဲမှာ ပြစ်မှားခဲ့မိပါသလော'

ဤသို့မေးလိုက်သောအခါ ခါကလေးက စိတ်မပြစ်မှားမိကြောင်း ဖြေကြား၏။ ဤတွင် အလောင်းတော်ရသေ့က –

'အို... ခါကလေး။ သင့်ကိုအကြောင်းပြု၍ ဤမကောင်းမှုဖြစ်ပေါ်လာရသော်ငြားလည်း သင့်စိတ်ထဲက မပြစ်မှားလျှင် သင့်မှာ အပြစ်မရှိပါ။ ဖမ်းဆီးရန် သတ်ဖြတ်ရန် မလိုလားသော သူတော်ကောင်းအား မကောင်းမှုက မကပ်ငြိနိုင်ပါ'

မင်းကြီး၊ ဤသို့အလောင်းတော်ရသေ့မိန့်ကြားခဲ့သည့်အတိုင်း သင် မင်းကြီးမှာလည်း ရဟန်းတို့ကို သတ်ဖြတ်ရန် စိတ်ဆန္ဒမရှိခဲ့သဖြင့် အပြစ်မရှိပါချေ"

ဤသို့ အရှင်မောဂ္ဂလိပုတ္တာတိသက ရှင်းလင်းမိန့်ကြားလိုက်သည်အဆုံးတွင် အသောကမင်းကြီးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုက်ရပါပေသည်။

❑

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

"အာနန္ဒာ၊ ဤမျှလောက် ထူးထူးခြားခြား ခမ်းခမ်းနားနား ပူဇော်ကြသော်ငြားလည်း ငါဘုရားကို အဟုတ်တကယ် အလေးအမြတ်ပြုရာမရောက်သေးပေ။ ပူဇော်ရာမရောက်သေးပေ။ ကိုးကွယ်ဆည်းကပ်ရာမရောက်သေးပေ"

ကုသိနာရံ အင်ကြင်းစုံအတွင်းရှိ သလွန်တော်ထက်၌ နောက်ဆုံးကျိန်းစက်ခြင်းဖြင့် ကျိန်းစက်တော်မူစဉ် ဘုရားရှင် မြွက်ကြားခဲ့သည့်မိန့်ခွန်းတော်များဖြစ်ပါ၏။

အဟောဂင်္ဂါတောင်မှ လိုက်ပါလာခဲ့သည့်အချိန်မှစတင်၍ အရှင်မောဂ္ဂလိပုတ္တတိဿသည် ဤမိန့်ခွန်းတော်ကို အထပ်ထပ်အခါခါ ရွတ်ဆိုလာခဲ့၏။ မိန့်ခွန်းတော်နှင့် ဆက်စပ်နေသည့် အခင်းအကျင်းတို့ကိုလည်း အထပ်ထပ်အခါခါမြင်ယောင်နေမိ၏။

ထိုစဉ်တုန်းက မလ္လာမင်းတို့၏ အင်ကြင်းတောတစ်ခုလုံးသည် ပင်လုံးကျွတ်ပွင့်လျက်ရှိနေကြ၏။ ရနံ့သင်းသော အင်ကြင်းပန်းတို့နှင့်အတူ ထက်ကောင်းကင်မှ မန္ဒာရဝနတ်ပန်းတို့ကလည်း တဖွဖွ တသဲသဲ ကြဲဖြန့်လျက်ရှိနေကြ၏။ နတ်စည်နတ်ညင်းနတ်တေးချင်းတို့ကလည်း ထက်ကောင်းကင်မှာ ညင်ညင်သာသာ တီးခတ်သီကျူးလျက် နေကြ၏။ ဤကဲ့သို့ ထူးထူးခြားခြား ခမ်းခမ်းနားနား ပူဇော်နေကြသည်ကို ရည်စူး၍ ဘုရားရှင်မိန့်မြွက်တော်မူခဲ့ခြင်းဖြစ်ပေသည်။

ယခင်ယခင် အချိန်များတုန်းကတော့ အလှူဒါန၏ ဂုဏ်ကျေးဇူးကို ဘုရားရှင် အထူးတလည် ချီးမွမ်းတော်မူခဲ့၏။ စေတနာထက်သန်စွာလှူဒါန်းသော ပန်းတစ်ပွင့်၏အကျိုးတရားကိုပင် အတိုင်းမသိ အနန္တအကျိုးရနိုင်ကြောင်း

မိန့်ကြားတော်မူခဲ့၏။ သို့ပါလျက် နောက်ဆုံးဖြစ်သော ထိုအချိန်တွင်ကား ဥစ္စာပစ္စည်းနှင့်ပူဇော်ခြင်းကို ပစ်ပယ်တော်မူလိုက်ပါချေပြီ။

ဤသို့ပစ်ပယ်ရခြင်းအကြောင်းကို အရှင်မဟာကဿပ စသော သာဝကကြီးတို့က ရှင်းလင်းဖွင့်ဆိုခဲ့ကြသည်မှာ ဤသို့ဖြစ်၏။

လှူရေးတန်းရေး ပူဇော်ရေးများကိုချည်း အသားပေးရှေးရှုပါလျှင် သီလ၊ သမာဓိ၊ ပညာတို့ဘက်က ယုတ်လျော့သွားတော့မည်ဖြစ်၏။ ဒါယကာ၊ ဒါယိကာမများသာမက သာသနာ့ဝန်ထမ်းရဟန်းများဘက်ကလည်း ဉာဏ်ပညာထက် သဒ္ဓါတရားကိုသာ အသားပေးလာကြတော့မည်။ သက်ဆိုင်ရာတပည့် ဒါယကာများကိုစုရုံးကာ ပူဇော်ပွဲကြီးတွေကိုသာ ဆက်ကာဆက်ကာကျင်းပနေကြပေတော့မည်။ သူ့ထက်ငါသာ မာန်မာနတလူလူဖြင့် အပြိုင်အဆိုင် ကြိုးစားကြပေတော့မည်။ ပညာမဖက် သဒ္ဓါသက်သက်ဖြင့် ပစ္စည်းလေးပါး ပူဇော်ခြင်းကိုချည်း အမွမ်းတင်၍နေကြပါလျှင် သာသနာတော်သည် တစ်ရက်တာမျှ၊ ယာဂုတစ်ခါသောက်ကလေးမျှ တည်တံ့နိုင်မည်မဟုတ်ချေ။ ဇေတဝန်ကျောင်းတော်ကြီးကဲ့သို့ ကျောင်းတော်ကြီးပေါင်းတစ်ထောင်မျှ ဆောက်လုပ်လှူဒါန်းသော် ကုသိုလ်ကံဘက်က အသားတက်သည်မှန်ပါ၏။ သို့သော် တရားတော်နှင့်အညီ ကျင့်သုံးလိုက်နာမှုမပါလျှင် သာသနာတော်ကြီးကို အဓွန့်ရှည်အောင် မစွမ်းဆောင်နိုင်ချေ။

ထို့ကြောင့် ဝတ္ထုပစ္စည်းတို့ဖြင့် ကြီးကျယ်ခမ်းနားစွာပူဇော်ခြင်းကို ဘုရားရှင်က ပစ်ပယ်တော်မူပြီးလျှင် အကောင်းဆုံးသောပူဇော်နည်းကို ညွှန်ပြတော်မူခဲ့ပေသည်။

"အာနန္ဒာ၊ ရဟန်းရှင်လူ မည်သူမဆို လောကုတ္တရာတရားကိုးပါးအားလျော်သောအကျင့်ကို ကျင့်ကြားအံ့။ ကိလေသာဟူသမျှ ငြိမ်းအေးသောနိဗ္ဗာန်အားလျော်စွာ ငြိမ်းအေးသောစိတ်နှလုံးဖြင့် ရွှင်ပြုံးစွာ ကျင့်သုံးကြားအံ့။ ထိုသူသည် ငါဘုရားအား အလေးအမြတ်ပြုသည်ဖြစ်၏။ ထို့ကြောင့် သင်ရဟန်းတို့သည် ဤသို့သာ ကျင့်ကြကုန်လော့"

သာသနာတော်ကြီးသန့်ရှင်းရေးအတွက်၊ သာသနာတော်ကြီး တည်တံ့ရေးအတွက်၊ သာသနာတော်ကြီးပြန့်ပွားရေးအတွက် အထိရောက်ဆုံးသောညွှန်ကြားချက်ကြီးပါပေတည်း။

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန် အခိုင်အမာတန်လာပြီဟူသောအသိဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿသည် အဟောဂင်္ဂါ

တောင်မှ ပြန်လည်လိုက်ပါလာခဲ့၏။ ဥယျာဉ်တော်သို့ရောက်လာသည့်တစ်ချိန်လုံးမှာလည်း ဤအရေးကိုသာ တွေးတောနေမိ၏။ ဤအရေးနှင့်ဆက်စပ်၍ မဟာပရိနိဗ္ဗာန သုတ်လာ ဘုရားရှင်၏ မိန့်ခွန်းတော်များကို ယခုမျက်မှောက်အခြေအနေနှင့် ထင်ဟပ်၍ သုံးသပ်နေမိ၏။

အသောကာရာမကျောင်းတော်ကြီးမှာ ရှိနေကြသော ရဟန်းများအနက် အများစုသည် သာသနာ့ဒါယကာကြီး၏ ရက်ရောလှသောအလှူဒါနကိုသာ စိတ်ဝင်စားနေကြ၏။ မူလကတည်းက စာဝင်နေရေးကိုအကြောင်းပြုကာ သာသနာတော်အတွင်းသို့ ဝင်ရောက်လာကြသည်ဖြစ်၍ သာသနာတော်၏ အဆုံးအမကိုကား မလိုက်နာကြပေ။ ဝိနည်းတော်နှင့် လျော်ညီသည့်ကျင့်ဝတ်များကို မကျင့်သုံးကြပေ။

ထို့အတူပင် သာသနာတော်ကို ကြည်ညိုစိတ်အပြည့်အဝရှိနေကြသည့် ရဟန်းကောင်းတို့မှာလည်း ကောင်းမြတ်သောအကျင့်ဖြင့် ဘုရားရှင်အား ပြည့်ပြည့်ဝဝ ပူဇော်ရန်မစွမ်းနိုင်ကြချေ။ အတုအယောင်ပုဂ္ဂိုလ်များနှင့်အတူ သိမ်ဝင်၍ ဥပုသ်ပြုရန်မဖြစ်နိုင်သဖြင့် တစ်လလျှင် နှစ်ကြိမ် ဥပုသ်ပြုကြရမည်ဟူသော ဘုရားရှင်၏ အမိန့်တော်ကြီးကိုပင် ချောင်ထိုးထားလိုက်ကြရ၏။

ပထမသင်္ဂါယနာတင်အရှင်မြတ်ကြီးများက 'ဝိနည်းသည် သာသနာတော်၏အသက်' ဟု မိန့်ဆိုခဲ့ကြ၏။ 'ဝိနည်းတည်နေသော် သာသနာတော်ကြီးတည်နေသည်မည်၏' ဟုလည်း ဆက်လက်၍မိန့်ဆိုခဲ့ကြ၏။

အရှင်မောဂ္ဂလိပုတ္တတိဿသည် ဤအဆိုကို လေးလေးနက်နက် ဦးထိပ်မှာ ရွက်လာခဲ့၏။ ဤအဆိုအမိန့်ကို မိမိတို့၏လက်ရှိအခြေအနေနှင့် ယှဉ်ဟပ်၍ ကြည့်လိုက်သောအခါ အားမလိုအားမရဖြစ်လာရ၏။

ဝိနည်းသည် သာသနာတော်၏အသက်ဟု ဆိုပါလျှင် ထိုအသက်ကို ဆက်လက်ရှင်သန်နေအောင်၊ အရှည်သဖြင့် တည်တံ့နေအောင် အထောက်အကူပေးမည့် အစာအာဟာရလိုအပ်နေပေသည်။ လိုအပ်နေသည့် ထိုအစာအာဟာရသည်ကား ဥပုသ်ပြုခြင်းပင် ဖြစ်ပေသည်။

တစ်လလျှင် နှစ်ကြိမ်ကျ လပြည့်လကွယ်နေ့များ၌ ဥပုသ်ပြုရခြင်းမှာ ဘုရားရှင်ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်များကို သံဃာ့ပရိသတ်အားလုံးရှေ့၌ ရွတ်ဖတ်၍ပြဆိုရခြင်းဖြစ်၏။ ဤသို့ပြဆိုလာခဲ့၍ပင် သာသနာတော်ကြီးသည် နှစ်

ပေါင်းနှစ်ရာကျော်ကျော် တည်ရှိလာခဲ့၏။ ယခု မိမိတို့လက်ထက်တွင်ကား ထို အစာအာဟာရပြတ်လပ်၍ သွားခဲ့ရချေပြီ။ အစာအာဟာရပြတ်လျှင် မတ်တတ် က လဲသွားဖို့သာ ရှိတော့သည်။

မိမိတို့ သာသနာ့ဝန်ထမ်းများဘက်က သာသနာ့တာဝန်ကို ပြည့်ပြည့်ဝဝ မထမ်းဆောင်နိုင်ကြသကဲ့သို့ပင် သာသနာ့ဒါယကာကြီးဘက်ကလည်း သာသနာ့ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ရသေးပါချေ။ မတုန်လှုပ်သော သဒ္ဓါတရား ဖြင့် သူသည် သံဃာတော်များအတွက် လိုလေသေးမရှိအောင် ထောက်ပံ့လာခဲ့၏။ ဤသို့ထောက်ပံ့ခြင်းသည် သာသနာတော်ကို ချီးမြှောက်သည့် ပဂ္ဂဟတာဝန်ဖြစ် ၏။ သာသနာ့ဒါယကာမင်းကြီးသည် ပဂ္ဂဟတာဝန်ဘက်က ကျေပွန်သလောက် နိဂ္ဂဟတာဝန်ဘက်မှ ချို့တဲ့နေ၏။ တရားတော်နှင့်အညီ နှိပ်ကွပ်သင့်သော အတု အယောင်များကို သာသနာတော်မှ ဖယ်ရှား၍မပေးခဲ့သေးသောကြောင့်ဖြစ်မည်၏။

အတုအယောင်များကို ဖယ်ရှားမပေးသမျှ သာသနာတော်ကြီး သန့်ရှင်း နေမည်မဟုတ်ပေ။ သာသနာတော်ကြီး မသန့်ရှင်းလျှင် အရှည်သဖြင့် တည်တံ့နေ မည်မဟုတ်ပေ။ အရှည်သဖြင့် မတည်တံ့နိုင်လျှင် တိုးတက်ပြန့်ပွားရေးအတွက် လည်း မျှော်လင့်၍မရနိုင်တော့ပေ။

ဤသို့သော သာသနာသန့်ရှင်းရေးကိစ္စကြီးကို မိမိဘက်က ဓမ္မစက်တစ် ခုတည်းနှင့် ပြုလုပ်၍မရပေ။ မရ၍ပင် ခုနှစ်နှစ်တိုင်တိုင် သည်အတိုင်း ကြည့်နေခဲ့ရ သည်မဟုတ်ပါလော။

ထို့အတူပင် ပြည်ရှင်မင်းတို့ဘက်ကလည်း အာဏာစက်တစ်ခုတည်းနှင့် ပြုလုပ်၍မရနိုင်ပါ။ သာသနာ့ဒါယကာကြီးသည် သံဃာတော်များ အတူတကွ ဥပုသ်ပြုနိုင်ရေးကို စိတ်စောကာ အာဏာစက်ဖြင့် အမတ်ကို စေလွှတ်ခဲ့၏။ အမတ်မိုက်၏ မိုက်မှားမှုကြောင့် ရဟန်းအမြောက်အမြား အသတ်ခံခဲ့ကြရ၏။ ဤသို့အသတ်ခံရရာတွင် အတုအယောင်များဘက်က လုံးဝမပါ။ သူတို့ကမူ လှုပ်ခနဲရှိလျှင် ရှေ့ဆုံးက ပါမိအောင်ပါမည့်သူများဖြစ်၍ သေဘေးက လွတ်နေကြ ၏။ ဆစစ်အမှန်ရဟန်းများမှာမူ သူတို့နှင့် မရောနှောနိုင်သဖြင့် အာဏာစက်နှင့် ထိပ်တိုက်တိုးခဲ့ကြရပါချေသည်။

အကယ်၍ မင်းကြီးသည် ထိုအမတ်မိုက်ကို မစေလွှတ်ဘဲ အခြားအမတ် ကို စေလွှတ်လျှင်လည်း အောင်မြင်မည်မဟုတ်ပါ။ ဤသို့အရေးအခင်းကြီးပေါ်

ပေါက်လာရခြင်းမှာ သာသနာတော်တွင် အတုအယောင်တွေ ရှိနေ၍ပင်ဖြစ်ရာ ထိုအတုအယောင်များကိုဖယ်ရှားမပစ်နိုင်သမျှ သာသနာတော်ကြီး မသန့်ရှင်းနိုင်ပါ။

"ဤသို့ဆိုလျှင် ကောင်းပါပြီ။ သာသနာတော်ကြီးသန့်ရှင်းရေးအတွက် အတုအယောင်များကို ဖယ်ရှားပေးပါမည်"

အကယ်၍ သာသနာ့ဒါယကာကြီးကိုယ်တိုင်က ဤသို့လျှောက်ထားလာသည့်တိုင်အောင် သူ့ဘက်က အာဏာစက်တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရမည်မဟုတ်ပါ။

သာသနာတော်သန့်ရှင်းရေးကိုပြုလုပ်ရန်မှာ ပထမဦးစွာ အတုအယောင်နှင့် အစစ်အမှန်ကို ခွဲခြားတတ်ရန် လိုအပ်၏။ ကျောင်းတော်ကြီးသို့သွား၍ သည် အတိုင်းကြည့်လိုက်မည်ဆိုပါက သည်ကလည်း ဝါဝါ၊ ဟိုကလည်း ဝါဝါ၊ သည် ကလည်း ခေါင်းတုံးနှင့်၊ ဟိုကလည်း ခေါင်းတုံးနှင့်။ သာမန်မျက်စိနှင့်ကြည့်၍ ကား မည်သို့မျှ ကွဲပြားမည်မဟုတ်ပါ။

အတုနှင့် အစစ်ကို ကွဲကွဲပြားပြား ကြည့်တတ်အောင် ပညာမျက်စိရှိဖို့ လို၏။ ပညာမျက်စိကို ဓမ္မစက်နှင့် ဖွင့်ပေးရပေလိမ့်မည်။ ဓမ္မစက်နှင့် အာဏာစက် နှစ်ဖက်စလုံး အချက်ကျကျ တွဲစပ်မိခါမှ သာသနာသန့်ရှင်းရေးကိစ္စကြီး အောင်မြင်ပေလိမ့်မည်။

ထို့ကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿသည် ဥယျာဉ်တော်မှာပင် သီတင်းသုံးလျက် အသောကမင်းကြီးအား ဗုဒ္ဓဒေသနာတော်များ၏ လိုရင်းအချက်များကို ပို့ချပေး၏။ ပရမတ္ထတရားလေးပါးကို အခြေပြု၍ ခန္ဓာ၊ အာယတန၊ ဓာတ်ဖွဲ့စည်းပုံ၊ သစ္စာလေးပါးခွဲခြားပုံ၊ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဘဝသံသရာလည်ပတ်ပုံ၊ ခန္ဓာငါးပါး အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံ၊ တရားရှိရှိသမျှ အနတ္တဖြစ်ပုံတို့ကို ပို့ချပေး၏။ ပြုလေသမျှအမှုကိစ္စတို့၏ ကမ္မသတ္တိနှင့်တကွ ကံ၏အကျိုးတရား စသည်တို့ကိုလည်း ပို့ချပေး၏။

ဤသို့အားဖြင့် ထေရဝါဒ ပင်မဂိုဏ်းကြီးက လက်ခံထားသည့် တရားသဘောတို့ကို ကျေညက်အောင် ပို့ချပေးပြီးလျှင် ကျန်သည့် တစ်ဆယ့်ခုနစ်ဂိုဏ်းတို့၏ အယူဝါဒများကိုလည်း ပို့ချပေး၏။ ထို့ပြင် ဗြဟ္မဇာလသုတ်၌ ဘုရားရှင် ဟောကြားတော်မူခဲ့သည့် မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတို့ကိုလည်း ခွဲခြမ်းဝေဖန်၍ဟောပြ၏။

ဤသို့ ခုနစ်ရက်တိုင်တိုင် သင်ယူမှတ်သား၍ပြီးသောအခါ အသောကမင်းကြီးသည် အသောကာရာမကျောင်းတော်ကြီးသို့ လာ၏။ ကျောင်းတော်ကြီး

ပေါ်တွင် တင်းတိမ်အကာအရံကို ကာရံစေပြီးလျှင် ကျောင်းတော်ကြီးရှိရဟန်းများထဲမှ အယူဝါဒတူရာရဟန်းတို့ကို အစုလိုက်အစုလိုက် တင်းတိမ်တွင်းသို့ ပင့်ခေါ်၏။ အခြားရဟန်းများနှင့် မရောမယှက်။ မျက်ကွယ်ဖြစ်အောင်ပြုထားပြီးမှ "အရှင်ဘုရားတို့။ အရှင်ဘုရားတို့သည် မည်သည့်အယူဝါဒ ရှိကြပါသနည်း" ဟု မေးလျှောက်၏။

ဤတွင် အမေးခံရသောရဟန်းတို့သည် မိမိတို့စွဲကိုင်ထားခဲ့သည့်အယူဝါဒကို စိတ်ပါလက်ပါ ပြောပြကြ၏။ နဂိုကပင် သူတို့သည် မိမိတို့အယူဝါဒကို ရှေ့တန်းတင်နိုင်ဖို့ ကြိုးစားနေခဲ့ကြလေရာ သာသနာ့ဒါယကာကြီးကိုယ်တိုင်က ယခုလို လိုလိုလားလားမေးလာသည့်အခါ ပို၍အားတက်သရောရှိလာကြ၏။

သဿတဝါဒစွဲရှိသူတို့က 'အတ္တာသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏' ဟု ပြောပြကြ၏။ ဧကစ္စသဿတဝါဒသမားတို့ကမူ အချို့တရားကို မမြဲပါဟု ဝန်ခံပြီးလျှင် အချို့ကိုကား မြဲပါသည်ဟူ၍ပင် စွဲကိုင်ထားကြ၏။ ဥဿော်ဒဝါဒသမားကမူ သူတို့နှင့်ဆန့်ကျင်ကာ 'သတ္တာဝါတစ်ဦးဦးသေဆုံးသွားလျှင် တစ်ခါတည်း ပြတ်တောက်သွားတော့သည်' ဟု ပြောပြကြ၏။

အခြားအယူဝါဒများဖြစ်ကြသည့် အန္တာနန္တိက၊ အမရာဝိက္ခေပိက၊ အဓိစ္စသမုပ္ပန္နိက၊ သညီဝါဒ၊ အသညီဝါဒ၊ နေသညီ နာသညီဝါဒ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒသမားတို့ကလည်း မိမိတို့အယူဝါဒကို အမွှမ်းတင်၍ပြောပြကြ၏။

ထို့ပြင် ထေရဝါဒသံဃာ့အဖွဲ့အစည်းကြီးမှ ပထမဦးစွာ ခွဲထွက်သွားခဲ့သည့် မဟာသံဃိကဂိုဏ်းဝင်များ၊ ကွဲလက်စနှင့် ဆက်လက်ကွဲလာခဲ့ကြသော မဟာသံဃိကအနွယ်ဝင်ဂိုဏ်းကွဲများ၊ ထို့ပြင် မူလထေရဝါဒဂိုဏ်းကြီးမှ ခွဲထွက်လာခဲ့သည့် ဂိုဏ်းဝင်များသည်လည်း သာသနာ့ဒါယကာကြီး၏ ရှေ့မောက်သို့ အစုလိုက်အစုလိုက် ရောက်လာကြရ၏။ အုပ်စုအသီးသီးကို ကိုယ်စားပြုသည့် ဦးစီးခေါင်းဆောင်ရဟန်းများက မိမိတို့၏ အယူဝါဒကို အမွှမ်းတင်၍ပြောပြကြ၏။

ဤသို့ပြောပြခြင်းဖြင့်ပင် သူတို့၏ တရားကို သူတို့ဘာသာ အဆုံးအဖြတ်ပေးပြီးဖြစ်သွားကြပေသည်။

အသောကမင်းကြီးသည် ထိုရဟန်းတို့ပြောကြားချက်များကို သေသေချာချာကြားနာပြီးလျှင် မိမိ သင်ယူမှတ်သားထားသောအချက်များနှင့် ချိန်စက်၍ကြည့်၏။ ဘုရားကိုယ်တော်မြတ် ဟောကြားထားခဲ့သည့် ဒေသနာတော်များနှင့်

နိုင်းယှဉ်ကြည့်၏။ သူတို့သူတို့တစ်တွေ၏ အယူဝါဒများမှာ ဒေသနာတော်များနှင့် လုံးဝဆန့်ကျင်နေသည်ကို တွေ့လာရ၏။

ထို့ကြောင့် ထိုရဟန်းအုပ်စုအသီးသီးကို အမှုထမ်းများအား သေချာစွာမှတ်သားထားစေပြီးလျှင် နောက်ဆုံးကျန်နေသေးသည့် ရဟန်းအုပ်စုကို တင်းတိမ်တွင်းသို့ပင့်၍ မေးလျှောက်၏။

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် မည်သည့်အယူဝါဒရှိကြပါသနည်း" ဟု မေးလျှောက်ရာ –

"မင်းကြီး၊ ငါတို့သည် ဝိဘဇ္ဇဝါဒရှိသူများ ဖြစ်ကြပေကုန်၏"

"အရှင်ဘုရားတို့၊ ဝိဘဇ္ဇဝါဒဟူသည်မှာ အဘယ်သို့ပါနည်း"

"မင်းကြီး၊ ငါတို့သည် သဿတ ဟူသော အစွန်းတစ်ဖက်သို့လည်း မကပ်ရောက်ကုန်။ ဥစ္ဆေဒဟူသော အစွန်းတစ်ဖက်သို့လည်း မကပ်ရောက်ကြကုန်။ ပဋိစ္စသမုပ္ပါဒ်တရားသဘောအရ အကြောင်းပြု၍ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို ဉာဏ်ပညာဖြင့် ပိုင်းခြားဝေဖန်၍ သိမြင်ကြကုန်၏။ သိမြင်ကြသည့် အတိုင်းလည်း ထုတ်ဖော်ဟောကြားကြကုန်၏။ ထို့ကြောင့် ဝိဘဇ္ဇဝါဒရှိသည်ဟု ဆိုကြရခြင်းဖြစ်ပေသည်"

"ကောင်းပါပြီ အရှင်ဘုရား။ အရှင်ဘုရားတို့၏ဝါဒသည်ကား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဒေသနာတော်အတိုင်း ဖြစ်ပါပေသည်"

ဤသို့ ဝမ်းမြောက်ဝမ်းသာလျှောက်ထားပြီးလျှင် ယခင်ရဟန်းအသီးသီးတို့ကို အဝတ်ဖြူဆီးစေ၍ သာသနာ့ဘောင်မှ နှင်ထုတ်လိုက်ပေတော့သည်။

ထို့နောက် အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿ၏ ခြေတော်အစုံ၌ ဦးခိုက်လျက် ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော်သည် ပဂ္ဂဟ၊ နိဂ္ဂဟ နှစ်ဌာနလုံးဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါပြီဘုရား"

"သာဓု၊ သာဓု၊ သာဓု"

❑

ငါးခုမြောက်အဘိဓမ္မာကျမ်းကြီး

အတုအယောင်ပုဂ္ဂိုလ်များ ကင်းရှင်းသွားပြီဖြစ်၍ သာသနာတော်ကြီး သန့်ရှင်းလာပြီဖြစ်လေရာ အသောကာရာမကျောင်းတော်ရှိ ရဟန်းအပေါင်းသည် တညီတညွတ်တည်း စုဆေး၍ ဥပုသ်ပြုကြကုန်၏။ ထိုသံဃာ့အစည်းအဝေးကြီး၌ အရှင်မောဂ္ဂလိပုတ္တာတိဿသည် ကထာဝတ္ထုကျမ်းကြီးကို ထုတ်ဖော်ဟောကြားလိုက်ပေသည်။

ထိုကျမ်းကြီးကို အရှင်မောဂ္ဂလိပုတ္တာတိဿသည် မိမိဉာဏ်စွမ်းသက်သက်ဖြင့် အသစ်တီထွင်၍ဟောကြားခြင်းမဟုတ်ပေ။ ဘုရားရှင်ကိုယ်တော်တိုင် အကျဉ်းအားဖြင့် ဟောကြားထားခဲ့သော အခြေခံမူရှစ်ချက်ကို အခြေပြုကာ အကျယ်အားဖြင့် ဖွင့်ဆိုဟောကြားခြင်းသာ ဖြစ်ပေသည်။

တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်ရင်း၌ အဘိဓမ္မာဒေသနာတော်ကို ဘုရားရှင်ဟောကြားတော်မူစဉ်က ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာနှင့် ပုဂ္ဂလပညတ်ကျမ်းများကို အပြည့်အစုံဟောကြားတော်မူခဲ့၏။ ငါးခုမြောက် ကထာဝတ္ထုကျမ်းကြီးအလုပ်သို့ရောက်သောအခါ အပြည့်အစုံမဟောတော့ဘဲ အခြေခံမူရှစ်ချက်နှင့်တကွ ဘာဏဝါရတစ်ခုစာ မပြည့်တတ်သောစကားအစဉ်ဖြင့် အကျဉ်းချုပ် ဟောကြားတော်မူခဲ့ပေသည်။

အခြေခံမူရှစ်ချက်ဟူသည်မှာ -

၁။ သုဒ္ဓသစ္ဆိကဋ္ဌ

၂။ ဩကာသသစ္ဆိကဋ္ဌ

၃။ ကာလသစ္ဆိကဋ္ဌ

၄။ ဆဝယဝသစ္ဆိကဋ္ဌ ဟူ၍ သစ္ဆိကဋ္ဌ ၄ ချက်ကို မှတည်ကာ -

(က) အနုလောမပစ္စနိုက

(ခ) ပစ္စနိုကာနုလောမတို့ဖြင့် မြှောက်ပွားထား၍ အမေးအဖြေပြုထားသဖြင့် အခြေခံမူ ၈ ချက် ပေါ်ထွက်လာပေသည်။

ဤသို့ အကျဉ်းချုပ်မျှသာ ဟောကြားရခြင်းမှာ အနာဂတ်သာသနာတော်၌ အရှင်မောဂ္ဂလိပုတ္တာတိသ ပေါ်ထွန်းလာမည့်အရေးကို အနာဂတံသဉာဏ်တော်ဖြင့် ကြိုကြိုတင်တင် မြင်တော်မူ၍ ဖြစ်ပေသည်။

"နောင်အနာဂတ်ကာလ သာသနာနှစ်နှစ်ရာကျော်လာသောအခါတွင် မောဂ္ဂလိပုတ္တာတိသ အမည်ရှိသော ရဟန်းသည် ငါဘုရား ထားခဲ့သည့် အခြေခံမူရှစ်ချက်ကို အခြေပြု၍ ကထာဝတ္ထုကျမ်းကြီးကို အကျယ်အားဖြင့် ဟောကြားပေလတ္တံ့။ ထိုကျမ်းကြီးတွင် သကပက္ခ၌ ဝါဒငါးရာ၊ ပရပက္ခ၌ ဝါဒငါးရာ နှစ်ရပ်ပေါင်းသော် တစ်ထောင်သောဝါဒတို့ကို ရှင်းလင်းဝေဖန်၍ ပြဆိုပေလတ္တံ့"

ဤသို့ ကြိုကြိုတင်တင် သိမြင်ထားတော်မူခဲ့သဖြင့် ကထာဝတ္ထုကျမ်းကို အကျဉ်းချုပ်မာတိကာမျှသာ ဟောကြားပြီးလျှင် ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းကြီးတို့ကို ဆက်လက်၍ အပြည့်အစုံဟောကြားတော်မူခဲ့ပေသည်။

အရှင်မောဂ္ဂလိပုတ္တာတိသသည် ထိုစဉ်တုန်းက ဘုရားရှင်ထားတော်မူခဲ့သည့် အခြေခံမူရှစ်ချက်ကို မာတိကာအဖြစ် အခြေခံထားကာ ပုဂ္ဂလဝါဒအမြောက်အမြားဖြင့် အကျယ်တဝင့် ဟောကြားခဲ့ပေသည်။

တတိယမဟာသာဝကဖြစ်သော အရှင်မဟာကဿပသည် အသောကာရုဏ်းကြီးပေါ်ထွန်းလာမည့်အရေးကို ကြိုတင်၍ မြင်ထားခဲ့၏။ ထို့အတူပင် ဘုရားရှင်ကိုယ်တော်တိုင်ကလည်း အနာဂတ်သာသနာတော်ကြီး၏ ဦးစီးခေါင်းဆောင်ကပည့်သာဝကကြီးတစ်ပါးကို ကြိုတင်၍ မြင်တော်မူထားခဲ့ပါပေသည်။

အရှင်မောဂ္ဂလိပုတ္တာတိသ ဤကထာဝတ္ထုကျမ်းကြီး၌ မိမိလက်ထက်တွင် ပေါ်ပေါက်လာသည့်ဝါဒအမှားတို့ကိုလည်း ရှင်းလင်းဖော်ပြ၏။ နောက်နောင်အခါတွင် ပေါ်ပေါက်လာစရာရှိနေသည့် ဝါဒအမှားတို့ကိုလည်း ကြိုတင်၍ ဖြရှင်းပေးထားခဲ့၏။ သာသနာတော်ကြီးသန့်ရှင်းရေးအတွက် အရေးပါလှသောကျမ်းကြီးတစ်စောင်ပင် ဖြစ်ပါပေသည်။

သာသနာတော်သန့်ရှင်းရေးအတွက် အရေးပါလှသဖြင့် ဤကျမ်းကြီးသည် သာသနာတော်ကြီး အဓွန့်ရှည်ရေးအတွက်လည်း ဖြစ်ပါ၏။ သာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက်လည်း ဖြစ်ပါ၏။

အလင်းသစ်စာပေ

ထို့ကြောင့် ထိုနေ့ထိုရက်မှစတင်ကာ ကထာဝတ္ထုကျမ်းကြီးကို ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် အဘိဓမ္မာပါဠိတော်ကျမ်းကြီးများတွင် ထည့်သွင်း၍ ရေတွက်ကြရ၏။

အရှင်ကစ္စာန၊ အရှင်အာနန္ဒာ စသော မဟာသာဝကကြီးများ ဟောကြားသည့် သုတ္တန်တရားတော်တို့ကို ဘုရားရှင်က အနုမောဒနာပြုတော်မူလိုက်သော အခါ သာဝကဘာသိတ မဟုတ်တော့ဘဲ ဗုဒ္ဓါဘာသိတ ဒေသနာတော်များတွင် အပါအဝင်ဖြစ်သွားပေတော့သည်။

ထို့အတူပင် ဤကထာဝတ္ထုကျမ်းကြီးသည်လည်း ဘုရားရှင်၏ဉာဏ်တော်ကို အမှီပြုကာ ဘုရားရှင်ထားတော်မူခဲ့သော အခြေခံမူရုစ်ချက်ကို မာတိကာပြု၍ အကျယ်တဝင့်ဟောကြားထားသဖြင့် အဘိဓမ္မာခုနစ်ကျမ်း၌ ထည့်သွင်းကာ ဘုရားဟောပါဠိတော်အဖြစ်ဖြင့် အလေးအမြတ်ပြုလာခဲ့ကြပါပေသည်။

သာဟသိကာ သင်္ဂါယနာ

ထို့နောက် အရှင်မောဂ္ဂလိပုတ္တတိဿသည် သံဃာ့ပရိသတ်၌ သင်္ဂါယနာတင်ရေးကိစ္စကို ဆွေးနွေးတင်ပြ၏။

"ငါ့ရှင်တို့၊ အရှင်မဟာကဿပ၊ အရှင်ယသတို့လက်ထက်မှစ၍ ငါတို့များ လက်ထက်အထိ ဓမ္မ ဝိနယ ပိဋကသုံးပုံတို့ကို ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့သည့်အတိုင်း ဆောင်ယူမှတ်သား၍ လာခဲ့ကြ၏။ ထို့အတူပင် အရှင်မဟာကဿပ စသော ရှေးရှေးက သင်္ဂါယနာတင်အရှင်မြတ်ကြီးတို့ ဖွင့်ဆိုခဲ့ကြသည့် အဋ္ဌကထာတို့ကိုလည်း ငါတို့များ လေးလေးစားစား သင်ယူမှတ်သားခဲ့ကြရကုန်၏။ ငါတို့များမှတစ်ဆင့် ငါတို့၏တပည့်ပရိသတ်များကို ပို့ချသင်ကြား၍ ပေးခဲ့ကြရကုန်၏။

နဂိုမူလကတည်းက သန့်ရှင်းစင်ကြယ်လာခဲ့သော ထေရဝါဒသာသနာတော်သည် ဂိုဏ်းခွဲထွက်ခဲ့သော ရဟန်းများ၊ အတုအယောင်ရဟန်းများကြောင့် မေးမိန်၍နေခဲ့ရ၏။ မသန့်မရှင်းဖြစ်ခဲ့ရ၏။ ယခုသော်ကား သာသနာ့ဆူးငြောင့် ခလုတ်တို့ ကင်းရှင်း၍သွားကြပေပြီ။ ထေရဝါဒသာသနာတော်ကြီး စင်ကြယ်သန့်ရှင်း၍သွားပေပြီ။ ဤသို့ သန့်ရှင်းစင်ကြယ်လာခဲ့သည့် ထေရဝါဒသာသနာတော်ကြီးကို ငါတို့၏ သိသာနသိသ တပည့်အဆက်ဆက်ထံသို့ ရှေးမူမပျက်ဘဲ လက်ဆင့်ကမ်းနိုင်ဖို့ လိုအပ်ပေသည်။

ငါ့ရှင်တို့၊ ဤသို့ လက်ဆင့်ကမ်းရာတွင် ငါတို့၏တပည့်အဆက်ဆက်များ ယုံမှားသံသယကင်းကင်းနှင့် ဆက်လက်သယ်ဆောင်နိုင်ကြစေရန် ငါတို့များ သင်္ဂါယနာတင်ကြကုန်အံ့။ အရှင်မဟာကဿပ၊ အရှင်ယသတို့၏ကောင်း

မြတ်သော အစဉ်အလာကိုဆက်ခံကာ သာသနာတော်ကြီးအဓွန့်ရှည်ရေး၊ ပြန့်ပွားရေးကို ဆောင်ရွက်ကြကုန်အံ့"

"ကောင်းပါပြီအရှင်ဘုရား"

သံဃနာယကအရှင်မောဂ္ဂလိပုတ္တတိဿ၏ တင်ပြချက်ကို သံဃာ့ပရိသတ်က တညီတညွတ်တည်း ထောက်ခံကြ၏။

ဤတွင် သံဃနာယကအရှင်မြတ်ကြီးသည် သင်္ဂါယနာတင်ရာတွင် ပါဝင်ဆောင်ရွက်ရမည့် သင်္ဂီတိကာရက ပုဂ္ဂိုလ်တစ်ထောင်ကို သံဃာ့ပရိသတ်ထဲမှ ရွေးကောက်ယူ၏။

အနာဂတ်သာသနာတော်ကြီးအတွက် အလွန်တရာအရေးပါလှသော ကိစ္စကြီးဖြစ်သဖြင့် ရဟန္တာပုဂ္ဂိုလ်တိုင်းပင် ပါဝင်ခွင့်မရကြပေ။ ပိဋကသုံးပုံကိုလည်း ဆောင်နိုင်ပါမှ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်း ရရှိပါမှ၊ ဝိဇ္ဇာဉာဏ်သုံးပါးကိုလည်း ရရှိပါမှ ပါဝင်ခွင့်ရကြ၏။

ထိုကဲ့သို့ အဘက်ဘက်မှ ထူးချွန်ထက်မြက်သည့်ပုဂ္ဂိုလ်တို့ကို ရွေးချယ်ပြီးလျှင် သာသနာ့ဒါယကာကြီးထံသို့ ထိုအကြောင်းကိုမိန့်ကြားကြ၏။ သာသနာ့ဒါယကာကြီးကလည်း အဘက်ဘက်မှ လိုအပ်သမျှသော အထောက်အကူများ ပေးရန် တာဝန်ယူလိုက်၏။ သင်္ဂါယနာတင်ပွဲကြီးအတွက် ပြင်ဆင်ဖွယ်ကိစ္စအဝဝကို အမတ်များအား တာဝန်ပေးအပ်၏။ လိုအပ်သော ရိက္ခာတော်များ၊ ဘဏ္ဍာတော်များကို ထုတ်ပေးစေ၏။

ထို့နောက် သင်္ဂါယနာတင်ရမည့်နေရာကို စဉ်းစားကြသောအခါ သံဂီတိကာရကရဟန်းတစ်ထောင်အတွက် သက်သောင့်သက်သာနေလောက်သော အသောကာရာမကျောင်းတော်ကြီးကိုပင် အများသဘောတူ ဆုံးဖြတ်ကြ၏။ ထို့ပြင် သာသနာတော်နှစ် ၂၃၅ နှစ်မြောက်၊ နယုန်လဆန်း ၁ ရက်နေ့မှစ၍ သင်္ဂါယနာတင်ရန်လည်း ဆုံးဖြတ်၍ သတ်မှတ်ကြ၏။

သတ်မှတ်ထားသည့်ရက်သို့ရောက်သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော သံဂီတိကာရကပုဂ္ဂိုလ်တစ်ထောင်တို့သည် အသောကမင်းကြီး၏ အထောက်အပံ့နှင့် အစောင့်အရှောက်ကိုခံယူကာ အသောကာရာမကျောင်းတော်ကြီး၌ သင်္ဂါယနာတင်ကြကုန်၏။ ဓမ္မ ဝိနယ ပိဋကသုံးပုံ ပါဋိတော်များနှင့်တကွ အရှင်မဟာကဿပစသော မထေရ်မြတ်ကြီးများ ဖွင့်ဆိုထားခဲ့သည့် အဋ္ဌကထာများကိုပါ တစ်ရက်စာ၊ တစ်ရက်စာ ပိုင်း၍ စုပေါင်းရွတ်ဆိုကြကုန်၏။

အလင်းသစ်စာပေ

ယခင် သင်္ဂါယနာနှစ်ကြိမ်တုန်းက အဘိဓမ္မာခုနစ်ကျမ်းတွင် ငါးကျမ်းမြောက် ကထာဝတ္ထုကျမ်းကို အခြေခံမူရှစ်ချက်မျှသာ သင်္ဂါယနာတင်ခဲ့ကြရ၏။ ယခု သင်္ဂါယနာတွင်ကား အဘိဓမ္မာခုနစ်ကျမ်းလုံး အပြည့်အစုံရှိလာခဲ့ပေပြီ။

ထို့အတူပင် ဒုတိယသင်္ဂါယနာတင်ပြီးသည့်နောက်၌ ပေါ်ပေါက်လာခဲ့ကြသည့် ရဟန္တာပုဂ္ဂိုလ်တို့၏ ဟောကြားချက်တို့ကို ထေရဂါထာ၊ ထေရီဂါထာ၊ ထေရအပဒါန်၊ ထေရီအပဒါန်တို့၌ ဆက်လက်သွတ်သွင်း၍ မှတ်တမ်းတင်ထားခဲ့ကြပေသည်။

ရှေးက ကျင်းပခဲ့သည့် သင်္ဂါယနာနှစ်ကြိမ်ကိုထောက်ရှု၍ ဤသင်္ဂါယနာကို တတိယသင်္ဂါယနာဟူ၍လည်း၊ ခေါ်ဝေါ်ကြရ၏။ ထို့အတူပင် သံဂီတိကာရက ရဟန္တာပုဂ္ဂိုလ်တစ်ထောင်တို့ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် သာဟသိကာဟူ၍လည်း၊ ခေါ်ဝေါ်ကြရ၏။

သာဟသိကာ သင်္ဂါယနာပွဲတော်ကြီးသည် စတင်ကျင်းပသည်မှ ကိုးလအကြာ တပို့တွဲလအတွင်းမှာ အောင်မြင်စွာ ပြီးဆုံးခဲ့ပါပေသည်။

❑

အလင်းသစ်စာပေ

နောက်ဆက်တွဲ (က)
ထေရဝါဒသာသနာတော်

သင်္ဂီယနာသုံးတန်၌ တင်ထားအပ်သော ဘုရားဟောဒေသနာတော်များနှင့် ဖွင့်ဆိုချက်များသည် အရှင်မဟာကဿပ စသော မထေရ်မြတ်ကြီးတို့က စီစစ်ဝေဖန်၍ အများသဘောတူ အတည်ပြုမှတ်တမ်းတင်ထားခဲ့ကြသဖြင့် ထေရဝါဒဟု အမည်ရပေသည်။ ထိုထေရဝါဒသည်ပင်လျှင် ဘုရားရှင်၏အဆုံးအမတော်များဖြစ်နေ၍ ထေရဝါဒသာသနာတော်ဟု ခေါ်ဆိုရပေသည်။

သင်္ဂီယနာတင်ပုဇ္ဈတ်လမ်းစုံတို့ကို တင်ပြအပြီးတွင် ထိုသင်္ဂီယနာသုံးတန်၌ တင်ထားခဲ့သော ဒေသနာတော်ငှဲ့ကို ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ နိဒါနကထာ၊ ပထမသင်္ဂီယနာခန်းအပြီးတွင် ဆက်လက်ပြဆိုထားပါသည်။ ထို စကားစဉ်ကို အခြေပြု၍ ထေရဝါဒသာသနာတော်ဟူသော ခေါင်းစဉ်ဖြင့် နောက်ဆက်တွဲအဖြစ် ဖော်ပြအပ်ပါသည်။

ထိုထေရဝါဒသာသနာတော်ဟူ၍ ခေါ်ဆိုအပ်သော ထိုဒေသနာတော်တို့သည် -

- ရသအားဖြင့် ၁ ပါးတည်း ရှိ၏။
- ဓမ္မ ဝိနယအားဖြင့် ၂ ပါး ရှိကုန်၏။
- ဝိဇ္ဇက စသည်တို့၏အစွမ်းအားဖြင့် ၃ ပါးစီ ရှိကုန်၏။
- နိကာယအားဖြင့် ၅ ပါး ရှိကုန်၏။
- အင်္ဂ[illegible] ၉ ပါး ရှိကုန်၏။
- ဓမ္မက္ခန္ဓ[illegible]ဖြင့် ၈၄၀၀၀ ရှိကုန်၏။

ထိုတွင် -

ရဿအားဖြင့် ၁ ပါး

အတုမရှိ မြင့်မြတ်စွာသော သမ္မာသမ္ဗောဓိညာဏ်တော်ကြီးကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစတင်၍ အနုပါဒိသေသ ပရိနိဗ္ဗာန်စံတော်မူသည်အထိ လေးဆယ့်ငါးဝါတိုင်တိုင် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဒေသနာတော်အလုံးစုံသည် ဝိမုတ္တိဟူသော နိဗ္ဗာန်သို့ရောက်စေနိုင်သော ကိစ္စတစ်ခုတည်းသာရှိ၏။ ဘုရားဟောဒေသနာတော်အားလုံးသည် နိဗ္ဗာန်ရောက်ရေးကိစ္စတစ်ခုတည်းသာ ဆောင်ရွက်သည်ဟု ဆိုလို၏။ ထိုဝိမုတ္တိကိစ္စဟူသော နှစ်ပုဒ်တွဲစကားမှ ကိစ္စဟူသောပုဒ်ကို ရဿဟူသောပုဒ်နှင့် အလဲအလှယ်ပြုကာ ဝိမုတ္တိရဿအားဖြင့် တစ်ပါးတည်းသာ ရှိ၏ဟု ကျမ်းဂန်များက ဆိုရိုးပြုခဲ့ကြ၏။ ရဿဟူသောပုဒ်သည် ဤနေရာ၌ ပြုဖွယ်ကိစ္စကို ဆိုလိုပေသည်။

တစ်ပါးတည်းသာရှိနေသော ထိုဒေသနာတော်ကို နည်းအမျိုးမျိုးနှင့် ခွဲခြမ်းစိတ်ဖြာကြည့်လိုက်သောအခါတွင်ကား ၂ ပါး၊ ၃ ပါး၊ ၅ ပါး စသဖြင့် ကွဲပြားု၍ လာကြပြန်ပေသည်။

ဓမ္မ၊ ဝိနယအားဖြင့် ၂ ပါး

ဘုရားဟောဒေသနာတော်များတွင် –

၁။ အလုံးစုံသော ဝိနယပိဋကသည် ဝိနယမည်၏။

၂။ အခြားသော ပိဋကနှစ်ပုံသည် ဓမ္မမည်၏။

ဤသို့ ဓမ္မ၊ ဝိနယ နှစ်မျိုးခွဲခြား၍ ဟောကြားခြင်းကို မဟာပရိနိဗ္ဗာနသုတ်တွင် ဘုရားရှင် နောက်ဆုံးမှာကြားသည့် မိန့်ခွန်းတော်များမှာလည်း တွေ့နိုင်၏။ ပထမသင်္ဂါယနာတင်အရှင်မြတ်ကြီးတို့ သင်္ဂါယနာတင်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ကြသောစကား၌လည်းကောင်း၊ သင်္ဂါယနာတင်သောအခါ အမေးပုဂ္ဂိုလ်နှင့် အဖြေပုဂ္ဂိုလ်တို့က သံဃာကို အသိပေးသည့် (ဥတ်ထားသည့်) စကားတို့၌လည်း ကောင်း တွေ့နိုင်ပေသည်။

ပထမဗုဒ္ဓဝစန စသည်အားဖြင့် ၃ ပါး

ဘုရားဟောဒေသနာတော်များတွင် –

၁။ ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဗောဓိပင်နှင့် ရွှေပလ္လင်၌ စိတ်တော်အားဖြင့် ရှေးဦးစွာဟောကြားတော်မူခဲ့သော (အနေကဇာတိသံသာရံ) စသော ၂၀ ကထာခွဲသည် ပထမဗုဒ္ဓဝစနမည်၏။

၂။ ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌ နောက်ဆုံးမြွက်ကြားတော်မူခဲ့သော (ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ) ဟူသောမိန့်ခွန်းတော်သည် မဇ္ဈိမဗုဒ္ဓဝစနမည်၏။

၃။ ထိုနှစ်ခုအကြား၌ ဟောကြားခဲ့သည့် ဒေသနာတော်များသည် ပစ္ဆိမဗုဒ္ဓဝစန မည်၏။

ဝိဥကအားဖြင့် ၃ ပုံ

(၁) ဝိနယပိဋကတ်

ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက် ၂ ပါး၊ ဘိက္ခုဝိဘင်းနှင့် ဘိက္ခုနီဝိဘင်းအားဖြင့် ဝိဘင်း ၂ ပါး၊ ခန္ဓက ၂၂ ပါးနှင့် ပရိဝါရ ၁၆ ပါးတို့သည် ဝိနယပိဋကတ် မည်၏။

ခန္ဓက ၂၂ ပါးတို့တွင် ပါဝင်သော ပဌမသင်္ဂါယနာတင်ပုံတော်လမ်းစုံကို မှတ်တမ်းတင်ထားခြင်းဖြစ်၏။ ထို့ကြောင့် ထိုခန္ဓကသည် ပထမသင်္ဂါယနာတင်ရာတွင် မပါဝင်သေးဘဲ ဒုတိယသင်္ဂါယနာကျမှ ပါဝင်ရ၏။ ထို့အတူပင် သတ္တသတိကခန္ဓကသည်လည်း ဒုတိယသင်္ဂါယနာတင်ပုံတော်လမ်းစုံကို မှတ်တမ်းတင်ထားခြင်းဖြစ်၍ တတိယသင်္ဂါယနာကျမှ ပါဝင်ရ၏။ ဝိနည်းပညတ်ချက်တွင်အကျုံးဝင်သော ဒေသနာတော်အားလုံးကိုစုပေါင်းကာ ဝိနယပိဋကဟု သံဂီတိကာရကမထေရ်ကြီးများက သတ်မှတ်ထားခဲ့ကြ၏။

(၂) သုတ္တန်တဝိဋကတ်

ဇြဟ္မာလ စသော ၃၄ သုတ်တို့ကို စုပေါင်းထားသည့် ဒီဃနိကာယ်။

မူလပရိယာယစသော သုတ် ၁၅၀ တို့ကို စုပေါင်းထားသည့် မဇ္ဈိမနိကာယ်။

သြယတရဏ အစရှိသော ၇၇၆၂ သုတ်တို့ကို စုပေါင်းထားသည့် သံယုတ္တနိကာယ်။

စိတ္တပရိယာဒါန် အစရှိသော ၉၅၂၇ သုတ်တို့ကို စုပေါင်းထားသည့် အင်္ဂုတ္တရနိကာယ်။

ဒဋ္ဌကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာန်ဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ အပဒါန်၊

ဗုဒ္ဓဝံသ၊ စရိယာပိဋကအား‌ဖြင့် ၁၅ ကျမ်း‌တို့‌ကို စုပေါင်း‌တား‌သည့် ခုဒ္ဒက နိကာယ်။

ဤသို့ နိကာယ် ၅ ရပ်မှ ဒေသနာတော်အား‌လုံး‌ကို စုပေါင်း‌ကား သုတ္တန္တ ပိဋကဟု ခေါ်၍ သတ်မှတ်ထား‌ကြ၏။

(၃) အဘိဓမ္မာပိဋက

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း‌အား‌ဖြင့် အဘိဓမ္မာခုနစ်ကျမ်း‌ကို စုပေါင်း‌ကာ အဘိဓမ္မာပိဋကဟု ခေါ်၍ သတ်မှတ်ထား‌ကြ၏။

ဤသို့ ပိဋကသုံး‌ပုံအတွက် သတ်မှတ်ချက်များ‌ကို ပြဆို‌ပြီး‌လျှင် ဝိနည်း စသည် အမည်ရပုံ‌ကိုလည်း အဋ္ဌကထာက ဖွင့်ပြထား‌ပေသည်။

၁။ ဝိနည်း‌အမည်ရပုံ

ဝိနည်း‌ဟူသည်မှာ ဝိနယဟူသော ပါဠိစကား‌မှ ဆင်း‌သက်လာသော ပါဠိပျက်ဝေါဟာရတစ်ခု‌ဖြစ်၏။ ဝိနယဟူသောပုဒ်‌ကို ဝိ + နယ ဟူ၍ နှစ်ပုဒ်ခွဲ‌ကာ–

(က) ဝိ = အမျိုး‌မျိုး‌သော၊ နယ = နည်း‌ရှိသော ပညတ်တော်
(ခ) ဝိ = ထူး‌ခြား‌သော၊ နယ = နည်း‌ရှိသော ပညတ်တော်
ဟူ၍ အဓိပ္ပာယ် နှစ်မျိုး‌ထွက်၏။

(က) အရ အမျိုး‌မျိုး‌သောနည်း‌ဟူသည်မှာ ပါတိမောက္ခုဒ္ဒေသ ၅ မျိုး၊ အာပတ် ၇ ပုံ‌တို့၏ ခေါင်း‌စီး‌မာတိကာ စသည်တို့‌ဖြစ်၏။

(ခ) အရ ထူး‌ခြား‌သောနည်း‌ဟူသည်မှာ လောကကြောင်း‌အရ အပြစ်ရှိသော သိက္ခာပုဒ်တို့‌ကို တို်း၍တင်း‌ကျပ်ပေး‌ခြင်း၊ လောကကြောင်း‌အရ အပြစ်မရှိဘဲ ပညတ်တော်အရသာ အပြစ်ရှိသောသိက္ခာပုဒ်တို့‌ကို ဖြေလျှော့‌ပေး‌ခြင်း စသည်တို့‌ဖြစ်၏။

(ဂ) ဝိနယဟူ၍ တစ်ပေါင်း‌တည်း‌ပြုထား‌သောပုဒ်၏ ဆုံး‌မခြင်း၊ တား‌မြစ်ခြင်း အနက်အဓိပ္ပာယ်အား‌ဖြင့်လည်း ဝိနယ မည်၏။ ဆုံး‌မခြင်း၊ တား‌မြစ်ခြင်း ဟူသည်မှာ ကာယကံကျူး‌လွန်မှုနှင့် ဝစီကံကျူး‌လွန်မှုတို့‌ကို မကျူး‌လွန်‌ဖြစ်အောင် ဆုံး‌မခြင်း၊ တား‌မြစ်ခြင်း‌တို့‌ဖြစ်၏။ ဤသို့‌သော အနက်အဓိပ္ပာယ်တို့‌ကြောင့် ဝိနယဟူ၍ခေါ်ဆို‌ရပေသည်။

၂။ သုတ္တန္တပိဋက

သုတ္တနှင့် သုတ္တန္တ အတူတူဖြစ်၍ သုတ္တန္တ၌ ပါဝင်သော အန္တသဒ္ဒါသည် အနက်ထူးမရှိပါ။ ရွတ်ဆို၍ကောင်းရုံမျှသာ ထည့်ထားသော သဒ္ဒါအစိတ်အပိုင်းတစ်ခု ဖြစ်၏။

သုတ္တဟူသောပုဒ်ကို -

(က) သုဝုတ္တ = (တရားနာပရိသတ်တို့၏စိတ်ဆန္ဒအားလျော်စွာ တရားသဘောတို့ကို) ကောင်းစွာဟောကြားရာ။

(ခ) သဝန = (ကောက်ပင်မှ စပါးနှံသီးလာသကဲ့သို့ အကျိုးတရားတို့ကို) ဖြစ်ထွန်းလာစေတတ်ခြင်း။

(ဂ) သူဒန = (နွားမ၏ထံမှ နို့ရည်စီးကျလာသကဲ့သို့ အကျိုးတရားတို့ကို) ယိုစီးကျလာစေခြင်း။

(ဃ) သုတ္တဏာ = ထိုအကျိုးတရားတို့ကို ကောင်းစွာစောင့်ရှောက်ခြင်း။

(င) သုတ္တသဘာဂ = မျဉ်းကြိုးနှင့်တူခြင်း (ဝါ) အပ်ချည်ကြိုးနှင့်တူခြင်း။

မျဉ်းကြိုးနှင့် တူပုံမှာ လက်သမားများသည် သစ်သားပေါ်မှာ မျဉ်းသားပြီးလျှင် အသုံးပြုရမည့်အပိုင်းနှင့် ပစ်ပယ်ရမည့်အပိုင်းတို့ကို ပိုင်းခြားသတ်မှတ်သကဲ့သို့ ဝိနည်းကြောင်းနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်လာသောအခါ နားလည်တတ်ကျွမ်းသောပုဂ္ဂိုလ်တို့က ဝိနည်းသိက္ခာပုဒ်တော်များကိုထောက်ထား၍ လက်ခံရမည့်အချက်နှင့် ပယ်ရမည့်အချက်တို့ကို ပိုင်းခြား၍ သိနိုင်ကြပေ၏။

အပ်ချည်ကြိုးနှင့်တူပုံကား ပထမသင်္ဂါယနာအခန်းတွင် ပါခဲ့ပြီ။

ဤသို့သောအနက်အဓိပ္ပာယ်များကြောင့် သုတ္တဟု ခေါ်ဝေါ်ကြရပေသည်။

၃။ အဘိဓမ္မာပိဋက

အဘိဓမ္မ ဟူ၍ အကာရန္တနှင့်ရှိနေသော ပါဠိဝေါဟာရကို မြန်မာတို့က အဘိဓမ္မာဟူ၍ အသံသာရာလိုက်၍ ခေါ်ဆိုလာခဲ့ကြ၏။

အဘိဓမ္မာဟူသောစကား၌ အဘိ + ဓမ္မ ဟူ၍ ပုဒ်နှစ်ခုတွဲစပ်ထားလေရာ အဘိ ဟူသော ပုဒ်သည်-

၁။ ဝုမိုး = ကြီးပွားခြင်း

၂။ လက္ခဏ = မှတ်သားခြင်း

၃။ ပူဇိတ = ပူဇော်ထိုက်ခြင်း
၄။ ပရိစ္ဆိန္န = ပိုင်းခြားထားခြင်း
၅။ အဓိက = ပိုကဲသာလွန်ခြင်း ဟူသောအနက်ကိုဟောစ်၏။

ထိုတွင် မေတ္တာ၊ ကရုဏာ စသော ဘာဝနာပွားများပုံများဖြင့် ကြီးပွားသော တရားတို့ကို ဘုရားရှင်ဟောကြားတော်မူစ်၏။

ရူပါရုံ၊ သဒ္ဒါရုံ စသော နည်းအားဖြင့် အာရုံ စသည်ဖြင့် မှတ်သားထားသောတရားတို့ကို ဟောကြားတော်မူစ်၏။

သေက္ခပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးသော တရား၊ အသေက္ခပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင်ပို့ဆောင်ပေးသော တရား၊ လောကမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းတရား စသည်ဖြင့် ပူဇော်အပ်သောတရားတို့ကို ဟောကြားတော်မူစ်၏။

ဖဿ ဖြစ်ပေါ်လာစ်၏၊ ဝေဒနာဖြစ်ပေါ်လာစ်၏ စသည်ဖြင့် ပင်ကိုသဘာဝအားဖြင့် ပိုင်းခြားသောတရားတို့ကို ဟောကြားတော်မူစ်၏။

မြင့်မြတ်သည်စ်၏အဖြစ်သို့ရောက်သော မဟဂ္ဂုတ်တရား၊ မနှိုင်းယှဉ်အပ်သော အပွမာဏတရား စသဖြင့် ပိုကဲသာလွန်သောတရားတို့ကို ဟောကြားတော်မူစ်၏။

ဤသို့အားဖြင့် ကြီးပွားသော၊ မှတ်သားအပ်သော၊ ပူဇော်အပ်သော၊ ပိုင်းခြားအပ်သော၊ ပိုကဲသာလွန်သော တရားတို့ကို ဟောကြားထားသဖြင့် ထို ပဋ္ဌကကို အဘိဓမ္မာပဋ္ဌကဟူ၍ ခေါ်ဝေါ်ကြရပေသည်။

ဝိဒူကခေါ်ရပုံ

ပဋ္ဌကဟူသောပုဒ်သည် –
ဘ = သင်ယူပို့ချအပ်သော စာပေကျမ်းဂန်ဟူသောအနက်
ဘ = ခြင်းတောင်းဟူသော အနက် တို့ကိုဟောစ်၏။

ထိုတွင် ဝိနည်း သုတ္တန် အဘိဓမ္မာဒေသနာတော်အားလုံးသည် ရဟန်းရှင်လူအပေါင်းတို့ သင်ယူပို့ချထိုက်သောကြောင့် ပရိယတ်မည်စ်၏။ ဓမ္မကထိကပုဂ္ဂိုလ်တို့က ဟောကြားခြင်း၊ တရားနာပရိသတ်တို့က ကြားနာခြင်းသည်လည်း ပရိယတ္တိသာသနာတော်တွင် အကျုံးဝင်ပေသည်။

ထို့ပြင် လူ့အသုံးအဆောင်ပစ္စည်းများကို အမျိုးအစားတူရာတူရာပေါင်း၍ ခြင်းတောင်းများမှာ ထည့်ထားရသကဲ့သို့ ဘုရားဟောဒေသနာတော်များကို

လည်း သဘောတူရာတူရာပေါင်း၍ ဝိနည်း၊ သုတ္တန်နှင့် အဘိဓမ္မာဟူ၍ ပေါင်းစု၍ ထားကြရ၏။ ထိုကဲ့သို့ ခြင်းတောင်းသဖွယ် စုပေါင်း၍ထားရာဖြစ်သောကြောင့် လည်း ပိဋကဟူ၍ခေါ်နိုင်ပါသေး၏။

ထိုပိဋကသဒ္ဒါနှင့် ဝိနည်း စသည်တို့ကို ပူးတွဲကာ ဝိနည်းပိဋကဟူ၍ လည်းကောင်း၊ သုတ္တန်ပိဋကဟူ၍လည်းကောင်း၊ အဘိဓမ္မာပိဋကဟူ၍လည်း ကောင်း ခေါ်ဝေါ်မှတ်သားကြရပေသည်။

ဤပိဋကကို ပိဋကတ်ဟူ၍လည်း ခေါ်ဝေါ်လေ့ရှိကြ၏။ အမှန်အားဖြင့် ပိဋကတ်ဟူသည်မှာ ပိဋကတ္တယဟူသောပုဒ်မှ ရွေ့လျောလာခြင်းဖြစ်၍ ပိဋက သုံးပုံလုံးနှင့် သက်ဆိုင်နေ၏။ ဝိနည်း စသော ပိဋကတစ်ပုဒ်ချင်းကို ဆိုလိုပါက ပိဋကဟူ၍ အကာရန္တဖြင့် ခေါ်ဝေါ်သင့်ပေသည်။

ဤသို့ ပိဋကသုံးပုံအမည်ရပုံကို ဖွင့်ပြပြီးလျှင် ထိုပိဋကသုံးပုံတို့နှင့် အထူးထူးအပြားပြားအားဖြင့် ကျမ်းကျင်ကြစေရန် အဋ္ဌကထာက ဆက်လက်၍ ဖွင့်ပြထားပေသည်။

ဒေသနာ ၃ မျိုး

ထိုပိဋက ၃ ပုံတို့ကို -

၁။ အာဏာဒေသနာ

၂။ ဝေါဟာရဒေသနာ

၃။ ပရမတ္ထဒေသနာ

ဟူ၍လည်း ခေါ်ဝေါ်နိုင်သေး၏။

၁။ ထိုတွင် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အပေါ်၌ အာဏာထားနိုင်သည့် အခွင့်အရာရှိတော်မူသော မြတ်စွာဘုရားက များသောအားဖြင့် အာဏာထား၍ ဟောကြားတော်မူခဲ့သဖြင့် ဝိနည်းပိဋကသည် အာဏာဒေသနာမည်၏။

၂။ ဝေါဟာရတို့၌ ကျွမ်းကျင်တော်မူသော မြတ်စွာဘုရားက ဝေါဟာရတို့ကို အမျိုးမျိုးအသုံးပြု၍ ဟောကြားတော်မူခဲ့သဖြင့် သုတ္တန်ပိဋကသည် ဝေါဟာရဒေသနာမည်၏။

၃။ ပရမတ္ထတရားတို့၌ကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် များသောအားဖြင့် ပရမတ္ထတရားတော်တို့ကို ဟောကြားတော်မူခဲ့သဖြင့် အဘိဓမ္မာပိဋကသည် ပရမတ္ထဒေသနာမည်၏။

အသင်းသစ်တည်ပေ

သာသနာ ၃ မျိုး

ထို့ပြင် ထိုပိဋကတ ၃ ပုံကို –

၁။ ယထာပရာဓသာသနာ

၂။ ယထာနုလောမသာသနာ

၃။ ယထာသဘာဝသာသနာ ဟူ၍လည်း ခေါ်ဝေါ်နိုင်သေး၏။ ထိုတွင်–

၁။ မဖောက်ပြား မကျူးလွန်သင့်သောအမှုကို ဖောက်ဖျက်ကျူးလွန်ခြင်းကို ပါဋိဝေါဟာရဖြင့် ပရာဓဟု ခေါ်ရ၏။ မဖောက်ဖျက်မကျူးလွန်သင့်သောအမှုတို့ကို ဖောက်ဖျက်ကျူးလွန်သည့်ရဟန်းတို့ကို မြတ်စွာဘုရားဆုံးမတော်မူခဲ့သဖြင့် ဝိနည်းပိဋကသည် ယထာပရာဓသာသနာမည်၏။

၂။ နှလုံးသွင်းအမျိုးမျိုး၊ အကိန်းဓာတ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ အကြိုက်အမျိုးမျိုး ရှိနေကြသည့် ဝေနေယျတို့ကို သူတို့နှင့်လိုက်လျောအောင် မြတ်စွာဘုရား ဟောကြားဆုံးမတော်မူခဲ့သဖြင့် သုတ္တန်ပိဋကသည် ယထာနုလောမသာသနာမည်၏။

၃။ သူမပါ ငါမနှော တရားသဘော အစုအဝေးမျှသာဖြစ်သော ခန္ဓာကိုယ်ကို ငါဟူ၍လည်းကောင်း၊ ငါ့ဟာဟူ၍လည်းကောင်း အမှတ်အသားမှားယွင်းနေကြသည့်သူတို့ကို အရှိအမှန် ဓမ္မသဘာဝတရားတို့ကိုပြ၍ မြတ်စွာဘုရားဟောကြားဆုံးမတော်မူခဲ့သဖြင့် အဘိဓမ္မာပိဋကသည် ယထာဓမ္မသာသနာမည်၏။

ကထာ ၃ မျိုး

ထို့ပြင် ထိုပိဋကတ ၃ ပုံကို –

၁။ သံဝရာသံဝရကထာ

၂။ ဒိဋ္ဌိဝိနိဝေဌနကထာ

၃။ နာမရူပပရိစ္ဆေဒကထာ ဟူ၍လည်း ခေါ်နိုင်သေး၏။ ထိုတွင်–

၁။ ကျူးလွန်ပြစ်မှားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သာမန်စောင့်စည်းမှုနှင့် ထူးထူးခြားခြား ကြီးကြီးမားမား စောင့်စည်းမှုတို့ကို ဟောကြားရာဖြစ်၍ ဝိနည်းပိဋကသည် သံဝရာသံဝရကထာမည်၏။

၂။ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဒိဋ္ဌိမှ လွတ်မြောက်ကြောင်းတို့ကို ဟောကြားရာဖြစ်၍ သုတ္တန်ပိဋကသည် ဒိဋ္ဌိဝိနိဝေဌနကထာ မည်၏။

၃။ ရာဂ စသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ရုပ်နာမ်နှစ်ပါးတို့ကို ပိုင်းခြားသိသောဉာဏ်ကိုဟောကြားရာဖြစ်၍ အဘိဓမ္မာပိဋကသည် နာမရူပပရိစ္ဆေဒကထာ မည်၏။

ထို့ပြင် ထိုပိဋကက ၃ ပုံတို့နှင့်ဆက်စပ်၍ မှတ်သားဖွယ်အကြောင်းအရာတို့ကိုလည်း အဋ္ဌကထာက ဆက်လက်ပြဆိုထားပါသေး၏။

သိက္ခာ ၃ ရပ်

၁။ ဝိနည်းပိဋကဌ အဓိသီလသိက္ခာကို အထူးအားဖြင့် ဟောကြားတော်မူ၏။

၂။ သုတ္တန်ပိဋကဌ အဓိစိတ္တသိက္ခာကို အထူးအားဖြင့် ဟောကြားတော်မူ၏။

၃။ အဘိဓမ္မာပိဋကဌ အဓိပညာသိက္ခာကို အထူးအားဖြင့် ဟောကြားတော်မူ၏။

ပယ်ခြင်း ၃ မျိုး

၁။ သီလသည် ကာယက်မြောက်၊ ဝစီက်မြောက် ကျူးလွန်ပြစ်မှားသည့် ဝိတိက္ကမကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဝိနည်းပိဋကဌ ဝိတိက္ကမကိလေသာတို့ကို ပယ်ခြင်းကို ဟောကြားတော်မူ၏။

၂။ သမာဓိသည် စိတ်ထဲမှာထကြွသောင်းကျန်းသည့် ပရိယုဋ္ဌာနကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သုတ္တန်ပိဋကဌ ပရိယုဋ္ဌာနကိလေသာတို့ကိုပယ်ခြင်းကို ဟောကြားတော်မူ၏။

၃။ ပညာသည် အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်လာရန် စိတ်ထဲမှာ ကိန်းနေသည့် အနုသယကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဘိဓမ္မာပိဋကဌ အနုသယကိလေသာတို့ကိုပယ်ခြင်းကို ဟောကြားတော်မူ၏။

တစ်နည်းအားဖြင့် -

၁။ ဝိနည်းပိဋကဌ ထိုကာမဝစရကုသိုလ်ကောင်းမှုတို့ဖြင့် ကိလေသာတို့ကို ပယ်ထားသည့် တဒင်္ဂပဟာန်ကို ဟောကြားတော်မူ၏။

၂။ သုတ္တန်ပိဋကဌ မဟဂ္ဂုတ်စျာန်တို့ဖြင့် ကိလေသာတို့ကို ခပ်ကြာကြာ ပယ်ထားသည့် ဝိက္ခမ္ဘနပဟာန်ကို ဟောကြားတော်မူ၏။

၃။ အဘိဓမ္မာပိဋကဉ် မဂ်လေးတန်တို့ဖြင့် ကိလေသာတို့ကို အမြစ်ပြတ် ပယ်သတ်သည့် သမုစ္ဆေဒပဟာန်ကို ဟောကြားတော်မူ၏။

နောက်တစ်နည်းအားဖြင့် –

၁။ ဝိနည်းပိဋကဉ် ဒုစရိုက်သဘောလက္ခဏာ ထင်ရှားလာသည့် ကိလေသာတို့ကို ပယ်ခြင်းကို ဟောကြားတော်မူ၏။

၂။ သုတ္တန်ပိဋကဉ် တဏှာသံကိလေသာတို့ကို ပယ်ခြင်းကို ဟောကြားတော်မူ၏။

၃။ အဘိဓမ္မာပိဋကဉ် ဒိဋ္ဌိသံကိလေသာတို့ကို ပယ်ခြင်းကို ဟောကြားတော်မူ၏။

ဤနေရာ၌ အထူးသတိပြုရန်မှာ ဤပိဋကဉ် ဤအချက်ကိုသာ ဟောကြားထားသည်ဟု ပုံသေကားချ မှတ်ယူထားရန်မဟုတ်ပါ။ ပိဋက ၃ ပုံလုံးမှာပင် အထက်ပါအချက်များအားလုံး ပါဝင်နေပါသည်။ အကြိမ်များများ ဟောကြားထားခြင်း၊ ထူးထူးခြားခြား ထင်ရှားပေါ်လွင်နေခြင်းတို့ကို အကြောင်းပြုကာ ခွဲခြမ်းဝေဖန်၍ ပြဆိုထားခြင်းသာဖြစ်ပေသည်။

နက်နဲခြင်း ၄ ပါး

ထိုပိဋက ၃ ပုံလုံးသည်ပင် ဓမ္မ၊ အတ္ထ၊ ဒေသနာ၊ ပဋိဝေဓ ဟူသော ၄ ပါးသော နက်နဲခြင်းဖြင့် နက်နဲကြပါပေ၏။ ထိုတွင် –

၁။ **ဓမ္မ** ဟူသည်မှာ မြတ်စွာဘုရားရှေ့နှုတ်တော်မှ ထုတ်ဖော်ဟောတော်မူခဲ့သည့် အသံတော်အစဉ်အတန်းပင်ဖြစ်၏။ ထိုအသံတော်အစဉ်အတန်းကိုပင် ပါဠိဟူ၍ ခေါ်ဆိုကြရ၏။

၂။ **အတ္ထ** ဟူသည်မှာ ထိုပါဠိတော်၏ ဆိုလိုချက်အနက်အဓိပ္ပာယ်ဖြစ်၏။

၃။ **ဒေသနာ** ဟူသည်မှာ ထိုဆိုလိုချက်အနက်အဓိပ္ပာယ်ကို တရားနာသူတို့ သဘောပေါက်လာအောင်၊ လက်ခံနိုင်လာအောင် စိတ်ထဲက သတ်မှတ်ပိုင်းခြားထားသည့်စကားစဉ်ဖြင့် ထုတ်ဖော်ဟောကြားခြင်းဖြစ်၏။

၄။ **ပဋိဝေဓ** ဟူသည်မှာ ဟောကြားသူ၏ ဆိုလိုချက်အနက်အဓိပ္ပာယ်ကို ကြားနာသူက ဟုတ်တိုင်းမှန်စွာ သိမြင်သွားခြင်းဖြစ်၏။

ယုန် အစရှိသည့် သေးငယ်သောသတ္တဝါတို့သည် မဟာသမုဒ္ဒရာတွင် သက်ဝင်၍မရနိုင်သကဲ့သို့၊ ခြေထောက်၍မရနိုင်သကဲ့သို့ အခြေခံဉာဏ်ပညာ လုံ

လုံလောက်လောက်မရှိပါက ထိုအချက် ၄ မျိုးလုံးမှာပင် သက်ဝင်၍မရနိုင်ပါပေ။ ဆောက်ရာတည်ရာ မရနိုင်ပါပေ။ ထို့ကြောင့် ပိဋကတ ၃ ပုံလုံးမှာပင် နက်နဲခြင်း ၄ မျိုးနှင့် ပြည့်စုံလျက် ရှိကြပါပေသည်။

စာသင်နည်း ၃ မျိုး

ထိုပိဋကတ ၃ ပုံတို့ကို သင်ယူမှတ်သားခြင်းနှင့်ပတ်သက်၍ စာသင်နည်း ၃ မျိုးကိုလည်း အဋ္ဌကထာ က ဆက်လက်၍ပြဆိုထားပါသေးသည်။

ထိုစာသင်နည်းတို့မှာ -

၁။ အလဂဒ္ဒူပမ စာသင်နည်း

အပြည့်အစုံဖော်ပြရလျှင် အလဂဒ္ဒဂဟနူပမ စာသင်နည်းဟု ဖြစ်ပါလိမ့်မည်။ မြွေဖမ်းခြင်းနှင့်တူသော စာသင်နည်းဟု ဆိုလိုပေသည်။

ပေါ့ပေါ့ဆဆလုပ်တတ်သော ယောကျ်ားတစ်ယောက်သည် မြွေကို ဖမ်းယူရာတွင် ထိထိမိမိဖြစ်အောင် လည်ကုပ်မှ ဖမ်းယူရသည်ဖြစ်ပါလျက် ထိုသို့မပြုဘဲ မြွေ၏အမြီးကိုလည်းကောင်း၊ ကိုယ်အခွေကိုလည်းကောင်း ဆွဲကိုင်ဖမ်းဆုပ်၏။ ထိုအခါ မြွေက သူ့ကို ပြန်လှည့်ကိုက်သဖြင့် ထိုသူသည် သေသော်လည်း သေရာ၏။ သေမတတ်ဝေဒနာကိုလည်း ခံစားရာ၏။ ဤသို့ဖြစ်ရခြင်းမှာ မြွေကို အဖမ်းမတတ်သောကြောင့်ဖြစ်၏။

ထို့အတူပင် အချို့သူတို့သည် လာဘ်လာဘပေါများခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ သူတစ်ပါးကို စာအားကိုးဖြင့် အနိုင်ယူလိုခြင်း စသည်တို့ကို လိုလားသဖြင့် စာပေကျမ်းဂန်များကို သင်ယူ၏။ စကတည်းကပင် ရည်ရွယ်ချက်က မမှန်ကန်ခဲ့သဖြင့် သူ သင်ယူမှတ်သားထားသည့် စာပေကျမ်းဂန်များ၏အနက်အဓိပ္ပာယ်တို့ကို ကိုယ်ပိုင်ဉာဏ်ရောက် သဘောမပေါက်နိုင်ပေ။ ကိုယ်ပိုင်ဉာဏ်ရောက် သဘောမပေါက်နိုင်သဖြင့် မိမိစိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့အောင်မစွမ်းဆောင်နိုင်ပေ။ အသိပညာတိုးပွားလာအောင် မစွမ်းဆောင်နိုင်ပေ။ သင်ယူထားသော စာပေကျမ်းဂန်များကို ခုတုံးလုပ်ကာ လာဘ်လာဘပေါများအောင် သာကြိုးစားတော့၏။ ထင်ပေါ်ကျော်ကြားလူသိများဖို့သာ နည်းလမ်းရှာတော့၏။ စာတတ်ချင်းပြိုင်၍ အနိုင်ယူဖို့သာ ဘက်ရှာနေတော့၏။

ဤသို့အားဖြင့် လွဲမှားသောရည်ရွယ်ချက်ဖြင့် စာသင်ခြင်းသည် အကျိုးမဲ့ပဟိုက်စီးခြင်းသို့သာ ဦးတည်နေသဖြင့် အလဂဒ္ဒူပမ စာသင်နည်းဟု အမည်ရပေထော့သည်။

၂။ နိဿရဏာစာသင်နည်း

စိတ်ကောင်းစိတ်မြတ် အခြေခံရှိသူတို့သည်ကား ထိုကဲ့သို့သောရည်မှန်းချက်တို့ကိုမထားဘဲ သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းနည်းလမ်းကောင်းများ ရရှိရေးအတွက်သာ သင်ယူမှတ်သားကြ၏။ ကြားနာကြ၏။ ဤသို့သော သင်ယူမှတ်သားခြင်း၊ ကြားနာခြင်းကို နိဿရဏာစာသင်နည်းဟု ခေါ်ရပေသည်။

ဤစာသင်နည်းတွင် သင်ယူမှတ်သားသူ၊ ကြားနာသူတို့ကို အဓိကထား၍ ပြဆိုထားသော်ငြားလည်း စာပေပို့ချပေးသူ၊ တရားဟောသူတို့နှင့်လည်း သက်ဆိုင်နေသည်သာ။ ထိုပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်ကို အကြောင်းပြုကာ အလဂဒ္ဒူပမာလည်း ဖြစ်နိုင်ပေသည်။ နိဿရဏာလည်း ဖြစ်နိုင်ပေသည်။

၃။ ဘဏ္ဍာဂါရိကစာသင်နည်း

ဘဏ္ဍာတိုက်တို့၏ လုံခြုံရေးကို တာဝန်ယူကြရသော ဘဏ္ဍာတော်တိုက်စိုးတို့သည် ဘဏ္ဍာတိုက်အတွင်းရှိ ရတနာဘဏ္ဍာတို့ကို မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းကြရသကဲ့သို့ ဘုရားရှင်၏ တရားဘဏ္ဍာတော်များ ပျောက်ပျက်မသွားစေရန် ထိန်းသိမ်းသောအားဖြင့် စာပေသင်ယူခြင်းသည် ဘဏ္ဍာဂါရိကစာသင်နည်းဖြစ်၏။

ဘဏ္ဍာဂါရိကစာသင်နည်းသည် ရဟန္တာပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်၏။ ရဟန္တာပုဂ္ဂိုလ်များသည် တရားသဘောနှင့်ပတ်သက်၍ သိစရာရှိသမျှကို အကုန်အစင်သိမြင်ထားပြီးဖြစ်၏။ သို့ရာတွင် မိမိသိမြင်ထားသည့်တရားသဘောကို ထုတ်ဖော်ဟောကြားရာတွင်ကား ပရိယတ်ဉာဏ်အခြေခံမရှိပါက မထိမရောက်ဖြစ်တတ်၏။ စကားမရှင်းသဖြင့် အငြင်းပွားဖွယ်ဖြစ်တတ်၏။ ထို့ကြောင့် ဒေသနာတော်များနှင့်မဆန့်ကျင်အောင် ဟောကြားနိုင်ရေးအတွက်လည်း ဆရာကောင်း သမားကောင်းများထံ နည်းခံကြရပါသေးသည်။

ဤသို့အားဖြင့် ဘဏ္ဍာဂါရိကစာသင်နည်းသည် ရဟန္တာပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်၏။ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည်ကား နိဿရဏာစာသင်နည်းနှင့်သာ သက်ဆိုင်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ စာသင်နည်းမှာ သူတို့၏ အတွင်းစိတ်ထားနှင့် လျော်စွာ အလဂဒ္ဒူပမာလည်း ဖြစ်နိုင်ပေသည်။ နိဿရဏာလည်း ဖြစ်နိုင်ပေသည်။

ဤသို့သော စာသင်နည်းတို့နှင့်ဆက်နွယ်ကာ ပိဋက ၃ ပုံလာ ဒေသနာတော်တို့ကို လိပ်ပတ်လည်အောင် သဘောမပေါက်နိုင်သဖြင့် ကျရောက်နိုင်သည့် ပျက်စီးခြင်းတို့ကိုလည်း အဌကထာတွင် ပြဆိုထားပါသေးသည်။

၁။ သီလ၏ပျက်စီးခြင်း

ဝိနည်းပညတ်တော်ကို ကျူးလွန်မိပါက ဈာန်မင်္ဂဖိုလ်၏အန္တရာယ်ဖြစ်၏။ ထိုအချက်ကိုသဘောမပေါက်ဘဲ လူပုဂ္ဂိုလ်တို့ ကာမဂုဏ်နယ်ပယ်ထဲကမထွက်ဘဲ သောတာပန် စသည်ဖြစ်နေကြပုံနှင့် နှိုင်းယှဉ်ကာ ရဟန်းတို့မှာလည်း ကာမဂုဏ်မေထုန်အမှုကြောင့် အပြစ်မရှိနိုင်ဟု ထင်မှားတတ်၏။ ဤသို့ထင်မှား၍ ဝိနည်းတော်ကို ကျူးလွန်ဖောက်ဖျက်ပါက သီလပျက်စီးခြင်းသို့ ရောက်သွားနိုင်ပေသည်။

၂။ အယူ၏ပျက်စီးခြင်း

သုတ္တန်ပိဋက၌ အမျိုးမျိုးသောပုဂ္ဂိုလ်တို့ကို ဝေဖန်ပိုင်းခြား၍ ဟောကြားထား၏။ ဤသို့ဟောကြားခြင်းမှာ သမုတိသစ္စာအရ ဟောကြားခြင်းဖြစ်၍ ပရမတ္ထသစ္စာအရ မဟုတ်ပေ။ အချို့သူတို့သည် ဤသို့ကွဲကွဲပြားပြား နားမလည်ဘဲ ဘုရားရှင်ကိုယ်တော်တိုင်က ပုဂ္ဂိုလ်သတ္တဝါကို တကယ့်အရှိအမှန်ထား၍ ဟောကြားတော်မူ၏ဟု ယူဆလာကြ၏။ ဤအယူသည် မှားယွင်းဖောက်ပြန်သောအယူဖြစ်၍ မိစ္ဆာဒိဋ္ဌိဟူ၍သာ ခေါ်ဆိုရပါလိမ့်မည်။

၃။ စိတ်ဖောက်ပြန်၍ပျက်စီးခြင်း

အဘိဓမ္မာတရားသဘောတို့ကို ကျေကျေညက်ညက် နားမလည်သော ပရမတ်တစ်ဖက်စွန်းသမားတို့မှာလည်း စိတ်ဖောက်ပြန်၍ ပျက်စီးရတတ်၏။

အဘိဓမ္မာဒေသနာတော်အရ အလှူပေးခြင်းဟူသော ကုသိုလ်ကောင်းမှု၏တရားကိုယ်ကို ကောက်ယူသည့်အခါတွင် အလှူရှင်တွေ၊ အလှူခံပုဂ္ဂိုလ်တွေ၊ လှူဖွယ်ပစ္စည်းတွေကို မကောက်ယူရဘဲ လှူဒါန်းလိုသည့် စိတ်စေတသိက်များကိုသာ ကောက်ယူရ၏။

ဤအချက်ကိုအကြောင်းပြုကာ အချို့သူတို့က စိတ်ထဲက တွေးကြည့်လိုက်ရုံနှင့် ဒါနမြောက်သည်။ အကုန်ခံ၍ပေးလှူနေဖို့မလို ပြောဆိုတတ်ကြ၏။

အချို့သူတို့ကလည်း စိတ်စေတသိက်နှင့် ရုပ်တရားတို့၏ဖြစ်ပုံပျက်ပုံတို့မှ အစဉ်လျောက်ကာ မိမိဉာဏ်နှင့် လက်လှမ်းမမှီနိုင်သည့် အကြောင်းအရာများကို တွေးတောကြံစည်မိကြ၏။ ဤသို့ ရုပ်နာမ်သင့်သည့်အပိုင်းအခြားတွင် မရုပ်နာမ်ဘဲ နယ်ကျော်၍အတွေးလွန်ကာ ရှုးသွပ်သည့်အဆင့်သို့ပင် ရောက်သွားတတ်ကြပေသည်။

ဤသည်တို့ကား ပိဋကသုံးပုံနှင့် ဆက်စပ်၍ ၃ မျိုး ၃ ပုံ သိမှတ်ဖွယ်များဖြစ်ပေသည်။

နိကာယ် ၅ ရပ်

ဘုရားဟောဒေသနာတော်များကို ပိဋကအားဖြင့် ၃ ပုံ ခွဲခြားနိုင်သကဲ့သို့ နိကာယ်အားဖြင့် ၅ ရပ် ခွဲခြားနိုင်၏။ နိကာယ်ဟူသည်မှာ နိကာယဟူသောပါဠိမှ ရွေ့လျောလာကာ အပေါင်းအစုဟူ၍လည်း အနက်ရ၏။ နေထိုင်ရာဟူ၍လည်း အနက်ရ၏။ သံဂီတိကာရကအရှင်မြတ်ကြီးများက ဘုရားဟောဒေသနာတော်များကို သဘောတူရာတူရာ ပေါင်းစုထားခဲ့၍လည်းကောင်း၊ သဘောတူရာတူရာကိုပေါင်းကာ နေသားတကျဖြစ်အောင် နေရာချထားခဲ့ကြ၍လည်းကောင်း နိကာယ် ၅ ရပ်ဟူ၍ သတ်မှတ်ချက်ဖြစ်ပေါ်လာ၏။ လူတို့၏နေထိုင်ရာကို နိကာယခေါ်ရသကဲ့သို့ သုတ္တန်ဒေသနာတော်များ နေသားတကျရှိနေသည့် ဌာနကိုလည်း နိကာယဟူ၍ပင် ခေါ်ဆိုရပေသည်။

၁။ ဒီဃနိကာယ်

ပမာဏအားဖြင့် ရှည်လျားသော သုတ္တန်ကြီးများကို စုပေါင်းထားခြင်းဖြစ်၏။ ဗြဟ္မာလ အစရှိသော သုတ္တန်ကြီး ၃၄ ခုကို သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ် ဟူသော အုပ်စု ၃ မျိုးတို့ဖြင့် ပေါင်းစုထားပေသည်။

၂။ မဇ္ဈိမနိကာယ်

ပမာဏအားဖြင့် အလတ်စားသုတ္တန်များကို ပေါင်းစုထားခြင်းဖြစ်၏။ မူလပရိယာယ အစရှိသော သုတ္တန် ၁၅၂ ခုတို့ကို ၁၅ ခုသော ဝဂ်တို့ဖြင့် ပေါင်းစုထားပေသည်။

၃။ သံယုတ္တနိကာယ်

အစုံအစုံယှဉ်စပ်၍ ဟောကြားထားသည့် သုတ္တန်များကို ပေါင်းစုထားခြင်းဖြစ်၏။ ဒေဝတာသံယုတ်စသည့် ခေါင်းစဉ်များအောက်တွင် တည်ရှိနေကြသော ဩဃတရဏ အစရှိသော ၇၇၆၂ ခုသော သုတ္တန်များကို ပေါင်းစုထားပေသည်။

၄။ အင်္ဂုတ္တရနိကာယ်

တစ်ပါးစု၊ နှစ်ပါးစု၊ သုံးပါးစု စသဖြင့် အင်္ဂါတစ်ခုထက်တစ်ခု ပိုလွန်လာသည့် သုတ္တန်များကို ပေါင်းစုထားခြင်းဖြစ်၏။ စိတ္တပရိယာဒါန အစရှိသော သုတ္တန် ၉၅၅၇ ခုတို့ကို ပေါင်းစုထားပေသည်။

၅။ ခုဒ္ဒကနိကာယ်

တိုတောင်းသည့်သုတ္တန်များကို ပေါင်းစုထားခြင်းဖြစ်၏။ ယခင် နိကာယ် ၄ ရပ်တွင် မပါဝင်သေးသည့် ဒေသနာတော်အားလုံးသည် ဤနိကာယ်၌ ပါဝင်ကြရ၏။ ထို့ကြောင့် ခုဒ္ဒကပါဌအစရှိသော တစ်ဆယ့်ငါးကျမ်းနှင့်တကွ ဝိနည်းပိဋက၊ အဘိဓမ္မာပိဋကများလည်း ခုဒ္ဒကနိကာယ်တွင် စာရင်းဝင်ကြရပေသည်။

အင်္ဂါ ၉ တန်

ဘုရားဟောဒေသနာတော်များကို နိကာယ် ၅ ရပ်ဖြင့် သတ်မှတ်ထားနိုင်သကဲ့သို့ပင် ၉ တန်သော အင်္ဂါတို့ဖြင့်လည်း ပိုင်းခြားဝေဖန်၍ရနိုင်ပေသည်။ ထိုအင်္ဂါ ၉ တန်တို့မှာ –

၁။ သုတ္တ = သုတ္တနိပါတ် ပါဋိတော်မှ မင်္ဂလသုတ်၊ ရတနသုတ်၊ နာလကသုတ်၊ တုဝဋ္ဌသုတ်များနှင့်တကွ သုတ် (သို့မဟုတ်) သုတ္တန်အမည်တပ်ထားသည့် ဒေသနာတော်များသည် သုတ္တမည်၏။ ထိုအထဲတွင် ဝိနည်းပိဋက ဥဘတောဝိဘင်း၊ နိဒ္ဒေသ၊ ခန္ဓက၊ ပရိဝါရတို့လည်း အပါအဝင်ဖြစ်ကြပေသည်။

၂။ ဂေယျ = ဂါထာဗန္ဓဖြင့် ဖွဲ့နွဲ့သီကုံး၍ ဟောကြားထားသည့် ဒေသနာတော်များ ဖြစ်ကြ၏။

၃။ ဝေယျာကရဏ = ဂါထာမဖက် စုဏ္ဏိယ သက်သက်ဖြင့် ဟောကြားထားသည့်ဒေသနာတော်များ ဖြစ်၏။ အဘိဓမ္မာ ပိဋကတစ်ခုလုံးသည် ဝေယျာကရဏ အင်္ဂါတွင် ပါဝင်၏။ ထို့ပြင် အခြားအင်္ဂါ ၈ ရပ်တွင် မပါဝင်သမျှ

ဤအင်္ဂါမှာ စာရင်းသွင်းကြရ၏။ ထို့ကြောင့် ဂါထာနှင့် စုဏ္ဏိယနှစ်မျိုး ဖက်စပ်၍ ဟောကြားထားသည့် သဂါထာဝဂ္ဂသံယုတ်ကိုလည်း ဤအင်္ဂါတွင် ထည့်သွင်းထားကြရပေသည်။

၄။ ဂါထာ = ဓမ္မပဒပါဋိတော်များနှင့် ထေရဂါထာ၊ ထေရီဂါထာ ပါဋိတော်များဖြစ်၏။ သုတ္တနိပါတ်တော်ပါဋိတော်မှ သီးခြားသုတ္တန်အမည်မခံရသည့်ဂါထာများလည်း ပါဝင်ပေသည်။

၅။ ဥဒါန = သောမနဿနှင့်ယှဉ်သော ဉာဏ်တော်စွမ်းအားဖြင့် ကျူးရင့်တော်မူခဲ့သည့် ဒေသနာတော်များဖြစ်ကြ၏။ ဥဒါန်းပါဋိတော်မှာပါဝင်သည့် သုတ္တန် ၈၀ တို့ဖြစ်ကြပေသည်။

၆။ ဣတိဝုတ္တက = ဝုတ္တဟေတံဘဂဝတာ အစရှိသောစကားတို့ဖြင့် အစချီ ၍ ဟောကြားထားသည့် ဒေသနာတော်များ ဖြစ်ကြ၏။ ဣတိဝုတ္တကပါဋိတော်လာ သုတ္တန် ၁၁၂ ခုတို့ ဖြစ်ကြပေသည်။

၇။ ဇာတက = ငါးရာ့ငါးဆယ်ဇာတ်တော်များပင် ဖြစ်ကြပေသည်။

၈။ အဗ္ဘုတဓမ္မ = မကြုံစဖူး ထူးကဲစွာဖြစ်ပေါ်လာသည့်အကြောင်းအရာများ၊ ဂုဏ်အင်္ဂါများနှင့်ပတ်သက်၍ ဟောကြားထားခဲ့သော ဒေသနာတော်များ ဖြစ်ကြပေသည်။

၉။ ဝေဒလ္လ = အသိဉာဏ်ပွင့်လင်းလာ၍လည်းကောင်း၊ အားရကျေနပ်၍လည်းကောင်း၊ တရားနာသောပုဂ္ဂိုလ်က မေးမြန်းသဖြင့် ဟောကြားထားသည့် ဒေသနာတော်များဖြစ်ကြ၏။ စုဋ္ဌဝေဒလ္လသုတ်၊ မဟာဝေဒလ္လသုတ်၊ သမ္မာဒိဋ္ဌိသုတ်၊ သက္ကပဉ္ဍသုတ်၊ သခ်ါရဘာဇနိယသုတ်၊ မဟာပုဏ္ဏမသုတ် စသည်တို့သည် ဤအင်္ဂါရပ်တွင် ပါဝင်ကြပေသည်။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀

အင်္ဂါ ၉ တန်ဖြင့် ပိုင်းခြားဝေဖန်ထားသည့် ဘုရားဟောဒေသနာတော်တို့ကို ဓမ္မက္ခန္ဓာအားဖြင့် ရေတွက်ကြည့်လျှင် ၈၄၀၀၀ မျှ ရှိပါလိမ့်မည်။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟူသောစကားအတွက် အဓိကအကျဆုံး အထောက်အထားမှာ အာနန္ဒထေရဂါထာများတွင် ပါဝင်သည့် (ဒွါသီတိဗုဒ္ဓတောဂဏ္ဍိ) စသော ဂါထာပင်ဖြစ်၏။ ထို့ကြောင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟူသည်မှာ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူတုန်းက အရှင်အာနန္ဒာ နှုတ်ငုံဆောင်ထားခဲ့သည့် ဒေသနာတော်များသာဖြစ်နိုင်၏။ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာ

တို့၌ အသစ်တိုးလာခဲ့သည့် ဒေသနာတော်များပါ ပေါင်းထည့်လိုက်လျှင် ထို စာရင်းထက် များသွားပါလိမ့်မည်။

သို့ရာတွင် အရှင်အာနန္ဒာ ရွတ်ဆိုခဲ့သည့်ဂါထာကို အလေးအမြတ်ပြု သောအားဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟူ၍သာ ဆိုရိုးဆိုစဉ်ပြုလာခဲ့ကြပါသည်။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကို ရေတွက်နိုင်ရေးအတွက် အဋ္ဌကထာတွင် လမ်းညွှန်ချက်ပေးထားသည်မှာ –

သုတ္တန်ပိဋကဋ္ဌ အနုသန္ဓေတစ်ခုတစ်ခုသည် ဓမ္မက္ခန္ဓာတစ်ခုဖြစ်၏။ အနုသန္ဓေတစ်ခုထက်ပိုပါက အနုသန္ဓေအရေအတွက်နှင့်အမျှ ဓမ္မက္ခန္ဓာကို ရေတွက်ရန် ဖြစ်၏။ ဂါထာဗန္ဓဖြင့် အမေးအဖြေပြုထားသော သုတ္တန်များဋ္ဌ အမေးပိုင်းသည် ဓမ္မက္ခန္ဓာတစ်ခုဖြစ်၍ အဖြေပိုင်းကလည်း ဓမ္မက္ခန္ဓာတစ်ခုဟု သတ်မှတ်ရပေသည်။

အဘိဓမ္မာပိဋကဋ္ဌ တိက်တစ်ခုကို၊ ဒုက်တစ်ခုကို ဝေဖန်ပြခြင်း၊ စိတ္တဝါရကို ဝေဖန်ပြခြင်းတို့ကို ဓမ္မက္ခန္ဓာတစ်ခုစီဖြင့် သတ်မှတ်ရပေသည်။

ဝိနည်းပိဋကဋ္ဌ ဝတ္ထု၊ မာတိကာ၊ ပဒဘာဇနီ၊ အန္တရာပတ္တိ၊ အာပတ္တိ၊ အနာပတ္တိ၊ တိကဆ္ဆေဒ ဟူသော သိက္ခာပုဒ်တစ်ခုချင်း၏ အစိတ်အပိုင်းများကို ဓမ္မက္ခန္ဓာတစ်ခုစီအဖြစ် သတ်မှတ်ရပေသည်။

ဤလမ်းညွှန်ချက်အတိုင်း စိတ်ရှည်လက်ရှည် အချိန်ယူ၍ ရေတွက်ကြည့်နိုင်စွမ်းရှိပါက ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို စာရင်းအင်းအတိအကျဖြင့် ပြောနိုင်ဆိုနိုင်ကြပါလိမ့်မည်။

ဤအကြောင်းအရာများမှာ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဗာဟိရနိဒါန်း ပထမသင်္ကိယနာခန်းအပြီးတွင် အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက ထေရဝါဒသာသနာတော်ကြီးတစ်ရပ်လုံးနှင့်ပတ်သက်သော သိဖွယ်မှတ်ဖွယ်များ အဖြစ်ဖြင့် ဖွင့်ဆိုရေးပြုခဲ့သည်ဖြစ်ရာ အဋ္ဌကထာဆရာမြတ်ကြီး၏ စေတနာကို အလေးအမြတ်ပြုသောအားဖြင့် သင်္ကိယနာသုံးတန်၏ နောက်ဆက်တွဲအဖြစ်ဖြင့် လက်ဆင့်ကမ်းလိုက်ရပါသည်။

❑

အားလင်းသစ်စာပေ

နောက်ဆက်တွဲ (ခ)
ဆဋ္ဌသင်္ဂါယနာ

ထေရဝါဒကျမ်းစာအုပ်များစာရင်း

ရန်ကုန်မြို့တော်ရှိ မဟာပါသာဏလိုဏ်ဂုတော်ကြီး၌ နိုင်ငံတော်အစိုးရ၏ အထောက်အကူဖြင့် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် နီပေါနိုင်ငံတို့မှ ထေရဝါဒသံဃနာယကမထေရ်ကြီးများသည် ခြောက်ကြိမ်မြောက် သင်္ဂါယနာပွဲတော်ကြီးကို ကျင်းပခဲ့ကြရာ သာသနာတော် ၂၅၀၀ ပြည့်အမီ ပြီးစီးအောင်မြင်ခဲ့ပါသည်။

ဤသို့ ပါဠိတော်များကို အောင်မြင်စွာ သင်္ဂါယနာတင်ပြီးသောအခါ ပါဠိတော်တို့၏အဖွင့်အဆုံးကထာများနှင့် အဋ္ဌကထာတို့၏ အဖွင့်ဋီကာတို့ကိုလည်း ဆက်လက်၍ သင်္ဂါယနာတင်ခဲ့ကြပါသည်။

ထိုသို့ ဆဋ္ဌသင်္ဂါယနာတွင် တင်သွင်း၍ အတည်ပြုမှတ်တမ်းတင်ခဲ့သော ပါဠိတော်၊ အဋ္ဌကာ၊ ဋီကာကျမ်းတို့ကို နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က ဆဋ္ဌမုအဖြစ်ဖြင့် ကျမ်းစာအုပ်များ ရိုက်နှိပ်၍ဖြန့်ဝေခဲ့ပါသည်။

ထိုထေရဝါဒသာသနာဝင် ကျမ်းစာအုပ်များစာရင်းကို ဆဋ္ဌသင်္ဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂုတော်ကြီး၌ ကျောက်ထက်အက္ခရာ ရေးထွင်း၍ မှတ်တမ်းတင်ထားပါသည်။

ထေရဝါဒ သာသနာတော်အဖြစ်ဖြင့် မှတ်တမ်းတင်ထားခဲ့သော ထိုကျမ်းစာအုပ်များစာရင်းကို ပိဋကသုံးပုံအလိုက် တူရာစုပေါင်းပြီးလျှင် နောက်ဆက်တွဲ (ခ) အဖြစ် ဆက်လက်တင်ပြလိုက်ရပါသည်။

အလင်းသစ်စာပေ

ဝိနယပိဋကပါဠိတော်ကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
ပါရာဇိက	၃၈၁
ပါစိတ္တိယ	၄၇၀
မဟာဝဂ္ဂ	၅၁၁
စူဋဝဂ္ဂ	၅၀၈
ပရိဝါရ	၃၉၀

အဋ္ဌကထာကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမ)	၃၄၆
ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒုတိယ)	၃၁၂
ပါစိတျာဒိအဋ္ဌကထာ	၄၇၃
စူဋဝဂ္ဂါဒိအဋ္ဌကထာ	၂၆၅
ကခ်ါဝိတရဏီအဋ္ဌကထာ	၃၅၇
ဝိနယသင်္ဂဟအဋ္ဌကထာ	၄၆၈

ဋီကာကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
သာရတ္ထဒီပနီဋီကာ (ပထမ)	၃၆၀
သာရတ္ထဒီပနီဋီကာ (ဒုတိယ)	၄၄၈
သာရတ္ထဒီပနီဋီကာ (တတိယ)	၄၉၆
ဝိမတိဝိနောဒနီဋီကာ (ပထမ)	၃၆၂
ဝိမတိဝိနောဒနီဋီကာ (ဒုတိယ)	၃၂၂
ဝဇိရဗုဒ္ဓိဋီကာ	၅၈၅
ကခ်ါပုရာဏာဘိနဝဋီကာ	၄၈၉

အလင်းသစ်စာပေ

သုတ္တန္တပိဋကပါဠိတော်ကျမ်းများ

ဒီဃနိကာယ

ကျမ်းအမည်	စာမျက်နှာ
သီလက္ခန္ဓဝဂ္ဂ (သုတ်သီလက္ခန်)	၂၃၆
မဟာဝဂ္ဂ (သုတ်မဟာဝါ)	၂၈၃
ပါထိကဝဂ္ဂ (သုတ်ပါထေယျ)	၂၆၀

မဇ္ဈိမနိကာယ

ကျမ်းအမည်	စာမျက်နှာ
မူလပဏ္ဏာသ	၄၁၅
မဇ္ဈိမပဏ္ဏာသ	၄၃၉
ဥပရိပဏ္ဏာသ	၃၅၂

သံယုတ္တနိကာယ

ကျမ်းအမည်	စာမျက်နှာ
သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂ	၄၇၂
ခန္ဓဝဂ္ဂ၊ သဠာယတနဝဂ္ဂ	၅၆၇
မဟာဝဂ္ဂ	၄၁၅

အင်္ဂုတ္တရနိကာယ

ကျမ်းအမည်	စာမျက်နှာ
ဧကက၊ ဒုက၊ တိက၊ စတုက္က	၅၈၀
ပဉ္စက၊ ဆက္က၊ သတ္တက	၆၁၃
အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသက	၆၅၀

ခုဒ္ဒကနိကာယ

ကျမ်းအမည်	စာမျက်နှာ
ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက	
သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ	၄၄၅
ထေရီဂါထာ	၄၃၅
အပါဒါန (ပထမ)	၄၂၀
အပါဒါန (ဒုတိယ) နှင့် ဗုဒ္ဓဝံသ၊ စရိယာပိဋက	၄၂၀
မဟာနိဒ္ဒေသ	၄၁၀
စူဠနိဒ္ဒေသ	၃၀၈
ဇာတက (ပထမ)	၄၀၀
ဇာတက (ဒုတိယ)	၄၇၈
ပဋိသမ္ဘိဒါမဂ္ဂ	၄၁၉
နေတ္တိပေဋကောပဒေသ	၃၄၁
မိလိန္ဒပဉာ	၄၀၈

အဋ္ဌကထာကျမ်းများ

ဒီယနိကာယ

ကျမ်းအမည်	စာမျက်နှာ
သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ	၃၃၈
မဟာဝဂ္ဂ အဋ္ဌကထာ	၄၀၃
ပါထိကဝဂ္ဂ အဋ္ဌကထာ	၂၅၁

မဇ္ဈိမနိကာယ

ကျမ်းအမည်	စာမျက်နှာ
မူလပဏ္ဏာသအဋ္ဌကထာ (ပထမ)	၃၉၈
မူလပဏ္ဏာသအဋ္ဌကထာ (ဒုတိယ)	၃၂၀
မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ	၃၈၉
ဥပရိပဏ္ဏာသအဋ္ဌကထာ	၂၅၄

အလင်းသစ်စာပေ

အင်္ဂုတ္တရနိကာယ

ကျမ်းအမည်	စာမျက်နှာ
အင်္ဂုတ္တရအဋ္ဌကထာ (ပထမ)	၄၁၆
အင်္ဂုတ္တရအဋ္ဌကထာ (ဒုတိယ)	၃၉၇
အင်္ဂုတ္တရအဋ္ဌကထာ (တတိယ)	၃၅၇

ခုဒ္ဒကနိကာယ

ကျမ်းအမည်	စာမျက်နှာ
ခုဒ္ဒကပါဌအဋ္ဌကထာ	၂၁၆
ဓမ္မပဒအဋ္ဌကထာ (ပထမ)	၄၄၈
ဓမ္မပဒအဋ္ဌကထာ (ဒုတိယ)	၄၅၆
ဥဒါနအဋ္ဌကထာ	၃၉၃
ဣတိဝုတ္တကအဋ္ဌကထာ	၃၅၅
သုတ္တနိပါတအဋ္ဌကထာ (ပထမ)	၃၁၄
သုတ္တနိပါတအဋ္ဌကထာ (ဒုတိယ)	၃၅၄
ဝိမာနဝတ္ထု အဋ္ဌကထာ	၃၃၅
ပေတဝတ္ထု အဋ္ဌကထာ	၂၇၀
ထေရဂါထာအဋ္ဌကထာ (ပထမ)	၄၈၅
ထေရဂါထာအဋ္ဌကထာ (ဒုတိယ)	၅၄၆
ထေရီဂါထာအဋ္ဌကထာ	၃၀၅
အပါဒါန အဋ္ဌကထာ (ပထမ)	၃၅၂
အပါဒါန အဋ္ဌကထာ (ဒုတိယ)	၃၀၃
ဗုဒ္ဓဝံသ အဋ္ဌကထာ	၃၅၄
စရိယာပိဋကအဋ္ဌကထာ	၃၂၈
မဟာနိဒ္ဒေသအဋ္ဌကထာ	၄၁၉
စူဠနိဒ္ဒေသအဋ္ဌကထာနှင့် နေတ္တိအဋ္ဌကထာ	၃၅၄
ဇာတကအဋ္ဌကထာ (ပထမ)	၅၃၈
ဇာတကအဋ္ဌကထာ (ဒုတိယ)	၄၀၈
ဇာတကအဋ္ဌကထာ (တတိယ)	၅၁၇

ဇာတကအဋ္ဌကထာ (စတုတ္ထ) ၅၀၄
ဇာတကအဋ္ဌကထာ (ပဉ္စမ) ၅၅၃
ဇာတကအဋ္ဌကထာ (ဆဋ္ဌမ) ၃၃၁
ဇာတကအဋ္ဌကထာ (သတ္တမ) ၃၈၇
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမ) ၃၄၅
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ဒုတိယ) ၃၂၃
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမ) ၃၇၀
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒုတိယ) ၃၅၆

ဋီကာကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
သီလက္ခန္ဓဝဂ္ဂဋီကာ	၄၀၅
သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ပထမ)	၅၀၀
သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒုတိယ)	၄၃၇
မဟာဝဂ္ဂဋီကာ	၃၅၈
ပါထိကဝဂ္ဂဋီကာ	၂၉၂

မဇ္ဈိမနိကာယ

ကျမ်းအမည်	စာမျက်နှာ
မူလပဏ္ဏာသဋီကာ (ပထမ)	၃၉၄
မူလပဏ္ဏာသဋီကာ (ဒုတိယ)	၃၂၄
မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသဋီကာ	၄၄၂

သံယုတ္တနိကာယ

ကျမ်းအမည်	စာမျက်နှာ
သံယုတ္တဋီကာ (သဂါထာဝဂ္ဂ)	၃၄၅
သံယုတ္တဋီကာ (နိဒါန၊ ခန္ဓ၊ သဋ္ဌာယတန၊ မဟာဝဂ္ဂ)	၅၅၁

ဒုလင်းသစ်စာပေ

အင်္ဂုတ္တရနိကာယ

ကျမ်းအမည်	စာမျက်နှာ
အင်္ဂုတ္တရဋ္ဌကထာ (ဧကကနိပါတ)	၂၈၈
အင်္ဂုတ္တရဋ္ဌကထာ (ဒုက၊ တိက၊ စတုက္က)	၃၉၆
အင်္ဂုတ္တရဋ္ဌကထာ (ပဉ္စက မှ ဧကာဒသက) အထိ	၃၇၁

ခုဒ္ဒကနိကာယ

ကျမ်းအမည်	စာမျက်နှာ
နေတ္တိဋ္ဌကာနှင့် နေတ္တိဝိဘာဝနီ	၅၀၇
ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပထမ)	၃၆၁
ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒုတိယ)	၅၃၅

အဘိဓမ္မာပိဋက ပါဠိတော်ကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
ဓမ္မသင်္ဂဏီ	၂၉၈
ဝိဘင်္ဂ	၄၅၃
ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ	၁၈၅
ကထာဝတ္ထု၂	၄၅၄
ယမက (ပထမ)	၂၆၅
ယမက (ဒုတိယ)	၃၁၆
ယမက (တတိယ)	၃၃၀
ပဋ္ဌာန (ပထမ)	၄၆၄
ပဋ္ဌာန (ဒုတိယ)	၄၉၃
ပဋ္ဌာန (တတိယ)	၆၀၅
ပဋ္ဌာန (စတုတ္ထ)	၆၃၆
ပဋ္ဌာန (ပဉ္စမ)	၄၈၈

အင်္ဂကထာကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
အင်္ဂသာလိနီအင်္ဂကထာ	၄၅၄
သမ္မောဟဝိနောဒနီအင်္ဂကထာ	၅၀၈
ပဋ္ဌပကရဏအင်္ဂကထာ	၄၉၉

ဋီကာကျမ်းများ

ကျမ်းအမည်	စာမျက်နှာ
ဓမ္မသင်္ဂဏိမူလဋီကာ	၂၀၃
ဓမ္မသင်္ဂဏိအနုဋီကာ	၂၂၀
ဝိဘင်္ဂမူလဋီကာ	၂၃၅
ဝိဘင်္ဂအနုဋီကာ	၂၂၉
ပဋ္ဌပကရဏမူလဋီကာ	၂၄၈
ပဋ္ဌပကရဏအနုဋီကာ	၃၂၃

မှတ်ချက်။ ။ ဝိသုဒ္ဓိမဂ်အင်္ဂကထာ၊ ဋီကာကျမ်းများမှာ နိကာယ်အားလုံးနှင့် သက်ဆိုင်ပါသည်။





ဝဏ္ဏာသီရိ

❖ အမည်ရင်း – ဦးအောင်ခန့် (ငယ်နာမည် – မောင်ရွှေဖဲ)

❖ မွေးဖွားရာဇာတိ – အဖ ဦးကြိုင်၊ အမိ ဒေါ်စိန်ရင်တို့မှ မုံရွာမြို့နယ်၊ ကြာပိုင်ရွာ၊ ကျီတွင်းရပ်၌ ၁၂၉၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့။

❖ ပညာအရည်အချင်း – ၁၉၅၄ ခုနှစ်မှစ၍ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်တွင် ရှင်ကွန္ဒောဘာသ ဘွဲ့မည်ဖြင့် စာလိုက်ခဲ့။ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းစာမေးပွဲများကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့။ ရဟန်းသိက္ခာ ငါးဝါအရတွင် ၁၉၆၁ ခုနှစ် စာချတန်းစာမေးပွဲကို ပါဠိဂုဏ်ထူး၊ မြန်မာဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်၍ သာသနဓဇသိရီပဝရမဟာစရိယ ဝိနယပါဠိပါရဂူဘွဲ့ကို ရရှိခဲ့။

❖ စာပေရေးသားခြင်း – 'အဟိ' စာစောင်၌ 'ဖုန်းဖုန်း' ကလောင်အမည်ဖြင့် ဘုန်းကြီးကျောင်းပတ်ဝန်းကျင်မှ ဟာသဝတ္ထုတိုများ စတင်ရေးသားခဲ့။

– ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀ နှစ်များတွင် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများ၌ ဖုန်းဖုန်းကလောင်အမည်ဖြင့်ပင် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားခဲ့။

- ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'ဝိမုတ္တိသာသနာ' စာအုပ်မှစတင်၍ 'အရှင်ဝဏ္ဏသီရိ' ကလောင်အမည်ကို' ခံယူခဲ့။ ၎င်းအမည်ဖြင့် 'ဗုဒ္ဓ၏လောကကြေးမုံ'၊ 'ညီတော်အာနန္ဒာ၏တစ်သက်တာမှတ်တမ်း(၎င်းတွဲ)(ယခု နှစ်တွဲပေါင်းချုပ်)' နှင့် 'မြတ်ဗုဒ္ဓ၏သားတော် ရာဟုလာ' စာအုပ်များ ရေးသားခဲ့။
- ၁၉၈၁ ခုနှစ်တွင် သာသနာ့ဘောင်မှထွက်လာပြီးလျှင် 'ဝဏ္ဏသီရိ' ကလောင်အမည်ဖြင့် 'ညီတော်နန္ဒနှင့် ဇနပဒကလျာဏီ'၊ 'ထေရီထေရာရဟန္တာပုဂ္ဂိုလ်ကြီးများ'၊ 'လူ့ဘောင်လမ်းပြငါးရှင်းဆယ်ဝတ္ထုများ' စသော စာအုပ်တို့ကို ရေးသားခဲ့။

✤ နေရပ်လိပ်စာ - ယခုအခါ မုံရွာမြို့၊ ထန်းတောအောင်ရတနာရပ်၊ ဇောတိကလမ်းတွင် ဇနီး ဒေါ်ပြုံးကြည်နှင့် အတူနေထိုင်၍ စာပေများ ရေးသားလျက်ရှိ။

မင်းနန်(မော်ကျွန်း)
နေသစ်တိုင်းမှာ မင်္ဂလာ



စာမူခွင့်ပြုချက်အမှတ် - ၃၂၀၀၂၄၀၃

မမြဲသော ရုပ်နာမ်ခန္ဓာကို မြဲနေစဉ် အကောင်းဆုံးဖြစ်အောင် အသုံးချတတ်ရန်၊ ဘဝကိုနေပျော်အောင်၊ တန်ဖိုးရှိအောင်၊ မင်္ဂလာရှိအောင် နေတတ်ရန် ရိုးရှင်းသောစကားပြေဖြင့် ဖတ်ချင်ဖွယ်ရေးသားထားပါသည်။ "ပစ္စုပ္ပန်နေ့သစ်တိုင်း နေ့သစ်တိုင်းကို အမွန်အမြတ်ပြုလျှက် ကောင်းစွာနေထိုင်သွားခြင်းသည် ဘဝတစ်ခုလုံးကို ကောင်းစွာတည်ဆောက်နေခြင်းပင်ဖြစ်သည်" ဟု စာရေးဆရာက ညွှန်ပြထားပါသည်။ ကြီးသူတို့အတွက် သတိ၊ ငယ်သူတို့အတွက် အသိကို ပေးစွမ်းနိုင်မည့် ဘဝနေနည်း စာအုပ်တစ်အုပ် ဖြစ်သည်။

ထွက်ဖြို

မင်းနန်(မော်ကျွန်း)
ဘဝ၏ ရွှေစည်းမျဉ်းများ



စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၀၉၀၇၀၈

ဘဝ၏ ကာကွယ်ရေးဥပဒေသများ၊ ကြီးပွားအောင်မြင်ရေးနည်းလမ်းများ၊ လူမှုရေးကျင့်ဝတ်များ၊ ဘဝမြီမ်းချမ်းပျော်ရွင် အောင်မြင်ရေး ကျင့်စဉ်များ၊ ပစ္စုပွန် သံသရာနှစ်ဖြာအကျိုးပွားတိုးစည်ပင်စေမည့် လမ်းညွှန်သွန်သင်ချက်များကို ပြည်ပြည်စုံစုံ ကုံကုံငင ဖော်ပြထားပါသည်။ လူမည်ကာ မတ္တမျှသာမဟုတ် မူလျက် "လူကောင်းစင်စစ်" ဧကန်ဖြစ်လိုသူတိုင်၊ "သိဂိလောဝါဒသုတ်"လာ မြတ်ဗုဒ္ဓ၏ "ရွှေစည်းမျဉ်းများ" ကို စံထားအပ်သော လမ်းညွှန်သဘောတရားအဖြစ် မလွဲမသွေခံယူအပ်ပါ၏။ အနိုင်းမဲ့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သည့် "သဂိလသုတ္တန်တရားတော်"ကို လူကြီး လူငယ်တို့ ဖတ်ခွင့်ဝတ္တယ် ပြစ်အောင် ရေးသားထားသော စာအုပ်ဖြစ်သည်။

ထွက်ပြီ

အလင်းသစ်စာပေမှ



ထုတ်ဝေပြီးသောစာအုပ်များ

၁။	အပမာဏာမေတ္တာရှင် သြော် . . . အမေရယ်	ကံမြင့်
၂။	မြန်မာ့ရုပ်ရှင်ဌေးကြယ်ပွင့်တို့ရုပ်ပုံလွှာများ	ကျော်သန်းမြင့်(ဗန်းမော်)
၃။	နွေဦးကိုသာလွမ်းနှင့်အခြားရသစာတမ်းများ	မောင်ခိုင်လတ်
၄။	ပြည်ပသွင်းကုန်လုပ်ငန်းလမ်းညွှန်	တင်မောင်ဝင်း
၅။	ကျန်းမာစေဖွယ်နည်းအသွယ်သွယ်	အောင် (ဆေး-၁)
၆။	ဓာတ်ခွဲခန်းမှူးတစ်ဦး၏ဒိုင်ယာရီအမှတ်(၂)	မောင်ညီပြာ
၇။	သန်းမြင့်အောင်လက်ရွေးစင်ဝတ္ထုတိုများ	သန်းမြင့်အောင်
၈။	ကနောင်မင်းသား (တ-ကြိမ်)	မောင်ပုဆိုးကြမ်း
၉။	သာသနာပြုရှင်ပြုမင်္ဂလာ (ဒု-ကြိမ်)	မင်းနန်(မော်ကွန်း)
၁၀။	နာဇီများစာခံနှင့်နိုင်ငံတကာဝတ္ထုတိုများ	ရွှေကူမေနင်း
၁၁။	အရင်းအနှီးစျေးကွက်နှင့် စတော့ရှယ်ယာ	ဦးဝင့်ကျော်
၁၂။	နေ့သစ်တိုင်းမာမင်္ဂလာ	မင်းနန်(မော်ကွန်း)
၁၃။	အင်္ဂလိပ်လိုဖတ်ရအောင်	ရွှေကူမေနင်း
၁၄။	ထီးအရိပ်နန်းအရိပ်	မောင်သန်းဆွေ(ထားဝယ်)
၁၅။	ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းလက်စွဲ	တင်မောင်ဝင်း
၁၆။	ဘဏ်အကြောင်းငွေအကြောင်း	ဦးဝင့်ကျော်
၁၇။	အလင်းသစ်ရွေးသီရာဝတ္ထုတိုများ ၂၀၀၇	ကလောင်စုံ
၁၈။	ရသပညာနိဒါန်းနှင့်ဒဿနစာတမ်းများ	မြဝင်း(ဒဿန)
၁၉။	ဘဝ၏ရွှေစည်းမျဉ်းများ (ဒု-ကြိမ်)	မင်းနန်(မော်ကွန်း)
၂၀။	ပို့ကုန်သွင်းကုန်အကောက်ခွန် သက်သာခွင့်လမ်းညွှန်	အောင်စိုး(MPM)
၂၁။	သုံးပွင့်ဆိုင်အချစ်စစ်ပွဲ (ချားလ်စ်၊ ဒိုင်ယာနာနှင့်ကမီလာ)	ရွှေကူမေနင်း

၂၂။ တရွေ့တွေထစ်ချွန်းနေတဲ့မိုးတိမ် နှင့်ဝတ္ထုတိုစုစည်းမှု — ဝိချမ်းဝေ

၂၃။ ဖောက်သည်မျာ်းနှင့်ကခုန်ခြင်း — အောင်မောင်း

၂၄။ မောင်ငယ်ငယ်ကခရေဦးနှင့် ရသစာတမ်းမျာ်း — မောင်ရင့်မာ(ကျောင်းကုန်း)

၂၅။ သုတရိပ်မြုံစာရုံ — မောင်မောင်ညွန့်(မန်းတက္ကသိုလ်)

၂၆။ အမောင်မှသည်အလင်းဆီသို့ — မင်းနန်(မော်ကွန်း)

၂၇။ မဟာဂီတခြေရာကောက် — မောင်သန်းဆွေ(ထားဝယ်)

၂၈။ အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန် — အလင်းသစ်စာတည်းအဖွဲ့

၂၉။ ယုံကြည်မှုတည်ဆောက်ခြင်း — ရွှေကူမေနင်း

၃၀။ ဆီးချိုရောဂါကျန်းမာရေးစကား၀ိုင်းနှင့် ရောဂါကုထုံး — ပြေလတ်မောင်မြင့်သူ

၃၁။ ဝူလာနဖာဂယက်နှင့် နောက်ဆက်တွဲဆေးနည်းမျာ်း — ဦးစည်သူ(သုခချမ်းသာ)

ယဉ

၃၂။ သင်္ဂီယနာသုံးတန် (သင်္ဂီယနာတင်ပုံဇာတ်လမ်းစုံ) — ဝဏ္ဏသီရိ

ဆက်လက်ထုတ်ဝေမည့်စာအုပ်မျာ်း

၃၃။ ဝမ္မလမ်းညွှန်တစုမွှန် — မင်းနန်(မော်ကွန်း)

၃၄။ ငွေရေးကြေးရေး — မြတ်သိန်း

၃၅။ ကုန်းဘောင်အထင်ကရရှုပ်ပုံလွှာမျာ်း — ကျော်သန်းမြင့်(ဝန်းမော်)

၃၆။ တိုင်းရင်းသားလူမျိုးမျာ်းအဘိဓာန် — ဟောင်ပုဆိုးကြမ်း

၃၇။ ထီးအင်ဒုန်းအင်ဒု. — ဟောင်သန်းဆွေ(ထားဝယ်)

၃၈။ တက္ကသိုလ်ကာလွယ်ဝတ်ုပန်းချီ — လွှဉ်တော်ပိန်ပိန်(Geology)

၃၉။ အချိန်ပဆွဲနည်းပြန်ပြန်လွယ် လိုက်ဖက်ဝတ်ိုင်အင်ပြာင်းအလဲဆောင်းပါးမျာ်း — ဟောင်ကိုကို(အမရပူရ)

၄၀။ မီဒီယာလောက ရွှေကူမေနင်း

၄၁။ အင်္ဂလိပ်ကြီးဝါဒနှင့်ရှင်အရဟံသာသနာ ဝင့်ထည်

၄၂။ တောကျောင်းဆရာနှင့်ဆရာဘဝ ဝတ္ထုတိုများ လင်းထင်

၄၃။ ကဗျာဖတ်စာချစ်စရာ ကလေးကဗျာများ ပြေလတ်မောင်မြင့်သူ



အလင်းဆစ်

ထေရဝါဒသာသနာတော်ကြီးတစ်ရပ်လုံးကို
ရွှေရောင်တဝင်းဝင်းနှင့် ဗိမာန်တော်ကြီးတစ်ခုအဖြစ်ဖြင့်
တင်စား၍ကြည့်မည်ဆိုပါက သင်္ဂီယနာသုံးတန်တို့သည်
ထိုဗိမာန်တော်ကြီး၏ အုတ်မြစ်ပင်ဖြစ်ပါသည်။

ဝဏ္ဏသီရိ

သင်္ဂီယနာသုံးတန်

[သင်္ဂီယနာတင်ပုံဇာတ်လမ်းစုံ]

